
www.burmeseclassic.com



BURMESE CLASSIC .com

## မင်းသုဝဏ်

# အဘ ဘဝ၊ အဘအကြောင်း တစေ့တစောင်း

ဒဿဘာန်း

ဒုတိယအကြိမ်၊ နဝဒေးစာပေ၊ ၂၀၁၃

www.burmeseclassic.com

www.burmeseclassic.com

ချယ်ရီမဂ္ဂဇင်း၊ အမှတ် (၁၃၆)၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ်လမှ
အမှတ် (၁၅၉) ၂၀၀၈ ခုနှစ် ဒီဇင်ဘာလထိ နှင့် မတ်လ ၂၀၀၉ ခုနှစ် အတွဲ
(၁) အမှတ် (၁၆၁) တွင် ရေးသားဖော်ပြခဲ့သော ဆောင်းပါးများနှင့် အဖေ
(အတွေးအမြင်စာစုများ) မှ "အဘပေးခဲ့သောအမွေ" တို့ကို စုစည်းတင်ပြသည်။

# အဘဘဝ အဘအကြောင်း တစေ့တစောင်း

## အလဘန်း

နဝဒေးစာပေ
အမှတ် (၁၁)၊ တက်တိုးနယ်ဥကွန်ဒို၊ နဝဒေးလမ်း၊ ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၃၀၅၀၆၉၄, ၀၉ ၅၁၀၉၇၇၄၉, ၀၁ ၃၇၅၆၀၅

www.burmeseclassic.com

www.burmeseclassic.com

မှုံ့          စုံ့          ဆံဖံ


| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် (ခေတ်ပြိုင်ဂိုက်စာပေ) ၂၀၀၉။ |
| | | ဒုတိယအကြိမ် (နဝဒေးစာပေ) ဖေဖော်ဝါရီလ၊ ၂၀၁၃။ |
| ဖြန့်ချိရေး | - | နဝဒေး စာပေ (တက်တိုးနယ်ဦးကွန်မီ) |
| မျက်နှာဖုံးပန်းချီ | - | ဦးနန်းဝေ |
| မျက်နှာဖုံးဒီဇိုင်း | - | ဦးဇွေ |
| ထွန်းမျှော်စာစီနှင့် | - | မိုးသက်၊ ငြိမ်းငြိမ်းဇော် (LL.B.) ၊ ရည်မွန်ဟန် |
| အတွင်းအပြင်အခင်း | | မိုးစံ ဂရပ်ဖစ်။ စိုးမြတ်မြတ်သိမ်း။ |
| မျက်နှာဖုံးမင် | - | Eagle |
| အတွင်းမင် | - | ပုံနှိပ်ရှင် |
| စာအုပ်ချုပ် | - | ကိုတင်ဇော (လှိုင်) (Perfect Binding) |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၃၅၀၀ ကျပ် |

ဤစာအုပ်ကို ဦးရှိန်ဝင်းအောင် (မိဘအေးရိပ်ပုံနှိပ်တိုက်) အမှတ် (၁၅၀) ၄၈ လမ်း (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ပုံနှိပ်ပြီးဒေါ်သင်းသင်းမွန် (သင်းစာပေ)အမှတ်(၁၀)၊ ရတနာမြိုင်လမ်း (၁၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)          ၀၀၀.၀၄
ဓလေ့ဘာ်း
အဘ ဘ၀၊ အဘအကြောင်း တစေ့တစောင်း။ ဓလေ့ဘာ်း - ရန်ကုန် သင်းစာပေ၊ ၂၀၀၃ ခုနှစ်။
စာ - ၃၁၇။ ၁၃.၃၃ စင်တီ × ၂၀.၃၆ စင်တီ။
(၁) အဘ ဘ၀၊ အဘအကြောင်း တစေ့တစောင်း။


## ❧ မာတိကာ ☙


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဒုတိယအကြိမ်ထုတ်အတွက်စာရေးသူ၏အမှာစာ | က |
| ၂။ | သားလတ်ပုံဖော်ပြသော 'အဘ' ၏မိသားစုပုံရိပ် | ဂ |
| ၃။ | အမွှေခံစိတ်ဓာတ်ဖြင့် ရေးခဲ့သောစာများ | စ |
| ၄။ | ပထမအကြိမ်ထုတ်အတွက် စာရေးသူ၏အမှာ | ဋ |
| ၅။ | မင်းသုဝဏ်၏ ခေတ်စမ်းကြိုကဗျာများ | ၁ |
| ၆။ | ဂန္ထလောကနှင့်ခေတ်စမ်းစာဆိုနှစ်ဦး | ၇ |
| ၇။ | ကဗျာချစ်သူ သိပ္ပံမောင်ဝနှင့် ဇော်ဂျီ၊ မင်းသုဝဏ် | ၁၅ |
| ၈။ | ဝါဆိုဝါခေါင်ရေတွေကြီးလို့ | ၂၉ |
| ၉။ | တက္ကသိုလ်၏အစဉ်အလာတစ်ရပ် | ၄၁ |
| ၁၀။ | ဆရာမောင်ဝ စာတစ်စောင်မှပေးသော အတွေးများ | ၅၁ |
| ၁၁။ | အဘ၏ ဗီးလပ်ကျွန်းဖြစ် ကဗျာများ | ၆၁ |
| ၁၂။ | အဘ၏ ဗီးလပ်ကျွန်းဖြစ် ကဗျာများ ဒုတိယပိုင်း | ၇၃ |
| ၁၃။ | အဘ၏ ဗီးလပ်ကျွန်းဖြစ် ကဗျာများ တတိယပိုင်း | ၈၅ |
| ၁၄။ | ဆရာမင်းသုဝဏ်၏ အထီးကျန်ကဗျာတစ်ပုဒ် | ၁၀၁ |
| ၁၅။ | သမြေညီပျိုးခင်း | ၁၀၇ |
| ၁၆။ | သမြေညီရွှေဘိုပန်း၏ ကာလ(၃)ပါး | ၁၁၇ |
| ၁၇။ | အဘ၏ဆရာ မြန်မာပညာရှိ ဆရာကြီးဦးလင်း | ၁၂၅ |
| ၁၈။ | ဆရာဦးဘချို၏စေတနာ | ၁၃၇ |
| ၁၉။ | တစ်ချိန်တုန်းက ဦးသန့်နှင့်အဘ | ၁၄၉ |
| ၂၀။ | အဘိဓာန်ပညာရှင် နှစ်ဦး၏ရေစက် | ၁၆၃ |
| ၂၁။ | အဘမှတ်တမ်းများမှ ဆရာကြီးဇေယျ | ၁၇၅ |
| ၂၂။ | ပြည်ပမြန်မာစာပေ သာသနာပြု ဒေါက်တာလှဖေ | ၁၈၉ |
| ၂၃။ | အဘနှင့် ဦးတက်ထွန်း | ၂၀၁ |
| ၂၄။ | ရသစာပေရှင် ဦးတင့်ဆွေနှင့်အဘ | ၂၁၁ |
| ၂၅။ | ရွှေညာမောင် (ဦးချင်းစိန်) အမှတ်တရ | ၂၂၁ |
| ၂၆။ | လူထုစိန်းမောင်နှံနှင့်အဘ | ၂၃၃ |
| ၂၇။ | လူထုစိန်းမောင်နှံနှင့်အဘ (၂) | ၂၃၉ |
| ၂၈။ | ဒဂုန်တာရာမှတ်မိသော မင်းသုဝဏ် | ၂[illegible] |
| ၂၉။ | ဝမ်းသာဝမ်းနည်း သည်အလှူပွဲ | ၂၆၁ |
| ၃၀။ | အဘသာ သိမယ်ဆိုရင် | ၂၆၉ |
| ၃၁။ | အဘ၏ ကြည့်ချစ်ပန်း | ၂၈၃ |
| ၃၂။ | အဘပေးခဲ့သည့်အမွေ | ၂၉၉ |


www.burmeseclassic.com

www.burmeseclassic.com



ပထမအကြိမ်ထုတ်
မျက်နှာဖုံး

# ဒုတိယအကြိမ်ထုတ်အတွက်

## စာရေးသူ၏အမှာ

**အဘဘ၀ အဘအကြောင်း တစေ့တစောင်း** စာအုပ်ကို ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေရန် ဆန္ဒရှိနေသည်မှာ ကာလအတော်ကြာခဲ့ပြီဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် ဆန္ဒမပြည့်နိုင်ခဲ့ပါ။

ယခု ရပ်ဝေး တနယ်တကျေးသို့ရောက်ရှိနေချိန် အဘ၏စာပေလက်ရာဟောင်းများကိုပြန်လည်ထုတ်ဝေရန် ဒေါ်လေးနုယဉ်၏သားငယ် ညီဖြစ်သူ မောင်မောင် (တက်တိုးစာပေ) နှင့် စတင်ဆောင်ရွက်နေကြောင်း အစ်ကိုကြီးဦးဉာဏ်ဖိုးတ တစ်နေ့ အသိပေးလာပါသည်။

**၂၀၁၃ ခုနှစ် ဖေဖေါ်ဝါရီလ ၁၀ ရက် အဘ၏ ၁၀၄ နှစ်မြောက် မွေးနေ့**အမီ စာအုပ်ထုတ်ဝေနိုင်ရေး အစ်ကိုကြီး၊ ညီငယ်တို့နှင့် တိုင်ပင်ကြိုးစားကြည့်ရန် ဇနီးဖြစ်သူ စုစုလွင်က တိုက်တွန်းနှိုးဆော်ပါသည်။ ကျွန်တော်တို့၏ဆန္ဒကိုသိရှိသည့်အခါ အစ်ကိုကြီးကော ညီငယ်တို့ကပါ ဆောင်ရွက်ပေးရန် လိုလိုလားလား လက်ခံခဲ့ကြပါသည်။

တဖန် ကျွန်တော်၏ဆန္ဒပြုချက်အရ အမှာစာအတွက် ဆရာကြီးဦးခင်အေး (မောင်ခင်မင် - ဓနုဖြူ) အား အစ်ကိုကြီးက ချဉ်းကပ်အကူအညီတောင်းခံရာတွင် ဆရာကြီးက ပထမအကြိမ်မှာကဲ့သို့ပင် ဝမ်းမြောက်ဝမ်းသာ အမှာစာကိုချီးမြှင့်ပေးခဲ့ပြန်ပါသည်။

စာအုပ်မျက်နှာဖုံးအဖြစ် ဆရာကြီးဦးနန်းဝေရေးဆွဲပေးခဲ့သော အဘ၏ပုံတူ ပန်းချီကားကြီးကို အသုံးပြုရန် ဇနီးသည်ကအကြံပြုပါသည်။ ယင်းပန်းချီကားကြီးမှာ အဘ အောက္ခစဖို့တက္ကသိုလ်က စာပေပညာဘွဲ့ (B.Litt) ဝတ်စုံနှင့် ငယ်ရွယ်ရုပ်ကို တွေ့မြင်နိုင်မည်ဖြစ်သလို အဘ၏သင်္ကေတဖြစ်သော သုဝဏ္ဏသားတော်တို



www.burmeseclassic.com

www.burmeseclassic.com



နောက်ခံဖြည့်ထားပြီး ပန်းချီပညာဖြင့် ပံ့ပိုးအားဖြည့်ပေးသော ဆရာကြီးဦးနန်းဝေ၏ ပညာကိုလည်း လေးစားဖွယ်တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

**Soft Copy** ကို စေတနာဖြင့် အသုံးပြုခွင့်ပေးသော ပထမအကြိမ်စာအုပ် ထုတ်ဝေပေးခဲ့သည့် ဦးဇော်မင်းကျော် (ပြည်သွေးနိုင်) နှင့် ကူညီဆက်သွယ်ပေးခဲ့သော ဦးသိမ်းဆွေ (ဖျာပုံ) တို့ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ရပ်ဝေးတစ်နေရာမှ ရန်ကုန်နှင့်ဆက်သွယ်၍ စာအုပ်အတွက်လိုအပ်သော ကိစ္စများကို အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန် အခြေအနေအရပ်ရပ်ကို ဒေါက်တာ အောင်မြတ်ထွန်း နှင့် စပ်မြတ်သီရိ အိမ်ရှင်ဇနီးမောင်နှံတို့က ဖန်တီးပေးကြပါသည်၊

အမည်ဖြင့်ဖော်ပြပြီးခဲ့သောပုဂ္ဂိုလ်များအပြင်၊ တစ်ဦးချင်း အမည်မဖော်ပြနိုင်ခဲ့သော်လည်း၊ ဤစာအုပ် ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ကူညီခဲ့ကြသူ အပေါင်းတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ထင်ကျော် (ဒလဘန်း)
ခေတ္တ - 46 Oakmont Ave
Oxley
QLD 4075
Brisbane, Australia



အဘ နှင့် ဦးနန်းဝေ



## သားလတ်ပုံဖော်ပြသော 'အဘ'၏ မိသားစုပုံရိပ်
### (မောင်ခင်မင် (ဓနုဖြူ)၏ ဒုတိယအကြိမ်ထုတ်အမှာစာ)

ဆရာကြီးမင်းသုဝဏ်သည် ကျွန်တော် စာဖတ်သူတစ်ယောက်အဖြစ် လေးစားကြည်ညိုသော စာရေးဆရာကြီးဖြစ်သကဲ့သို့ ကျွန်တော့်ကို မြန်မာစာဂုဏ်ထူးတန်း ကျောင်းသားတပည့်တစ်ယောက်အဖြစ် စာပေသင်ကြားပို့ချပေးသော မြန်မာစာ ပါမောက္ခဆရာကြီးလည်းဖြစ်ပါသည်။

စာဖတ်ဝါသနာစတင်သည့်ငယ်စဉ်အချိန်ကစ၍ ဆရာ့ကဗျာများ၊ ပုံပြင်များ ဝတ္ထုတိုများနှင့် ရင်းနှီးရသောကျွန်တော်သည် အသက်အရွယ်ရလာသောအခါ ဆရာ့ ဆောင်းပါးများ၊ သုတေသနစာတမ်းများ၊ ကျမ်းများနှင့်လည်းရင်းနှီးခွင့်ရပါသည်။ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနတွင် ဆရာပါမောက္ခအဖြစ်ဆောင်ရွက်စဉ် ဆရာ့ခွင့်ပြုချက်အရ ကျွန်တော်မြန်မာစာဂုဏ်ထူးတန်းတက်ခွင့်ရပြီး ဆရာ၏အနီးကပ်သင်ကြားပို့ချမှုကိုခံယူရသည့်အတွက် ဆရာရင်းတပည့်ရင်းအဖြစ်ဆက်ဆံခွင့်ရသည်။ တစ်ခါ ဆရာနေထိုင်သော ကမာရွတ်လှည်းတန်း 'ထွန်းလင်းရိပ်သာ' ရပ်ကွက်သို့ ကျွန်တော် ပြောင်းရွှေ့နေထိုင်သောအခါ ဆရာ့အိမ်သို့ မကြာခဏရောက်ပြီး ဆရာ့ကို မေးမြန်း ဆည်းပူးခွင့်သာမက ဆရာကတော် ဆရာမကြီးဒေါ်ကြည်ကြည်နှင့်တကွ သားသမီးများနှင့်ပါ ပြောဆိုဆက်ဆံခွင့်ရခဲ့သည်။

ကျွန်တော်က ဆရာ့သားလတ်ဦးထင်ကျော် (ဆရာဒလဘန်း)၊ ဇနီး စုစုလွင် တို့နှင့် ပို၍ အထိအတွေ့ရှိသည်။ ဆရာ့စာအုပ်များကိုပြန်ထုတ်သောအခါ အမှာစာရေး ပေးရန် ဦးထင်ကျော်က ကျွန်တော့်ကို မေတ္တာရပ်ခံသည့်အတွက် ဝမ်းသာဂုဏ်ယူစွာ အမှာစာများရေးဖြစ်ခဲ့သည်။ ဦးထင်ကျော်ကိုယ်တိုင် ဒလဘန်းကလောင်အမည်ဖြင့် ရေးသားသောဆောင်းပါးများကိုစုစည်း၍ 'အဘဘ၀၊ အဘအကြောင်းတစေ့တစောင်း' အမည်ဖြင့် စာအုပ်ထုတ်သောအခါတွင်လည်း ဦးထင်ကျော်၏ဆန္ဒအရ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အမှာစာရေးခွင့်ကြုံခဲ့သည်။ ယခု ထိုစာအုပ်ကို ဖြည့်စွက်ချက်များဖြင့် ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေသောအခါတွင်လည်း ဦးထင်ကျော်သာမက ဆရာ့သားကြီးဦးဉာဏ်စိုးကပါ ဆန္ဒပြုလာသည့်အတွက် ဤအမှာစာကို ကျွန်တော်ရေးဖို့အကြောင်းကြုံရခြင်း ဖြစ်ပါသည်။

ဤစာအုပ်တွင် ဖြည့်စွက်လိုက်သော ဒလဘန်း၏ 'အဘ၏ကြည့်ချစ်ပန်း' နှင့် 'အဘပေးခဲ့သည့်အမွေ' ဆောင်းပါး ၂ ပုဒ်က ကျွန်တော့်ကို ဤအမှာစာရေးဖို့ လှုံ့ဆော်နေပါသည်။

ဆရာဒလဘန်းသည် ပထမအကြိမ်ထုတ်စာအုပ်တွင် သူချစ်မြတ်နိုးသော 'အဘ'၏စာပေဘဝကို 'အဘ'ကျင်လည်လှုပ်ရှားခဲ့သော ခေတ်နောက်ခံအသိုင်းအဝိုင်းများနှင့်တကွ ဖွယ်ဖွယ်ရာရာ ရေးခြယ်ပြခဲ့သည်။ သူ၏ပုံဖော်မှုကြောင့် 'ဆရာကြီးမင်းသုဝဏ်၏ စာပေဘဝ'ကို မြင်ကွင်းကျယ်ကျယ် မြင်ခွင့်ရခဲ့သည်။ ယခု ဒုတိယအကြိမ် ဖြည့်စွက်လိုက်သော စာ ၂ ပုဒ်တွင်မူ 'ဆရာကြီးမင်းသုဝဏ်၏မိသားစုဘဝ' ကိုပါ အသေးစိတ်မြင်ခွင့်ရပါတော့သည်။ ဆရာကြီးနှင့်ဆရာမကြီးတို့ 'မောင်ဝန်နှင့်ကြည်ကြည်' အဖြစ် ဖူးစာဆုံကြပုံအစ၊ ရန်ကုန်တက္ကသိုလ် ပုဂံလမ်းအိမ်အမှတ် ၅ တွင် မိသားစု ချမ်းမြေ့ပျော်ရွှင်စွာနေထိုင်ကြပုံအလယ်၊ ထွန်းလင်းရိပ်သာ သပြေညိုအိမ်တွင် သားသမီးမြေးများနှင့် သိုက်သိုက်ဝန်းဝန်းနေထိုင်ပြီးနောက် ၂ ဦးစလုံး အေးဆေးညင်သာစွာ ဘဝတစ်ပါးပြောင်းသွားကြပုံအဆုံး၊ မိသားစုဘဝကို အစမှအဆုံးတိုင် မြင်ခွင့်ရခြင်းဖြစ်ပါသည်။ ခင်ပွန်းကောင်း၊ ဖခင်ကောင်းအဖြစ် ဇနီးနှင့်သားသမီးများကို ယုယကြင်နာသော ဆရာကြီးနှင့် ဇနီးကောင်း၊ မိခင်ကောင်းအဖြစ် ခင်ပွန်းနှင့်သားသမီးများတို့ ယုယကြင်နာသော ဆရာမကြီးတို့၏ မေတ္တာကရုဏာနှင့်ယှဉ်သောအမူအရာများတို့ သားဖြစ်သူက မြတ်နိုးလေးစားစွာ ပုံဖော်ထားပုံမှာ နှစ်သက်ဖွယ်ကောင်းလှပါသည်။

ပုဂံလမ်း အိမ်ခြံဝင်းအတွင်းစိုက်ပျိုးထားသောသစ်ပင်ပန်းပင်၊ ဝါးရုံ မွေးမြူထားသောကျေးငှက်တိရစ္ဆာန်မျိုးစုံကို အသေးစိတ်ရေးပြပုံကို ဖတ်ရသောအခါ စာရေးသူက စာဖတ်သူကို ပုဂံခြံဝင်းထဲသို့ဖိတ်ခေါ်ပြီး အသေးစိတ်လိုက်ပြနေသည်ကို မြင်ရကြားရသကဲ့သို့ ကွင်းကွင်းကွက်ကွက် ရှိလှပါသည်။ သဘာဝပတ်ဝန်းကျင်နှင့်ကျေးငှက်တိရစ္ဆာန်များကိုချစ်သော ကဗျာစာဆိုကြီး၏ကဗျာများမွေးဖွားရာ ရေခံမြေခံအဖြစ်လည်း မှတ်ယူမိပါသည်။ 'ကြည့်ချစ်ပန်း' 'မကြည်ကြည်မွေးနေ့' ကဗျာ ၂ ပုဒ်မှာ ကဗျာစာဆိုကြီး၏မေတ္တာနှလုံးသားကို လှစ်ပြသောပုံရိပ်ကလေးများအဖြစ် အသက်ဝင်နေပါသည်။

ပုဂံလမ်း ခြံဝင်းကြီးထဲမှာ သားကြီးနှင့်သားလတ်တို့ ငယ်စဉ်က ကစားခဲ့ကြပုံအကြောင်းကိုဖတ်ရင်း ဆရာငွေဥဒေါင်း အမှတ်တရရေးခဲ့သောအကြောင်းတစ်ခုကို ဆက်စပ်သတိရမိသည်။ ဆရာငွေဥဒေါင်းသည် ထိုစဉ်က ထိုပုဂံလမ်းခြံဝင်းသို့ မကြာခဏရောက်သည်။ ရောက်သည့်အခါ ဆော့နေသောကလေး ၂ ယောက်ကိုတွေ့ရ






တတ်ပြီး သူလည်း ကလေးများနှင့်ဝင်ဆော့သည့်အခါဆော့သည်ဟုဆိုပါသည်။ နောက်ပိုင်းမှာ အရောက်နည်းသွားပြီး ကလေး ၂ ယောက် အရွယ်ရောက်ချိန်တွင် နောက်တစ်ခေါက်ရောက်သောအခါ ဆရာငွေဥဒေါင်းက ကလေး ၂ ယောက်ကို သတိရပြီး "နို့ . . . သားတော်မောင်ရော၊ အကြီးကောင်ဆိုရင် အိမ်ထောင်များကျနေပြီလား" ဟု အမှတ်တမဲ့ပြောလိုက်မိသည်။ ထိုအခါ ဆရာကြီးမင်းသုဝဏ်၏အမူအယာမှာ ဖျက်ခနဲဖြစ်သွားပြီး လက်ကလေးတစ်ဖက်ကာ၍ "အမယ်. . . အမယ်. . . မလုပ်ပါနဲ့ဗျာ" ဟု ပျာပျာသလဲပြောလိုက်သည် ဟူ၍ ဆရာငွေဥဒေါင်းက ဆရာကြီး၏အမူအရာကို ဖော်ပြလိုက်ပြီး "သူ့သားအသက် ၄၀ ပြည့်သည့်တိုင်အောင် နို့အနံ့မပျောက်သေးသောငါ့သားဟု အစဉ်သတိပြုခဲ့သည်။ ထိုစာရေးဆရာကြီး၏ ဖခင်မေတ္တာရင့်သန်ပုံကိုလည်းသတိပြုမိသည်။" ဟူ၍ စာဝက်ပါ၊ တတိယတွဲတွင် အမှတ်တရရေးထားသည်ကို သတိရမိပါသည်။

ဆရာဒလဘန်းသည် 'အဘ' ၏ပုံရိပ်များကို ဤစာအုပ်မှာကဲ့သို့ပင် ဆက်လက်၍ ပုံဖော်လိမ့်ဦးမည်ဟု မျှော်လင့်မိပါသည်။

မောင်ခင်မင် (ဓနုဖြူ)

၂၇ - ၁၂ - ၁၂



ဆရာ မောင်ခင်မင် (ဓနုဖြူ) ဆရာကြီးမင်းသုဝဏ် နှင့်
ဆရာမကြီး ဒေါ်ကြည်ကြည် တို့ကို ဂါရဝပြုနေပုံ

www.burmeseclassic.com

www.burmeseclassic.com

## အမွေခံစိတ်ဓာတ်ဖြင့်ရေးခဲ့သောစာများ
## (မောင်ခင်မင် (ဓနုဖြူ)၏ ပထမအကြိမ်ထုတ်အမှာစာ)

ဆရာကြီးမင်းသုဝဏ်အကြောင်း ရေးသားသောဆောင်းပါးများကို မဂ္ဂဇင်းများမှာ မကြာခဏဖတ်ရသည်။ ဆောင်းပါးရှင်များ၏ ကလောင်အမည်များမှာ တွေ့နေမြင်နေကျအမည်များဖြစ်သည်။ လွန်ခဲ့သော ၂ နှစ်လောက်ကမူ ဆရာကြီးအကြောင်း ဆောင်းပါးတစ်ပုဒ်နှင့်တွဲပြီး တွေ့နေကျမဟုတ်သော ကလောင်အမည်တစ်ခုကို တွေ့လိုက်ရ၍ အာရုံစိုက်လိုက်မိသည်။ ကလောင်နာမည်က ခပ်ဆန်းဆန်းပင်။ 'ဒလဘန်း' တဲ့။ ကုန်းဘောင်ခေတ်က မွန်စစ်သူကြီးတစ်ဦး၏ နာမည်ဖြစ်သည်။ 'ဒလဘန်းဆိုတာ ဘယ်သူပါလိမ့်' ဟူသောအတွေးဖြင့် ဆောင်းပါးကိုဖတ်စဉ် သဲလွန်စတစ်ခုကို သွားတွေ့သည်။ ဆောင်းပါးရှင်က ဆရာကြီးမင်းသုဝဏ်ကို 'အဘ' ဟု ရည်ညွှန်းထားခြင်းဖြစ်သည်။ ဆရာကြီး၏သားသမီးများက သူတို့အဖေကို 'အဘ'ဟု ခေါ်ကြသည်။ 'ဒီလိုဆိုရင် ဆောင်းပါးရှင်ဟာ ဆရာကြီးရဲ့သားတစ်ယောက်ပေါ့'ဟု အဖြေရသည်။ သိပ်ကြာကြာမစောင့်လိုက်ရပါ။ နောက်ဆောင်းပါးတစ်ပုဒ်တွင် စုပေါင်းဓာတ်ပုံတစ်ပုံမှ ဒလဘန်း၏ပုံကိုတွေ့လိုက်ရသည်။ ရှင်းသွားပါပြီ။ 'ဩော် . . . လတ်စသတ်တော့ ဒလဘန်းက ဆရာကြီးရဲ့သား ဦးထင်ကျော်ကိုး' ဟု ပါးစပ်ကအသံထွက်မိရင်း ဝမ်းသာကြည်နူးသွားရပါသည်။

ဦးထင်ကျော်ရော သူ့ဇနီးရော ကျွန်တော်နှင့် ခင်မင်သိကျွမ်းသည်မှာ ကြာပါပြီ။ အကြောင်းသင့်သည့်အခါတိုင်း သူတို့၏'အဘ'အကြောင်း ပြောဖြစ်ကြသော်လည်း ပြောသည့်စခန်းတွင်သာ ပြီးသွားတတ်ပါသည်။ ဦးထင်ကျော်ကို 'အဘအကြောင်းရေးပါလား' ဟု ကျွန်တော်မတိုက်တွန်းမိခဲ့ပါ။ ယခုမူ ဦးထင်ကျော်က ကျွန်တော်တို့ကြည်ညိုသောဆရာကြီး သူ၏အဘအကြောင်းကို စာရေးနေပါပြီ။ သူ့ဆောင်းပါးတွေကို တစ်ပုဒ်ပြီးတစ်ပုဒ်ဖတ်ရင်း နောက်တစ်ကြိမ်တွေ့တော့မှ





'ဆရာကြီးအကြောင်း အရေးသင့်ဆုံးပုဂ္ဂိုလ်တစ်ယောက်က ရေးတာလည်းဖြစ်တယ်၊ အထောက်အထားလည်း ခိုင်မာတယ်။ သိပ်တန်ဖိုးရှိပါတယ်ဗျာ။ ဆက်ရေးပါ' ဟု ဝမ်းသာအားရ တိုက်တွန်းမိသည်။

ဦးထင်ကျော်က 'ချယ်ရီ'မှာရေးသော ဆရာကြီးဆောင်းပါးတွေစုစည်းပြီးလာပေးရင်း 'အမှာစာရေးပေးပါ' ဟုဆိုလာသောအခါ ဝမ်းသာအားရ လက်ခံပြီး ဒလဘန်းဆောင်းပါးများကို တစုတစည်းပြန်ဖတ်ရပါသည်။

ဒလဘန်းသည် ဆရာကြီးမင်းသုဝဏ်ကိုမဏ္ဍိုင်ပြုလျက် ဆရာကြီးတို့ ပါဝင်လှုပ်ရှားခဲ့သော မြန်မာစာပေလောက၏မြင်ကွင်းကို သူ့ဆောင်းပါးများတွင်ပုံဖော်ထားသည်။ ခေတ်စမ်းအကြိုကာလ၊ ခေတ်စမ်းကာလ၊ ခေတ်စမ်းနောက်ပိုင်းကာလတို့နှင့်ဆိုင်သော မြင်ကွင်းကျယ်ကြီးဖြစ်သည်။ ထိုမြင်ကွင်းမှ စာရေးဆရာများအကြောင်းနှင့် စာပေလှုပ်ရှားမှုအကြောင်းများသည် မြန်မာစာပေသမိုင်းအတွက် အရေးပါသောအကြောင်းများဖြစ်သည်။ စာပေသမားများ စိတ်ဝင်တစား ရှာစမ်းဖော်ထုတ်နေသော အကြောင်းများဖြစ်သည်။ မဏ္ဍိုင်ပြုထားသော ဆရာကြီးမင်းသုဝဏ်အကြောင်းဆိုလျှင်လည်း ငယ်စဉ်ဘဝ၊ တက္ကသိုလ် ကျောင်းသားဘဝ၊ ပညာရှင်ဘဝ၊ မိသားစုဘဝတို့မှပုံရိပ်များကို အသေးစိတ်ပုံဖော်ပြချက်များအထိပါဝင်သည်။ အထူးသဖြင့် ဆရာကြီး၏ကဗျာစာဆိုဘဝပုံရိပ်သည် ဒလဘန်းတင်ပြသော ဆရာကြီး၏ ခေတ်စမ်းအကြိုကဗျာများ၊ ခေတ်စမ်း နောက်ပိုင်းကဗျာများ၊ ကလေးကဗျာများ၊ ဇီးလပ်ကျွန်းဖြစ်ကဗျာများကို အကြောင်းပြု၍ ပီပြင်ထင်ရှားလာရသည်။

ကျွန်တော်တို့ ကြားဖူးနားဝမျှသာရှိသောပုဂ္ဂိုလ်များ၊ ဖြစ်ရပ်များအကြောင်းမှသည် ကျွန်တော်တို့သိမီလိုက်သောပုဂ္ဂိုလ်များ ဖြစ်ရပ်များအကြောင်းအထိ ပုံရိပ်အမျိုးမျိုးသည်လည်း ရှုပ်လုံးကြွလာရသည်။ ဆရာကြီး၏အရင်းနှီးဆုံး ခေတ်ဆွေဆရာဖြစ်သော ဆရာကြီးဇော်ဂျီကစ၍ သိပ္ပံမောင်ဝ၊ ဦးတက်ထွန်း၊ ဒေါက်တာလှဘေ၊ ရွှေညာမောင်၊ ဇေယျ၊ ရွှေပြည်စိုး၊ ဒဂုန်တာရာ၊ လူထုဇနီးမောင်နှံ၊ ဒေါက်တာဘဟန်၊ ဦးသန့်၊ ဦးတင့်ဆွေစသည့် ပုဂ္ဂိုလ်ကြီးများ၏ပုံရိပ်များ၊ ဆရာကြီးတို့ ပညာအမွေပေးခဲ့သော ဆရာကြီး ဦးဖေမောင်တင်၊ ဆရာကြီး ဦးလင်း၊ ဆရာကြီးတို့ အားပေးချီးမြှောက်ခဲ့သော ဆရာကြီး ဦးဘချို၊ လုပ်ငန်းတူ ဆရာကြီး ဒေါက်တာဘဟန် စသည့် ဆရာကြီးများ၏ပုံရိပ်များ၊ ဆရာကြီးလုစ်၊ ဆရာကြီးဖာနီဗယ်၊ ဆရာကြီး ဓာ့အေစတီးဝပ်၊ ဦးကြီးဒန်း စသည့် ပြည်ပမှ ဆရာကြီးများ၏ပုံရိပ်များနှင့် ဆရာကြီး၏ ဇနီးသားသမီးတို့နှင့် ဆရာတက်တိုး၏ ဇနီးဒေါ်နုယဉ်စသည့် မိသားစုပုံရိပ်များနှင့် ဆရာကြီးကို ကြည်ညိုလေးစားသော ကေသီပန်ဦးလှမြင့်စသည့် အမှတ်တရပုံရိပ်များအထိ ပေါ်လွင်ထင်ရှားလာရသည်။ ဆရာသိပ္ပံမောင်ဝက 'မောင်ဝန်ရ'ဟု အားရပါးရ



www.burmeseclassic.com

www.burmeseclassic.com



အာလုပ်ပြုလိုက်ပုံ၊ ဝေးမြေရပ်ခြားတွင် ဆရာဇော်ဂျီ၊ ဒေါက်တာလှသောတို့နှင့်အတူ ထမင်းသွားစားကြစဉ် ဆရာဇော်ဂျီက 'မောင်ဝန်မချမ်းဘူးလား' ဟုမေးသည်ကို ဒေါက်တာ လှသောကအနက်ပြန်ပေးမှ သဘောပေါက်သွားကြ၊ အချမ်းပြေ ဘီယာဝင် သောက်ကြပုံစသည့် 'အတို့အထိ'ကလေးများပါ ပါဝင်သည့်အတွက် ကျွန်တော်တို့ ကြည်ညိုလေးစားရသော ဆရာကြီးများ၏ ပြုမူပြောဆိုပုံများကို မြင်ယောင် ကြားယောင်လာရပါသည်။

ဒလဘန်း၏ဆောင်းပါးများ ပေါ်ပေါက်လာရခြင်း၏နောက်ကွယ်တွင် အရေးပါသော အကြောင်းခံသုံးရပ်ကို ကျွန်တော်သတိပြုမိပါသည်။ ပထမအကြောင်း ခံမှာ ဆရာကြီးမင်းသုဝဏ် စွဲစွဲမြဲမြဲကျင့်သုံးခဲ့ပြီး တန်ဖိုးကြီးမားလှသော အလေ့ဖြစ်သည့် မှတ်တမ်းရေးသားမှုအလေ့၏ ရလာဒ်များဖြစ်သော ဒိုင်ယာရီ မှတ်တမ်းများဖြစ်သည်။ ဆရာကြီး၏မှတ်တမ်းများကြောင့်ပင် ဆရာကြီးကိုယ်တိုင် လက်ရေးဖြင့် ရေးမှတ်ခဲ့သည့် သမိုင်းဝင်ကဗျာ ရေးသည့်ရက်စွဲသည် မြန်မာနိုင်ငံလွတ်လပ်ရေး မရမီ ဆယ်နှစ်တိတိဖြစ်သော ၁၉၃၈ ခု ဇန်နဝါရီလ၊ ၄ရက် ဖြစ်နေသည်မှာ အံ့ဩဖွယ်တိုက်ဆိုင်မှုဖြစ်ကြောင်း ကျွန်တော်တို့ မှတ်သားလိုက်ရသည်။ 'နတ်ထင်းတောင်' ကဲ့သို့ အမှတ်တရကဗျာကလေးအကြောင်း လည်း သိလိုက်ရသည်။ ကျွန်တော်တို့မြန်မာများ မှတ်တမ်းရေးမှတ်သည့် အလေ့ အကျင့်နည်းသည့်အတွက် စာပေကိစ္စတစ်ခုတည်းကိုသာ ကွက်၍ဆိုရလျှင် စာဆို တစ်ဦး၏မိဘအမည် ကွဲပြားနေမှုမျိုး၊ ဖွားမြင်သည့်နေ့ရက် ကွဲပြားနေမှုမျိုး၊ ကွယ်လွန် သည့်နေ့ရက် ကွဲပြားနေမှုမျိုးစသည့် အမှတ်အသားကွဲပြားသည့် ပြဿနာများစွာရှိနေ ပါသည်။ ယခုမူ ဆရာကြီးက မှတ်တမ်းရေးမှတ်သည့်အလေ့ကို စွဲမြဲစွာကျင့်သုံးခဲ့သည့် အတွက် ဆရာကြီးမိသားစုတွက်သာမက မြန်မာစာပေအတွက် တန်ဖိုးကြီးမားလှ သောမှတ်တမ်းများသည် ဒလဘန်း၏ဆောင်းပါးများအတွက် အရေးပါသော အကြောင်းခံတစ်ရပ်ဖြစ်ရပါသည်။

နောက်အကြောင်းခံတစ်ရပ်မှာ ဆရာကြီး၏မှတ်တမ်းများကို စိတ်ဝင်တစား စုစည်းလေ့လာဖတ်ရှုမှတ်သားသော လုပ်ဆောင်ချက်ဖြစ်သည်။ ယခု ထိုကိစ္စကို ဆရာကြီး၏သားဖြစ်သူ ဒလဘန်းက အကောင်အထည်ဖော်ဖြစ်ခဲ့သည်။ ဆရာကြီး၏ မှတ်တမ်းများရှိနေသော်လည်း ဒလဘန်းကဖြစ်စေ၊ အခြား သားသမီးဆွေမျိုး တစ်ယောက်ယောက်ကဖြစ်စေ ယခုကဲ့သို့ စိတ်ဝင်တစား လေ့လာဖတ်ရှုခြင်းမပြုခဲ့လျှင် လည်း မှတ်တမ်းများသည် ဆရာကြီးကိုအောက်မေ့သတိရစရာ လက်ရေးမှတ်တမ်းများ အဖြစ် ဗီရိုထဲတွင် တရိုတသေ သိမ်းထားသည့် အမှတ်တရပစ္စည်းများအဖြစ်သာ ရှိကောင်းရှိနေပါလိမ့်မည်။

နောက်ဆုံးအကြောင်းခံမှာ မှတ်တမ်းများမှလေ့လာဖတ်ရှုထားသော





အချက်များကို စာရေးသားမှုဝါသနာအရင်းခံနှင့် စာဖတ်ပရိသတ်ကို ဝေမျှလိုသည့် စေတနာတို့က ဤဆောင်းပါးများရေးသားဖြစ်အောင် စေ့ဆော်ခြင်းပင်ဖြစ်သည်။ ဒလဘန်းသည် ဤမှတ်တမ်းများကို ဖတ်ရှုလေ့လာပြီး 'အဘ'ကိုသတိရစရာများ အဖြစ်သာ ရင်ထဲမှာသိမ်းထားလျှင် ဤစာများပေါ်လွင်စရာအကြောင်း မရှိပါ။ ဝါသနာနှင့် စေတနာတို့၏ စေ့ဆော်မှုကြောင့်သာ ဤသို့ပေါ်ထွက်လာရခြင်းဖြစ်သည် ဟု တွေးမိပါသည်။

နောက်ဆုံးဖော်ပြလိုသောအချက်မှာ 'ဒလဘန်း'ဆိုသော ကလောင်နာမည် ၏နောက်ကွယ်မှ လေးနက်လှသောအဓိပ္ပာယ်ပင်ဖြစ်သည်။ ထိုနာမည်သည် ဆရာကြီး မင်းသုဝဏ်က သူ့သားကိုမွေးမွေးချင်း မှတ်မှတ်ရရပေးခဲ့သော နာမည်ဖြစ်သည့် အတွက် ကလောင်အမည် မည်ကာမတ္တမဟုတ်ဘဲ လေးနက်သောအဓိပ္ပာယ်များ ကိန်းအောင်းနေပါသည်။ မွေးတဲ့နေ့က အဘပေးခဲ့တဲ့ မှန်နာမည်နဲ့ အဘသားလူဖြစ် ခဲ့တာ နှစ်နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ ဒလဘန်းဆိုတဲ့ နာမည်ကို ကျွန်တော် မြတ်မြတ် နိုးနိုးနဲ့ ခံယူခဲ့ပါတယ်ဆိုတာကို မွန်သံယောဇဉ်ကြီးတဲ့ အဘသာသိမယ်ဆိုရင် ... ဆိုသော စကားကလေးက ဒလဘန်း၏ အမွေခံစိတ်ဓာတ်ကို အထင်အရှား ဖော်ပြလိုက်ပါပြီ။


အဘ၏မှတ်တမ်းများကိုအခြေပြု၍ ကိုယ်တွေ့အကြောင်းများဖြင့် ဆက် စပ်ကာ အမွေခံစိတ်ဓာတ်ဖြင့် ပုံဖော်လိုက်သော သားတစ်ယောက်၏ အသိအမြင် ခံစားမှုကို ကျွန်တော်တို့ ဝေမျှရယူကြပါစို့။

မောင်ခင်မင် (ဓနုဖြူ)



www.burmeseclassic.com

www.burmeseclassic.com



မင်းသုဝဏ်
(၁၉၀၉ - ၂၀၀၄)

## ပထမအကြိမ်ထုတ်အတွက်
## စာရေးသူ၏အမှာ

**ကွယ်လွန်သူ ကျေးဇူးရှင်မိဘနှစ်ပါးဖြစ်ကြသော အဘဦးဝန်(မင်းသုဝဏ်)နှင့် အမိဒေါ်ကြည်ကြည်တို့အား ဤစာအုပ်ဖြင့် ဦးညွှတ်ကန်တော့ပါ၏။**

အမွေခံစိတ်ဓာတ်ဖြင့် ရေးခဲ့သောစာများ အမှာစာရေးသားချီးမြှင့်ပေးသော ဆရာဦးခင်အေး(**မောင်ခင်မင် - ဓနုဖြူ**)အား ကျေးဇူးအထူးတင်ရှိပါကြောင်း ရှေးဦးပဏာမဖော်ပြလိုပါသည်။ ထို့အပြင် ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ အားပေးကူညီခဲ့သူအပေါင်းကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

အဘအကြောင်းများ စာရေးဖြစ်အောင် အစဉ်တစိုက်အားပေး နှိုးဆော်ခဲ့ပြီး စာရေးသားစဉ်အခါ အားလျော်စွာ တန်ဖိုးရှိသောအကြံဉာဏ်ကောင်းများပေးခဲ့သူ၊ ကလောင်အမည် 'ဒလဘန်း'ကို ရွေးချယ်ပေးခဲ့သူ ဇနီးသည် **စုစုလွင်**အားလည်း ကျေးဇူးတင်ကြောင်း ဖော်ပြမှတ်တမ်းတင်ပါသည်။


အဘအမွေပေးခဲ့သော နေ့စဉ်မှတ်တမ်းများ၊ မှတ်စုများ၊ စာအုပ်စာတမ်းများနှင့် လေ့လာရှာဖွေတွေ့ရှိချက်များအပေါ် အခြေခံကာ အဘအကြောင်းတို့ တတ်စွမ်းသမျှ ဆက်လက်ရေးသားပြုစုသွားရန်ဆန္ဒရှိပါသည်။ ထို့ကြောင့် လိုအပ်သောပြင်ဆင်ဖြည့်စွက်မှုများ၊ အကြံဉာဏ်ကောင်းများကို စာရေးသူထံသို့ ရေးသားပေးပို့ကြမည်ဆိုပါက ဝမ်းမြောက်ဝမ်းသာနှင့် လက်ခံကြိုဆိုမည်ဖြစ်ပါကြောင်းကို နိဂုံးချုပ်အနေဖြင့် ဖော်ပြလိုပါသည်။

**ဒလဘန်း**



www.burmeseclassic.com

www.burmeseclassic.com



## မင်းသုဝဏ်၏
## ခေတ်စမ်းကြိုကဗျာများ

'ခံစားပုံ အခြင်းအရာနှင့် စကားသုံးပုံ အခြင်းအရာတို့ကို ကြည့်ပြီး' ဆရာဦးဝင်းဖေ (မြဇင်)သည် ကဗျာခေတ်တစ်ခုကို ပိုင်းခြားသတ်မှတ်သည်။ 'ခေတ်ပြိုင်ခံစားပုံ ခေတ်ပြိုင်စကား သုံးပုံတို့နှင့်မတူ ခံစားပုံဆန်းသစ်ဖြစ်ထွန်းကာ ထုထည်ကြီးမား လာလျှင်ဖြစ်စေ၊ စကားသုံးပုံဆန်းသစ်တွင်ကျယ်ကာ ပြတ်သားပျံ့နှံ့လာလျှင်ဖြစ်စေ ကဗျာခေတ်တစ်ခေတ် ဆန်းသစ်ဖြစ်ပေါ်သည်' ဟု ဆရာမြင်သည်။ ယင်းအရ ၁၉၁၀ ပြည့်နှစ်မှ ၁၉၇၀ ပြည့်နှစ်ကာလကို ကဗျာခေတ်သုံးခေတ် ခွဲခြားသတ်မှတ်ခဲ့သည်။ ၁၉၁၀ ပြည့်နှစ်မှ ၁၉၃၀ ပြည့်နှစ်အထိကာလကို **ခေတ်စမ်း ကြိုကဗျာခေတ်**၊ ၁၉၃၀ ပြည့်နှစ်မှ ၁၉၄၀ ပြည့်နှစ်အထိကာလကို **ခေတ်စမ်းကဗျာခေတ်**၊ ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းကာလကို သုညခေတ်၊ ၁၉၄၅ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ် အထိကာလကို **ခေတ်စမ်းနှောင်းကဗျာခေတ်** ဟူ၍ဖြစ်သည်။ ထို့ကြောင့် ၁၉၀၉ ခုနှစ်ဖွား အဘ၏ အလယ်တန်းနှင့် အထက်တန်းကျောင်းသားဘဝ စပ်ဆိုခဲ့သော ကဗျာများသည် ခေတ်စမ်းကြို ကဗျာခေတ်၏ အငွေ့အသက်များနှင့် ပြည့်လျှမ်းလျက် ရှိမည်မှာ မုချဓမ္မတာဖြစ်ပါတော့သည်။ အဘကို ကဗျာလောကသို့ ပို့ဆောင်ပေးသော အဓိကအထောက်အပံ့ အကြောင်းခြင်းရာနှစ်ခုရှိပါသည်။ ယင်းတို့ကား **အာကာသန်း** နှင့် **ဘာချာသိပ္ပ ဝိစိတြကဗျာရာသီကျမ်း*** တို့ ဖြစ်ကြပါသည်။

**အာကာသန်း (၁၉၀၃-၁၉၉၅)**။ ၁၉၂၀ ခုနှစ် ကွမ်းခြံကုန်းမြို့ ၌ အင်္ဂလိပ်-မြန်မာနှစ်ဘာသာသင် အမျိုးသားကျောင်း စတင်ဖွင့်လှစ်သည်။ ကျောင်းကော်မတီကို

www.burmeseclassic.com



ဦးဆောင်သူက ဖခင် ဦးလွန်းပင်။ ထို့ကြောင့် ဆရာလေး ဦးဘိုးလှိုင် လောကမာတ်ကျောင်းမှ ကျောင်းသားငယ် အဘသည် အမျိုးသားကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ယူသည်။ တစ်ကျောင်းတည်းနေ ဦးအာကာသန်းက ပါဠိနှင့် ကဗျာ သင်ပေးသည်။ ဦးအာကာသန်းကား ပထမကြီးအောင်ပြီးသူတစ်ဦး ဖြစ်သည်။ အဘထက် ခြောက်နှစ်ခန့် ကြီးသည်။ ဦးအာကာသန်းထံမှ ကဗျာရေးစပ်နည်းများကို အဘ အနီးတပ် လေ့လာဆည်းပူးခွင့်ရခဲ့သည်။ ကဗျာစမ်းရေးသည်။ အသက်ဆယ့်သုံးနှစ်သားအရွယ် စရေးသောကဗျာနှစ်ပုဒ် မှတ်မှတ်ရရ တွေ့ရသည်။ 'ကဗျာ ဖတ်တတ်ခါစ၊ ပါဠိသက် ဝေါဟာရများကို အခွင့်ရသမျှ သုံးလိုက်ပုံရသည်။ အကြောင်းအရာက လေ့ကြီးထိုး ရိုးရိုးမျှသာဖြစ်သည်'ဟု အဘက မိမိကိုယ်မိမိဝေဖန်မှတ်ချက်ပြုသည်။ ၁၉၂၃ ခုနှစ် လယ်တီဆရာတော်ဘုရားကြီး ဖျဉ်းမနားမြို့ လယ်တီစံကျောင်း၌ ပျံလွန်တော်မူသောအခါ ဆရာ ဦးအာကာသန်းက 'ကွမ်းခြံကုန်းမြို့အတွက် လယ်တီဘွဲ့လေးချိုး' ကဗျာရှည်ကြီးတစ်ပုဒ် အမှတ်တရရေးဖွဲ့သည်။ ဆရာကိုအားကျ၍ အဘလည်း အမှတ်တရ ကဗျာတစ်ပုဒ်ရေးခဲ့သော်လည်း အဘ သက်ရှိကာလကပင် ပြန်ရှာမတွေ့ ဖြစ်သည်။ ဆရာအာကာသန်း၏ ကလောင်အမည်ခွဲများမှာ အာကာဘောင်၊ အာကာမြ၊ မမြ၊ သုမဝ္ဝတီသန်းတို့ ဖြစ်ကြသည်။

ဆရာအာကာသန်းနှင့်ခေတ်ပြိုင်ကဗျာစာဆိုများကား အာကာလှ၊ အာကာလွန်း၊ ယုဝ၊ အာကာလေး၊ ချစ်ရန့်ကြိုင်တို့ ဖြစ်ကြသည်။ ဆရာအာကာသန်း စာပယ်အလွန် ကောင်းပြီး ကာရန်လည်းနိုင်ကြောင်း အဘမှတ်ချက်ပြုသည်။ ဆရာအာကာသန်းကား ကဗျာနှင့်ပတ်သက်၍ အဘ၏လက်ဦးဆရာတည်း။


**ဘာချာသိပ္ပဝိစိတြကဗျာရာသီကျမ်း။** လွန်ခဲ့သောနှစ် ၈၀ ခန့်က ကဗျာကျမ်းတစ်စောင် ထုတ်ဝေ/ဖြန့်ချိသူ လုပ်ငန်းရှင်အမည် 'ကေနာဂူမေဒါ စာအုပ်တုန်သည်' ကလည်း စိတ်ဝင်စားစရာ။ စာမျက်နှာက ၁၁၉ မျက်နှာ။ ကဗျာများကို အစုသုံးခုခွဲခြားဖော်ပြသည်။ သံဆန်း၊ ပတ်ပျိုး၊ ယိုးဒယားစုတွင် အပုဒ် ၂၀၊ ရှာပုံကြီး အမျိုးမျိုးနှင့် လေးဆစ်ချိုး ဝိုချင်းကြီးစုတွင် ၈ ပုဒ်၊ အလွန်ယဉ်ကျေးသော တေးကဗျာအစုတွင် ၂၂၅ ပုဒ်။ အဘ အထူးနှစ်မြိုက်မြတ်နိုးသော ကဗျာကျမ်းဖြစ်သည်။ အဘငယ်စဉ်အခါ ဘုန်းကြီးကျောင်းသားဘဝကတည်းက အကြိမ်ကြိမ်အဖန်ဖန်၊ အထပ်ထပ်အခါခါ မငြီးမငွေ့ စိတ်ဝင်တစား ဖတ်ရှုခဲ့သောကျမ်း။ ယင်းကြောင့် ကျမ်းငယ်မှာ အနှောင့်လည်းကြေ၊ ရွက်လည်းပြေလေပြီ။ အဘ တယုတယ ကြိုးငယ်တစ်ချောင်းနှင့် ကြုတ်ခြေခတ်၊ ခပ်ဖွဖွကလေးချည်ပြီး အိတ်တစ်အိတ်အတွင်းထည့်၍ တရိုတသေ သိမ်းထားခဲ့သည်။ ရှာပုံကြီးအမျိုးမျိုးနှင့် လေးဆစ်ချိုး ဝိုချင်းကြီးအစုတွင် နတ်မောက်ရွာသထိ၊ ပဝတ္တိ တောင်တွင်းကြီးမြို့နေ စာရေးတော်ကြီးဦးကြော့ စီမံရေးသားအပ်သော 'စုံနှံ့သာမြိုင်ရှာပုံကြီး'မူမှန်ကိုဖတ်ရသည်။ ရှာပုံကြီး တစ်နေရာတွင် အဘအလွန်စွဲမက်





သော '. . . . . မဟာ ဒုကူလ၊ ပါရိကတို့၊ တာပသလုံ၊ တပင်ဆန်းတဲ့ သခ်ိန်းဘုံနှင့် ယမုန်သောင်စပ်၊ ရွှေသမင်နှင့် ရေတင်လို့ ခပ်စဉ်က၊ ကောင်းမြတ်ကယ်ဆုမွန်၊ **ရွှေလိုဝင်းပါတဲ့ မင်းသုဝဏ်၊** စိန်ချွန်တော်ထိ၊ ဒုက္ခတွေ ဖိတုံးက၊ ကရိကထ၊ မိနှင့်ဘတို့၊ သစ္စာ့ပါရမီ၊ အမှန်မကွက်၊ ပန်ပနက်၍၊ သံမြွက်ကယ်ချီ . . .'တစ်ပိုဒ်ကို တွေ့ရသည်။ မျက်မမြင် အမိအဖနှစ်ပါးကို လုပ်ကျွေးပြုစုစောင့်ရှောက်နေသော သားတော်သုဝဏ္ဏသာမ၊ မြားဆိပ်သင့်၍ သစ္စာဆိုကြသောအမိနှင့်အဖ။ သည်ဖြစ်ရပ်၊ သည်မြင်ကွင်းက အဘအသည်းတွင် သံမှိုစွဲနှက်သကဲ့သို့ ရှိတော့သည်။ သို့ကြောင့်လည်း နောင်တစ်ချိန်တွင် **မင်းသုဝဏ်** တည်းဟူသော ကလောင်အမည်ကို မြတ်မြတ်နိုးနိုးစွဲယူခဲ့လေသည်။

၁၉၂၃ ခုနှစ် ရန်ကုန်မြို့ ဆရာမှတ်ကြီးကျောင်းခေါ် စိန့်ဂျွန်းကျောင်းသို့ ရောက်ပြီးသကာလ ကဗျာများကို အဘ ခွန်စိုက်အားစိုက်ရေးသည်။ ၁၉၂၆ ခုနှစ် ဇူလိုင်လထုတ် ဒဂုန်မဂ္ဂဇင်း အမှတ် ၇၁ တွင် အဘ၏ **မိုးရာသီဘွဲ့ ကို ပထမဆုံး ပုံနှိပ်ဖော်ပြခြင်းခံရသည်။** ကလောင်အမည် "စိန့်ဂျွန်းပျော်မောင်ဝန် - ဦးအာကာသန်းတပည့်" ဖြစ်သည်။ လက်ဦးဆရာကို ဦးထိပ်ထား၊ ကျောင်းကိုလည်း အမှတ်တရပြုထားသော ကလောင်အမည်ဖြစ်သည်။ စိန့်ဂျွန်းကျောင်းသားဘဝ၌ပင် ဒဂုန်မဂ္ဂဇင်း၊ အိုးဒုတ်ဂျာနယ်၊ ဗြိတိသျှဘားမားမဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်းတို့တွင် အဘ၏ကဗျာများ






www.burmeseclassic.com

www.burmeseclassic.com



# ST. JOHN'S COLLEGE CHRONICLE.

Vol. 2 No. 4. ] February 1928. [ Price 4 Annas.

CONTENTS.


| | Page. |
|---|---|
| School Notes ... ... ... | 1 |
| Saya U Shwe Hmun ... ... | 2 |
| The Annual School Concert ... ... | 3 |
| Burmese Poems ... ... | 4 |
| Buddhist Ex-centuries ... ... | 5 |
| Why I prefer a Burmese Doctor? ... | 6 |
| Mr. "Pussy Foot" Johnson in our School Hall ... | 6 |
| An extract from my essay book ... ... | 7 |
| The Free Night School ... ... | 7 |
| Football ... ... ... | 8 |
| Cricket ... ... ... | 9 |
| The Sports ... ... ... | 9 |
| Mason House Notes ... ... | 10 |
| Whitehead House Notes ... ... | 11 |
| East House Notes ... ... | 12 |
| The Old Johnians' Association ... ... | 12 |


NOTES.

WE are afraid our Chronicle has not appeared for a long time. We have tried to get out two numbers each year, but the last two years there has been only one.

• • • •

When the Principal returned from leave in May, Mr. Clayton returned to his work in Moulmein. Mr. Clayton was here for over four months and his painstaking methodical work has been an example to us all. Both he and his wife made themselves most popular with all the masters and boys, who made them a presentation when they left.

All in the school were most grieved to hear of the very sad death of their little child, and we extend to them our deep sympathy in this sad trouble.

• • • •

Another great change has been the resignation of U Shwe Hmun, after nearly 40 years' service. However we write of him elsewhere.

• • • •

Miss Redpath has left us, she was hoping to visit England with a friend, but that has been postponed. Her good knowledge of English and hard conscientious work has been of great value to the school.

• • • •

We welcome in their places—Saya Mg Khin as Burmese teacher; Saya Ba Shin as Science teacher and Saya Jacob as 1st. Standard teacher.

• • • •

The school did well in the Government Examinations in March 1928. 12 out of 23 passed the High School and 78 out of 87 passed the Middle School. Four boys gained High School Scholarships; three of them boarders:- Saw Htine; T. Tun Lwin; Saw Aung. Dayscholars- Mg Thein.

• • • •

The notes about our Old Johnians appear in another place but we would like here to express the school's sorrow at the death of Mr. E. Richard, President of the Old Johnians' Association. Mr. E. Richard has always taken great interest in his old school, and when he was elected president of the Old Boys' Association, we all felt it was an honour well deserved.

• • • •

ဖော်ပြခြင်းခံရသည်။ စတင်အသုံးပြုသော ကလောင်အမည်ကွဲအချို့ကား -

(၁) စိန်ဂျွန်းပျော်မောင်ဝန် - ဦးအာကာသန်းတပည့်

(၂) မေယဝန် - ကွမ်းခြံကုန်းမြို့

(၃) စိန်ဂျွန်းပျော် - ကွမ်းခြံကုန်းမြို့

(၄) ကွမ်းခြံကုန်းတောင်စုအစွန်က မောင်သုဝဏ်

(၅) ကွမ်းခြံကုန်းတောင်စုအလွန်က မောင်သုဝဏ်

(၆) မောင်ဝန်

(၇) ခင်သီဂီ (ဟံသာဝတီ)

(၈) စန်းသော်တာ စသည်တို့ဖြစ်ကြသည်။

ကဗျာများကို ပြင်ပစာစောင်များတွင် ရေးသည့်နည်းတူ ကျောင်းမှ ထုတ်ဝေသည့် St. John's College Chronicle ခေါ် စိန့်ဂျွန်းကျောင်းမှတ်တမ်းတွင်လည်း အဘ ကဗျာများရေးသည်။ ရှားရှားပါးပါး မပျောက်မပျက် အဘသိမ်းထားခဲ့





သော တစ်စောင်တည်းသော ၁၉၂၉ ခုနှစ် စိန့်ဂျွန်းကျောင်းမှတ်တမ်းစာစောင်လာ အဘ၏ ငယ်မူလက်ရာ ခေတ်စမ်းအငြိကဗျာငါးပုဒ်ကို ပြန်လည်ဖော်ပြပါသည်။ ဆယ်တန်းကျောင်းသားဘဝတွင် ရေးခဲ့သောကဗျာများဖြစ်ကြောင်း ကလောင်အမည်က သက်သေထူလေသည်။

၁၀ တန်းအောင်ချိန်တွင် ကဗျာပေါင်း ၁၀၀ ခန့် ရေးသားစပ်ဆိုပြီးခဲ့လေပြီ။ ထို့ကြောင့် တက္ကသိုလ်ကျောင်းတိုက်သို့ ရောက်ရှိသောအခါ 'မင်းသုဝဏ်'တည်းဟူသော ကလောင်အမည်ကို ပြည့်ပြည့်ဝဝ၊ ဂုဏ်ရှိရှိ စတင်သုံးစွဲသည်။ ပင်တိုင်ကလောင်အမည် မင်းသုဝဏ်ဖြင့် အဘသည် ကဗျာ၊ ဆောင်းပါး၊ ပုံပြင်၊ ဝတ္ထုပေါင်းများစွာကို အသက်ထက်ဆုံး ရေးသားလေတော့သည်။

BURMESE POEMS.

ဓါးရှူဦး

လေးဆစ်။ ။ဓါးရှူဦးတန်ခူးရယ်တဲ့ ဤရာသီ၊ ။ဝေဿာထာ ပင်ပိုတောက်မှာ၊ ငှက်ဥဩ နှင့်ဖိ၊ ။ယောင်းရွက်ဝါ ကျ ခြွေ လျော့ပါလို့၊ တောဝနဟိုင်ရှိ၊ ပြာဖိတဲ့ဝရစ်မှုး ၊ ဥဩညီမ ချစ်းအပင်ရှိကားခွေးသူကိုငိုဟဲ့ပြောသည်လိုမာ ထဝါသသသာနှောကာပြု၊ ထောဘ်နှင်ထျူ။ ။

တသင်္ကြန်း

လေးဆစ်။ ။မြိုင်တရှောက်၊ ဗိုတောက် ဖော်တည့် ဝေဿာသား ။ သင်္ကြန်တော် ရောက်သ တင့်တွင်း ရှုမွှင့်ဝ့်အား ။ ပယာမှာ သႆယာ ဆည်ထတာနိုး၊ ။ထက်ဝှာ၊ ထိန်မဲ ထိမ်ညီမြာ နှင့် ပိုဆွတွင်ထိမ်ဝါဆွမ်းပါထို့ရှုနှိ ထိမ်ကြည် ရစ်ဆွေနွဲ၊ ထိမ်နီ မှိန်ရိ သနံဆိုရတ်၊ ဆန်း ရှု ခါဦး၊ ။

တန်ခူးလ

ရှစ်ဆယ်ပေါ်လေးထစ်။ ။မွေ့ဖိ ဝန်ငေါ်ဖိတောက်ဝန်ရှင်၊ တောက်ချွမ်းတဲ့ ပိုကြကြယ်၊ ထယောက်တမ်း၍ ဖိဿနယ်မှာ ဖိတ်ကာဘယ်ဝယ် ရွှပ်ယောင်ဆွေး၊ ။တောင်ပြန်လေးဝင့် မြို့သရုတ်တည်၊ ပွင့်ဦးစံပါယ် သင်းရျံ့ ကြိုင်ထုံမွှေး ဝရေယောင့်ကမ်းထိပ့်မှုငြိမ်း ချိုးကိုရ် ထုန်ယ်မှုတ် ဖြည်းသွေးနိုးမှိန့် ရှုဘ် နတ်ဝည်ကြွေးသို့ မိုးကြိုး ရိုးသူခွာမည့်ဟန်၊ မြဲ့ဗိုဇွေ ရေးကြွားနှာ ရှေငါ၊ ငွေငါး လူးထေး မြူး ပျော်စံ၊ ။တောရ တောင်ထက် မြိုင်နှင်ယံမှာ၊ တြွက်ည့် ပွင့်သိ ကြော်ငြာလေးသို့၊ သိုက်သေးသိုက်ကြီးဆိုတ်ခါ ချီ၊ တ သပါင်း ကြွက်ကြွက် ဖိ၊ ။ဆထာရေးဆေး မွေ့ ကြည်ကြည် ကို၊ ခင် လေးမ ဗို သု ဆွတ်ချော် ပလေ။ ။

ယာဝတီဒေး


လေးထစ်ရှိုး ။ လာမည့်ရ ကြောင်းရွှေ့ထိုး ဆောင်းခေတ္တဆရှုန်း ထ သ ါင်းငွေ ဆ ဖို့ မှာ ရောင်းရွှေဆုံပိုင်မြီး ။ ဆွေအချစ် ဖြတ်သတော ကို၊ မတတ်သ၁ ထတ်သာနှင့်ချွဲ၊ ။ ဗီထောထိ ဗိုမှ ယား ဖိတ်မ၁ ကြုင်တဲ၊ ရတ္တုနော်မဖြတ်ထွဲခဲ့ ထို့၊ အမြပ ညွင်းတယ်၊ ။ထရစ်ရှာထဲဖြီး ဗိုရှိ ရွှေ့ထပါဖိမ်အွှင့်နော်ထွတ် ။ ဆထွှစ်ချွင် ဆထွေးဖြတ်ရန်၊ ဆဝေနယ်ထ ရှု နသီတာ တထေ

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ဆရာဇော်ဂျီနှင့်ဆရာမင်းသုဝဏ်

# ဂန္ထလောကနှင့်
# ခေတ်စမ်းစာဆိုနှစ်ဦး

တချိန်က တက္ကသိုလ်ကျောင်းသားဟောင်း ကျောင်းသားသစ်တို့ ကလောင်စွမ်းပြခွင့်ရသည့် မဂ္ဂဇင်းများတွင် တက္ကသိုလ်ကျောင်းတိုက် နှစ်လည်မဂ္ဂဇင်းနှင့် ဂန္ထလောကမဂ္ဂဇင်းတို့က အဓိကကျလေသည်။ ယင်းတို့အနက် လစဉ်ထုတ် ဂန္ထလောကမဂ္ဂဇင်းသည် မျက်မှောက်ခေတ်စာပေအား အထူးအကျိုးပြုခဲ့သည်ဆိုက အငြင်းပွားဖွယ်ရာမရှိဟု ထင်ပါသည်။ အကြောင်းကား ဂန္ထလောကမဂ္ဂဇင်းသည် တက္ကသိုလ်စာဆိုများ၏ စာပေပျိုးခင်းကြီးသဖွယ် ဖြစ်ခဲ့သောကြောင့်ပင်။


ဂန္ထလောကအကြောင်းကိုပြောက မမေ့လျော့ မကျန်စကောင်းသော အရေးကြီးအချက်တစ်ချက်ရှိသည်။ ထိုအချက်ကား မဂ္ဂဇင်းကိုစတင်တည်ထောင်ခဲ့သော ပုဂ္ဂိုလ်အကြောင်းပင် ဖြစ်၏။ ဤပုဂ္ဂိုလ်အကြောင်းမပါက မည်သည့်နည်းနှင့်မျှ ပြီး ပြည့်စုံနိုင်မည် မဟုတ်ပေ။ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီက မြန်မာလူမျိုးများအပေါ် အလွန်သန့်စင်သောစေတနာထားသည့် ပုဂ္ဂိုလ်တစ်ဦးရှိခဲ့သည်။ ထိုသူကား မြန်မာမဟုတ် လူမျိုးခြားတစ်ဦးဖြစ်သည်ဟု ဆိုခြားအံ့၊ စာရှုသူတို့ အံ့ဩစိတ်ဝင်စားပေလိမ့်မည်။ အဆိုပါစေတနာရှင်သည် မစ္စတာ ဂျေအက်(စ) ဖာနီဗယ် ( **John Sydenham Furnivall**) အမည်ရှိ အိန္ဒိယပြည်ညာဉ်ခံဝန်ထမ်း **(ICS)**အဖွဲ့ဝင် အင်္ဂလိပ်လူမျိုးတစ်ဦး ဖြစ်လေသည်။ ပန်းတနော် အမျိုးသားအထက်တန်းကျောင်းဆရာကြီး ဦးသန့် (ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်) က " မြန်မာပြည် စာအုပ်အသင်း၊ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း၊ ဂန္ထလောကမဂ္ဂဇင်းတို့၏ အမိသဖွယ်ဖြစ်သော မစ္စတာဖာနီဗယ်သည် နောင်လာမည့် မြန်မာနိုင်ငံ့သမိုင်းဝင်ဆရာတို့ မမေ့အပ်သောပုဂ္ဂိုလ်တစ်ဦးဖြစ်ပေသည်။ မြန်မာဂန္ထဝင်တွင်လည်း မှတ်တမ်းတင်ထား



www.burmeseclassic.com

www.burmeseclassic.com





မစ္စတာ ဂျေအက်(စ်)ဖာနီဗယ်


ထိုက်သော ပုဂ္ဂိုလ်တစ်ဦးပင်တည်း။ အလွန်ဖော်ရွေ၍ လောကဝတ်ကောင်းသော လူကြီးတစ်ယောက်ဖြစ်၏။ လူငယ်များကဲ့သို့ ပျော်ရွှင်စွာနေတတ်၏" ဟု ကြီးပွားရေး မဂ္ဂဇင်းတွင် ၁၉၃၅ ခုနှစ်က တလေးတစား ရေးသားဖော်ညွှန်းခဲ့ဖူးသည်။ မစ္စတာ ဖာနီဗယ်သည် ကိန်းဘရစ်(ချ်)တက္ကသိုလ်မှဘွဲ့ရပြီး မရှေးမနှောင်းပင် သူ၏ဆန္ဒ အလျောက် မြန်မာနိုင်ငံကိုရွေးချယ်ကာ တာဝန်ထမ်းဆောင်ရန် ၁၉၀၂ ခုနှစ် ဒီဇင်ဘာ လတွင် ရန်ကုန်သို့ရောက်ရှိလာခဲ့သည်။ ကြီးမားသော တာဝန်အရပ်ရပ်ကို ရခိုင်မှလွဲ၍ မြန်မာနိုင်ငံအနှံ့အပြားတွင် ထမ်းဆောင်ခဲ့သည်။ ရှမ်းတိုင်းရင်းသူတစ်ဦးနှင့် အကြောင်းပါ၍ သမီးနှစ်ယောက်ထွန်းကားခဲ့သည်။ ပဲခူးတိုင်း ဝန်ရှင်တော်မင်းကြီး၊ နောက်ဆုံး ကြေးတိုင်နှင့်မြေစာရင်းမင်းကြီးအထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းသို့ တာဝန်ထမ်းဆောင်စဉ်တာလ မြန်မာလူမျိုးများအပေါ်ထားရှိသည့် သူ၏ သန့်စင် ဖွန်မြတ်သောစေတနာကို ပေါ်လွင်စေသည့် ဖြစ်ရပ်တစ်ခုရှိခဲ့ဖူးသည်။ ဗြိတိသျှ အစိုးရက ၁၉၂၁ ခုနှစ်တွင် ဝှိုက်ကော်မတီကိုဖွဲ့စည်းပြီး မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့စဉ် မစ္စတာဖာနီဗယ်က မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရန် အဆိုပြုလေသည်။ သူ၏ လုပ်ဆောင်ချက်က ဗြိတိသျှအစိုးရအား များစွာအံ့အားသင့်စေခဲ့သည်။ နောက်ပိုင်း သူ့အစိုးရလုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ဝေးသထက် ဝေးအောင် ကြံဆောင်သည်ကို မနှစ်မြို့ဖြစ်ကာ ၁၉၂၂ ခုနှစ် ဇွန်လတွင် အလုပ်မှ အနားယူလိုက်လေတော့သည်။ အသက်အရွယ်အားဖြင့် ၄၅ နှစ်ခန့်သာ ရှိသေးပြီး၊ လုပ်သက်က ၂၀ နှစ်ခန့်မျှသာ ရှိသေးသည်။





အစိုးရအလုပ်မှအနားယူပြီးသည်နှင့် သူချစ်သောမြန်မာလူမျိုးတို့အကျိုးငှာ ဆက်လက်ကြိုးပမ်းသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် မြန်မာလူမျိုးတို့ စာပေ ဗဟုသုတ၊ အသိအမြင်ကြွယ်ဝရေးမှာ အရေးပါသည်ကို သဘောပေါက်သည်။ ထို့ကြောင့် ၁၉၂၄ ခုနှစ်တွင် မြန်မာနိုင်ငံစာအုပ်အသင်း (BBC) အမည်ဖြင့် စာအုပ် ဆိုင်တစ်ဆိုင် ဖွင့်သည်။

ကော်မီရှင်နာလမ်း (ဗိုလ်ချုပ်လမ်း) ကောလိပ်များ အနောက် အဆိုပါ ထောင်ရှားသေးသည့် စာအုပ်ဆိုင်တွင် ကိုယ်တိုင်ဆိုင်ထိုင်သည်။ "ဗဟုသုတလိုက်စားသူ တို့ကို အလွန်စကားပြောလို၏။ သိလိုသောအကြောင်းအရာများကိုလည်း အလွန်ပင်ပန်းခံ၍ ရှာဖွေပေးလေ့ရှိ၏"ဟု ဦးသန့် ရေးသားချက်တွင် တွေ့ရှိရသည်။ စာအုပ်စာရင်းများကို ကက်တလောက် (Catalogue) ပုံစံအဖြစ် ထုတ်ဝေရမည့် အစား မဂ္ဂဇင်းအဖြစ်ထုတ်ဝေက ပို၍ကောင်းမည်ဟု စဉ်းစားမိပြီး စာအုပ် ကက်တလောက်ဆန်ဆန် World of Books (**စာအုပ်လောက**) မဂ္ဂဇင်းကို စာမျက်နှာ ၁၆ မျက်နှာ၊ အင်္ဂလိပ်ဘာသာဖြင့် ၁၉၂၅ ခုနှစ်တွင် စတင်ထုတ်ဝေသည်။ မဂ္ဂဇင်း၏ဆောင်ပုဒ်မှာ **"The bricks are fallen down, but we will build with hewn stones"** (မြေအုတ်များ ပြိုလေရာ၊ ကျောက်အုတ်ဖြင့်တည်ဆောက်အံ့) တည်း၍ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်ရောက်သောအခါတွင်မှ '**ဂန္ထလောက**'ဟူသော မြန်မာ အမည်ကို အင်္ဂလိပ်အမည်နှင့် ယှဉ်တွဲ စတင်ဖော်ပြသည်။ မြန်မာလူငယ်များအား






www.burmeseclassic.com

www.burmeseclassic.com



## သင်္ကြန်လက်ဆောင်

သင်္ကြန်တော် ခါထန်ရှုမို့
ထိန်ဦးအသံဝါဝါ
မိုးစြှာတ်စြှာတ်ရွာ၊
တိုယ်တို့ဆီမှာ၊ရွာပါစေမေ၊
ရွာယင်ရွှေလွှန်ခွဲကို
နှဲလိုက်ပါလေ၊ ။
ငွေမိုးရေ ချိုချိုသောက်လို့
ဝိတောက်တ ဝင်ဝေါမှာ
ဝင်းထိန့်ပို့ဝါ၊
တိုယ်တို့ဆီမှာ,မာဝပါစေမေ၊
ဝေါယင်ရွှေတွေပိန့်အောင်
ထိမ်းလိုက်ပါလေ၊ ။
ဝိတောက်တွေရွှေဝါလူးတော့
ရွာဦးကညွှံစာစာ
ဆောင်းဇုံကသာ၊
တိုင်တို့ဆီမှာ၊သာပါစေမေ၊
သောယင်ဇုံသဓားကို
အားကူဝါလေ၊
ငွေမိုးရေချိုချိုသောက်လို့၊
ဝိတောက်တ ရွှေမှုတ်ရှာ၊

## လက်ဆောင်ပြန်

မိုးသင်္ကြန်ရေသောက်လို့
ရွှေဝိတောက်တဝါဝါ
သင်္ကြန့်ပြာ၊
ကျွန်တို့ဆီမှာ၊ သာပါရှုံမောင်၊
မောင်ကြီး မာပါစေဝဲ့
မေလေး ချာပါစေတဲ့
အတာရေဗြာဝေသွန်းလို့ရယ်
ညွှန်းကြဲဆုတောင်၊ ။

မင်းသုဝဏ်

ဘာသာပြန်မှု၊ ပင်ကိုစာပေရေးသားမှုတို့ကို အခါအခွင့်နှင့် နေရာပေးခဲ့သည်။ မဂ္ဂဇင်းကို အကြောင်းပြု၍ မြန်မာစာပေလောကတွင် "**ခေတ်စမ်းစာပေခေတ်**" ပေါ်ထွန်းစေခဲ့သည်။ မဂ္ဂဇင်း၏ နှစ်အဆက်ဆက် တာဝန်ယူခဲ့ကြသော အယ်ဒီတာများမှာ . . .

သခင်ဘသောင်း၊ ဦးငွေကိုင်၊ ဦးခန့်၊ ဦးစိန်တင် (သိပ္ပံမောင်ဝ)၊

ဦးဝန်(မင်းသုဝဏ်)၊ ပါမောက္ခ ဦးမျိုးမင်း(နွယ်စိုး)

ပါမောက္ခ ဦးချမ်းမြ (မြကေတု)၊ ဦးအုန်းဖေ (တက်တိုး)တို့ဖြစ်ကြ၍ အားရဖွယ်ကောင်းလှပေသည်။

မဂ္ဂဇင်းကိုထိန်းသိမ်းစောင့်ရှောက်ရန်၊ တစ်နည်းဆိုသော် ခေတ်စမ်းစာပေ အရေးအသားနှင့် အနောက်တိုင်းသားတို့၏ ခေတ်မီပညာရပ်များ မြန်မာအမျိုးသား





တို့၌ ပျံ့နှံ့ရန်၊ ပေါင်းကူးတံတားသဖွယ်ဖြစ်သော မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း (**BEEA**)ကို မစ္စတာဖာနီဗယ်သည် ၁၉၂၈ ခုနှစ်တွင် တည်ထောင်ပြန်သေးသည်။ ၎င်းကိုယ်တိုင်လည်း အသင်း၏ ငွေထိန်းတာဝန်ကိုယူသည်။ ဖော်ပြထားသည့် နှစ်တစ်နှစ်၏ ကော်မတီအဖွဲ့ဝင်များ စာရင်းကိုကြည့်ပါကလည်း အသင်းကြီး၏ တည်ကြည် ခံ့ညားနိုင်မာမှုကို မှန်းဆ၍ရနိုင်လောက်ပေသည်။ မျက်မှောက်ခေတ်၌ ဤကဲ့သို့သောအသင်းကြီးမျိုးဖြင့် မဂ္ဂဇင်းစာစောင်ထုတ်နိုင်လျှင် ကောင်းလေစွဟု ဆန္ဒဖြစ်မိသည်။ မစ္စတာဖာနီဗယ်သည် မြန်မာ့သမိုင်း၊ မြန်မာ့စီးပွားရေးတို့ကိုလည်း လေ့လာသုတေသနပြုသည်။ ဗြိတိသျှတို့ စိုးမိုးမှုအောက်တွင် မြန်မာတို့၏ ရိုးရာပညာရေး ကျဆုံးနေပြီး စီးပွားရေးဘက်တွင်လည်း လူမျိုးခြားတို့ ချယ်လှယ်သမျှခံရကာ လုံးပါးပါးနေသည်ကိုမြင်သည်။ ထို့ကြောင့် ခေတ်မီပညာရေးရှိမှသာ စီးပွားရေးနင်းပြားဘဝမှ ကင်းလွတ်နိုင်မည်ကိုသိမြင်သဖြင့် နောင် ၁၉၂၄ ခုနှစ်တွင် ဒုတိယမြောက် ပြည်ထဲရေးဝန်ကြီး ဖြစ်လာမည့် ဦးမေအောင်နှင့်အတူ "မြန်မာနိုင်ငံသုတေသနအသင်း"ကိုလည်း ၁၉၁၀ ပြည့်နှစ်က ထူထောင်ခဲ့သေးသည်။ ထိုအသင်းသည် အုပ်ချုပ်သူ ဗြိတိသျှများနှင့် အုပ်ချုပ်ခံမြန်မာအမျိုးသားများ တစ်ဦးနှင့်တစ်ဦးသိကျွမ်းနားလည်မှုရရန် ပြေပြစ်မှု ပေါင်းကူးတံတားသဖွယ် ဖြစ်ခဲ့လေသည်။

၁၉၃၀-၁၉၄၂ ခုနှစ်အကြား မစ္စတာဖာနီဗယ်သည် ပြည်ပ၌ အနေများခဲ့သည်။ ၁၉၃၆-၁၉၄၂ ခုနှစ်များတွင် သူ၏ မိခင်တက္ကသိုလ် ကိန်းဘရစ်(ချ်)၌ မြန်မာစာပေကထိကအဖြစ်လည်း တာဝန်ထမ်းရွက်ခဲ့သေးသည်။ (စကားချပ်-၁၉၃၆ ခုနှစ် အဘ အောက္ကစဖို့ဒ်တက္ကသိုလ်ပညာသင်ရန် ပဲခူးသင်္ဘောဖြင့်အသွား မစ္စတာဖာနီဗယ်ကလည်း ကိန်းဘရစ်(ချ်)အပြန်ဖြစ်၍ သင်္ဘောပေါ်၌ တစ်လတာမျှ ခရီးသွားဖော်များ ဖြစ်ခဲ့ကြသည်။) လွတ်လပ်သောမြန်မာနိုင်ငံဖြစ်လာရန် အများဆုံး တုသိုလ်ကောင်းမှု ပါဝင်ခဲ့သူတစ်ဦးဖြစ်သည့် မစ္စတာဖာနီဗယ်အား စီမံကိန်းအကြံပေးအဖြစ် မြန်မာနိုင်ငံသို့ လာရောက်တာဝန်ထမ်းဆောင်ရန် ဗိုလ်ချုပ်အောင်ဆန်းက ဖိတ်ကြားသည်။ သူ့သံယောဇဉ်ရှိသော မြန်မာနိုင်ငံနှင့် လူမျိုးတို့အကျိုးကိုသည်ပိုးဆောင်ရွက်ရန် စိတ်ထက်သန်သည့်အလျောက် ဖိတ်ကြားချက်ကို ဝမ်းမြောက်ရွှင်လန်းစွာ လက်ခံခဲ့သည်။ ၁၉၄၈မှ ၁၉၅၈ ခုနှစ်အထိ ဆယ်နှစ်တိုင် စီမံကိန်းပါရဂူအဖြစ် ဆောင်ရွက်သည်။ မြန်မာအစိုးရကချီးမြှင့်သော သတိုးသီရိသုဓမ္မဘွဲ့ကို ၁၉၄၉ ခုနှစ်တွင် လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်က ချီးမြှင့်သည့် ဒီလစ် (**D-Litt**)ခေါ် ဒေါက်တာဘွဲ့ကို ၁၉၅၇ ခုနှစ်တွင်လည်းကောင်း အသီးသီးရရှိခဲ့သည်။

မြန်မာပြည်စာအုပ်အသင်းမှ ဂန္ထလောကမဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်းမှ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း စသည်ဖြင့် အဆင့်ဆင့် ဖြစ်ပေါ်တိုးပွားလာစေရန် မစ္စတာဖာနီဗယ်၏ ကြိုးပမ်းအားထုတ်မှုတို့မှာ များစွာချီးကျူးဖွယ်ကောင်းတော့သည်။ ဤသို့အားဖြင့် ပေါ်ပေါက်လာသော မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း၏ လစဉ်



www.burmeseclassic.com

www.burmeseclassic.com



# ကဗျာနှစ်ပုဒ်

နှစ်သစ်ထွား

## ဆရာသူ-မင်းသုဝဏ်နှင့် ဇော်ဂျီ

**သကြိန်လက်ဆောင်**

သင်္ကြန်တော် ခါလာန်ရှုမို့
တံခွန်ကားထံဝါဝါ
မိုးခြောက်မြေခြောက်ရွာ
ကိုယ်တို့ဆီမှာ ရွာပါစေ။
မျှော်လင့်စွာ ပွင့်ဖို့ကို
အရိုက်ပါလေ။ ။
ငွေမိုးရေ ချိုချိုသောက်လို့
ပိတောက်က ဝင်ပေါ်မှာ
ဝင်းထိန့်ဖို့ဝါ။
ကိုယ်တို့ဆီမှာ ,မာပါစေ။
ဝေါလင်မရှုတွေ့ပိန်အောင်
လှိမ့်လိုက်ပါလေ။ ။
ပိတောက်တွေ ရွှေပါလူးတော့
ရွာဦးကညဉ်စာဗေ
ဘောင်းမှုံတသား၊
ကိုယ်တို့ဆီမှာသာပါစေ။
သောဿင်မှုံထခေတ်
အားထုတ်ပါလေ။
ငွေမိုးရေ ချိုချိုသောက်လို့၊
ပိတောက်က ရွှေမျက်နှာ၊

မောင်းမှုံတသား
ကိုယ်တို့ဆီမှာ၊ မာပါစေ။
မောင်ဓာအောင် စေထိုဦးက
မယ်မာအောင် စေထိုဦးက
နှစ်ကူးချိန်တာရေသွန်း
လွှမ်းပါ့မယ်လေး။ ။

ဇော်ဂျီ

**လက်ဆောင်ပြန်**

မိုးလင်းကြွန်ရေသောက်လို့
ရွှေပိတောက်ထဝါဝါ
သင်းကြူနံ့ပြာ။
ကျွန်တို့ဆီမှာ၊ သာပါရွှေမှုံမောင်း။
မောင်ကြီး မာပါစေတဲ့
မလေး ချာပါစေတဲ့
အတာရေမြှာဝေသွန်းလို့ရယ်
ညွှန်းကြရတောင်။ ။

မင်းသုဝဏ်

အထက်ပါ ကဗျာနှစ်ပုဒ်သည် နှစ်သစ်ကူး သင်္ကြန်အခါတွင် ဇော်ဂျီနှင့် မင်းသုဝဏ်တို့ အပြန်အလှန် လက်ဆောင်ပေးခဲ့ကြသောကဗျာများ ဖြစ်ပေသည်။

ထုတ် ဂန္ထလောကစာစောင်တွင် တက္ကသိုလ်ကျောင်းသားဟောင်း၊ ကျောင်းသားသစ်များ ကလောင်သွေးခွင့်နှင့် ကလောင်စွမ်းပြခွင့်များ ရခဲ့ကြပေသည်။ ဂန္ထလောကမဂ္ဂဇင်းတွင် ၁၉၃၁ ခုနိုဝင်ဘာလမှ ၁၉၃၅ခု စက်တင်ဘာလအထိ အင်္ဂလိပ်-မြန်မာစာတည်းများအနက် လေးနှစ်တိုင်တိုင် သက်တမ်းအရှည်ကြာဆုံး ဆောင်ရွက်ခဲ့သူ ဦးခန့် (ပန်းတနော်)က "ခေတ်စမ်းစာပေကလောင်ရှင်တို့၏ ကလောင် စသွေးရာ၊ ပေါက်ဖွားရာ၊ ပါရမီဖြည့်ရာ ဘူမိနက်သန်နေရာမှန်ဖြစ်သော ဂန္ထလောကမဂ္ဂဇင်း" ဟူ၍လည်း တစ်ချိန်က မှတ်ချက်ပေးခဲ့ဖူးသည်။ ၁၉၂၉ ခုနှစ် ဥပစာတန်းတွင် စာစီစာကုံးဆရာအဖြစ် အဘ စတင်ဆုံစည်းခွင့်ရခဲ့သော ဆရာဦးသိန်းဟန် (ဆရာဇော်ဂျီ)၏ ကဗျာလက်ရာ "ကြောင်မနက်ပြာ"ကို ဂန္ထလောကမဂ္ဂဇင်း၌ ၁၉၃၁ ခုနှစ် ဒီဇင်ဘာလတွင် အစောဆုံးတွေ့ရသည်။ အဘ၏ "ရွှေနှင့်မတူ"နှင့် "ရွှေဦးပေါက်တော့" ကဗျာနှစ်ပုဒ်ကို ၁၉၃၂ ခုနှစ် ဧပြီလစာစောင်တွင် စတင်တွေ့ရသည်။ ဘကြီး





ဇော်သည် တက္ကသိုလ်နည်းပြအဖြစ် တစ်နှစ်ခန့်သာလုပ်၍ မြို့မကျောင်းဆရာအဖြစ် ၁၉၃၁ မှ ၁၉၃၄ ခုနှစ်အထိ သွားရောက်တာဝန်ထမ်းဆောင်သည်။ ၁၉၃၄ ခုနှစ်တွင် တက္ကသိုလ်သို့ပြန်ရောက်လာပြီး အင်္ဂလိပ်စာနှင့် မြန်မာစာအထူးပြု မဟာဝိဇ္ဇာတန်းတက်သည်။ ၁၉၃၆ ခုနှစ်တွင် မဟာဝိဇ္ဇာတန်းပြီးကာလ၊ အတာကူးသည့် နှစ်ဦးအချိန် ဂန္ထလောကမဂ္ဂဇင်းတွင် "သင်္ကြန်လက်ဆောင်" ကဗျာကိုရေးသည်။

အကြောင်းအရာမှာ သူ့ကို သူတို့အရပ်မှာ သင်္ကြန် မိုးရွာရဲ့လား၊ ပိတောက်ရွှေဝါတွေမှ ပွင့်ရဲ့လား၊ ရွာဦးက ဆိုင်းသံဗုံသံတို့ဖြင့် သာသာယာယာရှိရဲ့လား၊ နှစ်ကူးတွင် သာစေ၊ မာစေကြောင်း ဆုတောင်းလိုက်သည့် ကဗျာဖြစ်သည်။ နောက်လထုတ် ဂန္ထလောကမဂ္ဂဇင်းတွင် "လက်ဆောင်ပြန် "ကဗျာတိုကလေးကို အဘကရေးလေသည်။

အကြောင်းအရာမှာ ကဗျာဆရာက သူတို့အရပ်မှာ သင်္ကြန်မိုးရေ၌ ပိတောက်တွေ ထိန်ထိန်ဝင်းအောင် ပွင့်ကြောင်း၊ ဆိုင်းသံဗုံမောင်းကလည်း သာသာယာယာ ရှိလှကြောင်း၊ အတာကူးချိန်မှာ မာစေချာစေကြောင်း ဆုတောင်းလိုက်ကြောင်း ကဗျာကလေး ဖြစ်သည်။

၁၉၄၇ ခုနှစ် တာရာမဂ္ဂဇင်းက "ကဗျာနှစ်ပုဒ်" ဟူသော ခေါင်းစဉ်ဖြင့် အဆိုပါ ကဗျာ ၂ ပုဒ်ကို ပူးတွဲဖော်ပြလာသည်။

အထက်ပါ . . .

ကဗျာနှစ်ပုဒ်အပြီးပါရှိသည့် မှတ်ချက်ကို ဖတ်ရှုရသည့်အခါတွင်မှ ဘကြီးဇော်နှင့် အဘတို့ နှစ်ကူးချိန် အပြန်အလှန်လက်ဆောင်ပေးခဲ့ကြသောကဗျာများဖြစ်ကြောင်း သိခွင့်ရပါတော့သည်။ အချိန်ကိုပြန်ကြည့်သော် ဘကြီးဇော်က မဟာဝိဇ္ဇာပြီး၍၊ ဆရာကြီး ဦးဖေမောင်တင်က မန္တလေးတက္ကသိုလ်သို့ တာဝန်ဖြင့်စေလွှတ်ရန် လပိုင်းမျှအလို၊ အဘကလည်း ပညာတော်သင်အဖြစ် အောက္စဖို့ဒ်တက္ကသိုလ်သို့ ထွက်ခွာရန် ပြင်ဆင်နေချိန်၊ ဆရာတပည့်ဘဝမှ စာပေမိတ်ဆွေတဖြစ်လဲ၊ စာဆိုညီနောင်နှစ်ဦး၊ တစ်ဦးနှင့်တစ်ဦး ခွေတ္တခွဲခွာရချိန်အနီး၊ အမှတ်တရ ရေးခဲ့ကြသော ကဗျာနှစ်ပုဒ်ဟူသာ မှတ်ယူရတော့မည်ထင်ပါသည်။

(မှတ်ချက်။ ။ ၁၉၃၄ ခုနှစ် ဧပြီလထုတ် ဂန္ထလောကမဂ္ဂဇင်းတွင် ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့ နှစ်ဦး "သင်္ကြန်အခါ အလံတိုင်ဘုရားမှာ"နှင့် " အတာရေ" ကဗျာနှစ်ပုဒ်ထို အသီးသီးရေးသားခဲ့ကြရာ၊ ဆရာမောင်ဝ (သိပ္ပံမောင်ဝ)က သူ၏ညီငယ်များသဖွယ် ကဗျာဆရာနှစ်ဦးတို့၏ သင်္ကြန်ကဗျာများကို ဖတ်ရသည့်အခါ နောက်တစ်လတွင် "သင်္ကြန်လက်ဆောင်" ကဗျာတို ရေးခဲ့ဖူးသည်။ "ကဗျာချစ်သူသိပ္ပံမောင်ဝနှင့် ဇော်ဂျီ မင်းသုဝဏ်" နွယ်နီမဂ္ဂဇင်း၊ ဧပြီလ ၂၀၀၇) နောင် ၂ နှစ်အကြာ ဆရာဇော်ဂျီက သုံးလိုက်သော ကဗျာခေါင်းစဉ်သည် ဆရာမောင်ဝ ကဗျာခေါင်းစဉ်နှင့် ထပ်တူထပ်မျှတူနေရာ တိုက်ဆိုင်မှုတစ်ရပ်ဖြစ်သော နောင်ကြီး ဆရာမောင်ဝကို အမှတ်ရ၍သုံးလိုက်ခြင်းပေလော။ စဉ်းစားစရာပေ။)

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



မင်းသုဝဏ်



သိပ္ပံမောင်ဝ

# ကဗျာချစ်သူ သိပ္ပံမောင်ဝ နှင့် ဇော်ဂျီ၊ မင်းသုဝဏ်

တက္ကသိုလ်ကျောင်းတိုက် နှစ်လည်မဂ္ဂဇင်းတွင် ကဗျာ ဆရာ 'ကျောင်းချစ်' ၏ 'ဗိတောက်ပန်း' ကဗျာကို ၁၉၂၈ ခုနှစ်၊ နှစ်လယ်လောက်တွင် အဘဖတ်ရသည်။ ခေတ်စမ်းကဗျာ၏ အဦးအစဟု ဆိုဖွယ်ရာရှိသော ကဗျာကလေးကို ကလောင်ရှင်က စိတ်တူးဆန်းသစ်စွာ ဖွဲ့ဆိုထားလေသည်။ ကဗျာကလေးကိုဖတ်ရသည့်တခဏ၌ အဘ ရင်တွင်းဝယ် စွဲလမ်းနှစ်ခြိုက်မှုများစွာဖြစ်ရသည်။

၁၉၂၉ ခုနှစ်တွင် ဆရာဇော်ဂျီ ဝိဇ္ဇာဘွဲ့ရသည်။ ပါမောက္ခ ဆရာကြီး ဦးဖေမောင်တင်ကခေါ်၍ မြန်မာစာနည်းပြဆရာအဖြစ် ရန်ကုန်တက္ကသိုလ်ကျောင်း တိုက်၌ နှစ်ပိုင်းမျှ ဝင်လုပ်သည်။ ထိုအချိန်ပိုင်းကလေးမှာပင် ဆရာမှတ်ကြီးကျောင်း ခေါ် စိန်ဂျွန်းကျောင်းမှ အဘ ဆယ်တန်းအောင်သည်။ တက္ကသိုလ်ကျောင်းတိုက်သို့ အမှတ်ကောင်း၍ အထူးကျောင်းသား **(S student)** အဖြစ်ဝင်ခွင့်ရသည်။ မြန်မာစာစီ စာကုံးဆရာက တိုက်တိုက်ဆိုင်ဆိုင် 'ကျောင်းချစ်' အမည်ခံ ဆရာဦးသိန်းဟန် (ဇော်ဂျီ) ဖြစ်နေလေသည်။ ဆရာပေးသော 'နေရောင်ထဲတွင် ကစားနေသော ကြောင်ကလေး များ' စာစီစာကုံးခေါင်းစဉ်ကို အဘ သဘောအလွန်ကျသည်။ အဘ၏ စာစီစာကုံးအား ဆရာပေးသောအမှတ်အပြည့်နီးပါး ရသည်။ တပည့်ဖြစ်သူသည် တက္ကသိုလ် မှန်ရာတ ပီတာပင် ဒဂုန်မဂ္ဂဇင်း၊ စိန်ဂျွန်းကျောင်းစာစောင်တို့တွင် ကဗျာများရေးနေသူတစ်ဦး ဖြစ်ကြောင်း နောက်ပိုင်းတွင် ဆရာကသိရှိလာသည်။ ထို့အပြင် တက္ကသိုလ်

www.burmeseclassic.com



ကျောင်းတိုက်သို့ ဝင်သည့်နှစ်မှာပင် ဒီဇင်ဘာလထုတ် နှစ်လည်စာစောင်၌ တပည့် 'မင်းသုဝဏ်'၏ ကဗျာများကို ဆရာ စတင်ဖတ်ရှုရလေသည်။ စာပေဝါသနာချင်း တူသည်က တစ်ကြောင်း၊ ဆရာတပည့်နေကြသည်မှာလည်း သတိုးဆောင်နှင့် ဝဲဆူးဆောင် မဝေးလှသည်မို့ မကြာမီကာလမှာ မိတ်ဆွေများသဖွယ် ဖြစ်သွားကြလေတော့သည်။

အဘလည်း ဆရာနှင့်အတူ ဂန္ထလောကမဂ္ဂဇင်း၊တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်းတို့တွင် နောင်အခါ ခေတ်စမ်းကဗျာဟု အမည်တပ်ခံရလတ္တံ့သောကဗျာများကို အစဉ်တစိုက် ရေးသားလေသည်။ ထိုအချိန်တွင် စကားပြေအရာ၌ ရှေ့တန်းသို့ ရောက်နေသော တက္ကသိုလ်ကျောင်းသားဟောင်း အကျော်အမော်ကလောင်ရှင် တစ်ဦးရှိသည်။ ထိုပုဂ္ဂိုလ်ကား ယနေ့ထက်တိုင် မြန်မာနိုင်ငံ၌ ထိပ်တန်းခေတ်စမ်း စကားပြေပညာရှင်အဖြစ် အသိအမှတ်ပြုခံထားရသော သိပ္ပံမောင်ဝအမည်ခံ ဦးစိန်တင်ဖြစ်လေသည်။ သိပ္ပံမောင်ဝကို တက္ကသိုလ်တွင် အဘ မမီလိုက်။ ၁၉၂၇ ခုနှစ်တွင် ပါမောက္ခဆရာကြီး ဦးဖေမောင်တင်၏ ပထမဆုံး မြန်မာစာဝိဇ္ဇာ ဂုဏ်ထူးတန်းကို ပထမဆင့်ဖြင့် သိပ္ပံ မောင်ဝ အောင်သည်။ ဘွဲ့ရပြီး ၅ လခန့်အကြာ အောက္ကစဖို့ဒ်တက္ကသိုလ် ခရိုက်ချပ်ချ် ကျောင်းတိုက် (Christ Church College) သို့ ၂ နှစ်တာ ပညာသင် ထွက်ခွာသွားရသည်။ အဘ တက္ကသိုလ်ဝင်ချိန်မှာ သိပ္ပံမောင်ဝ ပညာတော်သင်ကာလ ပြီးဆုံးလုနီးအချိန်ဖြစ်သည်။ ရပ်ဝေးရောက်နေသော်လည်း ပြည်ပမှနေ၍ သူရိယနေ့စဉ်သတင်းစာသို့ မြန်မာစာပေအကြောင်း ဆောင်းပါးများစွာ ရေးသားပေးပို့ခဲ့သည်။ အဘသည် သိပ္ပံမောင်ဝနှင့် တက္ကသိုလ်တွင် လူချင်းဆုံတွေ့ခွင့် မရသော်လည်း ပညာရှင်များကို စာရေးမိတ်ဖွဲ့တတ်သော သိပ္ပံမောင်ဝ၏ အလေ့အထကြောင့် တစ်ကြောင်း၊ နောက်ပိုင်းတွင် အဘသည်လည်း သိပ္ပံမောင်ဝကဲ့သို့ မြန်မာစာဂုဏ်ထူးတန်း တက်ခွင့်ရသည့် သူတစ်ဦးဖြစ်လာသည်ကြောင့် တစ်ကြောင်း၊ တဖြည်းဖြည်း ခင်မင်ရင်းနှီးခဲ့ကြသည်။ ဆရာဇော်ဂျီကား တက္ကသိုလ်သို့ ၁၉၂၅-၂၆ ခုနှစ်ဝင်ပြီး နောက်ပိုင်း တကောင်းကျောင်းဆောင်တွင် သိပ္ပံမောင်ဝနှင့် ဆုံစည်းခွင့် ရခဲ့သည်။ အလွန်ခင်မင်ရင်းနှီးသော မိတ်ဆွေများလည်း ဖြစ်ခဲ့ကြသည်။ ဤသို့အားဖြင့် သိပ္ပံမောင်ဝ၊ ဆရာဇော်ဂျီနှင့် အဘတို့ သုံးဦးသား မကြာလှသောကာလအတွင်း ခေတ်စမ်းစာပေ မိတ်ဆွေရဲဘော်သုံးဦးအဖြစ်သို့ ရောက်ရှိခဲ့ကြပါတော့သည်။

သိပ္ပံမောင်ဝသည် စကားပြေအရေးအသားတွင် ထူးချွန်ပြောင်မြောက်လှသည်။ တစ်ဖက်ကလည်း ကဗျာ၊ လင်္ကာကို နက်နက်နဲနဲ လေ့လာလိုက်စားသူတစ်ဦး ဖြစ်သည်။ ထို့မှမက ကဗျာ၏သဘောကို စုံစုံစေ့စေ့ ခွဲခြမ်းစိတ်ဖြာ ဝေဖန်သုံးသပ်နိုင်သူတစ်ဦးလည်း ဖြစ်လေသည်။ သူ၏မိတ်ဆွေ လင်္ကာဆရာနှစ်ဦးအပေါ် ဝေဖန်သုံးသပ်ချက်နှင့် ခေတ်စမ်းစာပေငြင်းပွဲတို့ကို ဖတ်ရှုပြီးသည့်အခါ ဤအကြောင်းချင်းရာသည် ပေါ်လွင်လာပေလိမ့်မည်။





သိပ္ပံမောင်ဝ (ဦးစိန်တင်) နှင့် ဇနီး

www.burmeseclassic.com

www.burmeseclassic.com



**ဦးသိန်းဟန် (ဇော်ဂျီ)** - ဦးသိန်းဟန်၏ ကဗျာဉာဏ်မှာ အတော်ပင် နက်နဲလေသည်။ အထပ်ထပ်အခါခါ ဖတ်ပါမှ လေးနက်သောအဓိပ္ပာယ်တို့မှာ တရေးရေးသာ ပေါ်၍လာလေတော့သည်. . .။ ရှေးအခါက မရေးသား မစပ်ဆိုခဲ့သေးသော အကြောင်းအရာများကို ဖွဲ့ဆိုလေ့ရှိ၏။ (ကြောင်မနက်ပြာ၊ ဝမ်းဘဲငှက်၊ လမင်းနှင့် ဇီးကွက်သားအမိ)။ အကယ်၍ ရှေးကစပ်ဆိုခဲ့ပြီးသော အကြောင်းအရာများကို ဖွဲ့ဆိုပြန်သောအခါလည်း ရှေးကဗျာဆရာများ ဖွဲ့ဆိုသောစိတ်ကူးနှင့် ဖွဲ့ဆိုသည်မဟုတ်ဘဲ မိမိကထွင်ကာ တစ်မျိုးဆန်းလာအောင်ဖွဲ့ဆိုလေ့ရှိသောကြောင့် ဦးသိန်းဟန်အား ချီးမွမ်းရလေတော့သည်။ ပိတောက်ပန်းဟူသော ကဗျာကလေးကား ဦးသိန်းဟန်အား ကဗျာဆရာဟူသော ဘွဲ့ထူးကိုပေးလိုက်လေသည်။ ကဗျာတိုကလေးဖြစ်သော်လည်း ၎င်းအထဲ၌ တွေးစရာအချက်များ၊ လေးနက်သည့်အဓိပ္ပာယ်များနှင့် ပြည့်လျက်သာနေလေတော့သည်။ ကဗျာကလေးကို ဖတ်လိုက်ရသောအခါ အသက်မရှိသော ပိတောက်ပန်းကလေးပင် အသက်ဝင်၍လာတော့၏။ ကဗျာတိုတိုကလေးများတွင်ပင် အလွန်နက်နဲ၍ တွေးဖွယ်အချက်အမြောက်အမြားပါနေ၏။. . . 'ပွင့်စမာလာအား ပြန်ကြားချက်' နှင့် 'ငှက်စွန်အား ပန်ကြားချက်'ခေါ် ကဗျာကလေးများမှာ အဓိပ္ပာယ်နှစ်ခွထွက်သော နှစ်ဖက်လှကဗျာများ ဖြစ်လေသည်။ အမှုမဲ့ အမှတ်မဲ့ဖတ်သွားလျှင် အဓိပ္ပာယ်တစ်မျိုးရ၍ သေသေချာချာတွေး၍ ဖတ်လိုက်သောအခါ အဓိပ္ပာယ်တစ်မျိုးရသောကဗျာများ ဖြစ်လေသည်။ ဤကဗျာမျိုးကို တော်စွာလျော်စွာ ဖတ်သူတို့လည်းကြိုက်၏။ နက်နက်တွေးပြီး ဖတ်သူတို့လည်း ကြိုက်ကြလေသည်။ ကဗျာတစ်ပုဒ်တည်းနှင့် စာဖတ်သူနှစ်မျိုးနှစ်စားတို့၏ အကြိုက်ကို ပေးနိုင်သောသတ္တိမှာ၊ အတော်ပင် ထူးလေသည်။ ဦးသိန်းဟန်မှာ နက်နဲသောကဗျာများကို ဖွဲ့ဆိုလေ့ရှိသော်လည်း ရွှင်ပျသော ဟာသဉာဏ်ကင်းသူလည်း မဟုတ်ပေ။ 'သင်္ကြန်အခါ အလံတိုင်ဘုရားမှာ' ကဗျာကို ဖတ်လိုက်မည်ဆိုလျှင် ဦးသိန်းဟန်၌ ရွှင်ပျသောကဗျာဉာဏ်ရှိကြောင်း သိနိုင်လေသည်။ ဦးသိန်းဟန်မှာ မယ်ဖွဲ့၊ မောင်ဖွဲ့၊ ချစ်ခန်း၊ ကြိုက်ခန်း၊ အလွမ်းခန်းများ ရေးသားဖွဲ့ဆိုလေ့မရှိပေ။ သို့ပင်ဖွဲ့ဆိုလေ့မရှိသော်လည်း 'ခရုသင်းသံ' ဆိုသော ကဗျာကလေးတွင် ဦးသိန်းဟန်အား အချစ်ငွေ့၊ အလွမ်းငွေ့ရိုက်သွားသည်ကို တွေ့လိုက်ရသေး၏။ သို့သော် 'သူလည်းလေ လောကီမျိုးဟာမို့ ပိုးချင်လှပေလိမ့်မည်' အဘယ်လောကီသား၊ အဘယ်ကဗျာဆရာသည် အချစ်ငွေ့နှင့် ကင်းအံ့နည်း။

**ကိုဝန် (မင်းသုဝဏ်)** - ကိုဝန်ကား ကဗျာဆရာအစစ်ဖြစ်သည်ဟူ၍ ဆိုလျှင် ငြင်းဆိုဖွယ်မရှိပေ။ တက္ကသိုလ်ကျောင်းမရောက်ခင်ကပင် ဒဂုန်မဂ္ဂဇင်းတွင် ကဗျာများကို ရေးခဲ့သူဖြစ်၏။ တက္ကသိုလ်မဂ္ဂဇင်းတွင် ကိုဝန်မှာ 'မင်းသုဝဏ်'ဟူသော အမည်ဖြင့် အတော်ပင်နာမည်ကြီးခဲ့သူ ဖြစ်ပေသည်။ တက္ကသိုလ်မဂ္ဂဇင်းတစ်စောင်တွင် 'ခါနွေဆန်းတော့ လွမ်းမိတယ်' ဆိုသော မှာတမ်းကိုရေးကတည်းက ကိုဝန်မှာ နာမည်ကြီး၍သာလာလေသည်။ ဤမှာတမ်းကိုဖတ်မိသူတို့အနက် မည်သူ





သည် ကိုဝန်ကို မချီးမွမ်းဘဲ နေပါအံ့နည်း။ ချီးမွမ်းရမည်သာတည်း။ ထိုမှာတမ်းကိုရေးသားပြီးနောက်မှ ကိုဝန်မှာ တစ်စတစ်စ ခေတ်စမ်းဆရာဘဝသို့ ကူးပြောင်း၍လာသည်ကို မြင်ရ၏။ 'မောင်ခွေးဖို့' ကဗျာများကိုဖွဲ့ဆိုသောအခါ ကိုဝန်မှာ ခေတ်စမ်းသမားအဖြစ်သို့ လုံးလုံးရောက်၍သွားလေတော့၏။ ကိုဝန်မှာ ကလေးများနှင့်သင့်လျော်သောကဗျာများကိုရေးရာတွင် အထူးကောင်းမွန်ပါပေသည်။ ကိုဝန်၏ကဗျာကလေးများမှာ လွယ်လွယ်နှင့်ကောင်း၏။ နုနုယဉ်ယဉ် သိမ်သိမ်မွေ့မွေ့ချိုပြေပြေပြစ်ပြစ် ရှိလှပေ၏။ ခက်ခဲသောစကားလုံးများမပါ၊ စကားကိုလည်း များစွာမသုံး။ ပြောင်ပေ့ဆိုသောစကားလုံးများကိုသာရွေးကာ ပုလဲသွယ်ကို သီကုံးသကဲ့သို့ သီကုံးထားသည်မှာ လွန်စွာမှပင် အံ့စရာကောင်းပေတော့၏။

အလွန်လွယ်ကူ၍ နေ့စဉ်သုံးစွဲနေကြသော မြန်မာစကားရိုးရိုးများပင် ဖြစ်လင့်ကစား ကိုဝန်ဖန်တီး၍ဖွဲ့ဆိုလိုက်သောအခါ အသက်ဝင်လာကြပြီးလျှင် ဆန်းကြယ်၍လာကြကုန်၏။ ဆန်းကြယ်သောစိတ်ကူးများပေါ်လွင်အောင် နေ့စဉ်သုံးစွဲနေကြသော စကားလုံးရိုးရိုးများနှင့် ဖွဲ့ဆိုနိုင်ခြင်းသတ္တိမှာ တော်တော့သတ္တိမဟုတ်။ တကယ့်သတ္တိ ဖြစ်လေသည်။ (ခွင့်မသော)။ ကိုဝန်၏ အထူးခြားဆုံးသတ္တိမှာ ခက်ခဲသောစကားများကို ရှောင်နိုင်သမျှရှောင်ပြီးလျှင် လွယ်ကူလှသော စကားများကိုသာလျှင် ရွေးချယ်၍သုံးနိုင်ခြင်းပင် ဖြစ်လေသည်။ ပါဠိစကားလုံးများ၊ အသိခက်သောပေါရာဏများကို ရှောင်နိုင်သလောက်ရှောင်လေသည်။ 'စက်တော်ရင်းဝယ်' ကဗျာကလေးတွင် 'နိဗ္ဗာန်တေး' ဆိုသော စကားကလေးမှာ ထိလှပေ၏။ ကြေးစည်သံတိုပင် နိဗ္ဗာန်တေးဟူ၍ ခေါ်ထားသည်မှာ ဟန်လှပေ၏။

ကိုဝန်၏ ကဗျာများတွင် ရွှင်ပျသောကဗျာဉာဏ်ပါသည့်အချက်ကို မမြင်ရပေ။ ကိုဝန်မှာ အလွမ်းအဆွေး၊ ချစ်ခန်း၊ ကြိုက်ခန်းများကို ဖွဲ့ဆိုရာ၌ ကျွမ်းကျင်ပေသည်။ ကိုဝန်၏ကဗျာကလေးများကိုဖတ်လိုက်သည့်အခါ လွမ်းခန်း၊ ဆွေးခန်းများတစ်နေရာရာတွင် ပါလာလေသည်။ ဤသို့ အလွမ်းကိုချည်းဖွဲ့သောကြောင့် ကိုဝန်အား အပြစ်မဆိုသာချေ။ ဥဩသည် ဟင်္သာကဲ့သို့ မမြည်နိုင်။ ဟင်္သာသည်လည်း ဥဩကဲ့သို့ မြည်နိုင်မည် မဟုတ်ပေ။ ဥဩသံကိုကြားလိုလျှင် ဥဩရှိရာသို့သာ သွားလော့။ ဟင်္သာများရှိရာကို မသွားလေလင့်။ ထို့အတူ အလွမ်းအဆွေးများအကြောင်းများကို မကြားလို မသိလိုလျှင် ကိုဝန်၏ကဗျာများကို မဖတ်ပါလင့်၊ အလွမ်းအဆွေးအကြောင်းကို သိလိုကြားလိုလျှင် ကိုဝန်ဖွဲ့သောကဗျာများကို ဖတ်ပါလေ။ ကိုဝန်မှာ ဦးသိန်းဟန်ကဲ့သို့ပင် နှစ်ဖက်လှကဗျာများကို ဖွဲ့ဆိုလေ့လည်း ရှိလေသည်။ 'ရွှေချိုးဖြူ' ဟူသော ကဗျာကလေးမှာ ဤသို့သောကဗျာမျိုး ဖြစ်လေသည်။ 'ရွှေချိုးဖြူ' နှင့် 'တရားဦးဟောလှည့်ပါ' တို့မှာ အကောင်းဆုံးသောကဗျာများဖြစ်လေသည်။ ဤကဗျာကလေးနှစ်ပုဒ်ကို အဓိပ္ပာယ်အတွက် ချီးမွမ်းထိုက်ရုံမျှမကသေး၊ စပ်ဆိုပုံ၊ စကားလုံးလှပုံတို့ အတွက်လည်း ချီးမွမ်းရသေး၏။ ကိုဝန်မှာ



www.burmeseclassic.com

www.burmeseclassic.com



လက်ဖွဲ့ဆိုခြင်းတွင်သာ ကျွမ်းကျင်သူမဟုတ်၊ စကားပြေရေးသားရာတွင်လည်း စွမ်းသောသူ ဖြစ်လေသည်။ ဦးသိန်းဟန်ကဲ့သို့ လက်ာဆရာဖြစ်၍ လက်ာသံများ ပါလေသည်။ ရေးသားပုံမှာ နုလည်းနု၊ ယဉ်လည်းယဉ်၏။

ဆရာကြီး ဦးဖေမောင်တင်သည် ၁၉၂၄ ခုနှစ်မှ ၁၉၃၆ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းဘာသန္တရပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်သည်။ ထိုအချိန်တွင် ဆန်းသစ်သောစိတ်ကူးစိတ်သန်းဖြင့် ရေးဖွဲ့ကြသော တပည့်ဟောင်း၊ တပည့်သစ်များ၏ ကဗျာဉာဏ်ကို အားပေးချီးမြှင့်လိုသောဆန္ဒရင်းဖြင့် မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း **(Burma Education Extension Association)** ၏ စာစဉ်အမှတ် (၃)အဖြစ် 'ခေတ်စမ်းကဗျာများ-၁' ကို ဆရာကြီးကိုယ်တိုင် တည်းဖြတ်ထုတ်ဝေသည်။ ကဗျာစာအုပ်ထွက်ပြီးမကြာမီပင် ရှေးရိုးသမားများက ခေတ်စမ်းစာပေနှင့် ကဗျာတို့ကို ဝေဖန်တိုက်ခိုက်မှုများပြုတော့သည်။ ရသေ့ ဦးစိန္တာဆိုသူက ခေတ်စမ်းကဗျာတစ်အုပ်လုံးသည် အသုံးမကျ၊ ခေတ်စမ်းကဗျာဆရာတို့သည် ရှေးလူကြီးတို့အား မရိုမသေမလေးမစားပြု၏ဟု 'မြန်မာ့နေ့စဉ်'သတင်းစာမှ စွပ်စွဲသည်။ သိပ္ပံမောင်ဝနှင့်လက်တွဲလျက် ဆရာဇော်ဂျီနှင့် အဘတို့က ပြန်လည်ချေပကြသည်။ သိပ္ပံမောင်ဝက မောင်ခကွေး၊ မောင်ဏကြီး၊ စာဖတ်သူတစ်ဦး အစရှိသည့် ကလောင်အမည်များသုံး၍၊ ကျန်တက္ကသိုလ်ဘက်တော်သားများက မောင်ကကြီး၊ မောင်ခကွေး၊ မောင်ယကြီး၊ မောင်ဆလိမ်၊ မောင်တဝမ်းပူ ကလောင်အမည်များဖြင့် စာပေငြင်းပွဲကြီးတွင် ပါဝင်ခဲ့ကြသည်။ မည်သည့်ကဗျာသည်မည်သည့်အတွက် မကောင်းကြောင်း အကျိုးအကြောင်းပြ၍ ရေးသင့်ကြောင်း၊ 'ငါ ထမင်းအရင်စားတယ်။ ငါပြောတာ မှန်ရမယ်'ဟု ပြော၍ရသော ခေတ်မဟုတ်ကြောင်း 'မောင်ခကွေး' ကလောင်အမည်ဖြင့် သိပ္ပံမောင်ဝက ချေပသည်။ ကောင်းသောစာဖြစ်မူ ရှေးစာ၊ ယခုစာမခွဲဘဲ မှန်သည့်အတိုင်း ချီးမွမ်းသင့်ကြောင်း၊ အဆိုးများရှိလျှင်လည်း အကြောင်းပြ၍ ကဲ့ရဲ့ပါဟု ထောက်ပြသည်။ 'ဦးပုည၏ ဝေသန္တရာပြဇာတ်တွင် အလွန်ရုပ်ဆိုးသော စကားများ ပါဝင်နေသည်ကို သတိထားမိပါ၏လော။ ဗန်းမော်ဆရာတော်က သီလရှင်မယ်ကင်းအားပေးသောစာကို ဖတ်မိပါ၏လော။ ဦးကြင်ဥ၏ ဝဏ္ဏပြဇာတ်တွင် အလွန်ကြမ်းတမ်းသောစကားများပါဝင်နေသည်ကို မှတ်မိပါ၏လော'ဟုလည်း မေးခွန်းထုတ်လိုက်သည်။ ယင်းအပြင် ခေတ်စမ်းကဗျာစာအုပ်တွင်ပါသော မောင်သိန်းဟန်၏ 'ပိတောက်ပန်း'၊ မောင်ဇမောင်၏ 'လောကဇာတ်ရုံ'၊ မောင်ဝန်၏ 'တရားဦးဟောလှည့်ပါ'၊ မောင်စောမောင်မောင်၏ မောင်ဖွဲ့ရတုတို့တွင် မည်သည့်နေရာ၌ ကာရံလွတ်နေပါသနည်း။ မည်သည့်နေရာ၌ စကားကြမ်းနေပါသနည်း။ အကိုးအကားပြ၍ အကျိုးအကြောင်းကို ရေးသားနိုင်မည်ဆိုလျှင် ရသေ့ဦးစိန္တာအား ကဝိတစ်ဆူဟူ၍ ခေါ်ဆိုရပေမည်။' ဟူ၍လည်း ဆိုပေသေးသည်။ 'ခေတ်စမ်းကဗျာ၊ ခေတ်စမ်းစာပေများတွင် ရှေးစာရေးဆရာကြီးများကို ကော်၊ ကပ်ထားသောအချက် တစ်ကွက်မပါ။






'အဒ္ဒမည်သာ၊ ဤကမ္ဘာမှာ၊ ငါလည်းတစ်ဆူ၊ မူစလောက်လောက်၊ နောက်ပေါက်ဘုရား၊ ငါတကား' ဟူသောအနေမျိုးနှင့် သဝေထိုးမရေးပါနှင့်ဟု ချေပသည်။ ထို့အပြင် မောင်ခကွေးက အောက်ပါ ကောက်ချက် ၄ ချက်ကို ထုတ်လေသည်။

(၁) ရှေးက ရေးသားခဲ့ကြသော ဗန်းမော်ဆရာတော်၏ မယ်ကင်းပေးစာ၊ ဝဏ္ဏပြဇာတ်၊ ဝေသန္တရာပြဇာတ်တို့တွင်လာသော စာအချို့မှာ ဂါမ္ဘဒေါသ သင့်မသင့် ဖော်ပြရန်။

(၂) ခေတ်စမ်းကဗျာများတွင် ရှေးလူကြီးတို့အား မရိုမသေ ပုတ်ခတ်ထားသော အချက်ကို ထုတ်ဖော်၍ပြရန်။

(၃) ခေတ်စမ်းကဗျာတွင်ပါသော စောမောင်မောင်၏ မယ်ဖွဲ့ရတုတွင်ပါသော အပိုဒ်




ဂန္ထလောကမဂ္ဂဇင်း မျက်နှာဖုံး



www.burmeseclassic.com

www.burmeseclassic.com



တချို့မှာ အလင်္ကာကျမ်းများအရ ဂုဏ်မြောက်သည်မမြောက်သည်ကိုဖော်ပြရန်။

(၄) ခေတ်စမ်းကဗျာတွင်ပါသော ကဗျာများကို ဖတ်ပြီးလျှင် ကောင်းလျှင် ကောင်းကြောင်း၊ ဆိုးလျှင်ဆိုးကြောင်း ဝေဖန်ရန်။

ဦးစိန္တာသည် အဆို (၁)ပါ စာများ ဂါမ္ဘဒေါသသင့်ကြောင်း သူ၏ဆောင်းပါးများတွင် ဝန်ခံသည်။ အဆို(၂)နှင့်(၃)တို့ကိုဖြေဆိုရန် အကြိမ်ကြိမ်တိုက်တွန်းသော်လည်း မဖြေပေ။ အဆို(၄)ကို ဦးစိန္တာဖြေသော်လည်းမပြေ၊ အချို့အမေးကို သွယ်ဝိုက်ရှောင်တိမ်းကာ သွားလေသည်။ ဤသို့ စာပေအငြင်းအခုန်ဖြစ်လိုက်၍၊ ခေတ်စမ်းကဗျာမှာ ပို၍နာမည်ကြီးလာလေသည်။ ခေတ်စမ်းစာပေငြင်းပွဲသည် ခေတ်စမ်းစာပေ၏ အမြတ်ဖြစ်ခဲ့သည်။

စကားပြေအရာတွင် သိပ္ပံမောင်ဝသည် အလွန်ကျွမ်းကျင်သည်။ လင်္ကာ၊ ကဗျာနှင့်စပ်လာလျှင်ကား သူကိုယ်သူ နှိမ့်ချပြောလေ့ရှိသည်။ သူ၏စာတစ်စောင်တွင်

*'ကျွန်ုပ်တို့ကား ကဗျာရေးသားဖူးခဲ့သော်လည်း၊ ကဗျာဘက်၌မထူးချွန်'*

*၂၂ - ၉ - ၃၁*

နောက်တစ်စောင်တွင်လည်း-

*'မောင်ဝ၌ ရွှင်ပျသော ဉာဏ်ရှိစေကာမူ လင်္ကာဉာဏ်ကား ထင်သလောက်မရှိသည်ကို မောင်ဝန်(မင်းသုဝဏ်)လည်း ရိပ်မိပေလိမ့်မည်။ မောင်ဝကား လင်္ကာဆရာမဟုတ်။ လူပျက်မျှသာတည်း။'*

*၅-၉-၃၃*

၁၉၃၄ ခုနှစ် ဧပြီလထုတ် ဂန္ထလောက မဂ္ဂဇင်း အတွဲ-၁၉၊ အမှတ်-၁၁၁ တွင် ဆရာဇော်ဂျီနှင့် အဘတို့နှစ်ဦး 'သကြံ့န်အခါ အလံတိုင်ဘုရားမှာ' နှင့် 'အတာရေ' ကဗျာနှစ်ပုဒ်ကို အသီးသီးရေးသားဖော်ပြခဲ့ကြသည်။

## သကြံ့န်အခါ အလံတိုင်ဘုရားမှာ

ဖန်ပြာခွက်ကယ်နဲ့
ကျောက်စက်ကျသည် ရေကို
အမောပြေ တိုက်ပါ မ ရယ်လို့
ကြွေးဟကာ ရွှင်ပျော်ပျော်နဲ့
အခါတော် သကြံ့န်တွင်း
သီချင်း သံချိုချိုနဲ့
ကိုလူပျို ဒိုးပတ်ဝိုင်းပေမို့
ရပ်တိုင်းမှာ ဆူညံညံပ့ါ
အလှူခံ ပျော်တဲ့ ပွဲကိုလ
နွဲနေကျ တို့ပြေမှာ။





အခါက သကြံ့န်၊ မြိုင်ယံက ဥဩ
တောရွာမှာ သူ့ဓလေ့၊ ပျော်မျိုးစုံ တွေ့ကြပေါ့
မွှေ့လိုက်ကြ ရွှင်ရွှင်လန်း
သာဆန်းက ဒိုးပတ်၊ ဖိုးမြတ်က ပလွေတို
ဖေညိုက လင်းကွင်း၊ သာညွှင်းက သံတိုင်
ဝိုင်းတော်ကြီး မြိုင်လိုက်တာ။
အလံတိုင် ဟိုဘုရားဆီသို့
အသွားမှာ ရွာစဉ်လျှောက်ကာပ့ါ
ဒိုးခေါက်ကာ တကြော်ကြော်နဲ့
တပျော်ပျော် နားတော်သွင်းလေတော့
ကြင်ရင်းငယ် အပျိုဖြူတို့ရဲ့
အလိုတူ မျက်နှာပေးတွေက
အေးမြ စန္ဒာ။
ဟော့ လာအေ့ ရှင်မယ်မေ
ညည်းတို့မောင် လူရည်လှ၊ အကနှယ် ထွေလှချည့်
ကြည့်စမ်းပ့ါ အေရယ်
အိုအေ ထွေပါစေ သည်လိုပွဲ
ချွေးများပင် ကျကျ၊ အကတွေ လှလွန်းလို့
ကြင်မဝ ရှုမရဲ၊ ကဲလှတဲ့ နေဝါဝါ
သည်မေ့မောင် တကယ်ဟိုက်ကို
နေလိုက်၍ ကာချင်ရဲ့။
နှစ်ဆန်းခါ သည်အရေးပေမို့
ချွေးလုံး အဖြာဖြာနဲ့
မောင်တို့မှာ ဗုံသံဆန်းလေတော့
မယ်တို့မှာ ခါတော်ပန်းတွေနဲ့
နီနှမ်းဆင် ပဝါခြုံ၍
ကညာဂုဏ် ကြည်လို့ဝင်းကြပေါ့
မြိုင်တွင်းက ပုရစ်ဖြာ
သစ်ပါပေါ့ မြသွေး။
နေခြည်က မှေးမှေး၊ စေတီက သေးသေး
အမွှေးနှင့် ရေသပ္ပာယ်
ဟိုမှာတစ်စု သည်တစ်စု၊ ရေလုလို့ သယ်ကြ
အလယ်က ဘုရား



www.burmeseclassic.com

www.burmeseclassic.com



*စကားက တဖောင်ဖောင်၊ မောင်တို့က ရေတွေသွန်း*
စေတီငယ် မွန်းရချည့်
လွမ်းစရာ့ သည်နေရာ၊ မယ်တို့လည်း လာကြ၍
ပိတောက်ဝါ ရင်ခတ်ပန်းတွေနဲ့
ကြည်ညိုခန်း ဖွင့်ကြပေါ့။
အခွင့်ငယ်သာ
ပျော်ချင့် ပျော်စရာပါ့
တော်မဟာ သင်္ကြန်ခေတ်ပေမို့
ရွှေမေတ္တာ တူနှစ်ကိုယ်တို့
သူလိုရာ ငဲ့ကာ စောင်းကာနဲ့
ဆုတောင်းကာ ရှယ်ရည်စောင်ကြပေါ့
ဘယ်ပြည်ထောင် သည်လိုထူးနိုင်ပါ့
ရှယ်ညီနောင် စေတီဦးမှာဖြင့်
ဖူးကြတယ်လေး။ ။

ဇော်ဂျီ

*(ဂန္ထလောကအတွဲ၁၉၊ အမှတ်-၁၁၁၊ ဧပြီ၁၉၃၄)*

**အတာရေ**

အတာအတာ၊ ရေသီတာကို
သဟာအပေါင်း၊ သွန်းကာလောင်းအံ့
အကြောင်းသို့ညွှန်၊ ကျွန်ုပ် ကျွန်ကို
လိုက်ရန်သူတို့ ခေါ်ဘိ၏။
သဟာသဟာ၊ မခေါ်လှာနှင့်
သံသာလောက၊ ကျွန့်ဘဝ၌
ချမ်းမြကြည်လင်၊ ကျွန့်ရေစင်ကို
သွန်းချင် တစ်ယောက် တည်းရှိ၏။
ဘဇာဘဇာ၊ မေးသောခါဝယ်
ဝေးမှာစံနေ၊ ကျွန့်သက်ဝေဟု
အဖြေပေးမည်၊ တွေးကြံစည်စဉ်
မတည်နှစ်ခွ၊ ကျွန့်ကြမ္မာကြောင့်
နှုတ်အရှိသာ နေမိ၏။ ။

မင်းသုဝဏ်

*၂၂-၄-၃၃ (ဂန္ထလောကအတွဲ-၁၉၊ အမှတ်၁၁၁၊ ဧပြီ ၁၉၃၄)*





# ကျွန်ုပ်တို့၏ကဗျာရေး။
## သင်္ကြန်လက်ဆောင်။

သင်္ကြန်အတာ၊
ကူးပြောင်းခါဝယ်၊
ဓလာသတောက်၊
ရဲရဲတောက်မျှ၊
ထက်အောက်ပတ်ကုံး၊
ပင်အလုံးတွင်၊
ပွင့်ထွန်းဝေဆွတ်၊
ခြေဖြင်မျှ၊
မှူးသွင်လျှမ်းတောက်၊
ပန်းတစောက်ထို၊
ရှမ်းထက်အေသာ၊
စွတ်ပြီးခါလျှင်၊
ချစ်စွာမယ်လျှ၊
ဦးဆံစည်၊
ယုယမိုက်ပေး၊
နှုတ်ချိုသွေးလျက်၊
မောင်ဖွေးသို့ထော၊
မယ်သို့သေသော့၊
သဘောကြည်စွာ၊
ညီညွှန်ရှိဖြင့်၊
ရိုကာတထောက်၊
သံပြိုင်ကောက်၍၊
တယောက်ထ၍၊
တယောက်သီလျှက်၊
ထိုထိုအာသာ၊

မွဲမွဲလာနှင့်၊
ပြိုင်စွာပေးဝစ်၊
ရုံးအောင်တွင်းထည်။
ရှုံးတွင်းရိုဓော၊
လှုံရုံခြောခဲ့၊
တလေလာလွှဲပြား၊
ရေပုံသားဖြင့်၊
ငွေဝါးကဲ့သွင်၊
ထောင်းလိုက်ကျင်ရသဒ်၊
ဆွေလွှင်နတ်မျှ၊
ဆင်းသူစထည်။
ဖော်သာအဓေလျှာက်၊
မြူပေါက်နှ၍၊
စိတ်ခုကောက်သောဝို၊
ချတ်နှာသုံ့နှင့်၊
ရှုံ့ရှုံ့ရုပ်အောင်၊
အမှုစကြောင့်ထင့်၊
ရှုခြောင့်မျှန်၊
အတော်တနိုင်လျှင်၊
ဖြန်ဖြန်အသော၊
ဖန်ဖန်ချော့၍၊
စိတ်ပြောသာယာ၊
ပြုံးနှင်လာ၍၊
မကြာမျှော်နွေး၊
ရှိနေရေးကို၊
အဝေးမောင်တို့သွားရည်ယို၊

မှတ်ချက်။ ။ ဂန္ထလောကတွင် ဇော်ဂျီ၊ မင်းသုဝဏ်တို့ သင်္ကြန်အကြောင်း အလွမ်းကလေးများနောက်ကာ ကဗျာဆန်းများရေးကြသည်ကိုအားကျ၍ ကြံကာဘဝ် ဆန်းစပ်လိုက်သော လက်ာဖြစ်ပေသည်။

သိပ္ပံမောင်ဝ။



www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံမောင်ဝ



သူ့မိတ်ဆွေနှစ်ဦးတို့၏ ကဗျာများကို ဖတ်ရပြီးနောက် စကားပြေဆရာ သိပ္ပံမောင်ဝသည် မေလထုတ် ဂန္ဓလောကမဂ္ဂဇင်းသို့ နှစ်ကူးတာသင်္ကြန်ဆိုင်ရာ ကဗျာ တစ်ပုဒ်ရေးဖွဲ့ပေးပို့လေတော့သည်။ သိပ္ပံမောင်ဝအမည်ခံ၍ ရှားရှားပါးပါးရေးခဲ့သော အဆိုပါ 'သင်္ကြန်လက်ဆောင်' ကဗျာကို သူကိုယ်တိုင်ပေးခဲ့သည့်မှတ်ချက်ဖြင့် ဖော်ပြ ရင်း ကဗျာချစ်၍ ကဗျာဆန်ချင်ရှာသော ခေတ်စမ်းစကားပြေ အကျော်အမော် သိပ္ပံ မောင်ဝအကြောင်း ဤတွင် နိဂုံးချုပ်အပ်ပါသည်။

(မှတ်ချက် ။ ဤဆောင်းပါးဖြင့် ၂၀၀၇ ခုနှစ် ဧပြီလတွင်နှစ်၁၀၀ပြည့်သော ဆရာကြီးဇော်ဂျီ အားလည်းကောင်း၊ ဆရာမောင်ဝနှင့် ဖခင်ကြီး မင်းသုဝဏ်တို့ အားလည်းကောင်း ဦးညွှတ်ဂါရဝပြုအပ်ပါသည်။)

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



မင်းသုဝဏ်၊ ဆရာဦးခင်ဇော်(K)၊ ဆရာဇော်ဂျီ

# ဝါဆို ဝါခေါင် ရေတွေကြီးလို့

"သပြေသီးကောက်" ကဗျာဆိုလျှင် အမှုမဲ့အမှတ်မဲ့ သိကောင်းမှ သိကြပေမည်။ "ဝါဆိုဝါခေါင်ရေတွေကြီးလို့" ဟူသည့်အသံကြားလိုက် လျှင်ကား "သပြေသီးမှည့်ကောက်စို့ကွယ်" ဟု ဆက်၍ စိတ်ထဲမှာရွတ်မိသူ၊ နှုတ်ကဆိုမိသူများ ရှိကြပေလိမ့်မည်။ ဤကလေးကဗျာကို ကလေးသီချင်းအနေနှင့် အသိများကြသည်။ အလားတူ "ဥပုသ်စောင့်" ကဗျာကိုလည်း "ဆွမ်းအုပ်နီနီ အမေရွက်လို့" အစချီ ပေးလိုက်လျှင် "မောင်လည်းလိုက်မယ်ချန်မထားနဲ့" ဟု ဆက်ဆိုမိသူများ ရှိပေလိမ့်မည်။ "ဥပုသ်စောင့်" ကဗျာအမည်ရင်း ပျောက်၍ "ဆွမ်းအုပ်နီနီ" ကဗျာဟုပင် အချို့က ခေါ်စမှတ်ပြုကြသည်။ ဤကလေးကဗျာ နှစ်ပုဒ်စာဖတ်ပရိသတ်အကြား ရောက်လာသည်မှာ ဆယ်စုနှစ်ပေါင်းများစွာရှိခဲ့လေပြီ။ တိတိကျကျပြောရလျှင် ဤကဗျာလေးနှစ်ပုဒ်သည် တစ်နေ့တည်း လောကကြီးအတွင်း ရောက်လာသည့် ဖွားဖော်ဖွားဘက်များ ဖြစ်ကြလေသည်။ ၁၁-၆-၂၀၀၇ ရက်နေ့ဆိုလျှင် သက်တမ်း ၇၆ နှစ်ပင် ရှိကြတော့မည်ဖြစ်သည်။ လူသိများသည့် ဤကဗျာ သီချင်းကလေး နှစ်ပုဒ်နှင့်အတူ ရက်သတ္တပတ်အတွင်း ပေါက်ဖွားလာသည့် အခြားကဗျာ ၅ ပုဒ် တို့လည်း ရှိပေသေးသည်။ ယင်းတို့နှင့်အတူ နောင်အခါ "မောင်ခွေးဖို့ကဗျာများ" ဟု အမည်တွင်လာသည့် ကဗျာစာအုပ်ပါကလေးကဗျာများ ပေါက်ဖွားလာရသည့် အကြောင်းရင်းနှင့် ဖြစ်စဉ်ကလေးများမှာ စိတ်ဝင်စားဖွယ်ရာဟု ယူဆမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၁ ခုနှစ်တွင် အဘသည် ပထမနှစ်ဝိဇ္ဇာဂုဏ်ထူးတန်းကို ဖြေဆိုပြီး မိဘများရှိရာ ကွမ်းခြံကုန်းမြို့သို့ပြန်သည်။ ထိုနှစ်က အဘ၏မိဘများ စီးပွားပျက်ကြသည်။ ကမ္ဘာ့စီးပွားပျက်ကပ်ကြီး၏လှိုင်းဂယက်သည် အဘတို့မြို့ကလေးကိုလည်း ရိုက်ခတ်လာသည်။ ဘိုးဘွားမိဘပိုင်မြေယာများ လက်လွှတ်ကြရသည်။ သည်အခြေအနေမျိုးတွင် မိဘများကိုထားခဲ့ပြီး မြို့ပြန်ကျောင်းတက်၍ မဖြစ်နိုင်တော့ပေ။ အမိအဖကို စောင့်ရှောက်လုပ်ကျွေးရမည့် တာဝန်ဝတ္တရားက ရှိလာချေပြီ။ ထို့ကြောင့် အဘသည် ကွမ်းခြံကုန်းမြို့ အမျိုးသားကျောင်းဆရာကြီးဝင်လုပ်သည်။ ကျောင်းကလည်း ပြန်မတက်နိုင်၊ မိတ်ဆွေအပေါင်းအသင်းများနှင့်လည်း ဝေးရတော့မည့်အရေးတို့ကြောင့် ရတက်မအေးဖြစ်ရရှာသည်။ ထိုစဉ်က သူငယ်ချင်းများထံရေးခဲ့သည့် "လေးဆစ်" က ထိုအဖြစ်ကို ဖော်ပြလျက်နေပေသည်။

ခင်းထုဝှန်-အလစ်ရှာမရတာကြောင့်
မင်းသုဝဏ်-ချစ်စာသနိုင်ဘု
မေတ္တာမျှပါတဲ့ ကျွန့်အကြည်။
နွေအလှမ်းတွင်မှ
ပွေခန်းဖြာဖြာစုံလို့
မာလာငုံ နေခြည်ရှုပ်သည်သို့
မြိုင်ရပ်ပျော် ငကဲဆိုးမှာ
ညှိုးလျ မတည်။
အထွက်ခေ ရွှေစပါးရယ်နှင့်
ငွေရှားလို့ တမြည်မြည်
ချာချာလည်အောင်ပ ဒုက္ခများ။
နှံ့ဆိုးအို
အံ့မိုးပြာပြာ ညှို့တော့
တက္ကသိုလ် ဝိဟာကျောင်းမှာလ
နွဲ့မူယူ-လဲ့ဖြူပျောင်းရယ်နဲ့
အတူပျော်-သူတော်ကောင်းငယ်တို့
ကြောင်းဟန်လျှင် ပေါင်းရန်ခဲသော်လဲ
ယခုလို ကုသိုလ်ကမွဲတာကြောင့်
သဲရေကျ ပမာ အလားလိုပ
ခွဲသွေရမှာပါတကား

၁၈-၄-၃၁

ကျောင်းဖွင့်ချိန်နီးလာလေ၊ နေရင့်လေအရှူးရင့်လေ ဆိုသကဲ့သို့





ဖြစ်ရရှာသည်။ မိဘနှစ်ပါးကို စောင့်ရှောက်လုပ်ကျွေးရမည့် ဝတ္တရားက အမိက၊ တစ်ဖက်ကလည်း တက္ကသိုလ်ကို သတိရ၊ သူငယ်ချင်းများကို အောက်မေ့၊ ဆရာများကို လွမ်းသည်။ ထိုအခါ "ကံဆိုးတဲ့အခါ" ကဗျာကိုရေးပြီး မရှက်မကြောက်ရင်ဖွင့်ရှာပြန်သည်။

**"ကံဆိုးတဲ့အခါ"**

မိတ်အချစ်တို့ရဲ့
စိတ်အညစ်မှာတော့
သိပ်ဟာစ်လို့ ငိုလိုက်ချင်။
ဉာဏ်အဆုံးပါဘဲ
ကြံလုံးရယ် အဖုံဖုံနဲ့
ဒဂုန်မှာနေဖို့ကြိုးသော်လဲ
အဟောင်းကံ
ပြောင်းလန်ဆိုးရယ်ကြောင့်ဗျာ
ကျိုးကာမထင်။
မရှိလို့ သနားလိုက်ပါတိ
ကရိကထနဲ့ မအားရှာတဲ့
အမိအဘများတို့က -
ငါ့သားရဲ့ အိမ်မှာပင်
တို့ပန်းစဉ်မို့ နေပါအုံး တဲ့။

တားသောခါ
စကား မဆန်သာလို့
နဘန်မှာ တိမ်တွေစုချိန်မှ
စရိတ်မလောင်းနိုင်၍
စိတ်ထောင်းလို့ ကိုယ်ကြေသူမှာလေ
မိတ်ဟောင်းတွေကိုတော့
မရှုရလေဘု
ဩော်-ဘသူ့ကိုမှ ရှက်တယ်လို့ဖြင့်
မဖုံးပါရစေနဲ့တော့
မှုအဝဝ ပျက်ပြယ်လို့ ဆုံးတာကြောင့်
မရှုမလှ ယခုဘဝကိုဖြင့်
တသက်ဝယ်မှုန်း။ ။

၉-၇-၃၁



www.burmeseclassic.com

www.burmeseclassic.com



ရင်ဝယ်မချိသော်လည်း တာဝန်ပိုင်းက ရှိသေးသည်။ ခံစားချက်နှင့် အလုပ်၊ စည်းသား၍ ခွဲခြားသတ်မှတ်သည်။ ဘဝကို အလုပ်ထဲနှစ်မြှုပ်ရန် ဆုံးဖြတ်ချက်ချသည်။ ထိုအချိန်တွင် အမျိုးသားပညာရေးက ထုတ်ဝေညွှန်ကြားသော သင်ရိုးညွှန်းတမ်းက ရောက်လာသည်။ ကလေးငယ်များကို ပျော်ရွှင်အောင်၊ မျိုးချစ်စိတ်ပေါ်အောင် ပညာလိုလားအောင် ကလေးသီချင်းများ သင်ပေးရမည်ဟု ဆိုလာသည်။ သီချင်းများကို အင်္ဂလိပ်နှင့်မြန်မာ (သို့မဟုတ်) အင်္ဂလိပ်သို့မဟုတ် မြန်မာလို သင်ရမည်ဟု ဆိုပြန်သေးသည်။ အင်္ဂလိပ်လိုသင်ဖို့က အခြေအနေမပေး။ မြန်မာလို သင်ရန်ကလည်း သင့်လျော်သောကလေးသီချင်းများ အဆင်သင့်မရှိ။ တစ်ပူပေါ် နှစ်ပူဆင့်ရလေပြီ။

ကျောင်းမှ အိမ်သို့ စောစောပြန်၊ ညနေထမင်းစားသည်။ ပြီးတော့ အိမ်ရှေ့တွင် ပက်လက်ကုလားထိုင်ပေါ် ထိုင်၍ အမောဖြေသည်။ လူနားသော်လည်း စိတ်မနားရ။ ကလေးများ သီချင်းသင်ရေး အကြံထုတ်ရသည်။ ထိုအခိုက် လမ်းထဲ ကစားနေသော ကလေးတစ်ဦးက . . .

"ခြစည်းရိုးကို ဝင်မတိုးနဲ့၊
ချိုကျိုးတတ်တယ်"

ဟု အသံကုန်ဟစ်လိုက်သည်။

နောက်တစ်ဦးက -

"အဘိုးကြီးနဲ့ အမယ်ကြီး
နံ့ပြီစုတ်ကိုဝယ်လို့စား
ဂျိမ်းတုတ်ဂျိမ်းတုတ်"


ဟု ဆိုလိုက်ပြန်သည်။

အကြောင်းအရာက အဆက်အစပ်မရှိလှပေ။ သို့သော်လည်း ကာရန် ကလေးနှင့် အသံက သာသလိုလိုရှိသည်။ ကလေးသူငယ်များ အလွယ်တကူ ရွတ်ဆိုနိုင်ပြီး ကြိုက်နှစ်သက်နိုင်မည့်အကြောင်းအရာမျိုးကို ရေးဖွဲ့နိုင်က ကောင်းလိမ့်မည်ဟု အမှတ်မထင် အကြံရသည်။ အကြောင်းအရာကို စဉ်းစားလိုက်ပြန်တော့လည်း အဘ ငယ်စဉ်ဘဝက ကျင်လည်ပျော်ပါးခဲ့ရသောပတ်ဝန်းကျင်နှင့် ဖြစ်ရပ်များက တစ်ပုံတစ်ပင်ရှိသည်။

ငယ်စဉ်က မိဘများအိမ်ရှိရာ နာတာပူချိုးတွင် အဒေါ်ဖြစ်သူ၏ ခြံကြီးရှိသည်။ ခြံထဲတွင် သပြေပင်ကြီးရှိသည်။ သပြေသီးချိန်တွင် ရေကြီးသည်။ ရေထဲသို့ အပင်မှကြွေကျပြီး ပေါ်လောမျောနေသောသပြေသီးနီနီကလေးများကို တပျော်တပါး လိုက်ကောက်ကြသည်ကို ပြန်လည်မြင်ယောင်လာသည်။ သပြေသီးကောက်ချင်ဇော ကြောင့် ချုံထဲကမြွေနက်ကိုလည်း မစဉ်းစားနိုင်၊ မကြောက်နိုင်၊ ရေဝေးရာ ကုန်းခြောက်ခြောက်တွင် ကစားနေသည့် အဖေကြီးလုပ်ပေးသည့်အုန်းလက်နွားတို့ကို







လည်း ကစားရာမှာ ပစ်ထားခဲ့တော့သည်။ သည်အကြောင်းအရာဖြစ်စဉ်တို့က **"သပြေသီးကောက်"** ကဗျာအတွက် ကုန်ကြမ်းကောင်းများ ဖြစ်လာတော့သည်။ အလားတူပင် ဥပုသ်နေ့ရောက်တိုင်း အရုဏ်ဦးတွင် အမေကြီးအိပ်ရာမှထ၍ ဆွမ်းချက်သည်ကို အမှတ်ရသည်။ ဆွမ်းကျက်တော့ ဘုန်းကြီးကျောင်းသို့ အမေ ဆွမ်းပို့သွားသည်။ အဖေက လှူဖွယ်များ ဆွဲ၍လိုက်သည်။ ထိုအခါ ကလေးဝိဝိ အိမ်မှ ဦးဆာမိကြီးပခုံးပေါ်စီး၍ နောက်ကလိုက်သည်။ ကျောင်းရောက်တော့ ကျောင်းဝိုင်းထဲ ကျယ်ကျယ်လွန့်လွန့် လွတ်လွတ်လပ်လပ် ကစားရသည်ကို ပျော်လှသည်။ သည်အကြောင်းအရာတွေစဉ်းစားပြီး **"ဥပုသ်စောင့်"** ကဗျာ ဖြစ်လာပြန်သည်။

ကဗျာလေးများက ရွတ်ဆိုရန်ကောင်းသည်။ အပြစ်ကင်းသည်။ ပျော်စရာကောင်းသည်။ အားမာန်ကိုပေးသည်။ မြန်မာ့ဘာသာနှင့် ဓလေ့ထုံးစံတို့ကို ဖော်ပြသည်။ ထို့ကြောင့် ကလေးလူကြီးနှစ်ခြိုက်လက်ခံမှုကိုရရှိသည်။ သည်ကဗျာနှစ်ပုဒ်သည် ၁၁-၆-၃၁ ရက်နေ့ တစ်နေ့တည်းရေးစပ်ဖြစ်သည့် "အဘ၏ ပထမဆုံးသော ကလေးကဗျာနှစ်ပုဒ်" ဖြစ်သည်။ ကလေးကဗျာအကြောင်း ပြောရာတွင် အထက်ပါ "လေးဆစ်" နှင့် "ကံဆိုးတဲ့အခါ" ကဗျာနှစ်ပုဒ်၊ ပူပန်သောကတွေကိုဖော်ကျူးသည့် ကဗျာနှစ်ပုဒ်ကို အစအဆုံးဖော်ပြခဲ့သည်။ ဤသို့ ဖော်ပြခဲ့ခြင်းသည် အဘ၏ကလေး



www.burmeseclassic.com

www.burmeseclassic.com



များအပေါ် တန်ဖိုးထားသည့်စေတနာ၊ သူမမေ့နိုင်သည့် ငယ်စဉ်ဘဝက အပြစ်ကင်းသည့်ပျော်ရွှင်မှု၊ တာဝန်ဝတ္တရားကိုလေးစားမှုတို့က သောကခံစားချက်များကို လွှမ်းမိုးနိုင်ပြီး ချစ်စဖွယ်ကလေးကဗျာများကို ဖန်တီးသီကုံးနိုင်စွမ်းရှိပုံပေါ်လွင်စေသည်ဟု ထင်ပါသည်။ "သပြေသီးကောက်" နှင့် "ဥပုသ်စောင့်"တို့ကိုစပ်ဆိုပြီး တစ်ရက်အကြာ **မွေ့ညြ** ကဗျာကို ရေးစပ်ဖြစ်သည်။ နောက်နှစ်ရက်အကြာ ၁၄-၆-၃၁ ရက်နေ့တွင် **ခရုလုံး၊ ပိုးစုန်းကြူး၊ သဘက်ဆေး၊ တောက်တဲ့** ကဗျာ ၄ ပုဒ်တို့ကို ရေးဖွဲ့ဖြစ်ပြန်သည်။


တစ်ပတ်ခန့်အတွင်း စပ်ဆိုပြီးခဲ့သော ကလေးကဗျာ ၇ ပုဒ် သင်ကြားနိုင်ရေးအတွက် ပညာဝန်ထံ အဘ ဝမ်းပန်းတသာအကြောင်းကြားသည်။ ပြန်ကြားချက်တစ်စုံတစ်ရာမရ၊ သို့ဖြင့် စိတ်ပျက်လက်ပျက်ရှိခိုက် ဂုဏ်ထူးတန်းအတူတက်နေသည့် တစ်တန်းတည်းသား ဦးတိုးအောင်(ကုသ)ထံမှ မမျှော်လင့်ဘဲ စာတစ်စောင်ရောက်လာသည်။ စာမှာ ပါမောက္ခဆရာကြီး ဦးဖေမောင်တင်က ကျောင်းပြန်တက်နိုင်ရေး အဆင်ပြေအောင်စီစဉ်ပေးမည်ဖြစ်၍၊ ကျောင်းသို့ပြန်လာရန် အကြောင်းကြားသည့် သတင်းကောင်းပါးစာဖြစ်နေလေသည်။ အဘ အတိုင်းမသိဝမ်းသာရသည်။ မိဘနှစ်ပါးကလည်း သားအတွက်ဝမ်းမြောက်မဆုံးရှိကြသည်။ သားဖြစ်သူ ပညာဆက်လက်သင်ကြားရေးကို ကြည်ကြည်ဖြူဖြူခွင့်ပြုကြသည်။ ကျောင်းပြန်ရောက်တော့ ကလေးကဗျာ ၇ ပုဒ်ကို **မောင်ထွေးဖို့** ခေါင်းစဉ်တပ်၍ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်းသို့ ပို့သည်။ ၁၉၃၂ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်းတွင် ကဗျာအားလုံး ကာတွန်းဦးဟိန်းစွန်း၏ သရုပ်ဖော်ပုံများဖြင့် ဝေဝေဆာဆာ ပါလာသည်။ အဘ၏ထိုစဉ်က ကလောင်အမည်မှာ **မြဝတီရည်ဟံသာကျေး** ဟူ၍ဖြစ်သည်။ ၁၉၃၄ ခုနှစ်တွင် ဆရာကြီးဦးဖေမောင်တင်တည်းဖြတ်သည့် **ခေတ်စမ်းကဗျာများ** စာအုပ်ထွက်လာရာ၊ အခြားကဗျာဆရာခုနစ်ဦးနှင့်အတူ အဘ၏ "မောင်ထွေးဖို့" ကဗျာနှင့်အတူ အခြားကဗျာ (၁၇)ပုဒ် ပါရှိလာပြန်သည်။ ထိုအခါ ပန်းတနော် အမျိုးသားကျောင်းအုပ်ကြီး ဦးသန့်က အဘ၏ ကလေးကဗျာများ ကို ၁၉၃၅ ခုနှစ် မတ်လထုတ်ဂန္ထလောကမဂ္ဂဇင်းတွင် မှတ်ချက်ပေးရာ၌ -

ကဗျာဆရာကြီး **Milne** ၏ ကဗျာများ နှင့် အောက်ပါအတိုင်းနှိုင်းယှဉ်ခဲ့သည်။

"In Khitsan Kabya, I came across some excellent poems for the young, by Ko Wun, reminiscent of A.A. Milne." ဟုဆို၍ "သပြေသီးကောက်" ကဗျာကို ဥပမာအဖြစ် ပေးခဲ့လေသည်။

၁၉၃၅ ခုနှစ်၊ မဟာဝိဇ္ဇာစာမေးပွဲကို အဘ ဖြေဆိုအောင်မြင်ပြီး "မုန့်တိုင်းကထန် ချောင်းကလျှံ"အစချီ **ပုခက်လွှဲချင်း၊** "မောင်လေးရေထပါတော့" အစချီ **ပန်းသည်** ကဗျာ၊ "အေးရိပ်သာတဲ့ ပြည်ညောင်ညို" အစချီ **ဝတ်ပါ** ကဗျာ၊





"ဆွမ်းချက်ထစို့ လူလေးရယ်" အစချီ **လူကလေးရဲ့ အမှတ်အသား** ကဗျာ၊ "ကြောင်ကလေးက ဖဲဒင်တွက်လို့" အစချီ **ကြွက်ကလေးကဗျာ** အပြင် အခြားကလေးကဗျာများကို စပ်ဆိုသည်။ ဤအချိန်တွင် အဘ၏ကလေးကဗျာများကို စိတ်ဝင်တစားရှိနေသူမှာ တက္ကသိုလ်၏ ပထမဆုံးပိဋကတ်တိုက်မှူး **ဆရာဦးခင်ဇော်(K)** ဖြစ်သည်။ ဆရာ ဦးခင်ဇော်သည် ပဲခူးဆောင်တွင် အဘ အဆောင်နည်းပြဆရာလုပ်ခဲ့စဉ်က ဒု-အဆောင်မှူးဖြစ်သည်။ ထို့ကြောင့် အဘနှင့်ဆရာတို့ ခင်မင်ရင်းနှီးရှိကြသည်။ ၁၉၃၉ ခုနှစ် အဘ ပညာတော်သင်ခရီးပြီး၍ ပြန်အလာ တက္ကသိုလ်တွင် အလုပ်ပြန်ဝင်သည့်အခါ ဆရာနှင့်ပြန်ဆုံကြရပြန်သည်။ ဆရာက အင်းလျားကျောင်းဆောင်ကို မျက်နှာပေးသောပုဂံလမ်းထိပ်တိုက်တွင်နေသည်။ အဘက ပုဂံလမ်းတစ်ဖက်ထိပ်တွင်နေသည်။ အဘကလူလွတ်မို့ ဆရာ့အိမ်က အဘ၏ စားအိမ်သောက်အိမ်ဖြစ်သည်။ ထိုစဉ်က ဆရာသည် အဘ၏ကလေးကဗျာများကို အသံသွင်းရန် အားထုတ်နေချိန် ဖြစ်သည်။ ဆရာက **Piccolo** ခေါ် ဥရောပ ပလွေကို မှုတ်တတ်သည်။ ဆရာ၏ဇနီး (ငယ်မည် **Gertrude Carr**)* က စန္ဒရားအတီးကျွမ်းသည်။ ဆရာက ကလေးကဗျာများကို ဂီတသင်္ကေတဖြင့်ရေးပြီး ပလွေနှင့် အသံစမ်းသည်။ ဇနီးသည်ကို စန္ဒရားနှင့်လိုက်စေသည်။ သမီးရှူး၊ ဂျိန်း၊ မူတို့က ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကလေးတေးသံများ တစ်စတစ်စဖြင့် ပေါ်လာသည်။ ကလေးများက "မောင်လေးရေထပါတော့ ရောင်နီ လာလှပေါ့" ကို အစွဲပြု၍ အဘကို "မောင်လေးရေထပါတော့ အန်ကယ်" ဟူ၍ပင် ခေါ်ကြသည်။

ကလေးကဗျာများကို ဂီတသင်္ကေတဖြင့် ဖန်တီးရေးမှတ်၍ အောင်မြင်သောအခါ ဆရာက သူ ကြိုက်သော အဘ၏ကလေးကဗျာ ၁၃ ပုဒ်ကို ရွေးချယ်စုစည်းကာ စာအုပ်ထုတ်ရန်စီစဉ်လေသည်။ ထိုအခါက အထက်ပုဂံလမ်းတွင် ဆရာဖြစ်သင်ကောလိပ်မှ ပန်းချီ ကထိက ဆရာကြီးဦးဘညာဏ် နေထိုင်သည်။

ဆရာဦးခင်ဇော် လန်ဒန်သို့ ပညာသင်သွားစဉ်က ဆရာကြီး ဦးဘညာဏ်နှင့် အတူနေခဲ့ဖူး၍ အလွန်ရင်းရင်းနှီးနှီးရှိကြသည်။ ဆရာ ဦးဘညာဏ်က ကဗျာတစ်ပုဒ်ချင်းအတွက် သရုပ်ဖော်ပုံများ ဆွဲပေးသည်။ ဤသို့ဖြင့် အဘ၏ **မောင်ခွေးဖို့** ကဗျာများသည် ဆရာဦးခင်ဇော်၏ ဂီတသင်္ကေတများ၊ ဆရာကြီး ဦးဘညာဏ်၏ သရုပ်ဖော်ပုံ တို့နှင့်အတူ **မောင်ထွေးဖို့ကဗျာများ** စာအုပ်အဖြစ် ၁၉၄၀ ခုနှစ်ဦးတွင် ထွက်ရှိလာခဲ့လေတော့သည်။ ကဗျာအချို့ကို ဆရာကြီးလုစ (G.H Luce) ကလည်းကောင်း၊ အချို့ကို ဆရာဦးခင်ဇော် (K) ကလည်းကောင်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့သေးသည်။ စာအုပ်ကို မြန်မာနိုင်ငံ အမျိုးသမီးအသင်းက တာဝန်ယူ၍ အမေရိကန် သာသနာပြုအဖွဲ့ (ABM) က ပုံနှိပ်ထုတ်ဝေခဲ့သည်။

ကဗျာစာအုပ်ထွက်လာသောအခါ ဦးထင်ဖတ် (ဆရာမောင်ထင်)က ၁၉၄၀ ပြည့်နှစ် မတ်လထုတ်ဂန္ထလောကမဂ္ဂဇင်းတွင် သူ၏ "မောင်ခွေးဖို့" ဆောင်းပါး၌ **မောင်ခွေးဖို့ကဗျာများ** စာအုပ်ကို သုံးသပ်ရေးသားလေသည်။

***မောင်ခွေးဘို့*** *ဟူသောစာအုပ်ငယ်သည် တက်လူ "ကိုခွေး" တို့အား သူ၏ ပတ်ဝန်းကျင်လောကကြီးကိုခင်တွယ်အောင် ဆောင်ကျဉ်းပေးလိမ့်မည်။ ဤစာအုပ်ငယ်မှ ထွက်ပေါ်လာသော ဦးဝန်၏ ဂီတသံတို့သည် လွမ်းဆွတ်ဖွယ်ရာ မဟုတ်တော့ဘဲ သာမောဖွယ်ရာဖြစ်ပေသည်။*

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

*ဦးဝန်သည် လောကတို ခင်မင်သူဖြစ်သည်။ လောက၏သာယာခြင်းကို ခံစား တတ်သူဖြစ်သည်။ သို့ဖြစ်ရကား အကလေးငယ်တို့ကို သူနှင့်တူစုံတကွ သဘာဝ၏ နှစ်လိုဖွယ်ရာတို့ကို ခံစားတတ်အောင် သွေးဆောင်နိုင်သူဖြစ်သည်။*

*ကဗျာသီသူ ဦးဝန်သည်သာလျှင် လောကသဘာဝတရားကြီးကို ခင်မင်တတ်သူ မဟုတ်သေး။ ကဗျာဆရာ၏ အာဘော်ကိုထုတ်ဖော်၍ အင်္ဂလိပ်ဘာသာပြန်ပေးသော ဦးခင်ဇော်နှင့် ဆရာလုစ်တို့ နှစ်ဦးသည်လည်း ဦးဝန်ကဲ့သို့ပင် မေတ္တာဓာတ်ခံရှိသူများ ဖြစ်ကြသည်။ သို့သော် ဆိုခဲ့ပြီးသော သူတို့တွင် ဦးခင်ဇော်နှင့် ဆရာလုစ်တို့နှစ်ဦးသည်ကား ကလေးငယ်တို့ကို အဘယ်ပုံချစ်ခင်ရမည်ကိုသိပြီးသော*





*ဝါရင့်သူပုဂ္ဂိုလ်နှစ်ဦး ဖြစ်ကြသည်။ သို့ကြောင့်သာလျှင် မူရင်းစာဆိုနှင့် အာဘော်ကို ဘာသာပြန်သူနှစ်ဦးတို့ တစ်သံတည်းသာလျှင် ဖြစ်ကြကုန်သည်။ ထိုသူသုံးဦးတို့သည်* ***မောင်ခွေးဖို့*** *သီချင်းကို သံပြိုင်သီဆိုကြကုန်သည်။ သည့်အထဲတွင် မြစ်ဝကျွန်းပေါ်သားဖြစ်သော* ***ဆရာဦးဘညာဏ်****သည်လည်း သူတို့သီဆိုသော ဂီတကို ဆေးချက်ဖြင့် လေးနက်စေသည်။ ထိုတေးဂီတတို့သည် ဦးဘညာဏ်၏အကူအညီဖြင့် ရောင်စုံအသံထွက်ရုပ်ရှင်ဓာတ်ကားသဖွယ် ကလေးငယ်တို့ကို နှစ်သိမ့်စေလိမ့်မည်။*

*ကျွန်ုပ်သည် ကြက်သားဟင်းကို မချက်တတ်သော်လည်း စားတတ်ပါသေးသည်။ ကျွန်ုပ်သည် ဂီတအကြောင်းကို နားမလည်။ သို့သော်နားထောင်တတ်ပါ၏။ တစ်ညနေတွင် ကံချွန်သောကျွန်ုပ်သည် ဦးခင်ဇော်၏အိမ်အဝင်တွင် ဒေါ်ခင်ဇော်သီဆိုသော "မောင်ခွေးဖို့" သီချင်းများကို ချောင်း၍နားထောင်ခဲ့ရသည်။ ၎င်းနောက် ဓာတ်ပြားသွင်းပေးသော "မောင်ခွေးဖို့" သီချင်းများကိုလည်း ဦးခင်ဇော်၏ ကျေးဇူးကြောင့် နားထောင်ခဲ့ရသေးသည်။ "ပုခက်လွဲ" သီချင်းသည်ကလေးများအဖို့ ခေတ်စားမည့်သီချင်းဖြစ်သည်။ "လူကလေး၏အမှတ်အသား" ဟူသောသီချင်း၌ "ကြည့်ဖို့လိုပါဘူး . . . " ဟု ဆိုပြီးမှ "ဝူး" ဟု အပြေးလိုက်လာသော အသံကလေးသည် ကလေးဘာဝ ငေါ့သောအသံကလေးနှင့် တူ၏။ ကလေးဆန်လှသည်။ "ကြောင်ကလေးက ဖဒင်တွက်လို့ ကြွက်ကလေးက ချောင်မှာခို" ဟူသော သီချင်းသွားသည်လည်း ကလေးတို့၏ ချွတ်ဆိုင်းပင်ဖြစ်သည်။ ပြုတ်တောင်းပြုတ်တောင်းနှင့်။ ဂီတသံနှင့်ပင်လျှင် ကြောင်ကလေးနှင့် ကြွက်ကလေးတို့ လိုက်တမ်းပြေးတမ်းကစားဟန် သရုပ်ပေါ်လာသည်။ "စပါးကျီအို၊ ကြိုအကြားတိုး၊ သွား. . ပြီကွဲ့လေး" ဟူသောအလိုက်၌ "သွား" ဟူသော သီချင်းသံထဲတွင် ကြွက်ကလေး၏ လွတ်မြောက်ခြင်းဖြင့် ဝမ်းမြောက်သောအသံများ တပြုံတခေါင်းကြီး ပါသွားသည်။ "ပန်းသည်" ဟူသောသီချင်းမှာ လေအေးအေးဆိုရ၍ မိခင်တို့ အကြိုက်များပေမည်။*

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

*မြန်မာပြည် ပြန်ကြားရေးဌာန အသံလွှင့်ရုံမှ* ***ကလေးများအချိန်*** *ဟူသော အခန်းတစ်ခန်း ထားပေးသည်။ ဦးခင်ဇော်၏အကြံအထမြောက်၍ ဓာတ်ပြားများ ထုတ်နိုင်သောအခါ ထိုအစိုးရအသံလွှင့်ရုံမှနေ၍ မြန်မာပြည်ရှိကလေးတို့အား "မောင်ခွေးဖို့" သီချင်းများဖြင့် ဖျော်ဖြေမည်ဆိုလျှင် မောင်ခွေးတို့နှင့်တကွ မောင်ခွေးတို့၏မိခင်များပါ နှစ်သက်ပေလိမ့်မည်။*

ဂန္ထလောကအင်္ဂလိပ်ကဏ္ဍ စာအုပ်ဝေဖန်ချက် အပိုင်း၌လည်း အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

Out of the deltaic mud of Kungyangone has arisen a poet.



www.burmeseclassic.com

www.burmeseclassic.com



Minthuwun, a true tawtha, who in မောင်ခွေးဘို့ Burmese Nursery Songs (A.B.M. Press, Rs 2) has given us a varied and enchanting picture of Burmese boys at home, at school, and at play in a Burmese village. His Burmese village has all the charm of an older, truer and happier Burma, a calm retreat from the strife of the capital, a cool Wingaba, and all the old inhabitants of a Burmese village are there the tucktoo, the leech and the magpie-robin, and by night fire files and evil spirits lurk in shadowy bushes, and over all is the fragrance of Khaye and Gangaw.

It took another true tawtha, another intellectual son of the soil, soaked in the pure melodies of old Burmese song to sing these songs in the only possible way. K has fitted the cadences of Minthuwun's verse to the time-honoured cadences of old Burmese folk-song which haunt his mind.

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

We rejoice that these two kindred spirits have met, and with the help of G.H.L., have combined to make the book an expression of the kind of national spirit we would foster. U Ba Nyan, who decorates the book, in the same way as K, exploits all those technical resources of his art which he has learnt from the west, and yet contrives to paint an unspoilt Burma.

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

Years hence, when all the copies of this book have turned to dust, and Minthuwun and K no longer even a memory, ပုခက်လွှဲ Cradle Song, we like to think, will still be sung by young mothers in Burmese villages as they put their babies to sleep.

"မောင်ခွေးဖို့ကဗျာများ" စာအုပ် အောင်မြင်သောအခါ ဆရာဦးခင်ဇော်သည် မာတ်ပြားသွင်းရန် ကြိုးပမ်းပြန်သည်။ ဒေါ်သန်းအေးနှင့် B.Ed တက်နေသော တောင်ကြီးမြို့မှ ဒေါ်ခင်သိန်းတို့က အဆိုပိုင်း၊ အတီးအမှုတ်က ဆရာတို့ဇနီးမောင်နှံ။ ဤသို့ဖြင့် အေဝမ်း (A1) ကုမ္ပဏီက မာတ်ပြားထုတ်ရာ နှစ်ချိုက်ရသည်။

ဆရာကြီး လူထုနှင့် K တို့၏ ဘာသာပြန်ဆိုချက်၊ ဆရာကြီးဦးဘညာဏ်၏ ပြောင်မြောက်သောပန်းချီလက်ရာ K ၏ ဂီတသင်္ကေတတို့ကြောင့် ၁၉၅၃ ခုနှစ်၊ အမေရိကန်နိုင်ငံ ကလေးစာအုပ်ပြပွဲတွင် ကမ္ဘာ့နိုင်ငံ ၅၀ မှ ကလေးစာအုပ်များနှင့် အတူ "မောင်ခွေးဖို့ကဗျာများ" စာအုပ်ကိုပြသခဲ့ရာ လူအများ စိတ်ဝင်တစား လေ့လာကြည့်ရှုခြင်းခံခဲ့ရသည်။

အဘ၏ "မောင်ထွေးဖို့" ကဗျာများမှ အချို့သည် ဆရာဦးခင်ဇော်၏ လှုံ့လ၊ ဝီရိယကြောင့် "မောင်ခွေးဖို့ ကဗျာများ" စာအုပ်အဖြစ်သို့ ရောက်ရှိခဲ့ရသည်။ ယင်းမှ





ထစ်ဆင့် စာအုပ်ပါကဗျာတချို့သည် ဆရာ့ကျေးဇူးကြောင့်ပင် သာယာနာပျော်ဖွယ်ရှိသော ကလေးကဗျာသီချင်းများအဖြစ်သို့ ရောက်ရှိခဲ့ရပြန်သည်။ အချုပ်အားဖြင့်ဆိုရသော် အဘစတင်ရေးသားခဲ့သော ကလေးကဗျာများသည် ကျော်ကြားဆရာတောင်းလက်ဝယ်သို့ရောက်ခဲ့ရသော ကျောက်ရိုင်းတုံးကလေးများပမာ ဆရာဦးခင်ဇော် (K) ၏ ကျေးဇူးကြောင့် ပြည်သူများအကြားဝယ် ခန့်ခန့်ထည်ထည် ဖြစ်ခဲ့ရပါကြောင်း ဆရာ၏ကျေးဇူးတရားကိုဖော်ကျူးရင်း နိဂုံးချုပ်အပ်ပါသည်။

**မှတ်စု**

(က) စစ်အတွင်းက ယင်းတိုက်ပျက်စီးသွားသည်


(ခ) ဆရာ့ဇနီးသည် ၁၉၂၉ ခုနှစ်က၊ တက္ကသိုလ်ကျောင်းတိုက်မှ ဝိဇ္ဇာ ဂုဏ်ထူးတန်းအင်္ဂလိပ်စာကို "ဦးဖိုးနှစ်-ရွှေတံဆိပ်ဆု"ရ အောင်မြင်ခဲ့သူဖြစ်သည်။

(ဂ) ဆရာဦးခင်ဇော် (K)သည် ဂီတနည်းစနစ်ကို နှံ့နှံ့စပ်စပ်ကျွမ်းကျွမ်းကျင်ကျင် လေ့လာလိုက်စားသူတစ်ဦးဖြစ်သည်။ စစ်ကြီးပြီးသောအခါ မြန်မာ့အသံ BBS ၏ ညွှန်ကြားရေးဝန်အဖြစ် တာဝန်ထမ်း ဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com




## တက္ကသိုလ်၏ အစဉ်အလာတစ်ရပ်

ရှေးအစဉ်အလာတစ်ရပ် ဖြစ်ပါသည်။ ကာလအားဖြင့် အဘဦးဝန် (မင်းသုဝဏ်) မြန်မာစာ မဟာဝိဇ္ဇာဂုဏ်ထူးတန်းပြီးရန်လပိုင်းအလိုဖြစ်သည်၊ တက္ကသိုလ်ကျောင်းတိုက်တွင် အချိန်ပိုင်းနည်းပြဆရာ၊ တစ်ဖက်က ပင်းယဆောင် အဆောင်မှူးငယ် (**Sub-assistant Warden**) လုပ်နေသည်။ နိုင်ငံတော် ပညာတော်သင်ဆုလျှောက်ထားရန် အခွင့်အလမ်းတစ်ရပ်ပေါ်သည်။ ထိုစဉ်က ပညာတော်သင် လျှောက်ထားသူတစ်ဦးအတွက် ဆရာကောင်းသမားကောင်းတို့၏ ထောက်ခံချက်တ အရေးပါလှလေသည်။

ရှေးဦးထောက်ခံချက်ကို အဆောင်မှူး ဆရာထင်းစီ (**L. Htin Si**) ထံမှ ၁၉၃၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရသည်။ အဆောင်စည်းကမ်းတို ကျွမ်းကျင်လိမ္မာစွာ ထိန်းသိမ်းပေးနိုင်သူအဖြစ် ထောက်ခံသည်။ လုပ်ရည်ကိုင်ရည် အတွက် ထောက်ခံချက်ဖြစ်သည်။

ပညာရည်ထောက်ခံချက်ကို ပါမောက္ခ ဆရာကြီး ဦးဖေမောင်တင်တ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ရေးပေးသည်။ လွန်ခဲ့သည့် ၂ နှစ်ခန့်က မြန်မာစာ ဝိဇ္ဇာဂုဏ်ထူးတန်းကို ပထမအဆင့်ဖြင့် အောင်မြင်သူဖြစ်ကြောင်း အစချီသည်။ ရှေးနှင့် ရှေးမြန်မာကမ္ဗည်းကျောက်စာများကို လေးနက်သတိကြီးစွာဖြင့် လေ့လာသူ၊ စာပေ ပြဿနာများကို ခြေခြေမြစ်မြစ် ပိုင်ပိုင်နိုင်နိုင် ဝေဖန်သုံးသပ်တတ်သူ၊ စာပေရသဂုဏ် တို ကောင်းစွာခံစားနိုင်ပြီး မြန်မာစာအရေးအသားတွင် ပင်ကိုဉာဏ်ရှိသူ၊ ပုံဖြင်



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုများကို ကရုဏာရသမြောက်အောင် ရေးနိုင်စွမ်းပြီး ကဗျာလင်္ကာစပ်ဆိုရာတွင် ရှေးဟောင်းရင်း ရေးဖော်များအကြား ထူးခြားပေါ်လွင်သူစသည်ဖြင့် ဖော်ပြသည်။ ပြီးတော့မှ တိဗက်နှင့်အခြားဘာသာစကားများလေ့လာစေရန် အသင့်တော်ဆုံးသူတစ်ဦးဖြစ်ကြောင်း ထောက်ခံလေသည်။

တဖန် အရှေ့ဖျား သမိုင်းဆရာကြီး မစ္စတာလုစ် (Mr. G. H. Luce) ကလည်း ထောက်ခံချက်အရှည်ကြီးတစ်စောင်ကို ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ရေးပေးပြန်လေသည်။ စိန့်ဂျွန်းကျောင်းသားဘဝမှ မဟာဝိဇ္ဇာဂုဏ်ထူးတန်းအထိ ထူးချွန်ပုံ၊ ပညာသင်ဆုရခဲ့ပုံများနှင့် အစချီသည်။ ကမ္ဘည်းကျောက်စာထိပ်တန်းပညာရှင်တစ်ဦး၊ ပညာပါရမီရှင်သာမက အလုပ်လုပ်ရာတွင် နှလုံးသားရော ဦးနှောက်နှင့်ပါ အလုပ်လုပ်သူ။ စိတ်ရင်းစေတနာမှန်ပြီး ဂုဏ်သိက္ခာရှိသူ၊ ဉာဏ်ပညာထက်မြက်ပြီး လူမှုရေးဆောင်ရွက်ရာတွင် မကြုံဖူးသော ကိုယ်ကျိုးမငဲ့သူတစ်ဦးအဖြစ် ဖော်ပြသည်၊ ယင်းအပြင် သက်ရွယ်တူကဗျာပညာရှင်များမှ အဘကို မီလောက်သူမရှိဟုဆို၏။ တက္ကသိုလ်မြန်မာစာအသင်း၊ ဗုဒ္ဓဘာသာအသင်း အတွင်းရေးမှူး၊ ကောလိပ်မဂ္ဂဇင်း အယ်ဒီတာ တာဝန်များ ယူထားသူတစ်ဦးဖြစ်သော်လည်း ပြင်ပလောကကို မျက်ခြည်မပြတ်၊ စာကောင်းပေမွန်ဟူသမျှ ဘာသာမရွေး မလွတ်တမ်းဖတ်ရှုလေ့လာသူ၊ အင်္ဂလိပ်စာပညာရှင်တစ်ဦးဖြစ်ကြောင်း စသည့်အရည်အသွေးကောင်းများတစ်သီကြီးဖော်ပြသည်။ ပြီးကာမှ ရိုးသားနှိမ့်ချပြီး အေးအေးဆေးဆေးနေတတ်ခြင်းတို့မှာ အဓိကအားနည်းချက်များကဲ့သို့ဖြစ်နေသည်။ ယင်းတို့ကြောင့် ပညာတော်သင်ရွေးချယ်ရေးအဖွဲ့အနေဖြင့် တစ်မျိုးအမြင်မရောက်စေလိုကြောင်းလည်း ပွင့်လင်းစွာထောက်ပြလေသည်။ ဗုဒ္ဓဘာသာနှင့် မြန်မာ၊ တိဗက်၊ တရုတ်၊ အိန္ဒိယ စသည်တို့အကြားဆက်နွယ်မှုကို တတ်ကျွမ်းနားလည်သူ တက္ကသိုလ်၌ အထူးလိုအပ်လျက်ရှိသည်။ အဘထက် သင့်တော်သူ မမြင်၊ ကျရောက်လာသည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်မည့်သူတစ်ဦးဟု ဆရာကြီးက အခိုင်အမာ ထောက်ခံချက်ပေးလေသည်။

ပထမအကြိမ် အဘ ကံမကောင်းပေ။ သို့သော်လည်း သူငယ်ချင်းဖြစ်သူ ဦးတက်ထွန်း(မုံရွေး) အရွေးခံရ၍ အဘဝမ်းသာရသည်။ ဦးတက်ထွန်းမှာ ပါဠိဝိဇ္ဇာဂုဏ်ထူးတန်း အောင်ပြီးသူ၊ အဘကဲ့သို့ အဆောင်မှူးငယ်တစ်ဦး ဖြစ်သည်၊ မကြာမီပင် ၁၉၃၆ ခုနှစ်အတွက် ပညာတော်သင်ဆုလျှောက်ထားခွင့် ဒုတိယအကြိမ် ပေါ်လာသည်။ ဆရာလုစ်မှာ အင်္ဂလန်သို့ ခွင့်ဖြင့်ခေတ္တပြန်နေခိုက်။ ဆရာက ရပ်ဝေးမှနေ၍ မူလထောက်ခံစာအပေါ် ဖြည့်စွက်ထောက်ခံချက် ၁၉၃၅ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့စွဲဖြင့် ပေးပို့လာသည်။ ဂန္ထလောကမဂ္ဂဇင်း အယ်ဒီတာတာဝန် ကျေပွန်စွာထမ်းဆောင်နေသူ၊ တက္ကသိုလ်နှင့် အရှေ့တိုင်းလေ့လာမှုတို့ ဖွံ့ဖြိုးတိုးတက်စေခြင်းအကျိုးငှာ စေလွှတ်သင့်သူ၊ Tibeto-Chinese မိသားစုအဖွဲ့ဝင်၊ မြန်မာဘာသာစကားကို သိပ္ပံနည်းကျ အသေးစိတ်လေ့လာမှုပြုရာတွင် ဦးတက်ထွန်းက တရုတ်ဘက်မှလေ့လာသလို






မောင်ဝန်ကို တိဗက်ရှုထောင့်မှ လေ့လာစေလိုကြောင်း အဆိုပြုထောက်ခံသည်၊ ဆရာကြီး ဦးဖေမောင်တင်ကလည်း မြန်မာစာမဟာ ဝိဇ္ဇာဂုဏ်ထူးတန်းကို အဆင့်မြင့်ဒုတိယတန်းဖြင့် အောင်မြင်ပြီးသူအဖြစ် မူလထောက်ခံစာအပေါ် ဖြည့်စွက်ထောက်ခံချက်ကို ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပေးလေသည်။

သည်တစ်ကြိမ် အချိန်တန်၍ အဘ ကံကောင်းလေပြီ။ ပညာတော်သင်အဖြစ် ရွေးချယ်လိုက်ပြီဖြစ်ကြောင်း တနဦးအကြောင်းကြားစာကို ၁၉၃၆ ခုနှစ် ဇွန်လ ၂၅ ရက်နေ့စွဲဖြင့် အဘရသည်။ ပညာတော်သင်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူးကိုယ်တိုင် စာကို လက်မှတ်ရေးထိုးထားလေသည်။ အလုပ်ဝတ္တရားများလွှဲရေးကို အဘစတင်ဆောင်ရွက်သည်။ ဦးစိန်တင်(သိပ္ပံမောင်ဝ) နယ်တာဝန်ထွက်ရ၍ လက်ခံရယူထားသော ဂန္ထလောကမဂ္ဂဇင်း ဂုဏ်ထူးဆောင်အယ်ဒီတာ တာဝန်ကို ဆရာဦးမျိုးမင်း(နွယ်စိုး)အား လွှဲသည်။ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းကော်မတီ အဖွဲ့ဝင်တာဝန်ကို ဆရာဦးသိန်းဟန်(ဇော်ဂျီ)က လက်ခံရယူသည်။

ဇူလိုင်လ ၃၁ ရက်နေ့တွင် ဆရာလုစ်နှင့် ဇနီးတို့က အမှတ်တရ ညစာကျွေးသည်။ ဗဟုသုတအလို့ငှာ ထမင်းစားပွဲအမှတ်တရ မှတ်တမ်းလက်ရေးမှုကို ဖော်ပြပါသည်။






www.burmeseclassic.com

www.burmeseclassic.com



*Lagenaria vulgaris* — ဘူးသီး
*Cicer arietinum* — ကုလားပဲ
*Citrus medica* var. *limonum* — ရှောက် (သံပရာ)
*Borassus flabellifer* — ထန်းလျက် (ထန်းလျက်)
*Sesamum indicum* — နှမ်း

[illegible]

သူရိယသတင်းစာက ဩဂုတ်လ ၅ ရက်နေ့တွင် ပညာတော်သင်သွားမည့် အဘ၏ကိုယ်ရေးအကျဉ်းကို ဓာတ်ပုံနှင့်တကွ သတင်းအဖြစ်ထည့်

## ပညာတော်သင်အဖြစ်သွားရောက်မည်ဖြစ်သော [illegible]



[illegible]





နှင့်ပေါ်ထားသော [illegible] ... (Exhibition Scholarship) ရ နှင့် [illegible] ၁၉၂၈ ခုနှစ် [illegible] ၁၉၃၀ ပြည့်နှစ်တွင် [illegible]

[illegible] (Mark's Scholarship) ကို နှစ်နှစ်လုံး [illegible] ၁၉၃၃ ခုနှစ်တွင် [illegible] (Jamshedji Medal) ရ [illegible] ၁၉၃၅ ခုနှစ်တွင် [illegible] ၁၉၃၆ ခုနှစ် [illegible] ဖြစ်ခဲ့သည်။

---

## တက္ကသိုလ်ကျောင်းတိုက် ပင်းယကျောင်းဆောင် သဟာယအဖွဲ့က ပညာတော်သင် ဆရာဦးဝန်အားနှုတ်ဆက်သော အောင်ပွဲသဘင်အတွက်

## ဒဂုန်ရွှေညာမောင် ရေးစီသော မင်္ဂလာနှုတ်ဆက်သီချင်း (သူရိယသန်းသန်း သီဆိုသည်။)

၁။ ထွက်လာရပုံက၊ စကြာလလံ ပုံပမာ၊ ပင်းယဆောင်ထက်မှာ၊
ဝင်းပအရောင်လက်၊ ပြောင်လျက် ဝေဝေဖြာ့၊ မေတ္တာမှန် အေးရေပါ။
ပန္နာ့ရန်ဘေးသွေကာ။
ပြောရှာ ကောလာ၊ ဩဘာမြင့်လို့၊ ထောမနာတင့်တဲ့ ဇော်ဆရာ။
ဇမ္ဗူတစ်သောင်း မြေတစ်ခွင်မှ၊ နမူကောင်း အခြေတင်ပြ၊
ဆရာဦးဝန်က ပြောင်ထိန်သမ္ဘာ၊ သားကောင်းသားမြတ် မျိုးစစ်မြန်မာ့။
မင်းနေမြို့တော် နိုင်ငံခြားမှာ၊ ပြိုင်စံရှားစေရာ၊ အရှေ့ဘက်တိုင်း တို့ဘာသာ။
၂။ မိတ်ဆွေပေါင်းသဟာ၊ စုံလင်စွာ၊ အောင်နိမိတ်ဆင်ကာ၊ အောင်သီချင်းဂီတာ၊
တောင်းဆုချွေကာ့၊ ကောင်းကြီး ဩဘာတော်သံ၊ ကျူးရင့်ဘာသာ၌
ပြည်တော်ပြန်၊ ပြည်တော်ပြန်၊ လှစေရာ၊ လှစေရာ



www.burmeseclassic.com

www.burmeseclassic.com



ပန်းသပြေပါ ညောင်ရေလောင်းကာ။
သူရိယသန်းဖျိုကညာ၊ ဝန္ဒနာ ဆယ်ဖြာသကာ၊ ဦးညွတ်ပါ၍။
တက္ကသိုလ်ရာဇဝင်မှာ၊ ထူးချွန်သူများ ဘယ်မလဲမေးတော့၊
ရွှေပင်းယ၊ ငွေပင်းယ၊ ရတနာသတဲ့ ပင်းယကျောင်းဆောင်မဟာ။
၃။ ရွှေညာမောင်ကဖြင့် ဂရုစမွလွန်စွာ။
သေသေချာချာ ခေါင်ပထမ၊ ပြုသမျှဝန္တာ၍၊ မတွေ့ဖူး၊ မကြုံဖူး၊ မြူးပျော်စေဖို့ရာ။
အောင်ပွဲသဘင် မဟာ၊ အောင်နန်းဘုံပမာ၊ အောင်ခွန်းဆက်ကာ၊
အောင်ကြောင်းမင်္ဂလာ၍။
ပညာမှာထူးချွန်စွာ၊ ဦးဝန်မှာ ထူးချွန်စွာ၍။ ကဝိန္ဒာဘွဲ့တော်မံဟာ၊
နှင်းအပ်ခွင့်ပြုပါဆရာ။

*၁၂၉၈၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ သောကြာနေ့ည၊*
*ရန်ကုန်မြို့ ကာလဘတ်လမ်း၊ ၁၃၈၊ မြန်မာ့ဂုဏ်ရည်ပုံနှိပ်တိုက်၊*

ပင်းယကျောင်းဆောင် ကျောင်းသားများက မင်္ဂလာစကားကို ဖတ်ကြားသည်။

ပင်းယကျောင်းဆောင် ကျောင်းသားများ ဖတ်ကြားသော မင်္ဂလာစကားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**အစိုးရပညာတော်သင်**
**ဦးဝန်-မဟာဝိဇ္ဇာအား**
**နှုတ်ဆက်မေတ္တာပို့မင်္ဂလာစကားကိုပင်းယကျောင်းဆောင်**
**သဟာယအသင်းသားများက**
**နှုတ်ခွန်းဆက် မေတ္တာပို့သော မင်္ဂလာစကား။**

ဆရာခင်ဗျား။

နှစ်နှစ်ကျော်၊ သုံးနှစ်မျှသောအချိန်အတွင်း၌ ဆရာနှင့်ကျွန်တော်တို့သည် ပင်းယကျောင်းဆောင်တွင် အတူတကွ နေထိုင်လာကြပါသည်။ ဆရာ၏ ကောင်းမြတ်သောစေတနာ၊ ဖြူဖြောင့်မှန်ကန်သောသဘောထား၊ ရိုးသားတည်ကြည်သောစိတ်များကြောင့် ကျွန်တော်တို့သည် ဆရာအား ကြည်ညိုပါသည်၊ ရိုသေကြပါသည်၊ ခင်မင်ကြပါသည်။

ကျောင်းသားများကို အပြစ်မရှာ၊ မှန်ကန်သောလမ်းကို ညွှန်ပြ၍ ကောင်းမွန်သောအကြံဉာဏ်ကိုပေးပြီးလျှင် တပည့်တို့စိတ်အလိုနှင့် မဆန့်ကျင်စေရ။ သင့်မြတ်ကြည်ဖြူအောင် စိတ်နှလုံးထားကာ ဖြောင်းဖျသွန်သင်ပေးသော ဆရာ၏ စိတ်နှလုံးထားကား မြင့်မြတ်လှပါ၏။ ဆရာသည် တပည့်တို့၏ ကိုးကွယ်ရာ၊ အားထားရာ၊ မှီခိုရာ၊ တိုင်ပင်ရာ၊ ယုံကြည်ရာအမှန် ဖြစ်ပါသည်။

ဆရာအဖြစ်နှင့်ပင် မဟုတ်သေးပါ။ မိတ်ဆွေအဖြစ်နှင့်လည်း ဆရာ့အပေါ်





တွင် ကျွန်တော်တို့၏မေတ္တာသည် ကြီးလှပါသေးသည်။ ခင်မင်ဖော်ရွေစွာ ပေါင်းသင်းတတ်သော အလေ့၊ မျက်နှာကြီးငယ်မလိုက် ညီမျှစွာဆက်ဆံတတ်သော ဝါသနာ၊ အစဉ်ကြည်လင်ချိုသာသောမျက်နှာထားတို့သည် ဆရာ့အားပိုမို၍ရင်းနှီးစေပါသည်။ အပြစ်ကင်းစင်သော ရယ်ဖွယ်စကားများ၊ အချိန်စီးလေးသော အကြံဉာဏ်ပေး စကားများသည် ဆရာ့အား အစဉ်သတိရအောင် ဖန်တီးသူများဖြစ်ပါသည်။ ဤသို့သော အကြောင်းများကြောင့် ကျွန်တော်တို့သည် ဆရာ၏ တိုးတက်ကြီးပွားချမ်းသာရေးကို ကောင်းမြတ်စင်ကြယ်သောစေတနာဖြင့် အမြဲအလိုရှိ တောင့်တကြပါသည်။

ဆရာ၏ ကောင်းမွန်မြင့်မြတ်သော သဘောထားအကျိုးအားကြောင့်လည်း ကောင်း၊ ပါရမီရင့်သန်သော ဉာဏ်စွမ်းပညာရည်ကြောင့်လည်းကောင်း၊ ကျွန်တော်တို့၏ စင်ကြယ်သော စေတနာထားကြောင့်လည်းကောင်း၊ ပညာတော်သင်အဖြစ်ဖြင့် ဘိလပ်နိုင်ငံသို့ သွားရောက်ရန် အခွင့်အရေးကို ဆရာရပေပြီ။ ကောင်းမြတ်သော မင်္ဂလာကြီးပေ။ ကျွန်တော်တို့၏ ဝမ်းမြောက်ခြင်းကား အတိုင်းမသိ။

မြန်မာစကား၊ မြန်မာစာပေနှင့် ဆက်သွယ်နေသော အရှေ့တိုင်းပညာရပ်များကို ဆည်းပူးရန်မှာ မြန်မာစကားအရင်းအမြစ်ကို ကျနစွာစိစစ်နိုင်ရန်ဖြစ်သဖြင့် မြန်မာပြည်အဖို့ အကျိုးထွန်းကားဖွယ်မှန်ပါသည်။ ဆရာ၏ မြဲမြံသော လုံ့လ လျှင်မြန်သော ဉာဏ်၊ ရင့်သန်သော ပါရမီတို့ကြောင့် အပြီးတိုင်ဆုံးခန်းမြောက်အောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ဆရာ့အား ပညာတော်သင်အဖြစ်ဖြင့် ရွေးလိုက်ရာတွင် ကျွန်တော်တို့ မြန်မာပြည်အတွက် ကံကောင်းသည်ဟု ဆိုရပါမည်။ အကြောင်းမှာမူ အရှေ့တိုင်းပညာကို သင်ယူရန်ထက် ဆရာ၏ ပင်ကိုဉာဏ်ရင့်သန်သော ကဗျာ့စွမ်းရည်ကို တစ်ပြည်လုံး၊ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး ကျော်ကြားစေရန် လမ်းစကို ထွင်သည်နှင့်တူသောကြောင့်ဖြစ်ပါသည်။

ဆရာ၏ ကဗျာစွမ်းရည်သည်ကား ယခုအခါ မြန်မာပြည်၌သာ ထင်ရှားပါသေးသည်။ ဆရာ အနောက်တိုင်းသို့ရောက်၍ ပညာရှိမျိုးစုံ၊ စာဆိုဗိုလ်ပုံအလယ်တွင်မှ ဆရာ၏ကဗျာဉာဏ်ရောင်သည် ပြောင်သည်ထက်ပြောင်ကာ တေးရန့်တို့သည် ပြန့်သည်ထက် ပြန့်ပါတော့မည်။ အမြင်သစ်၊ အကြားသစ်တို့နှင့်ကြုံရမှ၊ အကြံသစ် ဉာဏ်သစ်မွေးဖွား၍ ဆရာ၏ကဗျာတေးတို့သည် မွှေးသည်ထက်မွှေးပြီးလျှင် တဗျာ ရောင်ခြည်သည် ကြည်သည်ထက် ကြည်လာမည်မှာ အမှန်ဖြစ်ပါတော့သည်။

ထို့ကြောင့် ကွမ်းခြံကုန်းမြို့၏ အားတက်ဖွယ်ရာ၊ တက္ကသိုလ်၏ ဂုဏ်ယူဖွယ်ရာ၊ မြန်မာပြည်ရာဇဝင်တွင် စာတင်ဖွယ်ရာ သားကောင်းသားမြတ်ဖြစ်၍ ဆရာ၏ တေးသံစည်သည် တစ်ကမ္ဘာလုံးလျှံပြီးလျှင် တေးရောင်ခြည် **သီဟာစန်း**သည် တစ် လောကလုံးကို ပက်ဖျန်း၍ ရှင်လန်းကြည်အေးပါစေသော၀်-ဟု ယခု ကျွန်တော်တို့ ပင်းယကျောင်းဆောင်တပည့်များက ကြီးမားသောစေတနာနှင့် မင်္ဂလာရှိသော ညနေ အခါတွင် နှုတ်ဆက်စာပါးပါသည် ဆရာ ဦးဝန်ခင်ဗျား။




www.burmeseclassic.com

www.burmeseclassic.com



'မင်းသုဝဏ်'အမည်ရှိ အဘ၏ကဗျာစုနှင့် အင်္ဂလိပ်ဘာသာပြန်များကို သူငယ်ချင်းများက ပုံနှိပ်ဝေငှသည်။ စာအုပ်ငယ်ကို ပင်းယကျောင်းဆောင် သဟာယ အသင်းကိုယ်စား အဘ၏မိတ်ဆွေ ဦးညိုမြကတာဝန်ယူ၍ ပြည်ကြီးမဏ္ဍိုင် ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။ အုပ်ရေ ၅၀၀မျှသာ။ ဆရာလုစ္စက အင်္ဂလိပ်လို အမှာစာရေးသည်။ ကဗျာ(၁၀)ပုဒ်နှင့် 'ဘကြီးအောင်ညာတယ်'ဝတ္ထုတိုပါသည်။ ဝတ္ထုတိုကို သူကြီးဂေဇက် ဦးခင်မောင်က ဘာသာပြန်၏။ ကဗျာများကို ဆရာဦးခင်ဇော်'ကေ'နှင့် အဘ၏ သူငယ်ချင်းများဖြစ်ကြသော ဦးညီညီ (သမဝါယမဌာန အတွင်းဝန်) ဦးမျိုးမင်း(အင်္ဂလိပ်စာ ပါမောက္ခ)တို့က ဘာသာပြန်ကြသည်။

ဩဂုတ်လ ၁၈ ရက်နေ့တွင် အပြာရင့်ရောင် နိုင်ငံကူးလက်မှတ်အမှတ် ၁၈၁၅၅ ကို အဘရသည်။ ရှေးနှစ် ၇၀ အခါက နိုင်ငံကူးလက်မှတ် မည်သို့မည်ပုံရှိသည်ကို သိရှိနိုင်ရန် ဖော်ပြပါသည်။



မောင်ဝန် (မင်းသုဝဏ်)၏ ၁၈-၈-၃၆ နေ့စွဲပါ နိုင်ငံကူးလက်မှတ်။

နိုင်ငံကူးလက်မှတ်ရပြီးနောက်တစ်နေ့ စိန့်ဂျွန်းကျောင်းသားဟောင်းများအသင်းက Savoy ၌ လက်ဖက်ရည်ပွဲနှင့် ဧည့်ခံကြသည်။ ဩဂုတ်လ ၂၀ ရက်နေ့တွင်တော့ အချိန်လု၍ အဘသည် ကွမ်းခြံကုန်းရှိ မိဘနှစ်ပါးထံ ကန်တော့ရန် သွားရလေသည်။ ဆွေမျိုးနှင့် ငယ်သူငယ်ချင်းအပေါင်းကို အပြေးအလွှား နှုတ်ဆက်ရသည်။ နောက်တစ်နေ့ ရန်ကုန်ပြန်။ တက္ကသိုလ်ဆေးရုံ **(University of Rangoon Sanatorium)** မှ ကျောက်ဆေးထိုးပြီးကြောင်း သက်သေခံလက်မှတ်ယူရသည်။ ယင်းလက်မှတ်မပါက အင်္ဂလန်နိုင်ငံက ပြည်ဝင်ခွင့်ပြုမည် မဟုတ်ပေ။

ပညာရေးဌာနအတွင်းဝန် ဦးကျော်မင်း **(Bar-at-Law, I.C.S)** ထံမှ **Public Instruction** ဌာန ညွှန်ကြားရေးမှူးသို့ ၎င်း၏ မူလပေးစာကို ရည်ညွှန်းအစားထိုး






သည့် ဩဂုတ်လ ၂၁ ရက်နေ့စွဲပါ စာမိတ္တူမှန်ကိုလည်း အဘလက်ခံရရှိသည်။ (ရည်ညွှန်းစာ အထောက်အထား ရှာမတွေ့)။ စာတွင်-

- မောင်ဝန်ကို **St. Catherine's Society, Oxford** လက်ခံလိုက်သည်ကို အိန္ဒိယ မဟာမင်းကြီး **(Indian High Commissioner)** က အကြောင်းကြားလာကြောင်း
- ပညာသင်ကာလမှာ ၃ နှစ်
- အစိုးရစရိတ်ဖြင့် ဩဂုတ်လ ၂၂ ရက်ခန့်တွင် 'ပဲခူး'သင်္ဘောဖြင့်ထွက်ခွာရန်
- တစ်နှစ် ပညာသင်စရိတ် ပေါင် ၃၀၀

စသည်တို့ ဖော်ပြပါရှိလေသည်။

အကြောင်းကြားစာကို ဩဂုတ်လ ၂၁ ရက်နေ့စွဲဖြင့်တွေ့ရသော်လည်း တစ်နည်းနည်းအားဖြင့် အဘအား ကြိုတင်အကြောင်းကြားထားဟန်ရှိသည်။ အကြောင်းမူကား ၁၉၃၆ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် သန်လျင်မြို့ ဗိုလ်ချုပ်၌ ကျောက်ချထားသော 'ပဲခူး'သင်္ဘောဖြင့် အဘ၏ပညာတော်သင်ခရီးစခဲ့ရ၍ ဖြစ်သည်။


အောက်တိုဘာလထုတ် စာဆိုတော်မဂ္ဂဇင်း အတွဲ ၁၊ အမှတ် ၅ ကလည်း မဂ္ဂဇင်းမျက်နှာဖုံးတွင် အဘပုံဖြင့်၊ အတွင်း၌ ဦးဝန်၊ မဟာဝိဇ္ဇာ အတ္ထုပ္ပတ္တိကို တစ်မျက်နှာခွဲခန့် ရေးသားဖော်ပြဂုဏ်ပြုခဲ့သည်။ ဤတွင် အမိမြေမှထွက်ခွာပြီး နောက်တစ်နေ့ (၂၃-၈-၃၆)၊ ပဲခူးသင်္ဘောပေါ်၌ ရေးသည့် အဘ၏မှတ်တမ်းကို ဖော်ပြပါမှ ရှေးခေတ်အစဉ်အလာ၏ ရုပ်ပုံကားချပ် ပြည့်စုံရုပ်လုံးပေါ်မည်ဖြစ်ပါ၍ နိဂုံးချုပ်အနေဖြင့် ဖော်ပြလိုက်ရပါတော့သတည်း။





www.burmeseclassic.com

www.burmeseclassic.com





# ဆရာမောင်ဝ စာတစ်စောင်မှပေးသော အတွေးများ

နှစ်ပေါင်း ၇၀ နီးပါးက စာတစ်စောင်။ ရေးလာသူက ဆရာမောင်ဝ (သိပ္ပံမောင်ဝ)။ ဆယ်စုနှစ်ပေါင်းများစွာ စာကို မပျောက်မပျက် ထိန်းသိမ်းထားသူက အဘ(မင်းသုဝဏ်)။ စာပါအကြောင်းအရာက မများလှ၊ မထူးခြားလှ။ ခင်မင်ရင်းနှီးသူနှစ်ဦးအကြား၊ တစ်ဦးက စာမရေးတာကြာ၍ ပြောလာသောကြောင့် မရေးဖြစ်ရသည့် အကြောင်းရင်းခံကလေးများ ဖော်ပြဖြေရှင်းလာသည့် စာကလေးတစ်စောင်မျှသာ။ စာကို ဖတ်ရင်း အဘတို့ခေတ်အကြောင်း၊ စာပေအသိုင်းအဝိုင်းနှင့် အခြေအနေဆက်စပ်ရာပုဂ္ဂိုလ်အချို့တို့အကြောင်းကို အနည်းငယ် အတွေးနယ်ချဲ့မိသည်။ ကြားဖူးနားဝအကြောင်း တချို့ကို စိတ်ဝင်စား၍ လက်လှမ်းမီရာ စာအုပ်စာတမ်းအချို့မှ ရှာဖွေကြည့်မိသည်။

အဘနှင့် ဆရာမောင်ဝတို့အကြောင်း စဉ်းစားသည်။ သည်အခါတွင် ဘကြီးဖော်(ဆရာဖော်ဂျီ)အကြောင်းက မပါ၍ မဖြစ်ပါ။ သုံးဦးစလုံး ဆရာကြီးဦးဖေမောင်တင်၏ တပည့်ရင်းများ ဖြစ်ကြသည်။ ဆရာကြီး ဂရုထား၊ မြေတောင်မြှောက်၊ ကင်ပွန်းတပ်ပေးလိုက်၍သာ "ခေတ်စမ်းစာဆို"များ စာရင်းဝင်ခဲ့ကြရပါသည်။ နောင်တစ်ချိန်တွင် "ခေတ်စမ်း၏ ပန်း သုံးပွင့်"ဟူ၍ပင် အများ၏ တင်စားအသိအမှတ်ပြုခြင်းခံကြရသည်။

ဆရာမောင်ဝက ၁၈၉၉ ဖွား၊ အဘက ၁၉၀၉ ဖွား။ ၁၀နှစ် တင်းတင်းပြည့် ကွာလေသည်။ ဆရာ ကောလိပ်ရောက်ချိန် အဘက ကွမ်းခြံကုန်းမြို့ အမျိုးသားကျောင်းမှ ရန်ကုန်မြို့ ဆရာမှတ်ကြီးကျောင်းခေါ် စိန့်ဂျွန်းကျောင်းသို့ ရောက်ခါစ ဒုမတန်းကျောင်းသားငယ်မျှသာ။ ဘကြီးဖော်က ၁၉၀၇ဖွား။ အဘထက် ၂



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကြီးသည်ဘကြီးဖော်ကောလိပ်ရောက်စ၊ ဆရာ မောင်ဝက နှစ်ကြီးကျောင်းသား[ဏ]။ ဘကြီးဖော်နှင့် ဆရာတို့ တကောင်းဆောင်၌ Row တစ်ခုတည်း နေကြရပြီး အလွန်ရင်းနှီးခဲ့ကြသည်။ ၁၉၂၉ ခုနှစ် အဘ ကောလိပ်စရောက်သည့်နှစ် ဆရာ မောင်ဝက အောက္ကစဖို့ဒ် **(Oxford)** ပညာသင် ၂ နှစ်ခရီး ပြီးဆုံးချိန်သို့ပင် ရောက်နေပေပြီ။ သို့သော်လည်း အဘ၏ ဥပစာတန်း မြန်မာ စာစီစာကုံးဆရာက ဘကြီးဖော် ဖြစ်နေသည်။ 'နေရောင်ထဲတွင် ကစားနေသောကြောင်ကလေးများ' စာစီစာကုံး ခေါင်းစဉ်ကို အဘ အကြိုက်တွေ့၍ရေးသည်။ အမှတ်ပြည့် ၁၀ မှတ်မှာ ၉ မှတ် ရသည်။ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်းများမှ ဆရာဇော်ဂျီ၏ စာတို့ကို အဘ အထူးစွဲလမ်းသည်။ 'ပိတောက်ပန်း' ကဗျာက ထိပ်ဆုံးမှပါသည်။ 'ကျောင်းချစ်' ကလောင်အမည်ဖြင့် ဘကြီးဖော်ရေးသည့် ယင်းကဗျာကို ဆရာ ဦးခင်ဇော် (K)က အင်္ဂလိပ်ဘာသာသို့ ထိထိခိုက်ခိုက် ဘာသာပြန်လိုက်၍၊ အချိုပေါ် သကာလောင်းဘိသကဲ့သို့ အဘခံစားရသည်။ ဤကဗျာကပင် အဘအား ကုန်းဘောင်ခေတ် ဆည်းဆာရောင်ထဲမှ ခေတ်စမ်းအရုဏ်ဦး ရောင်နီထဲသို့ ပို့လိုက်လေသည်။ ဘကြီးဖော်က သထုံဆောင်၊ အဘက ပဲခူးဆောင်။ 'ဘီအေနှင့် အိုင်အေ၊ ဆရာနှင့် တပည့်၊ ကွာဟမှုရှိလင့်ကစား ကျွန်ုပ်တို့နှစ်ဦးမှာ သွားဖော်လာဘက်၊ ဆွေးနွေးဖော် ဆွေးနွေးဘက် ဖြစ်လာကြပါသည်' ဟု အဘက ဆိုသည်။ သိပ္ပံမောင်ဝနှင့် ဘကြီးဖော်၊ ဘကြီးဖော်နှင့် အဘ။ အဆက်အစပ်က ရှိနေတော့သည်။

အဘနှင့် ဘကြီးဖော်တို့က ကောလိပ်မဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်းတို့တွင် ကဗျာများ ရေးကြသည်။ သိပ္ပံမောင်ဝခေါ် ဦးစိန်တင်က စကားပြေ အရေးကောင်းသည်။ ဆရာမောင်ဝက ပညာရှင်များနှင့်လည်း စာလှမ်းရေးကာ မိတ်ဖွဲ့တတ်သည်။ ဆရာ မောင်ဝ၏ စာတစ်စောင်တွင် -

"မောင်ဝ၌ ရှင်သောဉာဏ်ရှိစေကာမူ လက်ာဉာဏ်ကား ထင်သလောက်မရှိသည်ကို မောင်ဝန်လည်း ရိပ်မိပေလိမ့်မည်။ မောင်ဝကား လင်္ကာဆရာမဟုတ်။ လူပြက်မျှသာတည်း။"

ဟူ၍ပင် ဆရာမောင်ဝ၏ မိမိကိုယ်မိမိ သုံးသပ်ပုံနှင့် အသောအရွှန်းတလေး ဖောက်ထားပုံကို တွေ့ရသည်။ ဤသို့နှင့်မကြာမီ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်တို့ သုံးဦးသား ရဲဘော်သုံးယောက် ဖြစ်ခဲ့ကြလေသည်။ ခေတ်စမ်းစာပေကို အားထုတ်ပြုစုကြသည်။ စာပေတာဝန်ထမ်းဆောင်ရာတွင်လည်း သုံးဦးသား ဆက်စပ်မှုများက ရှိပြန်သည်။ ၁၉၃၅ခု စက်တင်ဘာလတွင် ဦးစိန်တင် (ဆရာမောင်ဝ)သည် ဂန္ထလောကမဂ္ဂဇင်း၏ ဂုဏ်ထူးဆောင်အယ်ဒီတာ။ ဆရာ နယ်တာဝန်ထမ်းဆောင်ရန်ရှိလာသောအခါ ဆရာ့တာဝန် လွှဲပြောင်းယူရသူက ဦးဝန်(အဘ)။ အဘတွင် မြန်မာနိုင်ငံပညာ ပြန့်ပွားရေးအသင်း၏ ကော်မတီအဖွဲ့ဝင် တာဝန်ကလည်း ရှိသေးသည်။ အဘ အောက္ကစဖို့ဒ် ပညာသင်သွားရန် နီးလာသောအခါ ဂန္ထလောက တာဝန်ကို





ဦးမျိုးမင်း (အင်္ဂလိပ်စာ ပါမောက္ခ - ကွယ်လွန်)က ဆက်ခံသည်။ မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်း၏ တာဝန်ကို ဦးသိန်းဟန် (ဆရာဇော်ဂျီ)က လွှဲပြောင်းယူသည်။

ပညာသင်ဘဝတွင် ဆရာမောင်ဝနှင့် အဘ၊ စိတ်ဝင်စားဖွယ်ကောင်းသောတူညီဖြစ်စဉ်များရှိသည်။ ဆရာက ဥပစာအောက်တန်း(အိုင်အေဂျူနီယာ)ကို ထူးချွန်စွာ အောင်သည်။ မြန်မာဘာသာ ပထမရ၍ သာဒိုးအောင်ဆု၊ ပါဠိဘာသာ ပထမရ၍ ကောလိပ်ပါဠိဆုတို့ရသည်။ အဘက ပထဝီဘာသာဂုဏ်ထူးဖြင့် ဆယ်တန်းအောင်သည်။ ဘာသာရပ်တိုင်း အမှတ်ညီညီ အဆင့်ကောင်းကောင်းရ၍ တက္ကသိုလ်က **Exhibition Scholarship** ဆရာမှတ်ကျောင်းက **Mark's Scholarship** ရသည်။ ဥပစာနှစ်တန်းကို တစ်နှစ်တည်းနှင့် ဖြေဆိုခွင့်ရ အောင်မြင်သည်။ ဆရာမောင်ဝက ဆရာကြီးဦးဖေမောင်တင်၏ ပထမဦးဆုံး ဝိဇ္ဇာ မြန်မာစာဂုဏ်ထူးတန်းကျောင်းသား၊ တစ်ဦးတည်းသောအတန်းသား။ ပထမတန်းဖြင့် အောင်၍ **Dally Jamshedji Chinai** ဆုရသည်။

နောင် ၆ နှစ်အကြာ အဘလည်း ဝိဇ္ဇာမြန်မာစာဂုဏ်ထူးတန်းကို ပထမတန်းဖြင့် အောင်၍ **Dally Jamshedji Chinai** ဆု ပင် ရပြန်လေသည်။

ဆရာမောင်ဝနှင့် အဘတို့နှစ်ဦး၏ အထူးအံ့ဖွယ်တိုက်ဆိုင်မှုတစ်ရပ်ရှိပေသေးသည်။ ဆရာမောင်ဝက အောက္ကစဖို့ဒ် ပညာသင်ဆုရ၍ ၁၉၂၇ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် ရန်ကုန်မှ 'စစ်ကိုင်း'သင်္ဘောဖြင့် အင်္ဂလန်သို့ ထွက်ခွာသည်။ အဘသည် နောင် ၉ နှစ်တင်းတင်းပြည့်သည့် ၁၉၃၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့၌ပင် 'ပဲခူး'သင်္ဘောဖြင့် အောက္ကစဖို့ဒ် ပညာသင်ခရီးထွက်ရပြန်သည်။ တစ်လအကြာ ဆရာ့သင်္ဘောက ပလစ်မတ်(သ်) **(Plymouth)** ဆိပ်ကမ်းတွင် ဆိုက်သည်။ ယင်းမှ လန်ဒန်မြို့ ပက်ဒင်တန်ဘူတာ **(Paddington Station)**သို့ ခရီးဆက်၊ လန်ဒန်မှ အောက္ကစဖို့ဒ်၊ ခရိုက်(စ)ချပ်(ချ်) ကျောင်းတိုက် **(Christ Church)**သို့ နောက်ဆုံးရောက်သည်။ အဘ၏ပဲခူးသင်္ဘောက တစ်လနှင့် နှစ်ရက်အကြာ တီလ်ဘရီ **(Tilbury)** ဆိပ်ကမ်းတွင်ဆိုက်သည်။ ယင်းမှ လန်ဒန် ချယ်ရင်ခရော့(စ်)ဘူတာ **(Charingcross Station)**သို့ ခရီးဆက်၊ နောက်ဆုံး လန်ဒန်မှ အောက္ကစဖို့ဒ်၊ စိန့်ကက်သရင်းကျောင်းတိုက် **(St. Catherine's)** သို့ အဘရောက်သည်။

ဆရာမောင်ဝ၏ပေးစာသည် အဘ အောက္ကစဖို့ဒ်တွင်ရှိစဉ် ၁၉၃၈ ခုနှစ် နွန်လ၌ ဆရာမောင်ဝရွှေဘိုမှရေးလိုက်သောစာဖြစ်သည်။ ဆရာ မောင်ဝသည် စာရေး ရသည်ကို အားရဟန် မတူ။ စကားလှမ်းပြောချင်စိတ်က ပိုကဲနေဟန်ရှိသည်။ ထို့ကြောင့်လည်း အားရပါးရ တရင်းတနှီးစာကို 'မောင်ဝန်ရဲ'ဟု အစချီလိုက် ဟန်တူတော့သည်။ ခေတ်စမ်း-၂ကို 'မန္တတာ စတီးဝပ်ဖို့ တစ်အုပ်၊ မန္တတာ ဒန်းအတွက် တစ်အုပ်' ဟု ဆိုသည်။ သာမန် ကြည့်လျှင် ဆရာသည် အင်္ဂလိပ်မိတ်ဆွေနှစ်ဦးထံ စာအုပ်လက်ဆောင်ပေးခြင်းသာဖြစ်သည်။ ခေတ်စမ်း-၂ မှာ ဆရာမောင်ဝ တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တည်းရေးသည့် ပုံပြင်၃၁ ပုဒ်ပါဝင်သော ခေတ်စမ်းပုံပြင်ဒုတိယတွဲဖြစ်သည်။ အင်္ဂလိပ်မိတ်ဆွေများခေတ်စမ်းပုံပြင်စာအုပ်ရတော့ အမှတ်တရသိမ်းရန်လား၊ ဘာလုပ်မှာလဲဟု စဉ်းစားစရာ။ အမှန် တကယ်တွင် ဤပုဂ္ဂိုလ်နှစ်ဦးနှင့် မြန်မာလူမျိုး၊ မြန်မာစာပေနှင့်ယဉ်ကျေးမှုဆက်နွယ်မှုကား များစွာမှတ်သားဖွယ်ကောင်းလှပေသည်။

မစ္စတာစတီးဝပ် **(Mr. J. A. Stewart, C.I.E, M.C, M.A, L.L.D.)** သည် ၁၉၁၀ ခုနှစ်၌ စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံသုတေသနအသင်းကြီး၏ အမှုဆောင် အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ အသင်းကြီး၏ ဂျာနယ်အတွဲ(၁)၊ အပိုင်း(၂)တွင် မြန်မာသားချော့သီချင်းများအကြောင်း ဆောင်းပါးတို့၊ အတွဲ(၄)တွင် 'ပေါက်ပင်ဘာပြုလို့ ကိုင်းရတယ်' ဆိုသောအကြောင်းအကျိုးဆက် မြန်မာကလေးသီချင်းနှင့် အလားတူ မွန်ကလေးသီချင်းတို့ကို ရှာဖွေနှိုင်းယှဉ်တင်ပြခဲ့သူဖြစ်သည်။ အသင်းဂျာနယ် အစောင်စောင်တို့တွင်လည်း -

(၁) **The Bumese Drama**

(၂) **Some Songs and a Riddle**

(၃) **Spinning Magic**

(၄) **Roselle Buds**

ခေါင်းစဉ်များဖြင့် မြန်မာစာ မြန်မာမှုဆိုင်ရာ စာတမ်းများကိုလည်း တင်ပြခဲ့သည်။ ၁၉၂၅ ခုနှစ်လောက်မှစ၍လည်း မြန်မာ-အင်္ဂလိပ် အဘိဓာန်တစ်ခုပြုစုရေးကို မစ္စတာဒန်းနှင့် စတင်ပူးတွဲဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံမှ အလုပ်တာဝန်များ အနားယူကာ အင်္ဂလန်ပြန်ရောက်ပြီးနောက် အဘိဓာန်လုပ်ငန်းအတွက် ဆက်လက်ကြိုးစားသည်။ ၁၉၃၅ ခုတွင် **Leverhume Research Fellowship** ခေါ် သုတေသန အထောက်အပံ့တစ်ခု ရသည်။ အထောက်အပံ့ရငွေဖြင့် မြန်မာနိုင်ငံမှ ပညာရှင် ဦးခင်မောင်လတ် **(A.T.M, B.A)**ကို အင်္ဂလန်သို့ခေါ်ယူ၍ ၎င်း၏လုပ်ငန်းကို ကူညီဆောင်ရွက်စေသည်။

အောက်စဖို့ဒ်တွင် ၂ နှစ် ပညာဆည်းပူး၊ စာတမ်းတစ်စောင်တင်ပြီး အဘသည် လန်ဒန်ရှိ **School of Oriental and African Studies** ခေါ် အရှေ့တိုင်းနှင့် အာဖရိက ပညာရပ်များ လေ့လာရေးကျောင်းသို့ ပြောင်းချိန်၊ မစ္စတာစတီးဝပ်သည် မြန်မာစာဌာနမှူးဖြစ်သည်။ ဆရာကြီးက သူ့ခြံဝင်းထဲ၌ သီးခြားအဆောင်ဆောက်၍ မြန်မာ-အင်္ဂလိပ် အဘိဓာန်ကို တည်းဖြတ်နေသည်။ ကျောင်းပိတ်ရက်များရောက်လျှင် အဘသည် ဆရာကြီးရှိရာ **Bishop's Stortford** မြို့ကလေးသို့ သွား၍ ဦးခင်မောင်လတ်နှင့်အတူ ဝိုင်းဝန်းကူညီ၍ အဘိဓာန်လုပ်ငန်းကို လက်တွေ့လေ့လာသင်ယူသည်။ အခြား ကူညီသူတစ်ဦးမှာ မစ္စတာစတီးဝပ်၏ ဇနီးဖြစ်သည်။ မစ္စစ်စတီးဝပ်မှာ မြန်မာစစ်စစ်ဖြစ်ကြောင်း ဦးသော်ကောင်း(အငြိမ်းစား-တက္ကသိုလ်များစာကြည့်တိုက်မှူး)ထံမှ သိရပါသည်။



မစ္စတာ စတီးဝပ်သည်'အ'အက္ခရာပိုင်း အဘိဓာန်ကို စတင်ပြုစုနေစဉ်ဖြီးသမျှကို အဘအား ဝေဖန်ခိုင်းသည်။ (အကျိ) ဆိုသောပုဒ်အတွက် အသံထွက်ကို (အိန်းဂျိ)ဟု အသံလှယ်အက္ခရာနှင့် ပေးထားသည်ကို (အင်းဂျိ)ဟု အဘက ပြင်လိုက်ရာ၊ ပြင်ရခြင်းအကြောင်းကို မေးသည်။ ခေါ်သည့်အသံအတိုင်းပြင်ရကြောင်း အဘကဖြေရာ၊ ဘယ်အရပ်သားလဲဟု ဆရာက ထပ်မေးသည်။ ဟံသာဝတီခရိုင်သားဟု ဖြေရာ ထိုအရပ်သည် မြန်မာစကားထွန်းကားသော အရပ်မဟုတ်၊ သူ့အလုပ်လုပ်ခဲ့ရာ မကွေးအရပ် စသည်တို့သာ မြန်မာဘာသာစကား ထွန်းကားရာဖြစ်ကြောင်း ပြောပြီး၊ အထက်အညာအသံထွက်အတိုင်း (အိန်းဂျိ)ဟု ပေးထားကြောင်း ပြန်ရှင်းပြသည်။ ဤသို့အားဖြင့် အဘသည် မစ္စတာစတီးဝပ်ထံမှ ဗဟုသုတလည်းရ၊ အဘိဓာန်လုပ်ငန်းတွင် ကြုံရသည့် စာလုံးပေါင်း၊ အသံထွက်၊ အနက်ထူးပြဿနာများတို့တွေးမိကာ ကြက်သီးထမိသည်ဆို၏။ **A Dictionary without examples is a skeleton** ဟူသော အဆိုအမိန့်ကိုလည်း သဘောပေါက်ခဲ့ရသည်။ ရခိုင်ပြည်နယ် မှုစ်သောင်းဘုရားမှ ရှေးဟောင်းသက္ကတသမိုင်းကျောက်စာများကို ဖတ်ရှုမှတ်ချက်ရေးသည့် **Prof. Dr. E. H. Johnston** ဆိုသူ ကွယ်လွန်ပြီးနောက်လည်း မစ္စတာစတီးဝပ်က ဆက်လက်အချောကိုင် ထုတ်ဝေသေးသည်ဟု မှတ်သားဖူးကြောင်း အဘက ဆိုသည်။

အောက္ကစဖို့ဒ် တက္ကသိုလ်တွင် ၂နှစ်ကြာသင်ယူခဲ့သော ပါဠိ၊ သက္ကတ၊ တိဘက်ဘာသာတို့နှင့် ဘာသာဗေဒပညာရပ်များက မြန်မာအဘိဓာန်လုပ်ငန်းတွင် များစွာ အသုံးဝင်လေသည်။ တဖန် ဆရာစတီးဝပ်ထံမှရရှိခဲ့သော အဘိဓာန်ပညာ **(Lexico-graphy)** အတွေ့အကြုံများကြောင့်နောင် ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၄ ခုနှစ်၊ အစိုးရက တည်ထောင်သည့် မြန်မာနိုင်ငံ ပညာတံခွန်အသင်းက အဘိဓာန်လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ရန် အပ်နှင်းသည့်အခါ အဘသည် မိမိကိုယ်မိမိ ယုံကြည်စိတ်ချစွာ စာတည်းမှူးအဖြစ်လုပ်ဆောင်သည်။ စစ်ဘေးစစ်ဒဏ် အထိုက်အလျောက် ကင်းဝေးရာ ကွမ်းခြံကုန်းမြို့ ဂျားကျောင်း၊ ဦးကြာဇံဇရပ် (အဘိုးဖြစ်သူ၏ဇရပ်)၌ ၁၉၄၄ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့မှစတင်၍ ရုံးခန်းဖွင့်လှစ်သည်။

မစ္စတာဒန်း **(Mr. C. W. Dunn, C.I.E., M.A)** သည် အထက်တွင်ဖော်ပြခဲ့သော အဘိဓာန်ကြီးဖြစ်မြောက်ရေးကို အစပျိုးခဲ့သူဖြစ်သည်။ **Stevenson** ၏ ၁၈၉၃ ခုနှစ်တွင်ပုံနှိပ်ခဲ့သော **Judsons's Dictionary** ကို ပြန်လည်ဖြည့်စွက်ပြင်ဆင်မှုများ ပြုလုပ်သင့်ကြောင်း ၁၉၁၃ ခုနှစ်၊ မန္တလေးမြို့၌ ပြုလုပ်သော သမဂ္ဂဝါယမညီလာခံ၌ စတင်အကြံပေးကာ မြန်မာနိုင်ငံသုတေသနအသင်းသို့ ထောက်ခံတင်ပြခဲ့သည်။ ဆယ်စုနှစ် တစ်ခုကျော်ပြီး ၁၉၂၄ ခုနှစ်တွင် မစ္စတာစတီးဝပ်အပြင် အခြားပုဂ္ဂိုလ်နှစ်ဦးတို့နှင့်အတူ ဆက်လက်ကြိုးစားမှု အဘိဓာန်စီမံချက်ကို အလေးပေးညှိနှိုင်းစားခြင်းခံရသည်။ လစဉ် အစိုးရထောက်ပံ့ငွေ (၂၅၀ိ/)ဖြင့် လုပ်ငန်းကို နောက်ဆုံးထောက်ပံ့

www.burmeseclassic.com

www.burmeseclassic.com



ငွေရသည့် ၁၉၃၁ ခုနှစ်အထိ လုပ်ကိုင်ဆောင်ရွက်ကြသည်။ မြန်မာစကားလုံးများကို အထောက်အထား၊ ကျမ်းကိုးကျမ်းကား စာပိုဒ်များနှင့်အတူ မှတ်တမ်းတင်ထားသော ကတ်ပြားကလေးပေါင်း လေးသိန်းနှစ်သောင်းကျော် ရရှိခဲ့သည်။ စာအုပ်ပေါင်း လေးရာကျော်မှ ဖတ်ရှုလေ့လာ စကားလုံးစုခဲ့ကြသည်။ မြန်မာနိုင်ငံမှ အလုပ်ဝတ္တရားများ အနားယူ၊ အင်္ဂလန်ပြန်ရောက်ပြီးမှ မစ္စတာစတီးဝပ်နှင့် အဘိဓာန်လုပ်ငန်းအတွက် ထောက်ပံ့ငွေရှာလုပ်ငန်းဆက်ကြသည်။ မြန်မာနိုင်ငံတွင်ရှိစဉ် မစ္စတာဒန်းသည် မြန်မာနိုင်ငံသုတေသနအသင်း၏ ၉ ယောက်မြောက် ဥက္ကဋ္ဌဖြစ်ခဲ့သည်။ ဥက္ကဋ္ဌ တာဝန်ကို ၁၉၂၈ နှင့် ၁၉၂၉ ခုနှစ်၊ နှစ်နှစ်တိုင်တိုင် ထမ်းဆောင်ခဲ့သော ပညာရှင်ကြီး တစ်ဦး ဖြစ်လေသည်။

ဆရာ့စာ တစ်နေရာတွင် ခေတ်စမ်း-၂ 'အုပ် ၁၀၀၀ ထုတ်တာ၊ ငွေ ၅၀၀/ လောက် ကုန်သွားတယ်။ ငွေ ၃၀၀/လောက်ပြန်ရရင် ကျေနပ်ပါပြီ။ အခုတော့ဖြင့် တစ်ပြားမှမရသေးဘူး။အောက္ကစဖို့ဒ်ကို ထပ်ရိုက်တဲ့အတွက်လည်း ငွေ ၉၀၀/လောက် ကုန်သွားတယ်။ ငွေပန်း လူပန်းပလေ။ ဘာဖြစ်ဖြစ် ကိုယ်ဝါသနာ ပါတာကို လုပ်ရရင် တော်ပြီ' ဟုဆိုသည်။ စာရေးလာသည်မှာ ဖွန်လလယ်၊ စာအုပ် ထုတ်သည်မှာ မတ်လ၊ ၃ လမျှပင်မရှိသေး၍ မကြာမီ ဆရာ ငွေရရန်သာရှိပါသည်။ ဤသို့ဆိုရခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါ။ ခေတ်ဆန်းပုံပြင်များ ပထမတွဲကို ၁၉၃၄ ခုနှစ်တွင် ပထမအကြိမ် ရိုက်နှိပ်ခဲ့သည်။ သိပ္ပံမောင်ဝ၊ ပါမောက္ခ ဦးအေးမောင်၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ကုသ ငါးဦးတို့မှာ ကလောင်ရှင်များ ဖြစ်ကြသည်။ ယင်းစာအုပ်ကို ၁၉၃၄ မှ ၁၉၃၆ ခုနှစ်အတွင်း အုပ်ရေပေါင်း ၉၀၀၀၊ အကြိမ်ပေါင်း ၄ ကြိမ် ရိုက်နှိပ်ခဲ့ရသည်။ မည်သို့ပင် ရှိစေ၊ ဝါသနာပါသောအလုပ်ကိုလုပ်ရ၍ အရင်းတစ်ဝက် သာသာမျှရလျှင်ပင် ကျေနပ်ကြောင်း ဆရာမောင်ဝက တင်းတိမ်ရောင့်ရဲစွာဆိုထားသည်။ စာပေဝါသနာရှင်စစ်စစ် ၏ ချစ်ဖွယ်လက္ခဏာတစ်ရပ်ပေ။ 'အောက္ကစဖို့ဒ် တက္ကသိုလ်' ကို ၁၉၃၅ ခုနှစ်တွင် ပထမအကြိမ်အဖြစ် အုပ်ရေ ၂၀၀၀ မျှ ရိုက်နှိပ်ပြီးဖြစ်သည်။ တန်ဖိုး တစ်ကျပ်ရှစ်ပဲ၊ ထုတ်ဝေသူက 'မြန်မာနိုင်ငံပညာ ပြန့်ပွားရေးအသင်း' ဖြစ်သည်။ အသင်း၏ ၁၉၃၅-၃၆ ခုနှစ် ငွေပေးငွေယူ ရှင်းတမ်းတွင် **'Commission on sale of Oxford Diary'** ကို Rs 2-12-0 ဟု စိတ်ဝင်စားဖွယ် သတိပြုမိပါသည်။ စာအုပ်ထုတ်ဝေပြီး တစ်နှစ်အကြာ အသင်းရရှိသည့် ကော်မရှင်မှာ နှစ်ကျပ်ဆယ့်နှစ်ပဲမျှသာ ရှိပါသည်။ ငွေကြေးစီးပွားရေး ပညာရှင်များ အဖြေရှာနိုင်လျှင် ကောင်းပါမည်။ စိတ်ဝင်စားဖွယ် နောက်တစ်ချက်မှာ အသင်းကြီး စတင်တည်ထောင်သည့် ၁၉၂၈ ခုနှစ် ဇန်နဝါရီလ အစည်းအဝေးမှတ်တမ်းအရ အသင်းအမည်မှာ 'မြန်မာပြည် ပညာပြန့်ပွားရေးအသင်း' ဖြစ်ပါသည်။ ၁၉၃၅ ခုနှစ်လောက်တွင် စာအုပ်ကြော်ငြာနှင့် ထုတ်ဝေသည့်စာအုပ်တို့တွင် 'မြန်မာနိုင်ငံ ပညာပြန့်ပွားရေး အသင်း'ဟု သုံးစွဲနေပါပြီ။ မည်သည့်အချိန်တွင် 'ပြည်' မှ 'နိုင်ငံ'သို့ မည်သည့်အကြောင်း





ကြောင့် ပြောင်းလိုက်ရသည်ကို သုတေသီများ ရှာဖွေနိုင်လျှင်လည်း ကောင်းပါမည်။ အသင်း၏ လုပ်ငန်းကြီးလေးရပ်တွင် 'သတင်းစာထုတ်ဝေရေး'ကို လုပ်ငန်းတစ်ရပ် အဖြစ် ဖော်ပြထားပါသည်။ အင်္ဂလိပ်ဘာသာနှင့် ပြုစုထားသည့် နှစ်ပတ်လည် အစီရင်ခံစာတွင် **'Publication of a Magazine'** ဟု ဆိုထားပြန်ပါသည်။ ဤသည် လည်း ပညာရှင်များအတွက် စဉ်းစားစရာတစ်ချက် ဖြစ်ပါသည်။

စာဆုံးခါနီးတွင် ရွှေတိုနေအိမ်သို့ နေ့စဉ်လို အလည်လာတတ်သည့် ကျောင်းဆရာ 'ရွှေပြည်စိုး'ဆိုသူနှင့် 'စာအကြောင်း ပေအကြောင်းတွေကို ဆွေးနွေး နေကြတာနဲ့ပဲ အချိန်ကုန်သပ။ ဆရာဇော်၊ ဆရာဝန်တို့ဆီလည်း မကြာမကြာ ရောက်တော့တာပဲ'ဟု ဆိုလေသည်။ ရွှေပြည်စိုးမှာ လွန်ခဲ့သော နှစ်ခြောက်ဆယ်ခန့်က ဒဂုန်မဂ္ဂဇင်းတွင် လူကြိုက်များခဲ့သည့် 'မိုးနက်' ဝတ္ထုများကိုရေးသူ ဦးသန့်တင်၏ ကလောင်အမည်ဖြစ်ပါသည်။ စာရေးသူငယ်စဉ်က ဖွဲ့ခဲ့သော ကလောင်ရှင်ကြီး

ထွက်ပြီ — ထွက်ပြီ

ပေါ်ဈေး ၁၁-၀-၀ အောက္စဖို့ဒ်တက္ကသိုလ်မှတ်တမ်း ပေါ်ဈေး ၁၁-၀-၀

မှာကြားရန် — [illegible]

(၁၉၃၆ ခုနှစ် ဂျူလိုင်လထုတ်ပါ စာအုပ်ကြော်ငြာ)

ဖြစ်ပါသည်။ အဘနှင့် ပဲခူးဆောင်တွင် တစ်ဆောင်တည်းနေခဲ့ဖူးသော ကျောင်းနေ ဘက်သူငယ်ချင်းလည်း ဖြစ်ပေသည်။ ထို့ကြောင့်လည်း ဆရာမောင်ဝနှင့် ဦးလေး သန့်တင်တို့ စာပေဆွေးနွေးရာတွင် ဆရာဇော်ဂျီအကြောင်း၊ ဦးဝန်(မင်းသုဝဏ်) တို့ အကြောင်းက ပါလာရလေသည်။ အဘနှင့် ဦးလေးသန့်တင်တို့အကြား အမှတ်တရ ဖြစ်စရာ သမိုင်းကြောင်းတစ်ခု ရှိပါသေးသည်။ ၁၂၉၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် (၁၉၃၃ ခု၊ မတ်လ) နေ့၌ ရန်ကုန်တက္ကသိုလ် မွှာရုံကြီးဖွင့်မြစ်ချသည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီး၏ နာယကများနှင့် ကော်မတီ လူကြီးများစာရင်းတွင် နာယက လူကြီး ၇ ဦး၊ ဥက္ကဋ္ဌ ၁ ဦး၊ ဒုဥက္ကဋ္ဌ ၂ ဦး၊ အတွင်းရေးမှူး... အတွင်းဆောင် ၂ ဦး၊ ငွေထိန်း ၂ ဦး ပါဝင် ပါသည်။ နှစ်ဦးတည်းသော အတွင်းဆောင်တို့မှာ (၁) မောင်သန့်တင်၊ (၂) မောင်ဝန်တို့ သာ ဖြစ်ကြလေသည်။

ဆရာ့စာနိဂုံးတွင်-

'မောင်လူမွှေးကလည်း ၆ လထဲ ရောက်လာလို့ တော်တော် သိတတ်လာပြီ မောင်လူအေးကလည်း သူ့အတွက်ကြောင့် အလုပ်တစ်မျိုး များလာတော့တာပဲ အေး ထောက်နိုင်တော့ဘူး' ဟု သားငယ်အတွက် ပင်ပန်းသော်လည်း ပီတိဖြစ်နေဟန်ရှိပါ သည်။ မောင်လူမွှေးမှာ မောင်လူအေး(ဆရာမောင်ဝ)နှင့် ဇနီး ဒေါ်ခင်သန်းမြင့်တို့၏ သားဦးရတနာ ဦးတင်မောင်မြင့် ဖြစ်သည်။ နောင် ဆရာတို့တွင် မယ်မွှေး(ဒေါ်တင်



www.burmeseclassic.com

www.burmeseclassic.com



မေမြင့်)နှင့် မယ်ကေး(ဒေါ်တင်ဆွေမြင့်)ဟူသော သမီးနှစ်ဦး ထပ်မံထွန်းကားကြောင်း ဖော်ပြရင်း အတွေးနိဂုံးချုပ်အပ်ပါသည်။

[မှတ်ချက်။ ။ဤဆောင်းပါးတွင် စာပေပညာရှင် သုတေသီတို့ ထပ်မံဖြည့်စွက်စရာများ ရှိဦးမည်ကို ရိုးသားစွာဝန်ခံလျက် ကွက်လပ်များကို ဖြည့်စွက်ပေးကြပါရန် ဖိတ်ခေါ်အပ်ပါသည်။]

**မှတ်စု**

(က) ဆရာမောင်ဝ ကောလိပ်ရောက်သည့်နှစ် ပထမကျောင်းသားအရေးတော်ပုံနှင့် ကြုံကြိုက်။ ၃ နှစ်ခန့်ကျောင်းဆရာလုပ်ပြီး ၁၉၂၃ သပိတ်လွန်မှ ကောလိပ်ပြန်တက်ရ။)

(ခ) ဆရာတို့ ခေတ်အခါက University College နှင့် Judson College ဟူ၍ ကောလိပ်ကျောင်းနှစ်ခုသာ ရှိသည်။ နှစ်တစ်နှစ်တွင် အဆိုပါကောလိပ်ကျောင်းနှစ်ခုပေါင်းမှ ဘာသာရပ်တစ်ခု(သို့မဟုတ်)ဘာသာရပ်တစ်စုတွင် ပထမရသော အထူးချွန်ဆုံးကျောင်းသား Male Candidate တစ်ဦးတည်းကိုသာ ချီးမြှင့်သည့် ဆုတံဆိပ်ဖြစ်သည်။)

(ဂ) မစ္စတာစတီးဝပ်နှင့် မစ္စတာဒန်းတို့သည်တစ်ချိန်က မော်ပီဆရာသိန်းကြီး၏ မြန်မာစာတပည့်များ ဖြစ်ခဲ့ကြသည်။

**ကျမ်းကိုး**


(၁) ခေတ်စမ်းပုံပြင်များ။ ပုဂံစာအုပ်တိုက်

(၂) စိန်တင် ဦး။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၄)

(၃) စိန်တင် ဦး။ အောက္ကစဖို့ဒ်တက္ကသိုလ်။ မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်း။ ၁၉၃၆

(၄) မင်းသုဝဏ်။ ကျောင်းနေစဉ်အခါက။ ရှုမဝ ဒီဇင်ဘာ ၁၉၉၀

(၅) မင်းသုဝဏ်။ သုတစာပေအတွေ့တွေ့။ ရှုမဝ မတ် ၁၉၉၀

(၆) မင်းသုဝဏ်။ အဘိဓာန် ပညာလေ့လာခွင့်ရ။ စာပေဂျာနယ် ဇန်နဝါရီ ၁၉၉၅

(၇) မင်းသုဝဏ်။ အောက္ကစဖို့ဒ်နှင့်ဗုဒ္ဓသာသနာ။ မြတ်ဆုမွန်။ ဖေဖော်ဝါရီ ၁၉၉၁

(၈) မြန်မာပြည် ပညာပြန့်ပွားရေးအသင်း။ (၆)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးမှတ်တမ်း။ ၁၉၃၇။

(၉) မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း။ ဂန္ထလောက မတ် ၁၉၂၉။

(၁၀) မြင့်ကြိုင်။ အမှတ်တရ သိပ္ပံမောင်ဝ။

(၁၁) ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီး၏ ဓမ္မာရုံဖွင့်အုတ်မြစ်ချပွဲ အထူးပွဲကြီး စာတမ်း - ၁၂၉၅ ခု

(၁၂) ဝန် ဦး မြန်မာနိုင်ငံသုတေသနအသင်း၏ ဘဝခရီး။ နှစ် ၆၀ ပြည့် စာတမ်း

(၁၃) သန်းထွတ် ဦး။ ဇော်ဂျီ မင်းသုဝဏ်တို့၏ စာပေစကား။


(၁၄) BRS Fiftieth Anniversary Publications No.1,

(၁၅) BRS Fiftieth Anni versary Publications No.2

(၁၆) Stewart and Dunn, A Burmese-English Dictionary, 1941

(၁၇) University of Rangoon-Handbook and Caledar, June 1931- June 1932



မင်းသုဝဏ်
(၁၉၀၉ - ၂၀၀၄)

www.burmeseclassic.com

www.burmeseclassic.com



Harry Hall မှ ဝတ်စုံသစ်နှင့် မင်းသုဝဏ် (၁၀ - ၁၀ - ၃၆)

# အဘ၏
# ဗီးလပ်ကျွန်းဖြစ် ကဗျာများ

ပဲခူးသင်္ဘောကြီး ကျောက်ဆူးနုတ်ပြီး အနောက်ဘက်သို့ ခရီးစတင်သည်နှင့် အဝေးတွင် ရေးရေးမြင်ရသော ရွှေတိဂုံစေတီတော်ကြီးကို အဘ လက်အုပ်ချီ ဦးတင်လိုက်သည်။ ပင်လယ်ကူးသင်္ဘောကြီး၊ ရေစူးကောင်းရာသန်လျင်မြို့ ဗိုလ်ချုပ်ရွာတွင် ကျောက်ချထားခဲ့ရသည်မို့ မွန်းလွဲ ၁ နာရီခန့်ကပင် သင်္ဘောငယ်ကလေး တစ်စီးနှင့် ရန်ကုန်ဆိပ်ကမ်းမှ သင်္ဘောကြီးရှိရာသို့ အဘ လာခဲ့ရသည်။ သင်္ဘောဆိပ်သို့ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် လွှန်ခဲ့သည့် နှစ်နာရီခန့်ကပင် ဝမ်းနည်းဝမ်းသာ နှုတ်ဆက်ခွဲခွာခဲ့ရသည်။ သင်္ဘောကြီးပင်လယ်ဝသို့ တရွေ့ရွေ့ခုတ်မောင်းလာချိန်၊ ပညာသင်ခရီးအတွက် စတင်ပြင်ဆင်ခဲ့ရသော တာလများကို အဘပြန်ပြောင်းတွေးတောမိသည်။

ခရီးမထွက်မီ သုံးရက်အလို မိဘနှစ်ပါးရှိရာ ကွမ်းခြံကုန်းမြို့ကလေးသို့ တစ်ညအိပ်သွားခဲ့သည်။ အမိအဖနှစ်ဦးကို ရှိခိုးကန်တော့၊ ဆွေမျိုးနှင့်ငယ်စဉ် ကျောင်းနေဘက်များကို ရသည့်အချိန်လေးအတွင်း အပြေးအလွှားနှုတ်ဆက်ရသည်။ ရန်ကုန်မြို့တွင် ကျောင်းတက်ခဲ့သော ဆရာမှတ်ကြီးကျောင်း ခေါ် စိန့်ပွန်းကျောင်း သားဟောင်းများနှင့် ဆရာများက Savoy ၌ လက်ဖက်ရည်ပွဲနှင့် ဂုဏ်ပြုနှုတ်ဆက်ခဲ့ကြသည်။တက္ကသိုလ် ပင်းယကျောင်းဆောင်သားများကလည်း သူတို့အဆောင်နည်းပြဆရာကို သူရိယသန်းသန်း အငြိမ့်အဖွဲ့နှင့် နှုတ်ဆက်ခဲ့ကြသည်။ ဦးသိန်းတင်



www.burmeseclassic.com

www.burmeseclassic.com



(ဦးညိုမြ-အိုးဝေ) ကလည်း ပင်းယကျောင်းဆောင် သဟာယနှင့် စာဖတ်အသင်း ကိုယ်စား အဘ၏စာနှင့် ကဗျာတို့ကို စုစည်းထားသည့် **မင်းသုဝဏ်** စာအုပ်ငယ်ကို အမှတ်တရ စောင်ရေ ၅၀၀ ထုတ်ဝေခဲ့သည်။ ခရီးမထွက်မီ ည၊ သူငယ်ချင်းဖြစ်သူ အဘ၏အခန်းတွင် လာအိပ်ခဲ့သေးသည်။ အဘ လေးစားချစ်ခင်သော ဆရာကြီး ဦးဖေမောင်တင်၊ ဆရာကြီးလုစ္စ **(G.H Luce)**၊ ပဲခူးမင်းကြီး **(Mr.Swithinbank)** တို့က အသီးသီး တစ်လုံးစီ ညစာများ ခေါ်ယူကျွေးမွေးခဲ့ကြသေးသည်။ ဦးလေး ဖြစ်သူ ဦးဘခင်က ပညာသင်သွားမည့်အဘအတွက် ပေါင်တစ်ထောင်တန် အာမခံ လက်မှတ်ရေးထိုးပေးသည်။ ကြီးကြီးဒေါ်မမကြီး(ခြင်းကြား)အစပြု၍ ထိုစဉ်က မိတ်ဆွေရင်းချာများဖြစ်ကြသည့် အမေတို့ ညီအစ်မတစ်စုက လက်ကိုင်ပုဝါ တစ်ဒါဇင် အမှတ်တရ ပေးလိုက်ကြသေးသည်။ ဆရာကြီးဦးလှအောင်က ပင်းယဆောင်မှ ရန်ကုန်သင်္ဘောဆိပ်သို့ သူ၏ ကားနှင့်လိုက်လံပို့ဆောင်ပေးခဲ့သည်။ ကျေးဇူးတင်ထိုက် သူများကို တစ်ဦးချင်း စိတ်ထဲမှ သတိရကျေးဇူးတင်သည်။ မကြာမီ မြစ်ပြင်ကျယ်မှ ပင်လယ်ဝသို့ရောက်၍ လှိုင်း၏အရသာကို စတင်ခံစားလာရသည်။ တဖြည်းဖြည်းနှင့် နေလုံးလည်းပျောက်၊ လခြမ်းကလေးပေါ်လာကာတစ်နေ့တာ ကုန်ဆုံးခဲ့သည်။

ဆရာကြီး ဦးဖေမောင်တင် တက္ကသိုလ်ကျောင်းအုပ်ကြီးဖြစ်၍ ကျင်းပသည့် ပွဲကြီးကို တစ်ညနှင့်ကပ်၍လွဲခဲ့ရသည့်အဖြစ်ကို နောက်တစ်နေ့မနက်စောစော အဘ သတိရသည်။ အနောက်နိုင်ငံ ပညာသင်ခရီးမျိုးကလည်း တစ်ရက်နှစ်ရက်ဆိုင်း၍ ရကောင်းသည့်အရာလည်း မဟုတ်ပေ။ တိုက်တိုက်ဆိုင်ဆိုင်၊ လွန်ခဲ့သော ကိုးနှစ် တိတိ၊ ၁၉၂၇ ခုနှစ် ဩဂုတ်လ ၂၂ရက်နေ့က အဘ၏ ခေတ်စမ်းစာပေ နောင်တော်ကြီး ဦးစိန်တင် (သိပ္ပံမောင်ဝ)သည်လည်း၊ **စစ်ကိုင်း** ပင်လယ်ကူးသင်္ဘောကြီးနှင့် အောက္ကစဖို့ဒ် ပညာသင်ခရီးစခဲ့ရဖူးပြီ။ ပညာတော်သင်ဘဝ အောင်မြင်လွန်မြောက်၍ တိုင်းပြည်နှင့် လူမျိုးအကျိုးကိုပင် ဆက်လက်သည်ပိုးနေလေပြီ။ အဘလည်း နောင် တော်ကြီးလမ်းကိုလိုက်ခဲ့ပြီ။ ပညာတော်သင်ခွင့်ရ၍ ဝမ်းသာရသော်လည်း မကြည်နူး နိုင်သည့်အချက်တစ်ချက်က အဘ်စိတ်တွင်း ခိုးလို့ခုလု။ အဘတို့ ဘဝက မလွတ်လပ်။ နိုင်ငံတော်က တိုင်းတစ်ပါးလက်အောက်ရောက်နေရသည့်အချိန်။ ၁၉၃၆ ခုနှစ်၊ ဩဂုတ်လ ၁၈ရက် နေ့စွဲဖြင့် ထုတ်ပေးသည့်နိုင်ငံကူးလက်မှတ်အဖုံးတွင် **British Indian Passport -Indian Empire** ဟူသောစာလုံးကြီးများကို ရွှေမင်ဖြင့် ထင်ထင်ရှားရှားပုံနှိပ်ထားလေသည်။ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ အမည်က **မောင်ဝန်**၊ လက်မှတ်နံပါတ်က ၁၈၁၁၅ ဖြစ်သည်။ အတွင်း ပထမစာမျက်နှာ နိုင်ငံသားနေရာတွင် **British Subject by birth** ဟူ၍ ဖြည့်သွင်းထားသည်။ အမိ မြန်မာ၊ အဖမြန်မာဖြစ်ပါလျက် ဗြိတိသျှနိုင်ငံသား ဖြစ်ရလေသည်။ သာမန်နိုင်ငံသား မျှသာ မဟုတ်သေး၊ **Subject** ဟူ၍ပင် သတ်မှတ်ခေါ်ဝေါ်ထားသည်။ ရင်တွင်း မချိပွယ်ကောင်းလေစွ။ အားမတန်မာန်လျှော့၊ မလွဲသာ၍သာ ထိုနိုင်ငံကူးလက်မှတ်ကို





အဘကိုင်ခဲ့ရသည်။

တော်ပေသေးသည်။ ခရီးသွားဖော်တစ်ဦးက အဘတို့ တက္ကသိုလ် ကလောင်ရှင်များ ကလောင်သွေးရာ ဂန္ထလောကမဂ္ဂဇင်း တည်ထောင်သူ၊ ဆရာကြီး ဖာနီဗယ်**(J.S Furnival)**ဖြစ်သည်။ ဆရာကြီးသည် မြန်မာလူမျိုးများအပေါ် အလွန် သန့်စင်သည့် စေတနာထားသူ၊ မြန်မာလူမျိုးတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုကို ထောက် ခံအားပေးသူ၊ မြန်မာစာပေအကျိုးကို သာမန်မြန်မာတစ်ဦးထက် လိုလားသူတစ်ဦး ဖြစ်သည်။ သင်္ဘော တူရိယာခန်းတွင် ဆရာကြီးကသူနှင့်ပါလာသည့် မောင်းဆိုင်း ကလေးဖြင့် **မြကြီးနွယ်** သီချင်းအစပိုင်းကလေးကို တီးပြသည်။

*ဟောဒီလုံချည်ဝတ်တာ*
*မသက်ပေါင် မောင်ရယ်။*
*ရှည်စားပေါ်တဲ့ မြကြီးနွယ်။*
*မခေါ် ချင်နေပါကွယ်။*
*မျှော်ရင် မေ မလာတယ်။*
*မခေါ် ချင်နေပါကွယ်။*
*ရှည်းစား မြကြီးနွယ်။*

သီချင်းလေးက အဘစိန်ဂျွန်ကျောင်းရောက်ခါစ၊ ၁၉၂၃ ခန့်တ ခေါ်ခဲ့သော သီချင်းမို့ ငယ်စဉ်ဘဝကို ပြန်ပြောင်းသတိရစေသည်။ စိတ်သက်သာရာ ရခဲ့သည်။ **မြစ္စာညီ** သီချင်းပထမပိုဒ်ကို နောက်ရက်၌ မောင်းဆိုင်းကလေးနှင့် ဆရာကြီးအား အဘ တက်ပေးရသည်။ အဘကိုယ်၌ကလည်း ပုလွေ မှုတ်ရသည်။ ဆိုး ဆိုသူက မြန်မာနဲ့ကို မှုတ်သည်။ မြန်မာပြည်မှ ခရီးသွားတစ်စု ပျော်နေကြသည်ကို ကြည့်၍ သင်္ဘောကပ္ပတိန်က ပြုံးသည်။

ဆရာကြီးသည် သူပညာသင်ယူခဲ့သော ကိန်းဘရစ်(ချ်) တက္ကသိုလ်၌ မြန်မာစာ ပြန်လည်သင်ကြားပို့ချပေးရန် ပြည်တော်ပြန်ခြင်းဖြစ်သည်။ အခြား ခရီး သွားဖော်တစ်ဦးမှာ စစ်တွေအရေးပိုင် **Mr. F.H Stevenson** ဆိုသူ ဖြစ်သည်။ ပဲခူးမင်းကြီး **Swithinbank** က ရန်ကုန်ဆိပ်ကမ်း၌ အဘနှင့်မိတ်ဆက်ပေးလိုက်သူ ဖြစ်သည်။ ပင်လယ်ခရီးတွင် စကားလက်ဆုံကျ မိတ်ဆွေဖြစ်သွားကြသည်။ အဘ မွေးသည့် ၁၉၀၉ ခုနှစ်ကတည်းက **Mr.Stevenson** မြန်မာနိုင်ငံသို့ရောက်၊ အစိုးရ အမှုထမ်းခဲ့ပြီး အင်္ဂလန်သို့ ခွင့်နှင့်ပြန်ခြင်းဖြစ်သည်။ အဘနှင့်အင်္ဂလိပ်သဒ္ဒါအကြောင်း ဆွေးနွေးသည်။ အင်္ဂလိပ်လို အသံထွက်မှန်အောင် လေ့ကျင့်နည်း **Phonetics** ကို အခြေခံ၍ သင်ပေးသည်။ **Motor car** ကို အသံထွက်မှန်အောင်၊ ကားဟု အသံ ထွက်ရန်၊ ခါးဟု အသံထွက်ရန် အကြိမ်ကြိမ်သင်သည်။ အမှုမဲ့အမှတ်မဲ့ ပြောတတ် သည့် အမှားများကိုလည်း ပြောပြပေးသည်။ အဘက မြန်မာစာတစ်လုံးညီ ပြန်သင်ရသည်။ ဦးလေးညိုမြ အမှတ်တရ ပေးလိုက်သည့် 'မင်းသုဝဏ်' စာအုပ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



တွင် သုကြီးဂေဇက် ဦးခင်မောင် ဘာသာပြန်ထားသည့် **"ဘကြီးအောင်ညာတယ်"**ကို **Mr.Stevenson** မြန်မာဘာသာ နှင့်တွဲ၍ဖတ်သည်။ ပန်းပုဆရာကြီး ဦးအောင်ချော ပန်းပုထုရာတွင် သုံးသော **ဆောက်ပုတ်** ဆိုသောစကားကိုမသိ၍ အကြိမ်ကြိမ် အထပ်ထပ် မပီကလာ ပီကလာ ဖတ်နေသည်ကို အဘကပြုံး၍ အဓိပ္ပာယ်ပြောပြကာ တခြားစာများကို ကျော်၍ ဖတ်စေခဲ့ရသည်။ ကျန်ခရီးသွားဖော်များမှာ လူငယ်များ ဖြစ်ကြသည်။ ဘီစီအက်(စ) ပညာတော်သင် **Mr.W Van Wyck**၊ ဒေါက်တာ လား(လ်) **(Dr. H.B Lal)**နှင့် ဟိုး **(Mr. Kway Fong Ho)** ဆိုသူတို့သုံးဦးနှင့်ပေါင်း၍ အဘတို့လေးဦးစပ် ထိုထိုးကြသည်။ အတိတ်မှာ လေးဦးစလုံး၏ အမည်တစ်ပိုင်း တစ်စစီ ပါရှိသော **VANHOWUNLAL** ဖြစ်ပြီး နံပါတ်မှာ **MM 79021** ဖြစ်သည်။

တစ်ရက်တွင် ရေပြင်ကိုဖြတ်၍ပျံသွားသော ဝမ်းဗိုက်ဖြူနှင့် သတ္တဝါစိမ်း ကလေးတစ်ကောင်ကို အဘ မြင်လိုက်ရသည်။ နောက်မှ ဒေါက်တာလားလ် ပြောပြ၍ ပင်လယ်ငါးပျံဟုခေါ်သော ငါးငယ်ကလေးဖြစ်ကြောင်း သိရတော့သည်။ အဘ တစ်သက် ငါးပျံကို ပထမဆုံးတွေ့မြင်ဖူးခြင်းဖြစ်သည်။ တစ်ခါတစ်ရံ အညောင်းပြေ အညာပြေ ကုန်းပတ်တင်းနစ် **Deck-tennis** ကစားသည်။ တစ်မနက်ခင်း၏ အတွေ့ အကြုံကို အဘဤသို့ မှတ်တမ်းရေးခဲ့သေးသည်။

*သင်္ဘောဦးဖျားမှနေ၍ပင်လယ်ကိုကြည့်ချင်သောကြောင့် ဦးဖျားသို့ ငါသွားခဲ့၏။ သံတန်းဝရန္တာများမှတစ်ပါး အကာအကွယ်မရှိ။ ဟင်းလင်းဖြစ်သော ဦးဖျားသို့ ရောက်သောအခါ ပင်လယ်လေ၏ပြင်းထန်သောအဟုန်ကိုအထူးသိရ တော့သည်။ လုံချည်ကို အလံသဖွယ် လွင့်နေအောင်တိုက်၏။ ကြာလျှင် လူကို ဆောင်ကြဉ်းသွားမည်စိုး၍ ခါးတောင်းမြှောင်အောင် ကျိုက်လိုက်ရသည်။ နားထဲတွင်ကား လေနတ်သားသည် ခရာမှုတ်ကာ၊ ဘင်တီးကာ ခုန်ပေါက်ပျော်ပါးနေ လေသည်။ နားထောင်၍ ကောင်း သလိုလို ရှိ၏။*

ပဲခူး သင်္ဘောကြီးသည်လည်း ဘင်္ဂလားပင်လယ်အော်၊ အာရေဗျ ပင်လယ်၊ ပင်လယ်နီ၊ ဂျီဘရော်(လ်)တာ ရေလက်ကြား၊ အက်တလန္တိတ်သမုဒ္ဒရာ လမ်းအတိုင်း တစ်နေ့ဝင်တစ်နေ့ထွက် ခုတ်မောင်းလာခဲ့ရာ၊ ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာခဲ့သည်မှ တစ်လနှင့်နှစ်ရက်အကြာ၊ အင်္ဂလန်နိုင်ငံ **Tilbury** ဆိပ်ကမ်းသို့ နောက်ဆုံး ဆိုက်ရောက်ခဲ့လေသည်။

စက်တင်ဘာလ ၂၄ ရက်နေ့ **Tilbury** သို့ သင်္ဘောဆိုက်ကပ်ပြီး၊ လန်ဒန် မြို့သို့ ရထားဖြင့် အဘခရီးဆက်ရသည်။ လန်ဒန်မြို့ **Charing Cross** ဘူတာ သို့ ရောက်သောအခါ ဦးမြင့်ထူးဆိုသူက လာကြိုသည်။ လန်ဒန်မြို့ရှိ မြန်မာအသင်းတိုက် သို့ ခေတ္တဝင်ကြရာ ဒီးဒုတ်သတင်းစာကို တစ်လအတွင်း ပထမဆုံးအကြိမ် အဘပြန်၍ တွေ့ရသည်။ အသင်းတိုက်မှတစ်ဆင့် အဘတည်းခိုရမည့် **45 Bernard Street, Russell Square WC 1** ရှိ **Akbar Hotel** သို့ ဦးမြင့်ထူး လိုက်ပို့သည်။ နောက်တစ်





နေ့မနက် မြန်မာမိတ်ဆွေ ဦးစောဖြူဆိုသူက သူ၏ကားနှင့် အဘကို အောက္ကစဖို့ဒ်သို့ လိုက်၍ပို့သည်။ အိန္ဒိယဆိုင်ရာစာပေများ သင်ကြားပို့ချရာ **India Institute** သို့ ဦးတည်သွားကြသည်။ အဆိုပါ အဆောက်အအုံ၌ မြန်မာနှင့် အရှေ့တိုင်းသားများကို နေရာချပေးသည့်အဖွဲ့၏ အကျိုးဆောင် **Mr.Williamson** ဆိုသူနှင့် တွေ့ရသည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုပုဂ္ဂိုလ်မှာ ဦးစိန်တင် အောက္ကစဖို့ဒ်ရောက်စဉ်က ပထမဆုံး တွေ့ခဲ့ရသောပုဂ္ဂိုလ်ဖြစ်နေလေသည်။ **Mr.Williamson** ကညွှန်း၍ **Boden Professor of Sanskrit-Dr.F.W.Thomas** ဆိုသူနှင့်အဘသွားတွေ့ရသည်။ **Dr. Thomas** မှာ နောက်ပိုင်း အဘကို သက္ကတဘာသာ သင်ကြားပေးသောဆရာဖြစ်လာ သည်။ မြန်မာဘာသာနှင့် စာပေအကြောင်း သုတေသနစာတမ်း တစ်စောင်ပြုစုပြီး **D.Phil** အတွက် တင်သွင်းရန် **Dr.Thomas** က အဘကို အကြံပြုသည်။ **Mr.Williamson** နှင့် နောက်တစ်နေ့ ထပ်တွေ့ရသည်။ ပြီးတော့ **13 St. Maragaret's Street, Oxford** နေ **Mr.Harvey** ဆိုသူကို ရှာရသည်။ မြန်မာပြည်မှ ယူဆောင်သွားသော ထောက်ခံစာ၊ အောင်လက်မှတ်များ၊ တတိယနေ့တွင် သွား ရောက်ပို့ပြီးမှ အောက္ကစဖို့ဒ်တက္ကသိုလ်ဝင်ရေးပဏာမလုပ်ငန်းစဉ် ပြီးတော့သည်။ ပြီးတော့မှ နောက်ပိုင်းလိုအပ်မည့်ကိုယ်ရေးကိုယ်တာ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူဖြည့်တင်းရေးဘက် အဘ ဦးလှည့်နိုင်တော့သည်။ အဘ ဈေးသုံးစာရင်းအရ အောက်ပါတို့ကို ဝယ်ယူခဲ့လေသည်။

| | |
|---|---|
| Harry Hall | - Fine Quality Lounge Suit £ 16.6.6 |
| | - Fine Quality Grey Flannel Trouser £ 19.10.0 |
| A.E. Poston & Co Ltd | - Gents 15 Jewel Wrist Watch £ 2.6.8 |
| | - 2 Pair of Shoes |

လန်ဒန်မြို့တွင် ရက်သတ္တနှစ်ပတ်ခန့်နေပြီး ကျောင်းဖွင့်ချိန်အမီ အောက္ကစဖို့ဒ်သို့ အောက်တိုဘာလ ၁၁ ရက်တွင် သွားသည်။ အောက္ကစဖို့ဒ်တွင် တစ်နှစ်တာကာလအတွင်း သင်တန်းကာလကို သုံးပိုင်း ပိုင်းထားသည်။

| | |
|---|---|
| Michaelmas Term | 11 Oct-5 Dec |
| Hilary Term | 17 Jan- 13 Mar |
| Trinity Term | 25 Apr-19 Jun |

သင်တန်းလပတ်တစ်ခုလျှင် ရက်သတ္တ ၈ ပတ်မျှရှိသည်။ သင်တန်းများမှာ နေ့စဉ် တစ်နေ့ကုန်တက်ရန်မလို၊ နံနက် ၉ နာရီ မှ မွန်းလွဲ ၁ နာရီအထိသာ ဖြစ် သည်။ ကျောင်းသားတစ်ဦးသည် ကျောင်းဝင်ခွင့်ရပြီး၊ ကျောင်းမဖွင့်မီ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့်တွေ့ဆုံကာ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ထားသော်လည်း အောက္ကစဖို့ဒ်ကျောင်းသားတစ်ဦးအဖြစ်သို့ မရောက်ရှိသေးပေ။ အဘ၏ အသုံးအနှုန်း



www.burmeseclassic.com

www.burmeseclassic.com



အရ ကျောင်းသားတိုင်း သိမ်ဝင်သည့်အလုပ်ကို လုပ်ကြရသည်။ ယင်းမှာ ကျောင်းတော်မှ သတ်မှတ်ထားသောဝတ်စုံကိုဝတ်ပြီး **Divinity School** ဟု ခေါ်တွင်သော အဆောက်အအုံတွင် တက္ကသိုလ် ဒု-အဓိပတိရှေ့မှောက်၌ ကျမ်းကျိန်ကာ၊ တက္ကသိုလ် မှတ်ပုံတင်စာအုပ်ထဲ၌ လက်မှတ်ရေးထိုး၊ တက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်ကြောင်း အတိအလင်းကြေညာရသည့် **Matriculation** အလုပ်ကို လုပ်ဆောင်ရခြင်း ဖြစ်သည်၊ ဤအမှုကိုပြုပြီးမှ အောက္ကစဖို့ဒ်ကျောင်းသားအဖြစ်သို့ ရောက်ရှိသည်။

**St.Catherine Society** မှာ အဘ၏ကျောင်းအမည်ဖြစ်သည်။ အဘက အဆောင် မနေ၊ မြို့ထဲ၌ အိမ်ငှားနေသည်။ အိမ်ခန်းငှားရာတွင် အသက် ၂၅ နှစ်ကျော် ကျောင်းသားများက ကြိုက်ရာအိမ် ငှား၍နေနိုင်သည်၊ ၂၅ နှစ်အောက် ကျောင်းသားများက တက္ကသိုလ်အသိအမှတ်ပြု လိုင်စင်ရအိမ်ကိုသာငှားရမ်းနေထိုင်ခွင့်ရှိသည်။ သစ်တော ပညာသင်ဝန်ထောက်လောင်း ဦးကြည်နှင့် ဦးကွက်ညိုတို့က **10 Abbey St, Oxford** ရှိ လိုင်စင်ရအိမ်တွင်နေကြသည်။ ထို့ကြောင့်အဘသည် မြန်မာ ပညာသင်နှစ်ဦးနှင့်လည်း နီး၊ လွတ်လွတ်လပ်လပ်နေ၍လည်းရသော တစ်လမ်းတည်းရှိ အိမ်အမှတ် ၁၂ ကို ငှားရမ်းနေထိုင်လိုက်သည်။ နေ့စဉ် သင်တန်းပြီးချိန်၌ ကျောင်းသားများသည် အားကစား၊ လှေလှော်၊ လမ်းလျှောက်၊ စာဖတ်စသည်ဖြင့် မိမိကြိုက်နှစ်သက်ရာကို လုပ်နိုင်ကြသည်။ ကျောင်းရောက်ခါစ၊ မိတ်ဆွေဦးကြည်နှင့် အဘ ပထမဆုံးအကြိမ် လှေလှော်ထွက်သည့်နေ့က၊ မလှော်တတ် လှော်တတ်နှင့် လှော်ကြ၍ လှေမှောက်ရာ နှစ်ဦးစလုံး ရွှဲရွှဲစိုကြတော့သည်။

**Oxford** တွင် ရုပ်ရှင်၊ ဇာတ်ပွဲကြည့်ရန် ရုပ်ရှင် ရုံ ၅ ရုံနှင့် ဇာတ်ရုံ ၂ ရုံရှိသည်၊ **Scala** အမည်ရှိ ရုပ်ရှင်ရုံက ပြင်သစ်၊ ဂျာမနီ၊ ရုရှားတို့တွင် ရိုက်ကူးသည့် ရုပ်ရှင်ကားများပြ၍၊ ကျန် ၄ ရုံက အမေရိကန်ကားများ ပြကြသည်။ ဇာတ်ရုံနှစ်ရုံအနက် **New Theatre** က လန်ဒန်တွင် ကျော်ကြားသည့် ဇာတ်၊ မျက်လှည့်၊ ဆပ်ကပ်မျိုးစုံတို့ကို ရုံတင်သည်။ **Playhouse** ဇာတ်ရုံက အောက္ကစဖို့ဒ်အခြေစိုက် ကချေသည်များ သရုပ်ဆောင်သည့် အင်္ဂလိပ်နှင့် နိုင်ငံခြားဇာတ်တို့ကို တင်ဆက်သည်။ **Ibsen, Moliere, Shakespeare, Bernard Shaw** တို့ ရေးသားသည့်ဇာတ်များ ကပြကြသည်၊ ပထမ ကျောင်းလပတ်အတွင်း **Scala** ၌ ရုံတင်သည့် **Land of the Soviets** ရုပ်ရှင်ကို အဘ သွားကြည့်သည်။ ပညာဗဟုသုတရစေသည့် ဟောပြောပွဲအမျိုးမျိုးသို့ တက်ရောက်နားထောင်သည်၊ တက္ကသိုလ်ကျောင်းသား သမဂ္ဂ၌ ပြုလုပ်သည့် **Winston Churchill** ၏ 'လက်ရှိ ကမ္ဘာ့နိုင်ငံရေးအခြေအနေ' ဟောပြောပွဲ၊ **Lawrence Binyon** ၏ 'အိန္ဒိယပန်းချီ' အကြောင်း ဟောပြောပွဲ **Dr.D.T Suzuki** '၏' **Zen Buddhism and Chinese Thought** ဟောပြောပွဲ၊ **John Masefield** ၏ ကဗျာဖတ်ပွဲ၊ **George Gordon** ၏ **'Johnson on Milton** စာတမ်းဖတ်ပွဲများသို့ တက်ရောက်နားထောင်သည်။





အောက်တိုဘာလ ၂၄ ရက်တွင် မိဘ၊ ညီနှင့် ညီမငယ်တို့ထံမှ စာများ ပထမဆုံးအကြိမ် ရသည်။ အဘ ဝမ်းသာအားရ ပြန်စာများရေးသည်၊ ဆရာဦးလှအောင်၊ သူကြီးဂေဇက် ဦးခင်မောင်၊ ဦးစိန်တင် (သိပ္ပံမောင်ဝ)နှင့် ဆရာကြီးဦးလင်းတို့ထံလည်း အဘစာများရေးသည်။ ဦးလှထံသို့လည်း နိုင်ငံခြားအတွေ့အကြုံများ ရေးသည်။ အမိ တက္ကသိုလ်ကိုလည်း မမေ့၊ နေ့စဉ်မှတ်တမ်းတွင် "အောက်တိုဘာ ၂၉ရက်၊ ကြာသပတေးတွင် **Rangoon university reopens**" ဟု အမှတ်တရ ရေးထားသည်ကိုတွေ့ရသည်။ အဘစိန်ဂျွန်းကျောင်းသားဘဝက၊ ကျောင်းအုပ်ကြီး ဖြစ်ခဲ့သော **Rev.A.H. Blencowe** အောက်တိုဘာလ ၂၀ ရက်တွင် အဘရှိရာ အောက္ကစဖို့ဒ်သို့ ရောက်လာသည်။ ဆရာကြီးမှာ မြန်မာပြည်မှ အလုပ်အနားယူပြီး အင်္ဂလန်သို့ ပြန်လာကာ **Chester** မြို့အနီး **Backford Vicarage** တွင် သင်းအုပ်ဆရာ လုပ်နေသည်မှာ ကြာလေပြီ။ အဘကျောင်းသားဘဝအခါက တနင်္ဂနွေနေ့ဆိုလျှင် အဘတို့ သူငယ်ချင်းတစ်စုကို ဆရာကြီးက သူ၏ဗိုလ်တဲသို့ခေါ်၍ လက်ဖက်ရည်တိုက်၊ မုန့်ကျွေး အင်္ဂလိပ်ကဗျာများ ဖတ်ပြ၊ သင်ပြပေးလေ့ ရှိသည်၊ ကဗျာဝါသနာဝါသော တပည့်ဖြစ်သူ မောင်ဝန်ကို စိန်ဂျွန်းကျောင်းထုတ်စာစောင် **St.John's College Chronicle** တွင် မြန်မာကဗျာ စတင်ဖွင့်လှစ်ပေးကာ၊ ၁၉၂၇ ခုနှစ်တွင် မြန်မာကဗျာများ ရေးသားစေခဲ့သည်။ အော့က္ကစဖို့ဒ် ပထမကျောင်းလပတ်အပြီးတွင် ခွင့်ရက်ရှည်ရသောအခါ ဆရာကြီးရှိရာသို့ ဒီဇင်ဘာလ ၈ ရက်နေ့တွင် အဘအလည်သွားသည်၊ ရှေးက တပည့်ဟောင်းများအကြောင်း မမောနိုင်မပန်းနိုင် မေး၏။ ညဥ့်နက်သန်းခေါင်ကျော်အထိ အဘဖြေရသည်။ ဆရာကြီးအိမ် တည်းခိုခိုက် သာမန်အမေရိကန်အရုပ်သူတစ်ဦးကို အိမ်ထောင်ဘက်ရွေးမိ၍ အဌမမြောက် အက်ဒွပ်ဘုရင် နန်းစွန့်သည့်သတင်း ဒီဇင်ဘာ ၁၀ ရက်နေ့တွင် ကြားရသည်၊ ဆဌမမြောက် ဂျော့ဘုရင် နန်းတက်သည့်နေ့ ဆရာကြီး နေအိမ်မှ ဟာဒင်ရွာရှိ စိန်ဒိုင်းနီးယဲစာကြည့်တိုက်သို့ အဘပြောင်းရွှေ့သည်၊ ဒီဇင်ဘာ ၃၀ ရက်နေ့တွင် ဆရာကြီးတလာခေါ်၍ လီဗာပူးသို့သွားလည်သည်။ **Rialto** ၌ **"Judy and Wasp"** ဇာတ်ကိုကြည့်သည်။ ဇန်နဝါရီလ ၂ရက်နေ့တွင် **Warrington** သို့သွားကာ **Beeston Castle** သို့ သွားကြည့်သည်။ **Lime Cottage, Lame, Lymm, Oughtington, Cheshire** တို့သို့သွားကြောင်းလည်း မှတ်တမ်းတွင်တွေ့ရသည်။ ဒုတိယကျောင်းလပတ် အမီ အောက္ကစဖို့ဒ်သို့ ဇန်နဝါရီလ ၇ ရက်နေ့တွင် ပြန်ခဲ့သည်၊


**Hilary** သင်တန်းကာလ ပထမသင်တန်းပတ်သည် ဇန်နဝါရီ ၁၇ ရက်နေ့စမည်ဖြစ်၍ ကျောင်းမဖွင့်မီ ၁၀ ရက်ခန့် အဘ အနားရသည်။ ငယ်ဆရာနှင့်တွေ့၊ ဒေသန္တရ ဗဟုသုတရှာအပြီး အနားယူခိုက် မွေးရပ်မြေကို အဘသတိရသည်၊ ချောင်းမြောင်းမြစ်ခြား၊ ရာသီဥတုတွေ မည်မျှကွဲပြားနေသော်လည်း ကြီးပြင်းခဲ့ရသည့် ငယ်စဉ်တဘဝနှင့် ပတ်ဝန်းကျင်ကို အဘမေ့၍မရ။ လယ်တဲနှင့် လယ်ကွင်း၊ ချောင်းနှင့် ကြာပန်း



www.burmeseclassic.com

www.burmeseclassic.com







တို့က အဘစိတ်မျက်စိထဲမှ ဖျောက်မရ။ ထို့ကြောင့် ကျောင်းမဖွင့်မီ တစ်ပတ်ခန့်အလို ဇန်နဝါရီ ၁၀ရက်နေ့၌ **လယ်စောင့်တဲ** ကဗျာတိုကလေးကို အဘသီကုံး ရေးဖွဲ့မိတော့သည်။ အင်္ဂလိပ်ဘာသာနှင့် အထိအတွေ့များနေသည့် ကာလမို့လားမသိ၊ အဆိုပါကဗျာကလေးကို ရှားရှားပါးပါး အဘအင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည်ကို တွေ့ရပါသည်။

ဒုတိယ ကျောင်းလပတ်အတွင်း **Playhouse** ဇာတ်ရုံ၌ **John Gray** ၏ **Beggar's Opera** ကြည့်ဖြစ်သည်။ ပြီးတော့ **Dr. E.M Foster** ၏ **'India :a**





**Retrospect** နှင့် **Bertrand Russell** ဟောပြောပွဲများသို့ တက်ရောက်နားထောင်သည်။ ဇန်နဝါရီလအတွင်း အအေးဓာတ် တစ်နေ့တခြား ပိုကဲလာသည်။ ဇန်နဝါရီလ ၂၃ ရက်နှင့် ၂၈ ရက်တို့တွင် အထူးအေးကြောင်း အဘမှတ်တမ်း၌ တွေ့ရသည်။


ဂန္ထလောက

အတွဲ-၂၃၊] ၁၂၉၈-ခုနှစ်၊ တန်ခူးလ [အမှတ် ၁၄၆

ဂန္ထလောကမဂ္ဂဇင်း အတွဲ-၂၃၊ အမှတ်-၁၄၆ (မတ်လ၊ ၁၉၃၇)တွင် ဖော်ပြခဲ့သော ဆရာကြီးမင်းသုဝဏ်၏ ဂါထာ ၆၀



www.burmeseclassic.com

www.burmeseclassic.com

ယထာ အနေကာ ဒုမနိဿိတာလ၊
ဝိဓယပ် သဗ္ဗ သဝိတာ ဝဇ္ဇ။
ပဓလာတာယဉ္စိတ် သုဝဇ္ဇရိ
သမယော မဟာဝီရ အင်္ဂီရသာနံ ။

မယူရသံယာ ဂိရိမုဒ္ဓနည်
နစ္စန္တိ နာရဟ် သမီတူတား
တုရင္ဂိ နာနာမဓုရသာဝေရဟိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ ။

ဝိတော မုဒု သီတလ သာဝုဓုပါ
နဘာ စ ဆဗ္ဗာ ဝိဘာတာ သမျှား
ဒိသာ စ သဗ္ဗာ ဝိရောစယန္တိ
သမယော မဟာဝီရ အင်္ဂီရသာနံ ။

ဓမ္မုဒ္ဓမ သမ္ဗုဓော ပဟဗ္ဗား
သကာဝဓေသ မိဗ္ဗဂကာ ဝဒ္ဓုား
ဝိဓယပ် သဗ္ဗ အဘိဓမာသယျှိ
သမယော မဟာဝီရ အင်္ဂီရသာနံ ။

ဒုမရ စ ဒိသွာ ဝရဓ္ဓ ဓုသိ၊
ပုပ်ဘ ပုပ္ဖိ မဟီတလသ္မိ
သမန္တတော ဂန္ဓုထဗ္ဗ ကာနံ
သမယော မဟာဝီရ အင်္ဂီရသာနံ ။

အလင်္ကတ ဓေဝ ပုရံ ရမ္မံ
တဝိလဝတ္ထု ပုဒ္ဓံ နာမဓေယျ
တုလနဂရံ ဝုတ္တ သဒ္ဒသီရိကံ၊
သမယော မဟာဝီရ အင်္ဂီရသာနံ ။

သုဓောဒနော မုနိဝရ အဘိဓသာနာယ၊
အဓမ္မ ပုဗ္ဗ သဘာ အဓယသယိ
ဓလာန သဗ္ဗ မဟာတာ မုနိန္ဒ
သမယော မဟာဝီရ အင်္ဂီရသာနံ ။

ချစ်သူတကဲ့ မျိုးစွဲမသို့ —
တောအဒေသ၏ ခရီးလွယ်သော
ကြာကြာလေညင်းလေညင်း နွယ်ပင်ပေါင်းသည်
မှုလှောင်ကြိုင်မွှား မွှေးကြပါသည်။
မဟာဝီရ အင်္ဂီရသာနံ သမယော ။

အိုးဝေအိုးဝေ တောင်ထိပ်ဝေ့၌
လေငွေလူးလူး တွန်ရင့်ကျူးလျက်
ရွှင်မြူးပါကြ ဥဒေါင်းလှတို့
ပိုမ ဓော်ကား၊ က ကြပါသည်။
မဟာဝီရ အင်္ဂီရသာနံ သမယော ။

သွင်သွင်စုတ်သွင်း၊ ရေချိုသွင်းသည်။
သင်းသင်းရဲ့ချို့ နွဲ့လွဲတည်း
မိုးယံကောင်းကင်၊ တိမ်မြူစင်၌
မှတ်ခွင်များစွာ တောက်ပပါသည်။
မဟာဝီရ အင်္ဂီရသာနံ သမယော ။

လဝန်းပေါ်လွင်၊ လူပေါ်မြင်လျက်
မြေပြင်တလင်း ရှင်သွင်းတို့
သဘင်စတာမ ဝေ့ကြည်ကြ၌
အာရုဏ်သော၊ ပျော်ရွှင်ကြသည်။
မဟာဝီရ အင်္ဂီရသာနံ သမယော ။

ချစ်ကြိုတ်သူ၊ ခင်သိမ်းလှသား
ကြည်မြူသတ်သော၊ ရွှေဝေသို့ —
ဝိုးလှရောင်လွှဲ၊ ဘောင့်ချို
ပန်းမုံမှာလာ၊ ပွင့်ကြပါသည်။
မဟာဝီရ အင်္ဂီရသာနံ သမယော ။

သစေရတောင်း၊ ကဝိလဟု
နာမကျော်ဝင်၊ မျိုးရင်ခွင်သည် —
ကြည်လင်ခွန်ထန်း၊ ရုံထိုကျွန်းသို့ —
ဘိမ်နှင်းဝေသော၊ သင်ယဉ်ပါသည်။
မဟာဝီရ အင်္ဂီရသာနံ သမယော ။

မုန်ထွတ်တင်၊ ဘုရားရှင်း
မည့်တွင်သွဲ့၊ ပေညီးတော်သည်
မြက်ရှိလှေ၊ မြတ်ထေ ကြောင့်
ဆယ်လေကြိမ်း၊ လှူကျော်လာသည်။
မဟာဝီရ အင်္ဂီရသာနံ သမယော ။

မင်းသုဝဏ်





ဇန်နဝါရီလ ၃၀ ရက်နေ့တွင် မြောက်လေဆုတ်လေပြီ ဖြစ်ကြောင်း၊ နှင်းကျသည်ကို ပထမဆုံးတွေ့မြင်ရကြောင်း မှတ်တမ်းရေးခဲ့သည်။ ဤသို့လော ကမောတ်တစ်ခွင်လုံး မှုန်မှိုင်း၊ အုံ့ဆိုင်း၍ နှင်းတဖွဲဖွဲကျသည့် ထိုတနင်္ဂနွေနေ့ဝယ် ဗုဒ္ဓရှင်တော်မြတ်ကို အဘာသတိရသည်။ ထိုသည့်ခဏ၊ မဟာဝါ ပါဠိတော်လာ ဂါထာကို အဘာ မြန်မာဘာသာသို့ စတင်ပြန်ဖြစ်လေသည်။

သုံးရက်မြောက်သောနေ့တွင် ဂါထာတော်များ ဘာသာပြန်ခြင်းလုပ်ငန်းတို့ အပြီးသတ်သည်။

ဖော်ပြခဲ့သည်ကား အဘာအင်္ဂလန်နိုင်ငံ အောက္ကစဖို့ဒ်တက္ကသိုလ်သို့ ရောက်ရှိပြီး စပ်ဆိုခဲ့သောကဗျာများမှ ပထမဆုံးစပ်ဆိုဖြစ်သော ကျေးလက်နှင့် ဘာသာရေး ကဗျာနှစ်ပုဒ် ဖြစ်ပါသည်။

**ကျမ်းကိုး**

၁။ ဇော်ဂျီ၊ မင်းသုဝဏ်။ အောက်စ်ဖို့ဒ်တက္ကသိုလ်၊ **ခရီးသည်၊** နလုံးလှစာပေတိုက်။ ဒီဇင်ဘာ ၁၉၆၅။
၂။ ဒလဘာန်။ ဂန္ထလောကနှင့် ခေတ်စမ်းစာဆို ၂ဦး။ **ချယ်ရီ၊** အမှတ် ၁၄၄၊ ဇွန်လ ၂၀၀၇။
၃။ ဒလဘာန်။ တက္ကသိုလ်၏အစဦးအလာတစ်ရပ် **ချယ်ရီ၊** အမှတ် ၁၃၉၊ နိုဝင်ဘာ ၂၀၀၆။
၄။ ဒလဘာန်။ သပြေညို ပျိုးခင်း။ **ချယ်ရီ၊** အမှတ် ၁၄၀ ဇန်နဝါရီ ၂၀၀၇။
၅။ မင်းသုဝဏ်။ တက္ကျွန်းစံဆောင်းပါး **ကြီးပွားရေးမဂ္ဂဇင်း။** အတွဲ ၅ အမှတ် ၃ ဒီဇင်ဘာ ၁၉၃၆။
၆။ မင်းသုဝဏ်။ တက္ကျွန်းစံဆောင်းပါး။ **ကြီးပွားရေးမဂ္ဂဇင်း။** အတွဲ ၅ အမှတ် ၄၊ မတ်လ ၁၉၃၇။
၇။ မင်းသုဝဏ်။ လယ်စောင့်တဲလေ။ **သပြေညိုနှင့်အခြားကဗျာများ။** နယဉ်စာပေဖြန့်ချိရေး။ ၁၉၆၃

**မှတ်စု**


*(က) တစ်ချိန်က အင်္ဂလန်ကို ဗြိလတ်ဟု တွင်တွင်ကျယ်ကျယ် သုံးခဲ့သည်။ ၁၉၆၇ခုနှစ်တွင် "ဗြိလတ်ကျွန်းဖြစ်သပြေညို" ဆောင်းပါးကို မင်းသုဝဏ် မှတ်မှတ်ရရ ရေးခဲ့ဖူးသည်။*
*ထို့ကြောင့် ရှေးအခေါ်အဝေါ်တစ်ခုကို ယနေ့စာဖတ်ပရိသတ်များနှင့် ရင်းနှီးမှုရရှိစေရန် ပြန်လည်အသုံးပြုထားခြင်းဖြစ်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

Venice မြို့ကူးမြောင်း
ဂွန်ဒိုလာ
လှေလယ်နေရာတွင်
ထားလျက် (ဆရာကြီး)
မင်းသုဝဏ်ကို
မြင်တွေ့ရစဉ် (၄-၄-၃၇)



# အဘ၏
# စီးလပ်ကျွန်းဖြစ် ကဗျာများ
## ဒုတိယပိုင်း

အောက္ကစဖို့ဒ် တက္ကသိုလ်၏ ၁၉၃၆ ခုနှစ်၊ **Michaelmas Term** က ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကုန်ဆုံးသည်။ ပြီးတော့ ခရစ္စမတ် ကျောင်းပိတ်ရက်ရှည်ကြီး ရကြသည်။ တက္ကသိုလ် ဒုတိယလပတ်က ၁၉၃၇ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့မှာ စသည်။ အဆိုပါ **Hilary Term** ၏ စာသင်ပတ်က ဇန်နဝါရီလ ၁၇ ရက်နေ့မှ စပေသည်။ တက္ကသိုလ်ပြန်ဖွင့်သည်နှင့် **Dr F.W. Thomas** ထံမှ **Sanskrit, Pali, Tibetan** နှင့် **Indian Epigraphy** တို့ကိုအဘဆက်လက်သင်ယူရသည်။ စာပေပညာဘွဲ့ (B.Litt.) အတွက် **'Development of the Burmese Language in the Medieval Period'** စာတမ်းကို ဆရာဟာဗေး **(Mr. G.E. Harvey)**[၁] ၏ ကြီးကြပ်မှုအောက်၌ စတင်ပြုစုသည်။

အောက္ကစဖို့ဒ်၏ ယဉ်ကျေးမှုတစ်ရပ်သဖွယ်ဖြစ်သော လက်ဖက်ရည်ဝိုင်းကလေးများသို့ အဘ မကြာမကြာသွားရသည်။ ဆရာသမားများက လက်ဖက်ရည်ခေါ်တိုက်ပြီး စာပေယဉ်ကျေးမှုနှင့် အထွေထွေအကြောင်းရပ်များကို ပြောဆို ဆွေးနွေးသည်လည်းရှိသည်။ ဘဝတူ ကျောင်းသားများအချင်းချင်း မိတ်ဖွဲ့သည့် အပြန်အလှန် လက်ဖက်ရည်ပွဲကလေးများလည်း ရှိသည်။

လက်ဖက်ရည်ပွဲ တစ်ပွဲတွင် **Radakrishnan** ၏သမီး ၂ ဦး ဖြစ်ကြသော **Sundari** (သုန္ဒရီ)နှင့် **Sakuntala** (သကုန္တလာ) တို့နှင့် ဆုံသည်။ ပညာရှင် **Miss Roma Bose, D.Phil** ဆိုသူနှင့် လည်းတွေ့ရသည်။ ဆရာ ဟာဗေးနှင့်လည်း တခါတရံ



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်သောက်ရင်း စာပေဆွေးနွေးရသလို ညနေခင်းမြစ်ကမ်းပါး လမ်းလျှောက်ရင်းလည်း တွေ့ရာလေးပါး ပြောရသည်။

ဆရာကြီး ဦးဖေမောင်တင်၊ ဆရာကြီးလုစ် (G.H.Luce) တို့နှင့် မနက်စောစော၊ တခါတရံညနေခင်းများအတူလမ်းလျှောက်ရင်း စကားပြောပညာယူခဲ့ရသည့်နေ့များ ကို အဘ အမှတ်ရတော့သည်။ ဆရာပွား၊ ဆရာလင်းတို့ကအားလပ်ချိန်များ၌ စကားဝိုင်းဖွဲ့၊ လက်ဖက်ရည်သောက်ရင်း တပည့်များကို ဗဟုသုတဖြစ်ဖွယ်များ မမောမပန်း ပြောခဲ့ကြသည့်အချိန်များကိုလည်း အမှတ်ရစေတော့သည်။

မြန်မာနိုင်ငံမှ ပညာတော်သင်ခရီးထွက်အလာ လမ်း၌ အီဂျစ်နိုင်ငံ **Port Said** ဆိပ်ကမ်းသို့ရောက်ခဲ့သည်။ ဆိပ်ကမ်းအဝင် လွတ်လပ်သောနိုင်ငံတစ်ခု၏ အလံတော် လေတွင် တဖျတ်ဖျတ်လွင့်နေသည်ကို အဝေးမှလှမ်းမြင်ရသည်။ ဆူးအက်စ်တူးမြောင်းကို သင်္ဘောဖြတ်ကူးချိန် နာရီပိုင်းမျှ ကုန်းပေါ် ဆင်း၍ လေ့လာခွင့်ရသည်။ လွတ်လပ် သောနိုင်ငံ၏ မြေကြီးပေါ် ခြေချခွင့်ရသည်က တစ်မျိုးထူးသလို အဘစိတ်ဝယ် ခံစားရသည်။ လွတ်လပ်သောလူမျိုးနှင့် သူတို့၏ယဉ်ကျေးမှုအမွေအနှစ်များကို ခဏတာမျှ ကြည့်ရှုပြီး အားကျလှသည်။

ဗီးလတ်သို့ရောက်ပြန်တော့လည်း လွတ်လပ်သော လူမျိုးများကို နေ့စဉ်နှင့်အမျှ တွေ့နေရသည်။ ရက်ကြာလေ မိမိနိုင်ငံနှင့် လူမျိုးများ လွတ်လပ်စေလိုသည့်စိတ်စေတနာပြင်းပြလေဖြစ်သည်။ လွတ်လပ်သည့်နိုင်ငံတစ်ခုတွင် ပညာသင်ကြားရချိန် ရပ်ဝေးတွင်ကျန်ခဲ့သည့် တစ်မြေတည်းဖွား ညီအစ်ကိုတော်များကို သတိရသည်။

သူတို့လည်း ကျရာကဏ္ဍ တိုင်းပြည်လွတ်လပ်ရေးအတွက် သူ့နည်းနှင့်သူ့ဟန် ကြိုးပမ်းနေကြသူများဟု သဘောပိုက်သည်။ ရန်သူဗြိတိသျှကိုအနိုင်တို့၍ သူ့လက်အောက်မှ ရုန်းထွက်ရာတွင် အချင်းချင်းညီညွတ်ရေး အဓိကကျလှသည်။

သုံးရောင်ခြယ်အလံတော်အောက်ဝယ် စုစုစည်းစည်းရှိကြဖို့လိုသည်။ ထို့ကြောင့် စိတ်ထဲမှစေ့ဆော်လာ၍ ကျောင်းအားတနင်္ဂနွေရက်ဝယ်ကဗျာတစ်ပုဒ်ကို ရေးဖွဲ့လေ သည်။ ခေါင်းစဉ်မပါ အဆိုပါကဗျာကလေးကို အဘလက်ရေးမှတ်တမ်းစာအုပ်တွင် တွေ့ရပါသည်။

*သာသနာလည်း*
*ဝါဝါဝင်း၍*
*မိုက်ကင်းမြူစင်*
*လ-နယ်ထင်ခဲ့။ ။*
*လယ်ယာကျွန်းလည်း*
*စိမ်းလန်းစိုပြည်*
*သီးမှည့်စည်၍*
*လိုသည်မရှိ*
*ပေါကြွယ်ကျီခဲ့။ ။*
*တိုင်းရင်းဖွားလည်း*
*သားကောင်းပြီစွာ*
*'ဤကမ္ဘာ၌*
*ငါလည်းတလူ*
*သွေးမဖြူ' ဟု*
*ဇမ္ဗူချင်းမျှ*
*အစွမ်းပြခဲ့။ ။*
*လက်ငုတ်လက်ရင်း*
*ဘိုးဘနှင်းသည့်*
*ဝါဝင်းသာသနာ*
*လယ်ယာစိမ်းလန်း*
*နီမြန်းသွေးစင်*
*ရောင်ရှင်သုံးမျိုး*
*အောင်လံထိုး၍*
*မြေမိုးနှံ့အောင်*
*ရှုံးအန်ထောင်မည်*
*အမောင်အမိ ညီဝန်းကြ။ ။*

၂၀-၂-၃၃

အောက္ကစဖို့ဒ်တွင် နိုဝင်ဘာ ၂၈ ရက်နေ့ကျမှ နှင်းကို ဒုတိယအကြိမ်အဘမြင်ရ သည်။ ချမ်းချမ်းစီးစီးကာလ၊ ဗဟုသုတရဖွယ်ဟောပြောပွဲများသို့အချိန်ရတိုင်း မလွတ်တမ်း အဘတက်ရောက်သည်။ လန်ဒန်တက္ကသိုလ်အရှေ့တိုင်းနှင့်အာဖရိကလေ့လာရေးကျောင်း (SOAS) မှ ခေတ္တလာရောက်သည့် **Mr, J.R Firth M.A, Senior Lecturer in linguistics and Indian Phonetics** ၏ဟောပြောပွဲ၊ **K.de Codrington** ၏ **Indian Sculpture** အကြောင်း ဟောပြောပွဲ **Hugh Walpole** ၏ဟောပြောပွဲ စသည်များသို့ တက်ရောက်နာယူသည်။

သည်လိုနှင့် **Hilary Term** ၏ ဒုတိယစာသင်ပတ် ရက်သတ္တရှစ်ပတ်သည် မတ်လ ၁၃ ရက်နေ့တွင်ကုန်ဆုံးသည်။ အီစတာကျောင်းပိတ်ရက်(**Easter Vacation**) ရသည်။ ကျောင်းအားရက်မှီလေ့လာရေးခရီးထွက်ရန်လန်ဒန်သို့ ရှေ့ဦးစွာ အဘသွားရသည်။ အီတလီနိုင်ငံရက်သတ္တနှစ်ပတ်ကြာ လေ့လာရေး ခရီးအတွက် **Cook's Travel** သို့ ၂၇ ပေါင် ၁၀ သျှီလင် ၆ ပဲနိ ပေးသွင်း လက်မှတ်ဝယ်ယူသည်။

မတ် ၂၄ ရက်နေ့တွင် လန်ဒန်မြို့၊ ဗိတိုရိယဘူတာ (**Victoria Station**)



www.burmeseclassic.com

www.burmeseclassic.com



မှ နံနက် ၈း၃၀ နာရီအချိန် အီတလီသို့ ခရီးစတင်သည်။ ထိုခေတ်ထိုအခါက အီတလီနိုင်ငံကို အာဏာရှင်မူဆိုလီနီ အုပ်ချုပ်သောကာလဖြစ်သည်။ လမ်းခရီးတစ်လျှောက် ခရီးသွားလုပ်ငန်းမှစီစဉ်ပေးသည့်နေရာများကို ကြည့်ရှုလေ့လာသည်။ မတ်လ ၂၇ ရက်နေ့တွင် ရောမမြို့သို့ ရောက်သည်။ စကျင်ကျောက်ဖြင့် ထုလုပ်ထားသော ဗုဒ္ဓဆင်းတုတော် တစ်ဆူကို အမှတ်တရဝယ်သည်။ အီတလီငွေ လီရာ ၁၇၀ (lire 170) ပေးရသည်။ ရောမမြို့သို့ ရောက်ခိုက် **ရောမ** ကဗျာကို အဘစပ်ဆိုသည်။

**ရောမ**

*ရောမတဲ့ဆို၊*
*ချိုပေါက်သည့်တိုင်း၊*
*မတ်မှုဆို-အာဏာမိုးလို့*
*စိုးတဲ့သည်တိုင်း။ ။*

*၂၇-၃-၃၃*

အဆိုပါကဗျာတိုကလေးကို Post Card ကျောဘက်တွင်ရေး၍ ဂန္ထလောကမဂ္ဂဇင်း အယ်ဒီတာဦးမြို့မင်း (နွယ်စိုး)ံ ထံသို့ အဘ အမှတ်တရပို့သည်။ ရောမနှင့် ပတ်သက်၍လည်း ခရီးသွားမှတ်တမ်းစာအုပ်ငယ်၌ ဤသို့ မှတ်ချက်ကလေးရေးခဲ့သည်။

*Rome is a piece of poetry with its beauties of churches,*
*Statues, monuments etc etc,*

နောက်တစ်နေ့တွင်လည်း ရောမနှင့် ရောမလူမျိုးများအပေါ် မှတ်ချက်ကလေးများ ရေးခဲ့ပြန်သေးသည်။

*Rome, The Relic of the past, is wonderful*
*Romans, the Descendants of the past, are charming.*

ခရီးထွက်သည့် ဆယ့်တစ်ရက်မြောက်နေ့ ဗင်းနစ်မြို့တော်(Venice)သို့ ရောက်သည်။နောက်တစ်နေ့မနက် မြို့နေရာအချို့ကို ခြေကျင်လေ့လာရေးခရီးသွားသည်။ မွန်းလွဲပိုင်းတွင် ဂွန်ဒိုလာ **(Gondola)** လှေငယ်စီး၍ မြို့အလှကို တစ်မျိုးလှည့်ပတ်ကြည့်သည်။ နေကသာ၊ တိမ်ကပြာနှင့် ကြည်နူးလန်းဆန်းဖွယ် နေ့ကလေးတစ်နေ့ဖြစ်သည်။ လှေငယ်စီးရင်း တစ်ခဏ **"ဝါကီဇွရှာ"** ကဗျာတိုကလေးတို့ အဘ သီကုံးဖွဲ့ဆိုဖြစ် ပြန်သည်။





**ဝါထိဇွရှာ**

*ကျွန်းတွေတွေ၊ ရေညှိချပ်လို့*
*လှိုင်းဖြတ်ဖြတ် - နေသာသာ၊*
*မိုးကပြာပြာ၊*
*ဝါကီဇွရှာ၊*
*ကြာငုံပွင့်ဖူး၊*
*ဂွန်ဒိုလာ-လှေယာဉ်စီးလို့*
*ခရီးသည်-နေခြည်နုမှာ၊*
*တေးပြုလို့ကျူး။ ။*

*၄-၄-၃၃*

ဤသို့ အီတလီနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ၁၄ ရက်ကြာ လေ့လာပြီး လန်ဒန်မြို့သို့ ဧပြီလ ၇ ရက်နေ့တွင် ပြန်ရောက်ခဲ့သည်။ လန်ဒန်တွင် ရှစ်ရက်နေပြီး အောက္စဖို့ဒ်သို့ ၁၀ ရက်နေ့တွင်ပြန်သည်။ အောက္စဖို့ဒ် ပြန်ရောက် ခါစအခြေအနေကို အဘ ဤသို့ရေးသားခဲ့ဖူးသည်။

*အီတလီခရီး ပြီးဆုံးသောအခါ ငွေကုန်လူပန်း စန်းပြတ်လွန်းမြတ်ဖြစ်သဖြင့် နေရင်းအိမ်တွင် ထိုင်နေရပါသည်။ ကျောင်းပိတ်ရက်ဆိုလျှင် တက္ကသိုလ်ကြီးသည် ဝေသန္တရာဇာတ်တွင် **ဦးဩဘာသ** မိန့်ခဲ့သလို **ပျားအပေါင်းတို့စွန့်ပစ်ခြင်းခံခဲ့ရသော မစုပ်ပျားအုံကြီး** နှင့် တူပါတော့သည်။*

*ကျွန်တော်လည်း ပျင်းပျင်းနှင့် စာကြည့်တိုက်ကိုသွားသည့်အခါသွား လယ်ယာတောထဲ လျှောက်လည်သည့်အခါလည်၊ မြစ်ထဲဆင်းပြီး လှေလှော်သည့်အခါလှော်။ မြစ်ဆိပ်မှာထိုင်ပြီးလျှင် ရောမမြို့ကြီးခမ်းနားပုံ၊ ဗင်းနစ်မြို့ကြီးလှပပုံ၊ နေပေါလ်မြို့ကြီး တင့်တယ်ပုံ၊ အီတာလျံပန်းချီ၊ ပန်းပုပညာများ ဆန်းကြယ်ပုံတွေကို စမြုံ့ပြန်သည့်အခါ ပြန်နှင့် အပျင်းဖြေနေရပါသည်။*

အပျင်းဖြေရင်း ပတ်ဝန်းကျင်၏ အပြောင်းအလဲများကို အဘ ဂရုပြုမိသည်။ နွေဦးပေါက်၏ ရွှေ့ပြောင်းလက္ခဏာများကို စတင် တွေ့လာရလေပြီ။ ဝင်းထဲက ပုရစ်ဖူးကလေးများ ထွက်ပြူစပြုကြပြီ။ ပဒုမ္မာကြာငုံကလေးတွေ လက်အုပ်ချီထားသလို သဏ္ဌာန်တူလေသည်။ ပုရစ်ဖူးလေးများက ကျေးဇူးရှင် နေမင်းကြီးကို ပူဇော်နေ သယောင်ယောင်ရှိသည်။ နေမင်းကြီးထွက်အလာ နှင်းတွေပျော်၍ အနွေးဓာတ်လည်း ရောက်လာပြီမို့ ငှက်ကလေးများ တေးတကြော်ကြော်နှင့် မြူးပျော်နေကြသည်။

တစ်ဆောင်းလုံး ရေခဲနှင်းဖုံးခံခဲ့ရသော အမိမြေကြီးကို သူတို့၏ တေးသံသာများနှင့် ဖြေဖျော်နေသည့်နှယ်။ ထိုနွေဦးပေါက်ဝယ် ဗီးလတ်သားအများက မရွှင်ပျ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြ၊ ဥရောပတိုက် စစ်ရိပ်စစ်ငွေ့များက တစ်နေ့တခြား ယှက်သန်းလာသည်မို့ စိုးရိမ်စိတ်ကလေးများဖြင့် သူတို့မျက်နှာများ ညှိုးလျလျက်ရှိကြသည်။ အဘစာဆိုလည်း သူ့အမြင်ကို **နွေဦးပေါက်**ကဗျာဖြင့် မှတ်တမ်းကမ္ပည်းတင်လေသည်။

**နွေဦးပေါက်**

*လက်အုပ်ချီ၍*
*စီရီကျစ်လစ်၊ ဖူးပုရစ်နှင့်*
*ရွက်သစ်စိုစို၊ တောထိုထိုသည်*
*နေကိုပူဇော်ကြသည်လော။ ။*
*သံစုံနှော၍*
*သောသောညာညာ၊ တီးမှုတ်ကာနှင့်*
*ကဗျာချိုချို၊ ငှက်ထိုထိုသည်*
*မြေကို ဖြေဖျော်ကြသည်လော။ ။*
*မဟုတ်မူ၍*
*ပူပင်ကြောင့်ကြ၊ မီးလျှံခလျက်*
*နွေညမဆို၊ မျက်နှာအိုသည်*
*လူကိုသရော်ကြသည်လော။ ။*

၁၂-၄-၇၇

အောက္စဖို့ဒ် **Trinity Term** က မတ်လ ၃၁ ရက်နေ့က စခဲ့ပြီ။ တတိယ လပတ်၏ စာသင်ပတ်ကား ဧပြီလ ၂၅ ရက်နေ့မှ စမည်။ ရက်အားကလေးက ကျန် သေးသည်။ ဧပြီလ ၂၃ရက်နေ့ နွေခင်းကလေးက သာသည်။ အဘသည် **Abbey Street** တစ်လမ်းတည်းနေ မြန်မာမိတ်ဆွေများရှိရာ အိမ်အမှတ် ၁၀ သို့ ခြေဦးလှည့် သည်။ သစ်တောပညာတော်သင် ဦးကြည်ကို အိမ်တွင်တွေ့၍ အဘဝမ်းသာ သွားသည်။

ထိုနေ့ကား ကဝိအကျော်အမော် ရှိတ်စပီးယား၏ မွေးနေ့ဖြစ်လေသည်။ ကဝိကြီး မွေးရာမြို့ကလေးသို့ အလည်သွားရန် အဖော်စပ်သည်။ ပြီးတော့ သူငယ် ချင်းနှစ်ဦး ရှိစုမဲ့စု ပေါင်သျှိလင်ကလေး အိတ်ထဲထဲ့ကာ ဘူတာရုံဆင်းကြသည်။ မကြာမီ ဓာတ်ရထားက အဘတို့ကို ကဝိကြီးမွေးဖွားရာ အေဗွန်ခေါ် မြစ်ကလေးပေါ်ရှိ စထရက္ကဖို့ဒ် **(Startford On Avon)**သို့ ပို့ဆောင်ပေးသည်။ စထရက္ကဖို့ဒ် ဘူတာ ရောက်သည်နှင့် အဘတို့နှစ်ဦး ခြေကျင်လျှောက်လာရေးခရီးစကြသည်။[၆]

ရှေ့ဦးစွာ အမေရိကန်ဖောင်တိန် **(American Fountain)** သို့ ရောက်ကြ





သည်။ ထိုမှ ခရီးဆက်သော် ကဝိကြီးမွေးဖွားခဲ့ရာ နှစ်ဆောင်ပြိုင်အိမ်ကလေးသို့ ရောက်ကြသည်။ ကဝိကြီးကို ၁၅၆၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် မွေးဖွားခဲ့သည်မို့ ထိုစဉ်အချိန်က အိမ်ကလေးမှာ နှစ်ပေါင်းလေးရာနီးပါး သက်တမ်းရှိခဲ့လေပြီ။

အိမ်၏ အဆောင်တစ်ဆောင်ကို ပြတိုက်ကလေးအဖြစ် ဖန်တီးထားသည်။ အိမ်ဝယ်မှထွက်သော် ပြည်သူ့စာကြည့်တိုက်၊ ပြီးနောက် ကဝိကြီး၏ သမီး ယုဒစ်ရှိတ်စပီးယား၏ အိမ်ကို တွေ့ကြရသည်။ ထိုမှတစ်ဆင့် ဟားဗတ်အိမ်[၇]၊ ပြီးတော့ ရှိတ်စပီးယား အသက်ကြီးရင့်သည့်အခါ ဝယ်ယူနေထိုင်ခဲ့သော ခြံကလေးသို့ ရောက် ကြသည်။ အဆိုပါခြံကလေးနှင့်ပတ်သက်၍ အဘ ဤသို့ရေးခဲ့ဖူးသည်။

*ကျွန်တော် မှတ်မိသလောက်ဆိုလျှင် ထိုဥယျာဉ်ထဲ၌ ရှိတ်စပီးယား ပြဇာတ်များထဲပါလေ့ရှိသော ပန်းပင်အမျိုးမျိုးတို့ကို စိုက်ပျိုးပြုစုထားသည်။ အချို့ ပန်းပင်များမှာ ရှားရှားပါးပါး ထူးထူးထွေထွေများ မဟုတ်ကြပါ။ နွေဦးပေါက်အခါတွင် မြေကြီးထဲမှ ထိုးထွက်ဖူးပွင့်ကြသော နှင်းပန်းကလေးများစသည်တို့ ဖြစ်ပါသည်။ ဤမျှ အညတရဖြစ်သော ပန်းသာမန်များကိုပင် ကဝိကြီးသည်လျစ်လျူမပြု။ သူနေရာ နှင့်သူ တင့်တယ် လျောက်ပတ်အောင် ဖွဲ့ဆိုသီကျူးသွားသည်ဖြစ်၍ အင်္ဂလိပ်လူမျိုးတို့ စိတ်တွင် ထိုအပင် ကလေးများပေါ်တွင် ကြင်နာနှမြောစိတ်ပေါက်လာကြတော့သည်။*

ခြံဥယျာဉ်ဝယ်မှတစ်ဆင့် မြစ်ကမ်းနားရှိ ရှိတ်စပီးယားကို နှစ်မြှုပ်သင်္ဂြိုဟ် ခဲ့ရာ **Holy Trinity**[၈] ဘုရားကျောင်းသို့ရောက်ကြသည်။ ဘုရားကျောင်းထဲတွင် ရှိတ်စပီးယားနှင့်တကွ သားစဉ်မြေးဆက် အတော်များများ၏သင်္ချိုင်းဂူများတို့ တွေ့ရသည်။ ကဝိကြီး၏ သင်္ချိုင်းကို ဂါရဝပြုပြီးနောက် **ကဝိမော်** ကဗျာတိုကလေးတို့ အမှတ်တရ စပ်ဆိုသည်။

**ကဝိမော်**

*သမင်ခိုးသည့်*
*လူဆိုးအကျော်၊ ကဝိမော်ကို*
*ကော်ရော်ရိုကျိုး၊ ငါရှိခိုးသည်*
*မိုးသို့ ငါ့ဉာဏ် ကျယ်စေသော် ။ ။*

၂၃-၄-၇၇

မြစ်ကမ်းစပ်၌ပင် ဆောက်လုပ်ထားသော ရှိတ်စပီးယား ပြဇာတ်ရုံကြီးသို့ နောက်ဆုံးဝင်ကြသည်။ မြန်မာ့ကျွန်းနှင့် ပိတောက်တို့ကို ဇာတ်ရုံကြီးဆောက်လုပ်ရာ၌ ထည့်သွင်းအသုံးပြုခဲ့ကြသည်။ ဇာတ်ရုံမှအထွက်လမ်းတွင် ကဝိကြီးအား လေးစားသမှု ပြုသည့်အနေဖြင့် နိုင်ငံပေါင်းစုံမှအလံများလွှင့်ထူထားသော လမ်းတစ်လမ်းကို မြင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြရသည်။

သူငယ်ချင်းနှစ်ဦး ငွေကြေးအင်အားနည်း၍ ညအိပ်ညနေ ပြဇာတ်မကြည့်နိုင်ဘဲ အောက္ကစဖို့ဒ်သို့ ပြန်ခဲ့ကြရသည်။ နောက်တစ်နေ့ ကဝိကြီးအမှတ်တရ ကဗျာတစ်ပုဒ် အဘထပ်မံရေးဖွဲ့သည်။ ကဝိကြီးလွန်လေသော်လည်း သူ၏စာပေများက ဆက်လက် ရှင်သန်လျက် လူသားတို့ကို အကျိုးပြုလျက်ရှိပုံကို အိပ်တန်းတက်သော ငှက်ငယ်၏ တေးသံသာနှင့်ဥပမာပြုစပ်ဆိုထားသော ကဗျာကလေးဖြစ်သည်။ မြန်မာလက်ာနှင့် အတူ **Shakespeare** ဟု အမည်ပေး၍ အင်္ဂလိပ်ဘာသာစကားနှင့်လည်း ပြန်ဆိုရေး ဖွဲ့ခဲ့ပါသည်။

**ရှိတ်စပီးယား**

ချိုတန့်တန့်၊ တဖွဲ့ဖွဲ့နှင့်
သွဲ့သွဲ့တိတ်ကာ၊ အိပ်တန်းရှာလည်း
သာယာဆေးလေး၊ ဆိတ်ဆိတ်ကြွေးသည်
တေးမျှင်တန်းလျက် ကျန်ခဲ့၏။ ။

၂၅-၄-၃၇

စထရက်တဖို့ဒ်တွင် ပြဇာတ်မကြည့်နိုင်ခဲ့သော်လည်း အောက္ကစဖို့ဒ်တွင် တင်ဆက်ကပြသော ကဝိကြီး၏ **Romeo and juliet, The Twelfth Night, Macbeth** ပြဇာတ်များကို မလွတ်တမ်း အဘကြည့်ရှုအားပေးလေသည်။

တက္ကသိုလ်ပြန်ဖွင့်ပြီး ရက်သတ္တနှစ်ပတ်ခန့်အကြာ လန်ဒန်သို့ အဘတစ်ခေါက် သွားရပြန်သည်။ မသွားမီ ဆရာဟာဗေးထံသွား၍ အလုပ်လုပ်ဖြစ်အောင် လုပ်လိုက်သေးသည်။ ဧပြီလ ၁၂ရက်နေ့တွင် လန်ဒန်မြို့တွင် ဆဋ္ဌမမြောက် ဂျော့ဘုရင်နှင့် အယ်လီဇဘက်ဘုရင်မတို့၏ ကြီးကျယ်ခမ်းနားသော ဘိသိက်ခံပွဲကြီး ကျင်းပပြုလုပ်သောနေ့ ဖြစ်သည်။ ကြုံတောင့်ကြုံခဲ ဖြစ်ရပ်တစ်ခုဖြစ်သည့်အပြင် ဘိသိက်ခံယူပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့လည်းတက်ရောက်မည်ဖြစ်၍ အဘ မရောက်ရောက်အောင် မဖြစ်ဖြစ်အောင်သွားခဲ့သည်။ နံနက် ၈ နာရီကျော်အချိန်မှ စသည့်အခမ်းအနားက ညနေ ၄ နာရီခန့်မှ ပြီးဆုံးသည်။

ဘပ်ကင်ဟမ်နန်းတော် **(Buckingham Palace)** နှင့် ဝက်စ်မင်စတာဘုရားရှိခိုးကျောင်း **(Westminster)** အသွားအပြန် မော်တော်ယာဉ်နှင့် မြင်းဆွဲရထားတန်းကြီးကို အတိုးအဝှေ့ အလုအယက် အဘကြည့်ရသည်။

၆ ခုမြောက် မြင်းစီးရထားတွဲပေါ်၌ မြန်မာနိုင်ငံမှကိုယ်စားလှယ်တော် ဒေါက်တာ ဘမော်နှင့် အိန္ဒိယနိုင်ငံကိုယ်စားလှယ်တော် **Sir Muhmmad Zafrullah Khan** တို့ကို မြင်လိုက်ရသည့်အချိန် အဘရင်ဝယ် တစ်မျိုးခံစားရပေလိမ့်မည်။





Rome—Monument of Victor Emmanuele II

**4th day** *7/3/37.*

To-day and to-morrow will be devoted to drives around the city, in which the places enumerated below will be visited, although not necessarily in the order or on the day stated. You will visit St. Peter's—the largest church in the world (nearly twice the size of St. Paul's); the Vatican with the Sistine Chapel; the world-famous museums; the recent excavations of Ancient Rome; the Colosseum, Forum, Palace of the Cæsars, and the Basilica of St. Maria Maggiore.

The evening brings fresh enchantment, when the mighty relics of Imperial Rome form a memorable background to all the gaiety and colour that typifies Rome to-day.

**4th DAY** | COLUMN FOR NOTES ON SNAPS, PERSONAL PURCHASES, ETC.

*Rome is a piece of poetry with its beauties of churches, statues, monuments etc. etc.*

*Purchased a marble statue of Buddha of Chinese type. L.17/-*

ဧပြီလ ၁၆ ရက်နေ့ မြန်မာအသင်းတိုက်၌ မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုဧည့်ခံပွဲသို့ အဘ တက်ရောက်ရသည်။ ဒေါက်တာ ဘမော်အစရှိသည့် မြန်မာကိုယ်စားလှယ်အဖွဲ့လူကြီးများနှင့် အဘတို့ ပညာတော်သင်တစ်စု ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောခွင့်ရကြသည်။ ကျောင်းကတစ်ဖက်မှ ဘိသိက်ခံပွဲကိုကြည့်ပြီးသည်နှင့် အောက္ကစဖို့ဒ်သို့ အမြန်ပြန်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မတ်လကုန်ပိုင်း နံနက်ခင်းတစ်ခင်း မစ္စတာဟာဗေး အမှတ်မထင် အဘအိမ်သို့ ရောက်လာသည်။ ရေချိုးဆိပ်ဆင်းရန် လာခေါ်ခြင်းဖြစ်သည်။ အဘလည်း သူ့ဆရာခေါ်ရာသို့ မျက်နှာသုတ်ပုဝါတစ်ထည်၊ ရေကူးဘောင်းဘီတစ်ထည်နှင့် လိုက်သွားသည်။ ရေချိုးဆိပ်ရောက်တော့ ထင်သလိုမဟုတ်။ အမြင်ကဆန်းနေသည်။ ရေချိုးဆိပ် ကို **Parson's Pleasure** ဟု ခေါ်ပြီး အဘက မြန်မာဆန်ဆန် **ဥပသကာပျော်မွေ့ရာ** ဟု ကင်ပွန်းတပ်ခဲ့သည်။

ရေချိုးဆိပ်ကို တစ်ဖက်ကအပိတ်ကာထားသည်။ ကျန်တစ်ဖက်က မုယောခင်းတွေနှင့် ပိတ်နေသည်။ ရေတစ်ခါချိုး ၆ ပဲနီပေးရသည်။ ရေချိုးဆိပ်ထဲရောက်တော့ အဘ အထိတ်တလန့်ဖြစ်ရသည်။ ရေချိုးသူများ အဝတ်အစားမပါ၊ မိမွေးတိုင်း ဖမွေးတိုင်း နေကြသည်။ အဆိုပါလူများမှာ သာမန်လူများလည်း မဟုတ်ကြ။ ပါမောက္ခကြီးများ၊ သုခမိန်များ၊ ကထိကများ၊ ကျောင်းသားကြီးများ ဖြစ်ကြသည်။ သူတို့ယဉ်ကျေးမှုက အဘအတွက် အခက်ကြုံစေတော့သည်။

သူတို့လို မိမွေးတိုင်းဖမွေးတိုင်းမဟုတ်ဘဲ ရေကူးဘောင်းဘီနှင့် ရေချိုးတလည်း ရှက်စရာ။ သူတို့လိုဆိုပြန်တော့လည်း အဘအသုံးအနှုန်းအရ **ကိုယ်ချည်းစီးချိုး**ပြန်တော့လည်း ရှက်စရာ။ ရှက်ရှက်နှင့် မြစ်ထဲခုန်ချ၊ ရေကူးတုန်းခဏတော့ အဆင်ပြေသည်။ အကူးရပ်တော့ချမ်း၊ ချမ်းလို့ကုန်းပေါ်တက် နေပူဆာလှုံတော့ ရှက်လာပြန်သည်။ သည်တော့ ရေထဲခုန်ချပြန်၊ ရေထဲသက်ချည်၊ တက်ချည်နှင့် အချိန်ကုန်တော့သည်။ စိတ်ညစ်လိုက်ရသည်မှာ ပြောဖွယ်မရှိပေ။

ထိုအဖြစ်မျိုး နောက်တစ်ကြိမ်မကြုံရေးကိုသာ ကြိတ်၍ဆုတောင်းတော့သည်။ ဆုတောင်းပဲ ပြည့်လေသလား၊ တပည့်ဒုက္ခကိုပဲ ရိပ်မိ၍လားမသိ၊ ရေချိုးဆိပ်လိုက်ရန် ဆရာဟာဗေး နောက်တစ်ကြိမ်လာမခေါ်တော့ပါ။ တော်ပေသေးတော့သည်။

**ကျမ်းကိုး**

၁။ ဇော်ဂျီ၊ မင်းသုဝဏ်။ **ရွှေသည်း**။ နှလုံးလှစာပေတိုက်။ ၁၉၆၅ ဒီဇင်ဘာ။
၂။ မင်းသုဝဏ်။ ဂါထာ ၆၀။ **ဂန္ထလောက**။ အတွဲ ၂၃ အမှတ် ၁၄၆။ ၁၂၉၈ ခုနှစ်၊ တန်ခူးလ။
၃။ မင်းသုဝဏ်။ ရှိပ်စပီးယား။ **စုန်မျှော်ဝင်း**။ ၁၉၃၈၊ ဇန်နဝါရီလ။
၄။ *Oxford University-Pocket Diary. 1936-37*

**မှတ်စု**

၁။ *History Of Burma* ရေးသားပြုစုသူ။
၂။ ၁၉၃၈-၃၉ ခုနှစ် *SOAS* ၌ *General Linguistics* ဆရာအဖြစ် ပြန်လည်ဆုံစည်းသည်။
၃။ ၁၉၃၆ ခုနှစ် ပညာတော်သင် မထွက်ခွာမီ ဦးဝန်၏ ဂန္ထလောက အကျိုးဆောင်တာဝန်ကို လွှဲပြောင်းလက်ခံယူသူ။
၄။ *Venice* မြို့ကို အီတာလျံ ဘာသာစကားဖြင့် *Venezia* ဟုခေါ်တွင်သည်ကို အစွဲပြု၍ ဝါဏီဇ္ဇရွာဟု ကင်ပွန်းတပ်ခြင်းဖြစ်သည်။





၅။ မတ်လ ၂၅ ရက် *Genoa* မြို့။ *Christopher Columbus* ၏အိမ်။ ၂၆ ရက်၊ *Leaning Tower Of Pisa*၊ ၂၇-ရက် ရောမမြို့၊ ကမ္ဘာ့အကြီးဆုံး *St. Peter's* ဘုရားကျောင်း။ *Vatican* မြို့တော်၊ *Colosseum*၊ *The Forum, Palace of the Caesars* စသည်၊ ၂၉ ရက်မှ ၃၁ ရက် *Naples* မြို့ *Vesuvius* မီးတောင်၊ *Pompeii* မြို့ပျက်၊ ဧပြီ (၁-၂) ရက်၊ *Florence* မြို့၊ *Michael Angelo, Dante, Marchiavelli* တို့၏သချိုင်းဂူများ၊ *Dante* နှင့် *Michael Angelo* တို့ နေထိုင် သွားရာ အိမ်များ ဧပြီ (၃-၄ ရက်) ဗင်းနစ်မြို့၊ ဧပြီ ၅ ရက် မီလန်မြို့၊ ဧပြီ ၆ ရက် လန်ဒန်ပြန်ရောက်။
၆။ အမေရိကန် လူမျိုးတစ်ဦးက ကဝိကြီးကို အလေးဂရုပြုသည့် အထိမ်းအမှတ်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သော ရေပန်းတန်ဆောင်။
၇။ *Harvard University* ကို တည်ထောင်ခဲ့သူ၊ *John Harvard* မိခင်၏နေအိမ်။
၈။ ကဝိကြီးအား မွေးဖွားခဲ့သည့် ခုနှစ်သက္ကရာဇ်၊ နှစ်ခြင်းပြုခဲ့ရာ ကျောက်အင်တုံ၊ နှစ်ခြင်းမင်္ဂလာပြုခြင်းအကြောင်းများ ရေးမှတ်ထားသည့် မော်ကွန်းစာအုပ်ကြီး ရုပ်တု တစ်ပိုင်းပုံ စသည်တို့လည်းရှိသည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



## အဘ၏
## ဗီးလပ်ကျွန်းဖြစ် ကဗျာများ
## ဒုတိယပိုင်း

အောက္ခစဖို့ဒ်၏ ပညာသင်နှစ် တစ်နှစ်ကား ကုန်ဆုံးခဲ့လေပြီ။ သူတို့ အသုံးအနှုန်းအရ **Long Vacation** ကြီး စသည်။ ၁၉၃၇ ခုနှစ်၊ ဇူလိုင်လ ဒုတိယပတ်မှ စက်တင်ဘာလကုန်အထိ နှစ်လခွဲနီးပါးမျှ ကျောင်းအားရက်ရှည်ကြီးဖြစ်သည်။ အဆောင်နေကျောင်းသားများ၊ မြို့ထဲ၌ အိပ်ခန်းငှားနေကျောင်းသားများ၊ တက္ကသိုလ်နယ်မြေမှအသီးသီးစတင်ထွက်ခွာကြသည်။ ဗီးလပ်ကျွန်းဒေသအသီးသီးမှ လည်းကောင်း၊ ပြည်ပရပ်ဝေးမှလည်းကောင်း၊ လာရောက် ပညာသင်ယူသူများ မိမိတို့အိမ်သို့ ပြန်နိုင်သူများက ပြန်ကြသည်။ အိမ်သို့မပြန်နိုင်သူ၊ မပြန်လိုသူများက ဒေသန္တရဗဟုသုတရှာခရီးထွက်ကြသည်။ အဘကတော့ ဗီးလပ်ကျွန်း တောင်ဘက်ပိုင်းပင်လယ်ကမ်းခြေရှိ **Brighton** မြို့ကလေးသို့ သူငယ်ချင်းဖြစ်သူ သစ်တောပညာတော်သင် ဦးကြည်နှင့် ခရီးထွက်သည်။ မြို့အနီးဝန်းကျင်ရှိ **Rottendean, Devil's Dyke** စသည့်နေရာများသို့ သွားကြသည်။ ရေခဲပြင်စကိတ်စီးခြင်း **(Ice skating)** ကို စမ်းကြည့်ကြသည်။ အီပျော်စီးလေယာဉ်ငယ်ကို ငှား၍ ၇ မိနစ်ကြာမျှ မြို့ပေါ်သို့ ပျံ၍ကြည့်သည်။ ဇူလိုင်လ ၁၈ ရက်နေ့တွင် လန်ဒန်မြို့သို့သွားသည်။

မြန်မာနိုင်ငံ ပရိညာဉ်ခံဝန်ထမ်း **(BCS - I)** ကျောင်းသားများအား မြန်မာစာနှုတ်ဖြေစာမေးပွဲစစ်ပေးရန် **Civil Service Commmission** မှ အဘတို့ အကူအညီတောင်း၍ ဇူလိုင်လ ၂၀ ရက်နေ့တွင် လန်ဒန်မြို့ **6 Burlisgton Gardens, W-1** သို့ သွား၍ စာမေးပွဲစစ်ပေးသည်။ လန်ဒန်၌ ရက်အနည်းငယ်ဆက်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင်လ ၂၄ ရက်နေ့တွင် ဂျာမဏီနိုင်ငံ **Rhineland** ဒေသသို့ ဒေသန္တရစာဟုသုတရှာ ခရီး အဘ ထွက်သည်။ လကုန်ရက်ပိုင်း လန်ဒန်သို့ပြန်ဝင်ပြီး ဩဂုတ်လ ၅ ရက်နေ့ ပြင်သစ် နိုင်ငံသို့ ၁၀ ရက်ခန့်ခရီး ထပ်ထွက်ပြီးမှ အောက္ကစဖို့ဒ်သို့ ပြန်ရောက်သည်။ ဘုန်းတော်ကြီး **Reverend Appleton** ဆိုသူက ကားငယ်ကလေး တစ်စီးနှင့် အောက္ကစဖို့ဒ်သို့ ရောက်လာပြီး အဘ၏ ငယ်စဉ်က စိန့်ဂျွန်း ကျောင်းဆရာကြီး ဇလင်ကိုးရှိရာ **Chester** ဘက်သို့ အလည်လိုက်ရန်လာခေါ်၍ ခရီးထွက်ပြန်သည်။ **Chester** သို့အသွားလမ်း၌ **Worcester** ရှိ ဘုရားကျောင်းကြီး၊ **King John** သင်္ချိုင်းဂူစသည်တို့ကို ဝင်ရောက်လေ့လာသည်။ နောက်တစ်နေ့ ချက်စတာ အထက်အရပ်ရှိ **Liverpool** သို့သွား၊ **Liverpool tunnel** နှင့် ဘုရားကျောင်းတို့ကို သွားကြည့်သည်။ ပြီးတော့မှ ဗီးလပ်ကျွန်းနှင့် စကော့တလန်ဆုံရာအနီးရှိ **Lake District** သို့ သွားကြသည်။ ထိုအရပ်ကား ဗီးလပ်ကျွန်း၏ တောင်အချို့နှင့် အမိကရေကန်ကြီးများ အများစု တည်ရှိရာ အရပ်ဖြစ်သည်။ တောင်နှင့်မြောက် ၁၀ မိုင်ခွဲခန့် ရှည်လျားသည့် ဗီးလပ်ကျွန်း၏ အကြီးဆုံးရေကန်ကြီး **Lake Windermere** သည် **Keswick** မြို့ အောက်ဘက်နားတွင် တည်ရှိသည်။ **Keswick** သည် ယင်းဒေသတွင် အကြီးဆုံးမြို့ကလေး ဖြစ်သည်။ အနီးအနားတစ်ဝိုက်တွင် အခြားရေကန်များလည်း ရှိကြရာ အဆိုပါအရပ်ကို အဘသည် တင်စားပြီး **အိုင်မင်းများ** တည်ရာအရပ်ဟု ကင်ပွန်းတပ်ခဲ့သည်။ ဝင်ဒါမီယာကန်ကြီး၏ အနောက်ဘက်အရပ်၌ ပေပေါင်းသုံးထောင့်နှစ်ရာ ကျော်မြင့်သည့် ယင်းဒေသ၏ အမြင့်ဆုံးတောင်ထွတ် **Scalfell Pike** တည်ရှိသည်။ **Helvellyn, Skiddaw, Great Gable** စသည့် တောင်ထွတ်များကလည်း မနီးမဝေးတွင် တည်ရှိကြသည်။ **Skiddaw** သို့ အဘရောက်အောင်သွားသည်။ ပေပေါင်း ၃၁၁၈ မြင့်သည့် **Helvellyn** တောင်ကို လေးပုံသုံးပုံအမြင့် ရောက်သည်အထိ တက်လိုက်သေးသည်။ တောင် အထပ်ထပ်၊ ကန်အဆင့်ဆင့်၊ လျှိုမြောင်တွေအကြား ခရီးသွားရင်း **Thirlmere** ရေကန်ကြီးအရောက် အပန်းဖြေခိုက်ကဗျာတစ်ပုဒ် ရေးဖွဲ့ခဲ့သည်။ ကဗျာကို **Post Card** ပေါ် ကူးရေးပြီး ဂန္ထလောကမဂ္ဂဇင်းတိုက်နှင့် မြန်မာမိတ်ဆွေအချို့ထံ အမှတ်တရပို့သည်။ ဂန္ထလောက မဂ္ဂဇင်းက အဆိုပါကဗျာကို ၁၉၃၇ ခုနှစ်၊ နိုဝင်ဘာလထုတ် စာစောင်၌ ရှေ့ဦးစွာဖော်ပြခဲ့သည်။ မူလက၊ ကဗျာအမည်မပါ။ နောက်ပိုင်းတွင်မှ သိုးထိန်းလမ်း အမည်ရခဲ့သည်။

### သိုးထိန်းလမ်း

တစ်တောင်နှစ်တောင်တောင်တွေထပ်ပါလို့
တစ်ချပ် နှစ်ချပ် တစ်လျှို နှစ်လျှို
အိုင်အင်းတွေကစို။





စောင်းနေကညို
လေချိုကသွန်း။
သိုးထိန်းသည်ပြန်တဲ့လမ်းမှလ
စခန်း ဘယ်ဆီဖွေလို့
အပန်းဘယ်ဆီဖြေရပ
တဝေဝေ မျှော်အတွေးတွေနဲ့
ခရီးသည် ညည်းတယ်လို့ မအေးသော်ကြောင့်
ဘေးမဲ့ရာ ကျွန်းဆီသို့
တေးဖွဲ့ကာ လွမ်း။ ။

၂၈-၈-၃၇

ကဗျာဆရာကြီး **William Wordsworth** မွေးဖွားရာ **Cockermouth** မြို့ကလေးသို့ အဘသွားလည်သည်။အဆိုပါမြို့ကလေးမှာ **Keswick** ၏ အထက်နားအနောက်မြောက်အရပ်တွင်ရှိလေသည်။ **Keswick** ရှိ **Southey** ၏ သင်္ချိုင်းဂူသို့လည်း သွားရောက်ကြည့်ရှုသည်။ အောက္ကစဖို့ဒ်သို့ ဩဂုတ်လ ၃၁ရက်နေ့ မပြန်မီ နှစ်ရက်အလို **Heaten Coopers, Highlow Tarn, Ullswater, Kirkstone Pass** စသည့်နေရာများသို့ အလည်သွားသည်။

အောက္ကစဖို့ဒ် ဒုတိယပညာသင်နှစ်၏ ပထမကျောင်းလပတ် **Michaelmas Term** က အောက်တိုဘာလဆန်းတွင် စသည်။ ကျောင်းပြန်တက်သည့်အခါ ဆရာကြီး **Dr. Thomas** အနားယူသွားသည့်သတင်းက အဘကို ဆီးကြိုသည်။ ဆက်လက်စဘာသာရပ်များကိုပင် ဆရာသစ် **Boden Professor of Sanskrit, Dr. E. H.Johnston** ထံမှ ဆက်လက်သင်ယူသည်။ ၁၉၃၇- ၃၈ ခု အောက္ကစဖို့ဒ် စာသင်နှစ်အတွင်း **BCS(I)** ပဋိညာဉ်ခံ ဝန်ထမ်းသင်တန်းတက်ရန် မြန်မာနိုင်ငံမှ ဦးဘကျော်၊ ဦးအုန်းမောင်၊ ဦးဘစန်း[၁] တို့သုံးဦး **Jesus College** သို့ ရောက်ရှိလာကြသည်။ ကျောင်းသားဟောင်း ဖြစ်နေပြီဖြစ်သည့် အဘက ကျောင်းသားသစ်များကို အစစအရာရာ လိုက်လံကူညီပေးသည်။ မကြာမီ ကာလအတွင်း ခင်မင်ရင်းနှီးသော မိတ်ဆွေများအဖြစ်သို့ ရောက်ရှိသွားကြသည်။ မိတ်ဆွေသစ်များအခန်း၌ ငါးခြောက် ဖုတ်၊ ရေနွေးကြမ်းဖြင့် စကားဝိုင်းဖွဲ့ကြသည်။

ကျောင်းအားချိန်များ၌ ဟောပြောပွဲအမျိုးမျိုးသို့ အဘ တက်ရောက်နားထောင်သည်။ **Prof: Chang, Sir Arthur Salter, Dr. Gilbert Murray** ၏ ထရုတ်ပြည်အကြောင်းဟောပြောချက်၊ **G.D.H Cole, R.H.S Crossman, Dr. Caroline Rhys - Davids,**[၂] **Krishna Menon, Lord Zetland, Sir Aurel Stein, Harold Laski, Palme Dutt** အစရှိသည့် ပညာရှင်အမျိုးမျိုးတို့၏ ဟောပြောမှုများကို ကြားနာခဲ့ရသည်။ **Bernard Shaw** ၏ **Geneva**[?] ခေတ်ပြ



www.burmeseclassic.com




Rolandseck ခရီးသွားမိတ်ဆွေများနှင့်အဘ ၂၉-၇-၃၇ လေကာလကျောစေးရပ်နေသူများအနက်(ဝဲမှယာ)၇ယောက်မြောက်မှာ မင်းသုဝဏ်ဖြစ်သည်။



ကြေးမုံပြဇာတ်ကိုကြည့်သည်။ ၁၉၃၇ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် မြန်မာကျောင်းသားအားလုံးကို အဘသည် သူ၏ အခန်းသို့ဖိတ်၍ အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် လက်ဖက်ရည်တိုက်သည်။ ထူးထူးခြားခြား အဘ၏ နေ့စဉ်မှတ်တမ်းတွင် ဘောလုံးပွဲသွားသည့်မှတ်တမ်းတစ်ခုကို တွေ့ရသည်။ စာရေးသူ သိတတ်သည့်အရွယ်မှစ၍ အဘ ဘောလုံးပွဲသွားကြည့်သည်ကို တစ်ခါဖူးမျှ မကြုံခဲ့ဖူး၍ ထူးခြားသည်ဟု ဆိုရခြင်းဖြစ်ပါသည်။ ဒီဇင်ဘာလ ၁၀ ရက်နေ့မှတ်တမ်းတို ဤသို့ရေးထားပါသည်။

Saw a soccer match at liverpool. Liverpool VS Arsenal 2-0 Lunched at Bear's Paw Restaurant.

သစ်တော ပညာတော်သင် ဦးကွက်ညိုနှင့် **Play House** ဇာတ်ရုံ၌ ပြသော **Charley's Aunt, Lady Precious Dream** တို့ကို သွားကြည့်သည်။ **Streetham Hill Theatre** ၌လည်း အားလပ်ရက်တစ်ရက်၊ **Sleeping Beauty** သွားကြည့်သည်။

လကုန်ပိုင်းတွင် ဝေလနယ်မြေမြောက်ပိုင်း၊ **Hawarden** ရွာအနီးရှိ စိန့်ဒိုင်းနီးယဲစာကြည့်တိုက် **(St. Deiniol's Library)** သို့ ဆောင်းခိုရင်း စာကြည့်ရန် ဒုတိယအကြိမ် အဘရောက်သွားသည်။ အဘနှင့်အတူ စာကြည့်ဖော် ဦးအုန်းမောင်လည်းပါသည်။ စာကြည့်တိုက်၌ စာကြည့်ရင်း ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် **မြတ်ရေစင်** ကဗျာကို အဘရေးဖွဲ့သည်။

**မြတ်ရေစင်**

မုတ်သုန်ကို ကင်းထောက်လို့
ပိတောက်မှာ သန္ဓေဝင်
ချမ်းမြတ်ရေစင်
မုတ်သုန်ကဆင်၊ ပြည်ခွင်နှံ့ကြွေး။
ပိတောက်ကရှင်၊ ပြည်ခွင်နှံ့မွှေး။
မြတ်ရေစင် တစ်ပေါက်သွန်းလျှင်
ကျွန်းခွင်လုံးအေး။ ။

၂၈-၁၂-၃၇

စာကြည့်နားသည့်တစ်ရက်၊ ဟာဒင်ရွာ အထက်ဘက်၊ မြောက်အရပ်ရှိ **Irish Sea** ကို မျက်နှာမူနေသည့် **Colwyn Bay, Llandudno, Conway** စသည်တို့သို့ လျှောက်လည်သည်။ ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် **သစ္စာပြည့်** ကဗျာကို အဘ ရေးဖွဲ့ဖြစ်ပါသည်။ ထူးခြားသော တိုက်ဆိုင်မှုတစ်ရပ်မှာ အဆိုပါလွတ်လပ်ရေးကို မျှော်ကိုးသည့် လွတ်လပ်ရေးအကြို ကဗျာကလေးရေးဖွဲ့ပြီး ၁၀



www.burmeseclassic.com

www.burmeseclassic.com



နှစ်တင်းတင်းပြည့်သည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရခြင်းပင်ဖြစ်ပါသည်။ သပြေညိုကဗျာကို မည်သည့်အကြောင်းကြောင့် စပ်ဆိုမိကြောင်း ပြန်လည်စဉ်းစားရာမှ အောက်ပါမှတ်ချက်ကို အဘရေးသားခဲ့ဖူး ပါသည်။

ဦးအုန်းမောင်နှင့် ကျွန်တော်တို့ နှစ်ဦးသည် ဝေလနယ်မြောက်ပိုင်း၊ ဟာဒင် ရွာကလေးရှိစာကြည့်တိုက်တွင် ကျောင်းပိတ်ရက်အတွင်း စာပေကြည့်ရှုနေခိုက် တိုင်း ရေးပြည်ရေးနိုင်ငံရေးကို ဆွေးနွေးမိမည်မှာ သေချာပါသည်။ ဦးအုန်းမောင်ကလည်း နိုင်ငံဝန်ထမ်းအလုပ်သင်တန်းကျောင်းသားတစ်ဦးဖြစ်လင့်ကစား မျိုးချစ်စိတ် အလွန် ထက်သန်သူဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးကိုထိလာလျှင် နည်းနည်းမှသည်းမခံနိုင်သူ ဖြစ်သည်။ ထို့ကြောင့် သူ့ကို အင်္ဂလန်ပြည်ရှိ အငြိမ်းစား အိုင်၊ စီ၊ အက် အချို့က "တိုက်ကြက်ကလေး" ဟု နောက်ကွယ်တွင် ခေါ်လေ့ရှိသည်ကို ကြားသိရဖူးပါသည်။ ဦးအုန်းမောင်ကား ကျွန်တော်တို့အချင်းချင်းကိုပင် နိုင်ငံရေးနှင့် ပတ်သက်လာလျှင် အားမနာပါးမနာ ပြောတတ်သည်။

* * * * *

* * * * *

သူနှင့်ကျွန်တော်နှစ်ဦးသား ကိုယ့်တိုင်းကိုယ့်ပြည်ကိုလွမ်းခိုက် ကိုယ့်တိုင်း ကိုယ့်ပြည်အကြောင်းဆွေးနွေးရင်း ကျွန်တော်သည် သပြေညိုကဗျာကို စီကုံးမိလေ ရော့သလားဟု သုံးသပ်ဆင်ခြင်မိပါသည်။

ဥရောပတိုက်တွင် ထိုအချိန်က အာဏာရှင်ဟစ်တလာ မူဆိုလီနီတို့ ကြောင့် ချောက်ချောက်ချားချား ဖြစ်နေသည်။ ဗီးလပ်၊ ပါလီမန်အတွင်း၌လည်း လက်ဝဲသမား၊ လက်ယာသမားများအကြား ပြောဆိုငြင်းခုံမှုများနှင့် လှုပ်လှုပ်ရှားရှား ဆူဆူညံညံ ရှိနေသည်။ ယင်းအခြေအနေကို သုံးသပ်မိသည့် အဘသည် ဗြိတိသျှ လွှတ်တော်၏ ယခု အခြေအနေကဗျာကို ရေးဖွဲ့၍ အိုးဝေသို့ ပေးပို့ခဲ့သည်။

### ဗြိတိသျှလွှတ်တော်၏ ယခုအခြေအနေ

တစ်ဖက်မှာတော့ ကိုအနီ
တစ်ဖက်ဆီ ကိုအနက်ကာယ်နဲ့
အခက် နှစ်မျိုး။
မစဲပါ
အထဲမှာ - ဝဲ - ယာ ခတ်ပြန်တော့
ဗြိတင် မိခင်မြတ်မှာ
တွေးကပ်လို့ ညှိုး။

**ဖေဖော်ဝါရီ၊ ၁၉၃၈၊ အိုးဝေ**





ဗြိတိသျှလွှတ်တော်၏ ယခုအခြေအနေ



တစ်ဖက်မှာတော့ - ကိုအနီ
တစ်ဖက်ဆီ - ကိုအနက်ကာယ်နဲ့
အခက် - နှစ်မျိုး။
မစဲပါ
အထဲမှာ - ဝဲ - ယာ - ခတ်ပြန်တော့
ဗြိတင် - မိခင်မြတ်မှာ
တွေးကပ်လို့ - ညှိုး။

ပန်း လုံဝင်း။

ခရစ္စမတ်ကျောင်းပိတ်ရက်များအပြီး ဒုတိယကျောင်းလပတ် **Hilary Term** နှစ်လခန့် ကျောင်းပြန်တက်ရသည်။ ပြီးတော့ မတ်လလယ်လောက်တွင် အီစတာကျောင်းပိတ်ရက်များ ရောက်ပြန်သည်။ ဒီတစ်ကြိမ် အောက္ကစဖို့ဒ် အောက် ဘက် အနောက်တောင်အရပ် **English Channel** ကမ်းခြေရှိ **Paignton** သို့ ခရီး ထွက်သည်။ **26 Sands** ရှိ **The Briars** တည်းခိုခန်း၌ စတည်းချသည်။ ပင်လယ်ကို လှမ်းမြင်ရပြီး ပင်လယ်သံကို ကြားနေရသည်။ **Torquay** သို့လည်းကောင်း **Dart** မြစ်အစပြုရာ **Dartmeet** သို့လည်းကောင်း လမ်းလျှောက်သည်။ လမ်းတွင် **Charles Kingsley** မွေးဖွားရာ **Holne** ရွာကလေးကို ဖြတ်ရသည်။ နေ့စဉ်နံနက်တိုင်း ခရီးဝေး လမ်းလျှောက်သည်။ တစ်မနက် **Brixam** ခေါ် တံငါရွာကလေးသို့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



**William of Orange** အင်္ဂလန်တွင် ပထမဆုံး အခြေချရာအရပ်၌ ထုလုပ်ထားသည့် ပုံတူရုပ်တုကို သွားကြည့်သည်။ ပြီးတော့ **Dartmouth** မြို့သို့သွားသည်။ ရေကြောင်းစစ်ပညာသင်ကောလိပ်ကျောင်းကို အပြင်မှမြင်ခဲ့ရသည်။ **Paignton** ၌ ရှိစဉ် စာရေးဆရာမကြီး **Pearl S. Buck** ၏ **Good Earth** ကို ဖတ်ပြီးသည်။ သူမ၏ **East Wind - West Wind** စာအုပ်ကိုလည်းဆက်ဖတ်ဖြစ်သည်။

တတိယကျောင်းလပတ် **Trinity Term** အတွင်း ၁၉၃၈ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် စာပေပညာဘွဲ့အတွက်ပြုစုနေသော **Development of the Burmese Language in the Medieval Period** စာတမ်းအကြမ်း ပြုစုပြီးစီးသည်။ ကိုယ့်ဘက်မှ တာဝန်ကြီးပြီးသွား၍ စိတ်လက်အတော်ပေါ့ပါးသွားသည်။ **Shakespeare** ၏ **The Taming of the Shrew** ပြဇာတ်ကို သွားကြည့်သည်။ စာတမ်းပြုစုရာတွင် အတော်စိတ်ပင်ပန်းရသည်။ နေ့စဉ်မှတ်တမ်းတွင် ဤသို့ပင် ရေးခဲ့သည်။

*ဗုဒ္ဓဟူးနေ့က မစ္စတာဟာဗီ[၁] တစ္ဆေပုံပြင်တွင်ပါသော အချို့ မရှင်းလင်းချက်များကို မေးလာပြန်သည်။ မေးပြီးနောက်... ငါ့ စာတမ်းကို ကြာသာပတေးနေ့တွင် စ၍ဖတ်မည်ဟု ကတိပြုသည်။ သူ့ကတိကိုကား မည်သည့်အခါကမျှမတည်ခဲ့၍ ငါမယုံ။ မနေ့က သူ့ကို တွေ့သောအခါ ငါ့စာတမ်းအကြောင်းကိုတစ်လုံး တစ်ပါဒမျှ မပြော။ သူ သတိရပုံလည်းမရ။ ရှိစေဦးတော့။ ယနေ့ ငါလည်ပတ်ရာမှ ပြန်လာသော အခါ အခန်းတွင်း၌ သူထားခဲ့သော အိုင်စီအက် မြန်မာမေးခွန်းများကို တွေ့ရသည်။ သူမေးလိုသောအရာများကို မေးဦးမည်။ ဘယ်အခါမေး၍ ပြီးပါအံ့နည်း။ ၂ နှစ်ရှိပြီ။ သူ့အမေးတို့ကို ငါဖြေခဲ့ရ၏။ ငါ့ အလုပ်တွင်ကား တစ်ချက်မျှ စိတ်ရောကိုယ်ပါ*



Brighton မြို့ လမ်းပေါ်မှ မင်းသုဝဏ် (၇-၇-၃၇)





*ရွေ့ဖြသည် မရှိသေး။ ငါ့စာတမ်း ပထမအဖွဲ့ကို သူ့အား ပေးထားသည်ပင် ၂ ပတ်ခန့် ရှိပြီ။ မဖတ်သေး. . .။ သူ့ဝဋ်မှ ကျွတ်ပါရစေတော့. . .။*

အောက္ကစဖို့ဒ် ပညာသင်ခရီးသက်တမ်း ၂ နှစ် ပြည့်ခါနီး အောက္ကစဖို့ဒ်နှင်းကျင်၏အလှ၊ မလေ့ထုံးစံတို့ပေါ်လွင်စေသည့် အောက္ကစဖို့ဒ်ကဗျာ ၅ ပုဒ်[6] ကို ၁၉၃၈ ခုနှစ်၊ ဇွန်လလယ်တွင် အဘရေးဖွဲ့ခဲ့သည်။ ထိုနှစ်ပိုင်းအတွင်း မြန်မာပြည်မှ စာများ အတော်ရသည်။ ဆရာကြီး **G.H Luce** က စာရေးလာသည်။ ဆရာဦးသိန်းဟန် (ဇော်ဂျီ)ထံမှလည်း သူပညာတော်သင်အဖြစ် အရွေးခံရပြီဖြစ်၍ မကြာမီ အင်္ဂလန်သို့ လာရန်ရှိကြောင်း၊ မြန်မာစာ ဂုဏ်ထူးတန်းကျောင်းသား မောင်လှဘော[2] ဆိုသူလည်း ပညာတော်သင်အရွေးခံရသည့်အကြောင်းများပါသည့်စာရသည်။ မိတ်ဆွေများဖြစ်ကြသော ဦးစိန်တင် (သိပ္ပံ မောင်ဝ)၊ ဦးထင်ဖတ် (မောင်ထင်)၊ ဦးချင်းစိန် (ရွှေညာမောင်)၊ ကြီးပွားရေး ဦးလှ၊ ဦးသန့်တင် (ရွှေပြည်စိုး)၊ ဦးကျော်စိန်၊ ဦးဒိုး စသူတို့ထံမှလည်း စာများရသည်။ ပြည်ပရောက်ဦးသိန်းဖေမြင့်က သူပညာတော်သင်အဖြစ်အရွေးခံရ၍၊ မြန်မာပြည်သို့ ရှေ့ဦးစွာ ပြန်ရဦးမည့်အကြောင်း၊ ကာလကတ္တားမှရေးစာကိုလည်းရသည်။ မြန်မာပြည်မှ ပညာတော်သင်အသစ်များရောက်လာကြမည့်သတင်းများကြောင့် ဝမ်းသာအားရှိသည်။ တစ်ဖက်မှာတော့ ပဋိညာဉ်ခံဝန်ထမ်းသင်တန်းအတွက်လာကြသည့် ဦးဘကျော်၊ ဦးအုန်းမောင်၊ ဦးဘစန်း၊ သစ်တောပညာတော်သင် ဦးကြည်၊ ဦးစောထွန်းအောင်၊ ဦးတွတ်ညို သူတို့က သင်တန်းများ အောင်မြင်ပြီးဆုံးခါနီး အမိမြန်မာပြည်ပြန်ရန် ပြင်ဆင်နေကြပြီ။ ပညာတော်သင်ဘဝ တရင်းတနှီးဖြစ်ခဲ့ရသည့် မိတ်ဆွေများနှင့် မကြာမီခွဲခွာရတော့မည်ဖြစ်၍ စိတ်မကောင်း ဖြစ်ရသည်။

ကျောင်းပိတ်ရက်ရှည်ကြီး ရခါနီး ဇူလိုင်လ ၂ ရက်နေ့တွင် အဘ၏ နေ့စဉ်မှတ်တမ်းစာအုပ်၌ ရေးထားသောကဗျာတစ်ပုဒ်ကို တွေ့ရသည်။ ကဗျာအမည် တစ်မျိုးပြီးတစ်မျိုးပေးသည်။ ပထမ သံယောဇဉ်၊ ဒုတိယ ပုထုဇဉ်၊ စိတ်တိုင်းမကျ၍ နောက်ဆုံး "ထန်းရည်မူး" ဟု အမည်ပေးလိုက်သည်။

**ထန်းရည်မူး**

နှင်းဆီရဲ့ ငါခူးတော့  
ဆူးစူးလို့ ငါခွာ  
လာခဲ့တယ်လေး။  
လာလမ်း အတော်တွင်လို့  
ခရီးမှာ ငါဆင်ခြင်တော့  
ဆူးမမြင် ကြူတဲ့ပန်းကို  
လွမ်းမိတယ်လေး။ ။

၂-၇-၃၈



www.burmeseclassic.com

www.burmeseclassic.com



(စကားချပ်။ ။ အဘ၏ ဗီးလပ်ကဗျာအချို့ကို ပုံနှိပ်ဖော်ပြခဲ့ခြင်း မရှိပါ။ ကဗျာအချို့ကို ရေးပင်ရေးငြားသော်လည်း စိတ်တိုင်းမကျ၍ သော်လည်းကောင်း အကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း ပုံနှိပ်သူများသို့ အဘပေးပို့ခဲ့ခြင်းမရှိပါ။ အဘ၏ ကဗျာရေးဖွဲ့မှုမှတ်တမ်းအလို့ငှာအဆိုပါ ကဗျာများကိုပါ ထည့်သွင်းဖော်ပြရခြင်းဖြစ်ပါသည်။)

သည်တစ်ကြိမ် ကျောင်းဖွင့်ရက်ရှည်ကြီးရသည့်အခါ ပြင်သစ်နိုင်ငံသို့အဘ ခရီးထွက်သည်။ ရှေးဦးစွာ **Cotes du Nord** သို့သွားသည်။ အဆိုပါအရပ်၌ တစ်လ ကျော်ခန့်နေရင်း ပြင်သစ်စာသင်တန်းတက်သည်။ ပြီးတော့မှ **St. QuayPortrieux** သို့ သွားသည်။ တစ်ညနေ လမ်းလျှောက်သွားရင်း လမ်းတွင် **ဝါကျွတ်ကန်တော့ပန်း**[*] ကဗျာကို အဘရေးဖွဲ့သည်။ ကဗျာရေးခိုက် ကျန်ရစ်သူမိခင်ကြီးကိုသတိရ၍ မျက်ရည်ဆည်ရသည်။

အောက်စဖို့ဒ်ပညာသင်နှစ် ၂ နှစ်ပြီးဆုံးပြီး ၁၉၃၈ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကပညာရပ်များ လေ့လာရေးဌာန **(School of Oriental and African Studies - Department of the Far East, and of India, Burma and Ceylon)** သို့ အဘ ပြောင်းရွှေ့ပညာသင်ကြားသည်။

- Dr. Stede, Lecturer in Pali ထံမှ Buddhist Sanskrit
- Mr. Ryland, Senior Lecturer in Sanskrit ထံမှ Classical Sanskrit
- Dr W. Simon and Mr. D.C Yu တို့ထံမှ Literary and Colloquial Tibetan
- Mr. J.R Firth, Senior Lecturer in Linguistics and Indian Phonetics ထံမှ General Linguistics with special reference to the History and Principles of Linguisitics and Comparative Philology in the West တို့ကို (၁၉၃၈ - ၃၉) ခုနှစ်အတွင်း သင်ယူသည်။
- **Dr. J.A Stewart, Reader in Burmese** ထံမှ အဘိဓာန်ပြုစုနည်းပညာ **(Lexicography)** ကို စာတွေ့လက်တွေ့ သင်ယူသည်။

**Dr. Stewart** သည် သူနေထိုင်ရာ **Bishop's Stotford** မြို့ကလေး၌ **Mr. C.W. Dunn** ဆိုသောပုဂ္ဂိုလ်နှင့်အတူ မြန်မာ-အင်္ဂလိပ် အဘိဓာန်ကို ပြုစုလျက်ရှိပြီး မြန်မာပညာရှင် ဦးခင်မောင်လတ် **B.A, A.T.M** ဆိုသူက ထိုပုဂ္ဂိုလ်နှစ်ဦးအားကူညီလျက် ရှိသည်။ လန်ဒန်မြို့ မြန်မာအသင်းတိုက်၌ ဦးခင်မောင်လတ်နှင့်အဘတို့ တွေ့ဆုံသိကျွမ်းပြီး ခင်မင်ရင်းနှီးကြရာ ကျောင်းအားရက်များ၌ အဘသည် **Bishop's Stotford** မြို့ကလေးသို့သွား၍ အဘိဓာန်လုပ်ငန်းကို ဝိုင်းဝန်းကူညီ ဆောင်ရွက်လျှက်ရှိသည်။ ပညာတော်သင်အဖြစ် ရောက်ရှိလာပြီဖြစ်သော စာကြည့်တိုက်ပညာတော်သင်ဆရာ ဦးသိန်းဟန်၊ ဦးလှဘေတို့ နှင့် အောက်တိုဘာလ ၇ ရက်နေ့တွင် ညစာ





အတူစားသည်။ နောက်ပိုင်းတွင်လည်း မကြာခဏ တွေ့ကြသည်။ အဘထက် **တစ်နှစ်** ထက်စော၍ လန်ဒန်တက္ကသိုလ်ရောက်နေသော ကျောင်းနေဘက်မိတ်ဆွေဟောင်း ဦးတက်ထွန်းနှင့်လည်း မကြာခဏတွေ့ကြသည်။ အဘငယ်စဉ် ကျောင်းသားဘဝ ကတည်းက အားနည်းခဲ့သော မျက်စိ၊ လန်ဒန်ရောက်ပြီး မကြာခဏဒုက္ခပေးသည်။ မျက်စိဆိုင်ရာဆေးဘက်ပညာတော်သင် ဒေါက်လားလိ[*]ကို မကြာမကြာပြရသည်။ ထို့အပြင် ပသိရောင်သည့်ရောဂါ **(Tonsilitis)** ကြောင့် လန်ဒန်မြို့ **Gray's Inn Road** ရှိ **Central London Throat, Nose and Ear Hospital** သို့ တက်ရောက်၍ **tonsil** ဖြတ်တောက်ကုသမှု ခံယူခဲ့ရသည်။ အဘမှတ်တမ်း၌ ဆေးရုံဆင်းသည့်နေ့တွင် **"Left hospital with Ko San Po Thin"** ဟု ရေးသားထားသည်ကို တွေ့ရသည်။ ၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် လန်ဒန်မြို့၌ ပထမဆုံးအကြိမ် နှင်းကျသည်ကိုလည်း အဘမှတ်တမ်း၌ တွေ့ရသည်။ လန်ဒန်တက္ကသိုလ်၌ ပညာဆည်းပူးနေသည့်ကာလ စာပေပညာဘွဲ့စာတမ်းကိစ္စအတွက် အောက္ခစဖို့ဒ်သို့ ပြန်ရသည်များလည်း ရှိသည်။ ၁၉၃၉ ခုနှစ်ဇန်နဝါရီလ ၉ ရက်နေ့ အောက္ခစဖို့ဒ်သို့ ခေတ္တပြန်ရောက်ခိုက် **ရွှေကြိုးကြာ**အမည်ရှိ ကလေးကဗျာကလေးတစ်ပုဒ်ကို အဘ၏ **My Phrase Book** အမည်ပေးထားသော စာအုပ်ကလေးအတွင်း ရေးစပ်ထားသည်ကို တွေ့ရသည်။ ဆရာဟာဗီနှင့်စာတမ်းကိစ္စများ ဆွေးနွေးပြီးပြတ်အဆင်ပြေသွား၍ ကြိုးကြာငှက်ကလေးအသွင် ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ် ပျံသန်းလိုစိတ်ပေါ်လာ၍ ကဗျာလေးကို စပ်ဆိုခဲ့လေသလောမသိ။

**ရွှေကြိုးကြာ**

ရွှေကြိုးကြာ ပျံမယ်ဆို
ငွေကြိုးကြာ ပျံမယ်ဆို
မိုးကောင်းကင်ထဲကိုး
ရွှေမိုးညိုရင် ဘယ်ကိုသွားမယ်
ငွေမိုးညိုရင် ဘယ်မှာနားမယ်
တောင်ကြီးဆီကို ကြိုးကြာသွားမယ်
တောင်ကြီးပေါ်မှာ ကြိုးကြာနားမယ်
ရွှေကြိုးကြာ တောင်ပံကားရယ်
ငွေကြိုးကြာ တောင်ပံကားရယ်
မိုးပျံလို့သွား။ ။

**၉-၁-၃၈**

၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် မြန်မာအသင်းတိုက်၌ **Romanization of Burmese** ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲတစ်ခုကို အဘပြုလုပ်ခဲ့သည်။ **Rudolf Steiner Hall, Park Rd., London** ၌ ပြုလုပ်သော



www.burmeseclassic.com

www.burmeseclassic.com



**John Masefield** ၏ **The Life of Buddha** ဟောပြောပွဲကို မတ်လ ၃ ရက်နေ့၌ အဘ တက်ရောက်နားထောင်သည်။ ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလကုန်ပိုင်းတွင် အဘ၏ သူငယ်ချင်း ဦးသန့်တင် (ရွှေပြည်စိုး)ထံမှ စာတစ်စောင်ရသည်။ စာကို ၂၀-၁၂-၃၈ ရက်နေ့တွင် စတင်ရေးသားပြီး စာအဆုံးသတ်ပြီးပါမှ ၂၄-၁၂-၃၈ နေ့စွဲဖြင့်စာကို မင်နီဖြင့်ထပ်မံဖြည့်စွက်ရေးသားလိုက်သည်။ အကြောင်းမှာ အင်္ဂလိပ်နယ်ချဲ့လက်ချက်ဖြင့် ကိုအောင်ကျော် ဒီဇင်ဘာ ၂၂ ရက်နေ့က သေဆုံးသည့်သတင်းပင် ဖြစ်ပါသည်။ စာတိုကလေးက ထိထိမိမိနှင့် ခရီးရောက်လှပါသည်။

ထိုစာကြောင့် ကိုအောင်ကျော်ကို အမှတ်တရဂုဏ်ပြုသည့် ဗိုလ်အောင်ကျော် နတ်သံ[၁၀]ကဗျာကို အဘရေးဖွဲ့ဖြစ်ပါသည်။ အဘ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် ဧပြီလ ၄ ရက် နေ့၌ ကဗျာတိုကလေးတစ်ပုဒ် ရေးခြစ်ထားသည်ကိုလည်း ဖတ်ရပါသည်၊ ကလောင်အမည်ကို သုဝဏ်ဟု ပေးထားပြီး ကဗျာခေါင်းစဉ်ကို သခင်ဟု တပ်ထားသည်ကို တွေ့ရပါသည်။

**သခင်**

အိပ်မက်၌ပင်
စိမ်းရှပ်ဆင်သည်
သခင် မုန်းနိုင်ဘိ၏တကား။ ။

**သုဝဏ် ၁-၄-၃၉**

ဧပြီလဆန်းတွင် လန်ဒန်တက္ကသိုလ်၏ **(Summer Term)** နွေရာသီကျောင်းပိတ်ရက်များရသည့်အခါ ဗဟုသုတရှာရင်း အပန်းဖြေခရီးအဖြစ် ဆွစ်ဇာလန်နိုင်ငံသို့ ဧပြီလ ၇ ရက်နေ့တွင် ရောက်ရှိသွားသည်။ မွန်ထရိုး **(Montreaux)** မြို့ **Suisse Majestic** ဟိုတယ် အခန်းအမှတ် ၇၇ တွင်တည်းသည်။ မွန်ထရိုး မြို့ကလေးမှာ ဂျနီဗာကန်ရိုးတွင် တည်ရှိသောကြောင့် ဂျနီဗာကန်ကြီးနှင့် အနီးအနားတစ်ဝိုက်ရှိ ဒေသများသို့ သွားရောက်လည်ပတ်ကြည့်ရှုသည်။ နာမည်ကျော် **Mt. Blanc** သို့လည်း ရောက်သည်။ ပြီးတော့ **ဂျနီဗာကန်ရိုး ၌** ဟူ၍လည်းကောင်း၊ **တောင်ခိုးနှင့်တိမ်** ဟူ၍လည်းကောင်း အမည်ကွဲရှိသည့် ကဗျာနှင့် **နတ်ထင်းတောင်**[၁၁] ကဗျာတို့ကို ဧပြီလ ၁၂ ရက်နေ့၌ အဘ ရေးဖွဲ့ခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံတွင် တစ်ပတ်ခန့်နေပြီး ပြင်သစ်နိုင်ငံသို့ အဘ ခရီးဆက်သည်။ ဧပြီလ ၁၉ ရက်နေ့ မှတ်တမ်း၌ **"Visited Claude Monet, Bors de Bou Cogne, & Wallace** ဟု တွေ့ရသည်။ ၂၀ ရက်နေ့တွင် **Montmarte** ရှိ **Oriental Art** ပြတိုက် **Cernuschi** သို့ သွားသည်။ နောက်တစ်နေ့ ခမာ၊ တိဗက်၊ အာဖဂန် အနုပညာလက်ရာများ စုဆောင်းပြသရာ **Musee Guimet** ပြတိုက်သို့ သွားသည်။ ခရီးမှပြန်လာပြီး မကြာလှ၊ မေလ ၆ ရက်နေ့တွင် အောက္စဖို့ဒ်တက္ကသိုလ်ရှိ **Exam Schools** ၌ ပြုလုပ်သည့် ဘွဲ့စာတမ်းအတွက် နှုတ်ဖြေစာမေးပွဲကို





သွားရောက်ဖြေဆိုရသည်။ စာမေးပွဲစစ်သူနှစ်ဦးအနက် တစ်ဦးမှာအဘ အောက္စဖို့ဒ် ပထမနှစ်၏ ဆရာကြီး **Dr. Thomas** ဖြစ်နေပြီး၊ ကျန်တစ်ဦးမှာ **Dr. Stewart** ဖြစ်ပါသည်။ ပညာရေး ဒီပလိုမာအတွက်ဖြေဆိုပြီးသည့် ဦးလှဘေသည် ဗီးလပ်တွင် ပညာဆက်သင်ကြားလို၍ အဘကို အကြံညာဏ်တောင်းသည်။ ဇွန်လ ၃၀ ရက်နေ့တွင် ဆရာကြီး **Stewart** ရှိရာ **Bishop's Stotford** မြို့သို့ ဦးလှဘေကိုခေါ်သွားပြီး ဆရာကြီးနှင့်မိတ်ဆက်ပေးကာ အကြံညာဏ်တောင်းခံပေးသည်။ ဆရာကြီး၏ အကြံပြုချက်အရ **SOAS** ၌ မြန်မာစာပါရဂူဘွဲ့အတွက် ပညာဆက်လက်ဆည်းပူးရန် ဦးလှဘေ ဆုံးဖြတ်ချက်ချနိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့များကြောင့် မြန်မာပြည်ရှိ အမိအိုအဘအို တို့အတွက် အဘ ရတက်မအေး၊ ဆရာကြီးများက အဘကို ဗီးလပ်တွင် ပညာ ဆက်လက် ဆည်းပူးစေချင်ကြသည်။ နောက်ဆုံးတော့ မိဘများကို ဦးစားပေး၍ မြန်မာပြည်ပြန်ရန် ဆုံးဖြတ်လိုက်သည်။ ဇူလိုင်လ ၁၅ ရက်နေ့တွင် အောက္စဖို့ဒ် တက္ကသိုလ်မှ **B.Litt** ဘွဲ့အပ်နှင်းသည့် အခမ်းအနားသို့ အဘ တက်ရောက်သည်။ ဦးသိန်းဟန် (ဆရာဇော်ဂျီ)နှင့် မိတ်ဆွေအချို့လည်း အဘနှင့်အတူ အောက္စဖို့ဒ် တက္ကသိုလ်သို့ တပျော်တပါး လိုက်သွားခဲ့ကြသည်၊ အောက္စဖို့ဒ်မှ ပြန်လာပြီး လန်ဒန်တွင်နေခိုက် ဆရာ **Stewart** ကို အဘသွားနှုတ်ဆက်သည်။ ပညာသင်ခရီးအစ ပဲခူးသင်္ဘောပေါ်၌ အတူပါလာသည့်ဆရာကြီး **J.S Furnivall** ကိုလည်း သွားတွေ့နှုတ်ဆက်သည်။ မပြန်မီရက်ပိုင်းအတွင်း **BCS** ကျောင်းသားများကို **No. 6, Burlington Gardens** သို့သွား၍ မြန်မာစာသတ်ပုံ စစ်ဆေးပေးလိုက်သေးသည်။ ဇူလိုင်လ ၂၉ ရက်နေ့ တွင် ဦးတက်ထွန်း၊ ဆရာဦးသိန်းဟန်၊ ဦးလှဘေတို့နှင့် အမှတ်တရညစာစားကြသည်။ လန်ဒန်မြို့၌ မိတ်ဆွေများဖြစ်ကြသည့် ဦးဖိုးအေး ဦးမျိုးဟန်၊ ဦးလှမင်း၊ ဦးသိန်းတို့နှင့်လည်း တစ်ညစု၍ထမင်းစားသည်။ ပညာသင်ကျန်ခဲ့မည့် မိတ်ဆွေ ဦးလှကျော်[၁၂]ကို တစ်ရက် သီးသန့်သွားနှုတ်ဆက်သည်။ ဩဂုတ်လ ၃ ရက်နေ့၌ လန်ဒန်မြို့ **Euston** ဘူတာမှ သင်္ဘောဆိပ်ရှိရာ **Liverpool** သို့ ရထားစီးသည်။ ရထားဘူတာသို့ ဆရာဦးသိန်းဟန်၊ ဦးလှဘေ၊ ဦးလှကျော်၊ ဦးမျိုးဟန်စသည်ဖြင့် မြန်မာမိတ်ဆွေ ၁၆ ဦးမျှ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။ **Liverpool** ရောက်သည့်အခါ အဘ၏ငယ်ဆရာကြီး ဘုန်းတော်ကြီးဗလင်ကိုး **(Rev.Blencowe)** မှလာကြို၍ သင်္ဘောဆိပ်သို့လိုက်ပို့သည်။ သင်္ဘောပေါ် ပစ္စည်းများနေရာချပြီး အချိန်ရသေး၍ မြို့ထဲသို့ထမင်းလိုက်ကျွေးပြီးမှ သင်္ဘောဆိပ်သို့ ဆရာကြီးက ပြန်ပို့ပေးရှာသည်။ လီဗာပူးလ်ဆိပ်ကမ်းမှည ၁၁ နာရီ ကျော်တော့ သင်္ဘောထွက်ခွာသည်။ **ကောင်းကင်တွင်လခြမ်းညိုညိုကလေးထွက်နေ၏** ဟူသော ဝါကျကလေးနှင့် အဘ၏ ဗီးလပ် ၃ နှစ် ပညာတော်သင်ခရီးမှတ်တမ်းကို အဆုံးသတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



**ကျမ်းကိုး**

(၁) ဒလဘန်း။ ဆရာမောင်ဝ၏ စာစောင်မှပေးသော အတွေးများ။**ချယ်ရီ၊** စက်တင်ဘာ၊ ၂၀၀၆။

(၂) ဒလဘန်း။ ပြည်ပမြန်မာစာပေသာသနာပြု ဒေါက်တာလှဘေ။ **ချယ်ရီ၊** အောက်တိုဘာ၊ ၂၀၀၇။

(၃) ဒလဘန်း။ အဘနှင့် ဦးတက်ထွန်း၊ **ချယ်ရီ၊** မတ်၊ ၂၀၀၇။

(၄) မင်းသုဝဏ်။ ဗီးလပ်ကျွန်းဖြစ်သပြေညို။ **မြန်မာစာပေသမိုင်း၏ မှတ်တိုင်သစ်၊** ပုဂံစာအုပ်တိုက်။ ၁၉၆၇။

(၅) မင်းသုဝဏ်။ အဘိဓာန်ပညာလေ့လာခွင့်ရ။ **စာပေဂျာနယ်။** အတွဲ-၂ အမှတ် -၅။ ဇန်နဝါရီ၊ ၁၉၉၅။

**မှတ်စု**

(၁) ဦးဘကျော်မှာ နောင်ပညာရေးအတွင်းဝန်၊ ဦးအုန်းမောင်မှာ ဗိုလ်ချုပ်တို့နှင့်အတူလုပ်ကြံခံရသူ၊ ဦးဘစန်းမှာ နောင် အကောက်ခွန်မင်းကြီးစသည်တို့ အသီးသီးဖြစ်ကြပါသည်။

(၂) **Dr. C.A. W Rhys Davids** ပါဠိပညာရှင် **T.W Rhys Davids ၏ ဇနီး** ဖြစ်ပြီး **လန်ဒန်ဒေဝီ၊** ဟူ၍ လူသိများပါသည်။ အနာဂါရိက ဓမ္မပါလ သီဟိုဠ်သားပုဂ္ဂိုလ်ကြီးက ငွေ ၁၀၀၀ ပူဇော်၍ ဝိသုဒ္ဓိမဂ္ဂကျမ်းကြီးကို ဘာသာပြန်နိုင်သူရှာပေးရန်လန်ဒန်မြို့ ပါဠိတော်အသင်း **(Pali Text Society)** တာဝန်ကိုပေးအပ်ရာ တစ်ဆယ့်သုံးနှစ်ကြာမှ ဆရာကြီး ဦးဖေမောင်တင်ကို မစ္စစ်ရစ္စဒေးဗစ်က ရှာဖွေတွေ့ရှိကာ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးရန်အကူအညီတောင်းဆိုခဲ့ခြင်းဖြစ်သည်။

(၃) ဂျနီဗားပြဇာတ်ကို ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ **"သခင်ဋီကာ"**နှင့် နှိုင်းယှဉ်၍ ဂန္ထလောကမဂ္ဂဇင်း အတွဲ ၂၄၊ အမှတ် ၁၆၈- ၉၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ ၁၉၃၈၊ ၌ **ခေတ်ပြကြေးမုံ** ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးသားဖော်ပြခဲ့သည်။

(၄) အကြိမ်ပေါင်းများစွာ ပုံနှိပ်ဖော်ပြခဲ့ရသော ကဗျာဖြစ်၍ သီးသန့်ထပ်မံဖော်ပြခြင်း မပြုတော့ပါ။

(၅) **History of Burma** ရေးသားသူ။

(၆) ဆောင်းပါးများ၊ ကဗျာစာအုပ်များ၌ ပုံနှိပ်ဖော်ပြခဲ့ဖူး၍ ထပ်မံဖော်ပြခြင်းမပြုတော့ပါ။

(၇) မြန်မာစာညွှန့်ပေါင်းတမ်း ပြုစုသူ၊ **SOAS** ၌ မြန်မာစာ ပါမောက္ခအဖြစ်ဆောင်ရွက်ခဲ့သူ ဒေါက်တာလှဘေ။

(၈) ပြင်သစ်နိုင်ငံတွင်ရေးဖွဲ့၍ **အမိမြန်မာပြည်အဖို့ ဝါကျွတ်ကန်တော့ပန်း**ကို ဖော်ပြခြင်းမပြုပါ။ **ဆရာထင်လင်း**မှ ဤကဗျာကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခဲ့ဖူးပါသည်။

(၉) ၁၉၃၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ ပဲခူးသင်္ဘောဖြင့် ပညာတော်သင်ခရီး အတူထွက်ခဲ့သူ မျက်စိဆရာဝန် **Dr. H.B.Lal** ဖြစ်သည်။

(၁၀) ဗိုလ်အောင်ကျော်နတ်သံကဗျာကို နဂါးနီမဂ္ဂဇင်း၏ခွင့်ပြုချက်ဖြင့် ဘိုးဝေမဂ္ဂဇင်းအတွဲ (၈) အမှတ် (၁)၊ ၁၉၄၀ ခုနှစ်တွင် ဖော်ပြခဲ့သည်။ နဂါးနီမဂ္ဂဇင်းကို ရှာဖွေမတွေ့ရှိရသေး၍ ကာလကို အတိအကျမပြောနိုင်သော်လည်း သူငယ်ချင်းဖြစ်သူထံမှ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီ ဖေဖော်ဝါရီလ အတွင်း စာရရှိပြီး မကြာမီကာလအတွင်း သို့မဟုတ် ၁၉၃၉ ခုနှစ် ဩဂုတ်လ ဗီးလပ်မှမပြန်မီ ကဗျာကိုရေးဖွဲ့ရန် ဖြစ်နိုင်ဖွယ်အများဆုံး ရှိပါသည်။





(၁၁) ဗီးလပ်တွင်မရေး၊ ခရီးသွားခိုက် ရေးဖွဲ့သော ကဗျာ ၂ ပုဒ်ဖြစ်၍ သီးခြားဖော်ပြခြင်းမပြုပါ။ **ဂျနီဘာကာန်ရီ၊** ၌ ကဗျာကို Post Card တွင်ရေး၍ ဦးစိန်တင်(သိပ္ပံမောင်ဝ) ထံပေးပို့ခဲ့ရာ ဂန္ထလောက အတွဲ(၂၆)၊ အမှတ်-၁၇၄၊ ဇူလိုင် ၁၉၃၉ ခု၊ 'သောင်းပြောင်းထွေလာ-၃" ဆောင်းပါး၌ ပုံနှိပ်ဖော်ပြခဲ့ပါသည်။


(၁၂) မိုးလေဝသနှင့် ဇလဗေဒဌာန ညွှန်ကြားရေးမှူးချုပ်။

(၁၃) ဆရာမ ဒေါ်ရီကြိန်၏ခင်ပွန်း ဒေါက်တာလှကျော်။



www.burmeseclassic.com

www.burmeseclassic.com




Suisse Majestic Hotel ၌ ရေးခဲ့သော အမွှာကရာ လက်ရေးမူ



## ဆရာမင်းသုဝဏ်၏
## အထီးကျန် ကဗျာတစ်ပုဒ်

သကြံန်မတိုင်မီ စနေနံနက်ခင်း ဆရာမင်းယုဝေအိမ်သို့ သွားခဲ့သည်။ ဆရာက သူ့ထံတွင် ရှာရန်မလွယ်သော အဘ၏ စာမူအချို့၊ မြတ်မင်္ဂလာနှင့် မင်္ဂလာမောင်မယ်တို့တွင် ပြန်လည် ဖော်ပြလိုသည်။ အိမ်တွင်ရှိက ခေတ္တငှားပါဆို၍ ပေးရန် သွားခြင်းဖြစ်ပါသည်။ ဆရာ မင်းယုဝေ၊ ဆရာ ဦးသန်းထွတ် (အငြိမ်းစား - ပညာရေးတက္ကသိုလ်ပါမောက္ခ)နှင့် ဆရာ တက္ကသိုလ်ဝင်းမွန်တို့ သုံးဦးသား ဆရာ့အိမ်ရှေ့ တံစက်မြိတ်အောက် စားပွဲငယ်တွင် ဝိုင်းထိုင်အလုပ်လုပ်နေကြသည်နှင့် သွားကြုံပါသည်။ ဆရာတို့သုံးဦးစလုံးမှာ အဘနှင့် လက်ပွန်းတတီး ခင်မင်ရင်းနှီးစွာ နေခဲ့ကြသော စာပေမိတ်ဆွေများ ဖြစ်ကြသည်။ ဆရာ ဦးသန်းထွတ်သည် အဘ မဆုံးမီက အိမ်သို့ ရောက်လာတတ်ကြောင်း အမေနှင့် နှမတို့ထံမှတစ်ဆင့် သိရသည်။ ဆရာဦးဝင်းမွန်လည်း အလားတူပင်။ ဆရာမင်းယုဝေမှာ သားချင်းတစ်ဦးလို ဖြစ်နေသည်။ အဘငယ်စဉ် ကလေးဘဝနှင့် ဆွေမျိုးစဉ်ဆက် အကြောင်းများ ကိုယ်တိုင်ပြော၍ အသံသွင်းပေးခဲ့သည်။ အဘဆုံးပါးပြီးနောက် ဆရာ့ထံမှ တိပ်ခွေများ ပြန်ရသည်။ "မောင်ဝင်းမောင်ရေ ... "ဟု ဆရာ မင်းယုဝေကို ရံဖန်ရံခါ တိုင်တည်၍ ပြောသွားသော အဘ၏ ငယ်စဉ်တောင်ကျေးကလေးဘဝ၊ ကျောင်းနေဘက်သူငယ်ချင်းများ၊ ဘိုးဘွားဘီဘင်များအကြောင်း တစ်ဝကြီး နားထောင်ရသည်။ သိရသည်။ အဘကိုယ်တိုင် အနီးတွင်ထိုင်၍ ပြောနေသလို ခံစားရသည်။ ဗိုလ်ကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com



စာစောင်တွင် 'မင်္ဂလာ' အမည်ဖြင့် အဘရေးခဲ့သော စာပေဝေဖန်ရေးဆောင်းပါး စာမူများ စုပေါင်းအပ်နှံထားခဲ့သည်ကိုလည်း ဆရာ့ထံမှပြန်ရခဲ့သည်။ 'တောင်သမန်ရွှေအင်း' စာပေ ကိုအောင်ကျော်ဆန်း၏ စေတနာ နှင့် လှဲ့လတို့ကြောင့် 'မြန်မာစာအုပ်ဝေဖန်ချက်များ' အမည်ဖြင့် စာအုပ်ပင် ထွက်ခဲ့သည်။

ကျွန်တော်ရောက်၍ ဆရာတို့ အလုပ်ခေတ္တရပ်ကြသည်။ တစ်လမှ တစ်ကြိမ်သာ ဆရာတို့ ဤသို့စု၍အလုပ်လုပ်ကြောင်း သိရသည်။ ထိုရက် ထိုအချိန်တွင် ဆရာတို့သုံးဦးစလုံးနှင့် တစ်ပြိုင်နက်ဆုံရသောကြောင့် ကံကောင်းလှပါသည်။ ဝမ်းလည်းသာမိသည်။ ဆရာမင်းယုဝေက အဘ၏ မောင်ခွေးဖို့ကဗျာများကို ဆရာဦးခင်ဇော်(ကေ) က ဂီတသင်္ကေတရေး သံစဉ်ပေး၍ ကဗျာတချို့ကို ရှမ်းပြည်နယ်တောင်ကြီးမှ ဆရာမ ဒေါ်ခင်သိန်းက သီဆိုပြီး ခေတ်ပြားသွင်းခဲ့ပုံ ပြန်ပြောင်းအမှတ်တရပြောပြသည်။ ဆရာ ဦးသန်းထွတ်ကလည်း သူနှစ်သက်ရာ အဘ၏ ကဗျာ၊ စာတချို့အကြောင်း ပြောသည်။ ဆရာဦးဝင်းမွန်က 'ထိုမြေနှင့် ဤမြေ' ခေါ် နှစ် ၄၀ ကျော်က ကဗျာကို အစအဆုံးရွတ်သည်။ ဆရာတို့သုံးဦးစလုံး အလုပ်မေ့၍ သူတို့ချစ်ခင်လေးစားကြသော အဘနှင့် စာပေအကြောင်း ပြောနေကြသည်ကို ကြည့်ရင်း ကြည်နူးမိသည်။ ဝမ်းနည်းဝမ်းသာလည်း ဖြစ်ရသည်။ မင်္ဂလာနံနက်ခင်းကလေးဟု စိတ်ထဲမှာ ခံစားမိသည်။ ကျွန်တော်လည်း စိတ်ထဲတွင်စွဲနေသည့် အဘ၏ ကဗျာလေး တစ်ပုဒ်ကို ရွတ်ဆိုပြမိသည်။

**"နတ်ထင်းတောင်"**

တောင်ထိပ်ကနေစွယ်
တောင်လယ်ကမြူခိုး
တောင်ခြေမှာ <u>နတ်ထင်း</u>က
သင်းကြူနံ့ဖြိုး

သက္ကတစာပေတွင် ဒေဝဒါရု (နတ်ထင်းပင်)ခေါ်သော ထင်းရှူးပင်တစ်မျိုး ရှိ၍ မွှေးကြိုင်သောရနံ့ရှိကြောင်း အဘမှတ်တမ်းအရ သိရပါသည်။

နှစ် ၆၀ ကျော်က ကဗျာတိုလေးကို သတိမထားမိဟု ဆိုကြသည်။ ကဗျာစာဆို့သား စာမစပ်တတ်သော်လည်း ဤလင်္ကာတိုကလေးကို တွေ့ကတည်းက စိတ်ထဲစွဲမိသည်။ ရိုးရှင်းသည်။ တို၍ နားလည်လွယ်သည်။ ဆို၍လည်းကောင်းသည်။ သင်းကြိုင်သည့် ထင်းရှူးနံ့ကလေးကိုပင် ရသလိုလို ခံစားမိသည်။ ပန်းချီဆရာတစ်ဦးအတွက် ဆေးစက်ကျရာ ပုံပေါ်သလို ကဗျာစာဆို အဘအတွက်လည်း လျှပ်တစ်ပြက်စပ်ဆိုခဲ့သည့် ကဗျာလေးတစ်ပုဒ်မျှ ဖြစ်သည်။ သို့သော်လည်း စာရေးသူအတွက်တော့ ဤကဗျာကလေးက အခြားကဗျာများနှင့်မတူ အထူးစိတ်ဝင်စားစေသည့်





အကြောင်းတစ်ခုက ရှိနေသည်။ အကြောင်းမှာ ဤကဗျာလေးသည် အမြွာကဗျာနှစ်ပုဒ်မှ ကာလတာရှည် အမေ့ခံနေရရှာသော ကဗျာကလေးဖြစ်နေ၍ပင်။

အောက္ကစဖို့ဒ်တက္ကသိုလ် ကျောင်းသားဘဝ ၁၉၃၉ ခုနှစ် ကျောင်းပိတ်ရက်တွင် အဘသည် ဗဟုသုတရှာ အပန်းဖြေရင်း ဆွစ်ဇာလန်နိုင်ငံသို့ ဧပြီ ၇ ရက်နေ့တွင် ရောက်ခဲ့သည်။ မွန်ထရိုးမြို့ကလေးရှိ ဆွစ်နှင့် မဂျက်စတစ် ဟိုတယ်အခန်း ၇၇ တွင် တည်းခိုစခန်းချသည်။ မွန်ထရိုးမြို့ကလေးမှာ ဂျနီဗာကန်ရိုးတွင်တည်ရှိသည်။ ဂျနီဗာကန်ကြီးသို့လည်းကောင်း၊ တောင်အထပ်ထပ်ကိုကွေ့ကာဝိုက်ကာ၊ တက်ခါသက်ခါဖြင့် အနီးအနားဒေသများသို့လည်းကောင်း အဘခြေဆန့်သည်။ သာယာလှပသော ရှုမျှော်ခင်းများကို ကြည့်ရှုခံစားသည်။ မြင်ကွင်းများက စာဆိုစိတ်ကို ကြည်နူးစေသည်၊ ရွှင်လန်းစေသည်၊ အားသစ်များ ဖြစ်စေသည်၊ စာဆိုသည် သူခံစားရသော သုခအမြိုက်၊ ထင်မြင်ရသော မြင်ကွင်းကလေးကို မမေ့လို။ တစ်ဖန် မိမိ၏သုခအမြိုက်ကို သူတစ်ပါးနှင့်လည်း မျှဝေခံစားလိုသေးသည်။ နှစ်လိုဖွယ်သော ရှုခင်းနှင့် ခံစားရသောသုခတို့သည် သင်္ခါရသဘောကို မလွန်ဆန်နိုင်ကြောင်း စာဆိုသိသည်။ ယင်းကြောင့် မိမိ၏သုခကို မစွန့်လိုသော စာဆိုသည် တဒင်္ဂမင်္ဂကို တစ်သက်ဖြစ်ရန် ကြိုးစားတော့သည်။ အားထုတ်တော့သည်။ မိမိခန္ဓာ မမြဲတော့သည့်တိုင် မိမိသုခကို နောင်လာနောက်သား



ဆရာမင်းသုဝဏ်တည်းခိုခဲ့သော Suisse Majestic Hotel



www.burmeseclassic.com

www.burmeseclassic.com




တို့အား လက်ဆင့်ကမ်းရန် ပန်းချီသဖွယ် ကဗျာကလေးများကို ရေးခြယ်စပ်ဆိုတော့သည်။ ဤနည်းအားဖြင့် ဖော်ပြပါ အမွှာကဗျာလေး ၂ ပုဒ် သည် ဧပြီလ ၁၂ ရက် တစ်နေ့တည်းတွင် မွေးဖွားလာခြင်း ဖြစ်တော့သည်။

ပထမကဗျာလေးကို 'ဂျနီဗာကန်ရိုး၌ (ဆွစ်ဇာလန်ပြည်)' ဟုလည်းကောင်း 'တောင်ခိုးနှင့်တိမ်'ဟု လည်းကောင်း အမည်တစ်မျိုးမျိုးဖြင့် စာရှုသူတို့ သိရှိပြီးဖြစ်လောက်မည် ယူဆပါသည်။ ၁၉၄၁ ခုနှစ် မြန်မာပြည်စာအုပ်တိုက်ထုတ် 'သပြေညိုနှင့် အခြားကဗျာများ' စာအုပ်တွင် ပထမဆုံးအကြိမ် အခြားကဗျာများနှင့်အတူ ဖော်ပြခြင်း ခံရသည်။ သည့်နောက် ဦးဝန်နှင့် ဦးဘ၏ 'ဒုတိယတန်းမြန်မာဖတ်စာ'၊ ဇော်ဂျီနှင့် မင်းသုဝဏ်၏ 'ခရီးသည်'၊ 'မင်းသုဝဏ် ကဗျာပေါင်းချုပ်'တို့တွင် ဆက်ကာဆက်ကာ ဖော်ပြခြင်းခံခဲ့ရသည်။ 'နတ်ထင်းတောင်' ကဗျာကလေးကား အစဉ်တစိုက်အထီးကျန်ဖြစ်ခဲ့ရရှာသည်။ အမွှာကဗျာဘဝမှ သင်းကွဲကဗျာလေး ဖြစ်ခဲ့ရသည်။ ဖြစ်ရသည့် အကြောင်းရင်းကို အဘစာဆိုအားလည်း မေးခွင့်မရနိုင်တော့ပြီ။ အကြောင်း မည်သို့ပင်ရှိစေ အဘ၏စေတနာမွန်ကို ဖြည့်ဆည်းဖုံးသောငှာ အခွင့်ကြုံလာ၍ ဖော်ပြလိုက်ပါသည်။ လွန်ခဲ့သောနှစ် ၆၀ ကျော် ဆွစ်နှင့် မဂျက်စတစ်ဟိုတယ်မှ စာရေးစက္ကူငယ်ပေါ်တွင် အဘကိုယ်တိုင် မှတ်မှတ်ရရ ရေးစပ်မှတ်တမ်းတင်ခဲ့သော အမွှာသင်းကွဲ 'နတ်ထင်းတောင်'ကို တင်ပြလိုက်ပါသည်။ တောင်ကြားလေ အေးမြမြက သယ်ဆောင်လာသည့် သင်းကြူသည့် နတ်ထင်းရနံ့ကလေးကိုရကြပြီး အဘစာဆို လက်ဆင့်ကမ်းသည့် စာဆို့သုခကို မျှဝေခံစားကြပါကုန်။

❖ ❖ ❖





မင်းသုဝဏ်
(၁၉၀၉ - ၂၀၀၄)

www.burmeseclassic.com

www.burmeseclassic.com



စာကြည့်ဖော်တစ်ဦး၊ ဦးအုန်းမောင်၊ ဦးဘကျော်၊ ဦးဝန်(မင်းသုဝဏ်)

## သပြေညိုပျိုးခင်း

လွတ်လပ်ရေးအကြို သပြေညိုကဗျာသည် ပရိသတ်များနှင့် ရင်းနှီးပြီး ဖြစ်မည်ဟု ယုံကြည်ပါသည်။ ကဗျာကလေးကို အဘ မင်းသုဝဏ်ရေးဖွဲ့အပြီး ၁၀ နှစ်တင်းတင်းပြည့်သည့်နေ့၌ မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့သည့် ထူးခြားတိုက်ဆိုင်မှုနှင့် ဆက်စပ်၍ တချို့က သတိရကြသည်။ ကဗျာဝါသနာရှင်များက အဘ နိုင်ငံခြား ပညာတော်သင်ဘဝ ဝေလနယ်မြောက်ပိုင်း၊ ဟာဒင်ရွာ၊ စိန့်ဒိုင်းနီးယဲ ပိဋကတ်တိုက်၌ ခေတ္တတည်းခိုစာကြည့်စဉ် ရေးစပ်ခဲ့သည့် အဝေးရောက်စာဆို၏ကဗျာတစ်ပုဒ် အနေဖြင့် မှတ်မိကြသည်။ ဆွေမျိုးမိတ်သင်္ဂဟများက အဘ ခေါင်းချသွားရာ 'သပြေညို' အိမ်ဝင်းတံခါးမှ စာတန်းကလေးနှင့် ဆက်စပ်သတိပြုမိကြသည်။

ဤကဗျာလေးနှင့် လုံးဝဆက်စပ်ရင်းနှီးမှုမရှိသေးသော စာဖတ်ပရိသတ် များအကျိုးငှာ အဘ၏ 'ဗိလပ်ကျွန်းဖြစ် သပြေညို'မှ ရေးသားချက်တချို့ကို ဦးစွာ ထုတ်နုတ်တင်ပြပါသည်။

*"အင်္ဂလန်ပြည် ချက်စတာမြို့အနီးတွင် ဗက္ကဖို့ဆိုသောရွာ ရှိပါသည်။ ထိုရွာ၏ သင်းအုပ်ဆရာ ရယ်ဗရင် အေ၊ အိတ်ချ၊ ဗလင်ကိုးသည် ကျွန်တော်၏ ဆရာဟောင်းတစ်ဦးဖြစ်ပါသည်။ ရန်ကုန်မြို့ ဆရာမှတ်ကျောင်းတွင် ကျွန်တော် နေစဉ်က ဘုန်းကြီးဗလင်ကိုးမှာ ကျောင်းအုပ်ဖြစ်ပါသည်။ ကျွန်တော် ပညာတော်သင်အဖြစ် အောက္ကစဖို့ တက္ကသိုလ်သို့ရောက်သော အခါ ဆရာကြီးက ဆုံးမဩဝါဒပေးပါသည်။ ထို့ပြင် နာတာလူးပွဲ ကျောင်းပိတ်ရက်သည် နှင်းကျရေခဲလောက်အောင်အေးသော ရာသီဖြစ်၍ လည်ပတ်ရန်မသင့်ကြောင်း၊ စိန့်ဒိုင်းနီးယဲ စာကြည့်တိုက်တွင် လာရောက် နေထိုင်ရင်း စာကြည့်နေသင့်ကြောင်း အကြံပေးပါသည်။ ထို့ကြောင့် ၁၉၃၆ ခုနှစ် နာတာလူးပွဲအခါက စိန့်ဒိုင်းနီးယဲတွင် ကျွန်တော် သွားရောက်စာကြည့်ခဲ့ပါသည်။ ၁၉၃၇ ခုနှစ် နာတာလူးပွဲရောက်ပြန်သောအခါလည်း စိန့်ဒိုင်းနီးယဲသို့ပင်သွား၍*

www.burmeseclassic.com



စာကြည့်ပါသည်။ သည်တစ်ခေါက်တွင်ကား ကျွန်တော်တစ်ဦးတည်းမဟုတ်ပါ။ ကွယ်လွန်သူ ဦးအုန်းမောင် (အာဇာနည်)လည်း ပါလာပါသည်။ ဦးအုန်းမောင်က ဓာတ်ပုံရိုက်ဝါသနာပါသဖြင့် သူရိုက်ပေးသောဓာတ်ပုံများပင် ကျန်ပါသေးသည်။

× × × × ×

× × × × ×

လုံခြုံရာတိုက်ခန်းထဲတွင် ဓာတ်မီးထွန်း၍ ကျောက်မီးသွေးမီးထည့်ကာ နေရသဖြင့်သာလျှင် နေပျော်ထိုင်ပျော်ရှိသော ရာသီဖြစ်ပါသည်။ ဤသို့သော အခါမျိုးတွင် ကျွန်တော်သည် 'သပြေညို'ကဗျာကိုစပ်ဆိုသည်မှာ ဘာကြောင့်ပါလိမ့်ဟူ၍ကျွန်တော် မမှတ်မိတော့ပါ။စဉ်းစား၍လည်းမရတော့ပါ။ ထို့ကြောင့် ဖြစ်ကောင်းရာရာအကြောင်းတို့ကို ကျွန်တော်ပြန်လည်ရှာဖွေ ဆပ်စပ်တွေးတောကာ ကြည့်မိပါသည်။

× × × × ×

× × × × ×

ကျွန်တော်တို့သည် မြန်မာပြည်မှ သင်္ဘောဖြင့် ခရီးထွက်ခဲ့ရာ ဆုအက်တူးမြောင်း အဝင်ဝတွင် ဆုအက်မြို့ကိုရောက်ပါသည်။ထိုနေရာတွင် ကျောက်ချရပ်ဆိုင်းရပါသည်။ ထိုအခါ အီဂျစ်အစိုးရက လူဝင်လူထွက်အရာရှိ အကောက်တော်အရာရှိ ကျန်းမာရေးအရာရှိ စသူတို့သည် မော်တော်ဘုတ်နှင့် ကျွန်တော်တို့သင်္ဘောသို့ လာကြပါသည်။ သူတို့၏ မော်တော်ဘုတ်တွင် အီဂျစ်နိုင်ငံတော်အလံကို လွှင့်လာပါသည်။ အစိမ်းရောင်ထိုအလံလေးသည် ပင်လယ်လေတွင် တလူလူလွှင့်နေသည်ကို မြင်ရသောအခါ သူတစ်ပါး၏အလံကိုသာ အလေးပြုခဲ့ရသော ကျွန်တော်၏စိတ်သည် အတော်ပင် ဝမ်းနည်းကြေကွဲမိပါသည်။ ထို့နောက် ကိုယ့်မင်းကိုယ့်ချင်းနှင့် လွတ်လပ်သောတိုင်းပြည်တွင် ခြေချဖူးသည်ဟု ဆိုရအောင်ဟူသောအကြံဖြင့် ကျွန်တော်သည် အီဂျစ်ပြည်ကုန်းပေါ်သို့တက်ကာ ခိုင်ရိုမြို့အထိ သွားရောက်လည်ပတ်ကြည့်ရှုပါသည်။ ဝမ်းသာဝမ်းနည်း ဖြစ်မိခဲ့ပါသည်။

အင်္ဂလန်ပြည်သို့ရောက်သောအခါ လွတ်လပ်သောနိုင်ငံတစ်ခု၏ လွတ်လပ်သော လူမျိုးတစ်မျိုးကို တွေ့ရပါသည်။ ကျွန်တော်တို့ပြည်တွင် တွေ့ဖူးသော၊ ကြားဖူးသော အင်္ဂလိပ်များနှင့်မတူသည့် အင်္ဂလိပ်များကို တွေ့ရပါသည်။ ထို့ပြင် တိုးတက်ကြီးပွားနေသော သူတို့၏စီးပွားရေးကိုလည်း သတိပြုမိပါသည်။ ထိုအခါ ကျွန်တော်သည် အခြားသောလွတ်လပ်သည့်နိုင်ငံများကိုလည်း တတ်နိုင်သလောက် သွားရောက်ကြည့်ရှုမည်ဟု စိတ်သန္နိဋ္ဌာန်ချလိုက်ပါသည်။ ထို့ကြောင့် ကျောင်းပိတ်ရက်များ၌ တစ်ခါသော် အီတလီပြည်သို့သွားကာ မူဆိုလနီနှင့် ဖက်ဆစ်ဝါဒ လွှမ်းမိုးပုံကို လေ့လာကြည့်ပါသည်။ နောက်တစ်ခါသော် ဂျာမနီပြည်သို့သွားကာ





ဟစ်တလာနှင့် နာဇီဝါဒ လွှမ်းမိုးပုံတို့ကို လေ့လာကြည့်ပါသည်။ နောက်တစ်ခါသော် ပြင်သစ်ပြည်သို့သွားကာ ပါရစ်မြို့တွင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာပြပွဲကြီးကို လေ့လာကြည့်ရှုပါသည်။ ထိုသို့ သွားရောက်လေ့လာကြည့်တိုင်း ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် အားမလိုအားမရဖြစ်ကာ ရင်ထဲတွင် အလုံးဆို့ရပါသည်။

× × × × ×

× × × × ×

ကျွန်တော်တို့မြန်မာနိုင်ငံကို စောင်းငဲ့၍ကြည့်လိုက်ပါဦး။ စိတ်မချမ်းသာဖွယ်ရာ အမျိုးမျိုးဖြစ်လျက် ရှိပါသည်။ ထိုနှစ်ကား မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်ဖြစ်ပါသည်။ ဗိုလ်အောင်ကျော်ကျဆုံးသောသတင်းကို ကြားရသည်။ ရေနံမြေသပိတ်သတင်းကိုကြားရသည်။ မန္တလေး ရဟန်းတော် အာဇာနည်များကျဆုံးသောသတင်းကို ကြားရသည်။ စီးပွားရေးကပ်ကြီး ဆိုက်နေဆဲဖြစ်၍ တိုင်းပြည် အလွန်အတီဒုက္ခ ရောက်နေသည်ကို သိနေရသည်။

ဤသို့သော အရေးအခင်းများအကြားတွင် မြုပ်ချည်ပေါ်ချည် ဖြစ်နေရသော ဦးအုန်းမောင်နှင့် ကျွန်တော်တို့နှစ်ဦးသည် ဝေလနယ်မြောက်ပိုင်း ဟာဒင်ရွာကလေးရှိစာကြည့်တိုက်တွင် ကျောင်းပိတ်ရက်အတွင်း စာပေကြည့်ရှုနေခိုက် တိုင်းရေးပြည်ရေးနိုင်ငံရေးကို ဆွေးနွေးမိမည်မှာ သေချာပါသည်။ ဦးအုန်းမောင်ကလည်း နိုင်ငံဝန်ထမ်း အလုပ်သင်ကျောင်းသားတစ်ဦးဖြစ်လင့်ကစား မျိုးချစ်စိတ် အလွန်ထက်သန်သူဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးကိုထိလာလျှင် နည်းနည်းမျှ သည်းမခံနိုင်သူဖြစ်သည်။ ထို့ကြောင့် သူ့ကို အင်္ဂလန်ပြည်ရှိ အငြိမ်းစား အိုင်၊ စီ၊ အက် အချို့က 'တိုက်ကြွက်ကလေး'ဟု နောက်ကွယ်တွင် ခေါ်လေ့ရှိသည်ကို ကြားသိရဖူးပါသည်။ ဦးအုန်းမောင်ကား ကျွန်တော်တို့အချင်းချင်းကိုပင် နိုင်ငံရေးနှင့်ပတ်သက်လျှင် အားမနာပါးမနာ ပြောတတ်သည်။

× × × × ×

× × × × ×


သူနှင့်ကျွန်တော် နှစ်ဦးသား ကိုယ့်တိုင်းကိုယ့်ပြည်ကိုလွမ်းခိုက် ကိုယ့်တိုင်းကိုယ့်ပြည်အကြောင်း တိုင်ပင်ဆွေးနွေးရင်း ကျွန်တော်သည် 'သပြေညို' ကဗျာကို စိတ်ကူးမိလေရော့သလားဟု သုံးသပ်ဆင်ခြင်မိပါသည်။ သပြေညိုကို ရေးသောနေ့မှ ဆယ်နှစ်တိတိရှိသောနေ့သို့ရောက်သောအခါ မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်မှာ မည်သို့သော ကြိုလေရှုခြင်းမျိုးပါလိမ့်ဟုလည်း တွေးတောအံ့ဩမိပါသည်။ ဤသို့ ဆင်ခြင်တွေးတောခိုက် ကွယ်လွန်သွားရှာသော ကျောင်းနေဘက်များကိုလည်း လွမ်းဆွတ် အောက်မေ့မိပါသည်။"

ဤတွင် သပြေညိုကဗျာရေးစဉ်ကာလကအတူရှိနေပြီး မြန်မာနိုင်ငံ လွတ်



www.burmeseclassic.com

www.burmeseclassic.com


စိန့်ဒိုင်းနီးယဲ ကျောင်းတိုက်



[ပ]င်ရေးရရှိသည်ကိုပင် မြင်တွေ့သွားရခြင်းမရှိရှာသော သူငယ်ချင်း ဦးအုန်းမောင်ကို [အ]ဘ အထူးလွမ်းဆွတ်မိမှာ ဧကန်မလွဲပေ။

ဖော်ပြခဲ့သည့် သပြေညိုဆောင်းပါးကောက်နုတ်ချက်နှင့်ဆက်စပ်၍ မှတ်[သ]ားဖွယ်အချက်နှစ်ချက်ကို ဆက်လက်တင်ပြလိုပါသည်။ ပထမအချက်မှာ ဆောင်း[ပ]ါးအခါ ဟာဒင်ရှာ၊ စိန့်ဒိုင်းနီးယဲ ပိဋကတ်တိုက်၌ လာရောက်နေထိုင်စာကြည့်ရန် [အ]ကြံပြုသော ဆရာကြီးဗလင်ကိုးအကြောင်းဖြစ်၍ ဒုတိယမှာ စိန့်ဒိုင်းနီးယဲ ပိဋကတ်[တ]ိုက်အကြောင်းဖြစ်ပါသည်။

၁၉၃၅ ခုနှစ်တွင် အဘ နိုင်ငံတော်ပညာတော်သင်ဆု လျှောက်ထားခဲ့[သ]ည်။ အရှေ့ဖျား သမိုင်းဆရာကြီး မစ္စတာလုစ္စ (G.H.Luce) က ထောက်ခံချက်[ရ]ေးပေးသည်။ တပည့်ဖြစ်သူအတွက် ဆရာကြီးလုစ္စရေးပေးသော ထောက်ခံချက်၌ "[မ]ောင်ဝန်သည် အတွေ့ကြုံကင်းပြီး၊ ထူးချွန်သော ရှားရှားပါးပါးမြန်မာလူငယ်တစ်ဦး [ဖ]ြစ်သည်။ သူ၏ စွဲမြဲသော လူမှုရေးကြိုးပမ်းထမ်းရွက်လိုစိတ်များကို ပြုစုပျိုးထောင်[ပ]ေးခဲ့သူမှာ ဗလင်ကိုး ဖြစ်သည်" ဟူ၍ ဖော်ညွှန်းခဲ့ဖူးလေသည်။ ထို့ကြောင့် အဘ [င]ယ်ရွယ်စဉ် ကျောင်းသားဘဝ၊ ဆရာကြီးဗလင်ကိုးနှင့် စတင်ဆုံစည်းခဲ့ရပုံ၊ နောက်ပိုင်း [ဖ]ြစ်ရပ်များကို ပြန်လည်ခြေရာခံဖို့ လိုလာပါသည်။

ကွမ်းခြံကုန်းမြို့ အမျိုးသားကျောင်းသို့ ကျောင်းစတင်ဖွင့်လှစ်သည့် ၁၉၂၂ [ခ]ုနှစ်တွင် အဘ စတင်တက်ရောက် ပညာသင်ယူသည်။ အတန်းကြီးကျောင်းသား [ဦ]းအာကာသန်းထံမှ ကဗျာရေးနည်းများကို အနီးကပ်လေ့လာသင်ယူခွင့်ရရှိသည်။ [ဦ]းအာကာသန်းမှာ အဘ၏လက်ဦးဆရာဖြစ်သည်။ ပထမကြိုးအောင်ပြီး အင်္ဂလိပ်စာ[သ]င်ယူလို၍ အမျိုးသားကျောင်းသို့ ရောက်လာခြင်းဖြစ်သည်။ အဘ၏ ကုသိုလ်ကံ[ဟ]ုပင် ဆိုရမည်ဖြစ်ပါသည်။ **(ဆရာဦးအာကာသန်းအကြောင်း အောက်တိုဘာလ [မ]င်းသုဝဏ် ခေတ်စမ်းကြိုကဗျာများ' တွင် ဖော်ပြခဲ့ပါသည်။)**

၁၉၂၃ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့ ဆရာမှတ်ကြီးကျောင်း[ခ]ေါ် စိန့်ဂျွန်းကောလိပ်သို့ အဘ ပြောင်းရွှေ့ပညာသင်သည်။ အဘ ၆ တန်း [ရ]ောက်သည့်အခါ ဘုန်းကြီးဗလင်ကိုး **[Reverend Alan Humphrey Blencose M.A. (Cantab)]** ကျောင်းအုပ်ကြီး ဖြစ်လာပါသည်။ ဆရာကြီးသည် ကြီးငယ်မဟူ [က]ျောင်းသားမရွေး၊ ဆင်းရဲချမ်းသာမရွေး ကျောင်းသားများကိုဂရုစိုက်သည်။ [အ]ဝတ်လွှန်း၍ မျက်စိအလွန်အားနည်းလာသော ကျောင်းသားငယ် မောင်ဝန်ကို ဆရာကြီးသတိပြုမိသည်။ ခုနှစ်တန်း နှစ်ဆုံးကျောင်း **Report Card** တွင် ဆရာကြီး [ရ]ေးသောမှတ်ချက်မှာ -

"An excellant boy, both in ability and character.

The doctor report that he is nearly blind in his right eye, but his left eye is perfectly good."



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဖြစ်ပါသည်။

"ကိုယ်ကျင့်ကောင်း၍ ပညာကြိုးစားသောကျောင်းသားများကိုမူ အားကိုးတကြီး စံနမူနာဖြစ်လောက်အောင် အထူးစောင့်ရှောက်သင်ကြားပေးသည်" ဟု ဆရာကြီးအကြောင်းအဘ အမှတ်တရရေးခဲ့သည်။

ICS ဦးလှရှိန်၊ ဦးမောင်မောင်ကျော်ဝင်း (တရုတ်ပြည်သံအမတ်ကြီး ကိုယ်စားလှယ် ..........မြန်မာနိုင်ငံသံအမတ်ကြီး)၊ ပါမောက္ခ ဦးမျိုးမင်းတို့သည် ကျောင်းသားဘဝတွင် ဆရာကြီးက တစ်ဦးချင်း အနေဖြင့် အားကိုးခြင်းခံရသူများဖြစ်သည်။ အဘတို့ လက်ထက်တွင်ကား အစုလိုက် အားကိုးပါတော့သည်။ ဟသ်ာတကိုဝင်း၊ တံတားဦးရွာက ကိုကျော်စိန်၊ ရန်ကုန်က ကိုကျော်သိမ်း၊ ထားဝယ်က ကိုကင်းဆိုင် စသည်နှင့် အဘတို့ ဆရာကြီး အထူးအားကိုးသည်။

သူငယ်ချင်းတစ်စု သတ္တမတန်းအောင်၍ အဋ္ဌမတန်းရောက်သောအခါ အဘကို ဆရာမှတ်ဂေဟာ (**Marks House**) ၏ ကျောင်းသားခေါင်းဆောင် (**Prefect**) တာဝန်ပေးသည်။ ဆရာကြီး၏အထူးတာဝန်ပေးချက်တစ်ရပ်ရှိသည်။ ညအိပ်ရာဝင်ခါနီး ကျောင်းသားများကို ခုတင်အနီးတွင်စုဝေးစေ၍ အဘက ဘုရားရှိခိုး တိုင်ပေးရသည်။ ငါးပါးသီလ ချပေးရသည်၊ မေတ္တာပို့ ဆိုပေးရသည်။ တနင်္ဂနွေနေ့ ရောက်သည့်အခါ ခရစ်ယာန်ကျောင်းသားများက သူ့မွေ့ဇရပ်တွင် ဘုရားရှိခိုးချိန် အဘက သူ့အဆောင်သားများကို စာကြည့်ခန်းတွင်စုဝေးစေကာ ဘုရားစာ တရားစာ ဖတ်ပြရသည်။ အထက်တန်းကျောင်းသားအဖြစ် ၃ နှစ် အတွင်း မင်္ဂလသုတ္တလဝတ္ထု ကြီးကို ဖတ်ပြခဲ့ရသည်။ ဆရာဦးမြို့ ပြုစုသည့် ပိဋကတ်မြန်မာပြန်စာအုပ်များမှ ကောင်းနိုးရာရာများကိုလည်း ရွေး၍ဖတ်ပြခဲ့သည်။

အဘတို့ သူငယ်ချင်းတစ်စုကို ဆရာကြီး နောက်တစ်ခုခိုင်းလေ့ရှိသည်။ စနေနေ့ကျောင်းပိတ်ရက်တွင် ရန်ကုန်ဆေးရုံကြီးသို့ ခေါ်သွား၍ လူမမာများကို မေးမြန်း အားပေးစကား ပြောစေသည်။ တနင်္ဂနွေပတ်အတွင်း သူငယ်ချင်းတစ်စုက ဆရာများထံမှ သတင်းစာဟောင်းများကို လိုက်လံတောင်းယူထားရသည်။ ဆေးရုံ ရောက်သောအခါ လူမမာများထံ တစ်ယောက်ချင်းသွား၍သတင်းမေးသည်။ သတင်း စာဖတ်လိုသူများကို သတင်းစာများပေးကြသည်။ အဘတို့ရောက်သည့်အခါ လူမမာ များသာမက ဆရာဝန်များနှင့် သူနာပြုဆရာမများကလည်း အားရဝမ်းသာရှိကြသည်။ ရပ်ဝေးမှ ဆွေကွဲမျိုးကွဲ လာရောက်ဆေးရုံတက်ရသော လူမမာများက နက်ဖြန် လာပါဦး၊ သန်ဘက်ခါလာပါဦးဟုမှာကြ၍ အဘတို့ ဝမ်းနည်းပမ်းနည်းဖြစ်ကြရသည်။

ရန်ကုန်မြို့ပေါ်တွင် ကျောင်းမနေနိုင်သော ကျောင်းသားအရွယ် လူငယ် ကလေးများ အတော်ရှိသည်။ ဆရာကြီးက ယင်းတို့ကို ပညာသင်ပေး၍ အလုပ် ရှာပေးချင်စိတ် ရှိသည်။ ထို့ကြောင့် ကျုံးကြီးလမ်း မင်းကြီးကတော် ဒေါ်မြမေ၏ ဝိတိုရိယဗုဒ္ဓဘာသာမိန်းကလေးကျောင်းအောက်ထပ်ကို ခွင့်တောင်း၍ အခမဲ့





ညကျောင်း ထောင်ပါတော့သည်။ စာပြရမည့်သူများကား ဆရာကြီး အခုလို အားကိုး ခံရသည့် အဘတို့သူငယ်ချင်းတစ်စုသာဖြစ်သည်။ သူငယ်ချင်းများ လူစုခွဲ၍ ရန်ကုန်အနောက်ပိုင်းတွင် ကုန်းကြောင်း လျှောက်ကြသည်။ လမ်းထဲတွင် ဂေါ်လီ တစားနေသူ၊ စွန်လွှတ်နေသူ၊ ယောင်ပေပေလုပ်နေသူ လူငယ်ကလေးများကိုတွေ့ လျှင် လိပ်စာမေးသည်။ ပြီးလျှင် သူတို့အိမ်သို့ သွား၍ မိဘများနှင့်စကားပြောကြသည်။ ကျောင်းမထားနိုင်၍ ကျောင်းမသွားရသော လူငယ်ရှိလျှင် ညကျောင်းတွင် စာသင် ပေးမည်ဟု ပြောရသည်။ ဤသို့ဖြင့် ညကျောင်းကလေးမှာ အချိန်တိုအတွင်း အတော် စည်ကားလာသည်။ ဆရာကြီးက အလုပ်ရှာပေး၍ အလုပ်ရသွားသူအချို့လည်း ရှိခဲ့သည်။

တနင်္ဂနွေအားလပ်ချိန် ညနေပိုင်းတွင် ဆရာကြီးက အဘတို့တစ်စုကို သူ့ဗိုလ်တဲသို့ ခေါ်သည်။ အင်္ဂလိပ်ကဗျာသင်ပေးသည်။ ပြီးတော့ လက်ဖက်ရည်တိုက် တီတံမုန့်လည်းကျွေးသေးသည်။ ကျောင်းက နှစ်စဉ်လို စာစောင်တစ်ခုထုတ်ဝေသည်။ အင်္ဂလိပ် ဘာသာနှင့်ဖြစ်သည်။ **St. John's College Chronicle** ဟု ခေါ်သည်။ ဒဂုန်မဂ္ဂဇင်း၊ ဒီးဒုတ်ဂျာနယ် စသည်တို့တွင် အဘ ကဗျာများ စရေးနေသည်ကို သတိပြုမိသော ကျောင်းအုပ်ဆရာကြီး ဗလင်ကိုးက ကဗျာရေးခိုင်းသည်။ ထိုအခါမှ စ၍ ကျောင်းစာစောင်တွင် မြန်မာဘာသာကဏ္ဍကို စတင်ဖွင့်လှစ်သည်။ ဤသို့ အားဖြင့် **အဘ၏ ကဗျာဝါသနာ မြေတောင်မြှောက်ခံခဲ့ရသည်။**

အောက္ခစဖို့ပညာတော်သင်အဖြစ် အဘ အင်္ဂလန်သို့ ရောက်ရှိလာချိန်တွင် ဆရာကြီးသည် ချက်စတာမြို့အနီး ဗက္ကဖို့ (**Backford**) ရွာကလေးတွင် သင်းအုပ်ဆရာ လုပ်နေလေသည်။ ငယ်စဉ် ကျောင်းသားဘဝက စ၍သိခဲ့ပြီး သံယောဇဉ်ရှိသော တပည့်ကို ဆရာကြီးတွေ့လိုလှသည်။ စာဖတ်စာရေးတတ်သော တပည့်အကြောင်းတို လည်း ဆရာကြီးအမှတ်ရသည်။ ထို့ကြောင့် ချက်စတာမြို့မှ ၆ မိုင် ခန့်သာ ကွာဝေး သောအရပ်ရှိ ဟာဒင်မြို့၊ စိန့်ဒိုင်းနီးယဲ ပိဋကတ်တိုက်တွင် ဆောင်းအခါ လာရောက် နေထိုင်စာကြည့်ရန် ဆရာကြီးအကြံပြုခြင်းဖြစ်သည်။ ချက်စတာနှင့်ဟာဒင်ရွာအကြား ဘတ်စကားက တစ်နာရီတစ်စီးရှိသည်။ စိန့်ဒိုင်းနီးယဲပိဋကတ်တိုက်သည် ထိုစဉ်အချိန် က အင်္ဂလန်နိုင်ငံတွင် ပညာသင်ကျောင်းသားများ သုတေသနပြု၊ စာရေးစာဖတ် နိုင်ခဲ့သော တစ်ခုတည်းသော လူနေပိဋကတ်တိုက် (**Residential Library**) ဖြစ် သည်။ တစ်ကြိမ်လျှင် ပညာသင်သုံးဆယ်ကျော် တည်းခိုနေနိုင်သည်။

ဤပိဋကတ်တိုက်ကို နန်းရင်းဝန် **William Ewart Gladstone** က စတင် တည်ထောင်သည်။ သားသမီးများက ဆက်လက်ထိန်းသိမ်း တိုးချဲ့ဆောက်လုပ် ကြသည်။

ဆရာကြီး၏ အကြံပြုချက်အရ ဟာဒင်ရွာ စိန့်ဒိုင်းနီးယဲပိဋကတ်တိုက်တွင် ၁၉၃၆ ခုနှစ်ကတစ်ကြိမ်၊ ၁၉၃၇ ခုနှစ်ကတစ်ကြိမ်၊ ဆောင်း နှစ်ကြိမ်ခိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမအကြိမ်တွင် အဘတစ်ယောက်တည်းဖြစ်၍ ဆရာကြီးအိမ်၌ ဦးစွာ ၅ ရက်မျှ တည်းခိုခဲ့သည်။ စိန့်ဒိုင်းနီးယဲတွင် ဒီဇင်ဘာ ၁၂ ရက်နေ့မှ ၃၀ ရက်နေ့အထိ နေထိုင်စာဖတ်သည်။ ထိုစဉ်ရက်များက တပည့်ဟောင်းများအကြောင်း တစိမ့်စိမ့်တွေး၍ မေးသည့်ဆရာကြီးကို တစ်ခါတရံ သန်းခေါင်တိုင်အောင် အဘဖြေခဲ့ရသည်။ ဤအကြောင်းကို လူထုဦးလှထံ အဘ စာရေးပြောပြခဲ့ဖူးသည်။ ဒုတိယအကြိမ်တွင် အဘနှင့်အတူ သူငယ်ချင်းနှစ်ဦး ပါကြသည်။ ယင်းတို့မှာ ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် အတူ လုပ်ကြံခံခဲ့ရသည့် ဦးအုန်းမောင်နှင့် အဘ၏ သီးခြားမှတ်တမ်းတစ်ခုအရ ပညာရေးအတွင်းဝန် ဦးဘကျော်တို့ ဖြစ်ကြပါသည်။

သည်တစ်ကြိမ် ၁၉၃၇ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့အထိ ၃ ပတ်ကျော်မျှ စိန့်ဒိုင်းနီးယဲတွင် တည်းခိုစာကြည့်သည်။ ထိုခေတ်ထိုအခါက တည်းခိုစရိတ်ကို ဗဟုသုတအလို့ငှာ သိရှိနိုင်ရန် ငွေရပြေစာ ဖြတ်ပိုင်းကလေး ဖော်ပြလိုက်ပါသည်။ သုံးပတ်ကျော် တည်းခိုခ စားစရိတ်နှင့် အဝတ်လျှော်ခ စုစုပေါင်းမှာ ၈ ပေါင်ခန့်မျှသာ ကျပါသည်။ ယင်းသို့ စိန့်ဒိုင်းနီးယဲတွင် ၃ ပတ်ကျော်တာလမျှ တည်းခိုနေစဉ် အောက္ကစဖို့ဒ်သို့ ပြန်လည်မထွက်ခွာမီ တစ်ရက်အလို ၄-၁-၃၈ နေ့တွင်မှ 'သပြေညို' ကဗျာကလေးကို ရေးဖွဲ့ဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် စာပေသုတေသီများ ဆန္ဒအလျောက် စူးစမ်းလေ့လာနိုင်ရန် အဘရေးသားခဲ့သည့် မှတ်ချက်တစ်ခုကို ဖော်ပြလိုက်ရပါသတည်း။

*"သပြေညိုကဗျာနှင့်ပတ်သက်၍ ယနေ့တိုင်သက်သေမတွေ့ရသေးသည့် အချက်တစ်ရပ် ရှိပါသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီး၊ ပြန်ကြားရေးဌာနတွင် ဦးစိန်တင် (သိပ္ပံမောင်ဝ) အတွင်းဝန်လုပ်စဉ် ဤသပြေညိုကဗျာကို ပုံနှိပ်၍ မြန်မာပြည်အနှံ့ ဝေငှသည်ဆိုသောအချက်ပင် ဖြစ်ပါသည်။ ထိုအခါက ကျွန်တော်သည် အင်္ဂလန်တွင်ပင် ရှိပါသေးသည်။ ဆရာ ဦးသိန်းဟန် (ဇော်ဂျီ)က အင်္ဂလန်သို့ ထွက်ရန် ပြင်ဆင်ဆဲဖြစ်ပါသည်။ ဆရာက သူတွေ့ခဲ့ရကြောင်းပြောပြ၍ သိရသောအချက် ဖြစ်ပါသည်။"*

**မှတ်စု**

(က) (နန်းရင်းဝန် ဂလက်စတုံး၏သား Lord Gladstone of Hawarden သည် ကုန်သည်တစ်ဦး ဖြစ်သည်။ သူ၏ 'ဂလက်စတုံး၊ ဝစ်လီကုမ္ပဏီ' သည် တစ်ချိန်က ကာလကတ္တားနှင့် ရန်ကုန်မြို့တို့တွင်ရှိခဲ့သည်။ ၁၈၇၅ ခုနှစ်က မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး ၅ လခန့်နေထိုင်သွားဖူးသည်။)


**ကျမ်းကိုး**

၁။ မင်းသုဝဏ်၊ ကျွန်တော်သိသော ဆရာမှတ်ကျောင်း။ စွမ်းအားမဂ္ဂဇင်း။

၂။ မင်းသုဝဏ်၊ မင်းသုဝဏ်၏ တစ်ကျွန်းစံဆောင်းပါး။ ကြီးပွားရေးမဂ္ဂဇင်း။ (ဒီဇင်ဘာ၊ ၁၉၃၆၊ ဇန်နဝါရီ၊ ၁၉၃၇)

❁ ❁ ❁




ST. DEINIOL'S LIBRARY
HAWARDEN.

No. 326
Maung M. Wun
January 5th 1938
Dec. 11th – Jan. 5th

| | |
|---|---|
| Board and Lodging | 7. 14. 0 |
| | 3. 6 |
| | 2. 6 |
| | 8. 0. 2 |

If payment is made by Cheque, it should be made out to "ST. DEINIOL'S LIBRARY."


*Gratuities to the servants should be given, for distribution, to the Warden or Sub-Warden.*

ငွေရပြေစာ



www.burmeseclassic.com

www.burmeseclassic.com




# သပြေညို ရွှေဘိုပန်း၏ ကာလ(၃)ပါး

အင်္ဂလန်နိုင်ငံ ဝေလနယ်မြောက်ပိုင်း ဟာဒင်ရွာတွင် စိန့်ဒိုင်းနီးယဲ အမည်ကြီး ပိဋကတ်တိုက်တစ်ခုရှိပါသည်။ အဆိုပါပိဋကတ်တိုက်သည် ရှေးအခါက အင်္ဂလန်နိုင်ငံ၏ တစ်ခုတည်းသော လူနေပိဋကတ်တိုက် **(Residential Library)** ဖြစ်ပါသည်။ ကာလကား ၁၉၃၇ ခုနှစ် နှစ်ကုန်ပိုင်း ဆောင်းရာသီတက္ကသိုလ် ကျောင်းပိတ်ရက်ဖြစ်သည်။ ကျောင်းအားရက် ဆောင်းခိုရင်း အဘသည် စိန့်ဒိုင်းနီးယဲ ပိဋကတ်တိုက် **(St. Deiniol's Library and Residence)** တွင် စာဖတ်စာရေး သုတေသန [illegible] ပြုသည်။ နာတာလူးပွဲတော်လွန်မြောက်၍ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းခဲ့သည်။ အောက္ကစဖို့ဒ်ကျောင်းတော်သို့မပြန်မီ တစ်ရက်အလို ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ [illegible] ရက်နေ့တွင် "သပြေညို" ကဗျာကို အဘရေးဖြစ်သည်။ ထူးခြားသောတိုက်ဆိုင်မှုကြောင့် အများကထိုကဗျာကို လွတ်လပ်ရေးအကြိုကဗျာဟု အသိအမှတ်ပြုခေါ်ဝေါ် မှတ်သားထားကြသည်။ အကြောင်းရင်းမှာ "သပြေညို"ကဗျာ ပေါက်ဖွားလာပြီး ၁၀ နှစ်တင်းတင်းပြည့်သည့်နေ့၌ ဗြိတိသျှလက်အောက်မှ မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့၍ ဖြစ်ပါသည်။ သပြေညိုကဗျာကလေးကို စာဖတ်ပရိသတ် နှစ်ခြိုက်စွဲလမ်းကြသည်။ အများလက်ခံမှုအပေါ် အကြောင်းရင်းခံ၍ အဘ၏ ကဗျာပုဒ်ရေ ၆၀ ခန့်ပါသော "သပြေညို" ကဗျာစာအုပ်ကို လွတ်လပ်ရေးမရမီ ၁၉၄၁ ခုနှစ် မှစ၍ အကြိမ်ပေါင်းများစွာ ပုံနှိပ်ထုတ်ဝေခဲ့ရသည်။ ပညာတော်သင်ဘဝမှပြန်လာပြီး တက္ကသိုလ်

www.burmeseclassic.com



ကျောင်းဆရာ ဆက်လုပ်သည်။ ၁၉၄၆ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် မြန်မာစာကထိက ဖြစ်လာသည်။လမ်းမကြာမီ အမှတ် (၈၉)၊ အင်းယားလမ်း တစ်ထပ်တိုက်ကလေးသို့ ပြောင်းရွှေ့နေထိုင်ရသည်။ အင်းယားကန်နှင့် မနီးမဝေးတွင်ရှိသော တက္ကသိုလ်နေအိမ် ကလေးတည်ရာအရပ်ကား အလွန်အေးချမ်းဆိတ်ငြိမ်သောနေရာဖြစ်ပေသည်။ ၁၉၄၇ ခုနှစ်ကုန်ပိုင်း လွတ်လပ်ရေးရရန် ရက်ပိုင်းမျှအလို ရန်ကုန်ဆောင်းကာလအချိန် လွတ်လပ်ရေးနှင့် ဆက်စပ်အတွေးနယ်ချဲ့ရင်း တစ်ပတ်ခန့်အချိန်အတွင်း ကဗျာ ၃ ပုဒ်ကို အဆိုပါနေအိမ်ကလေး၌ အဘရေးဖွဲ့ဖြစ်ပြန်ပါသည်။ ယင်းကဗျာများနှင့်အတူ ဒီးဒုတ်ဂျာနယ်ပါ "ဗိုလ်ချုပ်ဆန္ဒနှင့်ဆရာဝါသနာ" ဆောင်းပါးမှ လွတ်လပ်ရေးနှင့် စပ်ဆက်သည့် ရေးသားချက် အချို့ကိုထုတ်နုတ်၍စာဖတ်သူအများသိရှိနိုင်စေရန် ဖော်ပြလိုက်ပါသည်။ ကဗျာများကိုရေးဖွဲ့ခဲ့သည့် နေ့ရက်အစီအစဉ်အတိုင်း ဖော်ပြ ပါသည်။

**လင်းတော့မည်**

*ကြယ်ငယ် လကွေး၊ ရောင်ခြည်မှေးတွင်*
*လေအေးသုတ်သုတ်၊ ရွက်လှုပ် လှုပ်နှင့်*
*ဘုတ်ကအီအီ၊ ချိန်နာရီသည်*
*ရောင်နီပေါ်လု ပါတကား။*
*ရောင်နီပေါ်လု၊ ချိန်ခါနှုဝယ်*
*ငွေဥစီစီ၊ မြက်ခင်းဆီ၌*
*ပြာရီလဲ့လဲ့၊ နှင်းမှုန်တွဲ့သည်*
*အိုဘဲ့ချစ်စဖွယ် ပါတကား။*
*နှင်းမှုန်တွဲ့၍၊ အိုဘဲ့ခါချိန်*
*ဆိတ်ငြိမ်ငြိမ်တွင် ထိန်ထိန် တောက်တောက်*
*တုံးကိုခေါက်သည်*
*မိုးသောက်တော့မည် ပါတကား။*

**၁၄-၁၁-၁၉၄၇**
**နံနက် ၇း၀၀ နာရီ**

လောကတစ်ခွင်လုံး တိတ်ဆိတ်ငြိမ်သက်လျက် နှင်းမှုန်များက တဖွဲဖွဲကျ နှင်းဝတ်ရည်များက မြက်ပင်ကလေးများကို တွဲလဲခိုလျက် လေပြည်အေးကလေး အဝှေ့ သစ်ရွက်ကလေးများက တလှုပ်လှုပ်၊ ဘုတ်ငှက်က တအီအီနှင့် ရောင်နီပျို၍ တစ်မိုးသောက်ခါနီး၊ ကြယ်ကလေးများနှင့် လကွေးကွေးတို့၏ အလင်းရောင် မှေးမှိန်စ အချိန်။ တုံးခေါက်သံက မကြာမီ အလင်းရောက်တော့မည်ကို အချက်ပေးလျက် ရှိသည်။ လွတ်လပ်ရေးနေ့ကြီးကို နံနက်ခင်း၏ လင်းရောင်ခြည်နှင့် တင်စားဖွဲ့ဆိုထား





သည်။ ပစ္စုပ္ပန်လက်တစ်ကမ်းတွင်ရှိသည့် လွတ်လပ်ရေးအတွက် ဝမ်းသာကြည်နူးမှုဖြင့် ဖွဲ့ဆိုချက်ပင် ဖြစ်သည်။ (ပထမအကြိမ် လွတ်လပ်ရေးနေ့အတွက်) ဒီးဒုတ်ဂျာနယ်ပါ ဆောင်းပါးမှ ပထမစာပိုဒ်ကို ဤကဗျာနှင့် ဆက်စပ်ဖော်ပြပါသည်။

*"လွတ်လပ်တော့မည်။ ကျွန်တော်တို့မြန်မာနိုင်ငံ လွတ်လပ်တော့မည်။ ကျွန်တော်တို့ တိုင်းရင်းသားများလွတ်လပ်တော့မည်။ သည်တစ်ခါ တကယ်ဝင် လွတ်လပ်တော့မည်။ ကျွန်တော်တို့မျက်မှောက်တွင်ပင် လွတ်လပ်တော့မည်။ ကျွန်တော်တို့ ကံကောင်းလေစွ"*

စာပိုဒ်တိုကလေးတွင် "လွတ်လပ်တော့မည်"ကို အဖန်တလဲလဲ ကြိမ်ဖန် များစွာ သုံးထားသည်။ ငါးကြိမ်တိတိမျှ သုံးထားသည်။ လွတ်လပ်ခြင်းကို မည်မျှ တောင့်တလျက်ရှိသည်။ လွတ်လပ်ရတော့မည့်ဘဝအတွက် မည်မျှဝမ်းသာပီတိ ဖြစ်နေသည်ကို "လွတ်လပ်တော့မည်"ဟု ကြွေးဝါးလိုက်သည့်ပဲတင်သံက သက်သေထူ နေတော့သည်။

**ကျွန်ဘဝမှ ကျွန်ဘဝသို့**

*သူ့ကျွန်ဘဝ၊ တော်လှန်ကြ၍*
*ဆင်ရတော့မည်၊ မြန်မာပြည် သည်*
*ဇာနည်တို့၏ အောင်ပန်းကို။*
*အောင်ပန်းဆင်၍ သခင် မဖြစ်။*
*မြန်ပြည်သစ်ကို*
*ကျွန်ချစ်ပမာ၊ လုပ်ကျွေးခါမှ*
*မြန်မာသခင်ဖြစ်မည်တည်း။*

**၂၀-၁၁-၁၉၄၇**
**နံနက် ၂း၀၀ နာရီ**

အာဇာနည်တို့ကျေးဇူးကြောင့် သမြေညီလွတ်လပ်ရေးအောင်ပန်းတို ဆင်မြန်းရတော့မည်။ ကျွန်ဘဝမှ လွတ်မြောက်ရတော့မည်။ သို့သော် ကျွန်ဘဝမှ လွတ်ရုံမျှဖြင့် သခင်မဖြစ်နိုင်။ နိုင်ငံချစ်စိတ်နှင့် ကျွန်လိုအလုပ်လုပ်ပါမှ သခင် ဖြစ်လိမ့်မည်ဟု ရှင်းရှင်းနှင့်ပြင်းပြင်း သတိပေးထားသည်။ ဝမ်းသာပီတိဖြစ်မှုကြောင့် လွတ်လပ်ခွင့်နှင့်အတူ ယှဉ်တွဲပါလာသည့် အနာဂတ်၏တာဝန်ကို မမေ့လျော့စေလို သည့်စေတနာနှင့် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ကျွန်ဘဝမှ လွတ်မြောက်ရမည့်အရေး မျှော်တွေး၍ ဝမ်းသာပီတိဖြစ်နေပုံကို ဒီးဒုတ်ဂျာနယ် ဆောင်းပါးဒုတိယပိုဒ်ကလည်း ဖော်ပြလျက်ရှိလေသည်။

*"ကျွန်တော်၏ မိဘက်ဖဘက် အဘိုးအဘွားလေးဦးတွင် တစ်ဦးသော အဘိုးသာလျှင် လွတ်လပ်သောဘဝတွင် မွေးဖွားခဲ့သည်။ ကျွန်သုံးဦးကား ကျွန်ဘဝ*



www.burmeseclassic.com

www.burmeseclassic.com



တွင်မွေးဖွား၍ ကျွန်ဘဝတွင်ပင် အရိုးထုတ်ကြရရှာသည်။ သို့သော်လည်း ကျွန်တော့် မိဘများကား သခင်ဘဝကို တွေ့ကြရတော့မည်။ ကျွန်တော်နှင့်တကွ ကျွန်တော့်သား မယားတို့လည်း၊ သခင်ဘဝကို တွေ့ကြရတော့မည်။ ကျွန်တော်တို့ ကံကောင်းလေစွ"

ဤနေရာတွင် အတိတ်က အဘ၏လုပ်ရပ်တစ်ခုကို ပြန်လည်သတိရမိပါသည်။ ၁၉၃၆ ခု၊ အောက္ကဖို့ဒ်ပညာတော်သင်ခရီးအသွားကာလဖြစ်ပါသည်။ အဘ လိုက်ပါသွားသော "ပဲခူး" သင်္ဘောသည် စက်တင်ဘာလ ၁၀ ရက်နေ့နံနက်တွင် ဆူးအက်မြို့ဆိပ်ကမ်း၌ ခေတ္တဆိုက်ကပ်သည်။ လွတ်လပ်သောလူမျိုးကို သူ့နိုင်ငံတွင် မြင်ဖူးလိုစိတ်၊ လွတ်လပ်သောနိုင်ငံ၏မြေပေါ်တွင် ခြေချဖူးလိုစိတ်တို့ ပြင်းပြလှ၍ ကမ်းပေါ်သို့တက်သည်။ မိုင် ၈၀ကျော် သဲကန္တာရကိုဖြတ်ပြီး ကိုင်ရိုမြို့သို့ ရောက်အောင်သွားသည်။ အီဂျစ်လူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တို့ ထိန်းသိမ်းစောင့်ရှောက်ပြသထားသည့် ပြတိုက်သို့သွားသည်။ ၁၉၂၃ ခုနှစ် **Luxor** မှ တူးဖော်ရရှိခဲ့သော တူတန့်ခမန်ဘုရင် (၁၃၅၀ ဘီ၊ စီ)၏ သချိုင်းမှ ပစ္စည်းဝတ္ထု အမျိုးမျိုးကို အထူးစိတ်ဝင်တစား လေ့လာသည်။ ယင်းအခိုက် မိမိနိုင်ငံ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များအတွက် အနာဂါတ်ကာလ လုပ်ဆောင်ရမည့်တာဝန်များ ကို အဘ မည်မျှအထိ စိတ်ကူးမိမည်မသိ။ ဂီဇာပိရမစ်နှင့် မနုဿဗီဟကြီးများရှိရာ မြို့ပြင်သို့လည်း ထွက်ကြည့်သည်။ အချိန်ရသမျှလေ့လာပြီး၊ ကိုင်ရိုမှရထားဖြင့် ပေါ့ဆိုက် **(Port Said)** ဆိပ်ကမ်းသို့ ခရီးဆက်သည်။ ပြီးမှ ဆူးအက်တူးမြောင်း ဖြတ်ကျော်ရောက်ရှိလာသည့် သင်္ဘောပေါ်ပြန်တက်ပြီး နံနက်လင်းအားကြီးတွင် ပညာသင်ခရီးဆက်လေသည်။

**လွတ်လပ်ခါနီး**

*မကာန်းချိန် စန်းအိမ်အဆင်းတွင်မှ*
*အောင်ချင်း တဘောင်သီလို့*
*ရောင်နီမှာ အောင်စည်ရွှမ်းကြတော့*
*လွမ်းမိရဲ့သူတို့ကို။*

*ခါးတောင်း မဖြုတ်ခင်က*
*မကောင်းအယုတ်နော် ကြမ္မာ မွှေလို့*
*ခမျာတတွေ မရဏာမြေလား ရှာရ*
*အားမဲ့လူ့ဗိုလ်။*

*မျိုးအခြေ ရိုးရာက ပတ်ခွဲတဲ့*
*ဆိုးမွေကို ကြိုးကာဆပ်မယ်တဲ့*
*ဓားချုပ်ကာ တမန်တင်းပါလို့*





*ရန်မင်းကိုတဲ့ သူတို့ဖြို*
*ရွှေဘိုရဲ့နေမျိုး။*

*ရောင်ပျို့ကာနီ*
*အောင်မြို့ အတန်သီမှ*
*အောင်စစ်ချီ အောင်တပ်ဦးမှာလ*
*ဘီလူးကောင် သဘက်သင်း တွေက*
*ကိုယ့်ဗိုလ်ကို ကိုယ်ပြန်ညှဉ်း သော်ကြောင့်*
*မြတ်ဆံရှင် ခြေတော်ရင်းမှာ*
*စင်းဝပ် ရှိကျိုး။*

*၂၂-၁၁-၁၉၄၇*

လွတ်လပ်ခါနီးတွင်မှ မသမာသူတို့၏ လက်ချက်ဖြင့် အသက်စွန့်လွှတ်ခဲ့ ကြရသော အာဇာနည်များကို ပြန်လည်သတိရအောက်မေ့လွမ်းဆွတ်ကာ အတိတ်က ဖြစ်ရပ်ကို ပြန်လည်ဖော်ကျူးဖွဲ့ဆိုသည့်ကဗျာဖြစ်သည်။ ဤကဗျာတွင် အဘ၏ လွမ်းဆွတ်သတိရခြင်းသည် အများထက် ပိုလေမည်လားမဆိုနိုင်။ အကြောင်းကား ဤသို့တည်း။

စာပေဝါသနာပါစအခါ ဆရာ ဦးဘချို(ဒီးဒုတ်)ကို အဘအငယ်မှ ကြည်ညို ခဲ့ရသည်။ အဘက ဒီးဒုတ်ဂျာနယ်သို့ ကဗျာရေးစမ်း၍ မဝံ့တဝံ့နှင့်ပို့သည်။ ၁၉၂၆ ခုနှစ် တွင် စတင်လက်ခံပုံနှိပ် ဖော်ပြခံရတော့ ဝမ်းသာကျေးဇူးတင်ခဲ့ရသည်။ ခေတ်စမ်း ခေတ်အစ ရှေးရိုးသမားအချို့က ခေတ်စမ်းကဗျာရှင်များကို ဝေဖန်ထိုးနှက်ကြသည်။ သည်လို အချိန်မျိုးတွင် ပင်းယဆောင် သဟာရနှင့် စာဖတ်အသင်းဟောပြောပွဲတစ်ခု၌ ဆရာက ခေတ်စမ်းကဗျာအကြောင်းဟောသည်။ အဘကို **Born Poet** ဟု ထုတ်ဖော် ချီးမွမ်းသည်။ မြန်မာပျို့လင်္ကာတို့ကို တတ်သိကျွမ်းကျင်သည့် ဆရာလိုပုဂ္ဂိုလ်မျိုးက ချီးမွမ်းတော့ မျက်နှာပူပူနှင့် အဘဝမ်းသာပီတိဖြစ်ရပြန်သည်။ ဤသို့ဖြင့် ဆရာနှင့် တဖြည်းဖြည်းချင်း စာပေကြောင့် ပိုမိုထိတွေ့ရင်းနှီးခွင့်ရသည်။ နောက်ဆုံး တွေ့ခြင်း ကား ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့ ဖြစ်သည်။ ဆရာ ဦးခင်ဇော်(ကေ)၊ ဆရာ ဦးထင်ဖတ် (မောင်ထင်)တို့နှင့်အတူ စာပေကိစ္စတစ်ရပ်ကြောင့် အတွင်းဝန်များရုံးသို့ ရောက်သွားသည်။ တိုင်းပြည်ပြုလွှတ်တော် ဝရန်တာရှေ့တွင် ဆရာ(ဦးဘချို)နှင့် ဗိုလ်ချုပ်(အောင်ဆန်း)တို့ကိုတွေ့၍ စကားဝင်ပြောကြသည်။ တစ်ချိန်တွင် ဆရာက "ဆရာတို့လည်း နိုင်ငံရေးကထွက်ပြီး ပညာရေးတို့၊ ယဉ်ကျေးမှုတို့ကို လိုက်စားချင် ပါတယ်"ဟု၍ အဘတို့ဘက်သို့လက်ညှိုးညွှန်ပြီး နှုတ်ဖြင့်ထွက်စာတင်ဖူးသည်။ ဗိုလ်ချုပ်က လက်ကာပြပြီး "ကျွန်တော်လည်း နိုင်ငံရေးကထွက်မှာပါပဲဆရာ ထွက်ပြီး တော့ စာရေးမယ်ကြံတယ်။ ကျောင်းမှာနေတုန်းက ပါဠိရောမြန်မာစာပါယူခဲ့ တယ်"ဟု



www.burmeseclassic.com

www.burmeseclassic.com






၁၉၄၁ ခုနှစ်၊ ပထမကြိမ်ရုတ် သပြေညို ကဗျာတအုပ်

ပြောရင်း အခြားဘက်စကားရောက်သွားသည်။

ဗိုလ်ချုပ်ကို ဆရာနှင့်အတူ နောက်ဆုံးအကြိမ် တွေ့ခဲ့ရသော်လည်း ပုဂ္ဂိုလ်ရေးအရ အဘသိခဲ့သည်မှာ ထိုစဉ်က ၁၀ နှစ်ပင် ကျော်ခဲ့ပြီ။ ဗိုလ်ချုပ် ပဲခူး ဆောင်ကျောင်းသားဘဝ၊ အဘက အဆောင်နည်းပြဖြစ်သည်။ တစ်ဖန် အဘ နိုင်ငံတော်ပညာတော်သင်မှအပြန် တက္ကသိုလ်ပြန်ရောက်သည့်အခါ ဗိုလ်ချုပ်က တက္ကသိုလ်ကျောင်းတိုက်တွင် အဖွဲ့ဝင်လူကြီးတစ်ဦး ဖြစ်နေလေပြီ။ အဘ တက္ကသိုလ် နေအိမ်တွင် သခင်အောင်သိန်းဆိုသူ လာနေသည်။ သခင်အောင်သိန်းကို အကြောင်းပြု၍ သခင်အောင်ဆန်းလည်း ညအိပ်ညနေ နေခဲ့ဖူးသည်။

ဦးအုန်းမောင်ကား အဘ "သပြေညို"ရေးစဉ်ကာလ၊ ဟာဒင်ရွာ စိန့်ဗိုင်းနီးယဲတွင် အတူနေစာကြည့်နေသူဖြစ်သည်။ အောက္ကစဖို့ဒ် ပညာတော်သင် ကာလ၊ အဘနှင့် နိုင်ငံရေး ဆွေးနွေးဖက်ဆွေးနွေးဖော်၊ မျိုးချစ်စိတ်ထက်သန်သူတစ်ဦး






ဖြစ်သည်။ အလွန် ခင်မင်ရင်းနှီးကြသည်။ လွတ်လပ်ရေးအကြို ကဗျာရေးစဉ် အတူရှိနေခဲ့သည့် မိတ်ဆွေ၊ လွတ်လပ်ရေးကို မျက်မှောက်ပြုမသွားရရှာသည့်အတွက် အဘ တစ်မျိုး လွမ်းဆွတ်သတိရမိမည်မှာ မလွဲပေ။


ဤနေရာတွင် ဒီးဒုတ်ပါ ဆောင်းပါးတတိယပိုဒ်က ကဗျာနှင့်ထပ်တူနီးပါး သဘောဆောင်လျက်ရှိသည်ကို ဂရုပြုမိပါသည်။

*'ဤအတွေးမျိုး (လွတ်လပ်တော့မည်၊ ကျွန်တော်တို့ ကံကောင်းလေစွ)တို့ ကျွန်တော်နေ့စဉ်လိုလိုတွေး၍ ပီတိဖြစ်မိသည်။ ပီတိဖြစ်မိသည့်အခါတိုင်း ဝမ်းနည်းချက်တစ်ခုဖြင့် အဆုံးသတ်ရသည်။ ထိုဝမ်းနည်းချက်မှာကား ကျွန်တော်နှင့်ခင်မင်ရင်းနှီးမှုမက ကျွန်တော်ယုံကြည်ကိုးစားသော ဗိုလ်ချုပ်နှင့်ဆရာတို့အပြင် အခြားခေါင်းဆောင်အချို့သည် ခါးတောင်း မဖြုတ်ရသေးခင်၊ ဓားမြှောမချရသေးခင် အသေဆိုးဖြင့် အာဇာနည်ဗိမာန်သို့ ကူးပြောင်းသွား သည်ကို သတိရမိသောအချက်ပင် ဖြစ်ပါသည်"*

အချုပ်အားဖြင့်ဆိုရသော် ဖော်ပြခဲ့သည့် ကဗျာ ၃ ပုဒ်သည် "သပြေညို" သရုပ် ပြည့်လုနီးအချိန်တွင် ပစ္စုပ္ပန်လက်တစ်ကမ်းရှိ လွတ်လပ်ရေးအတွက် ဝမ်းသာပီတိ ဖြစ်ခြင်း၊ လွတ်လပ်ပြီး အနာဂတ်ကာလ တာဝန်နှင့်ဝတ္တရားပိုင်းတို့ကို သတိမူမိခြင်း၊ လွတ်လပ်ရေးရအောင် ဆောင်ကြဉ်းပေးခဲ့ကြသည့် အတိတ်ကာလက ပုဂ္ဂိုလ်တို့ကို ပြန်လည်လွမ်းဆွတ်သတိရခြင်းတို့မှ ရက်ပိုင်းအတွင်း ဆက်တိုက် ပေါ်ထွက်လာသော လွတ်လပ်ရေးနှင့် ဆက်စပ်ကဗျာများ ဖြစ်ကြပါသည်။




၁၉၆၃ ခုနှစ် အဌမအကြိမ်ထုတ်
သပြေညို ကဗျာတအုပ်




၁၉၄၇ ခုနှစ် ဒုတိယကြိမ်ထုတ်
သပြေညို ကဗျာတအုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးလင်း

# အဘ၏ဆရာ
# မြန်မာပညာရှိ ဆရာကြီးဦးလင်း
## (၁၂၇၇ - ၁၃၁၆)°

ဆရာကြီးဦးလင်းသည် ပါဠိကျမ်းဂန်ကို အထူးတတ်ကျွမ်းသောပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့် ဗြိတိသျှအစိုးရသည် ဆရာကြီး၏ဉာဏ်ပညာကို အသိအမှတ်ပြုသည့်အနေဖြင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ (A.M.P) ကို တစ်ချိန်က ချီးမြှင့်ခဲ့သည်။ ပါဠိကျမ်းဂန်သာမက ဆရာကြီးသည် မြန်မာစာပေဘက်တွင်လည်း အထူးတတ်ကျွမ်းစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည့်အလျောက် ရန်ကုန်တက္ကသိုလ်မှ ဆရာကြီးအား မဟာဝိဇ္ဇာဘွဲ့၊ စာပေပါရဂူဘွဲ့ (D.Litt) တို့ကိုလည်း ချီးမြှင့်ခဲ့သည်။ ဆရာကြီးသည် ပုဂ္ဂိုလ်ကိုလက်ရာစာပေတို့ကို သင်ကြားပို့ချရာ၌လည်း တိတိကျကျပြတ်ပြတ်သားသားရှိလှသည်။ ဤကဲ့သို့သော ပညာရှင်ကြီးထံတွင် တက္ကသိုလ်ကျောင်းသားဘဝ ၆ နှစ်တာကာလမျှ ပညာသင်ယူခွင့်ရရှိခဲ့သည့်အဘအတွက် များစွာအကျိုးကျေးဇူးရှိခဲ့ပါသည်။ မန္တလေးမြို့ တောင်ပြင်၊ မဟာနွယ်စင်ရပ်ဖွား ဆရာကြီး၏ မိဘနှစ်ပါးမှာ ဦးစံလှနှင့်ဒေါ်တုတ်တို့ဖြစ်ပါသည်။ မိခင်ဒေါ်တုတ်မှာ ရွှေဘိုမင်းအဆက်အနွယ် ဖြစ်သည်။ ငယ်စဉ် ကျောင်းသားဘဝကပင် ဆရာကြီးသည် မန္တလေးသာသနာပိုင် မိုးထားဆရာတော်ကြီးထံ၌ ပါဠိသင်ရိုးကုန်အောင် သင်ကြားခဲ့သည်။ ဆယ်နှစ်သားအရွယ်တွင် တစ္ဆည်းသဒ္ဒါကြီးကို စတင်သင်ယူသည်။ မှတ်ဉာဏ်ကောင်းပြီး သင်ရိုးစာများကို ထူးချွန်ကျေပွန်စွာ တတ်မြောက်သည်။ ဆရာတော်စာချသည့်အခါ တစ်ခေါက်တည်းနှင့် အထစ်အငေါ့မရှိ ပြန်ဆိုနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ၁၈ နှစ်သားကိုရင်ဘဝမှာပင် ဆရာတော်ကြီး၏ လက်ထောက်စာချအဖြစ် စာဆိုတာဝန်ယူရသည်။ ဆရာတော်ကြီး စာချသည့်အခါ၊ ဆရာတော်က ရှေ့ဦးစွာ ပါဠိတစ်ခွန်း၊ မြန်မာတစ်ခွန်း အနက်ပေးသည်။ စာသင်သားများက စိတ်ထဲမှ လိုက်၍ဆိုကြရသည်။ ဒုတိယအခေါက်တွင် စာဆိုပုဂ္ဂိုလ်က ဆရာတော်ကြီးကဲ့သို့ ဆိုပြရသည်။ တချိန်တွင် ဆရာတော်ကြီးထံ၌ သဒ္ဒတ္ထဘေဒစိန္တာ ကျမ်းငယ်ကို တက်ကြရသည်။ ကိုရင်သုံးလေးရာအကြား စာဆိုကိုရင်လေးစာချရာ၌ ပြတ်ပြတ်သားသားရှိလှသည်။ ထိုအချိန်မှစ၍ စာဆိုကိုရင်သည် ဘေဒစိန္တာကိုရင်လေးဟု မန္တလေးမြို့တွင် အမည်တွင်ခဲ့သည်။ မိုးထားကျောင်းတိုက်ကြီးသည် စည်းကမ်းအလွန်ကြီးသည်။ ထို့ကြောင့် ကျောင်းတွင် ပို့ချမှုမရှိသည့် လောကီစာပေ ဖို့၊ ကဗျာ၊ လင်္ကာ၊ စာနှ၊ စာယဉ်တို့ကို ဆရာသံဃာများမျက်ကွယ်၌သာ အချိန်ရှာ၍ ဆည်းပူးလေ့လာခဲ့ရသည်။ ၁၂၅၈ ခုနှစ်တွင် မိုးထားကျောင်းတိုက်ကြီး၌ပင် ရဟန်းဝတ်သည်၊ ရဟန်း ၅ ဝါရသည် မှစ၍ ဆရာတော်ကြီး၏ ဆုံးမချက်အရ ဂဏဝါစက စာချဆရာသက်သက်အဖြစ် စာပေကျမ်းဂန်များ ပို့ချသတင်းသုံးနေခဲ့သည်။ မန္တလေးမြို့၊ ပရိယတ္တိ သာသနာ့ဟိတအသင်း အကိုးကွယ်ခံစာချဆရာအဖြစ် ရွေးမြှောက်ခံရသည်။ ၁၂၆၅ ခုနှစ်တွင်ကား မန္တလေးမြို့၌ သာသနာပိုင်အရေးကိစ္စရှုပ်ထွေးလာသောကြောင့် ရန်ကုန်မြို့သို့ ဆင်းခဲ့လေသည်။

ရန်ကုန်မြို့တွင် ရဟန်းဘဝဖြင့် ဆက်နေပြီး၊ ရဟန်းရှစ်ဝါရသည့်အခါ လူဝတ်လဲသည်။ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်တွင် ဦးစီးပါဠိဆရာအဖြစ် နှစ်နှစ် လုပ်သည်။ ယင်းနောက် ကဝိမျက်မှန်ပုံနှိပ်တိုက်သို့ ပြောင်းသည်။ ဦးစီး ပါဠိဆရာကြီး အဖြစ် နှစ်ပေါင်းများစွာ လုပ်သည်။ ဆရာလင်းရောက်ရှိ ဦးစီးပြီး အင်္ဂုတ္တိုရ်ပါဠိတော် ကို ပထမဆုံးအကြိမ် ပုံနှိပ်သည်။ အသက် ၃၀ ကျော်အရွယ်တွင် ၅၅၀ ဇာတ်အဋ္ဌကထာများကို သီဟိုဠ်မူ၊ မြန်မာမူ အမျိုးမျိုးနှင့် တည်းဖြတ်ကြီးကြပ် ပြင်ဆင်ပုံနှိပ်သည်။ အဘိဓာန်ဋီကာနိဿယကိုလည်း ကြီးကြပ်ပြင်ဆင်ပေးခဲ့သည်။

နောက်ပိုင်းတွင် ပညာမင်းကြီးရုံး အယ်ဒီတာဌာနတွင် အလုပ်ဝင်သည်။ ပညာမင်းကြီးရုံး၌ တာဝန်ထမ်းဆောင်စဉ် ဦးရွှေကြူး၂ နှင့် တွဲဖက်၍ သူငယ်တန်းမှ ဆဋ္ဌမတန်းအထိ ဒေါင်းတံဆိပ် မြန်မာဖတ်စာသစ်ကိုပြုစုခဲ့သည်။ ဦးရွှေကြူးနှင့်ပင် တွဲဖက်၍ ခြင်္သေ့တံဆိပ် ဖတ်စာများကိုလည်း ပြုစုသည်။ နောက်ပိုင်းတွင် ပညာဝန် ဦးစံရွှေနှင့် တွဲဖက်၍ လင်းယုန်တံဆိပ် မြန်မာဖတ်စာများကိုလည်း ပြုစုခဲ့သေးသည်။

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဟူ၍ စတင်ပေါ်ပေါက်လာချိန်တွင် တက္ကသိုလ်၌ မြန်မာစာသင်ကြားမှုသည် အလွန်အားနည်းနေသည့်ကာလ ဖြစ်သည်။ ဥပစာတန်းတွင် မြန်မာစာစီစာကုံး သင်ကြားမှုအဆင့်သာ ရှိသေးသည်။ မြန်မာစာ ဌာနဟူ၍ မရှိသေး၊ အရှေ့တိုင်းဘာသာလေ့လာရေးဌာန **(Oriental Studies)** ဟူ၍သာ ရှိသေးသည်။ အဆိုပါဌာနတွင် ဆရာကြီး ဦးဖေမောင်တင်သည် မြန်မာစာ နှင့် ပါဠိဘာသာရပ်ကို တွဲကိုင်ရသည်။ ဆရာကြီး ၁၉၁၂ ခုနှစ်တွင် ပါဠိပါမောက္ခ ရာထူးကိုရရှိခဲ့ပြီး အင်္ဂလိပ်များအကြား၊ ပထမဆုံး မြန်မာလူမျိုးပါမောက္ခ ဖြစ်လာသည်။ ၁၉၂၀ ပြည့်နှစ် အောက္စဖို့ဒ်တက္ကသိုလ်သို့ ဆရာကြီးပညာတော်သင် မသွားမီ ဌာနအတွက် မြန်မာစာဆရာတစ်ဦးတိုးခန့်သည်။ အဆိုပါဆရာမှာ ဆရာပွား ဖြစ်ပါသည်။ ၁၉၂၄ ခုနှစ်တွင် **B.Litt** ဘွဲ့ရပြီး မြန်မာနိုင်ငံသို့ ဆရာကြီးပြန်ရောက် သည်။ အရှေ့တိုင်းဘာသာလေ့လာရေးဌာန၏ ပါမောက္ခဖြစ်လာသည်။ ဆရာကြီး ကြိုးပမ်းအားထုတ်မှုကြောင့်၊ ၁၉၂၅ ခုနှစ်တွင် ဥပစာတန်း၌ မြန်မာစာမသင်မနေရ ဖြစ်လာသည်။ ယင်းကဲ့သို့ဖြစ်ရန် ရှေးဦးစွာ ဆရာပွားအပြင် နောက်ထပ် မြန်မာဆရာ တစ်ဦး ထပ်ခန့်ရန် စီစဉ်သည်။ အဆိုပါ ဆရာနေရာအတွက် ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း)နှင့် ဆရာလင်းတို့ လျှောက်ထားကြသည်။ ဆရာကြီးသည် ဆရာလွန်း ကို ခေါ်တွေ့သည်။ ဆရာလွန်းသည် နိုင်ငံရေးဘက်တွင် ဦးဆောင်မှုရရှိနေပြီဖြစ်သည် တစ်ကြောင်း၊ အမျိုးသားကောလိပ်တွင် ပရော်ဖက်ဆာဆရာလွန်းဟူ၍ ဖြစ်နေပြီ ဖြစ်သည်တစ်ကြောင်းတို့ကြောင့် ဆရာလွန်း အမျိုးသားကောလိပ်တွင် ဆက်နေခြင်း ဖြင့်၊ တိုင်းပြည်ကို ပိုမိုအကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းပြသည်။ ပြီးတော့မှ ဆရာလင်း ကို ၁၉၂၄ ခုနှစ်တွင် မြန်မာစာဆရာအဖြစ် ခန့်သည်။

ဆရာလင်းသည် တပည့်များကိုသာမက၊ ဆရာများကိုပါ ပျို့၊ မော်ကွန်း၊ ကဗျာ၊ စကားပြေအမျိုးမျိုး ပို့ချပေးသည်။ ဆရာတက္ကသိုလ်ရောက်ပြီး တစ်နှစ်အကြာ အိန္ဒိယဘုရင်ခံချုပ်က အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ချီးမြှင့်သည်။ ဆရာကြီးဦးဖေမောင်တင် သည် ဝိဇ္ဇာတန်းတွင်ပါ မြန်မာစာသင်ကြားနိုင်အောင် ဆက်လက်ကြိုးပမ်းအားထုတ် သည်။ ၁၉၂၆ ခုနှစ်တွင် ပုဂံဝန်ထောက် ဦးတင်ဒ ကို ခေါ်ယူခန့်ထား၍ ဌာန အားဖြည့်သည်။ ဆရာကြီးသည် မြန်မာစာဝိဇ္ဇာဂုဏ်ထူးတန်းဖွင့်နိုင်ရန် ဆက်လက် ကြိုးပမ်းပြန်သည်။ ဦးစိန်တင် (သိပ္ပံမောင်ဝ)သည် ပထမဦးဆုံး မြန်မာစာ ဝိဇ္ဇာဂုဏ်ထူး တန်းကျောင်းသား ဖြစ်လာပြီး ၁၉၂၇ ခုနှစ်တွင် ဂုဏ်ထူးတန်းကို ပထမအဆင့်နှင့် အောင်မြင်ခဲ့သည်။ သင်ကြားပို့ချပေးခဲ့သော ဆရာများမှာ ပါမောက္ခ ဦးဖေမောင်တင်၊ ပုဂံဝန်ထောက် ဦးတင်၊ ဆရာကြီးဦးပွားနှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးလင်းတို့ ဖြစ်ကြသည်။

၁၉၂၉ ခုနှစ် အဘတက္ကသိုလ်သို့ရောက်သည့်အခါ ဆရာလင်း၏ စာပေ သင်ကြားမှုကို ခံယူရရှိသည်။ အဘကျောင်းသားဘဝက လေ့ကျင့်ခန်းစာအုပ် တစ်အုပ်တွင် "ကြုံရသူဝင့်ကယ်"အစချီ ဦးပုည၏လေးချိုးကို စကားပြေပြန်ရေးရသည့် စာပြဆရာက ၅-၂-၃၁ နေ့စွဲဖြင့် အဘ၏စကားပြေအရေးအသားကို ၉ မှတ်ပေး သည်။ ဆရာ့လက်မှတ်ကို လင်းဟု ထင်ရှားစွာထိုးထားသည်ကို မှတ်မှတ်ရရ တွေ့ရ သည်။ စာအုပ်အတွင်းဖုံးပေါ်တွင်ကား အောက်ပါအတိုင်းရေးထားသည်။







www.burmeseclassic.com

www.burmeseclassic.com



Dally jamshedji ဆုတ်ဆိပ်နှင့်မင်းသုဝဏ်



မောင်ဝန်
၄၈၊ ဝိဇ္ဇာအငယ်တန်း
၁၃၆၊ ပဲခူးကျောင်းဆောင်
တက္ကသိုလ်ကျောင်းတိုက်၊ ရန်ကုန်မြို့။
၁၂၉၂ ခု၊ တပို့တွဲလဆန်း (၄) ရက်နေ့၊
ကွမ်းခြံကုန်းမြို့။
တောင်ဘက်ရပ်။

ရန်ကုန်တက္ကသိုလ်နှင့်စပ်လျဉ်းသော အင်္ဂလိပ်အခေါ်များကို မြန်မာပြန်ရန် ၁၂၉၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်နေ့ ၄ နာရီခွဲခန့်အချိန်တွင် ပြည်လမ်း တက္ကသိုလ်ကျောင်းတိုက်ကြီး (ယူနီဗာစတီကောလိပ်) ပင်းယကျောင်းဆောင်ဆရာ များအခန်းတွင် အစည်းဝေးကျင်းပသည်။ ပါမောက္ခဆရာကြီး ဦးဘေ(ဖေ)မောင်တင်၊ အုဒသန်ကျောင်းတိုက် ဆရာဦးထွန်းဘေ၊ ဝန်လုံတော်ရ ဦးသိန်းမောင်၊ အဂ္ဂမဟာ ပဏ္ဍိတဆရာလင်း၊ ဆရာပွား၊ ကဝိမျက်မှန်ဆရာဝ၊ ပြည်ကြီးမဏ္ဍိုင် ပါဠိဆရာညွန့်၊ သစ္စဝါဒီ သတင်းစာတိုက်ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း)၊ စာတော်ပြန်ဌာန စာရေး ကြီး ဆရာရိပ်၊ တက္ကသိုလ်ကျောင်းတိုက်ကြီး ပါဠိကထိက မစ္စတာကာစင်၊ ဦးလူဘေ ထင်း ဆရာဝန်ကြီး ကာနယ်လက်၊ တက္ကသိုလ်ကျောင်းတိုက်ကြီး ဘာသာပြန်နည်းပြ ဆရာ၊ (ဂန္ထလောက တည်းဖြတ်သူ) ဦးဘသောင်းနှင့် မြန်မာ့အလင်းဦးစိန်တို့ တက် ရောက်၍ အောက်ပါအတိုင်း အင်္ဂလိပ်အခေါ်ဝေါ်များကို မြန်မာဘာသာပြန် ကြသည်။

**University** တက္ကသိုလ်၊ **College** ကျောင်းတိုက်၊ **Hall (Hostel)** ကျောင်းဆောင်၊ **Laboratory** ဓာတ်စမ်းရုံ၊ **Convocation** ဘွဲ့နှင်းသဘင်၊ **Senate** ပါမောက္ခအဖွဲ့၊ **B.A** ဝိဇ္ဇာဘွဲ့ရ၊ **B.Sc** သိပ္ပံဘွဲ့ရ၊ **Warden** အဆောင်မှူး **M.B.B.S** ဆေးပညာဘွဲ့ရ၊ **Professor** ပါမောက္ခဆရာကြီး၊ **Lecturer** ကထိကဆရာ၊ **Tutor** နည်းပြဆရာ၊ **Principal** ကျောင်းအုပ်ကြီး၊ **Doctor** ပါရဂူ၊ **Reader** တချဆရာ၊ **Chemistry** ဓာတုဗေဒ၊ **Botany** ရုက္ခဗေဒ၊ **Engineering** စက်မှုဗေဒ၊ **Civil Engineering** ရဋ္ဌကမ္မန္တဗေဒ၊ **Medical Engineering** ဆေးကမ္မန္တဗေဒ၊ **Forensic Medicine** ရုံးမှုဆိုင်ရာ ဆေးပညာ။

ယခင်က ဂန္ထလောကမဂ္ဂဇင်းတွင် **Science** ကို ဝိဇ္ဇာဟုပြန်၍ **Arts** ကို သိပ္ပံဟု ပြန်ခဲ့ရာ၊ အကြောင်းမျိုးစုံကို စဉ်းစားပြီး ရှေ့နောက်ပြောင်း၍ **Science** ကို သိပ္ပံ၊ **Arts** ကို ဝိဇ္ဇာဟူ၍ စတင်ခေါ်ဝေါ်ကြသည်။

ရှေးတစ်ချိန်က ရန်ကုန်ကောလိပ်တွင် ဗုဒ္ဓဘာသာအသင်းရှိခဲ့သည်။ ၁၉၃၃ သို့ရောက်သောအခါ ယင်းအသင်းကိုချဲ့ထွင်၍ ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာ အသင်းကြီးကို တည်ထောင်သည်။ ထိုအခါ တက္ကသိုလ်ဆိုရာတွင်၊ ရန်ကုန်ကောလိပ်၊

www.burmeseclassic.com

www.burmeseclassic.com



ယုဒသန်ကောလိပ်၊ ဘီအိုစီကောလိပ်၊ ဆရာအတတ်သင်ကောလိပ်၊ မန္တလေး ဥပစာ ကောလိပ်၊ စိုက်ပျိုးရေးကောလိပ်တို့ပါဝင်သော အစုအဝေးဖြစ်သည်။ မတ်လတွင် တက္ကသိုလ်မွေ့ရုံတည်ဆောက်ရန် အုတ်မြစ်ချသည်။ အုတ်မြစ်ချပွဲ အတ္ထုပ္ပတ္တိစာတမ်း တွင် ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီး နာယကများ၊ ကော်မတီများ စာရင်း၌ ဒုတိယဥက္ကဋ္ဌများမှာ (၁) ဆရာကြီး ဦးပွား (၂) အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်း တို့ဖြစ်ကြပြီး၊ အကျိုးဆောင်နှစ်ဦးမှာ မောင်သန့်တင်နှင့် မောင်ဝန်တို့ဖြစ်ကြရာ၊ ဆရာ တပည့်နှစ်ဦး ဘာသာရေးကိစ္စတွင် အတူလက်တွဲဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရသည်။

ဆရာကြီး ဦးဖေမောင်တင်၊ ဆရာလင်း၊ ဆရာပွား စသော ဆရာကြီးများ၏ သင်ကြားပို့ချပေးမှုကြောင့်၊ ၁၉၃၃ ခုနှစ်တွင် မြန်မာဝိဇ္ဇာဂုဏ်ထူးတန်းကို အဘသည် ပထမဆင့်နှင့် အောင်သည်။ **Dally Jamshedji** ဦး ဆုတံဆိပ်ချီးမြှင့်ခြင်း ခံရသည်။ ဘွဲ့ရပြီး တက္ကသိုလ်ကျောင်းတိုက်တွင် အဘသည် အချိန်ပိုင်းနည်းပြဆရာ ဝင်လုပ်ရင်း မဟာဝိဇ္ဇာ ဆက်တက်သည်။ ၁၉၃၆ ခုနှစ်တွင် အောက္ကစဖို့ဒ်တက္ကသိုလ် ပညာသင် ဆုရသည်။ ၁၉၃၉ ခုနှစ်တွင် စာပေဝိဇ္ဇာဘွဲ့ **(B.Litt)** ကို ရရှိခဲ့ပြီး မြန်မာနိုင်ငံသို့ စက်တင်ဘာလ ၅ ရက်နေ့တွင် ပြန်ရောက်သည်။ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကဘာသာရပ်များ၊ လေ့လာရေးကျောင်း **(School of Oriental and African Studies)**တွင် အဘိဓာန်ပြုစုရေးပညာ **(Lexicography)**ကိုလည်း တစ်နှစ်ကြာ စာတွေ့၊ လက်တွေ့ **Dr.J.A. Stewart** ထံ၌ လေ့လာဆည်းပူးခဲ့သည်။ အောက်တိုဘာလ ၁ ရက်နေ့တွင် အရှေ့တိုင်းဘာသာရပ်များဌာန၌ မြန်မာစာလက်ထောက် ကထိကအဖြစ် စတင်အမှုထမ်းသည်။ ဆရာဟောင်းဖြစ်သူ ဆရာလင်းနှင့် ပြန်လည် ဆုံစည်းသည်။ ၁၉၄၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့၊ ရန်ကုန်တက္ကသိုလ်အရှေ့တိုင်း ဘာသာရပ်များလေ့လာရေးဌာန၏ အစည်းအဝေးမှတ်တမ်းတွင် မြန်မာစာဘုတ်အဖွဲ့ အစည်းအဝေးသို့ မတ်လ ၇ ရက်၊ ၁၁ ရက်နှင့် ၁၈ ရက်နေ့ အစည်းအဝေး တက်ရောက်သူများစာရင်း၌ ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၊ G.H. Luce တို့နှင့် အတူ ဆရာလင်း A.M.P ၊ ဦးဝန်တို့ပါ တက်ရောက်ကြကြောင်း အထောက်အထား တွေ့ရှိရပါသည်။ ၁၉၄၁ ခုနှစ်သို့ရောက်ရှိသောအခါ မြန်မာစာဌာနဟူ၍ သီးခြား ဖြစ်ပေါ်လာပါသည်။ စစ်ကြီးအတွင်း တက္ကသိုလ်များပိတ်လိုက်ရသည့်အခါ အဘ သည် ပညာရေးဌာနလက်အောက် စာပေနှင့် စာကြည့်တိုက်ဌာနစိတ် **Bureau of Literature and Library** တွင် လက်ထောက်ညွှန်ကြားရေးတာဝန် ထမ်းဆောင် သည်။ ဆရာဦးသိန်းဟန် (ဇော်ဂျီ)က ဒုတိယညွှန်ကြားရေးဝန် ဖြစ်ပါသည်။ ရုံးတည်ရာ အရပ်မှာ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ၊ ရာဟုထောင့်၊ အမှတ် ၇၃ ကာလ ကတ္တားအသင်းဇရပ်၊ ဗမာနိုင်ငံအစိုးရ ပညာရေးဌာန၊ ရန်ကုန်နေပြည်တော် ဖြစ်ပါသည်။





၁၉၄၃ ခုနှစ်တွင် အစိုးရ၏အကူအညီဖြင့် မြန်မာနိုင်ငံပညာတံခွန် အသင်း ပေါ်ပေါက်လာသည်။ အသင်းတွင် ပညာစွယ်စုံဌာနနှင့် အဘိဓာန်ဌာနဟူ၍ ဌာနနှစ်ခုရှိပြီး အဘက စာတည်းအဖြစ် အဘိဓာန်ဌာနကို တာဝန်ယူရသည်။ ၁၉၄၄ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် အဘိဓာန်လုပ်ငန်းကို စတင်သည်။ လုပ်ငန်းကို တာစု ပုဂ္ဂိုလ် ၅ ဦးနှင့် စတင်ခဲ့သည်။ ထိုပုဂ္ဂိုလ် ၅ ဦးမှာ ဦးစိန်ဝင်း M.A (Hons)၊ ဦးလင်း A.M.P၊ ဦးကြီးဖေ P.T.G၊ ဦးတင်ရွှေ P.T.G နှင့် ဦးသာတင်(မာဃ)တို့ ဖြစ်ကြပါသည်။ အဘနှင့် ဆရာလင်းတို့ ဆုံကြပြန်ပါသည်။ အဘ၏ ၃-၁-၄၅ ရက်နေ့နှင့် ၄-၁-၄၅ နေ့ နေ့စွဲပါ နေ့စဉ်မှတ်တမ်း နှစ်ခုတွင်လည်း အောက်ပါအတိုင်း ရေးမှတ်ထားသည်ကိုလည်း တွေ့ရပါသည်။

(၃-၁-၄၅)

နေပြည်တော်မှ သမ္ဘာန်စီး၍ပြန်ခဲ့သည်။ လမ်းတွင်ရေတက်မိ၍ အတော် ပင်ပင်ပန်းပန်းခတ်ရသည်။ တာဝတွင်ဆင်း၍ ကားကြုံနှင့် တွံတေးသို့လိုက်သည်။

(၄-၁-၄၅)

လမ်းတွင် နေပူမိ၍ နေမကောင်းသဖြင့် ရုံးမတက်၊ အိမ်တွင် ဆရာလင်း စုသော သံဝရနှင့် ကိုးခန်းမှ စကားစုကို လေ့လာစစ်ဆေးသည်။ ပသျှူးနိုင်ငံ အကြောင်းစာအုပ်ကို ဖတ်သည်။

မူလရုံးတည်ရာအရပ်မှာ ရန်ကုန်ဖြစ်သော်လည်း နောက်ပိုင်း စစ်ဘေး စစ်ဒဏ်ကင်းဝေးရာ ကွမ်းခြံကုန်းမြို့သို့ ပြောင်းရွှေ့ခဲ့ကြရသည်။ သို့တိုင်အောင် စစ်အန္တရာယ် တစ်နေ့တစ်ခြားများပြားလာ၍ ၁၉၄၅ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် အဘိဓာန်လုပ်ငန်းကို ရပ်ဆိုင်းလိုက်ကြရသည်။ ဂျပန်များ မြန်မာနိုင်ငံမှ ပြန်လည် ထွက်ခွာသွားပြီး ဗြိတိသျှများပြန်ရောက်၍ အုပ်ချုပ်ရေး ပြန်လည်လုပ်ဆောင်သည့် အခါ မေလမှ ဇူလိုင်လလယ်အထိ ၂ လခန့် ကွမ်းခြံကုန်းမြို့နယ် မြောက်ပိုင်း မြို့ပိုင် တာဝန်ကို အဘ ခေတ္တယူရသည်။ မဂိုလမ်း အရှေ့ပေါ်တက္ကသိုလ် (ပလာတာ ကောလိပ်) ဖွင့်သောအခါ ၆-၈-၄၅ နေ့တွင် မြန်မာစာလက်ထောက်ကထိကအဖြစ် အဘ အလုပ်ဝင်သည်။ တက္ကသိုလ်များ ပုံမှန်ပြန်လည်ဖွင့်လှစ်သည့်အခါ ၁၉၄၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ကထိကရာထူးကို ရရှိသည်။ ဆရာလင်းနှင့် ဆုံပြန် သည်။ ဆရာသည် တက္ကသိုလ်၌ စာပေပို့ချစဉ် ကဝိမျက်မှန်မဂ္ဂဇင်းပေါ် ထွက်လာရာ အမျိုး၊ ဘာသာ၊ သာသနာ၊ အခန်းကို တာဝန်ယူ၍ရေးသည်။ ထို့အပြင် သစ္စာဝါဒီ သတင်းစာသို့ သာသနာရေးသတင်းများ ရေးသားပေးပို့သည်။ ၁၉၃၀ ခုနှစ်၊ ရွှေတိဂုံ စေတီတော် စိန်ဖူးတော်နှင့် ငှက်မြတ်နားတိမ်းစောင်းသွားသဖြင့် အသစ်မွမ်းမံဆောင် ပြီး ပြန်လည်တင်ဆက်သည့် အခမ်းအနား၌ ငှက်မြတ်နားနှင့် စိန်ဖူးတင်လှူပွဲကြီး ကို သီကုံးစပ်ဆိုခဲ့သည်။

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာဌာန ကျောက်စာခန်း၌ မြန်မာစာညွှန်းအဖွဲ့အစည်းအဝေးပြုလုပ်သည်။ ပါမောက္ခ၊ ဆရာလင်း၊ ဦးတိုးအောင်၊ (ကုသ) ဦးချမ်းမြ (မြကေတု)တို့နှင့်အတူ အဘလည်း အစည်းအဝေးတက်ရောက်သည်။ ဂုဏ်ထူးတန်းတွင် ဝေါဟာရဋ္ဌပကာသနီကို ပြဋ္ဌာန်းရန် အဘက အဆိုပြုထားသည်။ အစည်းအဝေးတွင် ဌာနအကြီးအကဲက ဥပစာစိတ်ကြိုက်မြန်မာစာအတွက် ဗဟုသုတရရန် ယင်းကျမ်းကို အဆိုသွင်းသည်။ သဒ္ဒါရေးများဖြစ်၍ ခက်လွန်းကြောင်း အဘက တင်ပြသည်။ ဒုတိယအတွဲခက်လျှင် ပထမတွဲကို ပြဋ္ဌာန်းမည်ဟု ဌာနအကြီးအကဲကပြောရာ ဒုတိယတွဲထက် ပထမတွဲက ပို၍ခက်ကြောင်း အဘက ထပ်မံတင်ပြသည်။ ဆရာလင်းက ဝင်၍ "မောင်ဝန် ပြောတာဟုတ်တယ်၊ ကျောင်းသားငယ်များ လိုက်နိုင်မယ်မဟုတ်၊ ဘူရိပညာဆိုသော စကားက ဘုရားဖြစ်လာတယ်လို့ ပြောတယ်" စသည်ဖြင့် ပြောကာ ဝင်ရောက်ဖြေပေးခဲ့သည်။ ဂုဏ်ထူးတန်းအတွက်ပြဋ္ဌာန်းရန်စာအုပ်များ စီစဉ်ခိုင်း၍ အဘ စီစဉ်ပေးသည်။ အဘတင်ပြသောစာအုပ်စာရင်းကို အကြောင်းအမျိုးမျိုးကြောင့် မသင့်လျော်ဟုပြော၍ လူကြီးကပယ်သည်။ အဘကလည်း မည်သည့်အကြောင်းများကြောင့် ရွေးချယ်ခဲ့သည်ဆိုသည်ကို တာဝန်ရှိ၍ ပြန်လည်ရှင်းလင်းတင်ပြသည်။ ဆရာလင်းက အလယ်မှပြောသည်။ ကျန်နှစ်ဦးအနက် တစ်ဦးက ပါမောက္ခဘက်၊ တစ်ဦးက ခပ်မဆိတ်နေသည်။ အဘလည်း နောက်ဆုံးတွင် "ဂုဏ်ထူးတန်းအတွက် စီစဉ်ပေးရမည်ဆို၍ ကျွန်တော်စဉ်းစားကာ စီစဉ်ပေးသည်။ မကြိုက်လျှင်မယူပါနှင့်" ဟု ပြောကာ လျှော့ပေးလိုက်သည်။

အစည်းအဝေးတွင် ဆက်၍ အတန်းထဲတွင် မသိတာရှိက ဆရာအနေဖြင့် မသိဘူးဟု မပြောရန် ဌာနအကြီးအကဲက ပြောသည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ အဘကို ယခင်ကတစ်ကြိမ်ပြောခဲ့ဖူးသည်။ ထို့ကြောင့် အဘလည်း သူနှင့်ပတ်သက်နေ၍ မနေသာသဖြင့် သူ့အနေဖြင့် မသိတာရှိလျှင် မသိဘူးဟုဝန်ခံပါသည်။ သိဟန်ဆောင် မပြောလိုပါကြောင်း တင်ပြသည်။ မသိတာရှိရင် မေးရမည်ဟု ပြန်ပြောရာ၊ သူ့အနေဖြင့် မသိသည်ကို မေးခဲ့ဖူးပါကြောင်း၊ ဆရာလင်းကိုသက်သေထူ၍ ဖြေရှင်းသည်။ မသိတာကို မသိဘူးဟု သုံးကြိမ်ထက်ပို၍ မပြောရန်၊ ဌာနအကြီးကဲက ပြောပြန်သည်။ "မသိတာကို ဆရာကြီးများထံမေးပါမည်။ ထိုသည့်တိုင်မသိလျှင် အတန်းထဲ၌ ဝန်ခံရန်မှာ မိမိတာဝန်ထင်ကြောင်း မိမိခံယူချက်ကို မစွန့်နိုင်ပါကြောင်း၊ ထို့ကြောင့် ဌာနကို ထိခိုက်သည်ဟုထင်လျှင် အရေးယူပါ။ စိတ်မဆိုးပါ" ဟု အဘက ပြန်လည်တင်ပြသည်။ တစ်ခုပြီးတော့ နောက်ပြဿနာတစ်ခု ဆက်ပြန်၍ အဘ ဖြေရှင်းရပြန်သည်။ ဤသို့ဖြင့် နောက်ဆုံးတွင် ဆရာလင်းက "မောင် . . . က မောင်ဝန် ကောင်းဖို့ ပြောတာ အင်မတန်ကောင်းပါတယ်။ မောင်ဝန်ကလဲ ကြီးစားလို့မှမဖြစ်နိုင်တဲ့အဆုံးမှာ မသိတာကို မသိဘူးလို့ဝန်ခံမယ်ဆိုတာလဲ သင့်လျော်တာပါပဲ" ဟု ပြောကာ ဝင်ရောက်ဖြေပေးလိုက်မှ အစည်းအဝေးပြီးတော့သည်။ အစည်းအဝေးအပြီး ဆရာလင်းကို





အဘ တောင်းပန်စကားပြောသည်။ နောက်တစ်နေ့ ဌာနအကြီးအကဲထံမှ အဘ စာတစ်စောင်ရသည်။ စာယူလာသူမှာ ဦးမောင်မောင်ကြီးဖြစ်သည်။ စာမှာ -

*U Wun*

*Please prepare a list of Rs 1000/-worth of Burmese books suitable for the Intermediate Reading Classes. I want it on Saturday, the 7th September 1946 positively.*

*Sd.3/9/46*

ဟူ၍ ဖြစ်သည်။

၄-၉-၄၆ နေ့စွဲနှင့် အောက်ပါ အဖွဲ့များမှ ထွက်စာကို အဘတင်သည်။

တက္ကသိုလ်

(၁) မြန်မာစာစစ်ရေးအဖွဲ့

(၂) မြန်မာစာညွှန်းအဖွဲ့

ပညာရေးဌာန

အင်္ဂလိပ်၊ အင်္ဂလိပ်-မြန်မာ ၂ ဘာသာ၊

မြန်မာ ၁၀ တန်း၊ ၉ တန်း စာစစ်ရေး (မြန်မာ) အဖွဲ့။

ဘာကြောင့် ထွက်သည်ဟူသော အကြောင်းကို မပြ။

အားလပ်သည့်အချိန်များ၊ လက်ဖက်ရည်သောက်ချိန်များတွင် ဗဟုသုတ အလို့ငှာ ဆရာကြီးဦးလင်းသည် ဆရာရင်းဖြစ်သော မိုးထားဆရာတော်ကြီး စာချပုံ၊ စံကျောင်းဆရာတော်ကြီး စာချပုံ၊ ဆရာတော် ဦးဗုမ်အကြောင်းတို့ကို စိတ်ရှည်လက်ရှည် အဘအား ပြောပြလေ့ရှိသည်။ တစ်နေ့တွင်လည်း ဆရာလင်းပြောပြချက်ကို အဘမှတ်တမ်း ပြန်ရေးထားသည်ကို တွေ့ရသည်။

၃-၂-၄၇

ဆရာလင်းထံမှ

သညာ - မှတ်၍သိခြင်း၊

ဝိညာဉ် - အထူးသိခြင်း။

ပညာ - ထိုးထွင်း၍သိခြင်း၊

ကလေးငယ်ရွှေတုံးကို တွေ့သောအခါ ပြောင်ပြောင်လက်လက်ကလေး ကစားစရာကောင်းသည်ဟု သာမန်မျှသိခြင်းသည် **သညာသိ**။

လူကြီးကာမူ ရွှေပါကလား၊ အဖိုးတန်သည်ဟု သိခြင်းသည် **ဝိညာဉ်သိ**၊ ပန်းထိမ်ဆရာကမူ ရွှေဟုသိရုံမျှမက ဘယ်နမူးရည်ရှိသည်။ မည်မျှအဖိုးတန်သည်ကို သိခြင်းသည် **ပညာသိ**ဟု ဥပမာပေးသည်။

၁၉၄၈ ခုနှစ်သို့ရောက်သောအခါ ပညာတံခွန်အသင်းသည် အသိမာန် လုပ်ငန်းအရပ်ရပ်ကို တက္ကသိုလ်သို့ လုံးဝလွှဲပြောင်းပေးသည်။ တက္ကသိုလ်အာဏာပိုင်တို့က တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနကို ဇွန်လ ၁ ရက်နေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လှစ်ကာ မြန်မာအဘိဓာန်ပြုစုရေးတာဝန်ကို အဘအားလွှဲအပ်သည်။ ပညာတံခွန်အသင်း အဘိဓာန်ဌာနက ပြုစုထားသော မြန်မာအဘိဓာန်မှာ 'က' အက္ခရာပိုင်းမှ 'င' အက္ခရာ ပိုင်းအလယ်ထိ ပုဒ်ကြီးပေါင်း ၃၅၅၄ တည်းဖြတ်ပြီးရုံမျှမက၊ အတိုင်ပင်ခံစာတည်းများမှလည်း ဝေဖန်ပြင်ဆင်ပြီးဖြစ်သည်။ အဆိုပါ အဘိဓာန်ကို ဌာနအသစ်မှ ဆက်လက်ပြုစုရမည်ဖြစ်၍ ဌာနတာဝန်ကို စတင်ယူသော ဇွန်လ ၁ ရက်နေ့၌ အဘသည် ဌာနလိုအပ်ချက်ဖွဲ့စည်းပုံကို ရန်ကုန်တက္ကသိုလ်အုပ်ချုပ်ရေးအရာရှိထံ တရားဝင်တင်ပြခွင့်ပြုချက် တောင်းခံခဲ့သည်။ အဆိုပါ လိုအပ်ချက်အရ **(၁) အဘိဓာန်ကော်မတီ နှင့် (၂) အတိုင်ပင်ခံ သုခမိန်အဖွဲ့** ဝင်တို့ကို ရွေးချယ်ခန့်ထားရန်ဖြစ်ပါသည်။ အဘိဓာန် ပြုစုမှုနည်းနာကိစ္စအသီးသီးတို့ကို ကော်မတီက ဌာနအား အကြံပေးကူညီ၍တည်းဖြတ်ပြီး အဘိဓာန်ပိုင်းတို့ကို အတိုင်ပင်ခံ သုခမိန်အဖွဲ့က ကြည့်ရှုဝေဖန်ကူညီရန် ဖြစ်ပါသည်။ အဘိဓာန်ကော်မတီကို ဆရာကြီး ဦးဖေမောင်တင်၊ ဒေါက်တာဘဟန် မြန်မာစာပါမောက္ခ စသူတို့က ဦးဆောင်တာဝန်ယူရန်ဖြစ်သည်။ အတိုင်ပင်ခံ သုခမိန်အဖွဲ့တွင် ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း)၊ ဆရာပွား၊ **ဆရာလင်း**၊ ဦးရွှေမြ ICS စသူတို့ ပါဝင်ထမ်းဆောင်ရန်ဖြစ်ပါသည်။ ဆရာလင်းသည် တက္ကသိုလ်တာဝန်ထမ်းဆောင်စဉ် ဆရာကြီး ဦးဖေမောင်တင်၏ **မြန်မာစာပေသမိုင်း** စာအုပ်ပြုစုရေးကို အကူအညီပေးခဲ့သည်။

၁၉၅၁ ခုနှစ်သို့ရောက်သောအခါ နိုင်ငံတော်အစိုးရက ဆရာလင်းကို ဝိဇ္ဇာကတ်ဘာသာပြန်ဌာနတွင် အယ်ဒီတာချုပ်အဖြစ် ဦးစီးစေ၍ ဆဋ္ဌသင်္ဂါယနာတင်ပွဲအတွက် စိုင်းပြင်းပေးရန် မေတ္တာရပ်ခံလာသည်။ ထို့ကြောင့် ဆရာလင်းလည်း ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာကတ်ဘာသာပြန်ဌာနသို့ ပြောင်းရွှေ့၍ ကြိုးပမ်းအမှုထမ်းပြန်သည်။ ယင်းသို့ တာဝန်ထမ်းဆောင်နေစဉ် ဒီဇင်ဘာ ၂၂ ရက်နေ့၌ ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ ချီးမြှင့်ခံရသည်။ တစ်ဖန် ၁၉၅၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် စာပေပါရဂူဘွဲ့ **(D.Litt.)** ဘွဲ့ကို ချီးမြှင့်ခြင်းခံရပြန်သည်။ ဤသို့ဖြင့် မြန်မာစာပေလိုက်စားသူပညာရှင်များ၏ အားကိုးရာ၊ ဆရာတစ်ဆူဖြစ်သော ဆရာကြီး ဦးလင်းသည် ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ နံနက် ၉ နာရီအချိန်ခန့်တွင်၊ ဆရာကြီးသက်ရှိထင်ရှားရှိစဉ်ကပင် ဆရာကြီးကိုအစွဲပြု၍ ပေးထားသော ကမာရွတ်ရပ်ကွက် ပဏ္ဍိတလမ်း၌ အဆုတ်အအေးမိရောဂါဖြင့် ကွယ်လွန်သွားခဲ့ပါသည်။

**ကျမ်းကိုး**


၁။ ထင်ကျော်။ စာဆိုတော်မင်းသုဝဏ်၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း။ ပိတောက်ပွင့်သစ်မဂ္ဂဇင်း။ အမှတ်(၁၃)၊ ၂၀၀၇၊ ဇူလိုင်။

(၂) ဘသောင်း။ ဗိုလ်မှူး။ အဂ္ဂမဟာ ပဏ္ဍိတ ဆရာကြီးဦးလင်း။ စာဆိုတော်များအတ္ထုပ္ပတ္တိ။ ရာပြည့်စာအုပ်တိုက် (၂၀၀၂)။

(၃) ဘသောင်း။ သခင်။ (တည်းဖြတ်)။ အင်္ဂလိပ်အခေါ်များကို မြန်မာပြန်ခြင်း။ ဂန္ထလောက။ ၁၉၃၀ ပြည့်နှစ်၊ အောက်တိုဘာလ။







(၄) မင်းသုဝဏ်။ ဘေဒစိန္တာကိုရင်လေး။ မြဝတီ။ အတွဲ (၃)၊ အမှတ် (၁၁)၊ ၁၉၅၅၊ စက်တင်ဘာ။

(၅) မင်းသုဝဏ်၊ ရန်ကုန်တက္ကသိုလ် မြွှာရုံသမိုင်းအစ။ မြတ်ဆုမွန်၊ အတွဲ (၃)၊ အမှတ် (၁၀)၊ ၁၉၉၁၊ မတ်လ။

(၆) မြတ်စံကျော်။ တက္ကသိုလ် မြန်မာ အဘိဓာန်။ ငွေတာရီ၊ အမှတ်(၂၇)။ ၁၉၆၂ စက်တင်ဘာ။

(၇) မြန်မာအဘိဓာန်။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၀) (မြတ်-ယွန်း) ဘာသာပြန်စာပေအသင်း၊ ၁၉၆၆၊

(၈) လင်း၊ ဦး။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၁၂)၊ (လာ-သနပ်)ဘာသာပြန်စာပေ အသင်း။ ၁၉၇၂။

(၉) ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန နှစ် ၆၀ ပြည့် အထိမ်းအမှတ်စာစောင် (၁၉၄၁-၂၀၀၀)။ ၂၀၀၁

(၁၀) ဝန်၊ ဦး။ စာတည်း၏ နေ့စဉ်မှတ်တမ်း (၁-၁-၄၅ မှ ၂-၉-၄၇)

(၁၁) ဦးဖေမောင်တင်၊ ဆရာကြီး။ တက္ကသိုလ်နှင့် မြန်မာစာပေ။ ရန်ကုန်တက္ကသိုလ် စိန်ရတုစာစောင် (၁၉၂၀- ၁၉၉၅)

(၁၂) University of Rangoon, Board of Examiner in oriental Sudies, Minutes of Meeings, 1st April 1940.

(၁၃) အစည်းအဝေးမှတ်တမ်း။ ပညာတံခွန်အသင်း၊ အဘိဓာန်အဖွဲ့ငယ်။ အစည်းအဝေး အမှတ် - ၁။ မေလ ၁၅ ရက်၊ ၁၉၄၃ ခု။


**မှတ်စု**

(၁) စာဆိုတော်များအတ္ထုပ္ပတ္တိ၌ ဆရာကြီးဦးလင်း ဇာတ်ဂူတွင် အသက်(၈၀) ၁၃၁၆ နတ်တော်လဆန်း (၁၁) ရက် (၆-၁၂-၅၄) နေ့တွင် နိစ္စရောက်ကြောင်းမှတ်တမ်းတင်ထားသည်ကိုထောက်၍ **သက္ကရာဇ် ၁၂၃၆ ခုနှစ်ဖွား** ဖြစ်ကြောင်း သိရသည်ဟု ဆိုထားသည်။

**မြန်မာ့စွယ်စုံကျမ်း** ၌ ဆရာကြီးကို **၁၂၃၇ ခုနှစ် ဝါဆိုလပြည့်ကျော် (၁၃) ရက်ဖွား**ဟု ဆိုထားသည်။ အကယ်၍ မွေးသက္ကရာဇ်ကို ၁၂၃၆ ခုနှစ် အဖြစ်ယူပါက ဆရာကြီးသည် ကွယ်လွန်ချိန်၌ အသက် ၈၀ ပြည့်ပြီး ၄ လ ဖြစ်ပါသည်။ မွေးသက္ကရာဇ်ကို ၁၂၃၇ ခုနှစ်အဖြစ်ယူပါက ဆရာကြီးသည် ကွယ်လွန်ချိန်၌ ၇၉ နှစ်နှစ် ၄ လဖြစ်ပါသည်။

(၂) ဦးရွှေကြူသည် အင်္ဂလိပ်စာတတ်၊ ခေတ်ပညာတတ်၊ ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ တိုင်းပြည်၏ အသိဉာဏ်၊ ပညာဉာဏ်ဖွံ့ဖြိုးတိုးတက်စေလိုသူ တစ်ဦးဖြစ်သည်။ ဖတ်စာသစ်ထုတ်ရန် တီထွင်ကြံဆခဲ့သူဖြစ်ပြီး အရေးအသားကို ဆရာလင်းက တာဝန်ခံပါသည်။

(၃) ပုဂံဝန်ထောက်ဦးတင်သည် ကျန်းမာရေးအခြေအနေကြောင့် တက္ကသိုလ်တွင် တစ်နှစ်သာ လုပ်နိုင်ရှာသည်။

(၄) ဤသို့တက္ကသိုလ်အသုံးအနှုန်းဝေါဟာရများကို မြန်မာမပြန်ခင်က University College ကို **သိပ္ပံကျောင်း** ဟု ရေးသားခေါ်ဝေါ်ကြသည်။ Selection from the Inscrition of Pagan by Pe Maung Tin and G.H Luce (1928) နိဒါန်းအပိုဒ် (၁) တွင် သိပ္ပံကျောင်းဟု ရေးထားသည်ကို တွေ့ရသည်။ **သိပ္ပံကျောင်းသားမောင်မြသွင်** ဆိုသော ဦးစိန်တင်၏ ကာလောင်အမည်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com




ကိုလည်း တွေ့ရသည်။ (ဆရာဦးဝန်၏မှတ်တမ်း)

(၅) Dally Jamshedji ရန်ကုန်တက္ကသိုလ်လက်အောက်ခံ ယုဒသန်ကောလိပ် (Judson College) နှင့် တက္ကသိုလ်ကျောင်းတိုက်(University College)တို့ ဘာသာရပ်တစ်ခုသို့မဟုတ်ဘာသာရပ်အုပ်စုတစ်ခုတွင်အမှတ်အများဆုံး ရသော ကျောင်းသားကိုချီးမြှင့်သည့်ဆုဖြစ်သည်။ ၁၉၂၂ ခုနှစ်မှ ၁၉၃၃ ခုနှစ် (၁၂) နှစ်တာကာလအတွင်း မြန်မာစာဖြင့်ဆုရသူ (၃)ဦး ရှိခဲ့ပါသည်။ ၎င်းတို့ မောင်စိန်တင်(၁၉၂၇)၊မောင်တင်(၁၉၂၈)နှင့်မောင်ဝန်(၁၉၃၃)တို့ဖြစ်ကြပါသည်။

(၆) မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၀) တွင် မြန်မာနိုင်ငံတော် ပညာ့တံခွန်အသင်း ၁၉၄၄ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ အကူအညီဖြင့် တည်ထောင်ခဲ့သည် ဖော်ပြထားပါသည်။ ဆရာကြီးဦးဖေမောင်တင် သဘာပတိပြုလုပ်၍ ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ပညာတံခွန်အသင်း အဘိဓာန် အဖွဲ့ငယ် အစည်း အဝေးအမှတ် ၁- မှတ်တမ်းအရ အသင်းကို ၁၉၄၃ ခုနှစ် မေလ ၅ ရက်နေ့တွင် ဖွဲ့စည်းပြီးဖြစ်နေကြောင်း မှတ်သားတွေ့ရှိရသည်။

# ဆရာဦးဘချို၏

# စေတနာ



ဆရာကြီး ဦးဖေမောင်တင်သည်၊ ဂန္ထလောကမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်းတို့၌ သူ၏တပည့်များ ရေးသားကြသော ကဗျာ၊ စကားပြေတို့ကိုစုစည်း၍ ခေတ်စမ်းကဗျာများ၊ ခေတ်စမ်းပုံပြင်များစသည်ဖြင့်ခေတ်စမ်းစာပေကျမ်းစဉ်အဖြစ်အတွဲများ ခွဲ၍တည်းဖြတ်ထုတ်ဝေခဲ့ဖူးသည်။ မိမိတပည့်များ၏ အရေးအသားသည် အခြားသူများ၏ အရေးအသားထက် ကောင်းမွန်သည်ဟုမဆိုလို။ တပည့်များ၏အကြောင်းကို သေချာစွာသိပြီးဖြစ်သောကြောင့်သာအလွယ်တကူရွေးချယ်၍ စာအုပ်ထုတ်ဝေရခြင်း ဖြစ်ကြောင်းကို နိဒါန်းပျိုးခဲ့သည်။

ဆရာကြီးက မည်သို့ပင်ဆိုစေကာမူ ခေတ်စမ်းသမားများ၏အရေးအသားတို မလိုလားသောပုဂ္ဂိုလ်အချို့တို့က သတင်းစာများမှ ဝေဖန်တိုက်ခိုက်မှုများ ပြုလာကြသည်။ အထူးသဖြင့်အဆိုပါ တိုက်ခိုက်မှုများကမောင်စိန်တင်(သိပ္ပံမောင်ဝ) မောင်သိန်းဟန်(ဇော်ဂျီ)၊ မောင်ဝန်(မင်းသုဝဏ်)တို့ကို ဦးတည်သည်။ တက္ကသိုလ်ပြင်ပတွင် ခေတ်စမ်းစာပေကိုပြစ်တင်ရှုတ်ချနေချိန်၊ ပင်းယကျောင်းဆောင်သဟာယနှင့် စာဖတ်အသင်းက ဆရာကြီး ဦးဘချိုကိုဖိတ်ကြား၍ ညဦးဟောပြောပွဲတခုပြုလုပ်သည်။ ထိုနေ့က ဆရာကြီးဟောပြောချက်ကို အဘ နှင့်ဦးထင်ဖတ်(မောင်ထင်)တို့တကျောင်းသားများအကြားတွင် ထိုင်၍နာယူသည်။ခေတ်စမ်းစာပေအကြောင်း ဟောပြောသောအခါ အဘကို **Born Poet** ဟုဆရာကြီးက ချီးမွမ်းသည်။ "ကျွန်တော့်အကြောင်းကိုပြောသောအခါ ကျွန်တော်သဘောကျသည်ဟု ထုတ်ဖော်ဝန်ခံနိုင်ရသော်လည်း အလွန်မျက်နှာပူ အနေရခက်သွားပါသည်"ဟု အဘက သူ၏ ခံစားချက်ကိုရေးသားဖော်ပြဖူးပါသည်။ ထိုစဉ်အခါက ဆရာကြီးကို အဘစကား မပြောဖူးသေးပါ။ အဝေးမှသာ လေးစားကြည်ညိုသည့်၊ အတုယူနေရသည့်အချိန် ဖြစ်ပါသည်။

www.burmeseclassic.com



ဆရာကြီးကဲ့သို့ လူအများကြည်ညိုသည့် စွယ်စုံပုဂ္ဂိုလ်က ချီးမွမ်းပြောဆိုသောအခါ ခေတ်စမ်းသမားများ ဝမ်းသာအားတက်ကြရသည်။ အဘဆရာမှတ်ကြီးကျောင်း (စိန်ဂွန်းကျောင်း)သားဘဝက ရှေးရိုးအတိုင်းတေးထပ်တစ်ပိုဒ်ကိုရေးစပ်၍ ဆရာကြီး၏ ဒီးဒုတ်ဂျာနယ်သို့ ကလောင်စမ်းသည့်အနေဖြင့် ပို့ဖူးသည်။ ထိုကဗျာ ရွေးချယ်ပုံနှိပ်ဖော်ပြခံရသည်။ ဆရာကြီးသည် လူငယ်စာပေသမားတစ်ဦးကို မြေတောင်မြှောက်အားပေးခြင်းဖြစ်သည်။ ထိုစဉ်က အဘအလွန်ဝမ်းသာကြည်နူး အားတက်ခဲ့ရသည်။

ဆရာဦးဘချို၏ ဖခင်မှာတိုင်းရင်းမြန်မာသမားတော်ကြီးဦးဘိုစာဖြစ်ပြီး မိခင်မှာဒေါ်မြစ်ဖြစ်သည်။ မိခင်ကြီး၏ အဖွားဒေါ်လုံ၏အဘိုးသည် ရာဇာဓိရာဇ်မင်းလက်ထက် မြောင်းမြမြို့ကိုအုပ်ချုပ်ရသောမွန်အမတ်ကြီး ဒေါကွန်တယိုဖြစ်သည်။ ငယ်စဉ်ကပင် စာတော်သူတဦးဖြစ်သည့်အလျောက် ဆရာဦးမောင်မောင်ကျောင်းမှ ခုနှစ်တန်းကိုလည်းကောင်း၊ စိန်ပေါ်ကျောင်းမှ ဆယ်တန်းကိုလည်းကောင်း ထူးချွန်စွာအောင်မြင်၍ ပညာသင်ဆုများတောက်လျှောက်ရခဲ့သူဖြစ်သည်။ တက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူစဉ် မျက်စေ့ရောဂါဖိစီး၍ ဘီအေနောက်ဆုံးနှစ်တွင် ကျောင်းမှ ထွက်လိုက်ရသည်။ ပေါင်းတည်အစိုးရကျောင်းတွင် မြန်မာစာဆရာ အဖြစ်လည်းကောင်း၊ ဟင်္သာတအစိုးရကျောင်းတွင် ပါဠိဆရာအဖြစ် လည်းကောင်း ဆောင်ရွက်ပြီး နောက်ပိုင်းတွင်ပညာအုပ်အဖြစ် အလုပ်ပြောင်းသည်။ ဟင်္သာတတွင်နေစဉ်၊ သူနေရာအရပ်ဘရဲချောင်းကို အစွဲပြု၍ **နောက်စွယ်ချောင်းက တောတဲ့မောင်** ကလောင်အမည်ဖြင့် မြန်မာ့အလင်းမဂ္ဂဇင်း၌စာစရေးသည်။ အရက်သေစာသောက်စားမှု ပိတ်ပင်တားဆီးရေးအတွက် ဟင်္သာတမြို့ သုစရိတယုဝအသင်း အတွင်းရေးမှူးတာဝန်ယူခဲ့သည်။ ပညာအုပ်လုပ်ခိုက်၊ မြန်မာကုမ္ပာရီ အသင်း တွဲဖက်အကျိုးဆောင် ဒေါ်လှမေနှင့်အကြောင်းပါသည်။

၁၉၂၀ ခုနှစ် ပထမကျောင်းသားသပိတ်ကြီးအပြီး အမျိုးသားကျောင်းများနှင့် အမျိုးသားကောလိပ်တို့ ပေါ်ပေါက်လာသည်။ ထိုအခါ ဆရာဦးဘချိုသည် မြန်မာစာနှင့်ရာဇဝင်ပါမောက္ခ ဆရာလွန်း(မစ္စတာမောင်မှိုင်း)၏ မြန်မာစာလက်ထောက်တာဝန်ကို အမျိုးသားကောလိပ်ပျက်သည်အထိယူခဲ့သည်။ အမျိုးသားကောလိပ်ကျောင်းဆရာဘဝချို့ချို့တဲ့တဲ့ရှိ၍ **"မောင်ဘချိုအသားလှကတ္တီပါရေ နှင့် ဝန်းမြိုင်လယ်ရေမွှေး'** တို့ကိုဖေါ်စပ်ရောင်းချကာ တဖက်တလမ်းမှ ဝင်ငွေရှာခဲ့ရသည်။

၁၉၂၄ ခုနှစ်အမျိုးသားကောလိပ်ကြီးပျက်သည့်အခါ **မြန်မာ့ရီဗျူးဂျာနယ်**° ကိုပထမဆုံးထုတ်ဝေခဲ့သည်။ အမျိုးသားရေးအတွက်နိုင်ငံနှင့်အမျှ လူထုလုပ်ရှားမှုများဖြစ်လျက် ရှိရာမျိုးချစ်စိတ်ထက်သန်သော ဦးဘချိုသည်ရေးနေကြ တဗျာလင်္ကာများကိုခေတ္တနား၍ **မြန်မာ့ရီဗျူးဂျာနယ်၌ ဒီးဒုတ်၏ပဥ္စရလက္ခတ်တျွမ်း**





ဟူသောအခန်းကိုဖွင့်၍ လူထုအား နိုင်ငံရေးအသိပေးသောဆောင်းပါးများ စတင်ရေးသည်။ **ဒီးဒုတ်** ဟူသော ကလောင်အမည်ကိုလည်း စတင်သုံးစွဲသည်။ အရေးအသားကောင်း၍ ဒီးဒုတ်အမည်ကျော်ကြားလာသည်။ ယင်းသို့ လူသိများကျော်ကြားလာသောအမည်ကိုယူ၍ ၁၉၂၅ခုနှစ် ဧပြီလတွင် ဒီးဒုတ်ဂျာနယ်ကို စတင်တည်ထောင်ထုတ်ဝေသည်။ ကိုယ်တိုင်လည်း အခန်းများစွာကို တာဝန်ယူရေးသားသည်။ ဆယ်လံအာဝါးအခန်း၊ ဒီးဒုတ်စာတိုက်ခန်းတို့မှာ ဦးဘချို၏ပြောင်မြောက်သော လက်ရာတို့တွေ့ရှိနိုင်ပေသည်။

ဆရာဦးဘချိုသည် လောကီ၊ လောကုတ္တရာနှစ်ဖြာစလုံးတွင် နှံ့စပ်ကျွမ်းကျင်သူတဦးဖြစ်သည်။ ဘာသာတရားကို အလွန်ကိုင်းရှိုင်းသည်။ နက္ခတ်တာရာအကြောင်းကို သိသလို၊ ဗေဒင်ပညာလည်းတတ်သည်။ မြန်မာစာပေနှင့်ဂီတဘက်တွင် ပိုမိုတတ်ကျွမ်းနားလည်သည်။ သီချင်းကြီး၊ သီချင်းခံကိုကောင်းမွန်စွာ ဆိုတတ်သလို စောင်းကောက်ကို ပိုင်နိုင်စွာတီးနိုင်သူဖြစ်သည်။ ၁၉၂၉ ခုနှစ်တွင် မဟာဒုတ်ရုပ်ရှင်ကုမ္ပဏီမှ ရိုက်ကူးသည့် "မြားနတ်မောင်"ဇာတ်ကားတွင် မင်းသား၏ အဖေခန်းမှ ပါဝင်သရုပ်ဆောင်ဖူးသည်။

၁၉၃၀ ခုနှစ်တွင် ဆရာဦးဘညာဏ်[၂] ဗိလတ်၌ ပန်းချီပညာဆည်းပူးပြီး မြန်ရောက်လာသည့်အခါဆရာဦးဘချိုသည် ဦးဘညာဏ်နှင့်တွဲဖက်၍ အမျိုးသားပန်းချီအသင်းကို ဖွင့်လှစ်တည်ထောင်သည်။ ပြီးလျှင်ဆရာဦးဘညာဏ်က သူ၏ပန်းချီပညာကို အယုတ်အလတ်အမြတ်မရွေးသင်ကြားပို့ချပေးပြီး ပညာဖြန့်ဖြူးသည်။

၁၉၃၅ခုနှစ်တွင် ဂီတသုတေသနအသင်းကို ဦးဆောင် ဖွဲ့စည်းခဲ့သည်။ မြန်မာ့သီချင်းကြီး၊ သီချင်းခံများ မူမှန်ရေးအတွက်လည်း ဂီတဝိသောဓနီကျမ်းတို့ တည်းဖြတ်ခဲ့သည်။

၁၉၃၆ ခုနှစ်၌ **စပယ်** ကလောင်အမည်ဖြင့် ဘွေသီဟာ နန်းတွင်းဝတ္ထုရှည်ကြီးရေးခဲ့သည်။ ထိုမှသာမကသေး"ဒိုးဒိုးဒေါက်"၊ "ကျူကောက်"၊ "ကေသာ"၊ "ဥက္ကလာမခင်စိန်"၊"အမိုက်မလေး" စသည့်ကလောင်အမည်များဖြင့်လည်း ဝတ္ထု၊ ဆောင်းပါးများရေးခဲ့သည်။ မြန်မာနိုင်ငံသတင်းစာဆရာအသင်းကြီးဖြစ်ပေါ်ရေးကို အထူးအားပေးဆောင်ရွက်ခဲ့ပြီး၊ ၁၉၄၀ ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ်ရွေးကောက်တင်မြှောက်ခံရသည်။

၁၉၄၈ခုနှစ်၌ပင် တက္ကသိုလ်ပို့ကတ်တိုက်မှူး ဆရာဦးခင်ဇော်(ကေ)သည် မြန်မာနိုင်ငံသုတေသနအသင်း နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် မြန်မာ့ဂီတအကြောင်း သုတေသနပြုထားသော **Burmese Music : A Preliminary Enquiry** စာတမ်းတစောင်ကို တင်သွင်းဖတ်ကြားသည်။ အဆိုပါစာတမ်းဖတ်ကြားမှု၏ အကျိုးဆက်အနေဖြင့် မြန်မာသီချင်းကြီး၊ သီချင်းခံများကို ရှေးမပျက်ထိန်းသိမ်းရေး၊ ခါတ်ပြားသွင်းရေးတာဝန်ကို အသင်းကြီးမှ ဆရာဦးခင်ဇော်အား ပေးအပ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါရွေးရိုးစဉ်လာမပျက် သီဆိုတီးမှုတ်နိုင်သူများကိုရှာရန် အကြောင်းက ပေါ်လာတော့သည်။

မြန်မာ့ထီးနန်း မန္တလေးတွင်ပျက်သုဉ်းသွားသည့်အခါ၊ နန်းတွင်းအတီးတော်အဖွဲ့တို့ကို သီပေါစော်ဘွားက သူ၏ဟော်နန်းသို့ခေါ်ယူပြီး ရှေးအစဉ်အလာအတိုင်းအသုံးပြုသည်။ သီပေါဟော်နန်းတွင်ကြီးပြင်းလာသော ဒေါ်စောမြအေးကြည်နှင့် ခင်ပွန်းသည်တယောဆရာကြီး ဦးတင်တို့သည် ဆရာဦးဘချိုနှင့် ခင်မင်ရင်းနှီးကြသည်။ ရတု၊ ရကန်၊ အဲ၊ အန်၊ အိုင်ချင်းတို့ကိုဆိုနည်းအမှန်သိသော အဝေးရောက်မင်းဦးအောင်ကြီးက ရွှေဘိုတွင်ရှိနေသည်။ ဦးအောင်ကြီးသည် ဒေါ်စောမြအေးကြည်နှင့် ဆရာဦးဘချိုတို့အပေါ် ခင်မင်မေတ္တာရှိသူဖြစ်သည်။ ဆရာဦးခင်ဇော်နှင့် ဆရာဦးဘချိုတို့က အဆက်အစပ်မရှိ၊ အဘကဆရာဦးခင်ဇော်နှင့် အလွန်ခင်မင်ရင်းနှီးသည်။ ထို့အပြင် အဘ၏ကလေးကဗျာများကို စုစည်း၍ **မောင်ခွေးဖို့ ကဗျာများ** အမည်ဖြင့်မကြာသေးသောကာလကမှ ဆရာကစာအုပ်ထုတ်ဝေခဲ့သည်။ ကဗျာအချို့ကိုသံစဉ်ရှာဂီတသင်္ကေတများဖြင့် ပြုစုပေးခဲ့သည်။ ဓါတ်ပြားသွင်းခဲ့သည်။ ထို့ကြောင့် ဆရာဦးဘချို၊ ဆရာဦးခင်ဇော်တို့နှစ်ဦးစလုံးနှင့် ခင်မင်ရင်းနှီးစွဲရှိသည့်အဘကြောင့် ဆရာတို့နှစ်ဦး ဆက်မိသွားသည်။ ဆရာဦးဘချို၏ ကူညီအားထုတ်မှုကြောင့် အသက်(၈၈)နှစ်အရွယ်ရှိပြီဖြစ်သော်လည်း အဝေးရောက်မင်း ဦးအောင်ကြီးရန်ကုန်သို့ရောက်လာသည်။ ဒေါ်စောမြအေးကြည် ကိုအကြောင်းပြု၍ သီပေါနရည်းတော်သားများလည်း ရန်ကုန်သို့ရောက်လာကြသည်။ ဤသို့အားဖြင့် အဆုံးတွင်မြန်မာနိုင်ငံသုတေသနအသင်းနှင့် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီတို့ စာချုပ်ချုပ်ဆိုကာ အဆိုဓါတ်ပြား ၂၃ ချပ်၊ အတီး ဓါတ်ပြား ၂၃ချပ် တို့ကိုအောင်မြင်စွာသွင်းဖြစ်သည်။ ဓါတ်ပြားသွင်းဆဲကာလ၊ရက် တရက်၏ အခြေအနေကိုသိသာနိုင်ရန် အဘ၏မှတ်တမ်းမှ ထုတ်နှုတ်ဖော်ပြပါသည်။

***21:XI:40***

***ပါတော်မူနေ့***

*ည ထမင်း ဆရာခင်ဇော်တို့အိမ်မှာစား၊ ပဲခူးမင်းကြီး၊ ဒီးဒုတ်ဦးဘချိုတို့လည်းစား။ စောမြအေးကြည်၊ ကိုတင်နှင့် အငြိမ်းစားဘီလစ်စာရေးကြီးစောင်းဆရာ ဦးအောင်လှကြီး တို့လည်းလာကြသည်။ ကြက်သားအလွန်နူး။ ဗိုစားပဲတောင့်အလွန်နု။ စား၍အလွန်မြိန်။ ထမင်းစားပြီးသောအခါ မြဝတီမင်းကြီး၏ ဖေယျာရွှေမြေကို စောမြအေးကြည်ကဆို၍ ဦးအောင်လှကြီးက တီးသည်။ အဆိုတအရပ်ကြိုက်ဟာဝ်ဆို၍ စောင်းကိုလွှမ်းသည်။ အကျယ်အတိုးအပြောင်းမြန်သည်တို့ကို ကိုခင်ဇော် မကြိုက်၍ ဦးဘချိုနှင့်တိုင်ပင်ပြီးလျှင် ညည်းသံဖြင့်* ***ချစ်သမျှတို့*** *ကိုဆိုခိုင်းပြန်သည်။ ထိုအခါကျမှအတော် ညီညွတ်လာသည်။ အဆုံးတွင်မြင်းခင်းတပိုဒ်ကို ဆက်၍ဆိုသည်။ စောမြအေးကြည်မှာကျောင်း၌ ဂန္ဓမာတောင်တက်*





*ဆေးနေရဆဲဖြစ်၍ အဆိုရများသောကြောင့်အသံနာနေသည်။ အော်၍မဆိုလျှင် ဆန်မကုန်သောကြောင့် သင်ခဲ့ရစဉ်က အော်၍ဆိုရသည်ဟု ပြောသည်။ တခါက ၁၅ နှစ်ရွယ်လောက်တွင် စဥ့်အိုးတွင်ခေါင်းသွင်း၍လေးငါးရက်အော်ရသည်ဟု ပြောသည်။ မကြာမီ (Dec.3rd) ဖေယျာရွှေမြေကို ဓါတ်ပြားသွင်းရမည်။ မြောက်စည်နှင့် နရည်းတီးတတ်သော သီပေါဟော်က အတီးသမားကိုလည်းခေါ်၍ ဓါတ်ပြားသွင်းရန် ရှိသေးသည်။ ရတု၊ ရကန်၊ အဲ၊ အန်၊ အေးချင်းစသည်တို့ကို ရှေ့မှုမပျက်ဆို၍ ဓါတ်ပြားသွင်းရအောင် သုတေသနအသင်းအတွက် အဝေးရော်ကြီး ကိုဦးဘချိုက မရမက ခေါ်ခဲ့ရ၍ ရန်ကုန်သို့ရောက်လာသည်။ ရန်ကုန်ဘုတာ၌မျက်နှာလုပ်လိုသူများအပြားလာ၍ အဝေးရော်ကြီးကို တွဲကြမကြလုပ်ကြသည်။ ဦးဘချိုမှာကား နရည်းများကို သိမ်း၊ ကား၊ ငှား၊ အိမ်အရော်လိုက်ပို့ရသည်။ အိမ်ရောက်သောအခါ အဝေးရော်ကြီးမှာ လာရော်သူတို့ကခိုင်း၍ လေးချိုးကြီး တပုဒ်ကို ခရီးရောက်မဆိုက် ဆိုပြီး ဖြစ်နေသည်ကို သိရ၍ ဦးဘချိုစိတ်မကောင်း ဖြစ်ရသည်။ (၈၈)နှစ်ရှိသော အိုကြီးအား ပါတော်မူသောနေ့အစည်းအဝေး ဗန္ဓုလပန်းခြံတွင် စကားပြောခိုင်းသည်။ သို့သော် ဦးဘချိုက ဦးဖိုးကျားရေးပေးသော အမိန့်စကားအတိုလေးကို အပြစ်ရွတ်အောင်ပြင်ဆင်ပေးပြီးလူတစ်ယောက်ကို ဖတ်ခိုင်းခဲ့ရသည်။သူ့ရိယသတင်းထောက်စသည်တို့ အဝေးရော်ထံ လာတွေ့ကြ၊ . . . အဝေးရော်ပြောသည်တို့ကို ထည့် သုတေသန၏ကျေးဇူး၊ ဦးဘချို၏ ကျေးဇူးတို့ကို လုံးလုံးထိမ်ထားကြသည်။ . . . အဝေးရော် ညည်ခံရ ပင်ပန်းမည်စိုးသောကြောင့် ဆရာတော်ဦးကေသရကို အိမ်တွင်ပင့်ထားပြီးလျှင် ၆ နာရီထိုးလျှင် အဝေးရော်ကြီးကို အိပ်ယာသို့ဝင်စေရသည်။ . . . အဝေးရော်ကြီးမှာ(၈၈)နှစ်ရှိပြီဖြစ်သော်လည်း ဆန်နို့ဆီဘူးတလုံးစားတုန်းဖြစ်သည်။. . . .*

*၁၁ နာရီထိုးသောအခါ မင်းကြီး* ***(Mr. Swithinbank)*** *လည်းပြန်သည်။ ဦးဘချိုလည်း မနက် ၇ နာရီခွဲတွင် ရုပ်ရှင်ကားစစ်ရန်ရှိ၍ ပြန်လေတော့သည်။ စစ်ရမည့်ကားမှာ* **Mein Kamph-My Crime** *ဖြစ်သည်။*

တက္ကသိုလ်ကျောင်းတိုက် မြန်မာအသင်း၏ မြန်မာ စာပေပြိုင်ပွဲဆုချီးမြှင့်ခြင်းနှင့်စာပေဟောပြောပွဲတစ်ရပ်ကို ၁၉၄၁ ခုနှစ် ဇန္နဝါရီလ ၈ ရက်နေ့တွင် တက္ကသိုလ်စာသင်ခန်းမကြီး၌ ပြုလုပ်သည်။ မြန်မာအသင်းအမှုဆောင်အဖွဲ့၏ ဒု-ဥက္ကဋ္ဌ တာဝန်ယူထားသော အဘ၏မေတ္တာရပ်ခံချက်အရ ဆရာဦးဘချိုသည် **"နရည်း"** ဆိုသောစကားပေါ်ပေါက်လာပုံ၊ နရည်းကို မည်သည့်နေရာတို့တွင် သုံးပုံတို့ ကို လာရောက်ဟောပြောသည်။ ထိုနောက် ရန်ကုန်ရောက် သီပေါဟော်နန်းမှ နရည်းဆရာတို့က၊ နရည်း၊ မြောက်စည်၊ ဒိုးပတ်၊ ဗုံကြီးသံတို့ ကိုရှေးခေတ်အောင်းအောက်မေ့ဖွယ်ရာ တီးမှုတ်ပြကြသည်။

ဆရာဦးဘချိုသည် သူနှစ်သက်မြတ်နိုးသော စာပေဂီတ၊ အနုသုခုမဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



များကို ဆောင်ရွက်နေသလို တဖက်မှလည်း သတင်းစာဆရာတဦးအနေဖြင့် လူထု အမျိုးသားစိတ်နိုးကြားရေးကို အခါအခွင့်သင့်တိုင်းလှုံ့ဆော်တိုက်တွန်းပေးသည် နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းမှုများကို စေတနာသန့်သန့်ဖြင့် အားပေးကူညီ ဆောင်ရွက်ခဲ့သည်။ ဗြိတိသျှတို့၏ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို ဆန့်ကျင်သော **သရာဇ**အဖွဲ့ကို ဆရာသည် သူ၏ဒီးဒုတ်ဂျာနယ်မှထောက်ခံခဲ့သည်။ ၁၉၃၂ ခုတွင် ခွဲရေး၊ တွဲရေး ပြဿနာဖြစ်ပေါ်သည့်အခါ၊ ဝတ်လုံတော်ရ ဦးကျော်မြင့်၊ ဒေါက်တာ ဘမော်တို့နှင့်ပေါင်းကာ၊ **မြန်မာ့ဇေယျာ**သတင်းစာကိုထုတ်၍ တွဲရေးဖက် အားပေးခဲ့သည်။

ဆရာဦးဘချိုသည် ဖက်ဆစ်ဆန့်ကျင်ရေးသမားဖြစ်သည်။ တရုတ်နိုင်ငံ အား ဂျပန်တို့ ကျူးကျော်တိုက်ခိုက်သည့်အခါ ဒီးဒုတ်မှ ဂျပန်ဆန့်ကျင်ရေးများ ရေး သည်။ မြန်မာနိုင်ငံသို့စစ်မီးကူးလာသည့်အခါ ဆရာသည် သားမယားကိုခေါ်၊ ပေထု ပိုက်များသယ်ကာ အဝေးရောက်ကြီးရှိရာ ရွှေဘိုသို့ ဂျပန်ရန်နှင့် စစ်ရှောင်သည် ရွှေဘိုတွင်နေစဉ် ဂျပန်ဆန့်ကျင်ရေး စာရွက်စာတန်းများရေးသား ဖြန့်ချိပြန်သည် မန္တလေးထောင်၌ရှိသောသခင်နု၊ သခင်စိုး စသူတို့ တရုတ်နိုင်ငံဘက်ကူး၍ လွတ်လ ရေးအတွက် ကြံစည်နိုင်ရန်၊ ပြည်တွင်း၌ရှိနေသောတရုတ်အစိုးရ ကိုယ်စားလှယ် ဂျင်နရယ်ဝမ်းနှင့်ဆက်သွယ်သေးသည်။ ဆရာကြီးမှာ ဂျပန်တို့၏ရန်သူသဖွယ်ဖြစ်နေ သည်။ ကံအားလျော်စွာ သခင်နုတို့လည်း ထောင်မှလွတ်၊ ဗိုလ်ချုပ်အောင်ဆန်းဦးစီး သော ဗမာ့လွတ်လပ်ရေးတပ်မတော်လည်း ပြည်တွင်းရောက်လာခဲ့ပြီးနောက် သခင်နု နှင့် ဗိုလ်လက်ျာတို့က ဆရာ့အသက်လုံခြုံရေးအတွက် သခင်တင်ကို တာဝန်ပေးထား သည်။ဆရာလည်း ပဲခူးရှိသခင်တင်အိမ်၌ သုံးလေးလတည်းခိုပြီး အခြေအနေကောင်း လာသည့်အခါမှ တွံတေးသို့ ပြောင်းရွှေ့နေထိုင်သည်။

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ ဂျပန်က မြန်မာတို့အား ရွှေရည်စိမ် လွတ်လပ်ရေးပေးသည်။ အဓိပတိဒေါက်တာဘမော်ဦးဆောင်သော အစိုးရအဖွဲ့၌ ဗိုလ်ချုပ်က ကာကွယ်ရေး၊ ဦးနုက နိုင်ငံခြားရေးစသည်တို့ကို အသီးသီးတာဝန်ယူကြ သည်။ အစိုးရအဖွဲ့၏အတိုင်ပင်ခံလွှတ်တော် (Privy Council) အမတ် ၂၀တွင် ဆရာဦးဘချိုလည်း အမတ်ဖြစ်လာသည်။ နှစ်ကုန်ပိုင်းလောက်တွင် အစိုးရမှ မြန်မာ နိုင်ငံတော်ပညာ တံခွန်အသင်းကို တည်ထောင်ပေးသည်။ အသင်းတွင် သူကြီးဇေယျ ဦးခင်မောင်တာဝန်ယူရသော **ပညာစွယ်စုံ ကျမ်းဌာန**နှင့် အဘ စာတည်းအဖြစ် တာဝန်ယူရသော **အဘိဓာန်ဌာန**ဟူ၍ ဌာနခွဲ ၂ခု ရှိသည်။ အဘိဓာန်လုပ်ငန်း ကြီးကြပ်ရသော အဘိဓာန်ကြီးကြပ်ရေးအဖွဲ့ဟူ၍လည်းရှိရာ အဖွဲ့ဝင်လူကြီးများမှာ ဆရာကြီး ဦးဖေမောင်တင်၊ ဦးခင်မောင်လတ်၊ သူရိယ ဦးသိမ်းမောင်၊ ဦးသိန်းဟာ ဦးဝန်စသူတို့ဖြစ်ကြသည်။ အတိုင်ပင်ခံ စာတည်း အဖွဲ့ဟူ၍လည်း ရှိပြီး၊ ၎င်းတို့မှာ ဆရာကြီးဦးဖေမောင်တင်၊ ဦးခင်မောင်လတ်နှင့် ဒီးဒုတ်ဦးဘချိုတို့ဖြစ်ကြသည်။





ဌာနနှစ်ခုစလုံး တည်ရာအရပ်မှာ ဗိုးဒဏ်၊ စက်သေနတ်သံ ကင်းရာကွမ်းခြံကုန်းမြို့ ဖြစ်သည်။

အဘိဓါန်ဌာနကို ဂျားကျောင်းဝင်းအတွင်းရှိ ဖိုးကြာဇံဇရပ်[၅] ၌ ၁၉၄၄ ခုနှစ်၊ ဇန္နဝါရီလ ၁၀ရက်နေ့တွင် စတင်လှစ် သည်။ လုပ်ငန်းစတင်ပြီး ၁၀ရက်အကြာ ၊ ဇန္နဝါရီလ ၂၀ ရက်နေ့တွင် ဝန်ကြီးဦးနုနှင့်လွှတ်တော်အမတ်များဖြစ်ကြသော ဒီးဒုတ် ဦးဘချို၊ ဟသ်ာတဦးမြ၊ မြန်မာ့အလင်း ဦးတင်တို့၊ ကွမ်းခြံကုန်းမြို့ ဦးဘာဘာ၏ အလှူသို့ တက်ရောက်ရန်ရောက်ရှိလာကြသည်။ ဆရာ့ဇနီးဒေါ်လှမေနှင့် သမီးနှစ်ဦး လည်းပါကြသည်။ ထို့နေ့ညဧည့်သည်များနှင့်အတူ မိတ်သဘင်၌ အဘ ညစာသွား စားသည်။နောက်တစ်နေ့ဝန်ကြီးနှင့်အဖွဲ့ဝင်များအားအဘသည် သူ၏အဘိဓါန်ရုံးသို့ ဖိတ်ခေါ် ရှင်းလင်းပြသည်။ ဆရာ ဦးဘချိုကလည်း ဝိုင်းကူရှင်းလင်းပြောကြားခြင်းများ လုပ်သည်။

စစ်ကြီးပြီး၍၊ ရန်ကုန် မဂိုလမ်း(ရွှေဘုံသာလမ်း) အရေးပေါ်တက္ကသိုလ် တည်ထောင်ဖွင့်လှစ်ရာ အလုပ်ဝင်ရန် ရန်ကုန်အသွား၊ တွံတေးမြို့ရိုးပေါ်၌ စစ်ခိုနေ သည့်ဆရာဦးဘချိုကို အဘ ဝင်ရောက်နှုတ်ဆက်သည်။ ဆရာဦးဘချိုလည်း၊ အဘနှင့် မရှေးမနှောင်း ရန်ကုန်၊ တာမွေလမ်းကြီးအနီးသို့ ပြောင်းလာ၍ အဘ မကြာမကြာ အလည်သွားဖြစ်သည်။ ထိုအခါ အဘသည် ကန်တော်ကြီးအနီး ပတ်ကလိန်းလမ်းရှိ သူ၏မိတ်ဆွေကြီး ဦးခင်မောင်လတ် ခြံဝင်းအတွင်း၊ ရေကန်ပျက်ကြီးအနီး ဆောက် လုပ်ထားသည့် လေးတိုင်စဉ်ဝါးနေ်တဲကလေး၌ ဇနီး၊ သားကြီး၊ အိမ်ဖော်ကလေး တို့နှင့်နေကြသည်။ ဆရာကြီးဦးဘချို ဒီးဒုတ်ဂျာနယ် ပြန်ထုတ်၍ အဘလည်း တုံ့နေ သော ဉာဏ်ပြန်သွေးသည့်အနေဖြင့် စာပြန်ရေးသည်။ အနုပညာစာပေသမားများကို စေတနာထားအားပေးလေ့ရှိသောဆရာက အဘရေးသမျှကို ဂျာနယ်၌ထည့်ပေး သည်။ တစ်ရက်တွင် ဆရာက ငွေနှစ်ရာကို အထုပ်တစ်ထုပ်ထဲထည့်၍ စာပေ ဉာဏ်ပူ ဇော်ခအဖြစ်ပေးသည်။ ကျောင်းသားဘဝကတည်းက အဘ စာနယ်ဇင်းများတွင် ရေးခဲ့ရာ ဉာဏ်ပူဇော်ခဟူ၍ မှတ်မှတ်ရရမရဖူးပေ။ လခစားမဟုတ်သောဆရာက လခစားအဘကို ပေးနေ၍ အဘ အလွန်အားနာသည်။ ပြန်ပေးသော်လည်း လက်မခံ "ကိုဝန်တို့ ဘယ်လိုနေရတယ်ဆိုတာ ဆရာသိတယ်ယူပါ" ဟု ဆိုလေသည်။ ငွေနှစ်ရာ ကား အဘတို့မိသားစု အတွက်အများကြီးဖြစ်နေသည်။ နောက်ဆုံးမငြင်းသာ၍ အဘ လက်ခံလိုက်ရသည်။ ထိုအခါမှ အဘအားကူညီလို၍ အဘစာများကိုထည့်ပေးနေ သော **ဆရာ၏ စေတနာကို** အဘသဘောပေါက်အားနာကျေးဇူးတင်မိသည်။

တနေ့ကျောင်းမှပြန်အလာ အိမ်အနီးကွင်းထဲရှိ ရဲရဲတောက်ပွင့်နေသည့် ပေါက်ပင်ရိပ်အောက်အဘနေဝင်ခိုသည်။အရိပ်ခိုခိုက် ဆရာဦးဘချို၏ ပြုံးရွှင်သော ကျေးဇူးပြုမျက်နှာကို မြင်ယောင်လာသည်။ ပြင်သစ် စာရေးစာရာ Anatole France ၏ အနုပညာစာပေဆောင်းပါးများကိုလည်း စိတ်ထဲ၌ အမှတ်ရသည်။ အရိပ်ခိုရာမှ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည့် ခံစားချက်နှင့် ပြင်သစ်စာရေးဆရာကြီး၏ အနုပညာတို့ပေါင်းစပ်မိပြီး ဆောင်းပါးတစ်ပုဒ်ရေးဖြစ်သည်။ ဆရာက ဆောင်းပါးကို သူ့ဂျာနယ်၌ ထည့်ပေးသည့်အပြင် အဘဆောင်းပါးကို ချီးချီးမြှင့်မြှင့်ပြောသေးသည်။ ဆရာ့စေတနာနှင့် အားပေးမှုကား အဘအတွက် အားဆေးကြီးတစ်ခွက်သဖွယ်ဖြစ်တော့သည်။

တစ်ချိန်က ဖက်စစ်တော်လှန်ရေးနှင့်လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်ကာ လျှို့ဝှက်ဖွဲ့စည်းခဲ့သော ဖက်စစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ (ဖတပလ) ဗဟိုဦးစီးအဖွဲ့ဝင် ၁၆-ဦးတွင် ဦးဘချိုလည်းပါဝင်ခဲ့သည်။ စစ်ကြီးပြီးသောအခါ ထိုအဖွဲ့ကိုဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး (ဖဆပလ) ဟု အတိအလင်းကြေငြာ၍ ပြန်လည်ဖွဲ့စည်းသည်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလတွင် အမှုထမ်းပေါင်းစုံပါဝင်သည့် အထွေထွေသပိတ်ကြီးသည် ဖဆပလ ဦးဆောင်မှုနှင့် ပေါ်ပေါက်လာသည်။ ထိုအခါဗြိတိသျှအစိုးရသည် ဖဆပလ အဖွဲ့ကြီးနှင့် လူထုအင်အားကို အကဲခတ်မိကာ၊ ဘုရင်ခံဆာဒေါ်မန်စမစ်ကို ပြန်ခေါ်၍ ဘုရင်ခံအသစ်အဖြစ် မေဂျာဂျင်နရယ်ဆာဟူးဗတ်ရန့်(စ)ကို စေလွှတ်ရသည်။ ဘုရင်ခံသစ်လည်းဖဆပလအင်အားကိုလေးစားစွာဖြင့် ဖဆပလ ကိုယ်စားလှယ်များပါဝင်သော အမှုဆောင်ဝန်ကြီးအဖွဲ့ကို ၁၉၄၆ခုနှစ် စက်တင်ဘာလတွင် အောင်မြင်စွာဖွဲ့စည်းလိုက်သည်တွင်မှ အထွေထွေသပိတ်ကြီး ပြီးဆုံးသွားတော့သည်။ ၁၉၄၇ ခုနှစ် ဇန္နဝါရီလတွင် ဗိုလ်ချုပ်ဦးဆောင်သောအဖွဲ့သည် လန်ဒန်သို့သွား၍ ဗြိတိသျှဝန်ကြီးချုပ် ကလိမင့်အက်တလီ ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးကာ၊ သဘောတူညီမှုရ၍ ဇန္နဝါရီလ ၂၇ ရက်နေ့တွင် နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုသည်။ အဆိုပါ **အောင်ဆန်း-အက်တလီစာချုပ်**အရ မြန်မာနိုင်ငံသည် တနှစ်အတွင်း လွတ်လပ်ရေးရမည်ဖြစ်သည်။ ထိုနေ့မှစ၍ ဗိုလ်ချုပ်ဦးဆောင်သော အမှုဆောင်ဝန်ကြီးအဖွဲ့သည်လည်း ကြားဖြတ်အစိုးရအဖြစ် တရားဝင်အသိအမှတ်ပြုခြင်း ခံရသည်။ ဆရာ ဦးဘချိုသည် ကြားဖြတ်အစိုးရ၏ ပြန်ကြားရေးဝန်ကြီး ဖြစ်လာသည်။

စစ်ကြောင့်ရပ်ဆိုင်းထားခဲ့ရသော ရန်ကုန်တက္ကသိုလ် ပြန်လည်ဖွင့်လှစ်ရေးကို ဗြိတိသျှအုပ်ချုပ်သူတို့က စီစဉ်ရာ၌ အထွေထွေသပိတ်မဖြစ်ခင်ကလေး ၁၉၄၆ခုနှစ် ဩဂုတ်လ ၂၀ရက်နေ့တွင် ဆရာသည်တက္ကသိုလ်ဖွဲ့စည်းရေးကော်မတီ၌ အဖွဲ့ဝင်ဖြစ်ခဲ့သည်။ သဘာပတိမှာဆာမောင်ကြီးဖြစ်ပြီးအတွင်းရေးမှူးမှာ ဦးကောင်းဖြစ်သည်။

အိန္ဒိယသို့ စစ်သွားရှောင်နေသော ဆရာဦးခင်ဇော် စစ်ကြီးပြီးချိန်ရန်ကုန်သို့ ပြန်ရောက်လာကာ ရွှေတောင်ကြားအိမ်တစ်အိမ်တွင် အသံလွှင့်ရုံ လုပ်ငန်းစတင်သည်။ဆရာဦးဘချို၏ကျေးဇူးကို သတိရ၍တစ်ကြောင်း၊ ခင်မင်ရင်းနှီးမှုလည်း ရှိသွားပြီဖြစ်သည်ကြောင့်တစ်ကြောင်း သူ၏အိမ်အခန်းတစ်ခန်း ကိုဆရာဦးဘချို တိုင်းရေးပြည်ရေးလုပ်ရာတွင် အေးအေးဆေးဆေး တွေးတောဆင်ခြင်လုပ်ဆောင်နိုင်ရန် ပေး





ထားလေသည်။ ဆရာဦးခင်ဇော်သည် မြန်မာ့အသံ (**BBS**) မြန်မာပိုင်းအစီအစဉ်အတွက်အကြံပေးအဖွဲ့ကို ဆရာဦးဘချိုအား သဘာပတိအရာ၌ထား၍ ဖွဲ့စည်းခဲ့သည်။ ဦးထင်ဖတ်(ဆရာမောင်ထင်)က အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ကာ အဖွဲ့ဝင်များမှာ ဦးစိန်ရွှက်၊ ဦးခင်မောင်လတ်၊ ဦးခင်မောင်၊ ဦးသိန်းဟန်၊ ဦးမျိုးမင်း၊ ဦးဝန်၊ ဒေါက်တာဦးဖိုးအေးတို့ ဖြစ်ကြသည်။ ၁၉၄၇ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ပြုလုပ်ခဲ့သော အကြံပေးအဖွဲ့အစည်းအဝေး၌ အဖွဲ့သည် **BBS** ၏ ထုတ်လွှင့်ချက်များ နိုင်ငံရေးဘက်လိုက်မှုကင်းရှင်းရေးအတွက် အကြံပေးရန်ဖြစ်ပြီး အဓိကမှာ နိုင်ငံတော် ဘက်စုံပြန်လည်တည်ဆောက်ရေးနှင့် မြန်မာ့ယဉ်ကျေးမှုကို ပြန်လည်စုစည်းရေးကို ဦးတည်ရန်ဖြစ်ကြောင်း ဆရာဦးဘချိုက ပြောကြားပါသည်။

၁၉၄၇ ခုနှစ်၊ မတ်လတွင် ချင်းပြည်နယ်၊ ထီးလင်းမြို့၌ ဖဆပလမှကြီးမှူး၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ချင်း-ဗမာ ချစ်ကြည်ရေး ညီလာခံကို ကျင်းပရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း မတက်ရောက်နိုင်၍ ဗိုလ်ချုပ်ကိုယ်စား ဆရာဦးဘချိုနှင့်အဖွဲ့တက်ရောက်ခဲ့ရသည်။ ချင်း-ဗမာချစ်ကြည်ရေးကျောက်တိုင်ကို စိုက်ထူနိုင်ခဲ့သည်။

ဇူလိုင်လ ၁၄ ရက်နေ့တွင် အဘ၊ ဆရာ ဦးခင်ဇော်နှင့် ဦးထင်ဖတ် (မောင်ထင်)တို့သည် အလုပ်ကိစ္စ တစ်ခုအတွက် အတွင်းဝန်ရုံးရှိ မိတ်ဆွေတစ်ဦးအား တွေ့ရန်သွားကြသည်။ တိုင်းပြုပြည်ပြု လွှတ်တော်ရှေ့တွင် ဗိုလ်ချုပ်နှင့်ဆရာတို့ကို တွေ့၍ နှုတ်ဆက်၊ စကားပြောဖြစ်ကြသည်။ တစ်ချိန်တွင်ဆရာ ဦးဘချိုက အဘတို့ဘက်သို့လက်ညှိုးထိုး၍ "ဆရာလည်း နိုင်ငံရေးက ထွက်ပြီး ပညာရေးတို့ ယဉ်ကျေးမှုတို့ကို လိုက်စားချင်ပါတယ်။ သူတို့တတွေနဲ့ အာရှအရှေ့တောင်ပိုင်းမှာ လှည့်ပြီး ယဉ်ကျေးမှုလေ့လာချင်ပါတယ်" ဟု ဗိုလ်ချုပ်အားနှုတ်ဖြင့် ခွင့်တောင်းလေသည်၊ ဗိုလ်ချုပ်ထံမှ တိကျသောအဖြေမရ၊ သူလည်း နိုင်ငံရေးမှထွက်ပြီး စာရေးလိုကြောင်းကိုသာပြောရင်း စကားတခြားသို့ရောက်သွားသည်။ ထိုသို့စကား ပြောနေကြခိုက် အမတ်ဦးဘသီရောက်လာပြီး၊ ဆရာကြိုက်သည့် လုံချည်အဆင်ကို သူ့အိမ်မှရက်ပေးလိုက်သည့်ဟုပြောကာ လက်ဆောင်ပေးသည်။ ဆရာက အဘဘက်သို့လှည့်၍ "ဆရာက အသက်ကြီးတော့ ငယ်ကကြိုက်တတ်တဲ့ အဆင်ကလေးတွေကိုပြန်ပြီး အောက်မေ့တယ်။ အနက်မတ်တတ်စင်းမှာ ဘေးက အဖြူစင်းကလေးတွေ ခုညပ်ပြီး ရက်တာကိုဆရာက အင်မတန်ကြိုက်တယ်" ဟုပြောလေသည်။ ထို့နောက်ဗိုလ်ချုပ်က ဂျာနယ်ကျော်မှာပါသည့် ဆောင်းပါးတစ်ခုအကြောင်း ပြောသည်။ ထိုအခိုက် ဆရာ ဦးဘချိုက ဆရာဦးခင်ဇော်ဘက်သို့လှည့်၍ "ဗိုလ်ချုပ် ရေဒီယိုကပျက်နေလို့ ကောင်းကောင်းမကြားရဘူးတဲ့။ ရေဒီယို တစ်လုံးလောက်တော့ ပေးမှပဲ" ဟု ပြောလေသည်။ ခဏအကြာတွင် ဝန်ကြီးပျော်ဘွယ်ဦးမြရောက်လာပြီး ဗိုလ်ချုပ်လည်း အစ္စ တစ်ခုနှင့် ကားစီးကာထွက်သွားရာ အဘတို့လည်း လူစုခွဲလိုက်ကြသည်။ အဘတို့ မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



သုံးဦးသည် ဗိုလ်ချုပ်၊ ဆရာတို့နှစ်ဦးနှင့် ထိုနေ့က ရောက်တတ်ရာရာတစ်နာရီခန့် စကားပြောဖြစ်ကြသည်။ ထိုနေ့သည်ကား အဘအဖို့ သူခင်မင်ရုံမျှမက ယုံကြည်ကိုးစားရသော ဗိုလ်ချုပ်နှင့်ဆရာတို့ကို နောက်ဆုံးတွေ့ရခြင်းဖြစ်သည်။ အကြောင်းမှာ နောက် ၅ ရက်အကြာ၊ ဗိုလ်ချုပ်နှင့်ဆရာတို့ အပြင် အခြားခေါင်းဆောင်များသည် မသမာသူတို့၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံလိုက်ရ၍ ဖြစ်ပါသည်။

အဖြစ်အပျက်က မယုံကြည်နိုင်လောက်အောင် မြန်ဆန်လှသည်။ လွတ်လပ်ရေးရရန် လက်တစ်ကမ်းမျှအလိုတွင် လွတ်လပ်ရေးအတွက် ကိုယ်ကျိုးမငဲ့ စွန့်လွှတ်စွန့်စားအလုပ် လုပ်ခဲ့ကြသူများ ခန္ဓာစ သေပွဲဝင်ကြရရှာသည်။ ကြေကွဲဘွယ်လည်း ကောင်းလှသည်။ ယင်းသို့ တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသော အာဇာနည်ပုဂ္ဂိုလ်များအား နှမြော၊ လွမ်းဆွတ်၊ တသမိရင်း အဘသည် လွတ်လပ်ခါနီးကဗျာကို ရေးဖွဲ့ဖြစ်ပါတော့သည်။

### *လွတ်လပ်ခါနီး*

*မကာန်းချိန် စန်းအိမ်အဆင်းတွင်မှ*
*အောင်ချင်း တဘောင်သီလို့*
*ရောင်နီမှာ အောင်စည်ရွှမ်းကြတော့*
*လွမ်းမိရဲ့ သူတို့ကို။*
*ခါးတောင်း မဖြုတ်ခင်က*
*မကောင်းအယုတ်နော် ကြမ္မာမွှေလို့*
*ခမျာတတွေ မရကာမြေလားရှာရ*
*အားမဲ့ လူဗိုလ်။*
*မျိုးအခြေ ရိုးရာက ပတ်ခဲ့တဲ့*
*ဆိုးမွေကို ကြိုးကာဆပ်မယ်တဲ့*
*တားချပ်ကာ တမန်တင်းပါလို့*
*ရန်မင်းကိုတဲ့ သူတို့ဖြို*
*ရွှေဘိုရဲ့ နေမျိုး။*
*ရောင်ပျို့ကာနီ*
*အောင်မြို့ အတန်သီမှ*
*အောင်စစ်ချီ အောင်တပ်ဦးမှာလ*
*ဘီလူးကောင် သဘက်သင်းတွေက*
*ကိုယ့်ဗိုလ်ကို ကိုယ်ပြန်ညှင်းသော်ကြောင့်*
*မြတ်ဆံတော် ခြေတော်ရင်းမှာ*
*စင်းဝပ် ရှိကျိုး။*

*၂၂-၁၁-၁၉၄၇*





**မှတ်စု**

(၁) မြန်မာ့ရိုးရာဂျာနယ်၌ အယ်ဒီတာဟူ၍လည်းကောင်း၊ အယ်ဒီတာချုပ်ဟူ၍လည်းကောင်း မှုကွဲများတွေ့ရသည်။
(၂) ဦးဘညာဏ်(မ ၁၂၅၉-၁၃၀၇)သည် အနောက်တိုင်းပန်းချီစနစ်ဖြင့် ပန်းချီရေးဆွဲရာတွင် အနောက်နိုင်ငံ ပန်းချီကျော်ကြီးများ၏ အဆင့်ကိုမီသည်။ ဗြိတိသျှအစိုးရ စရိတ်ဖြင့် ပန်းချီပညာတော်သင်ရှားပါးသည့်ခေတ်၌ နှစ်ကြိမ်တိုင်တိုင်ပညာ သင်သွားခဲ့ရသည်။ မြန်မာ့ ပန်းချီလောက၏ ရှေ့ဆောင်လမ်းပြကြီးတစ်ဦးလည်းဖြစ်သည်။
(၃) ဦးခင်မောင်လတ်သည် လန်ဒန်သို့ နှစ်နှစ်ကြာသွား၍ Stewart and Dunn ၏ မြန်မာ-အင်္ဂလိပ် အဘိဓါန်လုပ်ငန်းတွင် ကူညီခဲ့သူ ဖြစ်သည်။
(၄) ဗိုးကြာဇံဇရပ်သည် မင်းသုဝဏ်၏ အဘိုးဦးကြာဇံမှလှူထားသောဇရပ်ဖြစ်ပြီး ငယ်စဉ်က မင်းသုဝဏ်၏ ဘုန်းကြီးကျောင်းသားဘဝအလယ်တန်းကျောင်းတည်ရှိရာနေရာလည်းဖြစ်သည်။

**ကျမ်းကိုး**

(၁) အဖွဲ့၏ ရည်ရွယ်ချက်မှာ ဝိသာနုလုပ်ငန်းများတွင် မြန်မာ အမျိုးသမီးများ တစ်တပ်တအား ပါဝင်ရေးသည်။

(၁) တိုက်စိုး။ **ဂန္ဓဝင်စာဆိုပညာရှင်လေးဦး**။ မတ်လ ၂၀၀၃
(၂) **တက္ကသိုလ်များကျောင်းတိုက်နှစ်လည်စာစောင်**။ မတ် ၁၉၄၁
(၃) တင့်ဆွေ၊ ဦး။ သူတို့နှစ်ယောက်။ **ငွေတာရီ**။ ဒီဇင်ဘာ ၁၉၆၆
(၄) မင်းသုဝဏ်။ စာပန်းချီ ၂ ကွက်။ **မြဝတီ**။ မေ ၁၉၅၇
(၅) မင်းသုဝဏ်။ တက်ခေတ်နှင့် ခေတ်စမ်း။ **ရှုမဝ**။ ဒီဇင်ဘာ ၁၉၈၂
(၆) မင်းသုဝဏ်။ ဗိုလ်ချုပ်ဆန္ဒနှင့် ဆရာ့ဝါသနာ။ **ဒီးဒုတ်ဂျာနယ်** ။၅-၁-၄၈
(၇) မင်းသုဝဏ်။ ဗိုးတိုးဝါးတား မှတ်မိပါသေးသည်။ **ရှုမဝ**။ နိုဝင်ဘာ ၁၉၇၉
(၈) မင်းသုဝဏ်။ သုတစာပေ အထွေထွေ။ **ရှုမဝ**။ မတ် ၁၉၈၉
(၉) မင်းသုဝဏ်။ ဦးခင်ဇော်နှင့် မဟာဂီတ၊ **ရှုမဝ**။ ဇူလိုင် ၁၉၈၉
(၁၀) ဇေယျာ၊ မောင်။ ဒီးဒုတ်ဦးဘချို။ **ခေတ်ဆန်းဂျာနယ်**။ ဩဂုတ်၁၉၀၄
(၁၁) မောင်သုတ။ **စာဆိုတော်များ အတ္ထုပ္ပတ္တိ**။ ရာပြည့်။ ၂၀၀၁
(၁၂) မြဟန်။ **ကိုလိုနီခေတ် မြန်မာ့သမိုင်းအဘိဓာန်**။ တက္ကသိုလ်များ သမိုင်းသုတေသနဌာန
(၁၃) မြန်မာ့စွယ်စုံကျမ်း။ အတွဲ ၇၊ ပဉ် - ဖီး။ စာပေဗိမာန်။ ၁၉၆၃ စာ ၁၈၀-၁၈၇
(၁၄) မြန်မာ့စွယ်စုံကျမ်း။ အတွဲ ၈၊ ဗီး - မပေဟ၊ စာပေဗိမာန်။ ၁၉၆၃၊ စာ ၂၅၄-၂၅၆၊ ၂၆၀-၂၆၃
(၁၅) ရန်ကုန်တက္ကသိုလ်သမိုင်း (၁၉၂၀-၁၉၉၅)။ **ရန်ကုန်တက္ကသိုလ်စိန်ရတုအထိမ်းအမှတ်စာစောင်**။ ဒီဇင်ဘာ ၁၉၉၅
(၁၆) ဗွေခြံ။ **မြန်မာ့စာဆိုတော်များ** ။ စပယ်ဦး။ ၂၀၀၁
(၁၇) BBS - Minutes of the Burmerse Programme Advisory Board Meeting . 26 Jan 1947

ဓလဘန်း

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ဦးသန့်



# တစ်ချိန်တုန်းက
# ဦးသန့် နှင့် အဘ

လူချင်းမရင်းနှီးခင် စာချင်းစ၍ နီးခဲ့ကြသည်။ ခေတ်စမ်း အကြိုကာလ ၁၉၂၇ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့ထုတ် ဒီးဒုတ်ဂျာနယ် အမှတ်(၁၇)၌ **"မိုယ်းဘွဲ့ တေးထပ်"**ကို ယူနီဘာစတီ ကောလိပ်ကျောင်းသားမောင်သန့် ကလောင်အမည်ဖြင့် ဦးသန့် ရေးခဲ့သည်။ ၁၀ ရက်အကြာ အဆိုပါဂျာနယ် အမှတ် (၁၉) ၌ **မေယဝန်** ကလောင်အမည် (ထိုစဉ်က မင်းသုဝဏ် ကလောင်အမည် သုံးစွဲခြင်း မရှိသေးပါ။) ဖြင့် အဘက **ငွေလမှာ** လေးဆစ်ကို ရေးခဲ့ပါသည်။

**မိုယ်းဘွဲ့တေးထပ်**

ယူနီဘာစီတီ ကောလိပ်ကျောင်းသား-မောင်သန့်
ရေးသောမိုဃ်းဘွဲ့တေးထင်။
ပေါ်မရုံထွဲတုံးမို့၊ သဲအုံးကျွဲမေဃီ၊ မြိုင်ယုန်း၍ ထေချို ထာယ်၊ မြေမဆီပုမျိုး။ မြိုင်အုံ့ ရွှံသွန်နှ ရွာသည်၊ ထွန် ချွှကာ မြုံခုက်ထဲ့ ရိုဃ်း။ ပေါ်ကွှသွှ့-ဆလွှမ်းပုံကို၊ အစွမ်းကုု သုန္တိး။ သည်ငလောက်ဘောင် မခန့်ဂုဏ်မျိုးပါ နှင့်၊ အမွှါးပိုးရှူ့ဘွား။ မရုံသူ အဓနကြွပ်အောင်ထျိုး၊ ငွေ ထတ်တဲ့-မိုဃ်းနှုတ်ဝဠ္ဍ။ သဆောင်စန်းမြိုင်ကာတီကြွာ ရှား။ ဖြညိုသသာ ဓနုကြိုးကြိုက်မှု၊ မွှန်သိုက်ပ-ရိုဃ်း ဓနဝါ။ ရှုန်းထိုသာရွှား။ သည်ပဘဲ့၅ မိုဃ်းဝဠ္ဍ ရုဏ်းကိုးကန္တ-ရှွာရုံဖွဲ့ .လေး။

www.burmeseclassic.com



ငွေလမှာ

> ကွမ်းခြံကုန်း–ဓမ္မသေနီရေးအေးအေးငွေ"လ"မှာ–
> လေးဆေစီ၊
> ရှက်ရွှန်းဆီက၊ ထွန်းပါတဲ့ ငွေသော်တာ၊ ထော်
> ကြိုက်ဆွေ–အမ့ထံ ပါးစေတို့၊ လွမ်းငွေ့သူ–မှာစကားကို
> များနားမိုက်ထောင်ပါ၊ မျှော်တိုတို–ငါးငွေအောက်မှာ
> ငေ့၊ ထည်သုံ–ပျုန်းဆေးနှောက်ရှိနိုရို့၊ လွင်းမွေ့ဖေါက်
> ပါလို့–ဆွေးအွေ့ပါခြာ၊ ထေးမယ်ကညာကြာင့်မှီးမောင်
> မော၊ သည်ယမြေ့ဂုဏ်ချင်းဝေ မတွေ့ပလို့၊ ရှောင်
> သွေကာ–ဝေဝ်ဆာရွှန်းပေမဲ့ ထားမယ်ကွ–ကလေးရှုထက
> ကျွမ်းခဲ့တဲ့အကြောင်း၊ တစေမ်းတမ်း–တ,တ,တနှင့် စိတ်မှာ
> ထေ့ခိရှံလို့၊ ချမ်းချမ်းမြမြနှင့် နိဗ်ကညာ ချောကိုတော
> ရှ်နးထဲ,ရဲ့–ထဲသင်ထံစေဝဲပြီး

ဦးသန့်ကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၊ ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာကြီးတစ်ဦးအနေဖြင့်သာ လူသိများကြသည်။ ကဗျာဆရာ၊ စာရေးဆရာတစ်ဦး ပန်းတနော် အမျိုးသားကျောင်းဆရာကြီးအနေဖြင့် သိရှိကြသူ နည်းမည်ထင်ပါသည်။ အမှန်မှာ ဦးသန့်သည် စာဖတ်စာရေး ဝါသနာပါသူ တစ်ဦး၊ သတင်းစာဆရာလောက ကို လေးစားပြီး အင်္ဂလိပ်ဘာသာဖြင့် ဂျာနယ်၊ မဂ္ဂဇင်းထုတ်ဝေရန် ဆန္ဒပြင်းပြသူ တစ်ဦး ဖြစ်ပါသည်။

ဦးသန့်နှင့်အဘ။ တစ်ဦးက ၁၉၀၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်ဖွား၊ ကျန်တစ်ဦးက ဖေဖော်ဝါရီလ ၁၀ ရက်ဖွား၊ အသက်အားဖြင့် ၂၀ ရက်ခန့်သာ ကွာခြားကြပါသည်။ ပန်းတနော်မြို့ ဆရာကြီးဦးဘဟန် မြန်မာကျောင်းကို ဦးသန့် အသက် ၅ နှစ် အရွယ်တွင် စတင်တက်ရောက် ပညာသင်ကြားသည်။ အင်္ဂလိပ် - မြန်မာနှစ်ဘာသာသင် **YMBA** ကျောင်းကို ပထမတန်းမှစ၍တက်ခဲ့ရသည်။ အဘက အသက် ၇ နှစ်ရောက်မှ ကွမ်းခြံကုန်းမြို့ ဆရာတော်ဦးသာသန၏ ရွှေကျင် ကျောင်းတိုက်ရှိ ဘိုးအေ ဦးကြာဇံဇရပ်တွင် ဖွင့်လှစ်ထားသည့် ကြားကျောင်း (ဂျားကျောင်း)ခေါ် ဆရာလေး ဦးဖိုးလှိုင် လောကဓာတ်ကျောင်းကို စတက်ရသည်။ ၁၉၂၁ ခုနှစ်၊ ကွမ်းခြံကုန်းမြို့ အမျိုးသားကျောင်း ပေါ်ပေါက်လာသည်နှင့် အသက် ၁၂ နှစ်အရွယ်တွင် အဘ အမျိုးသားကျောင်းသို့ပြောင်း၍ အင်္ဂလိပ်စာသင်ခွင့်ရခဲ့ သည်။ ငယ်စဉ်က အင်္ဂလိပ်စာစသင်ရသော ဦးသန့်အတွက် အိမ်ရှိဖခင်ကြီး၏ စာအုပ်စင်မှ အင်္ဂလိပ်စာအုပ်များက များစွာအထောက်အကူ ဖြစ်ခဲ့သည်။ ဖခင်ကြီး





ဦးဖိုးနှစ်သည် ကာလကတ္တားရှိ ဟန်းတားကောလိပ် (**Hunter's College**) မှ ဥပစာ တန်းနှင့် ညီမျှသည့်ပညာရေးကို ရရှိထားသူဖြစ်သည်။ ကျောင်းသားငယ် ဦးသန့်သည် ကျောင်းစာလုပ်ပြီးတိုင်း ဖခင်ကြီး စာအုပ်စင်ရှိရာသို့ ရောက်တော့သည်။ **Sir Arthur Conan Doyle** ၏ ထင်ရှားသော **Sherlock Holmes** စုံထောက်ဝတ္ထုများ၊ စာရေး ဆရာကြီး **William Shakespeare** ၏ စာပေများအပြင်၊ ထင်ရှားသော သမိုင်းဝင် မြန်မာစာဆိုတော်အတော်များများ၏ လက်ရာများကို ငယ်စဉ်ကပင် ဖတ်ရှုမြည်းစမ်း ခွင့်ရခဲ့သည်။

၁၉၂၆ ခုနှစ်တွင် ဆယ်တန်းအောင်ပြီး တက္ကသိုလ်ဥပစာတန်း ပထမနှစ် တက်သည်။ မြန်မာစာနှင့် အင်္ဂလိပ်စာတို့ကို အဓိကဘာသာတွဲ၊ မြန်မာအနုစာပေ သမိုင်း၊ သချာနှင့် လောဂျစ်တို့ကို အပိုဘာသာများအဖြစ်ယူသည်။ ဦးမျိုးမင်း (အင်္ဂလိပ်စာ ပါမောက္ခ)၊ ဦးရွှေမရ (ICS) တို့သည် ဦးသန့်၏ ခင်မင်ရင်းနှီးသော ကျောင်းနေဘက်သူငယ်ချင်းများ ဖြစ်ခဲ့သည်။ ဖခင်ကြီး ဦးဖိုးနှစ်သည် ဦးသန့် ၁၄ နှစ်သားအရွယ်ကပင် ကွယ်လွန်ခဲ့သည်။ ထို့ကြောင့် မိခင်ကြီးကိုလုပ်ကျွေးလိုသည် တစ်ကြောင်း၊ ၁၀ တန်းအောင်လာသည့် ညီငယ် ဦးခန့် (ဂန္ထလောကမဂ္ဂဇင်း၏ သက်တမ်းရှည် မြန်မာပိုင်းအယ်ဒီတာ)၏ ပညာရေးကို ဦးစားပေးလိုသည်က တစ် ကြောင်းတို့ကြောင့်၊ ၁၉၂၈ ခုနှစ် ဥပစာတန်းပြီးသည်နှင့် ဦးသန့် ကျောင်းထွက် လိုက်သည်။ ပန်းတနော်မြို့ အမျိုးသားကျောင်း၊ ကျောင်းဆရာကြီးပြန်လုပ်သည်။ နိုးဒုတ်ဂျာနယ်တွင် မိုယ်းတွဲ့တေးထပ်ကို ဦးသန့်ရေးချိန်က အဘသည် စိန်ဂွန်း ကျောင်း(၉)တန်းသားဘဝဖြင့် ငွေလမှာ လေးဆစ်ကိုရေးခဲ့ခြင်းဖြစ်သည်။ သူရိယနှင့် မြန်မာ့အလင်းမဂ္ဂဇင်းတို့၌ ဦးသန့်သည် စာများရေးသလို၊ အဘကလည်း သူရိယ၊ ဒဂုန် စသည်တို့တွင် ရေးဖြစ်သည်။ ဦးသန့် ပန်းတနော်အမျိုးသားကျောင်းဆရာကြီး ဖြစ်သည့်အချိန်ရောက်မှ အဘက တက္ကသိုလ်ကျောင်းတိုက်သို့ရောက်ခဲ့၍ တက္ကသိုလ် ၌ နှစ်ဦးသား ဆုံစည်းခွင့်မရခဲ့ကြပေ။ ကျောင်းဆရာဘဝ၊ ဂန္ထလောကနှင့် ကြီးပွားရေး မဂ္ဂဇင်းတို့၌ ဦးသန့် စာရေးဖြစ်သလို အဘလည်း ဂန္ထလောက၊ ကြီးပွားရေး၊ တက္ကသိုလ် ကျောင်းတိုက် နှစ်ပတ်လည်မဂ္ဂဇင်း စသည်တို့တွင် မှန်မှန်ရေးဖြစ်သည်။ အင်္ဂလိပ်စာ အခြေခံကောင်းခဲ့သော ဦးသန့်သည် ဂန္ထလောကမဂ္ဂဇင်း၌ အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများစွာရေးဖြစ်သည်။

တစ်ချိန်တွင် ပန်းတနော် အမျိုးသားကျောင်းအုပ်ဆရာကြီးနေရာ လစ်လပ် သည်။ ထိုအခါ တက္ကသိုလ်ကျောင်းသားဘဝကခင်မင်ရင်းနှီးခဲ့သော အတန်းကြီး ကျောင်းသား ဦးနုထံသို့ ဦးသန့် စာရေးအကြောင်းကြားသည်။ မကြာမီကာလအတွင်း ဦးနုသည် ပန်းတနော်အမျိုးသားကျောင်းအုပ်ကြီးအဖြစ် ရောက်ရှိလာသည်။ ကျောင်းအုပ်ဆရာကြီး ဦးနုသည် အမျိုးသားကျောင်းအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်း၏သမီး ဒေါ်မြရီနှင့် တွေ့ဆုံရင်းနှီးခွင့်ရခဲ့ပြီး မကြာမီ ချစ်သူများဘဝသို့



www.burmeseclassic.com

www.burmeseclassic.com





ရောက်ရှိခဲ့သည်။ နောက်ပိုင်း ဦးနုနှင့် ဒေါ်မြရီတို့ ရန်ကုန်မြို့တွင် လက်ထပ်ခဲ့ကြသည်။ ဦးနု ပန်းတနော်သို့ ပြန်မလာတော့၍ ဦးသန့်သည် အသက် ၂၂ နှစ်အရွယ်တွင် ကျောင်းဆရာကြီး **(Headmaster)** တာဝန်အပြင် ကျောင်းအုပ်ကြီး **(Superintendent)** တာဝန်ကိုပါ ပူးတွဲယူခဲ့ရသည်။ ၁၉၃၀ ပြည့်နှစ်က မြန်မာနိုင်ငံ အစိုးရ ပညာရေးဌာနမှပြုလုပ်သော အထက်တန်းဆရာဖြစ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ရာတွင် ဦးသန့်သည် ပထမရခဲ့ဖူးလေသည်။ ထိုနှစ်၌ပင် အင်္ဂလိပ်ကဗျာဆရာ **Robert Browning** ၏ **The pied piper of Hamelin** ကဗျာရှည်ကြီးကို ဘာသာပြန်ထားသည့် ***စလေအညာက ပြွေဆရာ*** ကို ဂန္ထလောက ဘာသာပြန်ပြိုင်ပွဲသို့ ပေးပို့ခဲ့ရာ ပထမဆု ရခဲ့ပြန်သည်။ မြန်မာကလေးများအတွက်ရည်စူး၍ ဥရောပတိုက်ရာဇဝင်တွင် ထင်ရှားသောမြို့ကြီးများအကြောင်းကိုလည်း **မြို့ပြပုံပြင်များ**ခေါင်းစဉ်ဖြင့် လပေါင်းများစွာ ဘာသာပြန်ရေးသားခဲ့သည်။ ပုံပြင်များမှာ **Eileen and Rhoda Power** တို့၏ **Cities and their stories- An Introduction to History** ကို ဘာသာပြန်ပြုပြင်ရေးသားခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းက ယင်းပုံပြင်များကိုပင် ***အိမ်တွင်းသိပ္ပံကျောင်း*** **(The University at Home)** စာစုခေါင်းစဉ်ဖြင့် မြို့ကြီးတစ်မြို့စီအတွက် သီးခြားစာအုပ်ငယ်ကလေးများ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဆရာကြီး ဦးဖေမောင်တင်နှင့် ဆရာကြီး ဖာနီဗဲလ်တို့က တည်းဖြတ်ပေးခဲ့ကြသည်။ နောက်ပိုင်းတွင် ပုံပြင်များကိုစုပေါင်း၍ ကာလကတ္တားမြို့ မက်မင်လန်ပုံနှိပ်တိုက်မှထုတ်ဝေခဲ့ရာ ကျောင်းစာအုပ်အဖြစ် ပြဋ္ဌာန်းခြင်းခံခဲ့ရသည်။ ဦးသန့်၏ ဘာသာပြန်ရေးသားမှုများအနက် အအောင်မြင်ဆုံးဟု ဆိုရပါမည်။

ဂန္ထလောကမဂ္ဂဇင်းကို စတင်တည်ထောင်ခဲ့သော ဆရာကြီး ဖာနီဗဲလ် **(J.S. Furnivall)** သည် ဦးသန့်၏ ဘာသာပြန်အဆင့်အတန်းမြင့်မှုကို မကြာမကြာ ချီးမွမ်းလေ့ရှိခဲ့သည်။

အဘသည်လည်း ကလေးများကိုရည်စူးပြီး နောက်ပိုင်း၌ ***မောင်ခွေးဖို့*** ကဗျာများဟု အမည်တွင်လာသည့် ***သပြေသီးကောက်၊ ဥပုသ်စောင့်*** ကဗျာများကို ၁၉၃၀ ခုနှစ်မှစ၍ ***"မောင်ခွေးဖို့"*** ခေါင်းစဉ်ဖြင့် တက္ကသိုလ်ကျောင်းတိုက် နှစ်လည်မဂ္ဂဇင်းတွင် မြဝတ်ရည် - ဟံသာကျေး ကလောင်အမည်ဖြင့် ရေးသားစပ်ဆိုခဲ့သည်။ ဦးသန့်သည် ပညာရေး၊ လူမှုရေး၊ စာပေနှင့် ကျေးလက်တောရွာပြုပြင်ရေးတို့နှင့် စပ်လျဉ်း၍ ဂန္ထလောကတွင် **From my school window** (ကျွန်တော်၏ ကျောင်းပြတင်းမှ) အင်္ဂလိပ်ဘာသာကဏ္ဍအောက်မှ ဆောင်းပါးများစွာရေးခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် **Freedom of Dress in School** ခေါင်းစဉ်ဖြင့် ကျောင်းသားလူငယ်များ ပညာသင်ကြားစဉ် လွတ်လပ်စွာဝတ်စားဆင်ယင်ခွင့်နှင့် လွတ်လပ်သည့် ပတ်ဝန်းကျင်တစ်ခုတွင် ရှိစေသင့်ကြောင်း ဆောင်းပါးတစ်ပုဒ်ရေးသည်။ ထိုအခါ ဦးအေးဆောင်ဆန်းက သူငယ်စဉ် ရေနံချောင်း အမျိုးသားကျောင်းသားဘဝကို ပြန်ပြောင်းရည်ညွှန်းလျက်



www.burmeseclassic.com

www.burmeseclassic.com



# The World of Books

( Official Organ of the B. E. E. A. )

Vol. XXVII.] APRIL, 1941. [ No. 195.

## MINTHUWUN'S ANTHOLOGY.

The publication of Minthuwun's Anthology* is a major literary event. Contemporary appreciation may be worth nothing at all, but I should be surprised if Minthuwun did not rank among big Burmese poets of our generation. It is difficult to appraise an author or a poet when he is in his prime of life, the more so if his work is of a type that has been the subject of mild controversies. This is not the proper time to try to ascertain the position that posterity will give to Minthuwun; and my speculation on this matter is likely to be vitiated by one or the other of the many prejudices. But I feel that Minthuwun is the first of the modern Burmese poets, the poets who brought in the new writing in poetry as Theikpan Maung Wa and his band have brought in the new writing in prose.

In the sphere of modern Burmese literature, the period before 1930 was an age of decadence, of affectation, of pretentions and pettiness. And Minthuwun came like a Heaven-sent counterblast. He is a new and powerful voice, strikingly individual, distinctly original in technique (though not in idea—perhaps), a voice that brings home the beauty of flower-decked meadows and rural monasteries. His poetry has freedom, space, delicacy and homeliness. Though it lacks depth and vitality, it has the free movement of the wind-tossed reeds, and its slow-beating rhythm in *Than-che* form is occasionally reminiscent of U Kyaw Hla and other masters.

Minthuwun does not think of pomp and pageantry; his world is a pure world of innocent children gathering flowers and unpretentious music at village festivities. Whenever I read his poems I feel that I am witnessing a typical Burmese pwe or listening to an old Burmese granny singing lullabies.

To genuine poetry-lovers, any subject is good enough for poetry. Only half-baked "poetic" readers quarrel with subject matters. Even political ambitions can be refined into poetry. Rudyard Kipling's "Imperial" verses are a case in point.

I do not pretend to be a competent critic of Burmese poetry, but I should think that Minthuwun's poems are uneven in quality. The idyllic ease and beauty of such poems as [illegible] and [illegible] stand in striking contrast with the rather jogged rhythm of [illegible] and [illegible]. In spite of his minor faults, Minthuwun is a superb artist, a word-wizard whose magic spell fills our hearts with delight. I am not, I trust given to facile enthusiasm, but when I meet poems like [illegible] I slightly lose my head. My critical faculty, if any, becomes suspended, and an intoxication takes its place. Here, I say, thank God! is a poet. He may have his faults, and I can see some of them, but here at least, is a poet who can lift me off my feet.

U Thant.

* သပြေညိုမှုန်းအဖြာကဗျာများ မြန်မာပြည်စာအုပ်တိုက် ၁၂-၆

တူညီဝတ်စုံဝတ်ရေးဘက်က သူ၏ ရှုထောင့်အမြင်ကို ပြန်လည်တင်ပြရေးသားသည်။ ဤသို့ဖြင့် ဦးသန့်နှင့် ဦးအောင်ဆန်းတို့ တစ်ဦးအမြင်ကိုတစ်ဦးလေးစားကာ တစ်ချိန် တည်း၌ သူတို့၏ မတူညီသောရှုထောင့်အမြင်များကို ပွင့်လင်းရိုးသားစွာ ၄ လကြာမျှ အပြန်အလှန်ရေးသားခဲ့ကြဖူးသည်။ နှစ်ဦးစလုံး၏ စိတ်ဓာတ်ဖြူစင်မှုနှင့် သူတစ်ပါး အားမထိခိုက်စေဘဲ မိမိယုံကြည်ချက်အပေါ် မိမိရပ်တည်ရေးသားသွားကြပုံမှာ များစွာ အတုယူဖွယ်ကောင်းလှတော့သည်။ ၁၉၄၁ ခုနှစ်တွင် မြန်မာပြည် စာအုပ်တိုက်မှ အဘ၏ ***သပြေညိုမှုန်းအဖြာကဗျာများ*** ကို ပုံနှိပ်ထုတ်ဝေလိုက်သည့်အခါ ကဗျာဆရာ





ကဗျာမြတ်နိုးသူ ဦးသန့်က သူ၏ထင်မြင်ခံစားချက်ကို ဂန္ထလောကမဂ္ဂဇင်း၌ **Minthuwun's Anthology** ခေါင်းစဉ်ဖြင့်ရေးသားဖော်ပြခဲ့သည်။

ဤနေရာတွင်လည်း ဦးသန့်၏ ပွင့်လင်းရိုးသားမှု၊ တည်ကြည်ပြတ်သားမှု တို့ကို ခန့်မှန်းသိရှိနိုင်ပေသည်။ ကဗျာများကို မည်မျှနှစ်ခြိုက်ခံစားရပုံကို ရှင်းလင်းမြင် သာအောင်ရေးသလို သူစိတ်တိုင်းမကျသည့်အပိုင်းများကိုလည်း မကွယ်မဝှက် မြင်သည့်အတိုင်း ထောက်ပြရေးသားခဲ့လေသည်။

မြန်မာနိုင်ငံတွင်း ဂျပန်တို့ ဝင်ရောက်လာပြီး မကြာလှ ၁၉၄၂ ခု နှစ်မေလတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်သခင်ထွန်းအုပ်တို့ကခေါ်၍ဦးသန့်ရန်ကုန်သို့ လာရသည်။” မြန်မာ့ပညာရေး ပြန်လည်ပြုစုရေးကော်မတီ အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ခံရသည်။ ***မြန်မာ့ပညာရေး စီမံကိန်းသစ်*** ကို ၂ လနှင့် အပြီးပြုစုပြီး ပန်းတနော်သို့ ပြန်သည်။ ၁၉၄၃ ခုနှစ်တွင် ဂျပန်က မြန်မာတို့ကို ရွှေရည်စိမ်လွတ်လပ် ရေးပေးသည်။ ဒေါက်တာဘမော်က ဝန်ကြီးချုပ်၊ သခင်မြက ဒုတိယဝန်ကြီးချုပ်၊ ဦးနုက နိုင်ငံခြားရေးဝန်ကြီး၊ ဗိုလ်ချုပ်အောင်ဆန်းက ကာကွယ်ရေးဝန်ကြီး စသည်ဖြင့် တာဝန်အသီးသီး ယူကြသည်။ ထိုအချိန်တွင် အဘကဗမာနိုင်ငံ အစိုးရပညာရေးဌာန၊ စာပေနှင့်စာကြည့်တိုက်ဌာနခွဲ **(Bureau of Literature and Library)**တွင် လက် ထောက်ညွှန်ကြားရေးဝန်အဖြစ် တာဝန်ယူရသည်။ ရုံးတည်ရာအရပ်ကား ရွှေတိဂုံ စေတီတော် အလယ်ပစ္စယံ၊ ရာဟုထောင့်၊ အမှတ် ၇၃ ကာလကတ္တားဇရပ်၊ ရန်ကုန်နေပြည်တော် ဖြစ်ပါသည်။ အောက်တိုဘာလ သီတင်းကျွတ်ကျောင်းပိတ် ရက်ခေတ်သစ်ပညာရေးသင်တန်းကြီးတစ်ခုကို ဆရာ၊ ဆရာမများအတွက် ရန်ကုန်မြို့ စည်ပင်သာယာရေးရုံး၌ ပြုလုပ်သည်။ အောက်တိုဘာ ၂၆ ရက်နေ့မှ စတင်သည့် အဆိုပါသင်တန်းကြီးသည် ၁၂ ရက်မျှကြာ၍ ပန်းတနော် ကျောင်းအုပ်ဆရာကြီး ဦးသန့်က ***ပြည်သူ့တာဝန်***၊ အဘက ***ရှာန် ဗုဒ္ဓဘာသာနှင့် ဂျပန်ယဉ်ကျေးမှု*** နှင့် ပတ်သက်သည့် ဟောပြောပို့ချမှုများ အသီးသီးပြုလုပ်ကြရသည်။ မြန်မာအစိုးရ အဖွဲ့ဝင်များ၊ ပညာရေးလောကမှ ပုဂ္ဂိုလ်များနှင့်အတူ ဂျပန် ၂ ဦးလည်း သင်တန်းပို့ချ ရာတွင် ပါဝင်ခဲ့ကြသည်။ အချို့ကို ကောက်နုတ်ဖော်ပြရလျှင် နန်းရင်းဝန်၊ **Prof. Kaigo**၊ သခင်မြ၊ သခင်အောင်ဆန်း၊ သခင်နု၊ ဦးဘဂျမ်း၊ သခင်ကိုယ်တော်မှိုင်း၊ ဆရာကွန်း၊ ဦးသိန်းဟန်(ဇော်ဂျီ)၊ ဦးဘရှင် စသည်တို့ဖြစ်ကြပါသည်။ အဆိုပါသင်တန်း တွင် ဦးသန့်နှင့်အဘတို့ နီးနီးကပ်ကပ်အလုပ်လုပ်ခွင့်ရခဲ့ကြသည်။

ဂျပန်ခေတ်အပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရန် လပိုင်းမျှအလို ၁၉၄၇ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် ဦးသန့်သည် မိသားစုနှင့်အတူ ရန်ကုန်သို့ ပြောင်းရွှေ့ လာသည်။ သည်တစ်ကြိမ်ကား သူ၏ဆန္ဒအလျောက် ရန်ကုန်သို့လာခြင်းဖြစ်ပြီး ရည်ရွယ်ချက်မှာ သူအလွန်စိတ်အားထက်သန်နေသည့် အင်္ဂလိပ်ဘာသာဖြင့် မဂ္ဂဇင်း တစ်စောင်ထုတ်ရန် ဖြစ်သည်။ ရန်ကုန်ရောက်ပြီး ၁၀ ရက်မျှအကြာ ဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်းတို့ လုပ်ကြံခံရသည်။ ဆာဟူးဘတ်ရန့်စ်၏ တာဝန်ပေးချက်အရ ဦးနု ဦးဆောင်ကာ အစိုးရသစ်ဖွဲ့သည်။ ဝန်ကြီးချုပ်ဖြစ်လာသည့် ဦးနုက သူ၏ ဖဆပလ အဖွဲ့ချုပ်တွင် ပြန်ကြားရေးအရာရှိလုပ်ပေးရန် ဦးသန့်ကိုခေါ်လေတော့သည်။ နိုင်ငံလွတ်လပ်ရေးအတွက်ကြိုးပမ်းချိန် ဖဆပလအဖွဲ့ချုပ်ကြီးနှင့် လူထုအကြား ဆက်သွယ်ရေး မည်မျှအရေးပါကြောင်း ဦးသန့်သဘောပေါက်သည်။ ထို့ကြောင့် ကမ်းလှမ်းချက်ကို လက်ခံလိုက်သည်။ သူ၏ "မဂ္ဂဇင်း" ထုတ်ဝေရန် ပြုစုပျိုးထောင်ခဲ့သော ရည်ရွယ်ချက်များမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ မြှုပ်နှံလိုက်ရပြီလည်း ဖြစ်တော့သည်။ ဩဂုတ်လ ၂၆ ရက်နေ့တွင် ဝန်ကြီးချုပ်ဦးဆောင်၍ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်)ကို တည်ထောင်သည်။ ဦးသန့်က အုပ်ချုပ်ရေးကောင်စီ၏ အကျိုးဆောင်အတွင်းရေးမှူး၊ အဘက အဖွဲ့ဝင်ဖြစ်လာသည်။ ထိုအချိန်တွင် အဘသည် တက္ကသိုလ်ကထိကတာဝန် ထမ်းဆောင်ချိန်ဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇွန်လ ၁ ရက်နေ့မှစ၍ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန ဖြစ်ပေါ်လာပြီး ဌာနမှူးတာဝန်ကို အဘယူရသည်။ ဦးသန့်လည်း လွတ်လပ်ရေးရပြီးနောက် ပြန်ကြားရေးဌာန ဒုတိယအတွင်းဝန်၊ နောက် ၁၉၄၉ ခုနှစ်တွင် အတွင်းဝန် ဖြစ်လာသည်။ အဘသည် တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၊ ဌာနမှူးတာဝန်ကို ထမ်းဆောင်နေရင်း၊ တစ်ဖက်မှလည်းစာပေဗိမာန်၊ မြန်မာ့စွယ်စုံကျမ်းအဖွဲ့၊ သုခမိန်အဖွဲ့၊ ဥပဒေဘာသာပြန်ကော်မတီ စသည်တို့၌ ပါဝင်လုပ်ဆောင်ရသည်။ စာပေဗိမာန်တာဝန်များ ထမ်းဆောင်သည့်ကာလတစ်လျှောက် အဘနှင့်ဦးသန့်တို့ အထူးတလည် နီးစပ်ခင်မင်ခဲ့ကြသည်။ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် အဘထံသို့ ဦးသန့်က တရားဝင်စာတစ်စောင် ရေးခဲ့သည်။ စာပေဗိမာန်၏ မူလဆောင်ပုဒ်ကိုပြင်လို၍ ဆောင်ပုဒ်သစ်အကြံဉာဏ်ပေးရန် တောင်းခံလာခြင်းဖြစ်သည်။ အဘက အောက်တိုဘာလ ၁၇ ရက်နေ့၌ ဆောင်ပုဒ် ၈ ခုကို အကြံပြုပြန်ကြားခဲ့သည်။ ပဋ္ဌမမြောက် ဆောင်ပုဒ် ***"အမှောင်ခွင်း၍ အလင်းဆောင်ဆဲ"*** ကို အုပ်ချုပ်ရေးအဖွဲ့က ရွေးချယ်ကာ၊ စာပေဗိမာန်၏ ဆောင်ပုဒ်အဖြစ် နှစ်ပေါင်းများစွာအသုံးပြုခဲ့သည်။

အမေရိကန်နိုင်ငံ နယူးဟေဗင်မြို့ရှိ ယေးလ်တက္ကသိုလ် ၌ ဘာသာဗေဒပညာရပ် လေ့လာဆည်းပူးရန် ၁၉၅၂ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် အဘသည် အမေရိကန်နိုင်ငံသို့ ထွက်ခွာခဲ့သည်။ အမေရိကန်တွင်ရှိခိုက် ကုလသမဂ္ဂအထွေထွေညီလာခံတက်ရန် ရောက်ရှိလာသောအဖွဲ့တွင် ဦးသန့်က မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ်လိုက်ပါလာရာ မိတ်ဆွေနှစ်ဦး မမျှော်လင့်ဘဲ အမေရိကန်တွင် ဆုံခဲ့ကြသည်။ ဦးသန့်သည် ၁၉၅၄ ခုနှစ်၌ ဦးနု၏ အတွင်းဝန်ဖြစ်လာသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏တာဝန်ပေးချက်အရ ပဋ္ဌပွန် မြန်မာနိုင်ငံ သမိုင်းသက်ရောက်သော ဇာတ်ကြီးပမ်းမှု ကျမ်းတစ်စောင်ဖြစ်သည့် ***ပြည်တော်သာခရီး*** ကို စတင်ပြုစုသည်။





အဘက ထိုအချိန်တွင် တက္ကသိုလ် မြန်မာအဘိဓာန်ကို ပြုစုနေသည့်ကာလဖြစ်သည်။ ပြည်တော်သာခရီးကို ၄ နှစ်မျှ အချိန်ယူပြုစုခဲ့ပြီး နောက်ဆုံးနှင့် တတိယပိုင်းကို ဦးသန့်သည် သူကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်ဖြစ်ပြီး တစ်နှစ်အကြာ ၁၉၅၈ ခုနှစ်ကုန်ပိုင်းတွင်မှ အပြီးသတ်နိုင်ခဲ့သည်။ ကုလသမဂ္ဂတာဝန်ဖြင့် မြန်မာနိုင်ငံမှ ဦးသန့်မထွက်ခွာမီ ၃ လအလို၊ သူ၏ များပြားလှသောစာအုပ်များကြောင့် ခေါင်းခဲနေသည့် ဦးသန့်၏အဖြစ်ကို အဘ၏ နေ့စဉ်မှတ်တမ်း၌ တွေ့ရပါသည်။

*၁၈- ၅- ၅၇*

***နံနက် ဦးသန့်အိမ်ကို ရောက်သွားသည်။ အပေါ်ထပ် ဆင်ဝင်ခန်းတွင် စာရေးနေသည်။ အိပ်ရာထပြီးနောက် ပဂျားမားအကျႌ မချွတ်ရသေး။ ၁၀ နာရီ ဖဆပလ အမှုဆောင်အစည်းအဝေးတွင် မြို့တော်ဝန်က ဂျပန်ဝန်ကြီးချုပ်ကို နှုတ်ဆက်ရမည့် မိန့်ခွန်း တင်ပြရန်အပီ ဦးသန့်ရေးနေသည်။ အခန်းမှာ ဦးသန့်၏ စာကြည့်ခန်း၊ စာဖတ်ခန်း၊ အလုပ်ခန်းဖြစ်သည်။ ထံခါးပေါက် ပြတင်းပေါက် မဟုတ်သောနံရံတို့တွင် တစ်ကွက်မလပ် စာစင်များ ကပ်မှီထားသည်။ စာစင်အပြည့် စာအုပ်စာတန်းအမျိုးမျိုး ပြွတ်သိပ် ရှိသည်။ အခန်းလယ်တွင် အိပ်ခုတင်တစ်ခု၊ စာအုပ်စာတန်းအပြည့်နှင့် ခုတင်အောက်၊ ခုတင်ဘေးတွင် ခြေချစရာမရှိ စာအုပ်အပြည့်။ ကိုသန့်၏ စာရေးစားပွဲမှာ ပြတင်းပေါက် ကို မျက်နှာပြုကပ်လျက် ကုလားထိုင်ကို နောက်သို့ တပြန်လောက်ရွှေ့ဖို့ရန် မလွယ်ကူ။ စာကြည့် ကုလားထိုင်တစ်လုံးမှာ စားပွဲအနီးတွင်ရှိသည်။ ထိုနေရာမှ အနီးရှိ စာအုပ် စင်ကို ကြည့်လိုက်သည်။ သားရေဖုံးအုပ်တွဲများ။ Spectator, Time & Tide, Time, New Statesman & Nation, Nation (Rangoon) တို့ဖြစ်သည်။ ယခင်က စုဆောင်းခဲ့သည့် စာအုပ်တို့မှာ ကရင်သူပုန်ဖျက်ဆီး၍ ကုန်သဖြင့် နောက်ထပ်စုဆောင်းရမည် စိတ်ပျက်ခဲ့သည်ဟုပြော။ ယခု စုဆောင်းထားသည်တို့မှာလည်း မနည်း။ အမေရိကသို့ ကုလသမဂ္ဂကိစ္စနှင့် ပြောင်းရခါနီး၌ စာအုပ်များအတွက် စိတ်ရှုပ်မိသည်ဟု ပြောသည်။ ဤအခန်းကျဉ်း ပလုတ်ဗျာတ်ကလေးတွင် ကိုသန့်အလုပ်လုပ်သည်။ သူ အပြင်သို့သွားသောအခါ အခန်းကို ရှင်းကြမည်စိုး၍ သော့ခတ်ထားလေ့ရှိသည်ဟု ပြောသည်။ သူ့အခန်းမှာ ရှုပ်ပွနေပုံပေါ်သော်လည်း သူ့အတွက် ရှင်းလျက်ပင်ဖြစ်သည်ဟု ဆိုရလေသည်။***

၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရာထူးကို ဦးသန့်ရသည်။ ၁၉၆၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရ ဧည့်သည်တော်အဖြစ် မြန်မာနိုင်ငံသို့ သုံးရက်မျှ ဦးသန့်ပြန်ရောက်ခဲ့သည်။ ၂၆-၁၁-၆၄ ရက်နေ့တွင် ရွှေဂုံတိုင်လမ်း၊ ဘုရားကြီးကျောင်းတိုက်၌ ဆွမ်းကပ်လှူရင်း၊ မိတ်ဆွေဟောင်းများနှင့် တွေ့ဆုံပွဲလုပ်သည်။ ပညာရေးနှင့် စာပေလောကမှ



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ မောင်မောင်ခ၊ ဆရာဦးသိန်းဟန်(ဇော်ဂျီ)၊ အဘ၊ ဆရာဇဝန၊ ဆရာသုခ တို့ အလှူသို့ရောက်ခဲ့ကြသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကွယ်လွန်သည့် ရက်ပိုင်းနှင့်လည်း တိုက်ဆိုင်နေ၏။ ဆရာကြီး၏ ရုပ်ကလာပ်ထားရှိရာ စမ်းချောင်း နေအိမ်သို့ ဦးသန့် သွားရောက်၍ ဂါရဝပြုခဲ့သည်။ ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတော် အစိုးရဧည့်သည်တော်အဖြစ် ဦးသန့် မြန်မာနိုင်ငံသို့ တစ်ဖန်ပြန်လည် ရောက်ရှိလာပြန်သည်။ ဦးသန့် ပြန်ရောက်ခိုက် တွေ့ဆုံခဲ့ပုံကို အဘ နေ့စဉ်မှတ်တမ်း နှစ်ခုတွင် တွေ့ရပါသည်။

### ၂၅- ၂- ၆၇ (စနေ)

***အင်းယားလိပ် ဟော်တယ်။ ည ၇ နာရီ ဦးသီဟန်၏ ဦးသန့်ဂုဏ်ပြု ညစာစားပွဲ။ ဦးသီဟန်က ဦးသန့်ကို ရောက်လာကြသည့် ဧည့်သည်များနှင့် လိုက်လံမိတ်ဆက်ပေးသည်။ ကျွန်ုပ်တို့နားသို့ရောက်သောအခါ ကျွန်ုပ်ကို လက်ညှိုး ထိုးကာ 'သူ့ကိုသိရဲ့လား' ဟု ရယ်သွမ်းသွေးသည်။ ဦးသန့်က လက်ဆွဲနှုတ်ဆက်၍ 'တိုဝန် မာရဲ့လား' ဟုဆို၊ ကျွန်ုပ်က 'မာပါတယ် ကိုသန့်တော' ဟုပြန်ဆို၊ 'မာပါတယ် တိုဝန် အရင်ကလိုပဲ မပြောင်းဘူး' ဆက်ပြော၊ 'ကိုသန့်လည်း မပြောင်းဘူးဗျ' ပြန်ပြော၊ 'ဆံပင်တော့ ဖြူ တယ်ဗျာ။ အိမ်သားတွေကော နေကောင်းကြရဲ့လား။' 'ကောင်းကြပါတယ်။ ကျွန်တော့် မိန်းမလည်း ပါပါတယ်' ဤသို့ပြောရင်း တခြားသူများဆီသို့ ရောက်သွားသည်။***

### ၂၆- ၂- ၆၇ (တနင်္ဂနွေ)

***ကုဿိုင်းသာသနာ့ရိပ်သာ နံနက် ၉-၁၂ ၁/၂ ထိ။ ဦးသန့်၏ ဆွမ်းကျွေးဧည့်ခံပွဲ။***


ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာကြီးဦးသန့် တစ်ခါက ပြည်တွင်းငြိမ်းချမ်းရေး အတွက် ကြိုးပမ်းချက်အမှတ်တရ ဖြစ်ရပ်တစ်ခု ရှိခဲ့ပါသည်။ ၁၉၄၉ခုနှစ်၌ ဦးသန့် သည် ဖဆပလ ပြန်ကြားရေးဌာနအတွင်းဝန် ဖြစ်လာသည်ကို ဖော်ပြခဲ့ပြီ။ ၁၉၄၉- ၅၀ ပြည့်နှစ်မှာ လက်နက်ကိုင်တော်လှန်မှုများကြောင့် ပြည်တွင်းမငြိမ်သက်သည့် ကာလဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေး တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီရေးရာ များကို မြန်မာ့အသံမှ ဦးသန့် မှန်မှန်အသံလွှင့် ပြောကြားရသည်။ ထိုအချိန်တွင် ဦးနု၏ တာဝန်ပေးအပ်ချက်အရ ဦးသန့်သည် ယာဉ်မောင်းနှင့် နှစ်ယောက်တည်း လက်နက်ကိုင်တော်လှန်သူများ ဌာနချုပ်ရှိရာ အင်းစိန်သို့ ခွန့်ခွန့်စားစား သွားရောက် ပြီး တော်လှန်ရေးခေါင်းဆောင်နှစ်ဦးဖြစ်သော စောဟန်တာသာမွေးနှင့် စောဘဦးကြီး (မအူပင်ပညာအုပ်ဟောင်း) တို့နှင့်တွေ့ရသည်။ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေး ကိစ္စများ ဆွေးနွေးသည်။ သို့သော်လည်း အခြေအနေအရ ဦးသန့်ကြိုးစားမှု မအောင်





မြင်ခဲ့ပေ။

ဗိုလ်ချုပ်အောင်ဆန်းတို့ ဖက်ဆစ်တော်လှန်ရေးပြီးခါစ ကာလတွင် **Lt. Col. Sutherland** နှင့် ဦးသက်တင်ဆိုသူနှစ်ဦးတို့၏ မေတ္တာရပ်ခံချက်အရ အဘ သည် ကွမ်းခြံကုန်းမြို့နယ်မြောက်ပိုင်း၊ မြို့ပိုင်တာဝန်ကို ၁၉၄၅ ခုနှစ် မေလကုန်မှ ဇူလိုင်လလယ်အထိ ၂ လတာမျှယူခဲ့သည်။ ထိုစဉ်က ကွမ်းခြံကုန်းမြို့နယ်မြောက်ပိုင်း ဆတ်အောက်တွင် ကော့မှူးတိုက်၊ အိန္ဒာပူရတိုက်၊ ထမ်းမနိုင်တိုက်၊ မုတ်ကျွန်းတိုက်၊ ထိုးတောင်တိုက်ဟူ၍ တိုက်ငါးတိုက်ပါဝင်ပြီး အဆိုပါတိုက်များအတွင်း စုစုပေါင်း ၅၀ ရွာရှိသည်။ မြို့ပိုင်၏အဆောင်အယောင်အဖြစ် နှစ်လုံးပူးသေနတ်တစ်လက်ကို လည်း အဘဆောင်ရသည်။ ဩဂုတ်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့မဂိုလမ်း၌ အရှေ့ ဝေါတက္ကသိုလ်ဖွင့်လှစ်သည့်အခါ အဘ မြန်မာစာလက်ထောက်ကထိက ဖြစ်လာ သည်၊ ဦးသန့်သည် တက္ကသိုလ်တက်ရောက်ရန်သွားကြမည့် သူ၏တူနှင့်တပည့်တို့ကို စောင့်ရှောက်ပေးရန် အဘထံ စာတစ်စောင်ရေးခဲ့သည်။ ထိုစာတွင် ဦးသန့်က စာပေ သမားတစ်ဦးဖြစ်သည့် အဘ မြို့ပိုင်လုပ်ခဲ့သည်ကို ကြားသိထားသည့်အလျောက်၊ သူ၏စိတ်ထဲတွင် ထင်မြင်မိသည်ကို မိုးညှင်းဆရာတော်၏အဖြစ်နှင့် နှိုင်းယှဉ်လျက် ရေးသားခဲ့သည်မှာ စိတ်ဝင်စား မှတ်သားဖွယ်ဖြစ်ပေရာ မူရင်းအတိုင်း ပြန်လည်ဖော်ပြ လိုက်ရပါသတည်း။





www.burmeseclassic.com

www.burmeseclassic.com



**မှတ်စု**


*က။ ရန်ကုန်ရောက်ဦးနုက မိတ်ဆက်ပေး၍ ပိုလ်ချုပ်တက္ကသိုလ်ကျောင်းသားဘဝ*
*ကပင် ဦးသန့်နှင့်သိကျွမ်းခဲ့ဖူးသည်။*

**ကျမ်းကိုး**


၁။ *ဦးစိုးရှိန်။ ဦးသန့်၏ဘဝဖြစ်စဉ်နေ့စွဲများ။ ငွေတာရီ၊ အမှတ်(၉)၊ ဇန်နဝါရီ ၁၉၆*
၂။ *တက္ကသိုလ်စိန်တင်။ ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာဦးသန့်။ အားမာန်သစ်စာပေ၊ ၁၉*
၃။ *သန့်၊ ဦး။ မြို့ပြပုံပြင်များ။ ပြည်ကြီးမဏ္ဍိုင်ပဋကတ်ပုံနှိပ်တိုက်၊ ၁၉၃၄*
၄။ *သန့်၊ဦး။ ပြည်တော်သာခရီး၊(ပ)မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ ၁၉၆၁*
၅။ *ဂန္ထလောကနှင့် ခေတ်စမ်းစာဆိုနှစ်ဦး။(အမှတ်၁၄၄၊ ချယ်ရီ၊ ဇွန် ၂၀၀၇ ခုနှစ်)*
၆။ *Bingham, June: Thant. The Search for Peace, Alfred A.Knopf, Inc. 1970*


❖ ❖ ❖






မင်းသုဝဏ်
(၁၉၀၉ - ၂၀၀၄)

www.burmeseclassic.com

www.burmeseclassic.com



မဟာသရေစည်သူ ဒေါက်တာဘဟန်နှင့် ဇနီး ဒေါ်သိန်းကြွင်

# အဘိဓာန်ပညာရှင်နှစ်ဦး၏ရေစက်

၁၄-၅-၆၉

***မနေ့က ဒေါက်တာဘဟန် အနိစ္စရောက်ကြောင်း***

***သတင်းစာတွင်ပါသည်။ အသက်ရှစ်ဆယ်။ ညနေ အသုဘပို့သည်။***

အဘ၏ နေ့စဉ်မှတ်တမ်းတိုကလေးအရ အဘိဓာန်ပညာရှင်ကြီး ဒေါက်တာဘဟန်သည် အသက်ရှစ်ဆယ်အရွယ်၊ ၁၃-၅-၆၉ နေ့က ကွယ်လွန်ခဲ့သည်။ ဆရာသခင်လည်းဖြစ်၊ အဘိဓာန် ပညာဆွေးနွေးဖော် လုပ်ဖော်ကိုင်ဘက်လည်းဖြစ်သူ၏ နောက်ဆုံးဘဝခရီးကို အဘ ပို့ဆောင်ခဲ့သည်။

အဘနှင့် ဒေါက်တာဘဟန်တို့ အသက်အားဖြင့် နှစ်ဆယ်နီးပါး ကွာခြားသည်။ ဒေါက်တာ ဘဟန်သည် ၁၉ နှစ်သားအရွယ် တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ဘာသာရပ်တိုင်း ဂုဏ်ထူးရ၍ အောင်မြင်သည့်နှစ်တွင်မှ အဘကို ကွမ်းခြံကုန်းမြို့တောင်ဘက်တဲမ်း နာတာပူချိုး အရှေ့ပိုင်း၌ အဖဦးလွန်းပင်၊ အမိ ဒေါ်မိတို့မှ မွေးဖွားခဲ့သည်။ အဘနှင့် ဒေါက်တာဘဟန်တို့ ရေစက်စတင်ဆုံခဲ့ကြသည်မှာ ၁၉၄၄ ခုနှစ်ထက်နောက်မကျကြောင်းကို အထောက်အထားခိုင်လုံစွာတွေ့ရှိရသည်။ ထို့ထက် ၁၀ နှစ်ခန့်စော၍ တက္ကသိုလ်မဟာဝိဇ္ဇာတက်နေခိုက် . . .

(က) တက္ကသိုလ်ကျောင်းတိုက် မြန်မာအသင်း အတွင်းရေးမှူး

(ခ) ဗုဒ္ဓဘာသာအသင်း အတွင်းရေးမှူး

(ဂ) တက္ကသိုလ်ကျောင်းတိုက် နှစ်လည်မဂ္ဂဇင်း အယ်ဒီတာ



www.burmeseclassic.com

www.burmeseclassic.com



(ဃ) ဂန္ထလောကမဂ္ဂဇင်း အယ်ဒီတာ
(င) မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း (BEEA) ကော်မတီဝင် တာဝန်များယူခဲ့
သည့် အဘနှင့် တက္ကသိုလ် ဥပဒေပါမောက္ခဆရာကြီး ဒေါက်တာဘဟန်တို့
တစ်နည်းမဟုတ်တစ်နည်းဖြင့် ဆုံခဲ့ကြုံခဲ့ကြဖွယ်ရာလည်း များစွာရှိပေသည်။

၁၉၄၄ ခုနှစ်တွင် အစိုးရ၏အကူအညီဖြင့် မြန်မာနိုင်ငံပညာတံခွန်အသင်းဟူ၍ ပေါ်ပေါက်ခဲ့ဖူးလေသည်။ အသင်း၏ ဥက္ကဋ္ဌဒေါက်တာဘဟန် လက်အောက်၌ ပညာစွယ်စုံဌာနနှင့် အဘိဓာန်ဌာနဟူ၍ အဓိကဌာန နှစ်ခုရှိသည်။ ပညာစွယ်စုံဌာန၏ တာဝန်ခံမှာ သူကြီးဂေဇက် ဦးခင်မောင် (၁၈၉၂-၁၉၅၂) ဖြစ်၍ အဘိဓာန်ဌာန၏ တာဝန်ခံစာတည်းမှာ ဦးဝန် (၁၉၀၉-၂၀၀၄) တို့ အသီးသီးဖြစ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ အဘနှင့် ဆရာကြီးဒေါက်တာဘဟန်တို့နှစ်ဦး၏ရေစက် စတင်ဆုံစည်းခဲ့ကြသည်ဟု မလွဲမသွေဆိုနိုင်ပါသည်။ ဤပုဂ္ဂိုလ်နှစ်ဦး မဆုံစည်းမီ အဘိဓာန်ပညာရှင်ကြီး ဒေါက်တာဘဟန်၏ စိတ်ဝင်စားဖွယ်၊ အားကျဖွယ်၊ အတုယူဖွယ် ရှေ့ပိုင်းဘဝဖြစ်စဉ်များကိုလည်း ဖော်ပြရန်သင့်မည်ထင်ပါသည်။


ဒေါက်တာဘဟန်ကို အဖ ဦးမောင်မောင်ကျေး၊ အမိ ဒေါ်သိန်းတင်တို့မှ ၁၈၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့ပါသည်။ ငယ်စဉ်ကပင် စာဖတ်ဝါသနာပါပြီး၊ အင်္ဂလိပ်စာဖတ်ခြင်း၌ အထူးမွေ့လျော်ခဲ့သည်။ ၁၀ နှစ်သားအရွယ်တွင် ညီဖြစ်သူ ဒေါက်တာဘမော်နှင့်အတူ စိန်ပေါကျောင်း၌ အခမဲ့ပညာသင်ကြားခွင့် ရရှိခဲ့ကြသည်။ ၁၉၀၅ ခုနှစ်တွင် ဘွဲ့ကြိုကျောင်းသားအဖြစ် ရန်ကုန်ကောလိပ်အငယ်တန်းပညာသင်ဆု ရခဲ့သည်။ ကျောင်းတွင် ဆရာပြည့်စုံမှု မရှိ၍ ပညာသင်ဆုကိုစွန့်လွှတ်ပြီး ကာလကတ္တားရှိ **Duff College** သို့ သွားရောက်ပညာသင်ယူသည်။ ထိုစဉ်က ရန်ကုန်ကောလိပ်ကို ကာလကတ္တားတက္ကသိုလ်နှင့် တွဲဖက်ထားသည့်ကာလ ဖြစ်သည်။ ၁၉၀၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ပြန်လာပြီး ဥပစာတန်း ဖြေဆိုအောင်မြင်သည်။ အကြီးတန်းပညာသင်ဆုရပြန်ကာ ဝိဇ္ဇာတန်း ဆက်တက်သည်။ ၁၉၀၈ ခုနှစ်တွင် အင်္ဂလိပ်သမ္မာကျမ်းစာကို အထူးလေ့လာဖတ်ရှုလိုက်စားခဲ့သည်။ ထိုအခါ ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် နှစ်နှစ်ကာကာ ယုံကြည်ကိုးစားမှု ရရှိခဲ့သည်။ ထို့အပြင် သမ္မာကျမ်းစာများဖတ်ရှုမှုသည် သူ၏ ဝေါဟာရကြွယ်ဝမှုနှင့်ရေးသားဟန်တို့အပေါ် အထူးအကျိုးသက်ရောက်ခဲ့သည်။ ၁၉၀၉ ခုနှစ်တွင် ဘာသာရပ်တိုင်းဂုဏ်ထူးရ၍ ဝိဇ္ဇာဘွဲ့ကိုဆွတ်ခူးသည်။ ဤနှစ်သည် အဘတို့ တွမ်းခြိကုန်းမြို့၌ မွေးဖွားသည့်နှစ် ဖြစ်သည်။ ဒေါက်တာဘဟန်သည် ဘွဲ့ရပြီးသည်နှင့် ရန်ကုန်ကောလိပ်သိပ္ပံဘာသာ သရုပ်ပြရာထူးကို ရရှိခဲ့သည်။ ၁၉၁၂ ခုနှစ်တွင် အငယ်တန်း နိုင်ငံ့ဝန်ထမ်းတာဝန်သို့ ပြောင်းရွှေ့ထမ်းဆောင်သည်။ အင်္ဂလိပ်-မြန်မာ အဘိဓာန်ဆရာကြီး ဦးထွန်းငြိမ်း၏ လက်အောက်၊ **လက်ထောက်အစိုးရ စာတော်ပြန်အရာရှိ (Assistant Government Translator)** အဖြစ် ၁၉၁၃ ခုနှစ်တွင် ဝင်ရောက်





ထမ်းသည်။ ပညာလိုလားသူ ဒေါက်တာဘဟန်သည် အလုပ်တစ်ဖက်နှင့် မဟာဝိဇ္ဇာဘွဲ့ရရှိရေးကို အားထုတ်သည်။ စာများကို မိမိဘာသာ လေ့လာဖတ်ရှုပြီး ကာလကတ္တားတက္ကသိုလ် မဟာဝိဇ္ဇာဘွဲ့အတွက် အပြင်မှ အလွတ်သဘော ဝင်ရောက်ဖြေဆိုသည်။ အချိန်ပြည့် ကျောင်းသားများအကြား တတိယ အဆင့်ရ၍ အောင်မြင်ခဲ့သည်။

တပည့်ဖြစ်သူ၏ အင်္ဂလိပ်ဘာသာ၊ စာပေပါရမီရင့်သန်မှုကို ဂရုပြုမိသည့် ဦးထွန်းငြိမ်းက "မောင်ဘဟန်ဟာ မြန်မာစာမှာထက် အင်္ဂလိပ်စာမှာ ပိုပြီးကျွမ်းကျင်သည်" ဟု မှတ်ချက်ပေးခဲ့ဖူးသည်။ မြန်မာစာပေကို အင်္ဂလိပ်စာပေကဲ့သို့ အလားတူ ထဲထဲဝင်ဝင်ကျွမ်းလိုသည့် ဒေါက်တာဘဟန်သည် ရဟန်းလူထွက်၊ မြန်မာစာပေပညာရှင်များထံချဉ်းကပ်ကာ၊ ကဗျာ၊ လင်္ကာ၊ ပျို့၊ မော်ကွန်း၊ ရတု၊ ရကန်တို့ကို လေ့လာလိုက်စားပြန်သည်။ ပညာပါရမီရှင်တစ်ဦးဖြစ်သည့်အလျောက် ရှင်ဥတ္တမကျော်၏ တောလား (၉)ပုဒ်၊ လက်ဝဲသုန္ဒရ ရတုတို့ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည်အထိ မြန်မာစာပေကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ခဲ့သည်။ ဒေါက်တာဘဟန်အပေါ် ယုံကြည်ကိုးစားမှု အပြည့်အဝရှိလာသည့် ဦးထွန်းငြိမ်းသည်သူ၏ပထမအကြိမ် ပုံနှိပ် အင်္ဂလိပ်-မြန်မာအဘိဓာန်ကြီးကို ပြင်ဆင်တည်းဖြတ်ပေးရန် တာဝန်ပေးလေတော့သည်။ မိမိပခုံးပေါ်ကျရောက်လာသည့်တာဝန်ကို ခက်ခက်ခဲခဲ အပတ်တကုတ်ကြိုးစား၍ ထမ်းဆောင်သည်။ အသက် ၂၅ နှစ်အရွယ်၊ ၁၉၁၅ ခုနှစ်တွင် လုပ်ငန်းစတင်ရာ ၁၉၁၇ ခုနှစ်တွင် ဦးထွန်းငြိမ်း၏ အင်္ဂလိပ်-မြန်မာ အဘိဓာန်ကြီးကို ပြင်ဆင်တည်းဖြတ်၍ ဒုတိယအကြိမ် အောင်မြင်စွာထုတ်ဝေနိုင်ခဲ့သည်။ ဤသို့ ဆရာဖြစ်သူ၏



အဘိဓာန်ဌာနဖွင့်လှစ်ခဲ့သည့် ဦးကြာငံရေနံ(တွမ်းခြိကုန်းမြို့)



www.burmeseclassic.com

www.burmeseclassic.com



အဘိဓာန်လုပ်ငန်းကို စိတ်ဝင်တစား အလေးထားဆောင်ရွက်ခဲ့မှုကြောင့် ဒေါက်တာဘဟန်သည် နောင်တွင် မိမိကိုယ်ပိုင်အဘိဓာန်ကိုပြုစုနိုင်လောက်သည့် ပညာဗဟုသုတရရှိခဲ့သည်။

အသက် ၂၈နှစ်အရွယ်တွင် လုပ်ရည်ကိုင်ရည်ပြည့်ဝသော ဒေါက်တာဘဟန်သည် မိမိထက် လုပ်သက်များသူ ၂၀၀ ခန့်ကိုကျော်၍ မြန်မာနိုင်ငံဝန်ထမ်း **Myanmar Civil Service** သို့ တိုးမြှင့်ခန့်အပ်ခံရသည်။ နောက်ပိုင်းတွင် ဦးထွန်းငြိမ်း၏စာတော်ပြန်အရာရှိတာဝန်ကို ဆက်ခံယူရသည်။ လစာ ၈၀၀/-ဖြင့် ချောင်ချောင်လည်လည် ရှိလာသည်။ ညီဖြစ်သူ ဒေါက်တာဘမော်ကို ကိန်းဘရစ်(ချ်)တက္ကသိုလ်သို့ ပညာသင်စေလွှတ်ပေးခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် အင်္ဂလိပ်လူမျိုး **ICS** အရာရှိကြီးတစ်ဦး မြန်မာစာဂုဏ်ထူးတန်းဖြေဆိုမည့် ဘုတ်အဖွဲ့၏ အစိုးရခန့် သဘာပတိအဖြစ် ဆောင်ရွက်ရသည်။ မှုနှင့်အညီ အလုပ်လုပ်သည့် ဒေါက်တာဘဟန်သည် အရည်အချင်းမမီသည့် အင်္ဂလိပ်အရာရှိကြီးကို စာမေးပွဲအအောင်မပေးခဲ့ပေ။ အဆိုပါကိစ္စအတွက် မေးခွန်းအထုတ်ခံရရာ "ဘုရားသခင်အလိုတော်အတိုင်း ပထမ ဆောင်ရွက်ပါသည်၊ ပြီးမှ အစိုးရ၏အလိုကျ ဆောင်ရွက်ပါသည်" ဟူ၍ အဖြေပေးခဲ့သည်။ အုပ်ချုပ်သူလူမျိုးခြားကို အအုပ်ချုပ်ခံမြန်မာလူမျိုးတစ်ဦးက မှုနှင့်ရဲရင့်စွာ ရင်ဆိုင်ခဲ့သည့် ဖြစ်ရပ်တစ်ခု ဖြစ်သည်။ ယင်းဖြစ်ရပ်နောက် ဒေါက်တာဘဟန်သည် အစိုးရဝန်ထမ်းဘဝကို စွန့်လွှတ်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ပညာသင်သွားရောက်လို၍ အလုပ်တာဝန်မှ ခွင့်ပြုရန် အထက်သို့ တင်ပြလျှောက်ထားလေသည်။ ပညာသင်ခွင့်ရသည်နှင့် မြန်မာနိုင်ငံမှ ၁၉၂၂ ခုနှစ်၌ ထွက်ခွာခဲ့သည်။

ဒေါက်တာဘဟန်သည် ကိန်းဘရစ်(ချ်)တက္ကသိုလ်၌ ၁၉ ရာစု အင်္ဂလိပ်ကဗျာဆရာကြီး **William Blake** အကြောင်း ရှေးဦးစွာ သုတေသနပြုသည်။ ယင်းနောက် လင်ကွန်းအင်း **(Lincoln's Inn)** ဥပဒေပညာသင်ကျောင်း၊ ပြင်သစ်နိုင်ငံ ဗော်ဒိုးတက္ကသိုလ် **(Bordeaux University)**၊ ဂျာမနီနိုင်ငံ ဖရိုင်းဗွဂ်တက္ကသိုလ် **(Freiburg Univer sity)** တို့၌လည်း သုတေသလုပ်ငန်းများ ပြုလုပ်ပညာရှာမှီးသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျောင်းဖွင့်ချိန်၊ ကျောင်းအားရက်များ ကွာခြားမှုကို အခွင့်ကောင်းအဖြစ်ရယူကာ တက္ကသိုလ်များအကြား ခေါက်တုံ့ခေါက်ပြန် ကူးလူးပညာရှာသည်။ အဓိကမဏ္ဍိုင်ထား၍ သုတေသနပြုချက်များမှာ ကဗျာအကျော်အမော် ဗလိတ်အကြောင်း ဖြစ်လေသည်။ စားလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ်ဖြစ်သည်။ **William Blake : His Mysticism** ခေါင်းစဉ်ပါ စာတန်းကို ဗော်ဒိုးတက္ကသိုလ်သို့ တင်သည်။ ဖရိုင်းဗွဂ်တက္ကသိုလ်သို့ **Evolution of Blakean Philosophy** စာတမ်းတင်သည်။ ဖွဲလုံ့လ ကောင်းစွာကြိုးစားပြီး အချိန်ကို တန်ဖိုးရှိစွာအသုံးချတတ်သဖြင့် ၃ နှစ်တာ အချိန်တိုကာလအတွင်း လင်ကွန်းအင်းမှ ဝတ်လုံတော်ရဘွဲ့ **(Barrister at Law)**၊ ဘော်ဒိုးတက္ကသိုလ် မှ စာပေပါရဂူဘွဲ့ **(D.Litt)**၊ ဖရိုင်းဗွဂ်တက္ကသိုလ်မှ



ပါရဂူဘွဲ့ **(Ph.D)**အသီးသီးတို့ကို ဆွတ်ခူးရရှိခဲ့သည်။

၁၉၂၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။ ပြန်ရောက်ပြီးနောက်တစ်နေ့ အကောက်ခွန်ရုံး၌ ပစ္စည်းများစစ်ဆေးခံရွေးယူရန်သွားသည်။ ရာထူးတိုးမြှင့်ရေးအတွက် အထက်ကဆောင်ရွက်ပုံ မကျေနပ်သည့် အကောက်ခွန်ရုံးအရာရှိချုပ်က ယင်းကိစ္စ အာဏာပိုင်များထံတင်ပြပေးရန် ငွေ ၄၀၀ ကျပ်ဖြင့် အမှုအပ်နှံခြင်းခံရသည်။ ဝတ်လုံတော်ရဘဝဖြင့် အသက်မွေးရာတွင် ပထမဦးဆုံးသော အမှုဖြစ်ခဲ့သည်။ (ဗိုလ်ချုပ်တို့နှင့်အတူလုပ်ကြံခံခဲ့ရသော အတွင်းဝန်ဦးအုန်းမောင်၏ အသက်လျော်ကြေးရရှိရေးအမှုကိုလည်း အောင်မြင်အောင်လိုက်ပါဆောင်ရွက်ပေးခဲ့သည်။) ၁၉၂၉ ခုနှစ်တွင် လက်ထောက်အစိုးရရှေ့နေရာထူးကို ရသည်။ ထိုနှစ်ကား ဆရာမှတ်ကြီးကျောင်းခေါ် စိန့်ဂွန်းကျောင်းမှ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ကျောင်းတိုက်သို့ အဘ စတင်ဝင်ရောက်သည့်နှစ် ဖြစ်ပါသည်။ ဒေါက်တာဘဟန် ဥပဒေပါမောက္ခဖြစ်လာသော ၁၉၃၅ ခုနှစ်တွင် အဘသည် မဟာဝိဇ္ဇာ (မြန်မာစာ)ဘွဲ့ကို ရရှိခဲ့ပါသည်။ ပညာတော်သင်ဆုရ၍ ၁၉၃၆ ခုနှစ် ဩဂုတ် ၂၂ ရက်နေ့တွင် ပဲခူးသင်္ဘောဖြင့် အင်္ဂလန်နိုင်ငံပညာတော်သင်ခရီးကို အဘ စတင်ခဲ့သည်။ အောက္ခစဖို့ဒ်တက္ကသိုလ်တွင် **Development of the Burmese Language in the Medieval Period** ခေါင်းစဉ်ပါစာတမ်းကို ၁၉၃၈ ခုနှစ်၌ ပြုစုတင်ပြခဲ့ပြီး လန်ဒန်အရှေ့တိုင်းနှင့် အာဖရိကဘာသာရပ်များလေ့လာရေးကျောင်း **(School of Oriental and African Studies)**သို့ ပြောင်းရွှေ့ ပညာသင်ယူသည်။ ပါမောက္ခစတီးဝပ် **(J.A. Stewart)** ထံမှ အဘိဓာန် ပြုစုတည်းဖြတ်ရေးပညာ **(Lexicography)** ကို ဆည်းပူးသင်ယူသည်။ ကျောင်းအားရက်များတွင် ကိန်းဘရစ်(ချ်)အနီးမစ္စတာစတီးဝပ်နေထိုင်ရာ **Bishop's Stortford** မြို့ကလေးသို့သွားသည်။ တက္ကသိုလ်အင်္ဂလိပ်-မြန်မာအဘိဓာန်ကို ပြုစုနေကြသော စတီးဝပ်နှင့် မစ္စတာဒန်း **(C.W.Dunn)** တို့အား ကူညီလုပ်ဆောင်နေသည့် မြန်မာပညာရှင် ဦးခင်မောင်လတ် **(B.A.,A.T.M)** နှင့်အတူ အဘိဓာန်လုပ်ငန်းများတွင် ဝင်ရောက်ကူညီလုပ်ဆောင်သည်။ ဤသို့အားဖြင့် အဘသည် အဘိဓာန်ပညာရှင်များထံမှ အဘိဓာန်ပညာကို စာတွေ့လက်တွေ့ ကောင်းစွာသင်ယူခွင့် ရရှိခဲ့သည်။ ၁၉၃၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် အောက္ခစဖို့ဒ်တက္ကသိုလ်မှ စာပေဝိဇ္ဇာဘွဲ့ **(B.Litt)** ကို ရရှိခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ဩဂုတ်လ ၄ ရက်နေ့တွင် 'ပဲခူး' သင်္ဘောဖြင့်ပင် ပြန်လည်ထွက်ခွာခဲ့သည်။ လမ်းခုလတ်၌ စစ်ရိပ်စစ်ငွေ့ကြောင့် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ၌ ဩဂုတ်လ ၃၁ ရက်နေ့တွင် ခေတ္တသင်္ဘောဝင်ကပ်သည်။ စက်တင် ဘာလ ၃ ရက်နေ့တွင် အင်္ဂလိပ်တို့စစ်ကြေညာပြီး ဒုတိယကမ္ဘာစစ်အတွင်း ဝင်သည် နှင့် ကြုံကြိုက်သည်။ မြန်မာနိုင်ငံသို့ စက်တင်ဘာလ ၅ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

တက္ကသိုလ်ကျောင်းတိုက် **(University College)**၊ အရှေ့တိုင်းပညာရပ်

www.burmeseclassic.com

www.burmeseclassic.com



(Oriental Studies) ဌာနတွင် လက်ထောက်ကထိကအဖြစ် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အမှုထမ်းသည်။ ၁၉၄၄ ခုနှစ် စစ်ကြီးအတွင်း အစိုးရအကူအညီဖြင့် ဒေါက်တာ ဘဟန် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော မြန်မာနိုင်ငံတော် ပညာတံခွန်အသင်းကို တည်ထောင်ခဲ့ရာ အသင်း၏လုပ်ငန်းတည်ရာအရပ်မှာ နဂိုမူလက ရန်ကုန်ဖြစ်သော်လည်း စစ်ဘေးစစ်ဒဏ်ကြောင့် ဘေးကင်းရာကွမ်းခြံကုန်းမြို့သို့ ပြောင်းရွှေ့ခဲ့ရသည်။ အသင်း၏အဓိကလုပ်ငန်းရပ်ကြီးနှစ်ခုအနက် အဘိဓာန်ပြုစုရေးကို တာဝန်ယူရသည့် အဘ၏ "အဘိဓာန်ဌာန" ကို ကွမ်းခြံကုန်းမြို့ ရွှေကျင်ကျောင်းတိုက် ဦးကြာဇံဇရပ်၌ ၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ဖွင့်လှစ်လုပ်ငန်းစတင်ခဲ့သည်။ အဘိဓာန်ဌာနကို ကြည့်ရှုကြီးကြပ်ရသောအဖွဲ့ဝင်တွင် ဦးဖေမောင်တင် (သဘာပတိ)၊ ဦးခင်မောင်လတ် (A.T.M)၊ ဦးသိန်းမောင်၊ ဦးသိန်းဟန်၊ ဦးဝန် (အဘိဓာန်စာတည်း)၊ ဦးစိန်ဝင်း (လက်ထောက်စာတည်း) နှင့် ဦးတင် (အသင်းအတွင်းရေးမှူး)တို့ ပါဝင်ကြသည်။ အဘိဓာန်ကျမ်းပြုစုရေးတွင် အတိုင်ပင်ခံစာတည်းပုဂ္ဂိုလ် ၃ ဦးရှိ၍ ယင်းတို့မှာ ဦးဖေမောင်တင် (သဘာပတိ)၊ ဦးဘချိုနှင့် ဦးခင်မောင်လတ်တို့ ဖြစ်ကြသည်။ အဘိဓာန်ရုံးစိုက်ရာ ဦးကြာဇံဇရပ်သည် အဘ၏အဘိုးဖြစ်သည့် ဦးကြာဇံ ရှေးအခါကဆောက်လုပ်လှူဒါန်းခဲ့သော ဇရပ်ဖြစ်ပြီး၊ အဘငယ်စဉ်က မြန်မာစာသင်ယူခဲ့ရာ ဆရာလေးဦးဖိုးလှိုင်၏ လောကဓာတ်ကျောင်းအဖြစ်လည်း ရောက်ရှိခဲ့ဖူးလေသည်။ ကွမ်းခြံကုန်းမြို့၌ အဘိဓာန်လုပ်ငန်းများ ဆောင်ရွက်နေစဉ် သခင်နု အလှူတစ်ခုသို့ လာရောက်ခိုက် ရုံးလုပ်ငန်းများဝင်ရောက်လေ့လာသွားပုံကို အဘ၏ ၂၀-၁-၄၅ ရက် (စနေ)နှင့် ၂၁-၁-၄၅ (တနင်္ဂနွေ) နေ့စွဲပါ နေ့စဉ်မှတ်တမ်းများအရ ဖော်ပြပါအတိုင်း တွေ့ရှိရပါသည်။

"

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

*နေဝင်ဖျိုးဖျတွင် ဝန်ကြီး သခင်နု၊ လွှတ်တော်အမတ်များဖြစ်သော ဒီးဒုတ်ဦးဘချို၊ ဟံသာတ ဦးမြ၊ မြန်မာ့အလင်း ဦးတင်တို့ ရောက်လာသည်။ ဆရာဦးဘချို၏ ဖနီးဒေါ်လှမေနှင့် သမီးနှစ်ယောက်လည်းပါသည်။ ညစာကို သူတို့နှင့်အတူ မိတ်သဘင်တွင်စား၍ ဦးဘာဘာ အလှူ-အဘိမ္မော တရားပွဲသို့သွားသည်။ ည ၁၁ နာရီမှ အိမ်ပြန်ရောက်သည်။*

နောက်တစ်နေ့ . . .

*"နံနက်စောစော အမတ်မင်းများနှင့် ဝန်ကြီးထံသို့သွား၍ လက်ဖက်ရည်သောက်ပြီးသောအခါ အဘိဓာန်ရုံးသို့ဖိတ်၍ လုပ်ငန်းကိုပြသည်။ ခြေထိုင်းနာသည် **Beri Beri** ဖြစ်လေသလားဟု အထောက်အထားစာရွက်များကို ပြကာမေးရာ ဆရာဦးဘချိုက မဟုတ်ဟု ပြောသည်။ **Beri Beri** မှာ ထုံနာစို့နာဖြစ်သည်ဟု ပြောသည်။ အဘိဓာန် ရုံးတွင် ပရဆေးစုံစုထားသည်ဟု ဆရာဦးဘချိုက ပြောသည်။ ထို့နောက် ကြားကျောင်း ဦးဘာသာအလှူသို့ သွားသည်။ အလှူမှ ၁၀*





*နာရီလောက်တွင် ဂုဏ်ရုံသို့သွား၍ ပြည်သူ့အစည်းအဝေးတွင် တရားဟောပြောကြသည်။ ကျွန်ုပ်က အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ရသည်။ စည်းလုံးညီညွတ်စွာနှင့် စစ်ကို အောင်နိုင်အောင်တိုက်ဖို့ အထူးတိုက်တွန်းသွားကြသည်။"*

လေကြောင်းအန္တရာယ်များ တစ်နေ့တခြား များပြားလာသောကြောင့် လုပ်ငန်း ဆိုင်ရာပစ္စည်းများကို ရွှေကျင်ကျောင်းတိုက်သို့ ပြောင်းရွှေ့သိမ်းကြရသည်။ ဧပြီလ ၇ ရက်နေ့တွင် လုပ်ငန်းများကို ခေတ္တရပ်ဆိုင်းလိုက်ရတော့သည်။

လုပ်ငန်းရပ်ဆိုင်းလိုက်ရသော အကြောင်းနှင့် လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းအားလုံး ဘေးကင်းရန်ကင်းရှိကြောင်း၊ ဥက္ကဋ္ဌဖြစ်သူထံ အဘ သတင်းပို့သည်။ လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများမပျက်စီးရှိသည်ကိုသိရ၍ ဝမ်းသာကြောင်း၊ ရပ်ဆိုင်းလိုက်ရသည့် အဘိဓာန်လုပ်ငန်းကို တက္ကသိုလ်မှာတာဝန်ယူရေး သူကြိုးစားမည့်အကြောင်း၊ သူ၏ ထိုင်း-အင်္ဂလိပ်၊ မလေး-အင်္ဂလိပ်၊ အဘိဓာန်များ ချောင်းဆုံမြို့တွင်ကျန်ခဲ့ကြောင်း။လက်ဝယ်ပြန်လည်ရရှိသည့်အခါ အဘအတွက်ပို့ပေးမည်ဖြစ်ကြောင်း ၁၆-၁၀-၄၅ရက်နေ့တွင်စာပြန်သည်။

၁၉၄၅ ခုနှစ်တွင် ဒေါက်တာဘဟန်သည် ရန်ကုန်တက္ကသိုလ် ဥပဒေ မဟာဌာနမှူးဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရခါနီး စစ်အတွင်း ရပ်ဆိုင်းခဲ့ရသော အဘိဓာန်လုပ်ငန်းအရပ်ရပ်ကို မြန်မာနိုင်ငံ ပညာတံခွန်အသင်းက ၁၉၄၇ ခုနှစ်တွင် တက္ကသိုလ်သို့ လွှဲပေးခဲ့သည်။ အဘသည် ဇွန်လ ၁ ရက် နေ့တွင် တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၏ ဌာနမှူးတာဝန်ကိုရယူကာ၊ အဘိဓာန်လုပ်ငန်းများကို ပြန်လည်စတင်ဆောင်ရွက်သည်။ တက္ကသိုလ်ကောင်စီက အဘိဓာန် အကြံပေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ရာ အဖွဲ့ဥက္ကဋ္ဌမှာ ဒေါက်တာဘဟန်ပင် ဖြစ်လာပြန်ရာ၊ အဘနှင့် ရေစက်ဆုံကြပြန်ပါသည်။ ထိုနှစ်အတွင်း ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း အဓိပတိလမ်းမကြီးပေါ်ရှိ နေအိမ်သို့ ဒေါက်တာဘဟန် ပြောင်းရွှေ့ရောက်ရှိခဲ့သည်။ တက္ကသိုလ်ဝင်းအတွင်း အဓိပတိလမ်းမကြီးနှင့်အပြိုင် ပုဂံလမ်းဟူ၍ရှိသည်။ ထို့ကြောင့် အဓိပတိလမ်းနေ ဒေါက်တာဘဟန်နှင့် ပုဂံလမ်းနေ အဘတို့ အလုပ်သဘောအပြင် နေထိုင်ရာပါ ပိုမိုနီးစပ်လာခဲ့ကြသည်။ ၁၉၄၇ ခုနှစ်၌ပင် ရန်ကုန်တက္ကသိုလ်မှ ဒေါက်တာ ဘဟန်ကို ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့ (LL.D)ပေးအပ်ခဲ့သည်။ အသက် ၆၀ ပြည့်သည့် ၁၉၅၀ ပြည့်နှစ်တွင် ဥပဒေပါမောက္ခရာထူးမှ အငြိမ်းစားယူရာ၊ တက္ကသိုလ်မှ ဂုဏ်ထူးဆောင် ဥပဒေပါမောက္ခ (Professor Emeritus of Law)အဖြစ် ထပ်မံခန့်အပ် တာဝန်ပေးခဲ့ပြန်သည်။ တစ်ချိန်က ဥပဒေကျောင်းသား ဖြစ်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုကမေတ္တာရပ်ခံ၍ နိုင်ငံတော်တရားသူကြီးချုပ်ရာထူးကို လက်ခံခဲ့သည်။ သို့သော်လည်း အိမ်စောင့်အစိုးရတက်လာသည်နှင့် အဆိုပါရာထူးမှ နုတ်ထွက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ဝေါဟာရများ အရှိန်အဟုန်နှင့် တိုးပွားများပြား

www.burmeseclassic.com



လာရာ၊ ခေတ်မီအင်္ဂလိပ်-မြန်မာ အဘိဓာန်တစ်ခု လိုအပ်လာပြီဖြစ်ကြောင်းကို ဒေါက်တာဘဟန် ဂရုပြုမိလာသည်။ ထို့ကြောင့် အငြိမ်းစားယူပြီး နောက်တစ်နှစ် ၁၉၅၁ ခုနှစ်မှ စ၍ အင်္ဂလိပ်- မြန်မာ အဘိဓာန်လုပ်ငန်းကို စောက်ချစတင် လုပ်ကိုင်သည်။ စနေနေ့များတွင် ဒေါက်တာဘဟန် နေအိမ်ခြံဝင်းသည် အဘနှင့် ဒေါက်တာဘဟန်တို့ စာပေဆွေးနွေးရာနေရာဖြစ်လာသည်။ ဒေါက်တာဘဟန်၏သမီးဖြစ်သူ ဒေါ်မြင့်မြင့်ဟန်၏ ပြန်ပြောပြချက်အရ စနေနေ့များတွင် အဘ၏ စားအိမ်သောက်အိမ်သည် သူ့ဖခင်၏ နေအိမ်ဖြစ်ခဲ့ကြောင်း သိရပါသည်။

အဘိဓာန် ပထမတွဲ၊ ၁၉၅၁ ခုနှစ်၊ ဇွန်လတွင် ထွက်ရှိလာခဲ့သည်။ ဒေါက်တာဘဟန်က

*"My thanks are also due to U Wun M.A.,B.Litt (Oxon), Head of the Department of Translation and Publication, Yangon University and to my son-in-law U Tin Thein B.A., B.L., of Lincoln's Inn, Barrister-at-Law. They have unstintedly helped me with their rich stores of accurate scholarship and information."*

ဟူ၍ အဘိဓာန်နိဒါန်းတွင် ဖော်ပြခဲ့ပါသည်။ ၁၉၅၃ ခုနှစ်ခန့်တွင် ဒေါက်တာဘဟန်သည် တက္ကသိုလ်ဝင်း အမိပတီလမ်းနေအိမ်မှ ပြောင်းရွှေ့သွားခဲ့သည်။ အနေမနီးတော့သော်လည်း အဘနှင့် စာပေဆွေးနွေးတိုင်ပင်မှုကား အဆက်ပြတ်မသွားပေ။ ၁၉၆၅ ခုနှစ်တွင် "ထိုးဇာတ်" နှင့် "ပြဇာတ်" အကြား ကွာခြားမှုကို အဘထံ စာရေး မေးမြန်းခဲ့သည့် ဒေါက်တာဘဟန်၏ ၂၉-၆-၆၅ နေ့စွဲပါ -

<u>ဒေါက်တာဘဟန်၏ ပေးစာ</u>

ဒေါက်တာ ဘဟန်
[illegible]
[illegible]
[illegible]
Dr. BA HAN,
[illegible]
BARRISTER-AT-LAW.

[illegible]
[illegible] STREET,
RANGOON

Dated Rangoon, 29th June 1965.

My dear U Wun,

Is it correct to say that Padethayaza's Maniket Pyazat is the first pyazat in Burmese and that the word pyazat then gained currency? What is the difference between a pyazat and a Htozat? Why is Htozat is called? Am I right in thinking that Mandwin-sat or Mandwin pyazat is a play meant to be read and that pyazat is a play intended to be acted? There is another point in regard to which I am not clear about. Tedat is translated sonnet by Dr. Hla Pe. U Pe Mg Tin in his History of Burmese Literature gives a different view which is not clear to me. I hope you will be good enough to dissolve my doubts in these matters with the necessary references giving the name of the book and that of the author, the place and year of place of publication, and the page where the reference occurs.

I am sorry that I have pestered you with these knotty questions.

Yours sincerely,

(DR. BA HAN)





<u>ဦးဝန်၏ ပြန်ကြားစာ</u>

ဝန်ကြီးပဒေသရာဇာ၏ "မဏိကက် ပြဇာတ်" သည် မြန်မာစာပေသမိုင်းတွင် အစောဆုံးတွေ့ရသောပြဇာတ်ဖြစ်သည်ဟူသောအဆိုမှာ မှန်ကန်ပါသည်၊ မဏိကက်ပြဇာတ်သည် ကုန်းဘောင်ခေတ်တွင်ရေးသားကြသော နန်းတွင်းထုတ်ပြဇာတ်တို့၏ ရှေ့ပြေးလမ်းညွှန်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။(၁)

ပြဇာတ်ဟူသည်မှာ များသောအားဖြင့် ဘုရားလောင်းပါတ်တော်လာ ဇာတ်ဝတ္ထုတစ်ခုခုကိုဖွဲ့ဆိုသော ဇာတ်စာဖြစ်ပါသည်။ ထိုးဇာတ်မှာမူကား ဘုရားလောင်းပါတ်တော်လာ ဇာတ်ဝတ္ထုများမှအပဖြစ်သော ပါးစပ်ရာဇဝင်လာ အကြောင်းအရာ အဋ္ဌာရီ စသည်တို့ကိုဖွဲ့သော ဇာတ်စာဖြစ်ပါသည်။

ကုန္ဒာဝံသ၊ ဝိဇယကာရီ စသော နန်းတွင်းဇာတ်တော်ကြီးများမှာ ကပြရန်မဟုတ်၊ နန်းတော်တွင်း အဖျင်းပြေဖတ်ရှုနားဆင်ရန်ရည်ရွယ်၍ ရေးဟန်တူပါသည်။ ကုန္ဒာဝံသ နန်းတွင်းဇာတ်တော်ကြီးမှာ စာမျက်နှာပေါင်း ခြောက်ရာကျော်ရှိပါသည်။ ဝိဇယကာရီမှာ ကုန္ဒာဝံသ၏ ၂ ဆခန့်ရှိပါလိမ့်မည်။

မဏိကက်ပြဇာတ်၊ မဟော်ပြဇာတ်၊ ဝေဿန္တရာပြဇာတ်၊ ဝဏ္ဏပြဇာတ်၊ ဒေမပြဇာတ်၊ ရေသည်ပြဇာတ်၊ ဝိဇယပြဇာတ်သည်တို့မှာ ကပြရန်ရည်ရွယ်ရေးသော ဇာတ်များဖြစ်ပါသည်။ ဇာတ်ချင်းများ၊ ပတ်တိုက်များ၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပြောဆိုပုံများကိုထောက်၍ သိနိုင်ပါသည်။

"တေးထပ်"ကို ဒေါက်တာလှဖေက **"Sonnet"**ဟု ခေါ်ထားသည်မှာ အနီးစပ်ဆုံးကို ဖော်ပြထားဟန်တူပါသည်။ ဦးဖေမောင်တင်ရေးမြန်မာစာပေသမိုင်းတွင် တေးထပ်အကြောင်းကို ဆရာဖတ်ရပါပြီ။ ပုပ္ပားဦးကျော်ရင်ရေး ကဗျာရတုကျမ်း၊ ပထမတွဲ စာမျက်နှာ ၃၂၉-၃၃၂ တွင် တေးထပ်အကြောင်း အကျယ်ဖတ်ရှုနိုင်ပါသည်။(၂)

---

*(၁) မဏိကက်ပြဇာတ်၊ အစိုးရပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၀။*

*(၂) ကဗျာရတုကျမ်း၊ ပထမတွဲ၊ သုခဝတီပုံနှိပ်တိုက်၊ မန္တလေးမြို့၊ ၁၉၄၁။*

မင်းသုဝဏ်

စာနှင့် ပြန်လည်ဖြေကြားခဲ့သည့် အဘ၏စာတို့က ယင်းအချက်ကို သက်သေထူလျက် ရှိပါသည်။

၁၉၅၁ ခုနှစ်မှ ၁၉၆၆ ခုနှစ်၊ ၁၅ နှစ်တာကာလအတွင်း အဘိဓာန် ၁၀ တွဲကို ပြုစုပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ အဘိဓာန်အတွဲ ၁၀၊ နိဂုံးချုပ်နှုတ်ခွန်း ဆက်စကားတွင် ဒေါက်တာဘဟန်က . . .

*"U Wun M.A., B.Litt. (Oxon) and U Tin Thein B.A., B.L., Barrister-at Law whose help I acknowledge in my preface have*



www.burmeseclassic.com

www.burmeseclassic.com



*continued to render their invaluable assistance."*

ဟူ၍ အဘနှင့် သူ၏သားမက်ဖြစ်သူတို့၏ ကူညီပံ့ပိုးခဲ့ကြမှုကို ထပ်မံအသိအမှတ်ပြု ဖော်ပြခဲ့ပြန်ပါသည်။

မြန်မာ့စွယ်စုံကျမ်းတွင် ဒေါက်တာဘဟန်၏အဘိဓာန်နှင့် စပ်လျဉ်း၍ -

*"မြန်မာနိုင်ငံရှိ အင်္ဂလိပ်စကားလုံးများကို မြန်မာသို့ အနက်ပြန်ထားသော အဘိဓာန်များထဲတွင် ဂျပ်ဆင်အဘိဓာန်၊ ထို့နောက်ထွက်သော ဦးထွန်းငြိမ်းအဘိဓာန်တို့ကို ယခုတိုင်သုံးစွဲလျက်ရှိကြ၏။ နောက်ဆုံးပေါ်နှင့် အစုံဆုံးအဘိဓာန်မှာ ဒေါက်တာဘဟန်ပြုစုသော တက္ကသိုလ် အင်္ဂလိပ်-မြန်မာအဘိဓာန်ဖြစ်၏။*

ဟူ၍ ဖော်ပြထားပေသည်။

မင်းယုဝေ၏ "ဒေါက်တာဘဟန်နှင့် အင်္ဂလိပ်-မြန်မာ အဘိဓာန်" ဆောင်းပါး၌လည်း -

*"မြန်မာစာပေလောက၌ ပထမဆုံးသော အင်္ဂလိပ်မြန်မာအဘိဓာန်သည် မကွဲရာမင်းသားကြီးနှင့် အင်္ဂလိပ်ကုန်သည်ကြီး မစ္စတာလိန်းတို့ တွဲဖက်ပြုစုသော အဘိဓာန် ဖြစ်သည်။ ထို့နောက် ဒေါက်တာယုဒသန်၏ အင်္ဂလိပ်-မြန်မာအဘိဓာန်၊ ဦးထွန်းငြိမ်း အင်္ဂလိပ်-မြန်မာ အဘိဓာန်၊ ဦးရွှေကြူ၏ အင်္ဂလိပ်-မြန်မာအဘိဓာန်၊ ဒေါက်တာဘဟန်၏ အင်္ဂလိပ်-မြန်မာအဘိဓာန် စသည်တို့ပေါ်ထွက်ခဲ့သည်။ ယင်းတို့အထဲတွင် ဒေါက်တာဘဟန်၏ အဘိဓာန်သည် အပြည့်စုံဆုံး၊ အစုံလင်ဆုံး၊ အကျယ်ပြန့်ဆုံး၊ အခိုင်မာဆုံးဖြစ်ပေသည်" ဟူ၍* ရေးသားဖော်ပြခဲ့သည်။

အသက် ၆၁ နှစ်အရွယ်တွင်မှ အဘိဓာန်လုပ်ငန်းဆရာအတွက် အဘိဓာန်ပြုစုပြီးစီးရေး ပူပန်သောကဖြစ်သည့် တပည့်တစ်ဦးအား ဒေါက်တာဘဟန်က "ဘုရားသခင်၊ ကျွန်တော့်ကို ခေါ်တော်မူလိုလျှင်လည်း ခေါ်တော်မူပါ။ သို့သော်လည်း ကျွန်တော်ပြုစုနေသည့် အဘိဓာန်ကြီးပြီးစီးသည်အထိတော့ စောင့်တော်မူပါ" ဟု သူ့ဆုတောင်းရှိကြောင်း ပြောကြားခဲ့သည်။ အဘိဓာန်ကြီးပြီးစီးပြီး သုံးနှစ်ကြာမှ ဆရာကွယ်လွန်ခဲ့၍ ဒေါက်တာဘဟန် ဆုတောင်းပြည့်ခဲ့ပါသည်။ ထိုမျှမကသေး ၁၉၆၂ ခုနှစ် အသက် ၇၂ အရွယ်တွင် ဒေါက်တာဘဟန်သည် အမေရိကန်အစိုးရ၏ **Land-Grant Centennial Lecturer** အစီအစဉ်အရ အမေရိကန်အစိုးရက မြေနေရာပေးထားသော ကောလိပ်ကျောင်းများသို့ ၄ လကြာ လှည့်လည်၍ ဟောပြောပို့ချမှုများ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံ သုတေသနအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ်လည်း ၁၉၆၀-၁၉၆၂၊ ၂ နှစ်တိုင်တိုင် ဆောင်ရွက်ခဲ့ပေသေးသည်။

အဘကား ဒေါက်တာဘဟန်ကဲ့သို့ ဆုတောင်းမပြည့်ရှာခဲ့ပေ။ သူ့ဘဝတာဝန်ဖိုးထားသည့် နိုင်ငံအကျိုးပြုလုပ်ငန်းကြီးကို လမ်းခုလပ်တွင် ရပ်ဆိုင်းခဲ့ရသည်။ အဘိဓာန် ၅ တွဲမျှသာ ပြုစုနိုင်ခဲ့ရှာသည်။ အဘ၏ "တက္ကသိုလ် မြန်မာအဘိဓာန်" ခေါင်းစဉ်တပ် လက်ရေးမှတ်တမ်းက ဖြစ်ရပ်စုံလင်နှင့် အဘ၏ခံစားချက်ကို ဖော်ပြလျက် ရှိပါတော့သတည်း။

## "တက္ကသိုလ်မြန်မာအဘိဓာန်"

**၁၉၅၂-၁၉၆၄** တွင် **အဘိဓာန် ၅ တွဲ**ပြီးတယ်။ ဆလိမ်အထိပြီးတယ်။ စာမျက်နှာပေါင်း ၈၅၃၊ အုပ်ရေ တစ်သောင်း။ ပညာရပ်ဝေါဟာရများ **A to Z** စာမျက်နှာပေါင်း ၁၂၀၂။ တက္ကသိုလ်အဘိဓာန်ကို ကိုယ်တိုင်ပြုစုတယ်။ ပညာရပ်ဝေါဟာရများကို ခေါင်းဆောင်ပြီးပြုစုတယ်။ ပညာရှင်မျိုးစုံလည်းပါရဲ့။ လူကြီးမကြိုက်ဆို၍ ၂ မျိုးစလုံး အသုံးမခံရ။ ဝေါဟာရစာအုပ်က စက္ကူကောင်းနဲ့ ပုံနှိပ်ပြီးမှ ဖုံးထားရတယ်။ အနည်းငယ် အပြင်ကိုပေါက်ထွက်တယ်။ အများသုံးတဲ့ပညာရပ်ဝေါဟာရများမှာ ယင်းစာအုပ်ထွက်များဟု ပြောကြတယ်။ ပညာရပ်ဝေါဟာရမှာ ကျိုက္ကဆံပြပွဲတွင်တင်ပြရာ လူကြီးသဘောမကျ၍ ထုတ်ဝေခွင့်မပြုတော့။ ဌာနတွင် ထွန်ရှိစဉ်ကတည်းက နှစ်ပေါင်းများစွာ ပင်ပင်ပန်းပန်းလုပ်ခဲ့ရသည်။ 'မသင့်သည်ထိုပြင်၊ လိုသည်ကိုဖြည့် ဆက်လက်လုပ်သွားနိုင်ပါရဲ့။ ယနေ့ထိအောင် ကျွန်ုပ် ကျန်းမာသေးသည်။ ဆက်လုပ်နေခဲ့ရလျှင် ပြီးနိုင်သည်။ **Oxford English Dictionary** ထို ဤကဲ့သို့ပင်လုပ်သည်။ ငါတို့တိုင်းပြည်တွင်ကား ပညာအင်အားကုန်၊ ပစ္စည်းအင်အားဆုံးရှုံး၊ စိတ်အင်အားပျက်ပြား၍ ငါတို့၏ကံကြမ္မာ။ စာမျက်နှာပေါင်း ၁၂၀၀၊ စာတမျက်နှာ ပျမ်းမျှ ကြေးစာလုံး ၆၀၊ ကြေးစာလုံး ၇၂၀၀၀ လောက်ရှိမယ်။ အလဟဿ ဖြစ်ခဲ့ရတယ်။

**Foot Note**

Dr.Johnson: Dictionaries are like watches,
the worst is better than none, and the best
cannot be expected to go quite true.

**မှတ်ချက်**

(က) ပညာတံခွန်အသင်း - ဆရာကြီး ဦးဖေမောင်တင်ကိုယ်တိုင် ပါဝင်တတ်ရောက်သောအဘိဓာန်အဖွဲ့၏ ၁၅-၅-၄၃ ရက်နေ့ အစည်းအဝေးအမှတ်(၁) မှတ်တမ်းအရ အသင်းကို ၁၉၄၃ ခုနှစ်၌ ဖွဲ့စည်းပြီးကြောင်း တွေ့ရသည်။

**ကျမ်းကိုး**

(၁) မြန်မာအဘိဓာန်၊ မြန်မာ့စွယ်စုံကျမ်း။ အတွဲ ၁၀၊ (မြွတ်-ယူး)၊ ဘာသာပြန်စာပေအသင်း။ ၁၉၆၆

(၂) Dr.Ba Han, The University English-Myanmar Dictionary, Vol III, 1996.







www.burmeseclassic.com

www.burmeseclassic.com



ရှေ့တန်း(ဝဲမှယာ) ဦးညီညီ (NN)၊ ပါမောက္ခဦးမျိုးမင်း(နွယ်စိုး)၊ ဦးနီ။
နောက်တန်း(ဝဲမှယာ) ဦးညီပြုံ(ဦးသိန်းတင်)၊ ဦးသန့်တင်(ရွှေပြည်စိုး)၊ ဦးဝန်(မင်းသုဝဏ်)

# အဘာမှတ်တမ်းများမှ ဆရာကြီးဇေယျ

ဆရာဇေယျသည် သူ၏သက်တမ်းတစ်လျှောက် ခေတ်အဆက်ဆက်ရှိသူများနှင့်စာပေလုပ်သားများအပေါ် အကျိုးပြုမည့် စာပေအများအပြားရေးသားခဲ့သည်။ ဝတ္ထုရေးသားခြင်းဖြင့် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့သည်။ ဝတ္ထုတိုဝတ္ထုရှည်၊ ရုပ်ရှင်ဇာတ်ညွှန်း၊ သုတရသဆောင်းပါး၊ ရိုးရိုးဆောင်းပါးများစွာကို ရေးခဲ့သည်။ ကြိုးကြားကြိုးကြားတေးထပ်၊ ရှစ်ဆယ်ပေါ်၊ ဒွေးချိုး၊ သဖြန်များလည်း ရေးသားစပ်ဆိုသည်။ စာပေသုခမမှုစ၍ လူမှုရေး၊ အုပ်ချုပ်ရေးအထိ အကြောင်းအရာစုံဝါဝင်ခဲ့သည်။ ဆရာ့ကို ခေတ်အဆက်ဆက်ကလောင်ရှင်တို့၏ ဆရာတစ်ဆူဟုဆိုကများအံ့မထင်။ ထို့ကြောင့်လည်း ကလောင်ရှင်အများကဆရာ့အကြောင်းအတော်များများ ရေးခဲ့ဖူးကြပေပြီ။ ဆရာ့ဆောင်းပါးအချို့၌လည်း သူ့ဘာဝအကြောင်းကိုတစ်စေ့တစောင်းဖော်ပြတတ်သည်။ ဆရာ့ကို သိမီသူများပြန်လည်သတိရစေခြင်းငှာလည်းကောင်း၊ မသိမမီလိုက်သူများလည်း အထိုက်အလျောက် သိရှိရင်းနှီးမှု ရရှိစေရန်လည်းကောင်း ဆရာ့အကြောင်းပြန်လည်ဖော်ပြရန် ဆန္ဒဖြစ်ခဲ့ပါသည်။ ခရီးသွားတန်လွှဲ ဆရာက အဘာကို သူ့ဘာဝအကြောင်းကလေးများ ပြောပြတတ်သည်။ အဘာက တလေးတစားနားထောင်ရုံမက မှတ်တမ်းများအဖြစ် ဂရုတစိုက် ရေးမှတ်ထားသည်ကို အတော်များများ ဂရုပြုမိပါသည်။ ယခင် ကလောင်ရှင်များ ရေးသားခဲ့ကြသည့် ဆရာ့အကြောင်းများကို အကျဉ်းချုပ်ပြီး အဘာမှတ်တမ်းပါ အကြောင်းအရာများ



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ အလျဉ်းသင့်သလို ပေါင်းစည်းဖော်ပြရန် ကြိုးစားပါမည်။

ငွေကလွဲ၍ ဘာမျှမရှိတဲ့သတ္တဝါကို သေ(သူ)ဌေးခေါ်သည်ဆိုသော အမေရိကန်သန်းကြွယ်သူဌေး ရော့ကားဖဲလား (John D.Rockefeller) ၏ သံဝေဂ စကားကို ဆရာက နှစ်မြို့က်သဘောကျသည်။ လူ့ဘဝကို ကောင်းအောင်မဖန်တီးနိုင်လျှင် တာဝန်မကင်းဟူသော ခံယူချက်ဆရာ့မှာ ရှိသည်။ ခံယူချက်နှင့်အညီ ဆရာသည် သူ့သက်တမ်းနှင့်အမျှ တစ်ဆင့်ပြီးတစ်ဆင့် အများအကျိုးပြုစာပေများကို တိုးတက်ရေးသားပြုစုသည်။ ဆရာက သူ့ကိုယ်သူ စာရေးဆရာဘဝသို့ လမ်းမှား၍ဝင်လာခြင်းဖြစ်သည်ဟု ပြောဖူးသည်။ ယင်းသို့ ဆရာလမ်းမှားခြင်းကပင် ကျွန်ုပ်တို့အတွက် မင်္ဂလာတစ်ပါး ဖြစ်ခဲ့ပါသည်။ ထိုမင်္ဂလာအချိန်သည် လွန်ခဲ့သော ၈၇ နှစ်၊ ရန်ကုန်ဘူတာကြီးသို့ နတ္တလင်းမှ ဆရာရောက်ရှိလာခဲ့ပြီး ၂ လအကြာတွင် စတင်ခဲ့သည်ဟု ဆိုချင်ပါသည်။

ဆရာ့ကို ၁၉ဝဝ ပြည့်နှစ်တွင် ဖီးကုန်းမြို့၌ အမိ ဒေါ်ရွှေကြိုးမှမွေးဖွားပေးခဲ့ပါသည်။ ထိုနှစ်ကား မြန်မာနိုင်ငံတွင် ဓမ္မနှင့်ပတ်သက်၍လည်းကောင်း၊ စာပေပညာနှင့်ပတ်သက်၍လည်းကောင်း၊ ထူးချွန်သော ပုဂ္ဂိုလ်များဖြစ်ကြသည့် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၊ ဝိပဿနာဆရာကြီး ဦးဘခင်၊ မဟာဆွေ၊ ကျောက်စာဝန် ဦးလူဖေဝင်းတို့ကို မွေးဖွားခဲ့သည့်နှစ်လည်း ဖြစ်ပါသည်။ မွေးစကဆရာဘုန်းကြီးနှင့် တိုင်ပင်ပြီး မိခင်ကြီးက အောင်မြင့်ဟု နေ့သင့်နံသင့် အမည်ပေးသည်။ ကိုဖိုးကွန်းနှင့် မထွေးလေးတို့ ဇာတ်အဖွဲ့ ဖီးကုန်းသို့လာရောက် ကပြချိန်နှင့်တိုက်ဆိုင်၍ ဇာတ်ကိုအစွဲပြုပြီး မိဘနှစ်ပါးက ဖိုးကွန်းဟုလည်းခေါ်သေးသည်။ အိမ်မှိုအိန္ဒိယလူမျိုးအလုပ်သမားကြီးက သူ့သဘောကျစွတ်ကရားဟု ခေါ်ပြန်သည်။ ဆရာလေးနှစ်သားအရွယ်ရောက်သည့်အခါ ခရစ်ယာန်ဘာသာဝင်ဖခင်ကြီး အကျိုးဆောင်ရွှေစလွယ်တော်ရမင်း၊ သစ်တောဝန်ထောက် ဦးခလယ် (K.S.M)က ယောရှုဟု သားကို နှစ်ခြင်းမင်္ဂလာ အမည်ထပ်မံပေးပြန်ပါသေးသည်။

မောင်ယောရှုသည် ဖီးကုန်းမြို့ အေဘီအမ် (အမေရိကန် နှစ်ခြင်းဘာသာ အသင်းတော်) အလယ်တန်းကျောင်းတွင် ကျောင်းစနေသည်။ ၈ တန်းကို သာယာဝတီမြို့ အေဘီအမ် အလယ်တန်းကျောင်းသို့ ပြောင်းနေသည်။ သူရိယမဂ္ဂဇင်းမှ ဝတ္ထုတိုပြိုင်ပွဲကြော်ငြာတွေ့၍ ဝတ္ထုတစ်ပုဒ်ရေးပို့ ပြိုင်ပွဲဝင်သည်။ ရှစ်တန်းအောင်ပြီး ၁၉၁၈ ခုနှစ်တွင် ပြည်မြို့ အစိုးရအထက်တန်းကျောင်းသို့ ကျောင်းအိပ်ကျောင်းစားသွားနေသည်။ ပြိုင်ပွဲဝင်ခဲ့သည့်ဝတ္ထု၊ တစ်နှစ်ကျော်ကြာမှ မဂ္ဂဇင်းတွင်ပါလာသည်ကို ဖတ်ရသည်။ ဝမ်းသာလွန်း၍ လူတကာကိုလိုက်ပြသည်မှာ အမောပင်။ ဆုကြေး ၁၅ ကျပ်မှာ သာမန်ဟင်းမျိုးနှင့် ထမင်းတစ်လခန့်စားနိုင်သော ခေတ်ဖြစ်သည်။ နောက်ပိုင်း ဝါသနာတူသူငယ်ချင်းများအကူအညီဖြင့် ကျောင်းမဂ္ဂဇင်းကို လက်ရေးနှင့်ရေးသားထုတ်ဝေသည်။ အယ်ဒီတာလည်း လုပ်သည်။ ၁၉၂၀ ခုနှစ်၊ အသက် ၂၀





အရွယ်တွင် ဆယ်တန်းကို သုံးဘာသာဂုဏ်ထူးနှင့် အောင်သည်။

ဖခင်ကြီးဦးခလယ်သည် လွန်ခဲ့သောဆယ်နှစ်ခန့်ကပင် ကွယ်လွန်ခဲ့ပြီ။ ဆရာ တက္ကသိုလ်ပညာဆက်လက်သင်ယူရန် အခက်အခဲရှိလာသည်။ မိခင်ကြီးက သားဖြစ်သူကို ဖခင်ခြေရာနင်းစေလိုသည်။ သားကို ရှေ့ဦးစွာ ပျဉ်းမနားသစ်တောကျောင်းပို့၊ တောအုပ်ဖြစ်၊ နောက်ပိုင်း အဆင့်ဆင့်ဆက်လက်ကြိုးစားကာ ဝန်ထောက်ဖြစ်လာစေချင်သည်။ အဖေ့အမွေဆက်ခံရန် ကံကပါမလာ၊ ဆရာပြောခဲ့သလို စာရေးဆရာဘဝ လမ်းမှားရောက်ရန် ကံကဖန်လာသည်။ ကျောင်းနေဘက် မောင်မောင်ကလေးက အလည်သဘောလည်းဖြစ်၊ အလုပ်သဘောလည်းပါ၊ ရန်ကုန်သို့လာရန် ခေါ်သည်။ မောင်မောင်ကလေး၏အစ်မ ဒေါ်ငြိမ်းရှင်နှင့် ခင်ပွန်းဦးဘညွန့်တို့က မြန်မာအဆွေကုမ္ပဏီကိုပိုင်ဆိုင်ကာ ကြွယ်ဝသူများဖြစ်ကြသည်။ အင်္ဂလိပ်ကုန်တိုက်ကြီးများနည်းတူ ကုန်ပစ္စည်းမျိုးစုံရောင်းသည်။ ရုပ်ရှင်ကုမ္ပဏီအသစ်တစ်ခုဖြစ်သော နယူးဘားမားဖလင်ကုမ္ပဏီတွင်လည်း အရင်းအနှီးထည့်ဝင်ထားကြသည်။ တစ်ဖန် သမားရိုးကျမဟုတ်ဘဲ ထူးထူးခြားခြားဆန်းသစ်သော မဂ္ဂဇင်းတစ်စောင်ကိုထုတ်ရန်လည်း အစီအစဉ်လုပ်နေကြသည်။

၁၉၂၀ ပြည့်နှစ် ဇူလိုင်လဆန်း ၁ ရက်နေ့တွင် ရန်ကုန်သို့ ဆရာရောက်လာသည်။" ခရီးရောက်မဆိုက်၊ မြန်မာအဆွေကုမ္ပဏီ၏ တိုက်သားနှင့် မဂ္ဂဇင်းအဖွဲ့ဝင် ဖြစ်သွားသည်။ လခ ၅၀ ကျပ်နှင့် စသည်။ ထိုနေ့မှာပင် သူငယ်ချင်းမောင်မောင်ကလေး ဇာတ်ရုံအဖြစ်ပါဝင်ရမည့် ရုပ်ရှင်ရိုက်ကွင်းသို့ လိုက်သွားပြီး မှတ်တမ်းတင်ရန်အတွက် မှန်ဝင်၍ကူလို့ပေးလိုက်ရသေးသည်။ ဆရာ ရန်ကုန်ရောက်ပြီး ၂ လ အကြာ ဒဂုန်မဂ္ဂဇင်းသစ် စတင်ထွက်ပေါ်လာသည်။ မဂ္ဂဇင်း အယ်ဒီတာများမှာ ဆရာလွန်း၏တူ ဦးဘိုးသစ် (မောင်သစ္စာ)နှင့် ဦးဘခိုင် (ရွှေလရောင်)တို့ ဖြစ်ကြသည်။ ဒဂုန်ပထမစာစောင်အတွက် "ဗိုလ်လရောင်" ဝတ္ထုကိုရေး၍ ဆရာ ကလောင်စွမ်းပြသည်။ ရိုးသားနှိမ့်ချတတ်သူဆရာက သူ့စာမူသည် ဆရာဦးဘိုးသစ်၏ ပြင်ဆင်ချက်ဖြင့် အနီရောင်လျှမ်းလျှမ်းတောက်တော့သည်ဟု ဆိုသည်။

ဝတ္ထုအတွက် ကလောင်အမည် စဉ်းစားသည်။ ဆရာအဆိုပြုသော "ခေတ္တရာနံမောင်" ကို အယ်ဒီတာများက မကြိုက်ကြ။ နောက်ဆုံး စားပွဲပေါ်ရှိ ယုဒသန်မြန်မာ-အင်္ဂလိပ်အဘိဓာန်ကိုယူ၊ မျက်စိမှိတ်၍ ဓားနှင့်ထိုးကာစာမျက်နှာကိုလှန်သည်။ ဇေရ (ဇေယျ) ဟူသောစကားလုံးပေါ်သို့ဓားဦးကျသည်။ ဇေရသည်အောင်ခြင်းအနက်ဆောင်သည်။ ဆရာက တနင်္ဂနွေသားလည်းဖြစ်သည်။ အတိတ်နိမိတ်ကောင်းယူပြီ အယ်ဒီတာဆရာများကလည်းသဘောကျ၍ ဒဂုန်ဇေရ (ဇေယျ) ဖြစ်လာသည်။ မဂ္ဂဇင်းထွက်ပြီးနှစ်လအကြာ "ဗိုလ်ရန်အောင်" ဝတ္ထုကောင်းကြောင်း၊ ရွှေအောင်ဆရာလွန်း/သူရိယသတင်းစာတိုက်မှ ဆရာလွန်း(သခင်ကိုယ်တော်မှိုင်း) ချီးကျူးစကားပြောကြားခဲ့သည်။ ဆရာလည်း ဝတ္ထုများဆက်တိုက်ရေးသည်။ နာမည်အရဆုံးကား



www.burmeseclassic.com

www.burmeseclassic.com



ရွှေထား (မား) ဗိုလ် (မြတ်လေး ရွှေထားဗိုလ်) ဝတ္ထုတိုများဖြစ်သည်။ ရွှေဂျိုးမြူ လိုက်တော်မူခဲ့တို့လည်း နာမည်ရခဲ့သည်။ သီဟပျံ၊ သိန်းလေးဆယ် စသော ဝတ္ထုရှည် များကိုလည်း ရေးခဲ့သည်။ အယ်ဒီတာဆရာနှစ်ဦးလမ်းညွှန်မှုအရ ကဝိလက္ခဏ သတ်ပုံ၊ ကဗျာသာရတ္ထသတ်ပုံ၊ ဆကာရန္တသတ်ပုံတို့ကို ရှာဖွေဝယ်ယူသည်။ ပြီးတော့ ဆရာနှစ်ဦးထံ နည်းနာခံလေ့ကျက်မှတ်သားခဲ့သည်။

၁၉၂၃ ခုနှစ်တွင် ရန်ကုန်မြို့ အမျိုးသားကျောင်း၊ မြန်မာဘာသာဆိုင်ရာ ဝန်ထောက်ဆာ ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း)၏သမီး မမြရီနှင့် အိမ်ထောင်ကျသည်။ ထိမ်မြားမင်္ဂလာဖိတ်ကြားစာ၌ ဒဂုန်မဂ္ဂဇင်းတိုက်အယ်ဒီတာ မောင်ရောဟု သုံးနှုန်း ထားသည်ကို တွေ့ရသည်။ ဒဂုန်မဂ္ဂဇင်းတွင် ၄ နှစ်ကျော်လုပ်ပြီး ၁၉၂၅ ခုနှစ် ဧပြီလ ၁၀ ရက်နေ့၌ ဇေယျသတင်းစာကို ကိုယ်တိုင်ဦးစီးထုတ်ဝေသည်။" သတင်းစာဟု ခေါ်ထားသော်လည်း အမှန်မှာတစ်ပတ်လျှင်တစ်ကြိမ်ကျထုတ်ဝေသော ဂျာနယ်ဖြစ် သည်။ ဆရာလွန်း၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ပီမိုးနင်း၊ ဉာဏတို့ ပါဝင်ရေးသား ကြသည်။ ၁၉၂၆ ခုနှစ်ဆန်းတွင် လုပ်ငန်းကို အခြားသူတစ်ဦးလက်သို့ လွှဲလိုက်သည်။ ဇူလိုင်လ စတင်ထုတ်ဝေသည့် လန်ဒန်အတ်မဂ္ဂဇင်းတွင် ဆရာပီမိုးနင်းနှင့်အတူ အယ်ဒီတာဝင်လုပ်သည်။ တစ်ဖန် တစ်နှစ်ခန့်အကြာ ၁၉၂၇ ခုနှစ် မေလတွင် စတင် ထွက်ရှိလာသည့် ဗြိတိသျှဘားမားမဂ္ဂဇင်း အယ်ဒီတာဖြစ်လာပြန်သည်။ လန်ဒန်အတ် နှင့် ဗြိတိသျှဘားမားမဂ္ဂဇင်း အယ်ဒီတာများလုပ်သည့်ကာလများတွင် အဆိုပါလုပ်ငန်း များ၏ လုပ်ငန်းခွဲ ရုပ်ရှင်ကုမ္ပဏီများအတွက် ဇာတ်ညွှန်းများလည်း ရေးပေးခဲ့သည်။

ဆရာသည် တက္ကသိုလ်ပညာ သင်ယူခွင့်မရခဲ့သော်လည်း ပညာရှာရာတွင် သူ့ဘဝတစ်လျှောက် အလျှင်မပြတ်ခဲ့ပေ။ အယ်ဒီတာဘဝများတွင် ဘားနဒ် အခမဲ့ စာကြည့်တိုက် **(Bernard Free Library)**သည် သူ၏ မှီခိုလဲလျောင်းရာ လူ့ တက္ကသိုလ်ကြီး ဖြစ်ခဲ့သည်။ မြန်မာနှင့်အင်္ဂလိပ်စာကြီးပေကြီး၊ ကျမ်းကြီးကျမ်းခန့်တို့ ထားရှိရာ စာကြည့်တိုက်ကြီးကို ဆယ်နှစ်ခန့် အဆက်မပြတ်အသုံးပြုခဲ့သည်။ ဆရာ သည် မြန်မာစာပေတွင်သာ နှံ့စပ်သည်မဟုတ်၊ အင်္ဂလိပ်စာကြီးပေပြီး၊ စာဟောင်း ပေဟောင်းတို့ကိုလည်း နှိုက်နှိုက်ချွတ်ချွတ်ဖတ်ဖူးသည်။ စာအုပ်ဟောင်းစာအုပ်သစ် များ အစဉ်ရှာဖွေဖတ်ရှုသည်။ ဝယ်ယူသိမ်းဆည်းသည်။ ရောက်လေရာအရပ်တိုင်း စာအုပ်ဆိုင်ရှိရာသို့ ခြေဦးလှည့်သည်သာ။"

နိုင်ငံပိုင် သူကြီးဂေဇက်တွင် အလုပ်လုပ်နေသော မိတ်ဆွေ၊ ဆရာဟောင်း ဖြစ်သူ ဦးခင်မောင်ကခေါ်ယူ၍ ၁၉၃၀ ပြည့်နှစ် ဇန်နဝါရီလမှစ၍ ဦးခင်မောင်၏ လက်ထောက်အဖြစ်အလုပ်ဝင်သည်။ သူကြီးဂေဇက်တွင် အလုပ်လုပ်သည့် ၉ နှစ်အတွင်း ကာလအတွင်း ဝတ္ထု ၄၅၀ ဆောင်းပါး ၄၅၀၊ ခေါင်းကြီး ၉၀၀ မျှလောက် ရေးခဲ့သည်။ ကဝိတံခွန်၊ ဒဂုန်၊ စာဆိုတော်၊ တိုးတက်မဂ္ဂဇင်းတို့တွင်လည်း ဆောင်းပါး၊ ဝတ္ထုတို များရေးသည်။ အင်္ဂလိပ်စာအရေးအသား၌ ပီမိုးနင်းနှင့် ဦးခင်မောင်တို့သည်လည်း





ဆရာ မင်းသုဝဏ်၊
ဆရာဇေယျနှင့်
မိတ်ဆွေနှစ်ဦး(ယာမှဝဲ)
၁၉၆၅ ခုနှစ်
ပြည်ထောင်စုနေ့(ဘားအံ)

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ မြန်မာစာပေအရာတွင် ဆရာလွန်း၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ဦးဘိုးသစ်၊ ဦးဘခိုင်တို့သည်လည်းကောင်း ဆရာ၏ သင်ဆရာ၊ မြင်ဆရာများ ဖြစ်ကြသည်။

၁၉၃၅ ခုနှစ်တွင် ဂန္ထလောကမဂ္ဂဇင်းအယ်ဒီတာ ပန်းတနော်ဦးခန့် (ဦးသန့်၏ညီ) သည် စာဆိုတော်မဂ္ဂဇင်းကို စတင်ထုတ်ဝေသည်။ မဂ္ဂဇင်းထွက်ပြီး နှစ်လခန့်အကြာ ပါဝင်ရေးသားကြသူများကို သူ၏အိမ်သို့ဖိတ်၍ တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ပေးရင်း ထမင်းကျွေးသည်။ ထိုနေ့ကားအဘနှင့်ဆရာဇေယျတို့ ပထမဆုံး တွေ့ဆုံသိကျွမ်းခဲ့ကြသည့်နေ့ဖြစ်သည်ကို အဘ၏ နေ့စဉ်မှတ်တမ်းတွင် အခိုင်အမာ တွေ့ရှိရပါသည်။

*၂၄-၁၂-၃၅ (အင်္ဂါနေ့)*

*ယနေ့ စာဆိုတော် ဒုတိယစာစောင် ထွက်သည်။ ဆရာသိန်းဟန် (ဇော်ဂျီ)၊ ကိုညီညီ (NN) မောင်သန့်တင် (ရွှေပြည်စိုး)၊ မောင်သိန်းတင် (ဦးညိုမြ)တို့နှင့် နံနက်စာ စားရန် ကိုခန့်အိမ်သို့သွားသည်။ ကိုဇေယျ(ကိုယော)နှင့် ကိုဉာဏ(ကိုအုန်းမောင်)တို့ လည်း ငါနှင့်အတူထမင်းစားသည်။ ကိုဇေယျကား ခပ်အေးအေး၊ စကားနဲနဲ၊ ကုလား ထိုင်ပေါ်တွင် တင်ပလ္လင်ချိတ် ထိုင်သည်။ ဆေးပေါ့လိပ်ကလေးကိုခဲ၍ တစ်ချက် တစ်ချက် ငါတို့၏ စကားဝိုင်းထဲတွင် ဝင်၍ပြောသည်။ လူကြီးကဲ့သို့ တည်တည်နေ သည်။ သို့သော်လည်း သူ့ကိုယ်ကို အသက်မကြီးသေးဟု ထင်သည်ဟု ပြောသည်။ သူ့ဘဝနှင့်သူ ကျေနပ်နေဟန်ရှိ၏။ ၁၉ နှစ်သားလောက်ကစ၍ ရန်ကုန်သို့ ဆင်းလာပြီး လျှင် စာရေးသောပညာဖြင့် အသက်မွေးလေသည်။ ရောက်စက သူ . . . မြင်လိုမြင် ဖျက်လိုဖျက် စွက်လိုစွက်လုပ်သဖြင့် စိတ်မကောင်းဖြစ်ရသည်ဟု ပြောသည်။ ရွှေဓား ဗိုလ် ဆိုလေ့ရှိသော "လတာပေါင်း၊ ခအောင်းငယ်တို့ပွင့်ချိန်တန်" ဆိုသော သီချင်းကို ဤမျှသာရ၏။ အဆက်ကို မသိဟုပြောသည်။ သူရေးသော "စင်တော်ကြီး" ခေါ် ဝတ္ထုမျိုး နောက်တစ်ပုဒ်လောက် ရေးပါဦးဟု ဆရာသိန်းဟန်က တိုက်တွန်းသောအခါ အမေသော်လည်းကောင်း၊ အဘွားသော်ငြင်း တစ်ဦးဦးသေလျှင်ဖြင့် ရေးနိုင်ကောင်း ၏။ ယခုလို ပြည့်စုံနေလျှင်ကား ရေးနိုင်မည်မဟုတ်ဟု ပြန်ပြောသည်။ ဝေ်မှ စာရေး ၍ ဖြစ်သည်။ ယခုမှာမူ အတော်အသင့်ပြည့်စုံနေသဖြင့် စာရေးလိုစိတ်မရှိဟု ပြော လေသည်။ လောကကို အသင့်အတင့် အပြေအပြစ် ကြည့်တတ် ပေါင်းတတ်ဟန် တူလေသည်။ အသားညိုညို၊ ခပ်ဝဝ၊ ထိပ်ပြောင်ပြောင်၊ စာဆိုတော်တွင် ပါသော သူ့ဓာတ်ပုံကိုကြည့်၍ အမွေးနုတ်ထားသောကြက်ကို လည်ညှစ်ထားသည်နှင့် မတူဘူး လားဟု ကျွန်ုပ်တို့အား သူကမေးလေသည်။*

*ကိုဉာဏကား ကိုအာကာသန်းနှင့် အသွင်တူသည်။ မျက်မှန်တပ်၏။ စကားများစွာပြော၏။ သူ့စိတ်တွင်ရှိသမျှကို ကရားရေလွှတ် ပြောလေသည်။ နှိမ့်ချ သောစိတ်လည်း ရှိဟန်တူ၏။ အလွန်ဖော်ရွေ၏။ သားသမီး ၇ ယောက်ရှိ၏။ ကိုဇေယျထက် လေးယောက်ပိုလေသည်။ ကိုဇေယျက သူ့ကို မင်းနှင့်ငါနှင့် ပြောလေ သည်။ ကိုဇေယျကို ခင်ဗျားကျွန်တော်နှင့် ပြောလေသည်။ အတော်ခင်မင် ကျွမ်းဝင်ကြဟန်တူ၏။*

၁၉၃၉ ခုနှစ်တွင် သူကြီးဂေဇက် ထုတ်ဝေမှုရပ်ဆိုင်းသွားပြီး ရွှေပြည်တော် သတင်းစာ ထွက်ရှိလာပါသည်။ ဆရာက ခေါင်းကြီးပိုင်းကိုတာဝန်ယူရသည်။ ဂျပန် ခေတ် ရောက်သောအခါ အစိုးရက ပညာရေးဌာနလက်အောက်၌ စာပေနှင့် စာကြည့် တိုက်ဌာနခွဲကို ဖွဲ့စည်းသည်။ ရုံးဌာနတည်ရာအရပ်ကား ရွှေတိဂုံစေတီတော်၊ အလယ် ပစ္စယံ - ရာဟုထောင့် - အမှတ် ၇၃၊ ကာလကတ္တားအသင်းဇရပ်ဖြစ်သည်။ ဌာနခွဲမှူး မှာ ဒု-ညွှန်ကြားရေးဝန် ဦးသိန်းဟန် (ဇော်ဂျီ)ဖြစ်သည်။ အဘက လက်ထောက် ညွှန်ကြားရေးဝန်တာဝန်ကိုယူ ရသည်။ ဌာနခွဲတွင် စာအုပ်စာတမ်း ဘာသာပြန်ထုတ် ဝေရေးကိစ္စပါဝင်ရာ ဆရာဇေယျက အဆိုပါဌာနတွင် ၎င်ရောက်အမှုထမ်းသည်။ စစ်ကြီးပြီးသောအခါ ဆရာ့ဌာနဟောင်းသည် ပြည်သူ့ဆက်ဆံရေးဌာနဟူ၍ အမည် သစ်ဖြင့် ရပ်တည်ကာ ဆရာကဘာသာပြန်အလုပ်များ ဆက်လုပ်ရသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်တွင် ဗိုလ်ချုပ်တို့ လုပ်ကြံခံရပြီးနောက်၊ ဖဆပလအစိုးရ ပြန်လည်ဖွဲ့စည်းသည်။ ဦးဉာဏက ပြန်ကြားရေးဌာနညွှန်ကြား ရေးဝန်အဖြစ်လည်းကောင်း၊ သူကြီးဂေဇက် ဦးခင်မောင်က ဒုတိယညွှန်ကြားရေးဝန် အဖြစ်လည်းကောင်း အသီးသီး တာဝန်ယူကြရသည်။ ဆရာသည်လည်း အလုပ်မှ နုတ်ထွက်သွားသော ဦးအုန်းဖေ (တက်တိုး)၏ သတင်းသုတေသနအရာရှိနေရာသို့ ရောက်လာသည်။ နောင်တွင် ညွှန်ကြားရေးတာဝန်ကို ဆရာရရှိလာခဲ့သည်။ မြန်မာ့ လွတ်လပ်ရေးနှင့်ဆက်နွယ်၍ အရေးကြီးသောတာဝန်တစ်ရပ်ကို ထမ်းဆောင်ခဲ့ဖူး သည်။ ယင်းကား လွတ်လပ်ရေးမော်ကွန်းကျောက်စာကမ္ပည်းထိုးရန် တာဝန်ပေးအပ် ခံရခြင်းဖြစ်သည်။ ဆရာပြုစုတင်ပြသည့်စာကိုယ်ကို အထက်လူကြီးများ သဘောတူ လက်ခံသဖြင့် လွတ်လပ်ရေးကျောက်တိုင်အောက်ခြေပတ်လည်၌ ကမ္ပည်းရေးထိုး ခဲ့ပေသည်။

ဆရာသည် အစိုးရတာဝန် ထမ်းဆောင်နေစဉ် ကာလအတွင်း နိုင်ငံတော်မှ အပ်နှင်းသည့် ဝဏ္ဏကျော်ထင်ဘွဲ့ကို ၁၉၅၀ ပြည့်နှစ်တွင်လည်းကောင်း၊ သီရိပျံချီဘွဲ့ကို ၁၉၅၅ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့သည်။ ၁၉၅၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ ညွှန်ကြားရေးတာဝန်မှ အငြိမ်းစားယူသည်။ ပညာရှင်တစ်ယောက်အနေဖြင့် မြန်မာ နိုင်ငံ သမိုင်းကော်မရှင်၊ ယဉ်ကျေးမှုကောင်စီ၊ မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန် ကော်မရှင်စသည့် စာပေ၊ ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်းများတွင် ဝင်ရောက် ထမ်းဆောင်သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူခဲ့ သည်။ စာပေဗိမာန် အစည်းအဝေးများတက်ရန် အဘနှင့် ကားတစ်စီးတည်းအတူသွား ရလေ့ရှိသည်။ ထိုသို့ အစည်းအဝေးသွားသည့်အခါများ၌ ဆရာပြောပြချက်များက အဘအတွက် အမှတ်တရဖြစ်စေသည်။ ၁၉၆၉ ခုနှစ်၊ မေလ ၂၈ ရက်နေ့ စာပေ






www.burmeseclassic.com

www.burmeseclassic.com



ဗိမာန်အုပ်ချုပ်ရေးအဖွဲ့အစည်းအဝေးအသွား လမ်းတွင် ဆရာပြောသည်ကို အောက်ပါအတိုင်း အဘမှတ်တမ်းတွင် တွေ့ရသည်။

၂၉-၅-၁၉၆၉

သကြံန်တွင်းတုန်းက ဆရာ ပြည်မြို့အနီး ရေနံတွင်းအရပ် ရွာများရှိ ဆွေမျိုးများထံ အလည်သွားသည်။ ရွာများတွင် ဓာတ်ငွေ့မီးတိုင်များနှင့် နေ့ရောညပါ လင်းထိန်နေသည်။ ဘေးအန္တရာယ် အလွန်ကင်းသည်။ စားဝတ်နေရေး ချောင်ချိသည် ဟုသည်ဖြင့် ပြောပြသည်။ ထိုအချိန်တွင် အပူချိန်မှာ ၁၀၉-၁၁၀ ရှိသည်။ "ပေါက်ခေါင်း နယ်ဆိုတာ ရှေးက အလုပ်မရှိ ၁၀၉-၁၁၀ တွေကို အကျယ်ချုပ်နဲ့ထားတဲ့နေရာ။ ဒါကြောင့် ၁၀၉-၁၁၀ ပူတာထင်တယ်" လို့ ရယ်စရာပြောခဲ့သေးတယ်ဟု ဆရာယော ပြောသည်။ နောက်တစ်လအကြာ၊ ဆရာနှင့် ဆုံသည့်မှတ်တမ်းကို အောက်ပါအတိုင်း တွေ့ရပြန်ပါသည်။

၂၆-၆-၆၉ (ကြာသတေးနေ့)

စာပေဗိမာန်ကားပေါ်တွင် ဆရာဇေယျနှင့် စကားလက်ဆုံ ကျသည်။ ဆရာ့အိမ်ရှေ့ကပန်းရုံဟာ မြတ်လေးလားဆရာ။ မဟုတ်ဘူး။ ဇွန်ရုံပါ။ တစ်နေ့ ၃ ကျပ်လောက်ဝင်တယ်။ နန်းကြိုးနဲ့သီပြီး ရောင်းရတယ်။ ကျောင်းသူတွေ သိပ်ကြိုက် တာပေါ့။ ကျွန်တော်က ရွှေဓားဗိုလ်ကိုအကြောင်းပြုပြီး မြတ်လေးများ စိုက်ထားသ လားလို့ပါ။ မြတ်လေးပင်က ပင်ကြီးပင်စောက်လို့ပြောတာပဲ။ မြတ်လေးဆိုတာ ဇွန်ပန်း လို စံပယ်မျိုးထဲကလို့ ကျွန်တော်ကြားဖူးတယ်ဆရာ။ မသိပါဘူးဗျာ။ တခါကလည်း ကျွန်တော့်စာထဲမှာ အနန်းပင်ကိုထည့်မိတယ်။ နောက်တော့ နားလည်တဲ့လူတွေက အနန်းဟာ အညာမပေါက်ဘူး။ အောက်မှာပေါက်တယ်ဆိုတာနဲ့ မန္တလေးသစ်တော ဝန်ကိုမေးပြီး စာထဲကပယ်ပစ်လိုက်ရတယ်။ လတာပေါင်း၊ ခအောင်းရယ်တဲ့ပွင့်ချိန်တန် ထဲက ခအောင်းကိုကော သိသလားဆရာ။ မသိပါဘူးဗျာ။ ပြဇာတ်စာအုပ်တစ်အုပ် ထဲက ရထားတဲ့ သီချင်းအတိုအစကလေးနဲ့ တူပါတယ်။ ကျွန်တော်က ဆူးလေဘုရား မှာ မုန့်ဟင်းခါး ၂ ပြားဖိုး၊ လက်ဖက်ရည်တစ်ခွက် ၃ ပြား သောက်လေ့ရှိတယ်။ အဲသည်တုန်းက ဆူးလေဘုရား ကုန်းတော်ပေါ်မှာ အိပ်ပျော်ရင်း အိပ်မက်မက်တယ် ဆိုတဲ့ ဝတ္ထုမျိုးကို ရေးတာပဲထင်ပါရဲ့။ ခင်ဝါသီအကြောင်းပေါ့။ ကျွန်တော် မုန့်စား နေတုန်း မိန်းမတစ်ယောက် အနားကဖြတ်လျှောက်သွားတယ်။ ချောချောလှလှပဲ။ ပုံနှိပ်တိုက်ပိုင်ရှင် ဒေါ်စိန်းမေလို့ အောက်မေ့လိုက်တယ်။ နောက် စုံစမ်းကြည့်တော့ မဟုတ်ဘူးဗျာ။ ရွှေရိုးဦးဘလေးရဲ့ အစ်ကို ဦးဘကြီးရဲ့ ဇနီးတဲ့။ အဲသည်မိန်းမကို မြင်တာနဲ့ ခင်ဝါသီ ဝတ္ထုကိုရေးတာပဲ။ ဒဂုန်အတွက် တစ်လတစ်ပုဒ်ရေးဖို့ တာဝန် ကျလို့ ရေးရတယ်။ ရန်ကုန်ကို ရောက်လာတော့ ရွံ့တွံ့တွံ့ပေါ့ဗျာ။ ဆရာ ပီမိုးနင်းတို့ ဘာတို့ဆို ရောမဆရာကြီးတွေပေါ့။ သူတို့က ကျွန်တော့်ကို လခ ၅၀ ပေးပြီး တံခါး ပေါက် စောင့်ခိုင်းတာပဲ။ နောက်တော့ သူတို့ရေးသလို ရေးကြည့်မယ်ဆိုပြီး ရေးတော့





ဖြစ်လာတာပဲ။ တစ်နေ့က ဗိုလ်မှူးပြောတော့ အုန်းမောင် (ဆရာဉာဏ)ဟာ အရက် သောက်တယ်တဲ့။ ကျွန်တော်သိသလောက်တော့ မသောက်ပါဘူး။ ဖဲတော့ရိုက်တယ်။ ဆူးလေဘုရားမှာ စာအုပ်ဆိုင်ကလေး တည်ပေးထားတယ်။ တစ်နေ့ ၂ ကျပ် ကျွန်တော်က ပေးရတယ်။ ဒုက္ခများ ရောက်ချင်ရင် ဆက်ရောက်တယ်ဆရာရေ။ ကျွန်တော်တော့ ရယ်ရတော့တယ်။ အခုတလော ဆွေမျိုးတစ်ယောက် အူမကြီးမှာ ကင်ဆာဖြစ်လို့ ဆေးရုံမှာ တက်ခွဲရတယ်။ အခုတော့ သက်သာနေပါပြီ။ သည်အထဲ သူ့အချိန်မတော် တူမတစ်ယောက်ဝမ်းနာလို့ ဆေးရုံလိုက်ပို့ရတယ်။ သည်ကြားထဲ ဆွေမျိုးတစ်ယောက်က ဆုံးပြန်တယ်။ ကျွန်တော့်သားအငယ်က အသုဘအိမ်ကိုသွား တယ်။ ညလည်းပြန်မလာဘူး။ သည်တော့ အသုဘအိမ်မှာရှိမှာပဲလို့ ထင်တာပေါ့။ နောက်ကျတော့ ရဲဌာနကအကြောင်းကြားတယ်။ ကျွန်တော့်သားကို ရဲဌာနမှာ လာခေါ် ပါတဲ့။ ညက ၁၁ နာရီလောက် သူငယ်ချင်း ၃-၄ ယောက်နဲ့ လမ်းပေါ်မှာတွေ့ရလို့ ရဲက ထိန်းထားတယ်လို့ သိရတယ်။ သူက စိန်ဂေါ်လီဂိုဏ်းသားတွေ ဘာတွေ ဖြစ်မှာ စိုးလို့ ထင်ပါရဲ့ ဆရာရယ်။ သည်တော့ ကျွန်တော်က ပြောရတယ်။ ငါ့မှာ သမီး တစ်ယောက်၊ သားတစ်ယောက်ရှိတယ်။ တချိန်ထဲ ဂေဇက် ၂ မျိုးထွက်တယ်။ သမီးက ဆယ်တန်းအောင်တဲ့ ဂေဇက်။ သားက အချုပ်ခံရတဲ့ ဂေဇက်။ မှတ်ကရော့ ဆရာရေ။ ရေနံမြေသွားလည်တုန်းက ကလေးတွေကိုကစားစရာတွေ ဝယ်ပေးခဲ့တယ်။ သူတို့ဆီမှာ ထန်းသီးလုံးကိုပဲလှိမ့်ကစားစရာရှိတယ်။ ဒါနဲ့ ကျွန်တော် ပြည်ကို တက်ပြီး ကစားစရာအစိတ်ဖိုး သုံးဆယ်ဖိုးလောက်ဝယ်ပေးတယ်။ မြင်းရုပ်ကလေးတွေ ဘာတလေးတွေပေါ့ဗျာ။ သူတို့တစ်တွေ ပျော်လိုက်ကြတာ မပြောပါနဲ့တော့။ အိမ်မှာ ကြောင် ၃၅ ကောင်ရှိတယ်ဗျ။ တစ်နေ့ကို တစ်ကျပ်ခွဲလောက်တော့ ပိုကုန်တာပေါ့။ ဒါပေမဲ့ သားသမီးတွေလိုဖြစ်နေတော့ ကျွေးရရင် စိတ်ချမ်းသာတာပဲ။ တစ်နေ့ကပဲ ကြောင်မလေး ၂ ကောင်ကို သင်းလိုက်ရတယ်။ မတတ်နိုင်ဘူးဆရာရေ့။ ခွေးကြီးတစ် ကောင်ကျောမှာ အနာပက်ပြဲကြီးနဲ့ လမ်းထဲလဲနေလို့ အိမ်ကိုယူပြီး ဆေးထည့်ပေး တယ်။ ဟာ အခုတော့ ဝဖြိုးဖြိုးဖြစ်နေပြီ။ သူတို့ကိုလဲ ကျွေးရတယ်ဗျာ။ အတွင်းဝန် ဦးကျော်က ရုံးခန်းထဲလာပြီး ဆရာယောဆိုတာရှိသလားလို့ မေးတယ်။ ကျွန်တော်က ပြောလိုက်တယ်။ ဆရာယောလည်း မရှိဘူး။ ဦးယောလည်း မရှိဘူး။ ကိုယောလည်း မရှိဘူး။ သည်မှာ မောင်ယောသာရှိတယ်လို့ ပြောလိုက်တယ်။" ဦးခင်မောင်က ဆရာ ယော ရှိတယ်ပြောလို့ မေးတာပါတဲ့။ အဲသည်လိုပြောပြီး ဦးကျော်ခန့်လို့ ကျွန်တော် လည်း ပြန်ကြားရေးမှာနေရာ ရသွားတာပဲ။ . . .။ ဗုံးတွေကျတော့ ကျွန်တော်နဲ့ ကိုထွန်းဖေ အတူတူအိမ်ပြန်ကြတာပေါ့။ လမ်းမှာ လူသေတွေ အမျိုးမျိုး တွေ့ရတာ ပဲ။ တစ်နေရာမှာ ဦးနှောက်တွေတွေ့လို့ ဟော့ ကိုထွန်းဖေ စွပ်ပြုတ်လုပ်သောက် ချင်ရင်လို့ ပြောတော့ ဟာဗျာ၊ ခင်ဗျားကလဲတဲ့ ပြန်ပြောတယ်။ တစ်နေရာရောက် တော့ ကင်းစောင့်နေတဲ့ စစ်သားတစ်ယောက်က မေးတယ်။ ဘယ်ကလာသလဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲကလာတယ်လို့ ပြန်ပြောတော့ သူက မသေပဲကိုးလို့ ပြောတယ်။ အေး၊ မသေ
လို့ လာတာပေ့ါကွလို့ ပြန်ပြောခဲ့ရတယ်။ အဲသည်တုန်းက ကျွန်တော်ရယ်၊ ကိုဖိုးလဝင်း
ရယ် (ပုလိပ်) စာရေးတစ်ယောက်ရယ် အားလုံး ၃ ယောက်ပဲ ရုံးတက်တယ်။ အဲဒါ
ကို *Alexander* က မင်းတို့သုံးယောက်ဟာ သူရဲကောင်းတွေပဲလို့ ချီးကျူးသွားတယ်
အင်္ဂလိပ် ၆၀ ကျော်ကြားထဲမှာ ကျွန်တော်တစ်ယောက်ထဲ မြန်မာပါတယ်။ သူတို့
အားလုံးရုံးမတက်ဘူး။

၁၉၆၉ ခု စက်တင်ဘာလ ၂၉ ရက်နေ့ စာပေဗိမာန် ထမင်းစားပွဲတစ်ခုတွင်
ဆရာယောနှင့် အဘ အတူထိုင်သည်။ ထိုနေ့ ဆရာပြောပြသည့် အကြောင်းအရာ
ကလေးများက အဘအတွက် ပြုံးစရာ၊ ရယ်စရာ၊ မှတ်စရာ ဖြစ်ခဲ့သည်။ ၁၉၅
ခုနှစ်တွင် ဆရာယောသည် သီရိပျံချီဘွဲ့ရမည့်သတင်းကြားရသည့်အခါ လိုလို
လားလားမရှိလှ၍ အထက်လူကြီးများ အံ့သြကြသည်။ ဒါရိုက်တာ(ညွှန်ကြားရေးဝန်)
အဖြစ်နှင့် အလှူငွေ ၅ ကျပ် ထည့်ရသည်။ ဝဏ္ဏကျော်ထင်ရပြီးသောအခါ ၁၅
ကျပ် ထည့်ရသည်။ သီရိပျံချီရက လခမတိုး၊ အလှူငွေသာတိုးမည်ဟု ဆရာက
ရယ်ရယ်မောမောရှင်းပြမှ ဆရာသီရိပျံချီ မလိုချင်သည့်အကြောင်းရင်းကို လူကြီးများ
သဘောပေါက်ကြရတော့သည်။ တစ်ခါကလည်း တစ်ယောက်သောသူက "ဆရာတို့
ရေးထုံးကျမ်းက ယပက်လက်တယ်သုံးပါလား" ဟုပြောရာ "အေး ဗမာစာမှာ ရ
ကောက်မရှိဘူး၊ ငါ့နံမယ်ကိုတောင် ယပက်လက်နှင့် ရေးတယ်" ဟု ပြန်ပြော
လိုက်သည်ဟု ဆရာက ပြောပြသည်။

ဆရာယော၏ မောင်နှမများနှင့်ပတ်သက်၍ အဘမှတ်တမ်းအရ ဆရာ
ယောတို့မောင်နှမ ၅ ယောက်ရှိသည်။ ဒါဝိတ်၊ ယောဘ၊ ယောသတ်၊ မေရီ(ဒေါ်မြမေ)
ရောရှ (ဆရာဇေယျ) ဟူ၍ဖြစ်ကြသည်။ ဆရာယောမှာ ဒေါ်စီကွယ်လွန်၍ ဒုတိယ
အိမ်ထောင် ဒေါ်ရွှေကြိုးနှင့်ရသောသားဟု ဆိုသည်။ တစ်နေရာတွင်ကား ဆရာယော
သည် ဦးခလယ်၊ ဒေါ်ရွှေကြိုးတို့၏ ကေပုတ္တ တစ်ဦးတည်းသောသားဟု တွေ့ရှိ
မှတ်သားရပါသည်။ ဆရာယောအမည်ရလာပုံနှင့်ပတ်သက်၍လည်း ပြည်တွင်း နဝ
တန်း ဆရာဦးဖိုးလှူက ရောရှုဆိုသည်မှာ ငရဲရောရှုဝကို သတိရစေသည်။ ထို့ကြောင့်
ယပက်လက်နှင့် မောင်ယောဟု (ရှုကိုပယ်၍) ခေါ်သင့်ကြောင်းဆိုရာမှ ဦးယော
ဖြစ်လာကြောင်း ဆရာယော ပြောပြသည်ဟု မှတ်တမ်းရေးထားသည်ကို တွေ့ရပါ
သည်။ ဦးဖိုးလှူမှာ နောင် စစ်ကိုင်းမှာ ပညာဝန်ဖြစ်လာသည်။ မြကေတု၏ ဦးလေး
လက်ဆွဲဘာဂျာ နိုင်သည်။ ဖီလိုဆိုဖီ ပထမဆုံး ဂုဏ်ထူးရသူဟူ၍လည်း မှတ်တမ်း
တွေ့ရပါသည်။

ဆရာယယ်စဉ်က အလကားမနေ၊ ငွေရှာပုံကိုလည်း အဘမှတ်တမ်း၌
တွေ့ရပါသည်။





၂၇-၁၁-၆၉ (ကြာသပတေး)

ဆရာဇေယျက ပြောသည်။ "ဟောသည် စာရွက်ကလေးတွေကို အရုပ်လုပ်ရောင်းရင် တစ်နေ့ငါးဆယ်လောက်ပြီးတယ်။ ငါးကျပ်တော့ရမှာပဲ။" "ဘယ်လိုအရုပ်မျိုးလဲဆရာ"။ "လက်နဲ့ထိုးလိုက်ရင် ခုန်တဲ့အရုပ်ဗျ။ ကျွန်တော့်သားကို ပြောရတယ် ငါ ဝန်ထောက်သားပေမဲ့ အဖေ့ဆီမှာ လက်ဖြန့်ခံပြီး ပိုက်ဆံမတောင်းဘူး။ အရုပ်လုပ်ပြီးရောင်းတယ်။ တခါတလေ သပြေသီးရောင်းတယ်။ တပြည်ခြောက်ပြား ရတယ်။ ဝက်မြေဥတူးပြီးရောင်းတာက ပိုရတယ်။ တပြည်သုံးပဲ။ ကျွန်တော်က ရှည်းစားစာလဲ ရေးပေးတယ်။ ကိုယ်က ပန်းစက္ကူနဲ့စာအိတ် ထိုက်ရတယ်။ ၃ ပြားဖိုးပေါ့။ ရှည်းစားစာကို လက်ရေးလှလှနဲ့ ကူးရေးပေးရတာပဲ။ ကျွန်တော့်အိတ်ထဲမှာ ပိုက်ဆံ တမတ်ငါးမူးတော့ အမြဲရှိတယ်။ တခါတလေတော့လဲ အဆဲခံရတယ်ဗျာ။"

တစ်နှစ်ကျော်အကြာ၊ အဘနှင့် ဆရာဇေယျတို့ စာပေဗိမာန်အသွားကားပေါ်တွင် ဆုံကြ၊ စကားပြောဖြစ်ကြပြန်သည်။ ဆရာ့စကားများက အဘအတွက် စိတ်ဝင်စားမှတ်သားစရာများသာ ဖြစ်ခဲ့ပါသည်။

၂၂-၈-၇၀(ကြာသပတေး)

စာပေဗိမာန်ဆုပေးပွဲ နံနက် ၈ နာရီခွဲအသွားကားထဲတွင် ဆရာဇေယျ ပြောသည်။ သူငယ်ငယ်က အိတ်ထဲတွင် ပိုက်ဆံငါးမူး၊ သုံးမတ် အမြဲရှိသည်။ ရာသီအလိုက် သူကြက်တူရွေးလုပ်ရောင်းသည်။ အလုံးတုတ်တုတ် ဖော့ခပ်ဆံဆံ ချဉ်ပေါင်ကြီးပင် အရိုးကို လယ်သမားများထံမှ တစ်ထမ်းလောက်ဝယ်။ အပိုင်းပိုင်းဆစ်၊ ထိုဘက် သည်ဘက်ချွန်။ စက္ကူဖဲချပ်ဝယ်။ အတောင်ပုံ အမြီးပုံလုပ်။ ချဉ်ပေါင်ပိုင်းတွင်တပ်။ ဆေးနီဆေးစိမ်းဝယ်။ အရုပ်ကိုဆိုး။ အပ်ချည်ကပ်ပြားဝယ်။ အရုပ်မှာတပ်၊ ကြက်တူရွေးရုပ်ဖြစ်။ တစ်ခါတရံ ဖောက်သည်ပေး။ တစ်ခါတရံ ကိုယ်တိုင်ရောင်း။ စွန်ချိန်ရောက်သောအခါ စွန်စက္ကူတပြား (၂)ချပ်ဝယ်။ (၄)ကောင်ရ။ ဝါးဖိုး အနည်းငယ်ကုန်။ ဗမာစွန်အတွက် ဈေးအနည်းငယ် ပိုယူသည်။ မိုးတွင် မန်ကျည်းကိုင်းကောင်းကောင်းများကိုရွေးချယ်ရှာ၍ ဓားထစ်မှတ်ထား။ နောက် ခုတ်ယူ၍ အရိပ်တွင် အခြောက်ခံ။ နောက်ပွတ်စင်သွား၍ ဂျင်ပွတ်ခိုင်း။ ပြီးလျှင် သံဝယ်၍တပ်ပြီးလျှင် ရောင်းစား။ အိတ်ထဲတွင် ငွေမပြတ်ဟုပြောသည်။ ငယ်စဉ်ဆပ်ကပွဲတွင် ဗိုင်စကုပ်(ရုပ်ရှင်) စတင်မြင်ဖူးသည်။ ပိတ်ကားအကြီးကြီးချိတ်ဆွဲထားသည်။ အရုပ်ထင်အောင် ရေပက်ပေးရသည်။ သူမှတ်မိနေသည်မှာ ဝိတိုရိယ ကေရီဘုရင်မကြီးနန်းတက်ပွဲ အခမ်းအနားကားဖြစ်သည်။ မြင်းတွေ အများကြီးပါသည်။ လူတွေက ပဥ္စလက်ပြနေတာဟု ပြောကြသည်။ နောက်အလုပ်လုပ်ရန် ရန်ကုန်ရောက်လာသောအခါ လန်ဒန် အတ်ဓာတ်ပုံတိုက်တွင် အလုပ်ဝင်သည်။ ကုန်သည်လမ်း ယခုစာပေဗိမာန်တည်နေရာတွင် ဓာတ်ပုံတိုက်ရှိသည်။ ရုပ်ရှင်ရိုက်သောအခါ သူက မှန်ထောင်၍ အလင်းရောင်ပေးရသည်။ လခ ၅၀/-ရသည်။ ငယ်စဉ်က သာယာဝတီဦးပုတို့အိမ်တွင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



*ဦးပု၏အဖေက သူ့ရိယသတင်းစာနှင့် မဂ္ဂဇင်းဖတ်သည်။ မဂ္ဂဇင်းတွင်ဝတ္ထုများကို ဖတ်ရသည်။ ထိုအခါ သူဝတ္ထုတစ်ပုဒ်ရေး၍ သူ့ရိယတိုက်သို့ မှတ်ပုံတင်၍ ပို့သည်။ ၂ နှစ်ကြာမှပါလာ၍ စာရေးအကြောင်းကြားရာ ၁၅/- ရသည်။ မဂ္ဂဇင်းကို လိုက်ပြရသည်မှာ အမောဟု ပြောသည်။ နောက် ဒဂုံမဂ္ဂဇင်းတိုက်သို့ရောက်မှ စာပြန်ရေးသည်။ သစ်တောဝန်ထောက်လုပ်ရန် ရန်ကုန်ဆင်းလာသည်။ ဝန်ထောက် မဖြစ် စာရေးဆရာဖြစ်လာသည်။ ဝန်ထောက်ဖြစ်ရင် အခုလို့မှ အသက်ရှည်ပါမည် လားဟု သူပြောသည်။*

ဆရာကြီးဇေယျအကြောင်း နောက်ဆုံး မှတ်တမ်းတိုကလေးကို ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ညတွင် အဘ နောက်ဆုံးရေးသားခဲ့ပါသည်။ အဆိုပါ မှတ်တမ်းကလေးမှာ -

*၁၀-၅-၈၂ (အင်္ဂါနေ့)*

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

*ညနေ ဆရာဇေယျ အသုဘသွား။ ကိုခန့်၊ ညိုမြ၊ ကိုအုန်းမြင့် စသည်တို့နှင့်တွေ့၊ ငွေ ၁၀၀/- ထည့်ခဲ့ . . .*

အဘသည်သူလေးစားခင်မင်သော ဆရာဇေယျကွယ်လွန်ခြင်းအတွက် ဝမ်းနည်းနေမြောတသနေမည်မှာ မုချမလွဲပေ။ ထို့ကြောင့်လည်း ဆရာနှင့် တွေ့စဉ် အခါများကကဲ့သို့ စိတ်လက်ပေါ့ပါး၊ စိတ်ဝင်တစား မှတ်တမ်းရှည်ရှည်မရေး၊ မရေးမဖြစ်သော မှတ်တမ်းတစ်ခုအနေဖြင့်သာ ရေးခဲ့ခြင်းဖြစ်မည်ဟု ယုံကြည်မိ ပါတော့သည်။

**ကျမ်းကိုး**

(၁) ဇေယျ။ မြန်မာ့မျက်ပွင့် စာမလေ့။ ထိန်ဝင်းစာပေဖြန့်ချိရေး။ ၁၉၆၄ ခုနှစ်။

(၂) ဇေယျ။ ဇေယျစာစုများ (၁)၊ (၂)။ ပန်းရွှေပြည်စာအုပ်တိုက်။ (၂၀၀၀)ပြည့်နှစ် နိုဝင်ဘာလ။

(၃) တိုက်စိုး။ ဇေယျ။ ငွေတာရီ အမှတ်(၇၆)၊ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ။

(၄) တိုက်စိုး။ ဇေယျ။ သဘင် အမှတ် (၁၄)၊ ၁၉၈၄ ခုနှစ်၊ ဒီဇင်ဘာလ။

(၅) တိုက်စိုး။ ဇေယျ။ ရာပြည့် စာအုပ်တိုက်။ ၂၀၀၀ ပြည့်နှစ်၊ အောက် တိုဘာလ (၁)ရက်။

(၆) မောင်ခင်မင်(ဓနုဖြူ) "စာဆို့ဘဝ၊ စာဆို့စေတနာ၊ စာဆို့လက်ရာ၊ အားမာန်သစ် စာပေ၊ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ။

(၇) မင်းသုဝဏ်။ ခုနစ်နှစ်၏ နိဂုံး။ ရန်ကုန်တက္ကသိုလ်နှစ် ၅၀ ပြည့် စာစောင်။ ၁၉၇၀ ပြည့်နှစ်၊ ဒီဇင်ဘာလ။

(၈) ယော၊ မောင်။ ဆရာယော၏ ဇေယျ။ ငွေတာရီ၊ အမှတ်(၃)၊ ၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ။

(၉) သုတ၊ မောင်။ စာဆိုတော် များ အတ္ထုပ္ပတ္တိ။ ရာပြည့်စာအုပ်တိုက်။ ၂၀၀၂ ခုနှစ်။





**မှတ်စု**

(က) ဆောင်းပါးတစ်ပုဒ်က၊ ၁၉၂၀ ပြည့်မေလတွင် ရန်ကုန်သို့ လိုက်သွားသည်ဟု ဆိုထားသည်။ ဆရာဇေယျ၏လက်ရေးမှတ်တမ်း၌ Arrived at Rangoon (Yangon) on the 1st July, 1920 ဟု တွေ့ရသည်။

(ခ) ကလောင်အမည်ရပုံနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ကွဲပြားခြားနားသော အရေး အသားများကို ဂရုပြုမိပါသည်။

၁။ အဘိဓာန်စာအုပ်အပေါ် လက်ထောက်ကာ Victory စာလုံးလက်ထောက်မိပြီး မြန်မာမှုပြုကာ 'ဇေယျ'ဟု အမည်ရွေးသည်။

၂။ ဦးထွန်းငြိမ်း အဘိဓာန်ကိုယူ၊ မျက်စိမှိတ်လှန်ပြီးခဲတံနှင့်ထောက်လိုက်ရာ Victory ဇေယျစာလုံးပေါ် ထောက်မိ၍ ထိုအမည်ယူသည်။

၃။ ဂျဒ်ဆင် မြန်မာ-အင်္ဂလိပ် အဘိဓာန်မှ စာတစ်မျက်နှာကို ဓားပြားဖြင့် ထိုး၍လှန်၊ ထိုမျက်နှာတွင် ဇေရ(ဇေယျ)Victory စာလုံးတွေ့၍ထိုအမည်ယူသည်။ တစ်ဖန် မှတ်စု၌ ယုဒသန်မြန်မာနှင့် အင်္ဂလိပ်အဘိဓာန်၊ နှစ်တစ်ရာမြောက် ပုံနှိပ်ခြင်း (ရန်ကုန် ၁၉၅၃)၊ စာ ၁၀၆၄ တွင် ဇေရ Victory ဟု တွေ့ရသည်ဟု ဖော်ပြထား သည်။ ဆရာကလောင်အမည်ရွေးသည့်ကာလမှာ ၁၉၂၀ပြည့်နှစ်စက်တင်ဘာ လ၊ ဒဂုန်မဂ္ဂဇင်း ပထမစာစောင်အတွက်ဖြစ်၍ နှစ်တစ်ရာမြောက် အဘိဓာန် (၁၉၅၃)ကို ကိုးကားသည်ကား လုံးဝမဖြစ်နိုင်ဟုဆိုရပါမည်။ ဆရာကိုယ်တိုင်ရေးသားချက်ကို အခြေခံကာ ယုဒသန် မြန်မာ-အင်္ဂလိပ် အဘိဓာန်များကို ရှာဖွေလေ့လာသည်။ နှစ်တစ်ရာမြောက် ယုဒသန်မြန်မာနှင့် အင်္ဂလိပ်အဘိဓာန်၌ ဇေရတည်းဟူသော စကားလုံးတည်ပုဒ်၌ မတွေ့ရပါ။ အောက်ပါအဘိဓာန်နှစ်အုပ်သည် ဖြစ်နိုင်စရာ အရှိဆုံးတွေ့ရှိရပါသည်။

၁။ A Judson, A Dictionary, Burmese and English, Maulmain, 1852.
ဇေရပူရ (Pali ဇေရ၊ Victors, and ပူရ a city), n-Chagaing, the city of victory
စာ - ၃၀၉

၂။ Judson's Dictionary : Burmese and English, Enlarged Edition, 1893.
ဇေရပူရ (Pali ဇေရ၊ Victor and ပူရ a city), n. Sagaing, the City of Victory
စာ-၄၅၈

(ဂ) ဇေယျသတင်းစာ စတင်ထုတ်ဝေရက်ကို ၁၉၂၅ ခုနှစ်၊ ဧပြီလ ၁၄ ရက်ဟု ဆောင်းပါးတစ်ခုတွင် တွေ့ရသည်။

(ဃ) တစ်ခါက အလုပ်တာဝန်နှင့် အင်္ဂလန်နိုင်ငံရောက်ခိုက် လန်ဒန်မြို့ရှိ ဗြိတိသျှ ပြတိုက်နှင့် စာအုပ်အဟောင်းဆိုင်များအကြား ကူးလူးသွားလာ လေ့လာဖတ်ရှု ရင်း ထမင်းတစ်နပ်လွတ်သွားခဲ့ဖူးသည်။

(င) ရုံးခွန်းတွင်း ဝင်လာသူမှာ တိုင်းပြည်ရေးရာ ပြန်ကြားမှုဝန် ဦးထွန်းညိုဖြစ်ပြီး ဦးထွန်းညိုက စကားပြောအပြီး တွဲဖက်အတွင်းဝန် ဦးကျော်ထံသွားတွေ့ရန် မှာသည်ဟု ဆောင်းပါးတစ်ခုတွင် ဖတ်ရသည်။

(စ) ဆရာယောအကြောင်း ရေးသားချက်များတွင် တစ်နေရာ၌ ဆရာယော၏ ဖခင် ဦးခလယ်သည် မုလအိမ်ထောင်ဖေါ်စီနှင့် သားသမီး ၅ ယောက် ရှိသည်ဟု တွေ့ရသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



အောက္စဖို့ဒ်ဟိုတယ်၌
နေ့လယ်အနားယူကြစဉ်။
ဒေါက်တာလုဘော၊
စာရေးသူ၊
အင်္ဂလိပ်မိတ်ဆွေတစ်ဦး
ပါရဂူဘွဲ့စာတမ်းပြုသူ
ထိုင်းအမျိုးသမီး
ဒေါ်သန်းမြ

# ပြည်ပ မြန်မာစာပေသာသနာပြု ဒေါက်တာလုဘော

ဇူလိုင်လ ၃ ရက်နေ့က ဒေါက်တာလုဘော ကွယ်လွန်သွားကြောင်း သတင်းစာယူသည့်မိတ်ဆွေတစ်ဦးက လှမ်း၍ပြောမှ သိလိုက်ရသည်။ ပြီးခဲ့သည့်နှစ်က ဦးလေးလုဘောရှိရာ မော်လမြိုင်သို့သွားပြီး၊ အဘနှင့်ဦးလေးလုဘောတို့ ၁၉၃၁ ခုနှစ် ပတ်ဝန်းကျင် တက္ကသိုလ်ကျောင်းသားများဘဝ၊ လန်ဒန် တက္ကသိုလ်ပညာတော်သင်ဘဝအကြောင်းများမေးရန် စိတ်ကူးပေါ်ခဲ့သေးသည်။ ခရီးသွားရေးအတွက် စုံစမ်းသောအခါ ဦးလေးလုဘော ကျန်းမာရေးအားနည်းနေကြောင်း၊ သတိလည်း အတော်အတန်မေ့စပြုနေကြောင်း နီးစပ်သောမိတ်ဆွေများထံမှ သတင်းကြားရသည်။ ထို့ကြောင့် ဦးလေးလုဘော ကျန်းမာရေးကောင်းလာမှ စိတ်ကူးကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်ရသည်။ ယခုတော့ သူကွယ်လွန်သွားရှာပေပြီ။ သူရေးခဲ့သည့်စာစာပေဆောင်းပါးများ၊ သူ့အကြောင်းရေးထားသည့် ဆောင်းပါးများ ရှာဖွေဖတ်ရင်း မိမိသိခဲ့ဖူးသော ဦးလေးလုဘောအကြောင်း ပြန်လည်စဉ်းစားမိသည်။

ဦးလေးလုဘော(၁၉၁၃-၂၀၀၇)သည် ငယ်စဉ်ကပင် ပညာထူးချွန်ခဲ့သည်။ ဆယ်တန်းစာမေးပွဲကို ၅ ဘာသာဂုဏ်ထူးနှင့် မော်လမြိုင်မှအောင်ခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ရောက်ရှိလာပြီး ပုဂံကျောင်းဆောင်၌ စတင်နေခဲ့သည်။ ပညာသင်ဆုရသည်။ ဥပစာတန်းအောင်မြင်သည့်အခါ မြန်မာစာဂုဏ်ထူးတန်းတက်ရန် ဆန္ဒပြုခဲ့သည်။ ဆရာကြီးလုစ် (G.H Luce) က ကျောင်းလာ ကင်းလွတ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရရေးကို ဆောင်ရွက်ပေးခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် မြန်မာစာဝိဇ္ဇာဂုဏ်ထူးတန်းကို ပထမဆင့်နှင့်အောင်ခဲ့သည်။ အဘက ၁၉၃၅ ခုနှစ်တွင် မြန်မာစာမဟာဝိဇ္ဇာတန်းပြီးခဲ့၍ အတန်းချင်းမတူကြသော်လည်း ဆရာကြီးဦးဖေမောင်တင်၏တပည့်ရင်း မြန်မာစာအထူးပြုလိုက်စားသူများဖြစ်ကြ၍ တစ်ဦးနှင့်တစ်ဦး သိကျွမ်းခင်မင်ခဲ့ကြသည်။ ၁၉၃၈ ခုနှစ်တွင် ဦးလေးလှဘေ မဟာဝိဇ္ဇာဘွဲ့ရသည်။ အောက္ကစဖို့ဒ်ပညာသင်ရောက်နေသောအဘထံ ဘကြီးဇော် (ဆရာ ဇော်ဂျီ)စာရေးလိုက်၍ ဘကြီးဇော်နှင့် ဦးလေးလှဘေတို့ လန်ဒန်သို့ ပညာတော်သင်ရောက်လာကြမည့် သတင်းကောင်းကို အဘကြိုတင်ကြားသိခဲ့ရသည်။

*ဖျာပုံ*
*၁၀-၅-၃၈*

*မောင်ဝန်*

*ငါ ယခုမှပင်စာပြန်၏။ အကြောင်းကား ပညာတော်သင်ကို စောင့်ဆိုင်းနေသောကြောင့် ဖြစ်သည်။ ယခုမှ အရွေးခံရပြီ။ လွန်ခဲ့သောသောကြာနေ့ကပင် ရွေးစာရသည်။ ဝမ်းသာရပါ၏။ ဗိလပ်တွင် ကျောင်းဝင်ခွင့်ရသောအခါ သေချာလိမ့်မည်။ နဂါးနီအသင်းသို့ ငါငွေပေးလိုက်ပါပြီ။ မင့်ငွေကို ငါမှတ်မထားပါရစေနှင့်။ လက်ဆောင်ပြုလိုက်ပါသည်။ ---------------------- ပညာတော်သင်ကို မောင်လှဖေ (မြန်မာစာဂုဏ်ထူး)လည်းရသည်ဟု ကြားရသည်။ မင်း သူရိယမှာ ရေးထည့်လိုက်သော "လူရွှန်း" အကြောင်းကို ဖတ်လိုက်ရပါသည်။ သဘောကျပါသည်။*

*ကိုယ်စိတ်ချမ်းသာစေသော်။*

*သိန်းဟန်*

၁၉၃၈ ခုနှစ်ကုန်ပိုင်းလောက်တွင် ဘကြီးဇော်နှင့် ဦးလေးလှဘေတို့ လန်ဒန်သို့ ပညာတော်သင် ရောက်ရှိသွားကြသည်။ အဘကလည်း အောက္ကစဖို့ဒ်တက္ကသိုလ်၌ စာပေဝိဇ္ဇာဘွဲ့ **(B.Litt)** အတွက် စာတမ်းပြုစုတင်ပြခဲ့ပြီး၊ လန်ဒန်ရှိ အရှေ့တိုင်းနှင့် အာဖရိက ဘာသာရပ်များ လေ့လာရေးကျောင်း **(School of Oriental and African Studies- S.O.A.S)** သို့ ပြောင်းရွှေ့ပညာသင်ကြားရန်ရောက်လာ၍ သုံးဦးသားဆုံမိကြတော့သည်။ ဒီဇင်ဘာတစ်ညနေ ထမင်းစားသွားကြသည့် မှတ်တမ်းကလေးကို အဘရေးခဲ့သည်။

*Dec.7. 1938 ၄ ဟူးနေ့*

*ည -*

*ထမင်းစားအသွား လမ်း၌ ဆရာသိန်းဟန်က "မောင်ဝန်၊ မချမ်း(ချမ်း)ဘူးလား" မေးသည်။ စကားရိပ်ကို ငါနားမလည်။ ကိုလှဖေက အနက်ပြန်ပေးမှ သီယာဆိုင်ကို ဝင်၍ သီယာသော် (သောက်)သည်။ ကိုလှဖေ မသော်။*





ဦးလေးလှဘေ၊ ဘကြီးဇော်တို့နှင့်အတူ **Maxim, Burma (Myanmar) Restaurant** စသည်တို့တွင် ထမင်းစားကြသည့် မှတ်တမ်းတိုကလေးများကိုလည်း အဘ၏ ဒိတ်ဆောင်လန်ဒန်တက္ကသိုလ်သမဂ္ဂမှတ်တမ်းစာအုပ်ငယ် **(The University of London Union 1938-1939)** ၌ ရေးမှတ်ထားသည်များ တွေ့ရပါသည်။

၁၉၃၉ ခုနှစ် ဇွန်လတွင် လန်ဒန်တက္ကသိုလ်ပညာရေးကောလိပ်မှ ပညာရေးဒီပလိုမာ **Dip.Ed** ကို ဦးလေးလှဘေ ရသည်။ ဘွဲ့လွန်အတွက် မည်သို့လုပ်ရမည်ကို ဆခွဲဆုံးဖြတ်မရ ဖြစ်နေသည်။ တစ်ချိန်တည်းလိုမှာပင် အဘလည်း အောက္ကစဖို့ဒ်မှ စာပေဝိဇ္ဇာ ဘွဲ့ရသည်။ **S.O.A.S** မှ အဘ၏ အဘိဓာန် ပြုစုတည်းဖြတ်ရေးပညာ **(Lexicography)** ဆရာ၊ ဒေါက်တာစတီးဝပ်" **(Dr.J.A. Stewart)** က အဘကို လန်ဒန်တွင် ဆက်၍ပညာဆည်းပူးစေလိုသည်။ သူနှင့် မစ္စတာဒန်း **(Mr.C.W.Dunn)** ဆိုသူတို့ မြန်မာပညာရှင်ဦးခင်မောင်လတ် **(B.A.,A.T.M)** ၏ အကူအညီဖြင့် ပြုစုနေသည့် မြန်မာ-အင်္ဂလိပ်အဘိဓာန်လုပ်ငန်းတွင် အဘကို ရှေးကကဲ့သို့ ဆက်လက်ကူညီမှုလည်း ပြုစေလိုသည်။ အဘသည် ပညာဆက်လက်သင်ကြားလိုသော်လည်း ဒုတိယကမ္ဘာစစ်ကြီး စစ်ရိပ်စစ်ငွေ့သန်းနေချိန်၊ အမိအိုနှင့်အဘအိုတို့ကို သတိရစိတ်မချသည့်အတွက် မြန်မာနိုင်ငံသို့ ပြန်ခွင့်ပြုရန် ဆရာများထံ ခွင့်ပန်သည်။ အဘိဓာန်လုပ်ငန်းအတွက် ရပ်ဝေးမှပင်ဆရာများကို ကူညီမည့်အကြောင်း ကတိပေးသည်။ ထို့နောက် ဇွန်လ ၃၀ရက် (သောကြာနေ့)တွင် လန်ဒန်မြို့မှ မိုင် ၃၀ ခန့် အကွာတွင်နေသည့် ဆရာစတီးဝပ် အဘိဓာန်လုပ်ငန်းတည်ရှိရာ **Bishop's Stortford** (ဂိုဏ်းထောက်ကူးမြို့)မြို့သို့ ဦးလေးလှဘေကိုခေါ်သွားပြီး ဆရာနှင့် မိတ်ဆက်ပေးသည်။ ဦးလေးလှဘေလည်း ဆရာစတီးဝပ်နှင့် တွေ့ပြီး၊ ဆရာ၏ အကြံပြုချက်အရ **S.O.A.S** ၌ မြန်မာစာပါရဂူဘွဲ့အတွက် ဆက်လက်ပညာဆည်းပူးရန် ဆုံးဖြတ်ချက်ချနိုင်ခဲ့သည်။ ၁၉၃၉ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် အောက္ကစဖို့ဒ်တက္ကသိုလ် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဘကြီးဇော်နှင့် မြန်မာမိတ်ဆွေတချို့ အဘနှင့်အတူ တပျော်တပါးလိုက်ပါသွားကြသည်။ မြန်မာပြည်မပြန်မီ ဇူလိုင်လ ၂၉ ရက်နေ့တွင် ဦးလေးတက်ထွန်း ဘကြီးဇော်၊ ဦးလေးလှဘေတို့နှင့် အဘတို့ အမှတ်တရ ထမင်းစား ကြသေးသည်။ မြန်မာပြည်သို့သွားမည့် "ပဲခူး" သင်္ဘောသည် လီဗာပူးမြို့ ဆိပ်ကမ်းမှထွက်ခွာမည်ဖြစ်ရာ လန်ဒန်မြို့ ယူစတန် **Euston** ဘူတာမှ ဩဂုတ်လ ၃ ရက်နေ့တွင် လီဗာပူးသို့ ရထားစီးရသည်။ ဘူတာသို့ ဘကြီးဇော်၊ ဦးလေးလှဘေ အပါအဝင် မြန်မာမိတ်ဆွေ ၁၆ ဦး၊ သိုက်သိုက်ဝန်းဝန်းနှင့် လိုက်လံပို့ဆောင်ကာ ဝမ်းသာဝမ်းနည်း နှုတ်ဆက်ခဲ့ကြသည်။

ဦးလေးလှဘေလည်း အောက်တိုဘာလတွင် **S.O.A.S** သို့ ပြောင်း၍ ၁၈၇၉ ခုနှစ်တွင် ဦးပုတ်နီရေးသားခဲ့သော ကုမ္မာရပြဇာတ်(ထိုးဇာတ်)ကို ဆန်းစစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



အင်းလေးကန်တစ်နေရာ . . . ကိုကျော်မျိုး မင်းသုဝဏ်၊ စာရေးသူ၊ ဒေါက်တာလှဘေ၊ ကိုညာဏ်စိုး၊ ဦးတင်ဇေ(ရှမ်းပြည်)



ပါရဂူစာတမ်းအတွက် သုတေသန လုပ်ငန်းများ စတင်သည်။ ကုမ္ဘာရပြဇာတ်သည် အောက်မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်သို့ရောက်ပြီးနောက် အစောဆုံးပေါ်ခဲ့သည့် ပြဇာတ် (၃)စောင်တွင် အပါအဝင်ဖြစ်သည်။ ဦးလေးလှဘေသည် ပညာရှာရင်း တစ်ဖက်က ဘီဘီစီ မြန်မာပိုင်းအစီအစဉ်တွင်လည်း အချိန်ပိုင်းအလုပ်ဝင်လုပ်သည်။ သတင်းဝေဖန်သူ၊ ဘာသာပြန်ဆရာ၊ အသံလွှင့်တာဝန်များကို ယူခဲ့သည်။ ဂျပန်စစ်တပ်များ မြန်မာနိုင်ငံကို ၁၉၄၂ ခုနှစ်တွင် ဝင်တိုက်သည့်အခါ၊ မြန်မာနိုင်ငံသို့ မြန်မာလို အသံလွှင့်ပေးခဲ့သည်။ **Mr.Stewart** နှင့် **Mr.Dunn** တို့၏ အဘိဓာန်လုပ်ငန်းကိုလည်း ၁၉၄၃ ခုနှစ်တွင် ဝင်ရောက်ကူညီသည်။ ဗြိတိသျှလေတပ်မတော်မှ **Stewart** ၏သားနှစ်ဦးတို့ စစ်အတွင်း တိုက်ပွဲများ၌အသီးသီးကျဆုံးခဲ့ကြရာ၊ ဆရာကြီးက ဦးလေးလှဘေကို သူ၏သားတစ်ဦးကဲ့သို့ သံယောဇဉ်တွယ်ခဲ့သည်။ စစ်အတွင်းကာလဖြစ်၍ ပါရဂူဘွဲ့အတွက် **U Pok Ni:Konmara Pya-Zat, Introduction, Translation and Commentary** စာတမ်းကို အချိန်ယူပြုစုရပြီး ၁၉၄၄ ခုနှစ်တွင် ပါရဂူဘွဲ့ရရှိခဲ့သည်။ ဘီဘီစီတာဝန်ကို ၁၉၄၆ခုနှစ်တွင် ထမ်းဆောင်ခဲ့သည်။ ပြီးနောက် အဘိဓာန်အယ်ဒီတာ **Stewart** နှင့် **Dunn** တို့၏လက်ထောက်အဖြစ် ၁၉၄၆ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။ ပြီးနောက် အဘိဓာန်အယ်ဒီတာ **Stewart** နှင့် **Dunn** တို့၏ လက်ထောက်အဖြစ် ၁၉၄၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိလည်းကောင်း၊ ၁၉၄၈ ခုနှစ်မှစ၍ ပူးတွဲအယ်ဒီတာ အဖြစ်လည်းကောင်း တာဝန်ယူသည်။ ၁၉၄၈ ခုနှစ်တွင် **Mr.Stewart** နှလုံးရောဂါဖြင့် ရုတ်တရက်ကွယ်လွန်သည်။ ဆရာကွယ်လွန်၍ စိတ်မကောင်းဖြစ်ရသော်လည်း တစ်ဖက်မှ ဦးလေးလှဘေအတွက် ဝမ်းသာစရာ ကြမ္မာအလှည့်အပြောင်း ဖြစ်ခဲ့ရသည်။ ဦးလေးလှဘေက ယင်းဖြစ်ရပ်ကလေးကို အဘထံစာရေးခဲ့လေသည်။

*66, Chesterton Road,*
*Cambridge.*
*3:6:48*

*စာအားဖြင့် အစီရင်ခံအပ်ပါသည် ကိုဝန်ခင်ဗျား။ ကိုဝန်ထံမှစာကို ရရခြင်း ၆ မျက်နှာခန့် စာတ(တစ်)စောင်ကိုရေးပြီး၊ ထိုစာနှင့်အတူ ကွယ်လွန်သူ ဦးစတီးဝပ်၏ အသုဘ အခမ်းအနား၊ အတ္ထုပ္ပတ္တိစာတမ်းကလေးပါ ပူးတွဲ၍ အိမ်ရှင်အဘွားကြီးအား အပို့ခိုင်းလိုက်ပါသည်။ . . . . . . . . ထူးသည့် အကြောင်းတ (တစ်)ခုသာပြောပြပါရစေ။ ထိုစာရှည်ကြီးကို ရေးသားပြီးသည့်နောက်မကြာမီ **School of Oriental and African Studies, University of London** မှ၊ တစ်နှစ်လျှင် စတာလင်ပေါင် 700 ပေးမည်။ ကထိကအလုပ် လက်ခံမလားဆိုသည့် ကမ်းလှမ်းစာတစ်စောင်ရသည်။ အဘိဓာန်အလုပ် လက်စကလည်း တန်းလန်း **Mr.C.W. Dunn** ကိုလည်း ညာတာ*

www.burmeseclassic.com



*ယောက်ထားမိပါ၍ ထိုအလုပ်ကို လက်ခံလိုက်ပါပြီ။ အင်္ဂလန်တွင် ၂ နှစ်လောက်ဖြင့် မိုးခိုရဦးတော့မှာဘဲ။*
*ကိုဝန်တို့ တစ်အိမ်သားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။*

*လှဘေ*

၁၉၅၀ ပြည့်နှစ် ဩဂုတ်လတွင် **Mr.Dunn** နှင့် ဦးလေးလှဘေတို့ထံမှ စာမျက်နှာ ၆၀၀ နီးပါးရှိ **A Critical Pali Dictionary-Vol 1** ကို လက်ဆောင်အဖြစ် အဘ လက်ခံရရှိသည်။ အဆိုပါ ပါဠိ - အင်္ဂလိပ်အဘိဓာန်ကို ဒိန်းမတ်နိုင်ငံ **The Royal Dansih Academy of Sceiences and Letters** မှ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်။ စာအုပ်အတွင်းမျက်နှာ၌ **Mr.Dunn** နှင့် ဦးလေးတို့ ပူးတွဲလက်မှတ်ထိုးကာ၊ အောက်ပါအတိုင်း အမှတ်တရ ရေးခဲ့ကြသည်။

"To-Wunna Kyaw Din U Wun, M.A., B.Litt, who since the year 1946 has given freely his time and learning to correct our errors and to suggest improvements, this book is given by us the present editors of the Burmese-English Dictionary joining with our own names the name of our late colleague Dr.J.A.Stewart, C.I.E, M.C.M,A.,LLD."

စာအုပ်ပေးပို့သည့်အပြင် သီးသန့်စာတစ်စောင်ကိုလည်း ရေးသားခဲ့သေးသည်။

*66, Chesterton Rd,*
*Cambridge U.K.*
*12 August' 50*

*စာအားဖြင့် ပြန်ကြားအပ်ပါသည် ကိုဝန်ခင်ဗျား။ အဘိဓာန်ကြီး ဒုတိယတွဲ ထွက်သင့်ပြီ။ **Editorial note** ဒုတိယ **proofs** တွေကို ပုံနှိပ်တိုက်သို့ ပို့လိုက်သည်မှာ ၂ လ နီးပါးကြာခဲ့ပြီ။ ခုထိ ပြန်မရသေးပါ။ စာပုံနှိပ်တိုက်လုပ်သားတွေ **holiday** သွားနေကြလို့တဲ့။ တာနှင့်ကို၊ ကိုဝန်ရဲ့ရာထူးကို အင်္ဂလိပ်လို ဘယ်နှယ်ခေါ်ပါသလဲ။ **Head of the Dept of Tanslation and Publications** လို့ ခေါ်ပါသလား။ ကျွန်တော်တို့ နှစ်ပတ်လည်အစီရင်ခံစာထဲ ကိုဝန့်အကြောင်းနှင့် စပ်လျဉ်းလို့ ထည့်ချင်လို့ပါ။*

*ဦးကြီးဒန်း **(Mr.Dunn)** နှင့် ကျွန်တော်က၊ ကိုယ်ဝန်အားကျိုးမာန်တက် ဆောင်ရွက်ခဲ့သည့်၊ ဆောင်ရွက်နေဆဲ၊ ဆောင်ရွက်ပေးဦးမည့် ကျေးဇူးတို့ကို မမေ့သည့်အထိမ်းအမှတ်နှင့် **Danish Pali-English** အဘိဓာန်တတွဲကို ပို့လိုက်ပါပြီ။ အဘိဓာန်ကတော့ "အ" အက္ခရာ မဆုံးတဆုံးပါဘဲ။ "အသောတ" လောက်တွင်ဆုံးပြီး နောက်ဆက်တွဲလည်းပါသည်။ စာမျက်နှာ ၆၀၀ နီးပါးလောက်ရှိပါသည်။ သည်ကိစ္စတွင် ဦးကြီးဒန်းကပင် ငွေကုန်ကြေးကျခံပြီး ဆောင်ရွက်ပါ၏။ ကျွန်တော့်အမည်*





*ကား "အချောင်" ပါခြင်းသာဖြစ်ပါသည်။*

*ပါရစ်မြို့တွင် ပညာဆည်းပူးနေသူ မြန်မာကျောင်းဆရာကြီး ဦးဝွမ်လျောင်တစ်ယောက် ခုအခါ အင်္ဂလန်ရောက်နေပါ၍ ကျွန်တော့်အိမ်သို့ အလည်လာပါသည်။ အဘိဓာန်ရုံးသို့လည်း သူ့ကိုခေါ်သွားပြီး ပြပါသည်။ ရှေးဟောင်းနှောင်းဖြစ်အကြောင်းတွေကိုလည်း စားမြုံ့ပြန်ကြပါသေးသည်။ ၄-၅ ရက်ကြာလျှင်ပါရစ်မြို့သို့ ပြန်သွားမည်တဲ့။*

*ဆရာလု(စ)တဦး၊ အင်္ဂလန်သို့ရောက်တော့မည်ဟု ကျောင်းကကြားရပါသည်။ တစ်နှစ်ပဲ နေရမည်တဲ့။ ဂိုဏ်းထောက်ကူးမြို့က ဒေါ်ဒေါ်တို့ သားအမိတစုတို့ ခုအခါ **Cornwall** သို့ အလည်သွားနေကြပါသည်။ အိမ်နှင့် သူတို့ကြောင် ၂ ကောင်ကို ဦးကြီးဒန်းနှင့် ကျွန်တော်က ကြည့်ရှုစောင့်ရှောက်နေကြပါ၏။*

*ကိုဝန်တို့ တစ်အိမ်သားလုံး ကျန်းမာချမ်းသာကြပါစေ။ ဘိလပ်သို့ အစဉ်မဟုတ်သော်လည်း ခဏတဖြုတ်လာဖြစ်အောင်ကြိုးစားပါ ကိုဝန်။*

***လှဘေ***

စာတွင် အဘိဓာန်ကြီး လက်ဆောင်ပေးပို့ခဲ့ရာ၌ **Mr.Dunn** နှင့် အတူ သူ၏အမည် ပူးတွဲပါသော်လည်း၊ အဘိဓာန်ကြီးအတွက် သူ့အနေဖြင့် ငွေကြေးစိုက်ထုတ်ခဲ့ရခြင်းမရှိကြောင်း ဖော်ပြထားသည်ကိုကြည့်ခြင်းအားဖြင့် ဦးလေးလှဘေ၏ ရိုးသားမှုကို တွေ့မြင်နိုင်ပေသည်။

နောက်ပိုင်း ရေးခဲ့သည့် စာ ၂ စောင်ကို ဖတ်ရှုပါက လွန်ခဲ့သော ၅၅ နှစ်ခန့်က အလွန်ကွာဝေးသည့် နိုင်ငံနှစ်နိုင်ငံတွင် နေကြသူနှစ်ဦးတို့၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုဖြင့် မြန်မာစာပေနှင့်ယဉ်ကျေးမှုအကျိုး ဆက်သွယ်တိုင်ပင် ဆောင်ရွက်ကြပုံကိုတွေ့ရသည်မှာ အတုယူအားကျဖွယ်ဖြစ်ပါသည်။ ထို့အပြင် ပေးစာများမှ ပညာရှင်ဆရာကြီးလုစ္စနှင့် ဆရာဝွမ်လျောင်တို့ အကြောင်းကိုလည်း တစေ့တစောင်း လှေ့လာမှတ်သားခွင့်ရပါသည်။

***5. Oct. 50***

*စာအားဖြင့် ပြန်ကြားအပ်ပါသည်။ ကိုဝန်ခင်ဗျား။*

*ကျွန်တော်တို့ အဘိဓာန် ဒုတိယတွဲထွက်ပါပြီ။ စက်တင်ဘာ ၃၀ ရက် **(စနေနေ့)** ကပါပဲ။ သည်အဘိဓာန်ကို စာအုပ်အဖြစ်ထွက်လာသည့်အခါ၊ ပြန်လှန်ပြီး ဘတ်ကြည့်တော့၊ သည်လောက် အတန်းမြင့်ရတာ၊ ကိုဝန်တို့ ကူညီခဲ့ကြသည့် ကျေးဇူးအဟုန်ကြောင့်ပဲလို့၊ တကိုတည်း ပြောကြားမိပါသည်။ အဘိဓာန်အုပ်ရေ ၂၀၀၀ အတွက် ပုံနှိပ်ခဘယ်လောက်၊ အဖုံးတပ်ခဘယ်မျှဆိုတာ အသေအချာမသိရသေးလို့ တစ်အုပ် လျှင် ဘယ်ဈေးနှုန်းနှင့် ရောင်းရမလဲလို့ အတိအကျ အဖိုးမဖြတ်ရသေးပါ။ **Mr.Dunn** လည်း ကိုဝန်တို့ထံ၊ အဘိဓာန်ဒုတိယတွဲ တစ်အုပ်စီပို့ပေးမည်ဟု လွန်ခဲ့သည့် အင်္ဂါနေ့ **(3.Oct. 50)** က ကျွန်တော့်ကို ပြောပါသည်။*



www.burmeseclassic.com

www.burmeseclassic.com



အောက်တိုဘာ ၄ ရက်နေ့က ကျောင်းပြန်ဖွင့်သဖြင့် ကျောင်းသွားသည့်အခါ ဆရာကြီး **Luce** နှင့် တွေ့ရပါ၏။ သူလည်း တွေ့သည့်အခါ အင်မတန်ဝမ်းသာပါသည်။ အလုပ်ကိစ္စတွေများနေလို့ **Bishop's Stortford** သို့မလာနိုင်၍ ဝမ်းနည်းကြောင်း ပြောပါသေး၏။ ကျွန်တော်ကလည်း အဘိဓာန်အလုပ်နှင့် အခြားအလုပ်များ ရှုပ်ပွနေခဲ့၍ "တောရကျောင်း" အဘိဓာန်ရုံးမှာသာ တစ်နေကုန်တစ်နေခန်း သီတင်းသုံးနေခဲ့၍ လာမတွေ့နိုင်သည်ကို ခွင့်လွှတ်ပါလို့ ပြောပါသည်။ ၂ ဦးသားလည်း ရွှေဟောင်းနှောင်းဖြစ် စားမြုံ့ပြန်ကြပါသေး၏။ ယခုအခါ သူလည်း **Lecture** အတွက်က တစ်ဖက်၊ **Mon-English Dictionary** အတွက်က တစ်ဖက်နှင့် အလုပ်ရှုပ်နေဟန်တူ၏။ သူနှင့် လက်ဆောင်ပါးလိုက်သော "သပြေညို" အတွက် ကျွန်တော် အများကြီး ကျေးဇူးတင်ပါသည်။

ကိုဝန်တို့ "ကျောက်စာလက်ာ" စာအုပ်ပုံနှိပ်ဖို့ရန် ကျွန်တော် ဆရာ **Luce** နှင့် တိုင်ပင်ခဲ့ပြီ။ နောက်လည်း ဆက်လက်ဆွေးနွေးဦးမည်။ ပြီးတော့ ကျွန်တော်တို့ ကျောင်းက **Publications Committee** ရဲ့ **Secretary** နှင့် တိုင်ပင်ကြည့်မည်။ ကျွန်တော်လည်း သည်လိုစာအုပ်မျိုးထွက်စေချင်ပါသည်။ မြန်မာစာကတစ်ဖက်၊ အင်္ဂလိပ် လို ဘာသာပြန်ထားတာက တစ်ဖက်ဆိုလျှင် ပိုပြီး အကျိုးရှိလေမလား။ အကယ်၍ ပုံနှိပ်ဖြစ်ပါက ကိုဝန့်အမည် ပါစေရမည်။

ကျန်းမာချမ်းသာ၍ အသက်ရာကျော် ရှည်ပါစေ။ မြန်မာစာ တန်ခိုးပြောင်ရအောင် ထမ်းဆောင်နိုင်ပါစေ။

လှဘေ

29.Aug.51

ပန်းချီရှူး ရှူးနေပြီကြား၍ တစ်မျိုးဝမ်းသာမိပါသည်။ အရှူးကောင်းပဲ ကိုဝန်။ သည်လိုလဲ ရူးကြဦးမှ၊ မြုပ်နေသည့် မြန်မာ့ပန်းချီပညာများ အညွန့်တလူလူနှင့် ရှင်လာ ကြမှာ မုချပါပဲ။ မြန်မာလူမျိုးများကို ပန်းချီအရသာခံစားမှုနားလည်ရအောင် ကိုဝန်တို့ ကြိုးဆောင်နိုင်ခဲ့ပါမူ၊ လုပ်ရကျိုးနပ်မှာ မုချပါပဲ။ လိုအပ်သော ပန်းချီစာအုပ်များကို မှာကြားပါ။ ဦးသိန်းဟန်ထံမှာလည်း ပန်းချီဘက် စိတ်ဝင်စားနေကြောင်း ကြားရ၍ သာစုခေါ်နေပါသည်။

ကိုဝန်ထံပို့ပေးလိုက်သော အဘိဓာန်စာရွက် ၂ တွဲအနက်၊ ပထမတွဲကို တောင်းမွန်စွာ ရရှိခဲ့ပါပြီ။ ဦးကြီးဒန်းကလည်း အလွန်ကျေးဇူးတင်ကြောင်း ပြောပါတဲ့။ နောင်မကြာမီလည်း စာရွက်များ တတိယအတွဲကို ကိုဝန်ထံသို့ ပို့နိုင်ကောင်းလေရဲ့။

---

---

ဦးဖိုးစိန်ကြီးကြပ်ပြင်ဆင်သော ကျော်အောင်စံထားဆရာတော်





'အဘိဓာန်နိဿျ' စာအုပ်လောက်ရနိုင်လျှင် ဝယ်ပို့ပေးပါကိုဝန်။ ကျသလောက်ကို ကျွန်တော် ငွေတင်ပို့ပေးပါမည်။ ကိုဝန်တို့ မြန်မာပြည်မှာ အစစအရာရာ ဈေးကြီးနေ၊ ကိုဝန်လည်း သားနှင့်မယားနှင့်ဖြစ်နေသဖြင့် ကုန်ကျသမျှကို ကျွန်တော့်အား ဆက်ဆက် ကျေးဇူးပြု၍ အကြောင်းကြားစေလိုပါသည်။ တခြားလိုချင်သည့်အရာများတို မှာပါ။ လက်မထပ်မီသာ ပို့ပေးနိုင်မည်။ လက်ထပ်ပြီးသည့်အခါ မိန်းမက ငြူစူမှာစိုး၍ ပို့ပေးနိုင်မည်မဟုတ်ပါ။ သို့သော် ခုထိ ကြင်ရာလောင်းများကို မမြင်မိသေး။ ကျန်းမာပါစေ

လှဘေ။

ဗြိတိသျှလူမျိုးနှင့် ကမ္ဘာအရပ်ရပ်မှ လန်ဒန်တက္ကသိုလ်သို့ လာရောက်ကာ မြန်မာစာပေလေ့လာဆည်းပူးသည့် ဘွဲ့ကြို၊ ဘွဲ့လွန်တပည့်များကို ကရုဏာရှေ့ထားစာပေသင်ကြားပို့ချရင်း ၁၉၅၅ ခုနှစ်တွင် ဦးလေးသည် **S.O.A.S** မြန်မာစာဌာန လက်ထောက်ပါမောက္ခဖြစ်လာပြီး နောက်ဆုံး ၁၉၆၆ ခုနှစ်တွင် ပါမောက္ခရာထူးအထိ တိုးမြှင့်ခန့်အပ်ခြင်းခံခဲ့ရသည်။ ပါမောက္ခမဖြစ်မီ ၁၉၅၈ ခုနှစ်ဆီက မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ခဲ့သေးသည်။ ထိုစဉ်က စာရေးသူတို့မိသားစုနှင့်အတူ ရှမ်းပြည်နယ်ဘက်သို့ အလည်အပတ်ခရီးထွက်ခဲ့ကြသည်။ ခရီးစဉ်တွင် အင်းလေး၌ မြို့လုပ်သော ဦးတင်ဧ(ရှမ်းပြည်နယ်)၏ တူတော်မောင် ရှင်ပြုအလှူပွဲသို့လည်း သွားရောက်ကြသည်။ ရှမ်းပြည်ခရီးစဉ်မှပြန်လာပြီး အဘ၏ မြန်မာအဘိဓာန်လုပ်ငန်းကို ရသည့်အချိန်ကလေးအတွင်း ဝင်ရောက်ကူညီသွားပုံကို အဘ၏ နေ့စဉ်မှတ်တမ်းများမှ သိရှိရပါသည်။ ထို့အပြင် ထိုအချိန်က အဘိဓာန် 'စ' ပိုင်းကိုပြုစုနေသည့်ကာလဖြစ်ကြောင်းကိုလည်း မှတ်တမ်းများအရ ခန့်မှန်းနိုင်ပါသည်။

19-5-58

ခွင့် ၁၅ရက်ယူ၍ တောင်ကြီးသို့ အလည်သွားရာမှ ပြန်ရော(ရောက်) အလုပ်ဝင်သည်။ အင်းလေးကန်၊ နန်းပန်ဈေးတွင် အောက်ပါဘယဆေးသုပ်ကြီးကို တွေ့၍ "စတုခါး" အကြောင်း မေးသည်။ စတုခါးသည် ကျောက်ကြားတို့တွင် ပေါက်သော အပင်ငယ်ဖြစ်သည်။ အရွက်လေးရွက်စု၍နေတတ်သဖြင့် စတုပ္ပဒသောစကားတို ထည့်သည်ဟု ပြောသည်။ အခက်ငယ်တစ်ခုကို ဝါးကြည့်သောအခါ ခါးသည်။

24/5/58

စနု၊ စနုဆောင်၊ စနီးစပ် - တို့ကို ဒေါက်တာလှဘေလည်း ဝိုင်းဝန်းရှာဖွေနေသည်။



www.burmeseclassic.com

www.burmeseclassic.com



*28/5/58*

*စနီး*

*ဒေါက်တာလှသေနှင့် ကျွန်ုပ် အမျိုးမျိုးလှေ့လာသွေးနွေးခဲ့ကြပြီ။ ယခု ဟံသာဝတီတိုက်ထုတ် "ပါရမီတော်ခန်းအဖြေ" (၁၇ပိုဒ်သာ) မျက်နှာ ၁၀၇ တွင် "အစအနီးနှင့် ကပ်ကာနေသော သုမေဓာရသေ့" ဟု စကားပြောပါသည်ကို တွေ့ရသည်။ ဤအစ အနီးအနက်ကိုလည်း ကျွန်ုပ်တို့ ကြံခဲ့သေးသည်။ စာစပ်ရခက်၍ အခြားအနက်တို့ကို ကြံစည်ကြပြန်သည်။*

*13/6/58*

*ဒေါက်တာလှဖေ အင်္ဂလန်ပြန်၍ လိုက်ပို့သည်။ အင်ရှံ့စာတမ်းကို ဆက်လက်လေ့လာ၍ စုရန်ပုဒ်တို့ကို ခဲနီသားသည်။*

၁၉၄၈ ခုနှစ်တွင် ဆရာဖြစ်သူ မစ္စတာစတီးဝပ် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့၍ လန်ဒန်တက္ကသိုလ်မှကမ်းလှမ်းခဲ့သည့် မြန်မာစာကထိကရာထူးကို လက်ခံခဲ့သည်။ မူလကထိက ၂ နှစ်ခန့်လုပ်ပြီး မြန်မာနိုင်ငံသို့ပြန်ရန် ဖြစ်သည်။ လက်တွေ့တွင် အလုပ်သံယောဇဉ်၊ တပည့်များသံယောဇဉ်တို့ကြောင့် အင်္ဂလန်တွင် နှစ်တွေကြာညောင်းခဲ့သည်။ လူပျိုကြီးဘဝဖြင့်နေခဲ့ရာမှ အသက် ၆၀ နီးမှ အိမ်ထောင်ပြုရန်ဆုံးဖြတ်တော့သည်။ အိမ်ထောင်ကျပုံမှာလည်း စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်။

ဦးလေးလှဘေလက်ထပ်ပြီး မရှေးမနှောင်းကာလ၊ ၁၉၇၁ ခုနှစ် အောက်တိုဘာလကုန်ပိုင်း၌ စာရေးသူလည်း ပညာတော်သင်ဆုရ၍ လန်ဒန်မြို့သို့ ရောက်ခဲ့ရသည်။ ဦးလေးလှဘေက ကိုယ်စားလွှတ်လိုက်၍ လန်ဒန်တက္ကသိုလ်တွင် ရောက်နှင့်နေသော ဦးဟန်တင် (အင်္ဂလိပ်စာဌာန) က လေဆိပ်တွင် လာရောက်ကြိုဆိုသည်။ အဆောင်မရသေးမီရက်ပိုင်းအတွင်း ဦးဟန်တင်၏ အခန်းတွင် ခေတ္တတည်းရသည်။ ဦးလေးလှဖေကူညီ၍ တပတ်ခန့်အကြာတွင် အဆောင်ရသည်။ လန်ဒန်ရောက်ပြီး မကြာမီ ဦးလေးတ သူတို့နေထိုင်ရာ Welwyn Garden City သို့ အလည်ခေါ်၍ ဦးဟန်တင်နှင့် တစ်ညအိပ်ခရီးသွားကြသည်။ ဒေါ်ဒေါ် ဒေါ်သန်းမြက ဧည့်ဝတ်ကျေလှသည်။ ကျွန်တော်တို့ရောက်ပြီး နောက်တစ်နေ့ မနက်စောစော အခန်းတံခါးခေါက်ပြီး ကျွန်တော်တို့နှစ်ဦးအတွက် နံနက်စာ ကြက်ဥကြော်၊ ပေါင်မုန့်၊ ကော်ဖီတို့ကို အိပ်ခန်းအရောက် ယူလာပေးရှာသည်။ ဦးလေး လူပျိုဘဝက အဘထံရေးခဲ့သည့် စာတစ်စောင်၌ "တခြားလိုချင်သည့် အရာမှာပါ။ လက်မထပ်မီသာ ပို့နိုင်မည်။ လက်ထပ်ပြီးသည့်အခါ မိန်းမကပြုစုမှာစိုး၍ ပို့ပေးနိုင်မည်မဟုတ်ပါ" ဟူသည့် လူပျိုကြီးအပူနှင့် လက်တွေ့ဖြစ်ရပ်မှာ တခြားစီဖြစ်တော့သည်။ အိမ်ထောင်သည်ဘဝ မည်မျှသာယာ ချမ်းမြေ့နေမည်မသိ၊ ဇနီးသည်ကို "မြ" ဟူ၍သာ တစ်လုံးတည်း ချစ်စနိုးခေါ်သည်။





၁၉၈၀ ပြည့်နှစ်တွင် ပါမောက္ခအဖြစ်မှ အငြိမ်းစားယူသည်။ ချစ်ဇနီး၏ အလိုဆန္ဒအတိုင်း မြန်မာနိုင်ငံသို့ပြန်လာပြီး မော်လမြိုင်တွင်ပြန်၍နေသည်။ ဆရာမောင်ဝံသ၏တိုက်တွန်းမေတ္တာရပ်ခံချက်အရ၊ ၁၉၈၅ ခုနှစ်မှစ၍ အတွေးအမြင်စာစောင်၌ စာပေနှင့်အတွေ့အကြုံဆောင်းပါးများရေးသည်။ နိုင်ငံခြားတက္ကသိုလ်များမှ ဖိတ်ကြားသည့်အခါများ၌လည်း သွားရောက်ဟောပြောပို့ချမှုများ ပြုလုပ်ခဲ့သည်။ ဦးလေးလှဘေကို ပြည်ပတွင် မြန်မာစာပေသာသနာပြုသူတစ်ဦးဟု ဆိုကြအံ့၍အဆို မှားဖွယ်မရှိဟု ထင်ပါသည်။ ဦးလေးလှဘေရေးသားခဲ့သော စာအုပ်များအနက် ထင်ရှားသောစာအုပ်များမှာ -

အင်္ဂလိပ်ဘာသာဖြင့် . . .

(၁) ကုမ္မာရပြဇာတ် (အင်္ဂလိပ် ဘာသာပြန်)

(၂) မြန်မာစကားပုံများ

(၃) မြန်မာနိုင်ငံ

မြန်မာဘာသာဖြင့် . . .

(၁) မြန်မာစာပေစည်ခံ စာတမ်း

(၂) မြန်မာ-အင်္ဂလိပ်အဘိ ဓာန် အပိုင်း ၂ မှ ၆ထိ

(၃) ပညာပါရမီနှင့် ဒေါက်တာလှဘေ၏ အတွေးအမြင်စာစုတို့ ဖြစ်ကြသည်။

ဤဆောင်းပါးဖြင့် ပြည်ပ မြန်မာစာပေ သာသနာပြု ကွယ်လွန် သူ ဒေါက်တာလှဘေအား ဦးညွှတ်ဂါရဝပြုပါသည်။

**မှတ်စု**


(က) မစ္စတာစတီးဝပ်သည် မြန်မာ၊ မွန်၊ စာ-စကားကျွမ်းကျင်သူဖြစ်ပြီး ဇနီးမှာ မြန်မာလူမျိုးဖြစ်သည်။ မစ္စတာစတီးဝပ်နှင့် မစ္စတာ ဒန်းတို့ နှစ်ဦးစလုံးသည် မြန်မာပြည်၌ အမှုထမ်းခဲ့ကြသည့်အချိန်က မော်ဘီဆရာသိန်း ကြီး၏ မြန်မာစာတပည့်များဖြစ်ခဲ့ဖူးလေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



နောက်တန်း
(ဝဲမှယာ)
မောင်ဝန်
(ကွမ်းခြံကုန်း)
မောင်တက်ထွန်း
(မုံရွာကြေးမုံ)
မောင်အောင်ခင်
ရန်ကုန်

ရှေ့တန်း
(ဝဲမှယာ)
မောင်ဆင့်(စလေ)
မောင်ကင်ဆိုင်
(ထားဝယ်)
မောင်သန့်တင်
(ဟင်္သာတ)
မောင်ကျော်စိန်
(တံတားရွာ)
မောင်မိုး
(ညောင်စာရေး)

# အဘနှင့် ဦးတက်ထွန်း

၁၉၂၉ ခုနှစ် တက္ကသိုလ်ကျောင်းတိုက်သို့ အဘဝင်သောအခါ ရန်ကုန်တက္ကသိုလ်၏သက်တမ်းမှာ ၉ နှစ်မျှသာ ရှိသေးသည်။ သိပ္ပံပညာသင်တန်းများကို ရန်ကုန်မြို့ ကော်မီရှင်နာလမ်း ကျောင်းတိုက်ဟောင်းတွင် ပို့ချနေ၍ ဝိဇ္ဇာသင်တန်းများကို ပင်းယကျောင်းဆောင်နှင့် စစ်ကိုင်းကျောင်းဆောင်တို့တွင် သင်ကြားပို့ချနေပါသည်။ ယနေ့ခေတ်နှင့်နှိုင်းစာလျှင် တက္ကသိုလ်ပညာရှာရန် ရောက်လာသောသူအရေအတွက်မှာလည်း နည်းလှပေသေးသည်။ တက္ကသိုလ်ကျောင်းသူကျောင်းသားများ ရန်ကုန်မြို့ထဲသွားရန်ကလည်း ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးကုမ္ပဏီ၏ နဝါးတံဆိပ်ဘတ်စ်ကားနှင့် ကျားတံဆိပ်ဘတ်စ်ကားတို့သာရှိသေးသည်။ကွမ်းခြံကုန်းမှလာသော နယ်ကျောင်းသားအဘသည် ပဲခူးကျောင်းဆောင် အလယ်ထပ်၊ အခန်း ၉၁ တွင် နေထိုင်ရသည်။ အဘနည်းတူ အခြားနယ်ကျောင်းသားများ ပဲခူးကျောင်းဆောင်သို့ အသီးသီးရောက်လာကြသည်။ အဆောင်နေကျောင်းသားများသည် နေ့ကျောင်းသားများထက် တစ်ဦးနှင့်တစ်ဦး ပိုမိုထိတွေ့ခွင့်ရကြသည်။ ပိုမိုရင်းနှီးခွင့်ရကြသည်။ ဇာတိချက်ကြွေမွေးရပ်မြေ မတူသူများအကြား ဒေသဆိုင်ရာယဉ်ကျေးမှုဓလေ့ထုံးစံကွဲပြားသော စကားအသုံးအနှုန်းစသည်များကို ဆွေးနွေးအမြင် ဖလှယ်ခွင့်ရကြသည်။ အမြင်မတူသည့်အခါ ငြင်းကြခုန်ကြပြီး တစ်ဦးနှင့်တစ်ဦး ပြောင်လိုက်နောက်လိုက်ကြနှင့် ပျော်စရာ အမှတ်ရစရာတွေ တစ်ပုံတစ်ပင်ဖြစ်တော့သည်။ ပထမပညာသင်ကာလ ၄ နှစ်အပြီး ခွဲခွာရချိန်ကျတော့ သူတို့အကြား ခင်မင်မှုက မြဲမြဲလျက်ရှိနေပြီ။ ခင်မင်သောသူငယ်ချင်းတစ်စု ပဲခူးကျောင်းဆောင်ရှေ့ အမှတ်တရဓာတ်ပုံရိုက်ကြသည်။ အချိန်ကား ၁၉၃၃ခု၊ နှစ်ဆန်းပိုင်းဖြစ်လေသည်။ သူတို့အဖွဲ့ ဓာတ်ပုံကို "တူပျော်ပျော်" ဟု ရိုးရိုးကလေးနှင့် အမှတ်တရ ကင်ပွန်းတပ်လိုက်ကြသည်။ သူငယ်ချင်း ၈ ဦး ခင်မင်ပျော်ရွှင်စွာနေခဲ့ကြသည်ကိုသာ အမှတ်ရလိုကြလေသည်။

သို့သော် တချိန်က ညီရင်းအစ်ကိုတမျှ ချစ်ခင်ပေါင်းသင်းခဲ့ကြသော သူငယ်ချင်း ၈ ဦး မလွန်ဆန်နိုင်သောသဘောတရားအရ ဤလောကကြီးကို တစ်ဦးပြီးတစ်ဦး စွန့်ခွာခဲ့ကြရလေပြီ။

အချိန်မတိုင်မီ စောစီးစွာ ဦးစွာပထမခွဲခွာသွားသူမှာ ရန်ကုန်သား ဦးအောင်ခင် ဖြစ်ပါသည်။ "တူပျော်ပျော်" ဓာတ်ပုံကို အဘ၏မိတ်ဆွေ သံအမတ်ကြီး ဦးသက်ထွန်းအား အကြောင်းအားလျော်စွာ ပြဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် ဦးအောင်ခင်မှာ ဦးသက်ထွန်း၏ အစ်ကိုဝမ်းကွဲတော်သူ ဖြစ်နေသည်။ ဦးအောင်ခင်သည် စစ်ကြီးမဖြစ်မီကပင် ကွယ်လွန်ခဲ့ကြောင်း ဦးသက်ထွန်းထံမှ သိရှိခွင့်ရခဲ့ပါသည်။ သူငယ်ချင်း ၈ ဦး အနက် ဤကမ္ဘာလောကကြီးကို နောက်ဆုံးစွန့်ခွာသူမှာ အဘပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လိမ့်မည် ထင်ပါသည်။ အဘ ကွယ်လွန်ချိန် ၂၀၀၄ ခုနှစ်တွင် အဘ၏သက်တမ်းသည် ၉၆ နှစ်သို့ပင် ချဉ်းကပ်လျက်ရှိနေချေပြီ။ ဤနေရာတွင် အဘ၏ ထူးခြားစိတ်ဝင်စားဖွယ် သူငယ်ချင်းတစ်ဦးအကြောင်း ဖော်ပြလိုပါသည်။ ထိုသူကား "တူပျော်မျော်မာတပ်ပုံရိုက်အပြီး နောင် ၉ နှစ်ခန့်အကြာ ဆွေမျိုးစာရင်းဝင်လာသည့် ဦးတက်ထွန်းပင် ဖြစ်ပါသည်။ မုံရွေးကြေးမုံသား ဦးတက်ထွန်းမှာ အမေ့အစ်ကိုဝမ်းကွဲတော်စပ်သူဖြစ်ပါသည်။ ဦးလေးတက်ထွန်းအကြောင်းကို ဆွေမျိုးတော်စပ်သူတစ်ဦးအနေဖြင့် မဟုတ်မူဘဲ သူ၏မြန်မာစာပေ၊ ယဉ်ကျေးမှုအကျိုး၊ အစဉ်တစိုက် ထူးခြားစွာ သယ်ပိုးသွားမှုကြောင့်သာ ဖော်ပြရခြင်းဖြစ်ပါကြောင်း သတိမူစေလိုပါသည်။

ပထမ အင်္ဂလိပ် မြန်မာစစ်ပွဲအပြီး ရန္တပိုစာချုပ်ချုပ်ဆိုသည်။ မြန်မာကိုယ်စားလှယ် ရွှေတိုက်ဝန်၊ ကျီဝန်မင်းကြီး သက်တော်ရှည် ဦးသာအောင်သည် ဦးလေးတက်ထွန်း၏ အဘိုးတော်သူဖြစ်သည်။ မိဘနှစ်ပါးမှာ ဦးဆယ်-ဒေါ်ဆင့် ဖြစ်ပါသည်။ ဦးလေး ဦးတက်ထွန်းကို ၁၉၁၀ ပြည့်နှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် မွေးဖွားသည်။ သား ၆ ဦးမှ ၅ ယောက်မြောက် သားဖြစ်သည်။ အစ်ကိုဖြစ်သူတွေက ဦးဘကျား၊ ဦးဘိုးရှုံ၊ ဦးဆင်၊ ဦးဂျီနှင့် ညီမှာ ဦးတက်ခေါင်တို့ ဖြစ်ကြပါသည်။ ညီအစ်ကိုအားလုံး တက္ကသိုလ်ပညာရကြသည်။ အစ်ကိုအကြီးဆုံး ဦးဘကျားသည် ပါဠိဝိဇ္ဇာဂုဏ်ထူးတန်းကို ပထမတန်းဖြင့် အောင်သည်။ ရန်ကုန်ကောလိပ်ကျောင်းတွင် ပါဠိကထိက အဖြစ် စာပေပို့ချခဲ့ဖူးသည်။ ၁၉၂၀ ပြည့်နှစ်တစ်ဝိုက် အဋ္ဌသာလိနီနှင့် ဝိသုဒ္ဓိမဂ် တို့ကို ဆရာကြီးဦးဖေမောင်တင် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည်။ ဦးဘကျားက လက်ကသုံးတောင်ဝှေးအဖြစ် ကူညီခဲ့သည်။ အစ်ကိုကြီး ဦးဆင်က ၁၉၅၄ ခုနှစ် မြန်မာဘာသာပြန် ဥပဒေအဖွဲ့ဝင်တစ်ဦး ဖြစ်လေသည်။

ဦးလေးသည် လူထူးလူဆန်းတစ်ယောက်ဖြစ်သည်။ ဆယ်တန်းကျောင်းအမျိုးမျိုးတွင် လှည့်လည်ပညာသင်ခဲ့သည်။ ဥပဒေအချုပ်အချယ်များသော ဆယ်တန်းကျောင်းတို့တွင် မပျော်။ မန္တလေးမှ ရန်ကုန်၊ ရန်ကုန်မှ မန္တလေး အခေါက်ခေါက်အခါခါ ကျောင်းပြောင်းဖူးသည်။ ကျောင်းတက် နောက်ကျ၊ စာမကျက်၊ ကျောင်းပြေးခြင်းတို့ကြောင့် မကြာခဏ ငွေဒဏ်၊ ကြိမ်ဒဏ် ဆောင်ခဲ့ရသည်။ ဆယ်တန်းအောင်၍ တက္ကသိုလ်ကျောင်းတိုက်သို့ ရောက်သောအခါ ဦးလေးများစွာ စိတ်ချမ်းသာသည်။ ပဲခူးကျောင်းဆောင်သို့ အဘနှင့် တစ်နှစ်တည်းရောက်ကြသည်။ တက္ကသိုလ်ကျောင်းတိုက်တွင် ဖတ်ချင်သောစာအုပ်တို့ကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်သည်။ အိပ်ချင်သည့်အချိန် အိပ်နိုင်၏။ လည်ချင်သည့်အချိန် လည်နိုင်၏။ လွတ်လပ်မှုနှင့်အတူ ပျော်ရွှင်မှုရလာသည်။ အကျိုးဆက်မှာ စာကိုများစွာစိတ်ဝင်စားလာသည်။ ကျောင်းတက် မှန်သည်။ အလုပ်မှန်မှန် လုပ်သည်။ ပိဋကတ်တိုက်ကို မွှေ၊ စာအုပ်အမျိုးမျိုး နေ့မအား ညမအားဖတ်သည်။ သူငယ်ချင်းများနှင့် ဆွေးနွေးငြင်းခုန်သည်။ နောက်ဆုံး ပါဠိဝိဇ္ဇာဂုဏ်ထူးတန်းကို ပထမတန်းဖြင့် အောင်လေသည်။





ဘွဲ့ရပြီး ပင်းယဆောင်တွင် နည်းပြဆရာဘဝ အဘနှင့် ပြန်ဆုံကြပြန်သည်။ ၁၉၃၅ ဦးလေးတက်ထွန်း အစိုးရပညာတော်သင်အဖြစ် အရွေးခံရသည်။ လန်ဒန်တက္ကသိုလ်အရှေ့တိုင်းနှင့် အာဖရိကပညာရပ်များကျောင်း (School of Oriental and African Studies-S.O.A.S) တွင် တရုတ်စကား၊ တရုတ်စာ၊ တရုတ်ဗုဒ္ဓဘာသာတို့ကို လေ့လာရန်ဖြစ်သည်။ တိဗက်စကား၊ တိဗက်စာ၊ တိဗက်ဗုဒ္ဓဘာသာတို့ကိုလေ့လာရန် အဘကို ၁၉၃၆ ခုနှစ် ဩဂုတ်လတွင် အောက္ကစဖို့တက္ကသိုလ်သို့ အစိုးရပညာတော်သင်အဖြစ် စေလွှတ်သည်။ သူငယ်ချင်းနှစ်ဦးကို တက္ကသိုလ်အာဏာပိုင်တို့ ရှေ့ဆင့်နောက်ဆင့်စေလွှတ်သည့် ရည်ရွယ်ချက်တစ်ခု ရှိသည်။ ပညာတော်သင်နှစ်ဦးပြန်လာကြသည့်အခါ မြန်မာစကား၊ မြန်မာစာ၊ မြန်မာဗုဒ္ဓဘာသာတို့နှင့် သားချင်းဖြစ်သော တရုတ်တိဗက်စကား၊ တရုတ်တိ ဗက်စာ၊ တရုတ်တိဗက်ဗုဒ္ဓဘာသာတို့ကို နှိုင်းယှဉ်လေ့လာ၍ မြန်မာ့ယဉ်ကျေးမှုသမိုင်းကို ဖော်ထုတ်ကြစေရန်ဖြစ်သည်။ ၁၉၃၈ ခုနှစ်တွင် စာပေဝိဇ္ဇာဘွဲ့ ဘီလစ် (B.Litt) အတွက် အောက္ကစဖို့တက္ကသိုလ်၌ အဘ စာတမ်းတင်သည်။ ပြီးတော့ အဘိဓာန်ပညာ (Lexicography) လေ့လာသင်ကြားရန် S.O.A.S သို့ တစ်နှစ်ပြောင်းသည်။ သည်အခါ သူငယ်ချင်းနှစ်ယောက် တတိယအကြိမ် ပြန်လည်ဆုံစည်းခွင့် ရကြပြန်သည်။ ဘီလစ်ဘွဲ့ကို ၁၉၃၉ ခုနှစ်တွင် အဘရသည်။ ဒုတိယကမ္ဘာစစ်ကြီး စစ်ရိပ်စစ်ငွေ့သန်းသာ၍ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၄ ရက်နေ့တွင် ပြန်လည်ထွက်ခွာခဲ့သည်။ လီဗာပူးလ် (Liverpool) ဆိပ်ကမ်းမှ ည ၁၁ နာရီကျော်ကျော် သင်္ဘောကမ်းမှခွာချိန် ကောင်းကင်၌ လခြမ်းညိုညိုကလေး ထွက်နေသည်ဟု အဘ မှတ်တမ်းရေးခဲ့သည်။ ဦးလေးတက်ထွန်းကား ပြန်မလာဖြစ်။ ဘိလပ်တွင် ကျန်ရစ်ခဲ့သည်။

ကွယ်လွန်ချိန်အထိ ဦးလေးတက်ထွန်း ဘိလပ်တွင် နှစ် ၄၀ ကျော် နေထိုင်သွားခဲ့သည်။ ထိုစဉ်ကာလအတွင်း ဗြိတိသျှပြတိုက်၊ အိန္ဒိယရုံး စာကြည့်တိုက်၊ ဝိတိုရိယပြတိုက်နှင့် လမ်းဘေး ရှေးဟောင်းစာအုပ်ဆိုင်တွေမှာ ဦးလေး လှည့်လည်ကျက်စားခဲ့သည်။ မြန်မာနှင့်ဆိုင်သည့် စာအုပ်စာတမ်း၊ ပေပုရပိုက်များကို ရှာဖွေစုဆောင်းသည်။ ဘိလပ် စာနယ်ဇင်းလောကနှင့် ပညာရှင်များက ဦးလေးကို 'မစ္စတာတက်'ဟု သိမှတ်ထားကြသည်။ စာအုပ်အရှာကောင်း၍ ဘိလပ်သားများကပင် သူတို့ လိုချင်သည့် စာအုပ်မျိုးရဖို့ ဦးလေးကိုမှာ ကြရသည်။ ကျူဒါခေတ်စာအုပ်များ၊ ရှိက္ကစပီးယား၏ ပထမဆုံး ပုံနှိပ်စာအုပ်များအထိ ရအောင်ရှာနိုင်ခဲ့သည်။ မန္တလေးကို ဗြိတိသျှတို့ သိမ်းစဉ် နန်းတွင်းပစ္စည်းအမြောက်အမြား ပါသွားခဲ့သည်။ ပစ္စည်းတချို့သည် ဘိလပ်ပြတိုက်နှင့် စာကြည့်တိုက်များသို့ ရောက်သည်။ တချို့သည် စစ်ဗိုလ်တွေလက်ထဲ ရောက်သည်။ တချို့ ပြန်ရောင်းသည့်အခါများတွင် ဦးလေးက ဖြစ်အောင်ကြိုးစားဝယ်သည်။ မြန်မာပြည်ပြန်ပို့သည်။ (ဆရာဇော်ဂျီ စာကြည့်တိုက်မှူးဘဝက ဆင်ကျုံးရွှင်းပုံ၊ ပိုလိုကစားပုံ၊ မြင်းခင်းသဘင်၊ နန်းတွင်း ဝတ်စားဆင်ယင်ပုံများပါသည့်



www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံ ပုရပိုက်များကို ပို့လှူဖူးသည်ဟုသိရသည်။) ကိုယ်ပိုင်ပစ္စည်းဥစ္စာချမ်းသာဖို့ စိုးစဉ်းမျှ မကြိုးပမ်းခဲ့ပေ။ တက္ကသိုလ်ပိဋကတ်တိုက်သို့ လှူထားသော ရောင်စုံပုရပိုက်များနှင့် အမရပူရ မြို့နယ် ကျေးရွာပုံ ပုရပိုက်တစ်ဆူတို့ကို ဌားပြီး မန္တလေးတွင် ပြပွဲလုပ်ရန် လူထုဒေါ်အမာသို့ စာရေးဖူးသည်။ ဘိလပ်တွင်နေသော်လည်း မြန်မာ့အကျိုးကို အစဉ်တစိုက် ဆောင်ရွက်သည်။ မြန်မာပြည် လွတ်လပ်ရေးရသောအခါ သူ့ကိုယ်သူ မြန်မာနိုင်ငံသားအဖြစ် ကြေညာခဲ့သည်။

အင်္ဂလိပ်အစိုးရ၏ ဖိတ်ကြားချက်အရ မြန်မာပါလီမန်အဖွဲ့သည် ဘုရင့်အစိုးရ၏ ဧည့်သည်တော်အဖြစ် ၁၉၅၇ ခုနှစ်တွင် ဘိလပ်သို့ရောက်သည်။ ဦးလေးနှင့် ဘုတလင်အမတ် ဦးသိန်းဖေမြင့် တွေ့ခွင့်ရသည်။ ဦးသိန်းဖေမြင့်ကို ဦးလေးက သူ၏ နေအိမ်သဖွယ်ဖြစ်နေသော ဗြိတိသျှပြတိုက်သို့ လိုက်လံပြသသည်။ ဘိလပ်သို့ ပညာ ရှာမှီးရန်ရောက်ရှိလာကြသောမြန်မာများကို ကြီးငယ်မဟူ ပညာရေးဆိုင်ရာနှင့် သုတေသနဆိုင်ရာ အကူအညီများလည်းပေးသည်။ ပန်းချီဆရာကြီး ဦးငွေကိုင်၊ ဦးသန်းထွန်း (ဆရာတိုက်စိုး)၊ ဒေါက်တာ ရီရီ စသောပုဂ္ဂိုလ်များအပြင် အခြားမြန်မာများစွာကို ကူညီခဲ့သည်။ လန်ဒန်တွင်နေပြီး တိုင်းပြည်အတွက်လုပ်ဆောင်ခြင်းသည် သူ့အတွက် နေရာမှန်ဖြစ်လိမ့်မည်ဟု ဦးလေးကဆိုသည်။ ဆရာတိုက်စိုးနှင့် ဆုံစဉ် "မြန်မာနိုင်ငံ စာကြည့်တိုက်တွေက မြန်မာအမျိုးသားစာစုစာရင်း **(Myanmar National Bibliography)** စလုပ်သည့်အခါ ပြန်လာမည်"ဟု ပြောလိုက်ဖူးသည်။ မြန်မာနိုင်ငံ သုတေသနအသင်းက ထုတ်ဝေခဲ့သော ရာမဝတ္ထုကို ပါမောက္ခဦးမောင်မောင်ကြီးနှင့် တွဲ၍ တည်းဖြတ်ခဲ့သည်။ မယ်ခွေ၏ အဲချင်း၊ အလောင်းမင်းတရား အမိန့်တော်များ စသည့် စာအုပ်များအတွက်လည်းကောင်း၊ အင်္ဂလန်နိုင်ငံတွင်ပုံနှိပ်ခဲ့သည့် မြန်မာ့ စွယ်စုံကျမ်းကြီးဖြစ်မြောက်ရေးအတွက်လည်းကောင်း ကူညီဆောင်ရွက်ခဲ့သည်။ ဦးလေးသည် စာဖတ်ဝါသနာပါသော်လည်း စာမရေးချင်သူဖြစ်သည်။ ငယ်ဆရာ **D.G.E. Hall** က တိုက်တွန်း၍ 'မြန်မာရာဇဝင်တို့၏ သဘောသဘာဝ' **(The Nature of the Burmese Chronicles)** စာတမ်းရေးဖူးသည်။ **S.O.A.S** ၌ ယင်း စာတမ်းကို ဖတ်ခဲ့သည်။ ထိုစဉ်က ဦးတင်အုန်း (သမိုင်းပါမောက္ခ)က သီးခြားစာတမ်း တစ်စောင် ဖတ်သည်။

အကြောင်းသင့်၍ စာရေးသူ လူမဖြစ်ခင် မြန်မာနိုင်ငံမှ ထွက်ခွာသွားသော ဦးလေးနှင့် ဆုံစည်းခွင့်ရပုံကို တင်ပြလိုပါသည်။ ၁၉၇၁ ခုနှစ်ကုန်ပိုင်းလောက်တွင် ဘိလပ်သို့ ပညာတော်သင်အဖြစ် ရောက်ရှိသွားပါသည်။ စောစောပိုင်း အဆောင်မှာ နေသည်။ နောက်ပိုင်း ဦးလေးခေါ်၍ **13 Ovington Street, London S.W.3** ရှိ ဦးလေးနေအိမ်သို့ ပြောင်းဖြစ်သည်။ အိမ်သော့တစ်ချောင်း၊ အိပ်ခန်းတစ်ခန်းပေး၍ လွတ်လပ်စွာနေစေသည်။ ဦးလေးက အလွန်အေးသည်။ ဆေးတံတိုကလေး လက်ထဲ






အမြဲလို တွေ့ရသည်။ 'လူပျံတော်' ဆေးပြင်းလိပ်ကိုလည်း ဦးလေးခဲ့မင်သည်။ အခန်းတွင်း၌ ပရိဘောဂဟူ၍ ထူးထူးခြားခြားမရှိ၊ စားပွဲနှင့် ကုလားထိုင်တစ်လုံးအပြင် စာအုပ်စင်များသာရှိသည်။ တစ်ခန်းလုံး နေရာအနှံ့စာအုပ်များကိုတွေ့ရသည်။ ရှေးစာအုပ်တွေက များသည်။ အဘကို လက်ဆောင်ပေးဖူးသည့် **'A Sketch of the Services of the Madras European Regiment during The Myanmar War'** ဆိုလျှင် နှစ်ပေါင်း ၁၆၀ ကျော်က ပုံနှိပ်ခဲ့သည့်စာအုပ်ဖြစ်သည်။ နံရံကပ်စင် တလေးတစ်ခုပေါ်တွင် ကြေးရုပ်ကို ထုလုပ်ထားသည့် ဗုဒ္ဓဆင်းတုတော်တစ်ဆူရှိသည်။ နှစ်ပေါင်း ၂၀၀ ကျော်ကဟု မှတ်ရဖူးသည်။ ဦးလေးသည် အတိတ်တွင် နေနေဟန် ရှိသည်။ ရှေး လက်ဖက်ရည်ကရား၊ လက်ဖက်ရည်ခွက်၊ ပန်းကန်ခွက်ယောက်၊ မီးဖို၊ ထမင်းစားပွဲ၊ ကုလားထိုင်၊ ဖွန်း၊ ခက်ရင်း၊ မြင်မြင်သမျှ ရှေးပစ္စည်း သို့မဟုတ် ပစ္စည်းဟောင်းများသာ။ ကြွေဟင်းခွက်တစ်ခု အက်နေသည်ကိုဖောက်၍ နန်းကြိုးငယ် တစ်ချောင်းနှင့် ထိန်းဆက်ထားသည်။ မပစ်ရက်။ တစ်ချိန်က မွေးခဲ့ဖူးဟန်ရှိသော ခွေး၏အစာခွက်ဟောင်းကလည်း ထမင်းစားပွဲနှင့်မနီးမဝေးတွင်ရှိသေးသည်။ သန့်ရှင်း ရေးအတွက်တံမြက်စည်းနှင့်ဂေါ်ပြားတစ်စုံရှိသည်။ ဖုန်စုပ်စက်ကိုမတွေ့ရ။ထူးလှသည်။

နောက် ထူးခြားချက်တစ်ခု ရှိသေးသည်။ ယင်းက အတိတ်တွင်နေလိုသော ဦးလေး၏သဘောကို ပိုမိုပေါ်လွင်စေသည်ထင်ပါသည်။ နှစ်တွေ တစ်နှစ်ပြီးတစ်နှစ် ပြောင်းလဲတိုးပွားလာသည်ကို ဦးလေးအသိအမှတ်ပြုလိုဟန်မတူ။ အဘကို လက်ဆောင်ပေးခဲ့သောရှေးဟောင်းစာအုပ်တွင်လက်မှတ်ကိုသာတွေ့ရသည်။ လက်ဆောင် ပေးသည့် ရက်စွဲ၊ ခုနှစ်၊ သက္ကရာဇ်ကို လုံးဝမတွေ့ရပေ။ နှစ်စဉ် အဘနှင့် အမေတို့ထံ ပို့ခဲ့သည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်လွှာများကို သတိထားကြည့်ရာတွင်လည်း သက္ကရာဇ် မပါ။ လက်မှတ်များကိုသာတွေ့ရသည်။ ဖော်ပြမထားသည့်ကာလတစ်ခုကို ဦးလေး စိတ်ဝယ် စွဲစွဲလမ်းလမ်း ထာဝရသိမ်းဆည်းထားဟန်ရှိသည်။ နှစ်တွေ ဘယ်လိုပြောင်း ပြောင်း နှစ်ဟောင်းတစ်ခုသာ ဦးလေးစိတ်တွင် ရှိနေမည်ထင်သည်။

မိမိက ကျောင်းသို့ စောစီးစွာထွက်၍ ဦးလေးနှင့် နံနက်ခင်း မဆုံတတ်။

(အဘကိုပေးသော လက်ဆောင်စာအုပ်ပေါ်မှ ဦးတက်ထွန်း၏ နေ့စွဲမပါသော လက်မှတ်)





www.burmeseclassic.com

www.burmeseclassic.com





ဒေါက်တာ တင်မောင်ဆေး ဦးတက်ထွန်းနှင့် စာရေးသူ (၁၉-၈-၇၂)

ညစာကို သူ၏မိတ်ဆွေ **Mr.Whiting** ဆိုသူနှင့် အစဉ်လို အတူထွက်စားလေ့ရှိသည်။ အိမ်မှာ ဦးလေး ထွေထွေထူးထူးစားသည်ကို မတွေ့ရတတ်။ ကော်ဖီနှင့်ပေါင်မုန့်တို့ နေအိမ်နှင့် မနီးမဝေးတွင်ရှိသည့် **Harrods** ကုန်တိုက်ကြီးမှ ဝယ်လေ့ရှိသည်။ တစ်ခါတရံ စတော်ဘယ်ရီသီးကြီးများ ဝယ်လာတတ်သည်။ ဖိလစ်ပိုင်မှလာသော သီးမွှေးငှက်ပျောသီးတစ်မျိုးကို ပျားရည်နှင့်တို့၍စားတတ်သည်။ အဝကျယ်ဖန် ပုလင်းအတွင်း ပျားရည်စိမ်ထားသည့် ပျားအိမ်(ပျားသလက်ပျားလဘို့)ကလည်း စားချင်စဖွယ်။ ဦးလေးချက်လေ့ရှိသည့် ဟင်း၂မျိုးကို အမှတ်ရသည်။ ပဲနီလေးကို ကြွေရည်သုတ် အိုးထဲထည့်ပြုတ်။ အမြုပ်ကလေးများ ဝေတက်လာသည့်အခါ ဖွန်းနှင့်ခပ်၍ဖယ်။ အမြုပ်သေလျှင် ကြက်သွန်ဖြူမှုန့်၊ ဆားထည့်။ ဟင်းခတ်မှုန့်ထည့် ပဲနီလေးဟင်းချို ဖြစ်လေသည်။ နောက်တစ်မျိုးမှာ ကြက်သားပေါင်းဖြစ်သည်။ ချက်ရန်အသင့် လုပ်တိုင်ထားပြီး ကြက်အကောင်လိုက်၊ ခြေထောက်နှစ်ချောင်းကိုကြိုးနှင့်တည်း။ ကြက်သွန်ဖြူမှုန့်၊ အမွှေးအကြိုင်၊ ဆား စသည့်နှင့်နယ်။ ကြွေရည်သုတ် ဘဲဥပုံ ခွက်ကြီးထဲထည့် ပေါင်းဖိုထဲသို့ တွန်းသွင်းလိုက်ရုံသာ။ အချိန်တန်လျှင် အရေခွံနီညိုရောင်သန်း ဆီရောင်ဝင်းနေသည့် ကြက်ပေါင်းမွှေးမွှေး ရလေသည်။

အမှတ်တရ ဖြစ်ရပ်ကလေးနှစ်ခု ကြုံခဲ့ဖူးသည်။ အဆောင်နေစဉ်က တစ်နေ့ ဦးလေးထံ အလည်ရောက်သည်။ စနေနေ့ ထမင်းစားလာရန် ဖိတ်သည်။ ဦးလေး ချက်ပြုတ်တာဝန်ပိုနေမည်စိုး၍ "ရပါတယ်ဦးလေး" ဟု ပြောခဲ့သည်။ နောက်တနင်္ဂနွေနေ့ ဦးလေးထံ ရောက်သည်။ "မနေ့က ဘာလို့ ထမင်းစားမလာသလဲ" ဟု ဦးလေးက ဆီးမေးသည်။ "ဦးလေးကို အားနာလို့ရပါတယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်"

"မင်းတို့ခေတ်စကားက ဘယ်လိုဟာလဲ။ ငါတို့ခေတ်ကတော့ ရပါတယ် ဆိုတာ လက်ခံသဘောတူတာကိုပြောတာ" ဟူ၍ဖြစ်ပါသည်။

နောက် အမှတ်တရတစ်ခုမှာ ပညာသင်ကာလကုန်ဆုံး၍ မိမိပြန်ခါနီး





မှာ ဖြစ်ပါသည်။ မြန်မာသူငယ်ချင်းတစ်စုက ကိန်းဘရစ်(ချ်) **Cambridge** တက္ကသိုလ်သို့ အလည်ပို့ရန် လာခေါ်ကြပါသည်။ ကိန်းဘရစ်(ချ်)သို့ အသွားလမ်းတွင် တော်တဆ ယာဉ်တိုက်မှုဖြစ်သည်။ သူငယ်ချင်း၏ကား အတော်ပျက်စီးသည်။ ခရီးစဉ်ကိုဖျက်၊ ဦးလေးကို ဖုန်းဖြင့် အကျိုးအကြောင်းလှမ်းပြောသည်။ "အေး အေး ... ဝမ်းသာတယ်၊ ကိစ္စတွေပြီးရင် ပြန်လာကြ" ဟု ပြန်ပြောသည်။ ဦးလေးက "ဝမ်းသာတယ်" ပြော၍ မိမိနားမလည်ဖြစ်ရသည်။ မိမိပြန်ရောက်သည့်အခါ မနေနိုင်၍ ဦးလေး "ဝမ်းသာတယ်" ပြောရခြင်းအကြောင်း မေးမိသည်။ ဖုန်းဆက်တော့ လူတွေ ဘာမှအထိအခိုက်မရှိဘူးဆိုတာသိရလို့ ဝမ်းသာတယ်လို့ပြောကြောင်း ဦးလေးက ရှင်းပြသည်။ သူငယ်ချင်းတစ်စုအတွက် ငွေအားထက်ရယ်အားသန်ဖြစ်ရတော့သည်။

မြန်မာပြည်ပြန်ခါနီး ဦးလေးကို ကန်တော့၊ ဦးလေးက ဆုတွေပေး။ အသက် ၂၂ နှစ်ကျော်မှတွေ့ခွင့်ရသော ဦးလေး၊ ခွဲခွာရခါနီးတော့ ဝမ်းနည်းရသည်။ သူငယ်ချင်းများကလည်း ဦးလေးကိုကန်တော့ကြသည်။ မြန်မာပြည်ပြန်ရောက်ပြီး လူကြုံကောင်းသည့်အခါ ဦးလေးနှစ်ခြိုက်သည့် 'လူပျံတော်' ဆေးပြင်းလိပ်၊ အခြား ကောင်းနိုးရာရာ စားစရာတလေးများ ပို့ဖြစ်ပါသည်။ ဦးလေးက စာရေးနည်းသည်။ ပစ္စည်းရသည့်အခါတော့ ကျေးဇူးတင်ကြောင်း အကြောင်းပြန်ရှာသည်။ ၁၉၇၇ ခုနှစ်ကုန်ပိုင်းတစ်နေ့ ဦးလေးသတင်းတစ်ခုကြားရသည်။ သူမြတ်နိုးသည့် စာအုပ်ပုံများအကြား၊ ကုလားထိုင်ပေါ်တွင် အေးငြိမ်းစွာထိုင်ရင်း လောကကြီးကိုစွန့်ခွာသွားပြီတဲ့။ သူငယ်ချင်းသတင်းကြား၍ အဘ သတိရဝမ်းနည်းဖြစ်ရသည်။ သူငယ်ချင်းအကြောင်း ဆောင်းပါးတစ်ဆောင်တွင် ရေးသားချက်ကို ပြန်လည်ကောက်နုတ်ဖော်ပြပါသည်။

"အင်္ဂလန်ပြည်တွင်၊ အထူးသဖြင့် လန်ဒန်မြို့တွင်ရှိသော မြန်မာဆိုင်ရာ ကိစ္စ၌ ပန်းပု အနုပညာ စာပေအမျိုးမျိုး၊ ရာဇဝင်သမိုင်း အထောက်အထားအမျိုးမျိုး မြန်မာ ဗြိတိသျှ အုပ်ချုပ်ရေးမှတ်တမ်းအမျိုးမျိုး စသည်တို့ကို ရှာဖွေလေ့လာထား၍ အင်္ဂလန်သို့ ပညာရှာသုတေသနလုပ်ရန်ရောက်လာသည့် ပညာသည်တို့အား အစောမပန်း ကူညီညွှန်ကြားလေ့ရှိသော အလင်းရောင်တစ်ခု ငြိမ်းသွားသည်ဟု ဆိုရပါမည်။ ကို တက်ထွန်း၏ အတ္ထုပ္ပတ္တိကိုရေးမည်ဟု အချက်အလက်များနှင့် ဓာတ်ပုံစသည်တို့ကို ရှာဖွေစုဆောင်းနေသော လူထုဦးလှလည်း ယခု ကွယ်လွန်သွားပါလေပြီ။ တံသာ အမိ၊ တံသာအဖေပေတကား ..."

အဘ အမွေပေးခဲ့သော နေ့စဉ် မှတ်တမ်းစာအုပ်များမှ ကျောင်းသားဘဝက သူငယ်ချင်းနှစ်ယောက်အကြောင်းစိတ်ဝင်စား၍ ပြန်ရှာကြည့်မိသည်။ အဘ မှတ်တမ်း ရေးထားချက်တချို့ကို အများသိစိမ့်သောငှာ ပြန်လည်ဖော်ပြပါသည်။

၂၂-၆-၃၄ (သောကြာနေ့)

၁၅ရက်နေ့တွင် ရွာမှ ကျောင်းသို့ ပြန်ရောက်သည်။ မောင်တက်ထွန်းနှင့် အတူ ဝင်းယဆောင်တွင် နည်းပြဆရာလုပ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



*၁၃-၇-၃၄*

*ညီညီ ကြက်သားပေါင်း ယူလာသည်။ ညနေထမင်းဝိုင်းတွင် မောင်တက်ထွန်း၊ မောင်သန့်တင်၊ ဆရာသိန်းဟန်နှင့်ကျွန်ုပ် ၄ ယောက်သား အားရပါးရ စားကြသည်။ ထမင်းများစွာမြိန်၏။ သာဓု သာဓု၊ သာဓု။*

မောင်သန့်တင်မှာ ပဲခူးကျောင်းဆောင်တွင် အတူနေခဲ့သော အဘ၏ သူငယ်ချင်း ဟောင်းဦးသန့်တင်ဖြစ်ပါသည်။ ဒဂုန်မဂ္ဂဇင်းတွင်'မိုးနက်' အခန်းဆက် စုံထောက်ဝတ္ထု များကလောင်ရှင် 'ရွှေပြည်စိုး'ဖြစ်ပါသည်။ ၁၉၃၃ ခုနှစ်၊ မတ်လက တက္ကသိုလ်မွှာရုံ အုတ်မြစ်ချရာတွင် အဘနှင့်အတူ အကျိုးဆောင်လုပ်ခဲ့သည်။ အဘခေါင်းချသွားရာ 'သပြေညို' မြဲမြေကွက်ကို ဦးသန့်တင်တိုက်တွန်းချက်အရ ဝယ်ဖြစ်ခဲ့ခြင်းဖြစ်သည်။

## <u>တက်ထွန်း၏ပမာဒ</u>

*၂-၁-၃၅*

*ညက တက်ထွန်းအခန်းတွင် ကိုညီညီ စကားပြောနေသည်။ ၁၀ နာရီ လောက်တွင် တစ်ကျောင်းလုံးမီးငြိမ်းသွား၍ မှောင်ကျလေသည်။ သန်းခေါင်လောက် ကျမှ ကိုညီညီပြန်သွားသည်ဟု ပြော၏။ မနက်ထမင်းဝိုင်းတွင် ကိုညီညီလာ၍ တက်ထွန်းမျက်နှာမှမျက်မှန်ကို ဖြုတ်ယူသည်။ ညက မှောင်ကျသွားသောအခါ ကိုညီညီသည် မျက်မှန်ကိုချွတ်၍ စားပွဲတွင်တင်ထားခဲ့၏။ မနက်လင်းသောအခါ တက်ထွန်းကသူ့မျက်မှန်ထင်၍ ကောက်ယူတပ်ဆင်ခဲ့လေသည်။ ခလုတ်တိုက် မလဲသည်ကိုပင် ချီးမွမ်းမိတော့သည်။*

*၁၅-၁-၃၅*

*ဟိုတစ်ညက လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြသည်။ တက်ထွန်းက ကာဖီမှာ၍ ဆရာသိန်းဟန်က လက်ဖက်ရည်မှာသည်။ ဆိုင်ကုလားက တက်ထွန်းရှေ့မှာ လက်ဖက်ရည်ထား၍ ဆရာ့ရှေ့မှာ ကာဖီထားသည်။ တက်ထွန်း အရင်သောက်၍ ဆရာနောက်မှ သောက်မည်ပြုသောအခါ ကာဖီဖြစ်နေမှန်းသိရသည်။ ထိုအခါမှ တက်ထွန်းသည် သူသောက်လိုက်သည်မှာ ကာဖီမဟုတ် လက်ဖက်ရည်ဖြစ်နေမှန်းကို သိသည်။ ဆရာ့မှာ ကာဖီကိုသောက်ရလေတော့သည်။*

သူငယ်ချင်းမေ့မေ့လျော့လျော့ ရှိတတ်သည်ကို သတ်သတ်မှတ်မှတ် ခေါင်းစဉ် ပေး၍ မှတ်တမ်းရေးခဲ့ခြင်းဖြစ်သည်။ ဦးညီညီမှာ အဘ၏ ၁၉၃၆ မတိုင်မီက ကဗျာတချို့ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သူ၊ နောင်သမဝါယမဌာနအတွင်းဝန် ဖြစ်လာသူ၊ ဖြူး ဦးညီညီ (N.N)ဖြစ်ပါသည်။

*၅-၇-၃၅*

*စာသင်တိုက်ကြီးတွင် ဟန်ဂေရီလူမျိုး ရုပ်ပြောင်သမား* ***Laszlo Schwartz*** *သည် တယောထိုးပြ၏။ ရုပ်ပြောင်များကို ဆွဲပြ၏။ × × × × ၎င်းနောက် ကျောင်းသား ကျောင်းသူအချို့ကိုထုတ်၍ ၎င်းတို့ ပုံကိုဆွဲပြသည်။ တက်ထွန်းပါသွား၏။ တက်ထွန်း၏ ဦးခေါင်းကို အုန်းသီးခွံဟုအမည်ပေး၍ ဆွဲပေးလိုက်သည်။ နဖူးပေါ်ပေါ်၊ နှာခေါင်း လုံးလုံး၊ ပါးရေတွန့်တွန့်၊ မေးချွန်းချွန်း၊ လည်စေ့ထွက်ထွက် ရယ်စရာပုံဖြစ်၏။*





အဘတို့ခေတ်က ကာတွန်းဆရာရွှေတလေး၏ကာတွန်းများ နိုင်ငံတွင် ခေတ်စားလျက်ရှိသည်။ ကျောင်းဆရာများ၊ ကျောင်းသူ၊ ကျောင်းသားများ ကာတွန်း ပညာအကြောင်းဖော်ထုတ်သောအစည်းအဝေးသို့ စိတ်ဝင်တစားသွားကြသည်။

သူငယ်ချင်းပုံ ပန်းချီဆရာဆွဲပေးပြီး အမည်ပေးသည်ကို သဘောကျ၍ မှတ်တမ်းတင်လေသည်။

*၁၃-၇-၃၄ (တနင်္ဂနွေနေ့)*

*တက်ထွန်းသည် ဘီလပ်သို့ 'စစ်ကိုင်း' နှင့်သွားပြီ။ သန်လျင်နားတွင် ဆိုက်ထားသော 'စစ်ကိုင်း' သို့ အရောက်လိုက်ပို့လိုက်သည်။ မောင်တက်ခေါင်၊ မောင်သိန်းတင်၊ မောင်သန့်တင်၊ ကိုကျော်ညိမ်းတို့လည်းပါသည်။ တက်ထွန်းနှင့်အတူ မောင်ကျော်ပန်းအမည်ရှိ မြန်မာကျောင်းသားတစ်ယောက်လည်း ပါသွားသည်။ အရင် နေ့နေ့က တက်ထွန်းအတွက် ကျောင်းသားများက နှုတ်ဆက်ပွဲကျင်းပသည်။ "မင်္ဂလာ နှုတ်ဆက်စကား"ကို ကျွန်ုပ်စကားပြေနှင့် လွယ်လွယ်ရေးပေးလိုက်သည်။ မောင်သိန်းဖေက ခေတ်စမ်း ဩဘာစာဟု အမည်ပေးသည်။*

တစ်ချိန်က မြန်မာပြည်နှင့်အင်္ဂလန်အကြား ပြေးဆွဲနေသော သင်္ဘော ၂ လိုင်း ရှိသည်။ ဗီဗီလိုင်း **(Bibby Line)** သင်္ဘောများက အကောင်းစား၊ ဟင်ဒါဆင် လိုင်း **(Henderson Line)** သင်္ဘောများက အညံ့စား။ စစ်ကိုင်း၊ အဝ၊ ပဲခူး သင်္ဘော များသည် ဟင်ဒါဆင်လိုင်းပိုင်များဖြစ်ကြသည်။ 'စစ်ကိုင်း' သင်္ဘောနှင့် ၁၉၂၇ ခုနှစ်က အိုင်စီအက်(စ) ဦးစိန်တင် (သိပ္ပံမောင်ဝ) အောက္ခစဖို့သို့ ပညာသင်သွားခဲ့ဖူးပေပြီ။ မောင်တက်ခေါင်မှာ ဦးလေးတက်ထွန်း၏ ညီဖြစ်သည်။ မောင်သိန်းတင်မှာ ညီဝမ်းကွဲ တော်သူ။ ဦးလေးနှင့် စရိုက်ချင်းတူ၍ တစ်ဦးနှင့်တစ်ဦးအခြား ညီအစ်ကိုများထက် သံယောဇဉ်ရှိသည့် အိုးဝေဦးညိုမြဖြစ်ပါသည်။ အမေ ညီအစ်မအရင်းများ ဖြစ်ကြ ပါသည်။ ကိုကျော်ငြိမ်းမှာ နိုင်ငံ့ဂုဏ်ရည်ပထမအဆင့် ဦးကျော်ငြိမ်း၊ မောင်ကျော်ပန်း မှာ စစ်ရွှေမြို့သား ဖြစ်ပါသည်။ အဘ၏ 'မင်္ဂလာနှုတ်ဆက်စကား' ကို ခေတ်စမ်း ဩဘာစာအမည်ပေးသူကား ဦးသိန်းဖေမြင့်ဖြစ်ပါသည်။


ဤမျှကား ဦးတက်ထွန်း မြန်မာပြည်မှ ထွက်ခွာသည့်နေ့အထိ အဘ၏ မှတ်တမ်း ဖြစ်ပါသည်။ သွားအတူ၊ စားအတူ၊ နေအတူ၊ ပညာရှာအတူ သူငယ်ချင်း တစ်ဦး၏ အကြောင်း တစေ့တစောင်းမျှသာဖြစ်ပါသည်။ အဘဆန္ဒနှင့်အညီ ဦးလေးတက်ထွန်း အကြောင်း သုတေသနပြုရေးသားမည့်သူ ပေါ်ပေါက်လာပါစေဟု ဆုတောင်းလိုက်ပါသည်။ ဦးလေးတက်ထွန်း ကောင်းရာသုဂတိလားပါစေသော်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## ရသစာပေရှင်
## ဦးတင့်ဆွေနှင့် အဘ

တလောက၊ စိတ်ကူးချိုချို စာအုပ်တိုက်မှ စီစဉ်သည့် မြန်မာအက်ဆေး ၁၀၀ စာအုပ်ကို မေတ္တာလက်ဆောင်ရသည်။ ယနေ့ ခေတ်စားလာနေသော အဖုံးထူဖြင့် ခံ့ခံ့ထယ်ထယ်၊ သပ်သပ်ရပ်ရပ်ရှိသည်။ စာပေမြတ်နိုးသူတို့၏ စာအုပ်စင်ဝယ် နေရာရသင့်သော စာအုပ်ကောင်းတစ်အုပ်ဟု ဆိုချင်ပါသည်။ မာတိကာတွင် ခရေပင်ကြီးလည်း မပြုံးနိုင်တော့ပြီ အက်ဆေးအမည်ကို ဂရုပြုမိလိုက်သည်နှင့် တလောင်ရှင်အမည်ကို ကြည့်လိုက်ရာ၊ မိမိနှစ်ခြိုက်လှ၍ မိတ္တူကူးသိမ်းဆည်းထားမိသော **မပြုံးပါနှင့်ခရေပင်ကြီးရယ်** ဆောင်းပါးကိုရေးခဲ့သူပင် ဖြစ်နေပါသည်။ အက်ဆေးကိုဖတ်ကြည့်လိုက်ရာ၊ ၁၉၄၁ ခုနှစ်က ဆရာဦးတင့်ဆွေရေးခဲ့သော မပြုံးပါနှင့်ခရေပင်ကြီးရယ်ဆောင်းပါးကိုအခြေခံ၍ ၁၀ နှစ်ခန့်အကြာတွင် ရေးခဲ့သော ဆောင်းပါးဖြစ်ကြောင်းတွေ့ရပါသည်။ မူရင်းဆောင်းပါးကဲ့သို့ပင် ရသမြောက်သည်။ ဆောင်းပါးနှစ်ပုဒ်စလုံးက ဦးတင့်ဆွေ ငယ်စဉ်ဘဝကထဲကနေထိုင်ခဲ့ရသော ရွှေတိဂုံဘုရားလမ်းရှိအိမ်၏ လမ်းတစ်ဖက်မျက်နှာချင်းဆိုင်ဝင်းကြီးထဲရှိ ခရေပင်ကြီးကို အခြေခံ၍ သူ၏ခံစားချက်များကို ဖတ်ချင်စဖွယ်၊ စိတ်ဝင်စားစရာကောင်းအောင် ရေးသားထားခြင်းဖြစ်သည်။

ဆရာတိုက်စိုး၊ဆရာမောင်ခင်မင်(ဓနုဖြူ)တို့က အက်ဆေးကို အနုတ်ဖွင့်ထားသည်နှင့်အညီ ဆရာဦးတင့်ဆွေ၏အရေးအသားက ရင်ဖွင့်စာ ရင်ဖွင့်သံပါသည့် အရေးအသားဖြစ်သည်။ ကလောင်ရှင်က သူရေးလိုသောအကြောင်းအရာ

www.burmeseclassic.com



တစ်ခုခုကို တွေးမိ၊ မြင်မိ၊ ခံစားမိသလိုရေးသည့် အရေးအသားမျိုး ဆောင်းပါးအဖြစ် ရေးသော်လည်း သုတသက်သက်ပေးသည့် ဆောင်းပါးမဟုတ်၊ အတွေ့အမြင် ခံစားမှုတို့ရေးဖွဲ့သည့် ရသမြောက်အက်ဆေးဖြစ်သည်။ ဤကဲ့သို့ အကြောင်းအရာထက် အက်ဆေးဆရာ၏စိတ်ထားကို ပိုမိုပေါ်လွင်စေသောအက်ဆေးကို မြန်မာစာပေလောက၌ ရသစာပေဟု ခေါ်ဆို၍လည်းရနိုင်ကြောင်း မှတ်သားရပါသည်။

မူလဆောင်းပါး၏ တစ်စိတ်တစ်ပိုင်းကို ဖော်ပြခြင်းအားဖြင့်၊ အဆိုပါဆောင်းပါးကို မဖတ်ဘူးသေးသူတို့ ဆရာဦးတင့်ဆွေ၏ ရသစာပေအဖွဲ့အနွဲ့ကို သိရှိခံစားစေလိုပါသည်။ ဆောင်းပါးနိဂုံးပိုင်းအပိုဒ်က၊ ဆောင်းပါးတစ်ပုဒ်လုံး၏ ဆိုလိုရင်းအကြောင်းအရာကို ပေါ်လွင်စေသည်ဟုယူဆ၍ အဆိုပါနိဂုံးပိုင်းပါ စာပိုဒ်ကို ဖော်ပြပါသည်။

*လူဖြစ်ရသည်မှာ စာအုပ်ကြီးတစ်အုပ်ကို တစ်ခန်းပြီးတစ်ခန်းလှန်၍ဖတ်ရသည်နှင့် တူလှ၏၊ ငါ၏အဖို့ကား အခန်းတွေ အတော်ပြီးခဲ့လှစုံခဲ့လှလေပြီ၊ ယခုကား တစ်ခါမျှမဖတ်ဘူးသောအခန်းသစ်ကိုဖွင့်၍ ဖတ်ရချေဦးတော့မည်။ ဤအခန်းကား အသို့ တွေ့ရဦးမည်နည်း။ ငါမသိ၊ ငါမပိုင်၊ လူ့ဘဝကား ဆန်းကြယ်လှပါ၏တကား။ လူ့ဘဝကား အဆုံးမသိသော စာအုပ်ကြီးနှင့် တူလှပေ၏။ ယခု ငါဖွင့်၍ ဖတ်မည့် အခန်းပြီးလျှင် နောက်ကို အခန်းမည်မျှ လာဦးမည်နည်း . . .*

*ငါ၏ဇာတ်သည် အတိုလော အရှည်လော၊ မည်သူသိနိုင်ပါအံ့နည်း။ သတ္တဝါတို့မည်သည်မှာ၊ နောက်ဆုံး ကံစီမံတိုင်းခံရသည် မဟုတ်ပါလော။ လူဖြစ်ရခြင်းတား မသေချာမရေရာလှပါ တကား။ ဘုရားသာလျှင် ကိုးကွယ်ရာရှိပါချေ၏တကား၊ တရားသာလျှင် ကိုးကွယ်ရာရှိပါချေ၏တကား၊ သံဃာတော်မြတ်သာလျှင် ကိုးကွယ်ရာရှိပါချေ၏တကား။ ဤသို့တွေးတောမိ၏။ ဤသို့ ကျွန်တော် သူတော်ကောင်းယောင်ယောင် မိမိကိုယ်မိမိ ဆင်ခြင်ကြည့်မိ၏။ ထိုအခါ ကျွန်တော်မွေးသည်မှအစ ကျွန်တော်၏ ကောင်းမှုမကောင်းမှုတွေရှိသမျှကို အားလုံးကောင်းစွာသိခဲ့ပေသော ခရေပင်ကြီးသည် ကျွန်တော့်အားကြည့်ကာ သရော်တော်တော်လုပ်နေသည်ဟု ကျွန်တော်ထင်ရ၏။ ကျွန်တော်၏အကြောင်းကို ကောင်းစွာသိသဖြင့် ကျွန်တော့်အား များစွာလေးစားခြင်းမရှိလှသော ခရေပင်ကြီးသည် ကျွန်တော့်အား ကြည့်ကာပြုံးနေသည်ဟု ကျွန်တော်ထင်ရ၏။ ထိုအခါမှ ကျွန်တော်လည်း မိမိ၏စိတ်ကူးခန်း စဉ်းစားခန်းကို*

အမှာ။ ဤဆောင်းပါးကား တိုင်းရေးပြည်ရေး ဆောင်းပါးလည်း မဟုတ်။ စီးပွားရေးဆောင်းပါးလည်းမဟုတ်။ ပညာရေးဆောင်းပါးလည်းမဟုတ်။ ဗဟုသုတဖြစ်ဖွယ်တစ်ခုမျှမပါ။ ရေးမိရေးရာ ကောက်၍ရေးထားသော ဆောင်းပါးမျှသာဖြစ်ပါ၏။ ထို့ကြောင့် အချိန်ကို အဖိုးတန်သည်ထင်၍ သူတို့ ယောင်၍မှ မဘတ်ပါလေနှင့်။ အထူးသဖြင့်ကျွန်တော့်ကို အမြင်ကပ်နေသောသူများ ရှိပါလျှင်၊ ဤဆောင်းပါးကိုမဘတ်ရန် တောင်းပန်လိုပါ၏။ ဤဆောင်းပါးကိုဘတ်မိလျှင်၊ ကျွန်တော့်အား ပို၍ပင် အမြင်ကတ်လာပါလိမ့်မည်။

ဦးတင့်ဆွေ၏ ထူးခြားသည့်အမှာစာ





*ရုပ်သိမ်းလိုက်ပြီးလျှင် မပြုံးပါနှင့်ခရေပင်ကြီးရယ်ဟု ငယ်ပေါင်းကြီးဖော် ခရေပင်ကြီးကို ပြောဆိုတောင်းပန် နှုတ်ဆက်လိုက်ရသောဟူ၏။*

ဖော်ပြခဲ့သည့် စာတစ်ပိုဒ်ကပင် ဆောင်းပါးရှင်၏ ရသမြောက် ဖွဲ့နွဲ့ရေးသားနိုင်သည့်စွမ်းအားကို ပေါ်လွင်စေမည်ထင်ပါသည်။ ထိုမျှသာမကသေး၊ ဆောင်းပါး၏ အမှာစာသည်လည်း ထူးခြားဆန်းသစ်သောအသွင်ကို ဆောင်ပါသေးသည်။ ဆောင်းပါးရှင်၏ ရိုးသားပွင့်လင်းမှု၊ နှိမ့်ချတတ်မှု၊ အပြစ်ကင်းသောဟာသဉာဏ်ရွှင်မှုတို့ကို အမှာစာတွင် သိသာထင်ရှားတွေ့နိုင်ပါ၍ အဆိုပါထူးခြားသည့် အမှာစာကိုလည်း စာဖတ်သူတို့ လေ့လာသုံးသပ်နိုင်ရန် ဆက်လက်တင်ပြအပ်ပါသည်။

*အမှာ။ ဤဆောင်းပါးကား တိုင်းရေးပြည်ရေး ဆောင်းပါးလည်း မဟုတ်။ စီးပွားရေးဆောင်းပါးလည်းမဟုတ်။ ပညာရေးဆောင်းပါးလည်း မဟုတ်။ ဗဟုသုတဖြစ်ဖွယ်တစ်ခုမျှမပါ။ ရေးမိရေးရာ ကောက်၍ရေးထားသော ဆောင်းပါးမျှသာ ဖြစ်ပါ၏။ ထို့ကြောင့် အချိန်ကို အဖိုးတန်သည်ထင်။ သူတို့ ယောင်၍မှ မဘတ်ပါလေနှင့်။ အထူးသဖြင့် ကျွန်တော့်ကို အမြင်ကပ်နေသော သူများရှိပါလျှင်။ ဤဆောင်းပါးကို မဘတ်ရန်တောင်းပန်လိုပါ၏။ ဤဆောင်းပါးကိုဘတ်မိလျှင်။ ကျွန်တော့်အား ပို၍ပင် အမြင်ကတ်လာပါလိမ့်မည်။*

ဤသို့ ရသမြောက် စာပေရေးနိုင်စွမ်းသော ဆရာဦးတင့်ဆွေသည် စာပေမျိုးရိုးမှ ဆင်းသက်ပေါက်ဖွားလာ သူတစ်ဦးလည်းဖြစ်ပါသည်၊ ဆရာ၏ ဖခင်ကြီး စာတော်ပြန်ဝန်ထောက် ဦးဖိုးဖြူမှာ ကျမ်းပြုပုဂ္ဂိုလ်တစ်ဦးဖြစ်သလို၊ မိခင်ကြီး ဒေါ်အေးမေကလည်း ကဝိမျက်မှန်စာပုံနှိပ်တိုက်ပိုင်ရှင်ဖြစ်သည်၊ ထို့အပြင် မိခင်ကြီး၏မောင်ဝမ်းကွဲမှာ စပယ်ပင်၊ ရွှေပြည်စိုးဝတ္ထုတို့ဖြင့် နာမည်ကျော်ကြား လူသိများခဲ့သော ရာဇဝတ်ဝန်ထောက် စပယ်ပင် ဦးလတ်ဖြစ်သည်။

ဦးတင့်ဆွေသည် လူလားမြောက်ချိန်မှစ၍ ရန်ကုန်တိုင်း၊ ရန်ကုန်ဂေဇက် သတင်းစာများတွင် ဆောင်းပါးများရေးသည်။ မိသားစုပိုင် ကဝိမျက်မှန်မဂ္ဂဇင်း၊ ၁၉၂၇ ခုနှစ်တွင်ထွက်ရှိလာသည့်အခါ၊ တာတေ အမည်ဖြင့် စုန်း၊ ကဝေ၊ ဝတ္ထုများ ရေးသည်။ ထို့အပြင် ဦးလေးတော်သူ ရွှေဘိုဆက် ဦးလတ်ကို အစွဲပြု၍ **ရွှေဘိုမောင်ထက်ထူ** အမည်ဖြင့်လည်း ဝတ္ထုဆောင်းပါးများ ရေးခဲ့သည်၊ စုန်း၊ ကဝေ ဝတ္ထုများရေးရာတွင် ဖတ်ကောင်းရုံမျှ စိတ်ကူးယဉ်၍ ရေးခြင်းမျိုးမဟုတ်ဘဲ၊ သက်ဆိုင်ရာကျမ်းများကို သေချာကျနစွာလေ့လာပြီးမှ မြန်မာ့ဓလေ့ထုံးတမ်းနှင့် ဆီလျော်အောင်ရေးခြင်း ဖြစ်သည်။ အရေးကောင်းသည်တစ်ကြောင်း၊ စိတ်ဝင်စားမှတ်သားဖွယ်ရာများလည်း ပါဝင် သည်တစ်ကြောင်းကြောင့်၊ စာဖတ်ပရိသတ်၏ အားပေးမှုကို ရရှိခဲ့သည်။


အခြေခံပညာကို ရန်ကုန်မြို့ ဘီဂင်ဒတ် အင်္ဂလိပ်ကျောင်းတွင် စတင်ရရှိခဲ့သည်၊ နောက်ပိုင်းမှ အစိုးရအထက်တန်းကျောင်းသို့ ပြောင်းသည်၊ ၁၉၃၁ ပြည့်နှစ် ပထမအကြိမ် ကျောင်းသားသပိတ်ကြီးအပြီး၊ တည်ထောင်စ မြို့မအမျိုးသားကျောင်း



www.burmeseclassic.com

www.burmeseclassic.com






**'မင်းသုဝဏ် ရေး' ဟု အစချီထားသောစာ၏ စာအိတ်**

ကြီးသို့ရောက်သည်။ တက္ကသိုလ်ဝင်သည့်အခါ ဝံသာနုစိတ်ဓာတ်ခံရှိသည့် ဦးတင့်ဆွေသည် ပင်နီအင်္ကျီနှင့်ချည်လုံချည်ကို စွဲမြဲစွာဝတ်ဆင်လေ့ရှိသည်။ တက္ကသိုလ်ကျောင်းသားသမဂ္ဂ စတင်တည်ထောင်ရာ၌ ပါဝင်ခဲ့သလို၊ သေရည်သေရက်သောက်စားမှုကို ရှောင်ကြဉ်ခြင်း၊ ပိတ်ပင်ခြင်းတို့ကို အားပေးသည့် သုစရိတယုဝအသင်းတည်ထောင်ရာ၌လည်း ပါဝင်ခဲ့သည်။

အဘ တက္ကသိုလ်ကျောင်းတိုက်ရောက်ပြီး တစ်နှစ်အကြာ၊ ၁၉၃၀ ခုနှစ်တွင် ဦးတင့်ဆွေသည် ဝိဇ္ဇာဘွဲ့ရပြီး၊ မြို့မကျောင်းဆရာ ပြန်လုပ်သည်။ အသက်အားဖြင့် အဘထက် နှစ်နှစ်ခွဲခန့်ကြီးသည်။ တက္ကသိုလ်တွင်နှစ်ကြာစွာ မဆုံလိုက်ကြရသော်လည်း ထိုခေတ်၏ ကျောင်းသားဦးရေမှာ မများလှ၍တစ်ကြောင်း/စာပေသမားများဖြစ်ကြ၍ တကြောင်း တစ်ဦးနှင့်တစ်ဦး မစိမ်းကြပေ။ ထို့အပြင် ဦးတင့်ဆွေနှင့် အဘတို့အကြားအမှတ်ရစရာ ဖြစ်ရပ်တစ်ခုကရှိသည်။ ၁၉၃၀ ခုနှစ် မိုးရာသီတွင် တက္ကသိုလ်ကျောင်းတိုက်၌ စကားအဆို အလှဲပွဲ(စကားရည်လုပွဲ) တစ်ရပ် ကျင်းပပြုလုပ်သည်။ အင်္ဂလိပ်စာပေကျမ်းဂန်သည် မြန်မာစာပေကျမ်းဂန်ထက် အနှစ်သာရရှိသည်ဟူသော အဆိုကို မြို့မကျောင်းသားဟောင်းများက တင်သွင်းသည်။ လူငယ်များကြီးပွားရေးအသင်း (Youth Improvement Society)က ပြန်လည်ချေပသည်။ အဆိုကို ဦးဆောင်တင်သွင်းသူက ဦးတင့်ဆွေ၊ ဦးဆောင်ချေပသူက အဘဖြစ်သည်။ အင်္ဂလိပ်ကျောင်း မှာ အခြေခံပညာရခဲ့သူနှင့် ကွမ်းခြံကုန်းမြို့ မြန်မာအလယ်တန်း ဂျားကျောင်း (ဆရာလေး ဦးဖိုးလှိုင်၏လောကဓာတ်ကျောင်း)မှ အခြေခံပညာ ရခဲ့သူနှစ်ဦးတို့ စကားစစ်ထိုးပွဲ ဟုဆိုရမည်လား မဆိုနိုင်ပါ။ အရှုံးအနိုင်မရှိသော အဆိုပါ စကားအဆိုအလှဲပွဲအကြောင်းရေးထားသည့် အဘ၏မှတ်တမ်းကို စာရှုသူတို့ လေ့လာသိရှိနိုင်ရန် တင်ပြပါသည်။





၁၉၃၂ ခု ဝါခေါင်လပြည့် ကျော် ၁ ရက်နေ့ ညနေငါးနာရီအချိန်တွင် တက္ကသိုလ်ကျောင်းတိုက်ဟောင်း၊ စာစစ်ခန်းကြီးတွင် စကားအဆိုအလှဲပွဲကျင်းပသည်။ အင်္ဂလိပ်စာပေကျမ်းဂန်သည် မြန်မာစာပေကျမ်းဂန်ထက် အနှစ်သာရရှိသည်ဟူသော အဆိုကို မြို့မကျောင်းသားဟောင်းများကတင်သွင်း၍၊ လူငယ်များ ကြီးပွားရေးအသင်းကခြေလှဲရသည် ဝါ ပြန်လည်ချေပရသည်။ အရှုံးအနိုင်မရှိ အဆိုတင်သွင်းသူတို့မှာ -

၁။ ကိုတင့်ဆွေ။ ဝိဇ္ဇာဘွဲ့ရ။

၂။ ကိုထွန်းလွင်။ ဥပစာ အထက်တန်း။ (တနှစ်ကျောင်းသား)

ခြေလှဲသူတို့မှာ -

၁။ မောင်ဝန်။ ပထမနှစ် ဝိဇ္ဇာတန်း

၂။ ကိုထွန်းတင်။ (ယုဒသန် ကျောင်းတိုက်ကြီး) ဒုတိယနှစ် ဝိဇ္ဇာတန်း

၃။ ဆရာ ကိုစမောင်။ ဝိဇ္ဇာဘွဲ့ ရ (မြန်မာဂုဏ်ထူး)

သဘာပတိမင်း -

ဝတ်လုံတော်ရ ဦးကျော်မြင့် (စမော်ကော်ရုံး တရားဝန်)

နာရီမှူး -

ပညာအုပ်ဟောင်း-ဖဦးထုပ်- ဦးဖိုးစိန်။

စာစစ်ခန်းကြီးမှာ-လာရောက်နားထောင်သောကျောင်းသား ကျောင်းသူ ဆရာဆရာမတို့ဖြင့် ပြည့်နှက်လျက်ရှိ၏။ မိုးကြီးအလွန်ရွာသည်။ ၎င်းပွဲမှာ ကျောင်းအချင်းချင်း မြန်မာဘာသာဖြင့် အဆိုအလှဲစကားပွဲတို့ မစမှီ-စံနမူနာပြစကားပွဲဖြစ်ပါသည်။ စံယူလောက်ပါပေသည်ဟု သဘာပတိမင်းက အမိန့်ရှိပါသည်။


စကားရည်လုပွဲအပြီး တစ်နှစ်ခန့်အကြာ၊ ဦးတင့်ဆွေတို့မိသားစုပိုင် ကဝိမျက်မှန်မဂ္ဂဇင်းတွင် အဘ၏ပထမဆုံးသော အချစ်ဝတ္ထုတို တစ်ပုဒ်ကို ပုံနှိပ်ဖော်ပြခြင်းခံရသည်။ ၁၉၃၁ ခုနှစ်၊ ဩဂုတ်လထုတ်၊ ကဝိမျက်မှန်မဂ္ဂဇင်း အတွဲ(၅) အမှတ်(၅)ပါ **ထွေးနှစ်ဖော်**၊ ဝတ္ထုကဇာတ်သိမ်းခန်းကောင်းသည်။ လက်ခုပ်ကုန်း၊ ခြံမြေပိုင်ရှင်၏သား၊ ကွမ်းခြံကုန်းအမျိုးသားကျောင်းမှ မောင်ထွေးနှင့် လက်ခုပ်ကုန်းသို့ လေညင်းခံအလည်လာသော ပွဲစားကြီး၏သမီး၊ မြို့ကြီးသူ မခင်ထွေးတို့၏ အချစ်ဇာတ်လမ်းတစ်ပုဒ်လေးဖြစ်သည်။ ချစ်သူနှစ်ဦးတို့အပြီးတွင် ရေစက်ဆုံကြသည်။ ဇာတ်လမ်းအဆုံးပိုင်းတွင် မခင်ထွေးမှ မောင်ထွေးအား အပင်ထက်တွင် ဝေဝေဆာဆာပွင့်နေကြသော ပိတောက်ပန်းများကို ခူးခိုင်းသည်။ မောင်ထွေးက ပိတောက်ပန်းများကို မခူးရန်သူ၏သူငယ်ချင်းတစ်ဦး ကျောင်းမဂ္ဂဇင်းတွင်ရေးခဲ့သည့် **ပိတောက်ပန်းတဖွာ**ကို ရွတ်ပြနားချရာ မထွေးကိုယ်နှိုက်ကလည်း **ကျောင်းချစ်**၏ အဆိုပါကဗျာကို အတော်နှစ်မြိုက်နေသူတစ်ဦးဖြစ်သည့်အလျောက်၊ ပိတောက်ပန်းတို့ အပင်ထက်ဝယ် အလှမပျက်၊ ဆက်လက် ဝင့်ကြွားခွင့်ရသွားကြသည်။ ဤနေရာတွင် ထွေးနှစ်ဖော်တို့၏



www.burmeseclassic.com

www.burmeseclassic.com





ဦးတင့်ဆွေ၏ မြန်စာ(၁၃၉၉ ခု၊ အောက်တိုဘာလ)

ဇာတ်သိမ်းပိုင်းကို ဖော်ပြရခြင်းအကြောင်းရင်းမှာ ဇာတ်လမ်းပါ၊ ပိတောက်ပန်းကဗျာသည်၊ ပထမဦးဆုံးသောခေတ်စမ်းကဗျာအဖြစ် သတ်မှတ်ခြင်းခံထားရသော ကျောင်းချစ်အမည်ခံ ကဗျာဆရာမှာ ဆရာဇော်ဂျီပင်ဖြစ်ကြောင်းကိုလည်း ဖော်ပြလို၍ ဖြစ်ပါသည်။

၁၉၃၅ ခုနှစ်တွင် ဦးတင့်ဆွေသည် ကျေးလက်တောရွာပြုပြင်ရေး ပညာတော်သင်ဆုကို ရသည်။ အင်္ဂလန်နိုင်ငံ အိတ်ဇီတာကောလိပ်မှ ဆရာဖြစ်ဒီပလိုမာဘွဲ့ ရရှိပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ၊ မန္တလေးသို့ပြန်၍ နော်မန်ကျောင်းအုပ်ကြီးအဖြစ် အမှုထမ်းသည်။ အဘက ၁၉၃၆ ခုနှစ်တွင် ပညာတော်သင် သွားရပြီး၊ ၁၉၃၉ ခုနှစ်ကုန်ခါနီးမှ မြန်မာနိုင်ငံသို့ ပြန်ရောက်သည်။ အဘပြန်ရောက်ပြီး မိတ်ဆွေဦးတင့်ဆွေထံပြန်ရောက်ကြောင်း စာရေးဟန်ရှိသည်။ အကြောင်းမှာ စာရကြောင်း၊ မတွေ့ရသည်မှာကြာ၍တွေ့ချင်ကြောင်း အဘထံ ဦးတင့်ဆွေ၏ ၁၉၃၉ အောက်တိုဘာလ ပြန်စာကိုတွေ့ရှိရပါသည်။ တစ်ဖန် နိုဝင်ဘာလတွင် တစ်ကြိမ် အဘထံစာရေးပြန်သည်ကို တွေ့ရသည်။ လက်ရေးက ဆန်းဆန်း၊ ရက်စွဲတတ်ပုံကလည်း ၁၃၀၁ ခု အမျိုးသားနေ့ အရင်တစ်ရက်ဟု ဆိုထား၍ နိုဝင်ဘာလ ၂၀ ရက်နေ့ကို ရည်စူးဟန်တူသည်။ အကြောင်းက ထူးထူးခြားခြားမဟုတ်။ သတိရကြောင်းရေးလိုက်သည့် ဝါကျ ၂ ခုပါ စာတိုကလေးမျှသာဖြစ်သည်။ ၁၉၄၀ ခုနှစ်တွင် အဘ နောက်ထပ်ရလာသည့် စာတစ်စောင်ကား အချိန်ကာလနှင့်ဆန်းစစ်ကြည့်သော် အဘ၏ မောင်ခွေးဖို့ကဗျာစာအုပ်ကလေးထွက်လာပြီး အဘထံမှ






စာအုပ်လက်ဆောင်ရ၍ ရေးလိုက်သည့်စာ ဖြစ်ဖွယ်ရှိပါသည်။ ထို့အပြင် အဘစာအုပ်တချို့ကိုလည်း ကူညီရောင်းပေးကြောင်း ခန့်မှန်းရပါသည်။ ဗီးလပ်တွင် ပညာသင်ရောက်ရှိနေကြသော ဦးတက်ထွန်း၄ နှင့် ဦးသိန်းဟန် (ဆရာဇော်ဂျီ)၅ တို့ထံမှ စာမရသည့်အကြောင်းလည်း ပါသည်။ ထိုအချိန်က အဘနှင့် ဦးတင့်ဆွေတို့ စာအဆက်အသွယ် မပြတ်ကြသလို၊ ကြီးပွားရေးမဂ္ဂဇင်းတွင်လည်း ဝတ္ထုဆောင်းပါးများ နှစ်ဦးစလုံးရေးနေကြသည့်ကာလ ဖြစ်သည်။

စစ်ကြီးအတွင်း ဦးတင့်ဆွေသည် ဝါဒနှင့် သတင်းဖြန့်ချိရေးအရာရှိ ဖြစ်သည်။ အဘနှင့်ဘကြီးဇော် (ဆရာဇော်ဂျီ)တို့နှစ်ဦးသည် ပညာရေးဌာန၊ စာပေနှင့် စာကြည့်တိုက်ဌာနခွဲတွင် တာဝန်ထမ်းဆောင်ကြရသည်။ ဆရာဇော်ဂျီက ဒုတိယညွှန်ကြားရေးဝန်ဖြစ်ပြီး၊ အဘက လက်ထောက်ညွှန်ကြားရေးဝန်တာဝန်ကို ယူရသည်။ ၁၉၄၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဗမာနိုင်ငံတော်အစိုးရကိစ္စဟု ပုံနှိပ်ထားပြီး အလျှင်အမြန်ဟု မင်နီဖြင့် ထပ်ဆင့်ရေးထားသော စာတစ်စောင်ကို ဘကြီးဇော်ထံမှ တဆင့် အဘရသည်။ စာအိတ်အတွင်းပါ စာက၊ ဦးတင့်ဆွေ၊ သာသနာရေး နိုင်ငံတော် ကြီးပွားရေးနှင့် ဝါဒဖြန့်ချိရေးဌာန အတွင်းဝန်ဟူသောခေါင်းစီး (Letter Head) ပါပြီး၊ "မင်းသုဝဏ်ရေ" ဟု အစချီရေးထားသည့်စာ ဖြစ်သည်။ ထိုနေ့ နံနက် သူရိယသတင်းစာပါ နာရေးကြော်ငြာကို ဖတ်ပြီးသည်နှင့် သူ၏ခံစားချက်တို ချက်ချင်းပင်ရေးလိုက်သည့် ရင်ဖွင့်စာဖြစ်သည်။ စာတိုတိုသာရေးတတ်သည့် ဦးတင့်ဆွေသည်တစ်ခါတော့ စာနှစ်မျက်နှာတိတိ ရေးလိုက်ရှာသည်။

ထိုနှစ်၌ပင် ဦးတင့်ဆွေသည် ဒေါက်တာဘမော်၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြတို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ အတွင်းရေးမှူးအဖြစ် ဂျပန်၊




ဦးတင့်ဆွေ၏ အဘထံ စာရေးစာ (၁၃၀၁ နိုဝင်ဘာ ၂၀ ရက်)



www.burmeseclassic.com

www.burmeseclassic.com





ဖိလစ်ပိုင်၊ ဖော်မိုဆာတို့သို့ ခရီးထွက်ခဲ့ပါသည်။ စစ်ကြီးပြီးသည့်အခါ ဘားမင်းသတင်းစာ (Burman)၏အယ်ဒီတာချုပ်လည်း လုပ်ဖူးသည်။ ယင်းနောက်ပိုင်း အစိုးရဝန်ထမ်းဘဝဖြင့် (UNESCO) ကော်မရှင်ဥက္ကဋ္ဌ၊ ရုပ်ရှင်စစ်ဆေးရေးအဖွဲ့ (Censor Board) သတင်းစာအကြံပေးအဖွဲ့ဝင် တာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။ ၁၉၄၉ ခုနှစ် ဗမာနိုင်ငံစာရေးဆရာအသင်း၏ ဥက္ကဋ္ဌလည်းဖြစ်သည်။





သခင်ကိုယ်တော်မှိုင်း၊ ဆရာလင်း၊ ဝန်ကြီးချုပ် ဦးနု၊ ဆရာကြီး ဦးဖေမောင်တင်၊ ဆရာဇော်ဂျီတို့နှင့်အတူ အဘသည် ဗမာနိုင်ငံစာရေးဆရာအသင်း၏ နာယကဖြစ်ခဲ့သည်။ သို့အားဖြင့် အဘနှင့်ဦးတင့်ဆွေတို့သည် လူမှုရေးအရလည်းကောင်း၊ အလုပ်သဘောအရလည်းကောင်း၊ အဆက်အသွယ်မပြတ်ခဲ့ကြပေ။

နိုင်ငံတော်အစိုးရသည်၊ ၁၉၅၀ ခုနှစ်တွင် ဦးတင့်ဆွေအား သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံသံအမတ်ကြီးအဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ဦးတင့်ဆွေသည် သံအမတ်ကြီးဘဝဖြင့်ပင်၊ ဦးသန့်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၌ အဖွဲ့ဝင်အဖြစ်ပါဝင်ကာ၊ ကုလသမဂ္ဂအထွေထွေညီလာခံတက်ရန် အမေရိကန်နိုင်ငံသို့ ရောက်သည်။ ရေစက်ဆုံချင်တော့၊ ထိုအချိန်က နယူးဟေဗင်မြို့ရှိ ယေးလ်တက္ကသိုလ် (Yale University) ၌ အထွေထွေဘာသာဗေဒပညာ လေ့လာဆည်းပူးရန် အဘကရောက်ရှိနေသည်။ ရက်အားတစ်ရက် အဘ၏မိတ်ဆွေဟောင်းများဖြစ်ကြသည့် ဦးတင့်ဆွေ၊ ဦးသန့်တို့အဖွဲ့နှင့် အဘတို့ ဆုံဖြစ်ကြသည်။ အမှတ်တရ ဓာတ်ပုံရိုက်ဖြစ်ကြသည်။ ထိုနေ့ကား အဘသည် သူ၏ မိတ်ဆွေကြီးရသစာပေရှင် ဦးတင့်ဆွေနှင့် နောက်ဆုံးတွေ့ရသောနေ့ဟုဆိုရပါမည်။ အကြောင်းကား၊ ကုလသမဂ္ဂ အထွေထွေညီလာခံတက်ရောက်ပြီး၊ ဦးတင့်ဆွေသည် သံအမတ်၏တာဝန် ပြန်လည်ထမ်းဆောင်နေခိုက် ၁၉၅၃ ခုနှစ် ဇွန်လ ၁၆ ရက် နေ့တွင် နှာခေါင်းသွေးလျှံသည့် ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားခဲ့၍ ဖြစ်ပါသတည်း။

**မှတ်စု**

၁။ ကျမ်းကိုး အမှတ်(၁)မှ၊ ဦးတင့်ဆွေ၏ မိခင်ကြီး ဒေါ်အေးမေသည် ဦးလတ်၏ နှမဟု ဆိုသည်။

၂။ ခေတ်စမ်း၏ ပထမဆုံး ကဗျာအဖြစ် သတ်မှတ်သော ပိတောက်ပန်းတချွာကို ဆရာဇော်ဂျီမှ ၁၉၂၈ ခုနှစ်တွင် စပ်ဆိုခဲ့သည်။

၃။ ကျောင်းချစ်ကလောင် အမည်သည်၊ ပဲခူးဆောင်၏ လက်ရေးစာစောင် တံခါးကြေးမုံတွင် ဆရာဇော်ဂျီသုံးခဲ့သော ကလောင်အမည်ဖြစ်သည်။

၄။ ဦးတက်ထွန်းသည် ဦးတင့်ဆွေနှင့် တစ်နှစ်တည်း လန်ဒန်တက္ကသိုလ်သို့ ပညာတော်သင်သွားရပြီး၊ မြန်မာနိုင်ငံသို့ ပြန်မလာဖြစ်သူဖြစ်သည်။

၅။ ဆရာဇော်ဂျီသည် ၁၉၃၈ ခုနှစ်၊ ကုန်ပိုင်းခန့်မှစ၍၊ အင်္ဂလန်နိုင်ငံသို့ စာကြည့်တိုက် ပညာတော်သင်အဖြစ် ရောက်နေသည်။

**ကျမ်းကိုး**

၁။ ခင်မင်မောင် (ဓနုဖြူ)၊ စာဆိုဘဝ၊ စာဆိုစေတနာ၊ စာဆိုလက်ရာ။ အားမာန်သစ် စာပေ၊ ၂၀၀၃ ခု

၂။ တင့်ဆွေ၊ ဦး။ မြန်မာ့စွယ် စုံကျမ်း။ တ-နီ အတွဲ(၅) ၁၉၆၁ ခု။

၃။ မြန်မာအက်ဆေး ၁၀၀။ စိတ်ကူးချိုချို စာအုပ်တိုက် ၂၀၀၈ ခု။

၄။ သုတ၊ မောင်၊ စာဆိုတော် များ အတ္ထုပ္ပတ္တိ၊ ဋ္ဌာနစာပေရိပ်မြုံ ၁၉၇၃ ခု။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ရွှေညာမောင် (ဦးချင်းစိန်)

# ရွှေညာမောင် (ဦးချင်းစိန်)
# အမှတ်တရ

ဦးချင်းစိန်နှင့် အဘတို့သည် ၁၉၂၉ခုနှစ်တွင် ဆယ်တန်းအောင်ကြသည်။ တက္ကသိုလ်ကျောင်းတိုက်သို့ ဇွန်လဆန်းတွင် အဆောင်နေကျောင်းသားများအဖြစ် ရောက်ရှိခဲ့ကြသည်။ ညောင်ဦးသား ဦးချင်းစိန်က အင်းဝဆောင်အခန်းအမှတ် (၁၅)၊ တွမ်းခြံကုန်းသားအဘက ပဲခူးကျောင်းဆောင်အလယ်ထပ် အခန်းအမှတ် (၉၁)တို့တွင် နေရာအသီးသီး ရကြသည်။ ဥပစာတန်း အတူတူတက်ကြရသည်။ တိုင်းပြည်၏ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှု စိတ်ဝင်စားသော တက္ကသိုလ်ရောက်လူငယ်များသည် လူငယ်များကြီးပွားရေးအသင်းသို့ ဝင်ကြသည်။ အသင်းကြီးသည် လူငယ်များပေါင်းသင်းဆက်ဆံရေးနှင့် ကိုယ်ကျင့်တရားကောင်းရေးကို မဏ္ဍိုင်တည်သည်။ အသင်းသားများသည်အသင်း၏စကားရည်လုပွဲ၊ စကားစစ်ထိုးပွဲ၊ စတားအခြေအတင်ပြောပွဲများတွင် စည်းကမ်းတကျ ပါဝင်ဆွေးနွေး ပြောကြားလေ့ကျင့်မှုများ ပြုလုပ်ကြသည်။ အတန်းတူအသင်းတူလူငယ်နှစ်ဦးတို့ တစ်နှစ်အတွင်း ခင်မင်ရင်းနှီးသောသူငယ်ချင်းများ ဖြစ်ခဲ့ကြသည်။ ဦးချင်းစိန်သည် ကျောင်းပြဇာတ်များတွင် ပါဝင်သရုပ်ဆောင်ခြင်း၊ သီချင်းဆိုခြင်းတို့ကို စိတ်ဝင်တစားလုပ်ဆောင်ခဲ့သည်။

ဝိုင်အမ်ဘီ သခင်တင်နှင့် တက္ကသိုလ်နည်းပြဆရာ သခင်ဘဆောင်းတို့သည် ၁၉၃၀ ပြည့်နှစ် မေလမှစ၍ ကြေညာစာတမ်းများထုတ်ကာ တို့ဗမာအစည်းအရုံးကို



www.burmeseclassic.com

www.burmeseclassic.com



စတင်ပြုစုပျိုးထောင်ကြသည်။ အစည်းအရုံး၏တည်နေရာအရပ်မှာ အမှတ် ၃၃၊ ရေတာရှည်လမ်း၊ ဗဟန်းဖြစ်ပြီး ရည်ရွယ်ချက်မှာ မြန်မာတိုင်းရင်းသားတို့၏ ဇာတိသွေး ဇာတိမာန်ကိုလှုံ့ဆော်ပေးပြီး တိကျပြတ်သားသောဝါဒလမ်းစဉ်ဖြင့် လွတ်လပ်ရေး တိုက်ပွဲဝင်မည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာရေးပင်ဖြစ်သည်။ သခင်ဘသောင်းနှင့် သခင်အချို့က စာသားနှင့်အချက်အလက်ပေးပြီး ဝိုင်အမ်ဘီသခင်တင်က **တို့ဗမာ သီချင်း**ကို စပ်ဆိုဂီတသံ သွင်းပေးသည်။ ၁၉၃၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် ရွှေတိဂုံစေတီတော် ရာဟုထောင့်ရှိ ဦးစံထွန်း၊ ဒေါ်နှစ်တန်ဆောင်း၌ ဝိုင်အမ်ဘီ ဆရာတင် ကိုယ်တိုင်သီဆို၍ တို့ဗမာသီချင်းဖွင့်ပွဲ ပြုလုပ်ခဲ့သည်။ ဆရာ သခင် ဘသောင်းနှင့်ခင်မင်ရင်းနှီးသော ဦးချင်းစိန်သည် ဝိုင်အမ်ဘီဆရာတင်ချပေးသည့် အတိုင်း တို့ဗမာသီချင်းကို စင်ပေါ်တက်ဆိုရာ ပရိသတ်၏တစ်ခဲနက် ဩဘာပေးခြင်း ကို ခံယူရရှိခဲ့သည်။ ဒို့ဗမာသီချင်းကို သီချင်းဆိုသော ပထမဆုံးတက္ကသိုလ်ကျောင်း သားဖြစ်သည့် အရပ်အမောင်းကောင်း၊ အဆိုကောင်းသောတပည့်ကို ဆရာဖြစ်သူ သခင်ဘသောင်းက တရားပွဲများသို့ခေါ်သွားပြီး တို့ဗမာသီချင်းကို သီဆိုစေလေ့ ရှိသည်။ နောက်ပိုင်းတွင် ဥပစာအထက်တန်းပြီးအောင် မတက်ဖြစ်တော့ဘဲ သခင် ချင်းစိန်အမည်ခံကာ တို့ဗမာအစည်းအရုံးဝင်လိုက်သည်။ သားဖြစ်သူကို အိန္ဒိယ ပဋိညာဉ်ခံဝန် (ICS) အဖြစ်မြင်လိုကြသော မိဘများ စိတ်မကောင်းဖြစ်ကြရသည်။

ညောင်ဦးသို့ပြန်၍ ဦးချင်းစိန်သည် လူငယ်များကြီးပွားရေးအသင်းခွဲကို တည်ထောင်သည်။ အခမဲ့ညကျောင်း ဖွင့်လှစ်ကာ စေတနာ့ဝန်ထမ်း စာသင်ပေးသည်။ အခမဲ့စာကြည့်တိုက်ကို ဖွင့်လှစ်တည်ထောင်ခြင်း၊ အခါအခွင့်သင့်လျှင် လက်ရေး စာစောင်များ ရေးသားဖြန့်ဝေခြင်းတို့ကို လူငယ်များနှင့် တွဲဖက်လုပ်ဆောင်သည်။ အဆိုနှင့် သရုပ်ဆောင်ဝါသနာရှင် ဦးချင်းစိန်သည် တစ်ချိန်တွင် မြန်မာအဆွေ အောဝမ်းရုပ်ရှင်ကုမ္ပဏီသို့ အလုပ်စမ်းလျှောက်လိုက်သည်။ ကောလိပ်ကျောင်းထွက် တစ်ဦး၏လျှောက်ထားချက်ကို အောဝမ်းဦးတင်မောင်တို့ ညီအစ်ကိုတစ်စုက လိုလိုလား လား လက်ခံလိုက်သည်။ ထို့ကြောင့် ၁၉၃၃ ခုနှစ်၊ အောက်တိုဘာလ [illegible]၂ ရက်နေ့တွင် အောဝမ်းရုပ်ရှင်ခြံသို့ စတင်ရောက်ရှိခဲ့သည်။ ရန်ကုန်ပြန်ရောက်သည်နှင့် လူငယ်များ ကြီးပွားရေးအသင်းကြီးနှင့် ပြန်ဆက်ပြီး အသင်းအလုပ်များကိုလည်းလုပ်သည်။ ၁၉၃၁ ခုနှစ်တွင် အဘသည် လူငယ်များကြီးပွားရေးအသင်းကြီး၌ ပန်းတနော် ဦးခန့်နှင့် အတူ ကော်မတီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ထို့ကြောင့် ဦးချင်းစိန် ရန်ကုန်ပြန်ရောက်သည်နှင့် သူငယ်ချင်းနှစ်ဦးတို့ အဆက်အသွယ် ပြန်ကောင်းလာကြ သည်။ တစ်ဖက်ကလည်း ဦးချင်းစိန်သည်သူ၏ ပင်မအလုပ်ဖြစ်သော အောဝမ်းရုပ်ရှင် လုပ်ငန်းကိစ္စများကို အားကြိုးမာန်တက် ဆောင်ရွက်သည်။ မွေးရပ်မြေကို အစွဲပြု၍ **ရွှေညာမောင်** အမည်ကိုခံယူကာ ဇာတ်ညွှန်းရေး၊ တေးရေး၊ တေးဆို၊ ရုပ်ရှင် သရုပ် ဆောင်၊ ရုပ်ရှင်ဒါရိုက်တာအလုပ်များကို အစဉ်တစိုက် လုပ်ဆောင်လေသည်။





အောဝမ်းအသံတိတ်ဇာတ်ကား **ညဉ့်ဦးယံ**တွင် ဇာတ်ရံအဖြစ် စတင်သရုပ် ဆောင်ခွင့်ရသည်။ ဇာတ်ဝင်ခန်းတစ်နေရာတွင် ဇာတ်ပို့မင်းသားကျော်အေးနှင့် ထိုးကျိတ်ခန်း၌ သရုပ်ဆောင်ရသည်။ အတွေ့အကြုံမရှိသေးသော ဇာတ်ရံ ရွှေညာမောင်သည် မင်းသားကျော်အေးအား အရှုံးမပေးဘဲ အဆက်မပြတ်ထိုးနေ သောကြောင့် ဒါရိုက်တာက လှမ်းအော်တားယူရသည်။ ထိုအခါကျမှအထိုးရပ်၍ လှဲချလိုက်ရသည့် ရယ်စရာအမှတ်တရ ဖြစ်ရပ်တစ်ခုရှိခဲ့သည်။ အဆိုပါကားရုံတင် ပြသသည့်အခါ၊ အသံတိတ်ကားဖြစ်၍ ဆရာတောက်တီးဝိုင်းနှင့် သီချင်းဝင်ဆိုလိုက် သေးသည်။ ဆရာတောက်တီးဝိုင်းမှာ ပြည်လှဖေသီဆိုသော တီးဝိုင်းလည်းဖြစ်သည်။ အောဝမ်းတွင် ရုပ်ရှင်ရုံပိတ်အစောင့်လည်း ဝင်လုပ်ဖူးသည်။ ထမင်းတစ်နပ်ကို ပိုက်ဆံ ချောက်ပြားနှင့် ဗိုက်ကားအောင်စားနိုင်သောခေတ်၌ တစ်နေ့တစ်ကျပ်ရသော ရုပ်ရှင်ရုံ ပိတ်အစောင့်အလုပ်သည် မဆိုးလှဟုဆိုရပေမည်။ နောက်ပိုင်းတွင် ဒဂုန်မဂ္ဂဇင်း၌ ဝတ္ထုတို၊ ဆောင်းပါးများ ရေးသည့်အခါ ငွေပိုလည်း ရရှိသေးသည်။ အောဝမ်းအတွက် ရုပ်ရှင်ဇာတ်ညွှန်းများရေးရာ၊ ဇာတ်ညွှန်း ၆ ခုမြောက် **ကြွင်းသက်ဝေ** ဇာတ်ကားမှစ၍ ဒါရိုက်တာလုပ်ခွင့်ရသည်။ ထို့အပြင် တေးရေးဂီတစာဆိုအဖြစ်လည်း အောင်မြင်မှု ရရှိသူ ဖြစ်သည်။ အောဝမ်းသဘင်ဝန် ဓာတ်ပြားတစ်ချပ်စာ တေးရေးလျှင် ၅ဝိ၊ သီဆို ဓာတ်ပြားသွင်းလျှင် ၅ဝိ၊ ဇာတ်ကားတစ်ကားလုံး အတွက် တေးရေးလျှင် ၅ဝိ ရသည်။

ရုပ်ရှင်လုပ်ငန်းဘက်တွင် အောင်မြင်မှုရရှိနေသူ ဦးချင်းစိန်သည် ၁၉၃၈ ခုနှစ်တွင် ဒဂုန်မဂ္ဂဇင်းအယ်ဒီတာ တာဝန်ပူးတွဲပေးအပ်ခြင်းခံရပြန်သည်။ ထိုအခါ ဘီလပ်တွင် ပညာသင်ကြားနေသောသူငယ်ချင်းဖြစ်သူအဘထံ စာလှမ်းရေး၍ တာမူတောင်းခဲ့သည်။

*၂၇-၈-၃၈*

မောင်ဝန်

*သူငယ်ချင်းရေ ငါအခု ဒဂုန်မဂ္ဂဇင်းမှာအယ်ဒီတာလုပ်နေရပြန်ဘီကွ။ ဒါလောက်ဆို မင်းလဲ ပညာရှိဘဲ၊ ဒီကောင် ဘာရည်ရွယ်တယ်သိရောပေါ့။ ငါတို့ ဒဂုန်မဂ္ဂဇင်းကို ခုနေအခါ စောင်ရေ တိုးသည်ထက်တိုးအောင် အထူး လုလ္လဥဿဟ ထုတ်နေကြရတယ်။ မင်းကိုလဲ တိုင်းပြည်ကသိပြီးဆိုတော့ မင်းရေးတဲ့ ဝတ္ထု ဆောင်းပါ၊ ကဗျာ ဘာပဲဖြစ်ဖြစ်ကွာ။ အထူးကြပ်မပြီး တစ်ကဏ္ဍ ဖွင့်ပေးချင်ပါတယ်။ သူငယ်ချင်းရယ် မင်းငါ့ကို တကယ်ချစ်ရိုးမှန်ရင်တော့ဖြင့် ဒီအရေးမှာ မကူဘဲမနေဘူး ဆိုအောင်းမေ့တာပဲ။ မကူချင်တဲ့အဆုံး အလွန့်အလွန် မအားမလပ်ရှိနေတောင် တစ်လ မှာ အနည်းဆုံး ကဗျာကလေးတစ်ပုဒ်လောက်တော့ တခြားစာစောင်တွေကို ပို့တဲ့ စေတုအောင်ပို့ပေးလိမ့်မယ်လို့ အများကြီးမျှော်လင့်ပါတယ်ကွာ။ ကိုယ်တွေ့ဟာတမ်း ထလေးများ၊ ဆောင်းပါး ဝတ္ထုတိုကလေးများရရင်လဲ ငါ့မှာ မင့်ကျေးဇူးအတွက် အတိုင်းထက်အလွန် ဝမ်းသာရအောင်လို့ပေါ့။ ဒါပေမဲ့ ခေါင်းဘူး လိုကောင်းလို*



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်။ သူငယ်ချင်းရေ မင်းကြည့်ပြီးလုပ်ပါ။ မင်းကိုလဲ ဒဂုန်အဖွဲ့က ကျေးဇူးမမေ့ပါဘူး။

---

-----
ငါရေးတာ မင်းကိုသိပ်ချစ်လို့ ချစ်တဲ့သဘောနဲ့ ချစ်တဲ့စာကို ရေးတာဘဲ။ မင်းအတွက် ဘာမဆို ဆောင်ကျဉ်းပေးဖို့လဲ အသင့်ပါဘဲကွာ။ မင်းခိုင်းချင်တာခိုင်းပါ။ ငါလုပ်ပေးပါ့မယ်။ မင်းကိုလဲ ငါအမျိုးမျိုးအားကိုးတာပါဘဲ။ ဒဂုန်အတွက် စောင်ရေ တက်ဖို့ရာလဲ မင်းဉာဏ်မှီသလောက် အကြံဉာဏ်ပေးစမ်းပါဦး သူငယ်ချင်းရာ။ ခုတော့ ဒဂုန်ဟာ ငါနဲ့ ဖိုးလှဘူးလက်ထဲမှာ ရောက်နေဘီ။ မင်းကတော့ တွေ့ကြုံနေရတဲ့ ဉာဏ်တွေ ရှိပါလိမ့်မယ်နော်-တာပဲကွာ။ သန်းတင်ကြီးလဲ လတိုင်း(မိုးနက်)နေတာဘဲ။ ခုရွှေဘိုမှာ ရောက်နေတယ်။

မာပါလေ/၈
ချင်းစိန်

အဘထံမှ ပြန်စာရ၍ ဦးလေးဦးချင်းစိန်သည် ဝမ်းသာအားရ စာတစ်စောင်ထပ် ရေးခဲ့ပါသေးသည်။

၁၇-၉-၃၈

သူငယ်ချင်းဖိုးဝန်

ယနေ့စာကို ရရှိသောကြောင့် ငါ့မှာအတိုင်းထက်အလွန် အားရဝမ်းသာမိသည်။ သူငယ်ချင်း ငါ့ကိုဂရုစိုက်၍ ပြန်ကြားလိုက်ခြင်းဖြစ်၍ မျက်ရည်(ရည်) ကျလုခမန်းလည်း ကြေကွဲမိသည်။ ဝမ်းသာလွန်း၍ ဤသို့ဖြစ်ရ၏။

သူငယ်ချင်းပြောသည့်အတိုင်း ငါတို့ ပြုပြင်နိုင်သမျှ ပြုပြင်မည်။ သူငယ်ချင်းကဲ့သို့ အရပ်သားကြိုက်ကို မလိုက်လိုသော ကလောင်ရှင်များကိုလည်း ငါတို့ အလွန်အလွန် လိုချေသည်။ မင့်ကလောင်သံကို ဒဂုန်တွင် အထူးထည့်သွင်းရန် များစွာသောသူတို့ကလည်း လိုလားကြသည်။ ငါတို့ကား ဆိုဖွယ်မရှိ၊ ငါဖတ်ချင်သကဲ့သို့ များစွာသောမြန်မာအမျိုးသား အမျိုးသမီးအပေါင်းတို့လည်း ဖတ်ချင်ရှုချင် နည်းနာရှိသူလည်း လိုချင်ကြသည်။

မင်း၏စာတစ်ကြောင်းသည် ငါတို့အတွက်လည်း အဘိုးတန်၏။ မြန်မာ တစ်ပြည်လုံးအတွက်လည်း အဖိုးတန်၏။ မင်း၏စာထဲ၌ မင်းစ၍ ထွင်ခဲ့သော ကဗျာတစ်ပုဒ်တလေမျှ မပါ၍ ငါဝမ်းနည်း၏။ ငါ့ကို ဤအချိန်တွင်ကူရန် ငါသည် မင်းတို့ကို အားထား၏။ တက်ထွင်ကိုများ တွေ့ပါလေက ပြောဖြစ်အောင်ပြောပါလေ။ အခြား မင့်မိတ်ဆွေများရှိပါကလည်း ဆွယ်တရား ဟောပေးပါလေ။ သူငယ်ချင်း ငါကားမင်းကို အဓိကအားထားခြင်းပေတည်း။ -----------

---





---------------ချစ်လှစွာသော မောင်ဝန်။ ငါ့ကိုကူညီလော့။ ငါကား မင့်အတူ အညီကို များစွာအလိုရှိနေပြီ။ ကျကျနန ဂယနဏဖြစ်အောင်ဒဂုန်အတွက် လုံးပမ်း ယှက်ရှိနေချေပြီ။

မင်းပြောတဲ့အတိုင်း ဒဂုန်မဂ္ဂဇင်းကြီးကို "ယဉ်ယဉ်ကျေးကျေး ရှိုးရှိုးရှင်းရှင်း"ပဲ ဖြစ်အောင် အထူးကြိုးစားနေကြပါတယ်။ တော်သလင်းလထုတ် ဒဂုန်တအုပ်ကို ခင်ဆီ ပို့လိုက်ပါပြီ။

တာထက် မောင်ဝန်ရေ ယခု စစ်အခြေအနေကိုများ မင်းသိသလောက် ဆောင်းပါး အဖြစ် ရေးပေးနိုင်ရင် ပေးပါဦးကွနော်။

ချင်းစိန်

ပညာသင်ခရီးပြီးဆုံး၍ ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်သို့ ပြန်ရောက်သည်။ ကွမ်းခြံကုန်းရှိ မိဘနှစ်ပါးထံ ခေတ္တပြန်ရောက်ခိုက် သူ့အလုပ်တွေ အုချာလည်နေ၍ အဘကို သင်္ဘောဆိပ် ဆင်းမကြိုနိုင်သည့်အကြောင်း အဘပြန်မရောက်ခင်ကလေး ဆုံးပါးသွားသည့် အဘ၏နှမငယ်အတွက် စိတ်မကောင်း ကြောင်း၊ တရားနှင့်ဖြေစေလိုကြောင်း၊ အောက်တိုဘာ ၁ ရက်နေ့ တက္ကသိုလ်အလုပ် သို့ အဘပြန်ဝင်မည်ဟု ကြားကြောင်းများ စာတစ်စောင်လည်း ရေးခဲ့ပါသေးသည်။ ထိုအချိန်တွင် ဦးလေးဦးချင်းစိန်သည် ဒဂုန်မဂ္ဂဇင်းအပြင် အေဝမ်းရုပ်စုံ အယ်ဒီတာ တာဝန်ကိုပါထပ်မံပူးတွဲ ထမ်းဆောင်နေရပြီဖြစ်ပါသည်။


အဘတက္ကသိုလ် အလုပ်ပြန်ဝင်သည့်အခါ ပုဂံလမ်းထိပ်ရှိ အမှတ်(၁၄) ထပ်ထပ်တိုက်ငယ်တွင် နေရပါသည်။ အိမ်တွင် စာပေစကားဝိုင်းလုပ်ကာ မိတ်ဆွေ တောင်းများနှင့် ပြန်လည်ဆုံလေ့ရှိသည်။ အဘ၏နှမငယ် ဒေါ်လေး ဒေါ်ယဉ်နု (နုယဉ်) နှင့် မိခင်ဖြစ်သူ အမေကြီး မမိတို့သည် ရန်ကုန်လာသည့်အခါ အဘ၏ အိမ်ငယ်ကလေးတွင် လာတည်းလေ့ရှိကြသည်။ တစ်နေ့ ဒေါ်လေးရောက်နေချိန် စာပေစကားဝိုင်းနှင့် ကြုံကြိုက်၍ အဘက နှမဖြစ်သူကို သူ၏မိတ်ဆွေများနှင့် မိတ်ဆက်ပေးခဲ့သည်။ ထိုနေ့ စာပေစကားဝိုင်းလာရောက်ကြသူများမှာ ဆရာ ဦးခင်ဇော်(K)၊ ကျောင်း အုပ်ကြီး ဒေါက်တာဂွမ်လျောင်(မောင်ဖြူး)၊ မြန်မာပညာရှိကြီး ဦးနိုးလတ်၊ ဂန္ထလောက အယ်ဒီတာ ဆရာတက်တိုးတို့ဖြစ်ကြသည်။ အစ်ကိုကြီးဖြစ်သူ ပညာတော်သင်သွား နေသည့်ကာလ စာပေကိစ္စများကို အယ်ဒီတာဆရာတက်တိုးနှင့် အစ်ကိုကြီးကိုယ်စား၊ စာပေးစာယူဆွေးနွေးရင်း စာအားဖြင့် ရင်းနှီးခဲ့သည်။ နောက်ပိုင်းတွင် အယ်ဒီတာ ဖြစ်သူက ကလောင်ရှင်ကို တစ်သက်တာလက်တွဲပြီး စာပေအလုပ်တွေလုပ်လိုကြောင်း အဆိုပြုထားသော်လည်း အစ်ကိုကြီးဖြစ်သူ၏ စာပေစကားဝိုင်းရောက်မှ တစ်ဦးနှင့် တစ်ဦးပထမဆုံးတွေ့ဖူးကြခြင်းဖြစ်သည်။ ဂန္ထလောက အယ်ဒီတာသည် သူ၏အဖြစ် ကို အစ်ကိုကြီးတစ်ဦးသဖွယ် ရင်းနှီးသော



www.burmeseclassic.com

www.burmeseclassic.com





ဦးချင်းစိန်၏သူငယ်ချင်းထံ နှုတ်ဆက်သည့်စာ





ဒေါ်နုယဉ်နှင့် ဦးထက်တိုး

...ဦးချင်းစိန်ထံ တစ်နေ့ရင်ဖွင့်သည်။ ဦးချင်းစိန်က သူ့သူငယ်ချင်း ဦးဝန်အိမ်သို့ ...တွာသိုလ်တပည့်များ၊ မိတ်ဆွေများ အဝင် အထွက်များသည်၊ အချိန်သိပ်မဆွဲ... ...ဖြုံမြူသည်။ အယ်ဒီတာဆရာလည်း သူကြားသိရသည်ကို အကြောင်းပြု၍ ...ချနိုင်သည့်အကြောင်း စာတစ်စောင်ရေးလိုက်ရာ ဒေါ်လေးက နောက်ဆုံးတွင် ...ထွာမျှနိုင်ပါသည်။ သို့သော်လည်း အမေအိုကြီးကို ပြုစုစောင့်ရှောက်ရန်



www.burmeseclassic.com

www.burmeseclassic.com



နောက်လေးနှစ်ခန့်စောင့်ဆိုင်းဖို့ စာပြန်သည်။ မတတ်သာသည့် အဆုံး အယ်ဒီတာ ဆရာက ဦးချင်းစိန်ကို အပူကပ်ရတော့သည်။ မကြာမီရက်အတွင်း သူငယ်ချင်း ဦးချင်းစိန်၏ နားဖောက်သည့်စာကို အဘ လက်ခံရသည်။

အဘလည်း သူငယ်ချင်းဦးချင်းစိန်ကို အကြောင်းစုံ မေးမြန်းပြီး၊ မိခင်ကြီး အား ထပ်ဆင့်နားဖောက်ရတော့သည်။ မိခင်ကြီးကလည်း သားကြီး၏သဘောထား မေးပြီး ခွင့်ပြုလိုက်သည်။ ကွမ်းခြံကုန်းရှိဖခင်ကြီး မျက်စိမမြင်သည် တစ်ကြောင်း သားဖြစ်သူ၏ မိတ်ဆွေများလာရန်လွယ်ကူမည်မဟုတ်သည် တစ်ကြောင်းတို့ကြောင့် မင်္ဂလာကိစ္စကို ကွမ်းခြံကုန်းအစား သားကြီး၏နေအိမ်တွင် စီစဉ်စေခဲ့ပါသည်။ ဦးလေး ဦးအုန်းဖေ (တက်တိုး)နှင့် ဒေါ်လေး ဒေါ်ယဉ်နု (နုယဉ်)တို့၏ မင်္ဂလာကိစ္စကို ပကာသနမပါ အဘ၏တက္ကသိုလ်နေအိမ်ကလေး၌ပြုလုပ်ခဲ့သည်။ လက်ထပ်မင်္ဂလာပွဲသို့ တက္ကသိုလ်ဆရာများ၊ ဆရာဦးခင်ဇော် (K)နှင့် တက္ကသိုလ် ကျောင်းသူအချို့၊ ဆရာဇော်ဂျီတို့ ရောက်လာကြသည်။ ဦးချင်းစိန် (ရွှေညာမောင်)နှင့် ဇနီး ဒေါ်မြသိန်း တို့က အစ်ကိုကြီးအဖရာကဲ့သို့ မင်္ဂလာစကားပြောပေးသည်။ ဦးစိန်တင် (သိပ္ပံမောင်ဝ)နှင့် ဇနီးဒေါ်ခင်ခင်မြင့်တို့က သတို့သားနှင့် သတို့သမီးတို့ကို လက်ထပ် ပေးခဲ့သည်။ မင်္ဂလာဆောင်အတွက် ဖိတ်စာကမ်းခြင်းမပြုလုပ်ပါ။ သတို့သားနှင့် သတို့သမီးတို့က သူတို့နှစ်ဦး၏ လက်ရွေးစင်ဆောင်းပါး၊ ကဗျာကလေးများကို စုပေါင်း ရိုက်နှိပ်ထားသည့် **မင်္ဂလာစာအုပ်**ကို မင်္ဂလာပွဲလာသူများကိုလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။ စာအုပ်ငယ်အတွက် စက္ကူရော ပုံနှိပ်ချက်ကို ဂန္ထလောကမဂ္ဂဇင်း တာဝန်ခံရိုက်သည့် ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်က မင်္ဂလာလက်ဆောင်အဖြစ် အမှတ် တရလုပ်ပေးသည်။ စာအုပ်မျက်နှာဖုံး မင်္ဂလာစာလုံး၊ သပြေနုနှင့် ငွေခရုပုံတို့ကို ဆရာကြီး ဦးဘဂျမ်းကမေတ္တာဖြင့် ရေးဆွဲပေးခဲ့သည်။



မင်းသုဝဏ်၊ နုယဉ် နှင့် တက်တိုး





သိပ္ပံမောင်ဝက မင်္ဂလာစကားပြောကြားရာတွင် "ဒီမင်္ဂလာပွဲဟာ မောင်တက်တိုးက ဂန္ထလောကအယ်ဒီတာ၊ မနုယဉ်ကဂန္ထလောက ဆောင်းပါးရှင် ဆိုတော့ သူတို့ရဲ့မင်္ဂလာပွဲကို ဂန္ထလောကမင်္ဂလာပွဲလို့ပဲ ခေါ်ကြရပါမယ်ခင်ဗျား" ဟု ပြောကြားအဆုံးသတ်သည်။ နောက်ပိုင်းတွင် ဒေါ်လေးကလည်း "အဲဒီမင်္ဂလာပွဲ ကျင်းပပြီး လူတန်းစေ့ဖြစ်ရအောင် ရှေ့ဆောင်ပြုလုပ်ပေးတဲ့ အစ်ကိုကြီး ဦးဝန်တို့ ခေါင်နေရာမှာထားပြီး ကျေးဇူးမမေ့နိုင်တော့ပါဘူး" ဟု အမှတ်တရပြောတတ်ပါသည်။

ဗမာ့လွတ်မြောက်ရေးတပ်မတော်ကြီး (BIA) သည် စစ်ကြောင်းကြီးလေး ကြောင်းဖြင့် ၁၉၄၂ ခုနှစ်ဆန်း၌ မြန်မာနိုင်ငံတွင်းသို့ဝင်ရောက်လာသည်။ ထိုအခါ မိုးချစ်စိတ်ပြင်းပြသော အေဝမ်းရုပ်ရှင်တစ်ဖွဲ့သားလုံး ဘီအိုင်အေအတွင်းသို့ပူးပေါင်း ဝင်ရောက်လိုက်ကြသည်။ တက္ကသိုလ်ကျောင်းသားဘဝ၊ တက္ကသိုလ်အရန်တပ်ရင်းသို့ ဝင်ရောက် စစ်ပညာသင်ကြားခဲ့ဖူးသည့် ဦးချင်းစိန်သည် သူ၏မွေးရပ်မြေ ညောင်ဦးမြို့ သို့ပြန်က **ဗိုလ်မျိုးခင်** အမည်ဖြင့် စစ်အုပ်ချုပ်ရေးတာဝန်ကို ယူခဲ့လေသည်။ စစ်ကြီးပြီးသည့်အခါ အေဝမ်းရုပ်ရှင်၌ အသံတိတ် အသံထွက်ကားများ ပြန်လည် ရိုက်ကူးသည်။ ရွှေညာမောင်အစား ဒါရိုက်တာဦးချင်းစိန်ဟု အမည်ရင်းကို ပြန်လည်အသုံးပြုသည်။ ဦးချင်းစိန်ကို အောင်မြင်သောရုပ်ရှင်ဒါရိုက်တာ၊ ရုပ်ရှင် သရုပ်ဆောင်၊ တေးရေး၊ တေးဆို၊ ဇာတ်ညွှန်းရေးဆရာကြီးတစ်ဦးအဖြစ် ပြည်သူလူထု က အသိအမှတ်ပြုလက်ခံခဲ့သည်။ ဇာတ်ညွှန်းရေးဆရာများအတွက် ကျမ်းတစ်စောင် သဖွယ်ဖြစ်သော **ဇာတ်ညွှန်းရေးနည်း** စာအုပ်ကြီးကို ရေးသားပြုစုခဲ့သည်။ **ထိုယ့်ရင်သွေး** ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာရွှေတံဆိပ်ကို ၁၉၅၅ ခုနှစ်တွင် ရခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် **အလင်္ကာကျော်စွာ** ဘွဲ့ကို ရရှိခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင်၊ ပထမဆင့်ကို ၁၉၆၇ ခုနှစ်တွင် ရရှိသည်။ **ရွှေညာမောင် ရုပ်ရှင်**ကိုတည်ထောင်ကာ၊ သရုပ်ဆောင် လက်သစ်များကို ရွေးချယ်သင်ကြားပြသ၍ မြေတောင်မြှောက်ပေးသူတစ်ဦးလည်း ဖြစ်သည်။

**တက္ကသိုလ်ဘောလုံးသမားနေဝင်း** သည်လည်း ကောလိပ်ဂျင်ဇာတ်ကား ဖြင့် ထိပ်တန်းမင်းသားဖြစ်ခဲ့သည်။ မင်းသား **မြင့်အောင်** နှင့် မင်းသမီး **ခင်လှမေ** တို့သည်လည်း ဒါရိုက်တာ ဦးချင်းစိန် မြေတောင်မြှောက်ပေးခဲ့သော ရုပ်ရှင်သရုပ် ဆောင် တို့ဖြစ်ကြသည်။ ၁၉၇၆ ခုနှစ်မှစ၍ ရုပ်ရှင်ကောင်စီစည်းရုံးရေးကော်မတီ သက်တမ်းတစ်လျှောက် ဥက္ကဋ္ဌတာဝန်ယူခဲ့သည်။ ကိုယ်တိုင်ရေးကိုယ်တိုင်ဆို ဇာတ်ပြား သီချင်းများရှိသည်။ ကိုယ်တိုင်သီဆိုထားသည့် **ရွှေတိုင်းယဉ်၊ ရွှေပုပ္ပါး** သီချင်းများနှင့် အေဝမ်းဦးတင်မောင် သီဆိုထားသည့် **ရွှေပြည်တန်**သီချင်းတို့သည် စာရေးသူ ငယ်စဉ် က နှစ်သက်သောသီချင်းများဖြစ်ကြသည်။ ၁၉၃၆ ခုနှစ်၊ ဩဂုတ်လတွင် အေဝမ်းဖွဲ့ တက္ကသိုလ်သို့ အဘပညာတော်သင် သွား ခါနီး၊ ပင်းယကျောင်းဆောင်သားများက အငြိမ့်ဖြင့်ဂုဏ်ပြုနှုတ်ဆက်ပွဲပြုလုပ်သည်။ထိုအခါ သူငယ်ချင်းဖြစ်သူကို ဂုဏ်ပြုသော



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့်မင်္ဂလာနှုတ်ဆက်သီချင်းတစ်ပုဒ်ကိုအမှတ်တရရေးပေးခဲ့သည်။[၁] သီချင်းကို သူ့ရိယသန်းသန်းက သီဆိုပေးခဲ့သည်။ ၁၉၃၈ ခုနှစ်၊ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံတွင် **ဗိုလ်ကျောင်းသား** သီချင်းကိုရေးသား၍ ကျောင်းသား သမဂ္ဂ အစည်းအဝေးခန်း ကျောင်းသားထုရှေ့မှောက်၌ ဆရာဒဂုန်တာရာ၊ ဆရာဦးသုခတို့၏ ဂီတာနှင့် **စန္ဒရား** အကူအညီဖြင့် ကိုယ်တိုင်သီဆိုခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် တို့ဗမာသီချင်း **၃၅** နှစ်မြောက်၊ ဝိုင်အမ်ဘီသခင်တင် အထိမ်းအမှတ်ပွဲ ပြုလုပ်ရာ၊ ဦးချင်းစိန်သည် **သူ၏ ထုမရသောအသံ** ဖြင့် သီဆိုဖျော်ဖြေသည်ဟု ဦးသိန်းဖေမြင့်က ဦးချင်းစိန်၏ အသံကောင်းပုံကို တင်စားရေးသားခဲ့ဖူးသည်။ ၁၉၄၇ ခုနှစ်မှ ၁၉၅၅ခုနှစ်အထိ နှစ်စဉ်တင်ဆက်သောစာဆိုတော်အထိမ်းအမှတ်ပြဇာတ်များတွင် အဓိကဇာတ်ဆောင် နေရာမှ ပါဝင်သရုပ်ဆောင်ခဲ့သည်။

ဦးလေးဦးချင်းစိန်နှင့် အဘတို့၊ ငယ်သူငယ်ချင်းနှစ်ဦး အလုပ်သဘော သဘာဝ အရ လည်းကောင်း၊ အသက်အရွယ်ရလာ၍လည်းကောင်း နောက်ပိုင်းတွင် တွေ့ဆုံမှုနည်းခဲ့သည်။ အကြောင်းဆုံ၍တွေ့ကြသည့်အခါများ၌ကား၊ တစ်ဦးနှင့်တစ်ဦး ငယ်စဉ် ကကဲ့သို့ပင် ရင်းရင်းနှီးနှီး နောက်နောက်ပြောင်ပြောင်ရှိကြသည်။ ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဈာပနတွင်၊ ဆရာကြီးအား ဂုဏ်ပြုသောအားဖြင့် လေးချိုးကြီးများ ရွတ်ဆိုရန် အသံပါရမီရှင် ဦးလေး ဦးချင်းစိန်ကို အဘက အိမ်မှ ကိုယ်တိုင်သွားရောက်ခေါ်ခဲ့သည်။ အိမ်အတက် အုတ်လှေကား လေး၊ ငါး၊ ခြောက်ထစ်ခန့်ရှိသည်။ အိမ်တွင်း ဖိနပ်ချွတ် မရောက်မီ၊ လှေကားထစ်၌ အဘက ဖိနပ်ချွတ်သည်။

"ဟေ့ - မောင်ဝန်ရဲ့ မင်းက ဘာကြောင့် ငါ့အိမ်မှာဖိနပ်ချွတ်ရတာလဲ"ဟု ဦးလေး ဦးချင်းစိန်ကမေးရာ -"မသိပါဘူးကွာ။ ငါက မင့်အိမ်ကို ဘုန်းကြီးကျောင်း အောက်မေ့လို့"ဟု အဘ ပြန်ဖြေသည်ကို၊ ဦးလေး၏ ကျွန်ရစ်သူသား ဦးမြတ်လှစိန်နှင့် သမီး ဒေါ်ချစ်မြစိန်တို့က အမှတ်ရပြန်ပြောပြ၍ သူငယ်ချင်းနှစ်ဦး၏ ခင်မင်ရင်းနှီးမှု အတိုင်းအတာကို မှန်းဆနိုင်ခဲ့ရပါသည်။

ညောင်ဦးမြို့အထက်တန်းရှေ့နေကြီး ဦးဘိုးကြွင်း၊ ဒေါ်စောကြိုင်တို့၏ သားသမီး ၆ ဦးအနက် ၁၉၁၀ ခုနှစ်ဖွား၊ သားကြီး ဩရသဖြစ်သူ ဦးချင်းစိန်သည် ၁၉၈၅ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် နှလုံးရောဂါဖြင့် နေအိမ်၌ ရုတ်တရက် ကွယ်လွန်သွားခဲ့သည်။ နာရေးသတင်း အဘဖတ်ရသည့်နေ့ အဘ၏ နေ့စဉ်မှတ်တမ်း တိုကလေးက သမိုင်းဖြစ်ရပ်တစ်ခုကို ဖော်ပြလျက်ရှိသည်။

၅-၁၁-၈၅

*ငွေစက္ကူတစ်ရာတန်များ တရားမဝင်ကြေညာသည်။*





*ဗိုလ်မှူးထွန်းတင့်သမီး မင်္ဂလာဆောင်အတွက် ငွေလက်ဖွဲ့လို၍ စုထားသည့် ငွေများကိုစစ်ဆေး။ ရာတန်ခြောက်ချပ်နှင့် အလွတ် ၁၁၅/- တွေ့။ ၅၀/-ကို မင်္ဂလာ လက်ဆောင်အဖြစ် ပို့။ နေမကောင်း၍ ကိုယ်တိုင်မသွားနိုင်။ ရွှေညာမောင် ကိုချင်းစိန် အနိစ္စရောက်ကြောင်း သတင်းစာတွင်ဖတ်ရ။ ကိုယ်တိုင်မသွားနိုင်။ ငွေ ၅၀/- ကူငွေပို့ ညီဟု ဆုံးဖြတ်။ ၁၅/- ကျန်မည်။*

ငွေခြောက်ပြားမှုနှင့် ထမင်းတစ်နပ်ဗိုက်ကားအောင် စားနိုင်သည့်ခေတ်က အသည့် သူ၏သူငယ်ချင်း ဓာတ်ပြားတစ်ချပ်သီချင်းရေး ၅၀၊ သီချင်းဆို ၅၀၊ ဇာတ်ကား တစ်ကား သီချင်းရေး ၅၀ ရခဲ့သည့် သူငယ်ချင်း၏ နောက်ဆုံးခရီးတွင် ငွေ ၅၀ တော့ ကူနိုင်ခဲ့ပါ၏။ သို့သော်လည်း အဘ စိတ်တွင်းဝယ်ကား မည်သည့် နည်းနှင့်မျှ ကောင်းနိုင်လိမ့်မည် မဟုတ်ပေ။ တစ်ချိန်က ငွေ ၅၀ နှင့် ထိုနေ့က ငွေ ၅၀ သုံးစွဲနိုင်သည့် အင်အားချင်းကား ကွာခြားခြင်းမက ကွာခြားခဲ့လေပြီတကား။

**ကျမ်းကိုး** ၁။ တက္ကသိုလ် ခင်မောင်ဇော် "တခေတ်ကဓာတ်ပြား အဆိုတော် ရွှေညာမောင်"၊ သပြေတေးမဂ္ဂဇင်း၊ အမှတ် ၂၉၅၊ စက်တင်ဘာလ ၁၉၉၉။

၂။ သုခမိန်။ "ကျွန်တော်နှင့် ရွှေညာမောင်"၊ ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း။ အမှတ် ၁၀၂ မေလ ၁၉၉၀ ခုနှစ်။

၃။ နုယဉ်၊ "ဒူးမထောက် ခေါင်းမငုံ့သူ စာပေပညာရှင် ရွှေညာမောင်"၊ အလင်္ကာ ဝတ်ရည်ဂျာနယ် အမှတ် ၃၈၊ ဩဂုတ်လ ၂၀၀၆။

၄။ မင်းသုဝဏ်၊ "တက္ကသိုလ်၏အစဉ်အလာတစ်ရပ်"၊ ရှုမဝ၊ ဇန်နဝါရီလ ၁၉၉၀ ခုနှစ်။

၅။ မြသန်း။ ကိုလိုနီခေတ် မြန်မာ့သမိုင်း အဘိဓာန်၊ တက္ကသိုလ်များသမိုင်းသုတေသ နဌာန ၁၉၉၉ခုနှစ်။

၆။ ရဲဘော်ချင်းစိန် "လူငယ်များ ကြီးပွားရေးအသင်း"၊ ကြီးပွားရေးစာစောင်၊ ရွှေရတု သဘင် အမှတ် ၁၉၇၆။

၇။ ရွှေညာမောင် "တက္ကသိုလ်မှ တေးတစ်ပုဒ်" အိုးဝေ၏ ရွှေရတုသဘင်လက်ရွေး စင်၊ အိုးဝေစာပေတိုက်။ နိုဝင်ဘာ ၁၉၇၁။

၈။ သိန်းလွင်မောင်၊ နှစ်ပွင့်တစ်ခိုင်၊ ဆရာကြီး တက်တိုးနှင့် ဆရာမကြီး နုယဉ်၊ ရွှေဟင်္သာစာအုပ်တိုက်၊ နိုဝင်ဘာလ ၂၀၀၀ ပြည့်နှစ်။

၉။ ဦးချင်းစိန်ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်။

၁၀။ The Youth Improvement Society, The World of Books March 1935, Vol XIII, No.74


**မှတ်ချက်** ၁။ ချယ်ရီ၊ နိုဝင်ဘာ ၂၀၀၆ ခုနှစ် 'တက္ကသိုလ်၏ အစဉ်အလာတစ်ရပ်'ဆောင်းပါး ၌ သီချင်းကိုဖော်ပြထားသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသူများ ဝဲမှယာ လူထုဦးလှ၊ ဒေါ်ခင်ညို၊ ပါမောက္ခဦးချမ်းမြင့်(နယ်ချဲ့)၊ ဦးသော်ကောင်း၊ ဦးဖေမောင်တင်။
ရပ်လျက်ကျောခိုင်းထားသော ဒေါ်အမာ (နောက်ကျောပြနေသူ)

## လူထုဇနီးမောင်နှံနှင့် အဘ

ဦးလေးလှ၊ ဒေါ်ဒေါ် ဒေါ်အမာတို့က မန္တလေးတွင်နေကြသူတွေမို့ အလှမ်းဝေးကြသော်လည်း ဆယ်စုနှစ်ပေါင်းများစွာ အဘနှင့် ခင်မင်ရင်းနှီးဆက်ဆံမှု ရှိကြပါသည်။ စာပေဇနီးမောင်နှံဘဝ မရောက်မီကပင် အဘနှင့် စတင်သိကျွမ်းခဲ့ကြသည်။ စတင်ဆုံစည်းခဲ့ကြသည့် ကာလနှင့်ပတ်ဝန်းကျင်က သီးခြားစီရှိခဲ့သည်။ ဒေါ်ဒေါ် တွယ်လွန်ခဲ့သည်မှာ လပိုင်းမျှသာရှိသေး၍ ဒေါ်ဒေါ်နှင့် စလိုက်ချင်ပါသည်။

၁၂၉၇၊ တပေါင်းလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့ ၂၅-၂-၃၆

ညနေ ၃ နာရီ ဆရာ သိန်းဟန်နှင့်ငါ၊ ဆရာမ ဒေါ်ချစ်၏ မိခင်မသာကို လိုက်ပို့ရန်ထွက်သွားသည်။ မီးထွန်းချိန်လောက် ကျောင်းသို့ပြန်လာသောအခါ မှောင်မည်းဆိတ်ငြိမ်နေသောကျောင်းဆောင်များကို တွေ့ရသည်။ ကျောင်းသားများ ဟာ ကျောင်းကိုသပိတ်မှောက်၍ ထွက်သွားကြလေပြီ။ ညနေ ၄ နာရီက သမဂ္ဂအသင်းရုံ၌ ကျောင်းသားများအစည်းအဝေး ရှိ၏။ ပြောဆိုဖြစ်သမျှကို ၂၆-၂-၃၆ ရက်စွဲ သူရိယသတင်းစာမှမှတ်ရသည်။ ထိုအကြောင်းအရာများကို အဘနေ့စဉ်မှတ်တမ်း၌ ရေးမှတ်ထားခဲ့သည်ကိုတွေ့ရပါသည်။

မန္တလေး ဥပစာကျောင်းတွင် တာဝန်ထမ်းဆောင်ရန် ဘကြီးဖေသည် ဇူလိုင်လ (၁၂-၈-၃၆) ၌ ထွက်ခွာသွားရသည်။ အဘသည်လည်း ပညာတော်သင်ခရီး ဩဂုတ်လ(၂၂-၈-၃၆) ၌ စတင်ထွက်ခွာခဲ့ရသည်။ သည်လိုနှင့် တက္ကသိုလ်ဝန်းကျင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်တာမျှ အဘ ဝေးသွားခဲ့သည်။ ဘီအေ အကြီးတန်းဖြေပြီး ၁၉၃၈ ခုနှစ်တွင် ဒေါ်ဒေါ် ဒေါ်အမာ မန္တလေးသို့ပြန်သွား အခြေချသည်။ ဒေါ်ဒေါ်က ကြီးပွားရေး မဂ္ဂဇင်း၌ မြမဥ္စူ၊ ခင်လဝင်း ကလောင်အမည်တို့ဖြင့် ဝတ္ထုတို၊ ဘာသာပြန်များ ရေးသားဖူးသည်။ ဒေါ်ဒေါ့်မိဘများနှင့်ရင်းနှီးသည့် အမျိုးသားကျောင်းအုပ်ကြီး ဆရာကြီး ဦးရာဇတ် တစ်ရက်ရောက်လာပြီး သူဖတ်လက်စ Maurice Collis ၏ Trials in Burma စာအုပ်ကို ဒေါ်ဒေါ့်အားဖတ်ရန်ပေးသည်။ ကြိုက်က ဘာသာ ပြန်ရန် တိုက်တွန်းသည်။

ဆရာကြီးပေးသွားသည့်စာအုပ်ဖတ်ကြည့်ရာ လက်ကမချနိုင်ဖြစ်သည်။ ပြီးတော့ ဘာသာပြန်ဖြစ်သည်။ ကျောင်းသူဘဝကတည်းက စတင်သိကျွမ်းခဲ့ပြီး မိတ်ဆွေမက ရင်းနှီးမှုရနေပြီဖြစ်သော ကြီးပွားရေးဦးလှကို ပြောပြသည်။ ဦးလေးလှ က ကြီးပွားရေးတိုက်၏ ဒုတိယမြောက်စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေပေးသည်။ ဒေါ်ဒေါ့်အတွက်တော့ ပထမဆုံးစာအုပ်ဖြစ်သည်။ ပထမအကြိမ်ရိုက်နှိပ်သည့် အုပ်ရေ ၃၀၀၀ မှာ နှစ်လခန့်အတွင်းကုန်သွား၍ ဒေါ်ဒေါ် ဝမ်းသာလှသည်။ ဦးလေးလှ အဖို့လည်း သူကူညီခွင့်ရ၍ဝမ်းသာပီတိဖြစ်မည်မှာမလွဲပေ။ အဆိုပါ **မြန်မာပြည်တွင် စစ်ဆေးခဲ့သောအမှုခင်းများ** စာအုပ်က ဒေါ်ဒေါ့်ကို စာရေးဆရာကြီးတစ်ဦးအဖြစ် လျှောက်လှမ်းရန် လမ်းခင်းပေးလိုက်သည်။ ဒေါ်ဒေါ်ကလည်း "သူ့ကို စာရေးဆရာ ဖြစ်အောင် ဝိုင်းဝန်း လုပ်ဆောင်သူတွေထဲမှာ ပထမဆရာကြီး ဦးရာဇတ်၊ ဒုတိယ မစ္စတာကောလစ်၊ တတိယ ဦးလှလို့ပဲ မှတ်ရမှာပဲ"ဟု ဆိုခဲ့သည်။

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ပထမပတ်၊ ဗီးလပ်မှ အဘ ပြန်ရောက်ပြီး အောက်တိုဘာလဆန်း အလုပ်ပြန်ဝင်သည်။ တစ်လခန့်အကြာ ဦးလေးလှနှင့် ဒေါ်ဒေါ် ဒေါ်အမာတို့၏မင်္ဂလာသတင်းကို အဘကြားရသည်။ ဦးလေးလှက ဆံထုံး နောက်သျှောင်ပါ၊ ကြီးပွားရေးတိုက်ကို မန္တလေးသို့ ပြောင်းရွှေ့လုပ်ကိုင်သည်။ ဇနီး မောင်နှံ စာပေအကျိုး တက်ညီလက်ညီဆောင်ရွက်ကြသည်။ ၁၉၄၅ ခုနှစ်တွင် လူထု ဂျာနယ်၊ ၁၉၄၆ ခုနှစ်တွင် လူထုသတင်းစာ စသည်တို့ အသီးသီးထွက်ရှိလာကြပြီး နောက်ပိုင်း ဒေါ်ဒေါ်တို့ကို လူထုဇနီးမောင်နှံအဖြစ် လူသိများခဲ့တော့သည်။ ၁၉၄၈ ခုနှစ်တွင် သူရေးသားသော **ပြည်သူချစ်သောအနုပညာသည်များ** စာအုပ်အတွက် စာပေဗိမာန် အနုပညာဆိုင်ရာစာပေပထမဆုကိုဆွတ်ခူးခဲ့သည်။ ထိုနှစ် မန္တလေး၌ ကျင်းပခဲ့သော ပညာရေးဆွေးနွေးပွဲသို့ အဘသည် ဘကြီးဇော်၊ ဘကြီးမျိုးမင်း (ပါမောက္ခဦးမျိုးမင်း)၊ ဆရာ ဦးသော်ကောင်းတို့နှင့်အတူ တက်ရောက်သည်။ ဦးသော်ကောင်းမှအပ ကျန်ပုဂ္ဂိုလ်များမှာတစ်ချိန်က ကြီးပွားရေးမဂ္ဂဇင်း ကလောင်ရှင် များဖြစ်ကြသည်။ ထို့ကြောင့် မန္တလေးရောက် သည်နေ့ပင်အဖွဲ့သားများအားလုံး ဒေါ်ဒေါ်တို့အိမ်သို့ ရောက်သွားကြသည်။ ဦးလေးလှနှင့် ဒေါ်ဒေါ်တို့က ဝမ်းမြောက် ဝမ်းသာ ကြိုဆိုဧည့်ဝတ်ပြုခဲ့ကြသည်။





၁၉၈၂ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် ဦးလေးလှထံသို့ အဘ စာရေး သည်။ ၄ ရက်အကြာ မမျှော်လင့်ဘဲ ဦးလေးလှ ကွယ်လွန်ကြောင်း သတင်းကို ဦးကျော်ဆွေ (ဆရာမင်းကျော်) က အကြောင်းကြားလာသည်။ ဩဂုတ်လ ၈ ရက်နေ့ အဘ နေ့စဉ်မှတ်တမ်း၌ 'မန္တလေး ဒေါ်အမာကို ဖုန်းဆက်၊ စကားပြောဆဲ- ပြတ်သွား။ ပြန်ခေါ် -မရ' ဟုတွေ့ရသည်။ ဦးလေးလှ ကွယ်လွန်ပြီးနောက် ကြီးပွားရေးတိုက်ကို ဒေါ်ဒေါ် ဆက်လက်ဦးစီးသည်။ ၁၉၉၃ ခုနှစ်တွင် အဘ၏မမ္ပဒ မြန်မာပြန်ကို ဒေါ်ဒေါ်က တာဝန်ယူ၍ ပုံနှိပ်ထုတ်ဝေပေးခဲ့သည်။ ဒေါ်ဒေါ်သည် သူ ရေးသား ထုတ်ဝေပုံနှိပ်ခဲ့သော စာအုပ်များထွက်ရှိသည့်အခါများတွင် အဘနှင့် အမေတို့ထံ စာပေလက်ဆောင်အဖြစ် အမှတ်တရ ပို့ပေးလေ့ရှိသည်။ အဘသည် စာအုပ်စာတမ်း များ စုစုဆောင်းဆောင်း၊ အလေ့ကျင့်ကောင်းရှိသော်လည်း ခြရန်ကြောင့်ပျက်စီးရ သောစာအုပ်များ၊ ငှားပြီးပြန်မရသည့်စာအုပ်များရှိသလို တက္ကသိုလ်စာကြည့်တိုက် အမျိုးသားစာကြည့်တိုက် စသည်တို့သို့ သူပိုင်စာအုပ်များကို အကြိမ်ကြိမ်ခွဲ၍ လှူဒါန်းခဲ့ရာ ဒေါ်ဒေါ့်စာအုပ်များပါသွားသည်လည်း ရှိနိုင်သည်။ ယင်းသို့တိုင်အောင် ပင် အဘချန်ရစ်ခဲ့သည့်စာအုပ်များတွင် ဒေါ်ဒေါ်အမှတ်တရ လက်ဆောင်ပေးခဲ့သော

- (၁) လူထုချစ်သမျှ လူထုဦးလှ
- (၂) မြန်မာ့ မဟာဂီတ
- (၃) ဆေးလိပ်နဲ့လူသား
- (၄) ရတနာပုံမန္တလေး၊ မန္တလေး၊ ကျွန်မတို့ မန္တလေး
- (၅) Folktales of Ludu U Hla
- (၆) အမေ့ရှေ့စကား
- (၇) နှစ် ၉၀ ပြည့် လူထုဦးလှ
- (၈) ငယ်ကကျွမ်းသည့် ခင်ပွန်းသည်မို့

စသည်တို့ကို အလွယ်တကူ ရှာဖွေတွေ့ရှိရပါသည်။ ထူးထူးခြားခြား 'အမေ့ရှေ့စကား' စာအုပ်ကို ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလတွင် တစ်ကြိမ်၊ အောက်တိုဘာလတွင် တစ်ကြိမ်၊ စုစုပေါင်း နှစ်ကြိမ် ပို့ပေးခဲ့သည်ကို တွေ့ရပါသည်။ တစ်အုပ်တွင် 'ဆရာ ဦးဝန်နဲ့ဇနီးဒေါ်ကြည်ကြည်မိသားစုသို့' ဟု လိပ်မူထားပြီး၊ ကျန်တစ်အုပ်၌ "ဆရာ မင်းသုဝဏ်၊ ဇနီးဒေါ်ကြည်ကြည်မိသားစုသို့" ဟု လိပ်မူထားပါသည်။ ထူးထူးခြားခြား နှစ်ကြိမ်ရသည့်အကြောင်းကို အဘ၏ နေ့စဉ်မှတ်တမ်း၌လည်း တစ်ကြိမ်ရေးမှတ် ထားသည်ကို တွေ့ရှိရပါသည်။

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့ အဘ ကွယ်လွန်ပြီး မန္တလေးမှ ဝမ်းနည်းကြောင်းသဝဏ် fax တစ်စောင်ကို လက်ခံရရှိခဲ့ပါသည်။ 'ခေတ်စမ်းစာပေ ၏ ရှေ့ဆောင်၊ မြန်မာစာပေ၏ မီးရှူးတန်ဆောင်သဖွယ်ဖြစ်သော ဆရာကြီး မင်းသုဝဏ် ၉၆ နှစ် (၁၉၀၉-၂၀၀၄) ကွယ်လွန်ခြင်းသည် မြန်မာစာပေလောက



www.burmeseclassic.com

www.burmeseclassic.com




အတွက် အကြီးမားဆုံးသော၊ အစားထိုးနိုင်ရန် ခက်ခဲသောဆုံးရှုံးမှုတစ်ရပ် ဖြစ်သည့်အတွက် အထူးဝမ်းနည်းကြေကွဲမိပါကြောင်း လေးနက်စွာဖော်ပြအပ်ပါသည်'ဟု ဆိုထားပြီး ဒေါ်ဒေါ်ဦးဆောင်၍ မန္တလေးစာရေးဆရာ ၄၄ ဦးတို့ လက်မှတ်ထိုး ဝမ်းနည်းစကား ဆိုခဲ့ကြပါသည်။ ဒေါ်ဒေါ်က အမှတ်စဉ်(၁)၊ သားဖြစ်သူဆရာ ညီပုလေးက အမှတ်စဉ်(၁၆)၊ မြေးဖြစ်သူ ဘိုဘိုလန်းစင်က (၄၁)၊ မျိုးဆက် (၃)ဆက် ပါဝင်သော စာသဝဏ်ဖြစ်၍ တစ်မျိုးလည်း ထူးခြားပါသည်၊ အခြား **fax** တစ်စောင်ဖြင့်လည်း 'ဆရာကြီး မင်းသုဝဏ်အား ရည်စူးပြီး မန္တလေးနဲ့မေမြို့ (မြင်ဦးလွင်) စာပေအသိုင်းအဝိုင်းရဲ့ ကုသိုလ်ပါဝင်မှု (၁၉-၈-၂၀၀၄)' ဟုဖော်ပြလျက် လူထုကြီးပွားရေး မိသားစု အပါ အဝင်အလှူရှင် ၃၅ ဦးတို့၏အလှူငွေ ရှစ်သောင်းနီးပါးမျှကိုလည်း ပေးပို့လှူဒါန်းခဲ့ကြပါသည်။

သုံးလခန့်အကြာတွင် အဘကွယ်လွန်ခြင်း အမှတ်တရအဖြစ် ဒေါ်ဒေါ်သည် ဆောင်းပါးတစ်ပုဒ်ရေးပြီး ၁၉၃၆ ခုနှစ် သပိတ်ကာလ ဘကြီးဇော်နှင့် အဘတို့ နှစ်ဦး အော်တိုရေးပေးခဲ့သည့်အကြောင်း ဖော်ပြခဲ့ပါသည်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့ မိခင်ကြီး ကွယ်လွန်သည့်အခါ၌လည်း ဒေါ်ဒေါ်၏မြေးဖြစ်သူ ဘိုဘိုလန်းစင်က အဘွားဖြစ်သူကိုယ်စား သတင်းမေးဝမ်းနည်းစကားပြောခြင်း၊ ရေဝေးသုသာန်သို့ လိုက်လံပို့ဆောင်ခြင်းများ ပြုလုပ်တာဝန်ကျေခဲ့ပါသည်။

ဘိုဘိုနှင့် စာရေးသူတို့ ဇနီးမောင်နှံ အဘ ကွယ်လွန်ပြီးမှ ဆက်သွယ်ရင်းနှီးခဲ့








ကြသည်။ မန္တလေး ထွန်းဦးစာပေမှ အဘ အမှတ်တရထုတ်ဝေသော ရွှေလိုဝင်းသည့် မင်းသုဝဏ်စာအုပ်၌ ဘိုဘိုက ဆောင်းပါးတစ်ပုဒ်ရေးကာ စာရေးသူ၏ဇနီးနှင့် ဆွေမျိုးတော်စပ်ကြပုံကို ဖော်ပြခဲ့သည်။ အမှန်မှာ ဒေါ်ဒေါ်၏မိခင်နှင့် ဇနီးသည်၏ အဘိုးတို့က ညီအစ်ကိုတစ်ဝမ်းသာကွဲသည်။ ငယ်စဉ်ကတည်းကကျောင်းနေဘက်တောလိုက်ရောက်သည် အထိအတူတူမို့ ညီရင်းအစ်ကိုသဖွယ် ရှိခဲ့ကြသည်။ ဘိုးဘိုး ဦးထင် မန္တလေးမှရန်ကုန်ဆင်းလာသည့်အခါ ဇနီးသည်တို့ အိမ်၊ အဘိုး ဦးဖူးညိုထံလာရောက်တည်းလေ့ရှိ၍ သူတို့ငယ်စဉ်ကပင် တွေ့ဖူးခဲ့ကြသည်။ အဘိုးဦးထင်မှာ အစဉ် ပြုံးပြုံးရွှင်ရွှင် ချစ်ဖွယ်ကောင်းကြောင်း ဇနီးဖြစ်သူကပြောပြဖူးသည်။ ဒေါ်ဒေါ် ဒေါ်အမာနှင့် ဇနီးသည်၏ မိခင် ဒေါ်တင်တင်မလေးတို့က ညီအစ်မနှစ်ဝမ်းကွဲ တော်ကြသည်။ ယောက္ခမကြီးမိသားစုသို့ ဒေါ်ဒေါ်စာပေလက်ဆောင်အဖြစ်ပေးပို့ခဲ့သော စာအုပ်များကလည်း မနည်းပေ။

၂၀၀၈ ခုနှစ်၊ ဒေါ်ဒေါ်ဒေါ်အမာ ကွယ်လွန်သည့်အခါ သက်ရှိထင်ရှား မရှိကြတော့ပြီဖြစ်သော မိဘနှစ်ပါးကိုယ်စား စာရေးသူသည် မန္တလေးရှိ ကိုညို (ဆရာညီပုလေး)ထံဖုန်းဆက်၍ ဝမ်းနည်းစကား ပြောရပါသည်၊ ဖြိုးတော့မှကိုညိုမှာ မိဘများ သက်ရှိထင်ရှားရှိစဉ်အခါကပင် မိဘ၏ စာပေအမွေကိုဆက်ခံနိုင်သူ၊ အောင်မြင်သော ကလောင်ရှင်တစ်ဦး ဖြစ်နေပြီး မိဘများကို စိတ်ချမ်းသာမှုပေးနိုင်ခဲ့သူဖြစ်၍ ဝမ်းမြောက်ဖွယ်ရာ ဖြစ်ကြောင်း ဝမ်းသာစကားလည်း ပြောရပါသည်။ ဒေါ်ဒေါ်အတွက် သက်န်းတစ်စုံကိုလည်း အန်ကယ် ဦးအုန်းမြင့် (သခင်အုန်းမြင့်)က သူကိုယ်တိုင် ယူသွားပေးမည်ဆို၍ အချိန်မီဝယ်ပြီး လှူခွင့်ရလိုက်ပါသည်။ မန္တလေး နာရေး၌ ဒေါ်ဒေါ် ရေးသားပြောဆိုခဲ့သည့်အချက်များမှ မှတ်သားဖွယ်ရာတို့ကို ထုတ်နုတ်ဖော်ပြထားသည့် လက်ကမ်းစာစောင်ငယ်ကို ဝေခဲ့ကြပါသည်။

အဘ ရေးပေးခဲ့သည့်စာက ဒေါ်ဒေါ်၏ နောက်ဆုံးခရီးတိုင် သူ၏ မာသောဖြောင့်သောဂုဏ်ပုဒ်ကို သိက္ခာထပ်ပေးနေသကဲ့သို့ ရှိပါတော့သည်။

**ကျမ်းကိုး**

လူထုဒေါ်အမာ၊ အမေ့ရှေ့စကား၊ **တလျှာ**၊ အမှတ် ၂၃၇၊ နိုဝင်ဘာ၊ ၂၀၀၄၊

**မှတ်စု**

(က) ၂၀၀၇ ခုနှစ် အဘကွယ်လွန်အပြီး အဘရေးသားခဲ့ သည့် စာအုပ်များကို စုစည်းရာမန္တလေးထုတ် ဓမ္မပဒမှာ ရှားပါးစာအုပ်ဖြစ်နေပါသည်၊ မန္တလေးကိုညိုထံ အကူအညီ တောင်းရာ " ဦးထင်ကျော်မိသားစုသို့ ခင်မင်လေးစား စွာဖြင့်၊ လူထုမိသားစု၊ ညီပုလေး၊ ၂၃ ဩ ၀၇" ဟုရေး၍ ကိုညိုလက်မှတ်ရေးထိုးပေးပို့လိုက်သော စာအုပ်သစ်သစ်လွင်လွင်လေးကို အမှတ်တရသိမ်းဆည်းနိုင်ခဲ့ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



လူထုဦးလှ၊ ပါမောက္ခဦးမျိုးမင်း၊ ဇော်ကို၊ မင်းသုဝဏ်၊ လူထုဒေါ်အမာ၊ ဦးမောင်မောင်တင်၊ ဦးသော်ကောင်းတို့ အမှတ်တရ (မန္တလေး ၂၅-၁၀-၆၄)

## လူထုဇနီးမောင်နှံနှင့် အဘ

ဦးလှသည် ညောင်လေးပင်မှ ရန်ကုန်တက္ကသိုလ် ကျောင်း နေ၍ ၁၉၃၁ ခုနှစ်တွင် ရန်ကုန်မြူနီစီပယ်ရုံးတွင် အလုပ်ဝင်လုပ်ပါသည်။

ထိုအခါက ကျောင်းသားအရွယ် လူငယ်များ၏ လိမ္မာရေး၊ ပညာရေး လူမှုရေး၊ မျိုးချစ်စိတ်ဓာတ်ထက်သန်ရေး . . . စသော ကောင်းခြင်းအင်္ဂါ အမျိုးမျိုးကို လမ်းညွှန်ပို့ချပေးသော လူငယ်များကြီးပွားရေးအသင်း ရှိပါသည်။

ဦးသိန်းက ကမကထပြု၍တည်ထောင်ထားသောအသင်း ဟု မှတ်မိပါသည်။ ဝိသာနုခေတ်တွင် လူဖြစ်လာကြသော လူငယ်များသည် ထိုအသင်းကိုဝင်၍ အားလပ်ရက်များ၌ တိုင်းကျိုး၊ ပြည်ကျိုး အမျိုးမျိုးကို ဆောင်ရွက်ကြပါသည်။ ဤတွင် ဦးလှနှင့်တွေ့၍ မိတ်ဆွေဖြစ်လာပါသည်။

ဦးလေးလှ ကွယ်လွန်၍ ၁၀ နှစ်ပြည့်အထိမ်းအမှတ်၊ အမှတ်တရဆောင်းပါးတွင် ဦးလေးလှနှင့် စတင်တွေ့ဆုံ အကျွမ်းတဝင်ဖြစ်ခဲ့ရပုံကို အဘ ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ထိုမှဆက်၍-

ကျွန်တော်တို့က အင်းလျားကန်စောင်း ကျောင်းဆောင်များတွင်နေ၍ အသင်းလုပ်ငန်းများကို ထိုက်ထိုက်တန်တန် မဆောင်ရွက်နိုင်ကြပါ။

ဦးလှက မြို့ထဲတွင်နေ၍တစ်ကြောင်း၊ စိတ်အားထက်သန်၍တစ်ကြောင်း၊ အသင်းစာကြည့်တိုက်တွင် စာကြည့်တိုက်မှူးလုပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ လူငယ်များအရေးဦးလှ အားကိုးမာန်တက် ဆောင်ရွက်တတ်ပုံတို့ နှိုးမွှမ်းထားသည်။

တက္ကသိုလ်ပညာရှာရင်းတဘက်ကအချိန်ရသလောက်သာ လူငယ်များ ကြီးပွားရေးအသင်း **Youth Improvement Society (Y.I.S)** ကိစ္စများကို လုပ်ဆောင် နိုင်သောကြောင့် အဘသည် သူကိုယ်သူအားမရဖြစ်ဟန်ရှိသည်။ တစ်ဖက်ကလည်း ဦးလေးလှကို အားကျဟန်ရှိသည်။

ဦးလေးလှက အားကစားလိုက်စားသည်။ ဘောလုံးကစားရာ၌ တော် သည်။ ထို့ကြောင့် ၁၉၃၁ ခုနှစ်တွင် ရန်ကုန်မြူနီစီပယ်ကော်ပိုရေးရှင်း၌ ရာဖြတ် အလုပ်ကိုရသည်။ ထိုအချိန်က စကော့ဈေး (ဗိုလ်ချုပ်အောင်ဆန်းဈေး) အခန်းအမှတ် ၁၇၂ တွင် လူငယ်များကြီးပွားရေးအသင်း စာကြည့်တိုက်ကို ဖွင့်လှစ်ထားသည်။ မြူနီစီပယ်ရုံး၌ ရာဖြတ်အလုပ်ကိုလုပ်ရင်း တစ်ဖက်က လူငယ်များကြီးပွားရေးအသင်း စာကြည့်တိုက်မှူးတာဝန်ကိုယူသည်။ စာကြည့်တိုက်အပေါ်ထပ်ရှိ အခန်းကျဉ်း တလေးက ဦးလေးလှ၏ သုံးနှစ်ခန့် ကွန်းခိုရာဖြစ်ခဲ့သည်။ ညဘက် အားလပ်ချိန်များ၌ သံဖြူတန်းရုံ(နောင်-အိုးတန်းရုံ) ညအိပ်ဈေးသည်များ၏ ကလေးများကို စာသင် ပေးသေးသည်။

လူငယ်များ ကြီးပွားရေးအသင်းနှင့် ထိတွေ့နီးစပ်မှုအရကား အဘက ဦးလေးလှထက် အနည်းငယ်စောသည်။ တက္ကသိုလ်ဝင်တန်းအောင်ပြီး ၁၉၂၉ ခုနှစ် မိုးဦးကာလတွင် တက္ကသိုလ်ကျောင်းတိုက် **(University College)** သို့ အဘရောက် သည်။ ပဲခူးဆောင် အခန်းအမှတ် ၉၁ ၌ ကျောင်းအိပ်ကျောင်းစားနေခွင့်ရသည်။ ထိုစဉ်အခါက လက်ထောက်အဆောင်မှူးငယ်မှာ အဘတက္ကသိုလ်ဝင်တန်းအထိ နေခဲ့သော ဆရာမှတ်ကြီးကျောင်းခေါ် စိန့်ဂျွန်းကျောင်းမှ ကျောင်းသားဟောင်း ပါဠိသရုပ်ပြဆရာ ဦးကျော်ဝင်းဖြစ်သည်။

တက္ကသိုလ်ပြင်ပတွင် ဦးကျော်ဝင်းသည် ဦးသိန်း (ကြီးပွားရေး ဦးသိန်း)နှင့်အတူ လူငယ်များကြီးပွားရေးအသင်း စတင်တည်ထောင်ရာတွင် ပါဝင်ခဲ့သည်။ လူငယ်များဗဟုသုတရရှိရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး ရဲစွမ်းသတ္တိရှိရေး၊ ပရဟိတ ဆောင်ရွက်ရေး၊ မျိုးချစ်စိတ် မွေးမြူထက်သန်ရေးတို့ကို သင်ကြားပို့ချ နှိုးဆွဆော်ဩနေသည့် ကာလဖြစ်သည်။ တက္ကသိုလ်ကျောင်းသားများ အသင်းသို့ ဝင်ရောက်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်နေသူ ဖြစ်သည်။ သို့ကြောင့် လည်း အဆောင်နေကျောင်းသားဖြစ်သည့်အဘသည် တက္ကသိုလ်ရောက်ပြီး လပိုင်းမျှ အကြာ အသင်းဝင်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အသင်းလှုပ်ရှားမှုတွင် ပါဝင်လာသော အဘအကြောင်းကို ၁၉၃၀ ပြည့်နှစ် ဇန်နဝါရီလထုတ် ဂန္ထလောကမဂ္ဂဇင်း အင်္ဂလိပ်ဘာသာကဏ္ဍပါ **Y.I.S Notes** တွင် အောက်ပါအတိုင်းတွေ့ရှိရပါသည်။

*On the 24 November 1929, Ko Thein Aung, the vice president of the Y.I. S, read a paper in English entitled*

*"Youths, University and the Study of Science." The paper was .....*

*There was also a Burmese debate on the 8th December 1929. Ko Tet Htoot, seconded by Ko Wun moved that University education is a necessary qualification for our success in life."*





ဤသို့ အသင်းကိစ္စများ ဆောင်ရွက်ရင်း၊ ၁၉၃၁ ခုနှစ်တွင် ဦးလှ အဖွဲ့ဝင် ဖြစ်လာပြီးနောက် စိတ်တူသဘောတူသူများအချင်းချင်း မကြာမီ မိတ်ဆွေများ ဖြစ်သွားကြသည်။ အဘက ၁၉၀၉ ခု၊ ဖေဖော်ဝါရီလ ၁၀ ရက်ဖွား၊ ဦးလှက ၁၉၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၉ ရက်ဖွား၊ အသက်အားဖြင့် တစ်နှစ်လျော့လျော့သာကွာ၍ အပြီးအဖွဲ့ကျကြသည်။ သည်အထဲတွင် ညောင်ဦးသား ဦးချင်းစိန်(ရွှေညာမောင်)၊ မုံရွာကြေးမုံသား ဦးထက်ထွဋ်တို့လည်း ပါကြသည်။

၁၉၃၂ခုနှစ်တွင်အသင်းမှ ထုတ်ဝေသည့် **ကြီးပွားရေးလမ်းညွှန်** မဂ္ဂဇင်း တွင် ဦးလေးလှသည် လုပ်ဖော်ကိုင်ဖက် သုံးဦးနှင့်အတူ အယ်ဒီတာ တာဝန်ယူသည်။ ကိုယ်တိုင်လည်း **လှိုင်မေတ္တာ** ကလောင်အမည်ဖြင့် စာရေးသည်။ တစ်နှစ်အကြာ အသင်းကြီးသည် မဂ္ဂဇင်းအမည်ကို **ကြီးပွားရေး** ဟုပြောင်း၍ ဦးလှအား လွှဲပြောင်း တာဝန်ခံ ထုတ်ဝေစေခဲ့သည်။ ပထမစာစောင် ၁၉၃၃ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ထွက်ရှိခဲ့သည်။ နောက်ပိုင်းတွင် မဂ္ဂဇင်းကို အစွဲပြု၍လည်းကောင်း၊ ရွေးချယ်ခဲ့သည့် 'ကလောင်အမည်ကြောင့်လည်းကောင်း' **ကြီးပွားရေးဦးလှ** ဖြစ်လာသည်။

ကြီးပွားရေးမဂ္ဂဇင်းအတွက် ဦးလှနှင့်ရင်းနှီးကြသော တက္ကသိုလ်ကလောင် ရှင်များဖြစ်ကြသည့် သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ မြကေတု၊ ကုသ၊ မောင်သုတ၊ မောင်ထင် စသူတို့က ကဗျာ၊ ဆောင်းပါးများ ဝိုင်းဝန်းကူညီ ရေးသားပေးကြသည်။ မေတ္တာဖြင့် ကူညီကြသူများသည်။ ၆-၇-၄၁ ရက်နေ့ အဘထံ ဦးလေးလှ ရေးခဲ့သော စာတစ်နေရာတွင် 'ကျွန်တော်တို့လည်း စာရေးဆရာများကို ကျေးဇူးတင် တုံ့ပြန်လို စိတ် များစွာရှိပါသည်။ ကိုဝန်တို့ ဆိုတာလည်း အခမဲ့ကူညီလာတာ ကြာပါပြီ' ဟု တွေ့ရပါသည်။ ကြီးပွားရေးမှ ပထမဆုံးဖော်ပြခဲ့သော အဘ၏ကဗျာမှာ မှတ်တမ်းအရ ၁၉၃၄ ခုနှစ်၊ ဧပြီလထုတ်ကြီးပွားရေးမဂ္ဂဇင်းပါ **ခေတ်ပညာတဗျာ** ဖြစ်ပါသည်။ ၁၉၃၅ ခုနှစ်တွင်ကား ကဗျာ၊ ဆောင်းပါးအပြင် ရုရှားစာရေးဆရာ **Mikhail Zoschenko** ၏ **Pelagaya** (ပေလဂေယ) ပြင်သစ်စာရေးဆရာ **Guy de Moupassant** ၏ **The Chair mender** (ကုလားထိုင်ပြင်သူ)၊ အီတလီစာရေးဆရာ **Giorgieri Conti** ၏ **The man's heart** (ယောကျ်ားစိတ်)၊ အိန္ဒိယ စာရေးဆရာကြီး **Rabindranath Tagore** ၏ **The Editor** (အယ်ဒီတာ) ဝတ္ထုတို့များကို ကြီးပွားရေးအတွက် ဘာသာပြန်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**အမိမြန်မာပြည်အဖို့—**

## ဝါကျွတ်ကန်တော့ပန်း။

**မင်းသုဝဏ်။**

မလာခြစ်နိုင်ဘူး၊
ဝါခေတ်တခါကုန်တော့
မီးရောင်ရုံကျွတ်သတင်းကိုဗျာ
ရစ်တွင်းဘာပူဆာဆာ။ ။
သူ့ထကာ ထန်တော့ပွဲတွေနှင့်
ညီအစ်ကိုမောင်နှမ်တွဲပါလို့
ရွာထဲမှာကိုယ်ရောင်ပြနိုင်ရို
နေညီမှာမေဒိုတရှာလိမ့်၊
စာဆိုလာလို့ဗျာသော်လည်း
မှန်းဆရှုံသာ။ ။
နတ်ညီနောင်–စားဖိုကြားဆိုက
မွှန်းစာဆိုဘယ်ကိုသွားဘယ်လို့
ဖော့ကားကိုသူတို့မေးခြင်တော့
ဆိုတေးသံမကြားတာဖြင့်
တဝါနှစ်ဝါသို့ လျှားပေါ်-လို့
ဖော့ကားကာအငြေသာ၊
စာဆိုမောင့်ငယ်ပေါင်း။ ။
မိမြန်မာ
နေရပ်တိုင်ခွာလို့
တရပ်ရွာတခြေခြားမှာဗျာ
ဖဝါးအိမ်တိုင်ပြုပါသို့
ရှာရသည်နဲ့ချိုးပါသဲ
သည်တဝါ-သည်တရိုးကိုတော့
ကြိုးစားကာစာဆိုခဲ့လျှင်ဖြင့်
သိုးမကုန်ကန်တော့ပွဲရယ်နှင့်
ရွာထဲမှာကိုယ်ရောင်ပြနိုင်လိမ့်
သားစာဆိုလူညီဗျာကိုဗျာ
လွမ်းရာခန်းသာဝဆိုက
အပြန်ကိုစရှုံ့နှင့်ထပေတော့
ငေးထပန်တော်း။ ။

**မင်းသုဝဏ်၊**

**အောက်စဖို့ဒ်တက္ကသိုလ်၊**





၁၉၃၆ ခုနှစ် ဗီးလပ်ပညာတော်သင်သွားခါနီး အဘ၏ နေ့စဉ်မှတ်တမ်းစာအုပ်၊ ဆက်သွယ်ရန် လိပ်စာများတွင် ကြီးပွားရေးတိုက်လိပ်စာကို အောက်ပါအတိုင်း မှတ်ထားပါသည်။

ကြီးပွားရေး 315, Montgomery St, Rgn.

ဗီးလပ်ရောက်ပြီးလပိုင်းအတွင်းအဘသည်သူ၏ အတွေ့အကြုံများကို ဦးလေးလှထံစာရေးသည်။ အဆိုပါပေးစာများကို **မင်းသုဝဏ်၏ 'တစ်ကျွန်းစံဆောင်းပါး'** များခေါင်းစဉ်ဖြင့် ဦးလေးလှက ကြီးပွားရေး၌ အခန်းဆက်ဖော်ပြခဲ့သည်။ ၁၉၃၈ ခုနှစ် အောက္ကစဖို့ဒ်တက္ကသိုလ်ကျောင်းပိတ်ရက်တွင် ပြင်သစ်နိုင်ငံသို့ အဘခရီးထွက်ခဲ့သည်။ **St. Quay Portrieux** ရောက်သည့်အခိုက် မိခင်ကြီးကို သတိရပြီး ၂၄-၈-၃၈ ရက်နေ့တွင် **အမိမြန်မာပြည်အဖို့ ဝါကျွတ်ကန်တော့ပန်း** ကဗျာကိုရေးဖွဲ့ရင်း အဘ မျက်ရည်ဆည်ရသည်။ အဆိုပါကဗျာကို ဦးလေးလှထံ အဘကပို့လိုက်ရာ ကြီးပွားရေးမဂ္ဂဇင်းတွင် ပါလာသည်။ ကဗျာကိုဖတ်ရသည့် မိခင်ကြီးသည် သားဖြစ်သူကို သတိရကာ စာအုပ်ကြီးတကိုင်ကိုင်နှင့် မျက်ရည်ကျရှာသည်။

အခါအားလျော်စွာ အဘသည် ကဗျာဆောင်းပါးများ ရေးပို့သည်။ ဦးလေးလှကလည်း မဂ္ဂဇင်းများကို အောက္ကစဖို့ဒ်သို့ ပို့ပေးသည်။ 'ဝါကျွတ်ကန်တော့ပန်း' ကဗျာ လက်ခံရပြီးနောက် အဘထံရေးစာမှာ -

**၂၂-၉-၃၈ လမ်း**

**ရန်ကုန်**

**၁၂-၁၀-၃၈**

***ကိုဝန်ခင်ဗျား***

*ကျွန်တော် စာမရေးသည်များကိုခွင့်လွှတ်ပါ။ ကြီးပွားရေးတော့ မှန်မှန်ရောက်မှာပဲလို့ ထင်တယ်ဗျာ။*

*'သီတင်းကျွတ်' (ဝါကျွတ်ကန်တော့ပန်း) ကဗျာကလေးကို ကောင်းစွာရပါတယ်။ သီတင်းကျွတ်လ မဂ္ဂဇင်းထဲမှာပဲ ပါပါမယ်။ မဂ္ဂဇင်းကိုတော့ ၁၅ ရက်နေ့လောက်မှ ပို့လိုက်မယ်ဗျာ။*

*ကိုသိန်းဟန်ကြီးကော ရောက်နေပြီလား? သူ ဘယ်မှာဆိုတာ သိချင်တယ်ဗျာ။ ကျွန်တော့်ထံ စာရေးတဲ့အခါ သူ့လိပ်စာကလေး ထည့်လိုက်စမ်းပါ။*

*ကိုဝန့်ဆောင်းပါးတွေကို ကျွန်တော် ဂန္ထလောကမှာမှန်မှန် ဖတ်ရပါတယ်။*

*'ပေးစာ' သဘောမျိုး ဆက်ရေးနိုင်ရင် ရေးပေးပါဦး ကိုဝန်၊ အဲဒီပေးစာတွေကို ကိုဝန်ပုံမနှိပ်ရင် စာအုပ်တစ်အုပ်ဖြစ်အောင်ကျွန်တော်ပုံနှိပ်ဖို့ ကြံတယ်ဗျာ. . .။*


*ကိုတက်ထွန်းရော ပညာသင်ရတာဟန်ရဲ့လား? ဘာတွေများ ထောင်းထုနေသလဲဗျာ။*



www.burmeseclassic.com

www.burmeseclassic.com






ညိုမြ သတင်းစာလုပ်ငန်း ပညာတော်သင်ရတာကော ကြားပြီးပလား? သူ့ခမျာ အင်မတန်တော်၊ အင်မတန်ကံကောင်းလို့ရတာဗျို့၊ မဟုတ်ရင် ရှား မဟုတ်ဘူး. . . ။

စကားမစပ် မြန်မာပြည်အစိုးရထီ မနေ့ကစဖွင့်တယ်။ အငြိမ့်ပွဲ ၂ ခုနဲ့ ဘာနဲ့ပေါ့။ ဘီ-အေ-အေမှာ သိပ်စည်တာပဲဗျ။ ဒီနေ့ နာရီပြန်တစ်ချက်မှာ သထုံနယ်ဇင်းကျိုက်က ဦးနဲ့ဆိုတဲ့လူကြီး ပထမ ငွေတစ်သိန်း ပေါက်သွားပြီလေ ဗမာပေါက်လို့ ဗမာတွေ သိပ်ဝမ်းသာတာပဲဗျို့၊ မနက်ဖြန်မှ အားလုံးဖွင့်ပြီးမယ်။ ၃၉၂ ခုတောင်မို့ ၃ ရက်တောင် ဆက်ဖွင့်ရတယ်။

မြန်မာပြည်မှာ စာအုပ်ထုတ်ဝေရေး တော်တော်ခေတ်စားနေတယ် နဂနီ(နဂါးနီ) က စာအုပ်တွေ ကိုဝန်ဖတ်ရပလား? မဘတ်ရသေးရင် သူတို့ မပို့သေးရင် ကျွန်တော် ပို့ပေးချင်တယ်။. . . .





ကျန်းမာစေကြောင်း ဆုတောင်းပါတယ်။ ကျွန်တော်လဲ စာအုပ်တွေ ထုတ်တော့မယ်။

**မောင်လှ**

သမိုင်းကြောင်းအတွက် အလွန်တန်ဖိုးရှိလှသည့် စာတစ်စောင် ဖြစ်ပါသည်။ မှတ်သားဖွယ်ရာအချို့ကို ဖော်ပြရလျှင် -

(၁) ကြီးပွားရေးတိုက် တည်ရှိရာ အမှတ် ၃၁၅၊ မောင်ဂိုမာရီလမ်းမှ အမှတ် ၂၂၇၊ ၃၈ လမ်းသို့ ပြောင်းသွားခြင်း။

(၂) ဦးသိန်းဟန် (ဆရာဇော်ဂျီ) ဗီးလပ်သို့ ပညာတော်သင်ရောက်ခါစ ကာလကို





www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းသိရှိနိုင်ခြင်း။
(၃) Y.I.S မှ မိတ်ဆွေဟောင်း၊ ဦးတက်ထွန်း ဗီးလပ်တွင် ပညာသင်ရောက်ရှိနေသည်ကို သိရှိရခြင်း။
(၄) ဦးညိုမြ(အိုးဝေညိုမြ) သတင်းစာပညာတော်သင် အရွေးချယ်ခံရခြင်း။
(၅) မြန်မာနိုင်ငံ၏ ထီသမိုင်းအစကို သိရခြင်း။
(၆) မြန်မာနိုင်ငံ စာအုပ်ထုတ်ဝေရေးသမိုင်း။
စသည်တို့ ဖြစ်ပါသည်။ စာနိဂုံးပိုင်းတွင်ပါသည့်အတိုင်း ၁၉၃၈ ခုနှစ်၌ **ကြီးပွားရေးဦးလှ** တလောင်အမည်ဖြင့် **'ဆိုဗီယက် ရုရှား'** လုံးချင်းစာအုပ်ကို ဦးလေးလှ ထုတ်ဝေခဲ့ပါသည်။

သူ၏ စာပေသက်တမ်းတစ်လျှောက် ဦးလေးလှသည်လုံးချင်း ၉၀ **ကျော်** ရေးသားထုတ်ဝေခဲ့သည်။ ၄၇ အုပ်မှာ ကလေးပုံပြင်များ ဖြစ်သည်။ စာရေးသူငယ်စဉ်က နှစ်သက်ခဲ့သော ဦးလေးလှ၏ စာအုပ်နှစ်အုပ်မှာ **လျှောင်ချိုင့်တွင်းမှ ငှက်ငယ်များနှင့် အားလုံးကောင်းကြပါသည်ခင်ဗျား** တို့ ဖြစ်ကြပါသည်။

သုံးနှစ်တာ ပညာတော်သင်ခရီး ပြီးဆုံးခြင်းသို့ရောက်၍ ၁၉၃၉ ခုနှစ် စက်တင်ဘာလဆန်းပိုင်းတွင် မြန်မာပြည်သို့ အဘပြန်ရောက်သည်။ နိုဝင်ဘာလ၌ ဦးလေးလှနှင့် ဒေါ်ဒေါ် ဒေါ်အမာတို့မန္တလေး၌ လက်ထပ်ကြသည်။ ကြီးပွားရေးတိုက်သည်လည်း 'လက်ဆည်ကန် ၈၄ လမ်း၊ မန္တလေးမြို့'သို့ ပြောင်းရွှေ့သွားခဲ့သည်။ မှတ်တမ်းအထောက်အထားအရ ကြီးပွားရေးအတွက် အဘ နောက်ဆုံးရေးခဲ့သည်မှာ ပြင်သစ်စာရေးဆရာကြီး **Alphonse Daudet ၏ The Last Lesson နောက်ဆုံးသင်ခန်းစာ** ဘာသာပြန်ဝတ္ထုတိုကလေးဖြစ်ပါသည်။ ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလထုတ် ကြီးပွားရေးမဂ္ဂဇင်း အတွဲ(၉)၊ အမှတ်(၁)၌ ဖော်ပြပါရှိခဲ့သည်။ ကြီးပွားရေးမဂ္ဂဇင်းများကို အဘထံသို့ ဦးလေးလှမှ မှန်မှန်ပေးပို့ခဲ့သလို အဘကလည်း မဂ္ဂဇင်းများကို အတွဲလိုက် ထိန်းသိမ်းစောင့်ရှောက်သည်။ စစ်ကြီးပြီးသည့်အခါ အဘသည် သူပိုင်စာအုပ်များကို တက္ကသိုလ်များစာကြည့်တိုက်သို့ လှူဒါန်းခဲ့သည်။


စစ်ကြီးပြီးနောက် ၁၉၄၅ ခုနှစ်၊ ဇူလိုင်လတွင် ဦးလေးလှ **လူထုဂျာနယ်ကို** စတင်ထုတ်ဝေခဲ့သည်။ တဖန် ၁၉၄၆ ခုနှစ်၊ ဧပြီလတွင် **လူထုသတင်းစာ** ကို စတင်ထုတ်ဝေသည်။ ထို့ကြောင့်လည်း နောက်ပိုင်းတွင် **ကြီးပွားရေးဦးလှ** မှ **လူထုဦးလှ** အဖြစ် လူသိများလာတော့သည်။ ဒေါ်ဒေါ် ဒေါ်အမာသည်လည်း **လူထုဒေါ်အမာ** အဖြစ်သို့ရောက်ရှိခဲ့သည်။

အဘ သိမ်းဆည်းခဲ့သည့် ဦးလေးလှ၏ ပေးစာများတွင် ထူးထူးခြားခြား စာတစ်စောင်ကို တွေ့ရပါသည်။ **လူထုနေ့စဉ် သတင်းစာတိုက်** ခေါင်းစီးပါ စာရေးစက္ကူဖြင့် ၇-၆-၆၂ နေ့တွင် ဦးလေးလှရေးစာမှာ တစ်မျက်နှာသာရှိ စာတိုကလေးဖြစ်သည်။ အဘနှင့်အမေတို့အတွက် ကုသိုလ်ယတြာပြုလုပ်ရန် လိုရင်း





တိုတိုတိုရှင်းရှင်း၊ ဖော်ပြထားသည်။ အဘ၏မိတ်ဆွေတစ်ဦးက တိုက်တွန်းမှာကြား၍ ဦးလေးလှမှ တစ်ဆင့် အကြောင်းကြားစာဟု နားလည်ရပါသည်။ စာရသည့်ကာလကို ကြည့်၍ ပြန်လည်ခန့်မှန်းစဉ်းစားကြည့်ရာ မြန်မာစာပါမောက္ခရာထူးစွန့်လွှတ်၍ မူလမိခင်ဌာနတက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာနသို့ အဘပြန်လည်တာဝန်ထမ်းဆောင်သည့် နေ့ရက်နှင့်ဆိုလျှင် အချိန်တစ်လမျှပင်မခြားပါ။



တော်လှန်ရေးကောင်စီအစိုးရက ကျင်းပသော ကမ္ဘာ့အကောင်းမြေ
အမျိုးသားစာပေ ညီလာခံကျင်းပနေစဉ်၊ ညီလာခံရုပ်နားနိုက်
ဆရာကြီးရွှေဥဒေါင်း၊ လူထုဦးလှ၊ ဆရာတော်ဂျီ(ကျောင်းပေးထားရှ)နှင့်
ဆရာမင်းသုဝဏ်တို့ စကားလက်ဆုံကျစဉ် (ဝဲ မှ ယာ)



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကောင်စီ၏ တိုက်တွန်းချက်အရ ၁၉၆၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် မြန်မာစာပါမောက္ခတာဝန်ကို အဘယူခဲ့ပါသည်။ အဆိုပါတာဝန်ကို ယူထားသည့်ကာလအတွင်း အဘသည် သူ၏တာဝန်ဝတ္တရားများကို အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်သည်။ သို့ပင်အဘမှသူ၏ အလုပ်ကို စေတနာသန့်သန့်ဖြင့် ဆောင်ရွက်သော်လည်း အခက်အခဲများစွာနှင့် ရင်ဆိုင်ရသည်။ ပုဂ္ဂိုလ်ရေးအရ အဘကို တိုက်ခိုက်မှုများ ရှိခဲ့သည်။ နောက်ဆုံး ၁၉၆၂ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနသို့ ပြန်ခဲ့ရသည်။ မူလကအဘကို မြန်မာစာဌာန တာဝန်ပေးစဉ်က နှစ်နှစ်မှသုံးနှစ်ကြာ တာဝန်ထမ်းဆောင်ရန်ဟု လူကြီးများကဆိုခဲ့သော်ငြားလည်းလက်တွေ့၌ တစ်နှစ်ခန့်သာကြာခဲ့သည်။ တက္ကသိုလ်မြန်မာစာဆရာ၏အမူက နိုင်ငံတာဝန်ရှိ ပုဂ္ဂိုလ်အဆင့်သို့တိုင်အောင် ရောက်ခဲ့သည်။ ကိုယ်တိုင်ကိုယ်ကျ မျက်နှာချင်းဆိုင် လူချင်းတွေ့ဆုံမေးမြန်းခြင်းခံရသည်။ အခြေအနေမှန်ကို သိရှိသဘောပေါက် အမြင်ရှင်းသွား၍ မိခင်ဌာနကို ပြန်လည်တာဝန်ထမ်းဆောင်စေခဲ့သည်။ မူလအစီအစဉ်မှာ အလုပ်မှအနားယူရန်ပြောဖို့ ခေါ်ယူတွေ့ဆုံခြင်းဖြစ်သည်။ အဘသတင်းကို မန္တလေးမှ မိတ်ဆွေများကြား၍ ပူပင်စိတ်ဖြင့် ဇွန်လ ၇ ရက်နေ့ စာတိုကလေးကို ဦးလေးလှရေးလိုက်ဟန်ရှိပါသည်။ အဘ ဗီးလပ်မှ ပြန်ရောက်ခါစကလည်း အရေးကြုံက မနေသာသည့် ဦးလေးလှထံမှစာများ အဘရခဲ့ဖူးပါသည်။ အချိန်ကား တက္ကသိုလ်၌ မြန်မာစာဌာနဟူ၍ သီးခြားမရှိသေး။ အရှေ့တိုင်းဘာသာရပ်များဌာန **(Oriental Studies)** လက်အောက်ရှိ မြန်မာဌာနစိတ်မှ မြန်မာစာဌာနဟူ၍ တသီးတခြား ထွက်ပေါ်လာအောင် ဆရာကြီး ဦးဖေမောင်တင်မှ ကြိုးစားအားထုတ်နေသည့်ကာလဖြစ်သည်။ သီးခြားထွက်ပေါ်လာမည့် မြန်မာစာဌာနတွင် ဌာနမှူးတစ်ဦးရွေးချယ်ခန့်ထားရန် စဉ်းစားစီစဉ်နေကြသည့် ကာလဖြစ်သည်။ **၃၁-၈-၄၀** ရက်နေ့ရေးခဲ့သည့် ဦးလေးလှ၏ စာတစ်နေရာတွင် *'ကိုဝန်တို့အကြောင်းတွေကို ကျွန်တော်တို့ လူစုလဲ ဒီက နားစွင့်နေတာဘဲ။ တမျှော်မျှော်နဲ့။ ဆုလည်းတောင်းလျက်ပါပဲ'* ဟု စတင်တွေ့ရပါသည်။ ရက်သတ္တ တစ်ပတ်ခန့်အကြာ **၆-၉-၄၀** ရက်နေ့ စာတွင်ကား *'ကိုဝန်တို့ကိစ္စအတွက် တချို့ကဦးဖေမောင်တင်ကို ငြိုးပြီး ကိုဝန့်ဘက်မပါ။ ကိုဝန့်ကို မညာမတာလုပ်ကြသည်ဟု ထင်ရပါသည်။ ကိုဝန်တို့ ယူနီဘာစီတီလည်း တော်တော်စိတ်ပျက်စရာ ကောင်းပါတယ်'* ဟု ရေးလာပြန်ပါသည်။ နှစ်ပတ်ခန့်အကြာ **၁၈-၉-၄၀** ရက်နေ့ ရေးလိုက်သည့်စာမှာတော့ *'ကိုဝန်တို့ကိစ္စကို တစ်ဆင့်တစ်ဆင့် တော်တော်ကြားရပါတယ်။ တချို့က (ကိုဝန့်ကိုမလိုလားဟုထင်စရာထဲက) ထွက်ပေးလျှင် ကောင်းမည်။ ကိုဝန်က မစွတာလုစ်နေရာကို ရနိုင်သည်စသည်ဖြင့် ပြောပါသည်။ ထွက်ပေးရန်ကား မသင့်လှ၊ မလွယ်လှဟုထင်ပါသည်။ တရားခြင်းနှင့် ကံသည်သာ စောင့်ရှောက်နိုင်ပါလိမ့်မည်။ တရားသဖြင့် ဖြစ်ပါစေဟုသာ ဆုတောင်းလျက်ရှိပါတယ်'* ဟူ၍ဖြစ်ပါသည်။





မြန်မာဘာသာစကားနှင့် မြန်မာစာပေတို့ကို ခေတ်မီနည်းစနစ်များဖြင့် သင်ကြားပို့ချရန်၊ မြန်မာစာဌာနကို သွေးသစ်လောင်းရန်ရည်ရွယ်ချက်များနှင့် ဦးတက်ထွန်းကို ၁၉၃၅ ခုနှစ်တွင် ပထမဆုံးပညာတော်သင်စေလွှတ်ခဲ့ပါသည်။ အဘကို ၁၉၃၆ ခုနှစ်တွင် ဒုတိယပညာတော်သင်အဖြစ် စေလွှတ်ခဲ့ပါသည်။ ဦးတက်ထွန်းကား အကြောင်းကြောင်းကြောင့် မြန်မာပြည်သို့ပြန်မလာဖြစ်ပါ။ အဘကား တက္ကသိုလ် စီမံခန့်ခွဲဆုံးဖြတ်သည့်စနစ်အရ ၁၀ မဲ ၁၁ မဲဖြင့် ဌာနမှူးမဖြစ်ခဲ့ပါ။ ထိုစဉ်အခါကလည်း သတင်းအမျိုးမျိုးကြားနေ၍ ဦးလေးလှသည် မနေသာမထိုင်သာ ပူပန်စွာ အဘထံ စာများရေးခဲ့ရှာခြင်း ဖြစ်ပါသည်။

အဘမှ စိုးရိမ်ကြောင့်ကြစိတ်ဖြင့် ဦးလေးလှထံရေးစာဟု ယူဆရဖွယ်ရှိသောစာကား ၁၉၈၂ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့စာဖြစ်ပါသည်။ အဘနေ့စဉ်မှတ်တမ်း မှာတော့ ခပ်တိုတို-

*'ဒေါက်တာညီညီနှင့် လူထုဦးလှထံ စာရေး။ မောင်စံတင့် အသုဘ သွားပို့'* ဟူ၍ ဖြစ်ပါသည်။ အချိန်ကား ဦးလေးလှ ကျန်းမာရေးအတော်လေးပင် အားနည်းသည့်ကာလ ဖြစ်ပါသည်။ ရက်သိပ်မခြား။ **၇-၈-၈၂** မှတ်တမ်း၌ -

***F.W. Thomas* ၏ *Early Buddhist Literature* နိဒါန်းဖတ်သည်။** *ဆရာကြီးက နားလည်မှုနှင့် ရေးသည်။* ***Mrs. Rhys-Davids*** *နှင့်မတူ။* ***မန္တလေး လူထုဦးလှ ဆုံးကြောင်း ကိုလှမြိုင်ပြောသည်ကို တိုမင်းကျော် အကြောင်းကြား။*** *မောင်စံတင့်ရက်လည် မုန့်ဟင်းခါးသွားစား။*

နှစ်ပေါင်း ၅၀ ကျော်မျှ သိကျွမ်းခင်မင်ခဲ့ရသော အဘ၏ စာပေမိတ်ဆွေ၊ အရေးရှိက မနေလှသည့် ဦးလေးလှလူထုချစ်၍ လူထုကို အသိဉာဏ်များစွာပေးခဲ့သော ဦးလေးလှ ကွယ်လွန်ရှာလေပြီ။ မိတ်ဆွေကောင်းတစ်ယောက်ကို နှမြောတသ၊ ဝမ်းနည်းစွာရေးခဲ့သော အဘ၏မှတ်တမ်းကားတိုလှသည်။ ပြတ်လှသည်။ ဖွဲ့နွဲ့အကျယ်ချဲ့လိုဟန် မတွေ့တော့ပြီ။

**ကျမ်းကိုး**

(၁) ကျော်ဇောနိုင်၊ 'ကြီးပွား၊ လူထု၊ ဦးလှဘဝနဲ့ ပုံပြင်'၊ **နှစ် ၉၀ ပြည့် လူထုဦးလှ၊** ကြီးပွားရေးစာအုပ်တိုက်၊ ၂၀၀၀ ပြည့်နှစ်။

(၂) မင်းသုဝဏ်၊ ကြီးပွားရေးမဂ္ဂဇင်းနှင့်ဦးလှ။ **မဟေသီ၊** ၁၉၉၂ ခု၊ စက်တင်ဘာ။

(၃) မင်္ဂလာသုဝဏ်၊ ဦးမောင်မောင်ကျော်ဝင်း၊ **စစ်ပြန်၊** ၁၉၈၂ ခု၊ စက်တင်ဘာ။

(၄) **လူထုချစ်သမျှ လူထုဦးလှ၊** ကြီးပွားရေးစာအုပ်တိုက်၊ ၁၉၈၄ ခု၊ ဩဂုတ်လ။

**မှတ်စု**

(၁) ဦးကျော်ဝင်း - ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ၊ အငြိမ်းစား သံအမတ်ကြီး ဦးမောင်မောင်ကျော်ဝင်း၊ ဦးမျိုးမင်း (နွယ်စိုး)၊ အငြိမ်းစား အင်္ဂလိပ်စာပါမောက္ခ၏ အစ်ကို။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



# ဒဂုန်တာရာမှတ်မိသော
# မင်းသုဝဏ်

အဘ စာဟောင်းများရှာဖွေစုဆောင်းရာမှ ဆောင်းပါးတစ်ပုဒ်ကို ဖတ်မိသည်။ **တာပေမှတ်တိုင်ကလေးများ၌** “ရှည်လျားသော အတိတ်ထဲရှိ ဝိုးတိုးဝါးတားနှင့် ကြားမြင်ကွင်းမှ အချို့ အကွက်များကို မှတ်မိသမျှနှင့် နောင်လာနောက်သားများအဖို့ ပြန်ပြောချင်စိတ်ပေါ်လာပါသည်။ ထို့ကြောင့် ယခု ကျွန်တော်သည် စာပေမှတ်တိုင်ကလေးများကို အရှုပ်တော်ကလေးများနှင့်အတူတင်ပြရန် အားထုတ်ထားပါသည်” ဟူ၍ အစချီထားပါသည်။ “ကံကောင်းထောက်မ၍ ဤစာများကို ပြန်လည်တွေ့ရှိခွင့်ရပါသည်။ စစ်ဘေးစစ်ဒဏ်အကြားမှ အပြေးအလွှား လွတ်မြောက်ခဲ့သော ဤစာကလေးများသည် လူထုဦးလှ ပြောဖူးသကဲ့သို့ ရာဇဝင်သမိုင်းကို တတ်စွမ်းသမျှ ထွန်းပြလျက်ရှိကြပါသည်” ဟူ၍လည်း ဆိုထားပါသည်။ ပထမစာမှာ ၁၃၀၀ ပြည့်နှစ် နတ်တော်လဆန်း ၁၁ ရက်၊ (၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၂ရက်)နေ့စွဲပါ အိုးဝေ အယ်ဒီတာ ဦးစိုးမောင် (သာဂရ-ဇစိုး)မှ အဘထံရေးစာ ဖြစ်ပါသည်။ ယင်းစာနှင့်ဆက်၍ အဘတင်ပြခဲ့သော ဒုတိယစာပေမှတ်တိုင်မှာ ၁၉၄၁ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့ ဆရာဒဂုန်တာရာမှ အဘထံရေးစာဖြစ်ပါသည်။

“ယခုစာပါလက်ရေးသည် ကိုစိုးမောင်လက်ရေးကို ဆန့်ကျင်သကဲ့သို့ ပျောင်းပျောင်းနွဲ့နွဲ့၊ လုပ်လှဲ့လုပ်လီ၊ မပီကလာ ပီကလာနှင့် အမူအရာတစ်မျိုးဖြစ်သည်။ ကိုဒွေးမြိုင်°က သူ၏ **မေ** ဝတ္ထုအတွက် ထင်မြင်ချက်တောင်းပါသည်။ အင်္ဂလိပ်လို



www.burmeseclassic.com


www.burmeseclassic.com



**review** ဟုသူခေါ်ပါသည်။ ဝေဖန်စာ **criticism**ဟုမခေါ်ပါ။ နှစ်ပေါင်း ၄၀ ကျော်အတွင်းတွင် **criticism** ဆိုသော အနောက်တိုင်းစကားလုံးနှင့် လုပ်ငန်းတစ်ရပ်သည် မည်သို့ရွေ့လျားပြောင်းလဲခဲ့ပုံကိုလေ့လာရန် ကိစ္စတစ်ရပ်ဖြစ်နေပါပြီ။ မှန်ပါသည်။ ကျွန်တော် အကြောင်းတိုက်ဆိုင်သောအခါများ၌ မျက်မှောက်ခေတ်ပေါ်ထွက်လာသောစာအုပ်များအကြောင်းကို ထင်မြင်ချက်ပေးတတ်ပါသည်။ ဥပမာအားဖြင့်ဆိုလျှင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ **သခင်ဋီကာ**အတွက် ကျွန်တော်၏ ထင်မြင်ချက်ကို ၁၉၃၈ ခု၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလထုတ် ဂန္ထလောကတွင် ဖော်ပြဖူးပါသည်။ သူတောင်းသောထင်မြင်ချက်ကို ရေးပေးခဲ့သလား၊ ကျွန်တော်မမှတ်မိတော့ပါ။ ရေးပေးခဲ့လျှင်လည်း ဘာတွေကိုများ ဘယ်လိုရေးပေးခဲ့သလဲ။ ကျွန်တော်မပြောတတ်ပါ။ ကိုဒွေးမြိုင်က ဘယ်လိုလက်ခံခဲ့သလဲ။ ယခု ရင့်ကျက်သောအခါ ဘယ်လိုသဘောပြောင်းသလဲ။ ကိုဒွေးမြိုင်ပြောမှ သိရပါမည်" ဟု အဆုံးနိဂုံးသတ်ပါသည်။ ဆရာ့ကို ကိုယ်တိုင်တွေ့၍ အဘကိုယ်စားမေးလိုစိတ်ပြင်းပြခဲ့ပါသည်။ ဆရာအောင်ပန်းမြို့တွင် ရောက်နေသည်မို့ အခွင့်မသာ ရှိနေခဲ့ပါသည်။

ဆရာကြီး ဦးရန်အောင်ကွယ်လွန်သည့် ၁၃ နှစ်ပြည့်၊ ဇနီးဒေါ်သန်းသန်း ၉ နှစ် ပြည့်အထိမ်းအမှတ်ဆွမ်းကျွေးပွဲသို့ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းတစ်မနက်ခင်း ရောက်သွားခဲ့ပါသည်။ ထမင်းဝိုင်းတွင်ဆရာဒဂုန်တာရာအကြောင်းကို ဦးအောင်ဇင်မင်းနှင့် စကားစပ်မိသည်။ တိုက်တိုက်ဆိုင်ဆိုင်၊ ဆရာ ရန်ကုန်ရောက်နေကြောင်း၊ မကြာမီရက်အတွင်းကပင် ဆရာ့ကို သွားတွေ့ခဲ့သေးကြောင်း ဆရာ့ထံသွားလိုက လိုက်ပို့ပေးလိုကြောင်း ကမ်းလှမ်းလာသည်။ နဂိုကပင် ဆရာ့ကို တွေ့ချင်နေလှသည်မို့ အားနာနာနှင့်ပင် လက်ခံလိုက်သည်။ ထမင်းစားအပြီး ဦးအောင်ဇင်မင်း၏ဇနီးကို အိမ် ပြန်ပို့ကြပြီး နှစ်ဦးသားဆရာတည်းခိုရာ၊ ဥက္ကလာပရှိ ဝင်းခြံ သပ်သပ်ရပ်ရပ်နှင့် တစ်ထပ်အိမ်ကလေးသို့ ရောက်သွားကြသည်။ ဆရာက ရင်းရင်းနှီးနှီးဂရုတစိုက် လက်ခံစကားပြောသည်။ ဆရာ့ကိုတွေ့လိုနေသည့်အကြောင်းရင်းကိုပြောပြ၊ အဘထံ ဆရာရေးခဲ့သည့်စာနှင့်အတူ နောက်တစ်ကြိမ်ပြန်လာခွင့်ပြုပါရန် ခွင့်တောင်းစကား ဖြတ်ပြီးပြန်ခဲ့ကြသည်။

အကြောင်းကြောင်းကြောင့် တစ်လနီးပါးကြာမှ ဆရာ့ထံ ပြန်ရောက်သည်။ ဆရာက မျက်စိအမြင်အားမကောင်း၍ စာကိုဖတ်ပြခိုင်းသည်။ မေ-ဝတ္ထုမှာ အင်္ဂလိပ်စာရေးဆရာ **Beverly Nicole** ၏ **Self** ဝတ္ထုကို မှီးလည်းမှီး ဘာသာလည်းပြန်ခဲ့သည်ဟု သိရသည်။ ကလောင်ရှင်မှာ အင်္ဂလန်နိုင်ငံထုတ် အမျိုးသမီးမဂ္ဂဇင်းတစ်စောင်တွင် ပုံမှန်ရေးသည့် လူပျိုကြီးဖြစ်သလို **Oxford Union** ၏ ဥက္ကဋ္ဌတစ်ဦးလည်းဖြစ်၍ ဆရာက စိတ်ဝင်စားသူဖြစ်သည်။ 'မေ'သည် ဆရာ့ပထမဆုံးလုံးချင်းဝတ္ထုဖြစ်သည်။ စာမူကိုဖတ်ပြီး ဦးဗဆွေ(ထားဝယ်)ကသဘောကျ၍ စာအုပ်ထုတ်ရန် အားပေးသည်။ နဂါးနီစာအုပ်တိုက်သို့ စာရေးမိတ်ဆက်ပေးသည်။ နဂါးနီတိုက်တွင် ထိုအချိန်က စာအုပ်တစ်အုပ်ထုတ်ရန် စီစဉ်ပြီးနေပြီ။ အချိန်စောင့်ရဦးမည်။ ဆရာကလည်း သူ့ဝတ္ထုကို အမြန်ဆုံးပုံနှိပ်ချင်သည်။ အထူးထုတ်အနေဖြင့် ထုတ်မည်ဆိုကဖြစ်နိုင်သော်လည်း ငွေရင်းလိုမည်ဟု စာအုပ်တိုက်က နည်းလမ်းပေးသည်။ ဆရာ့လက်ဝယ် အဆောင်နှင့် ကျောင်းလခပေးရန်ငွေကရှိနေသည်။ ကိုယ့်ငွေနှင့်ကိုယ်ထုတ်ရန် ဆရာ ဆုံးဖြတ်လိုက်တော့သည်။ အဆောင်နှင့် ကျောင်းလခမသွင်းက ကျောင်းမှ အချိန်ပိုင်း ထွက်ရမည့်အဖြစ်ကို ရင်ဆိုင်လိုက်သည်။ သခင်ဗဟိန်း၏က ဝတ္ထုအတွက် အမှာစာ ရေးပေးသည်။ ပြီးတော့ မြန်မာ့အလင်းဦးတင်ထံ စာရေးပေးသည်။ ဦးတင်၏ စာနှင့် တစ်ဖန်ကိုဒေါင်မှ စက္ကူထုပ်များထုတ်ရသည်။ စူးအက်တူးမြောင်းပိတ်ထားသည့်အချိန် စက္ကူဈေးများတက်နေ၍၊ စက္ကူတစ်ထုပ်ကို ထိုစဉ်က



ဆရာဒဂုန်တာရာမှ ဆရာမင်းသုဝဏ်ထံသို့ ရေးခဲ့သည့်စာ





နဝဒေးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ငွေငါးမတ်[၄]ပေးခဲ့ရသည်။ အဘထံ ရေးခဲ့သည့်စာနှင့်စပ်လျဉ်း၍ကား 'အိမ်သို့ပြန်သွားရပါ၍'ဟု ဆိုထားရာ၊ ကျိုက်လတ် မပြန်မီ ရေးသွားသည့်စာဖြစ်ကြောင်းကိုတော့ ဆရာအတတ်ပြောနိုင်သည်။ **Review** ကိစ္စနှင့်စပ်လျဉ်း၍ ကားအဘရေးပေးခဲ့သည်ကိုတော့ အမှတ်ရကြောင်း၊ အကြောင်းအရာကိုတော့ စဉ်းစားအစဖော်၍မရကြောင်း၊ အသက်ကြီး၍ အတော်မေ့နေပြီဖြစ်ကြောင်း ပြောရှာသည်။ မည်သို့ပင်ဆိုစေ၊ စာကိုအကြောင်းရင်းခံ၍ ဆရာ့ထံ သွားရောက်ခဲ့ရာမှ ဆရာမှတ်မိသည့် ရှေးကအကြောင်းကလေးများ ပြောပြသည်ကို မှတ်သားခွင့်ရရှိခဲ့၍ အကျိုးများလှပါသည်။

ဒီးဒုတ်၊ ဒဂုန်၊ ဂန္ထလောက၊ တက္ကသိုလ်ကျောင်းတိုက် နှစ်လည်မဂ္ဂဇင်းပါ အဘ၏စာနှင့်ကဗျာများကို ဆရာစောစီးစွာ ဖတ်ရှုရင်းနှီးခဲ့သည်။ အဘစာထက်ကဗျာများက ထိုအချိန်က ပို၍နေရာရကြောင်း ဆရာမှတ်မိသည်။ '**ဘကြီးအောင်ညာတယ်**' ဝတ္ထုတိုကလေးက လွမ်းဆွေးစရာကောင်းသည်။ ကဗျာကလေးတွေက အသံသာသည်ဟု ဆရာခံစားရသည်။

"ဆရာ့ကဗျာတွေက အသံသိပ်သာတယ်။ ဆိုလို့လည်း ကောင်းတယ်။ တခြားပုဂ္ဂိုလ်တွေရဲ့ကဗျာနဲ့မတူပဲ တစ်မူထူးခြားတယ်။ ကျွန်တော်ကတော့ ဆရာ့ကဗျာတွေကို ပိုကြိုက်တယ်"ဟု ဆရာကပြောသည်။ **သပြေသီးကောက်** ကဗျာကလေးအကြောင်းရောက်တော့ "ကျောင်းကြီးပေါ်မှာ မောင်ဝယ်ဆော့တော့ ဘုန်းကြီး အော့/အော်လို့ ရိုက်လိမ့်မယ်" ကိစ္စကို ဆရာကမေးသည်။ အဘ ရည်ရွယ်ရင်းမှာ **အော့**ဖြစ်ကြောင်း စာပြင်ဆရာကြောင့် **အော်**ဖြစ်ရသည့်အခါလည်းရှိကြောင်း ဆရာ့အား ရှင်းပြသည်။

"ကိုအောင်ကျော်နဲ့ပတ်သက်လို့ ဆရာရေးခဲ့တာတစ်ခုရှိသေးတယ်" ဟုပြောရင်း ဆရာစဉ်းစားနေရာ **"ဗိုလ်အောင်ကျော်နတ်သံ**[၅] များပါလားဆရာ"ဟု ကျွန်တော့်အမေးကို "ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒီကဗျာက အလွန်ဗမာဆန်တယ်၊ နတ်သံလို့ဆိုထားတာကို သဘောကျတယ်။ ပြီးတော့ နတ်ဆိုပေမဲ့ ဆရာက နတ်အကြောင်းကို အကောင်းရေးထားတာ"ဟု ဆရာက ဝမ်းသာအားရ ပြော[illegible]ည်။

ဆရာ တက္ကသိုလ်ရောက်သည့်နှစ်က တက္ကသိုလ်တွင် အဘမရှိ။ ဗီးလတ်သို့ ပညာတော်သင်သွားရောက်နေချိန်ဖြစ်သည်။ ၁၉၃၉ ခုနှစ် စက်တင်ဘာလ ပြန်ရောက်ပြီး အောက်တိုဘာလ ၁ ရက်နေ့ အဘ အလုပ်ပြန်ဝင်သည်။ အဘက **ကိုးခန်းပျို့**[၆] အကြောင်းကို ပို့ချရသည်။ စာဆိုတော် ရှင်မဟာရဋ္ဌသာရ၏ အကောင်းဆုံး စာပေလက်ရာမွန်ဟုဆိုရမည့် ပျို့ကို ဆရာနှစ်ခြိုက်လှသလို အဘ၏သင်ပြမှုကိုလည်း ဆရာသဘောကျသည်။

"ဆရာ့ကို ကျွန်တော်အလွန်သဘောကျတာ တစ်ခုရှိသေးတယ်။ ကိုးခန်းပျို့မှာ ပေါရာဏတွေပါတယ်။ တစ်ခါ ဆရာကသူမသိတဲ့ ပေါရာဏနဲ့ကြုံတော့ အဲဒါတော့ ဆရာလည်း မသိဘူးလို့ပြောတယ်။ တခြားဆရာတွေသင်တဲ့ အတန်းတွေ





လည်း ကျွန်တော် တက်ရပါတယ်။ ဒါပေမဲ့ သူမသိတာကို မသိဘူးလို့ပြောတာတော့ ဆရာတစ်ယောက်ပဲ တွေ့ဖူးတယ်"ဟု အဘနှင့်ပတ်သက်၍ သူ့စိတ်တွင်းဝယ် အမှတ်တရ ဖြစ်ခဲ့ရသည်ကိုပြောပြသည်။ "ဆရာ့အကြောင်းရေးတဲ့အခါ အဲဒီကိုးခန်းပျို့အကြောင်းလည်း မမေ့ပါနဲ့"ဟု အလေးဂရုပြု၍ပြောရှာပါသည်။ မသိတာကို မသိဘူးပြောလိုက်မိ၍ တစ်ချိန်ကအဘအခက်တွေ့ ခဲ့ရပုံကိုမကြာမီကာလက ဆောင်းပါးတစ်ပုဒ်ရေးဖြစ်ခဲ့ကြောင်း ဆရာ့အား ဖြစ်ကြောင်းကုန်စင်ရှင်းပြမိပါသည်။ "ကျွန်တော်တို့အတွက်ကတော့ အရေးမကြီးဘူး။ နောက်လူတွေအတွက် ဖြစ်ခဲ့သမျှ မချန်ဘဲ အသေးစိတ်ရေးဖို့ကောင်းတယ်။ အဲဒါတွေက သမိုင်းမို့သိသင့်တယ်"ဟု ဆရာကအကြံပြုပါသေးသည်။

အဘ ဗီးလတ်မှပြန်ရောက်ခါစ၊ လူပျိုဘဝ၊ ပုဂံလမ်းထိပ်မှ အမှတ်(၁၄) တစ်ထပ်တိုက်တွင် ညီဝမ်းကွဲတစ်ယောက်နှင့်နေသည်။ အခန်းလွတ်တစ်ခုတွင် သခင်သိန်းအောင် လာနေသည်။ သခင်သိန်းအောင်[၇] ကိုအကြောင်းပြု၍ အဘအိမ်သို့ ဆရာ ရောက်သည်။ အဘနှင့် ပိုမိုထိတွေ့ရင်းနှီးမှုရသည်။

ထိုအချိန်က ရန်ကုန်တက္ကသိုလ်၌ မြန်မာစာဌာနဟူ၍ သီးခြားမရှိ။ **Oriental Studies** ဌာနသာရှိခဲ့သည်။ ဆရာကြီး ဦးဖေမောင်တင်၏ အပတ်တကုတ်ကြိုးပမ်းအားထုတ်မှုကြောင့်သာ ၁၉၄၁ ခုနှစ်တွင် မြန်မာစာဌာနဟူ၍ ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ တက္ကသိုလ်ကောင်စီကဌာနမှူးရာထူးအတွက် ဆရာနှစ်ဦးကို စဉ်းစားကြသည်။ ထိုအချိန်က တက္ကသိုလ်ကျောင်းသားသမဂ္ဂကိုယ်စားလှယ်က တက္ကသိုလ်ကောင်စီ၌ ဆန္ဒပေးခွင့်ရှိသည်။ ဆရာတို့သမဂ္ဂဘက်က အဘကို ထောက်ခံဆန္ဒပြုကြသည်။ ကောင်စီက မဲခွဲဆုံးဖြတ်သောအခါတစ်မဲပိုရသော ဆရာက ဌာနမှူးတာဝန် ကိုရခဲ့သည်။

၁၉၅၁ ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ မမျှော်လင့်ဘဲသူဖြစ်ရသည်ဟု ဆရာကဆိုသည်။ တစ်ညနေ အဘက ထမင်းစားဖိတ်သည်။ ဆရာဦးသိန်းဟန်(ဇော်ဂျီ)၊ ဆရာ ဦးမျိုးမင်း(နွယ်စိုး)၊ ဆရာဦးသန်းထွတ်(တိုက်စိုး)တို့လည်း ထမင်းစားပွဲသို့ လာကြသည်။ ထိုကာလတွင် ပုဂံလမ်း အတွင်းပိုင်း အမှတ်(၅)အိမ်၌ အဘသည် ဇနီးသားသမီးများနှင့်နေလျက်ရှိပေပြီ။ ဆရာဇော်ဂျီက ပုဂံလမ်းမျက်စောင်းထိုးအိမ်၊ ဆရာ ဦးမျိုးမင်းက လမ်းတစ်ကွေ့ရှိအိမ်၊ စုစုဝေးဝေး နီးနီးနားနား နေကြရသည့် ကာလဖြစ်သည်။ ဦးသန်းထွတ်က "မင်းကိုနားချဖို့ခေါ်တာ"ဟု ဆရာ့ကို တပ်၍ တိုးတိုးပြောသည်။ ဆရာက နိုင်ငံရေးသမားများနှင့် ခင်ခင်မင်မင်ရင်းရင်းနှီးနှီး တပူးတွဲတွဲ[၈] ရှိခဲ့ဖူးသည်။ နိုင်ငံရေးလုပ်သူကား မဟုတ်။ စာပေအနုပညာသမားသက်သက်သာ ဖြစ်သည်။ စန္ဒရားတီးခြင်းကို ပို၍ပင်ဝါသနာပါကြောင်း၊ မှုရင်းတီးကွက်တစ်ခုအပေါ် စမ်းသပ်တီထွင်၍ တီးခတ်ခြင်းကိုပြုလေ့ရှိကြောင်း ဆရာပြော၍သိရပါသည်။ ဆရာ့စာများဖတ်၍ ဆရာ နိုင်ငံရေးဘက်ကသွားမည်ကို



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်ဖြင့် အဘတို့က သူတို့သဘောထားများကို သွယ်ဝိုက်ပြောဟန်ရှိသည်။ ဆရာကတော့သူ့ကို နားချသည်ဟုမခံစားရ။ စာပေလောကတွင် လုပ်သင့်လုပ်ထိုက်သည်များကိုသာ အကြံပေးသည်ဟူ၍ ခံစားရသည်။ ထိုည စကားကောင်းလိုက်ကြသည်မှာ၊ အတော်မိုးချုပ်မှ ထမင်းစားဖြစ်ကြသည်။ ညဥ့်နက်မှ စကားဖြတ်

## စဦးစားစရာ

မြန်မာစာပေ၏ကံကြမ္မာသစ်ကိုဖန်တီးရန်တက္ကသိုလ်ကောင်စီသည်၊ ၁၉၆၁မတ်လ၊ကောင်စီတွင် ဦးဝန်ကိုမြန်မာစာဌာန ပါမောက္ခအဖြစ်ခန့်အပ်လိုက်လေသည်။ ခန့်အပ်ရာ၌ သွေးသစ်လောင်းရန် တာဝန် ၂ ရပ်ပေးအပ်လိုက်သည်။ ၎င်းတို့မှာ

The Rector explained that U Wun was not likely to remain Professor and Head of the Burmese and Allied Languages Department for more than two or three years. The intentions behind the present arrangements are that during this interim period of 2 or 3 years (1) the noted Burmese scholar U Wun in co-operation with two other noted scholars namely, Professor Pe Maung Tin and U Thein Han (Zawgyi) will introduce new curricula in Burmese and Allied Languages compatible with modern trends in Language teaching and research and that (ii) during the same interim period the members of the Department will be given training in General Linguistics, Phonetics and in modern methods of Language teaching.

ဟူ၍ဖြစ်သည်၊





လိုက်ကြရသည်။ ဆရာအိမ်ပြန်ရန်ကအချိန်နှောင်းပြီ နောက်ဆုံး ဆရာတိုက်စိုးနေရာ စက်ကိုင်းဆောင်၌ ဆရာညအိပ်လိုက်ရသည်။

၁၉၆၁ ခုနှစ်တွင် မြန်မာစာဌာနပါမောက္ခရာထူး လစ်လပ်သည်။ မြန်မာစာဌာနပေါ် ပေါက်ခဲ့ပြီး နှစ်ပေါင်း ၂၀ ကြာမှ အခက်အခဲများကြားမှ အဘပါမောက္ခဖြစ်ရသည်။[၁၀] ထိုမျှသာမကသေး၊ တာဝန်ပိုင်းမှာ အချုပ်အချယ်အကန့်အသတ်တွေ တစ်ပါထည်း လိုက်လာသည်။

အဘ ပါမောက္ခဖြစ်သည့် သတင်းရသည့်အခါ တက္ကသိုလ်ကျောင်းသားသမဂ္ဂက ကြိုဆိုသည်။ စာပေအဖွဲ့အစည်းများနှင့် စာပေမွေ့သူတို့ကလည်း ကြိုဆိုခဲ့ကြသည်။ သတင်းစာများကလည်း ထိုနည်းနှင်နှင်ပင်။ "ကျွန်တော်လည်း ဆရာ့ကိုထောက်ခံပြီး၊ ကြေးမုံသတင်းစာကနေ ရေးခဲ့တယ်။ ကလောင်နာမည်ကတော့ **မောင်နန်းနွယ်**လို့ထင်တယ်"ဟု ဆရာက စိတ်ပါလက်ပါ အတိတ်ကိုပြန်ပြောင်းသတိတရပြောသည်။

တစ်ခါသော် မီးရထားဌာနကကြီးမှူး၍ ကဗျာဆွေးနွေးပွဲတစ်ခု လုပ်သည်။ အဘက သဘာပတိ၊ ဆရာက သဘာပတိအဖွဲ့ဝင်၊ ဆွေးနွေးပွဲသို့သွားရန် ဆရာထုံးစံစိတ်မကူးပေ။ သူစိတ်ထဲရှိသည်များကို ထုတ်ဖော်ဆွေးနွေးရန် ဝန်လေးသည်။ ကဗျာဆရာတစ်ဦးက "ကာရန်ဝါဒကျဆုံးပါစေ"ဟု ရေးသား၍ဆရာ့ကို တိုက်ခိုက်ခဲ့ပြီး၊ အဘက "ငါကန်တော့ပါတယ်ကွာ၊ တက်ပါ"ဟု ဆိုလာတော့ ဆရာမနေသာမနေရဲ နောက်ဆုံး ဆွေးနွေးပွဲရောက်ခဲ့ရသည်။ ခေတ်ကဗျာဆရာနှစ်ဦး အပြောအဆိုကြောင့် လူကြီးများစိတ်အနှောင့်အယှက်ဖြစ်ခဲ့ကြရသေးသည်။ သဘာပတိထုပ်သူအဘက ဆွေးနွေးပွဲအပြီး "(ကို)ဌေးမြိုင်ပြောစရာရှိရင် ပြောပါဦး"ဟု ဖိတ်ခေါ်သော်လည်း ဆရာခပ်မဆိတ်သာ နေလိုက်တော့သည်။



စာရေးသူ ဒလဘန်း နှင့် ဆရာ ဇဂုနတာရာ



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုကောင်းသည့် တစ်ရက်၊ ဆရာတို့ မိတ်ဆွေတစ်စု လက်ခုပ်ကုန်း သွားရန် စီစဉ်ကြသည်။ ရန်ကုန် တစ်ဖက်ကမ်းမှာ ထမင်းစားကြသည်။ ပြီးတော့ လက်ခုပ်ကုန်းသို့သွားရန် ကားရှာကြသည်။ အဆင်က မပြေ။ နောက်ဆုံး ကွမ်းခြံကုန်း သို့ ရောက်သွားကြသည်။ ဒေါက်တာ မောင်မောင်ညိုတို့ ဇနီးမောင်နှံ၊ ဆရာ မင်းသုဝဏ် တို့လည်း ပါကြသည်။ အဘတို့ငယ်စဉ်က ကွမ်းခြံကုန်းအိမ်သို့ ရောက်အောင်သွားပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ဆရာ နှစ်စဉ်အမှတ်ရနေသည်ကတော့၊ အဘ မွေးနေ့ပြုလုပ်နေသော ထမနဲပွဲ ဖြစ်သည်။ အဘမွေးနေ့က ဖေဖော်ဝါရီလ ၁၀ ရက်နေ့မို့ ပြည်ထောင်စုနေ့ (သို့မဟုတ်) နီးရာစနေနေ့ကိုယူ၍ ထမနဲပွဲလုပ်လေ့ရှိသည်။ အောင်ပန်းမြို့၏ အအေး ဒဏ်ကို ရှောင်ရန်၊ ရန်ကုန်ဆင်းသည့်ကာလနှင့်လည်း တိုက်ဆိုင်နေ၍ ဆရာအစဉ်မပြတ် ရောက်တတ်သည်။ အဘမွေးနေ့ ထမနဲပွဲက အချိန်တန်လျှင် တစ်ဦးနှင့်တစ်ဦး စနည်းနာ၍၊ စာပေမိတ်ဆွေများ တဖွဲဖွဲရောက်လာကြပြီး မွန်းလွဲချိန်ခန့်အထိ သိုက်သိုက်ဝန်းဝန်း ရှိတတ်သည်။ ဆရာ့ကို တစ်နှစ်တခါ ခရီးဦးကြိုပြု၊ တွဲခေါ် နေရာချပေးလေ့ရှိသော်လည်း ဆရာနှင့် ရင်းရင်းနှီးနှီးစကားမပြောခဲ့ဖူးပါ။ အဘ၏ ဆရာ့ရေးစာနှင့် အဘဆောင်းပါးတို့ကိုအကြောင်းပြုပြီးမှ ဆရာနှင့် ရင်းရင်းနှီးနှီး သုံးကြိမ်မျှ *တွေ့ဆုံစကားပြောခဲ့ရပါသည်။ မတ်လ ၇ ရက်နေ့ ဆရာ အောင်ပန်း* ပြန်သွားပြီးနောက်လည်း ဖုန်းအကြိမ်ကြိမ်ဆက်ဖြစ်ပါသည်။ အဘမွေးနေ့ ထမနဲပွဲ နှင့်ပတ်သက်၍ ဆရာပြောသွားသည့် စကားကလေးကိုလည်း အမှတ်ရနေမိပါသေး တော့သည်။ "ကျွန်တော်က ရောက်ရင် ဆရာ့ကိုကန်တော့တတ်တယ်။ တစ်ခေါက် တော့ ကျွန်တော်ကန်တော့နေတုန်း တစ်ယောက်ယောက်က ဓာတ်ပုံရိုက်လိုက်တယ် ထင်ပါရဲ့။ ပြီးတော့ ဘယ်စာစောင်မှာလည်းမသိဘူး ပါလာတယ်။ **ခေတ်စမ်းစာပေ ခေါင်းဆောင်အား ခေတ်သစ်စာပေခေါင်းဆောင်က ကန်တော့နေပုံ** တဲ့၊ အဲဒါလေး ကတော့ တော်တော်လေး ထူးခြားတယ်။

**ကျမ်းကိုး။**


၁။ ငစိုး၊ သာဂရ၊ ဆရာဦးဝန် . . . သို့။
**ရှုမဝ**။ ၃၆/၄၂၇။ ၁၉၈၂ ခုဒီဇင်ဘာလ။
၂။ တိုက်စိုးနှင့် မင်းယုဝေ။ ကိုးခန်းပျို့နှင့် မြန်မာ့အသက်သွေးခဲ။
**မြန်မာစာမိတ်ဖွဲ့**။ ပုဂံစာအုပ်တိုက်။ ၁၉၆၆။
၃။ ဒဂုန်တာရာ၊ ပါမောက္ခ ဦးမျိုးမင်း။ ရုပ်ရှင်တေးကဗျာ။
၁၂/၆။ ၁၉၉၆ခု ဇွန်လ။
၄။ ဒလဘန်း။ မြန်မာပညာရှိ ဆရာကြီးဦးလင်း။
ချယ်ရီအမှတ် ၁၅၂၊ ၂၀၀၈ ခု မတ်လ။
၅။ မင်းသုဝဏ်၊ မူမှားစာပျက် ပြင်ရန်ခက်။
**ရှုမဝ**။ ၃၆/၄၃၂။ ၁၉၈၃ခု မေလ။
၆။ မင်းသုဝဏ်။ စာပေသမိုင်းမှတ်တိုင်ကလေးများ။







**ရှုမဝ**။ ၃၆/၄၂၅။ ၁၉၈၂ ခု အောက်တိုဘာလ။
၇။ မင်းသုဝဏ်၊ ပျောက်ဆုံးသွားသော မြန်မာ့သမိုင်းတစွမ်းတစ။
**စစ်ပြန်**။ ၈၇။ ၁၉၈၅ခု ဒီဇင်ဘာလ။
၈။ မြန်မာစာတိုးတက်ရေးအဖွဲ့၊ ရန်ကုန်။ တက္ကသိုလ်မြန်မာစာဌာန၏ (၁၅)နှစ်ခရီး။ ဗမာအမျိုးသမီး ပုံနှိပ်တိုက်။ ၁-၁၂-၆၁။
၉။ ယဉ်ဖြူမြင့်။ ဒဂုန်တာရာဆောင်းပါးစာစုစာရင်း(၉၁-၉၇)။
စာကြည့်တိုက်နှင့် သုတပညာဌာန။


**မှတ်စု။**

၁။ ဆရာဇော်ဂျီက မောင်ဒွေးမြိုင်၊ မင်းသုဝဏ်က ဒွေးမြိုင်ဟုခေါ်သည်ဟု ဆရာ့ထံမှသိရသည်။

၂။ ပညာရေးလေ့ကျင့်ရေးကျောင်းတက်နေသူ ဇာတ်ကောင်အမျိုးသမီးမှာ အမှန်တကယ်ရှိသည်။ နောက်ပိုင်းမှ ယနေ့နံမည်ရရုပ်ရှင်ဇာတ်ဆောင် အဆိုကျော်တစ်ဦး၏ မိခင်ဖြစ်မှန်းဆရာသိသည်။

၃။ မင်းသုဝဏ်ပုံပြင်များ(၁၉၅၂)အတွက် သခင်နုနှင့်တွဲဖက်၍လည်း အမှာစာရေးဖူးသည်။

၄။ ထမင်းလပေးစားက ငွေ ၁၀ ကျပ်နှင့် ဝလင်လင်စားနိုင်သည့် ခေတ်ဖြစ်သည်။

၅။ မူရင်းကဗျာပါသည့် စနေနဂါးနိဂုံးနယ်ကိုရှာမတွေ့၊ ၁၉၃၈ ကုန် ၁၉၃၉ အစတွင် ရေးခဲ့ဖွယ်ရှိ။

၆။ "ပညာရဲရင့်ပွဲလယ်တင့်"၊ "သားတို့ရုပ်ရည် သီတာမည်သား၊ သီတာချမ်းမြ၊ တပေါက်ကျက၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်းဖြင့်"၊ "ယရာဝါသ၊ သမ္မာဇဖြင့်၊ ဒုက္ခဖွဲ့နှောင်လူတို့ဘောင်ဝယ်"ဟူသော စကားများသည် ကိုးခန်းပျို့မှ စကားများဖြစ်ကြပေသည်။

၇။ သခင်သိန်းအောင်အကြောင်းပြု၍၊ သခင်အောင်ဆန်း၊ သခင်ဗဟိန်း၊ သခင်လှဖေ (ဗိုလ်လကျာ်)တို့လည်းအဝင်အထွက်ရှိသည်။

၈။ "မြန်မာစာဌာနကို သွေးသစ်လောင်းရန်ရည်ရွယ်လျက် ဦးဝန်ကို ပညာတော်သင်စေလွှတ်ခဲ့သော်လည်း၊ ရည်ရွယ်ချက်ကိုလျစ်လျူရှုကာ ဦးတင်ထွတ် ကြီးမှူးသောကောင်စီသည်၊ ဦးဝန်ကို (၁၀)မဲ (၁၁)မဲ ဖြင့်သာ ခန့်ခဲ့သည်"။(ကျမ်းကိုး-၈)

၉။ သခင်ဗဟိန်း၊ သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ ရဲဘော် ဂိုရှယ်တို့နှင့် ဘုရင့်ရုံ၌ ရုပ်ရှင်အတူကြည့်ဖူးသည်။

၁၀။ "နှစ်ပေါင်း၂၀အကြာတွင် ဦးဝန်ကို တက္ကသိုလ်ကောင်စီက မြန်မာစာ ဌာနသို့သွေးသစ်လောင်းရန် ခန့်အပ်တာဝန်ပေးခဲ့သည်။ ယင်းသို့ တာဝန်ပေးခဲ့ပြီးနောက် ထိုတက္ကသိုလ်ကောင်စီတပင် ဒု-အဓိပတိက မဲ(၂)ခါပေးသော (၁၃)မဲ (၁၂)မဲဖြင့် ဦးဝန်ကို ပြန်၍ ဖြုတ်တော့မလိုလို လုပ်နေကြပြန်သည်"။ (ကျမ်းကိုး-၈)



www.burmeseclassic.com

www.burmeseclassic.com



အဘကို
ကေသီပန်း ဦးလှမြင့်
ဂါရဝပြုနေစဉ်

# ဝမ်းသာဝမ်းနည်း
# သည်လှူပွဲ

"ကေသီပန်း ဦးလှမြင့်" က ဖွန်လ ၁၂ ရက်နေ့တွင် ပြုလုပ်မည့် ရေစက်ချအလှူပွဲသို့ မောင်နှမမိသားတစ်စုလုံးကို ဖိတ်ကြားကြောင်း အစ်ကိုကြီးနှင့် ညီမတို့က ဖွန်လဆန်းပိုင်း တစ်နေ့ လှမ်း၍အကြောင်းကြားကြပါသည်။ ထိုနေ့တွင် အဘကိုရည်စူးသည့် အလှူငွေတစ်ရပ်ကိုလည်း ရေစက်ချရန်ရှိကြောင်းသိရပါသည်။ ဦးလေးလှမြင့်သည် ထူးခြားပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ အဘအနေဖြင့် မိမိဘာသာ သိနိုင်စွမ်းမရှိသည့် အကြောင်းရပ်တစ်ခုအတွက် ကျေးဇူးတရားကို ဖော်ကျူးကာ ကိုယ့်ကိုယ်ကိုယ်မိတ်ဆက်၍ တစ်နေ့ရောက်လာခဲ့သူတစ်ဦး ဖြစ်ပါသည်။ ဝန်ထမ်းဘဝ နောက်ဆုံးရသောလစာကို သူ၏မွေးနေ့တွင် အမှတ်တရ အမွန်အမြတ်ထား၍ လာရောက်ကန်တော့ခဲ့ခြင်းဖြစ်ပါသည်။ ထိုနေ့မှစ၍ မကြာမကြာ အဘတို့ထံ လာလေ့ရှိသည်။ လာသည့်အခါတိုင်းလည်း ဆေးဝါး၊ စားစရာ၊ အသုံးအဆောင်ပစ္စည်း၊ အလှူငွေ တစ်မျိုးမဟုတ်တစ်မျိုး ပါလာတတ်ပါသည်။ အဘနှင့်အမေတို့ကို တတ်စွမ်းသည့်ဘက်မှ စောင့်ရှောက်ပါသည်။ အဘကွယ်လွန်သည့်အခါ အမေနှင့် မိသားစုကို ဆက်လက်စောင့်ရှောက်ပါသည်။ အမေ နာမကျန်းဖြစ်၍ ဆေးရုံတင်ရသည့်သတင်း ကြားကြားချင်းလည်း ဆေးရုံသို့ လာရောက်အားပေးစောင့်ရှောက်ခဲ့ပါသည်။ အမေ ကွယ်လွန်ပြန်တော့လည်း ကျန်ရစ်သူသားသမီးများနှင့် အဆက်အသွယ်မပြတ်ခဲ့ပါ။ အဘရေးသည့်စာအုပ်များ ထွက်သည့်အခါ အမှတ်တရပေးရန် ကျွန်တော်ဦးလေးထံ ရောက်တတ်ပါသည်။ ထိုအခါများ၌ အဘကို စတင်တွေ့ခဲ့ရပုံမှအစ အဘစာပေ၏ အကျိုးတရားများကို အားပါးတရပြောပြလေ့ရှိပါသည်။ မှတ်တမ်းမှတ်ရာများထား တတ်သည့် အဘ၏နေ့စဉ်မှတ်တမ်းဟောင်းများကို ရှာဖွေဖတ်ရှုရာ ၁၉၉၁ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ရေးသားခဲ့သော မှတ်တမ်းများ၌ ဦးလေးဦးလှမြင့်နှင့် စတင်တွေ့ဆုံပုံမှတ်တမ်းကို တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၃-၅-၉၁ (နယုန်လဆန်းတစ်ရက်)..........ညနေ ၅ နာရီခွဲလောက် ရေချိုးမည်လုပ်တုန်း အမျိုးသား ၂ ယောက် ရင်ကွဲကားနှင့် ရောက်လာ၏ ကျွန်ုပ်ကို ဂါရဝပြုလို၍ဆိုကာ မုန့်ထုပ်နှင့် စာအိတ်ရှည်တစ်ခုကို ကိုင်၍လိုက်လာ၏ ကျွန်ုပ်လည်း အင်္ကျီပြန်ဝတ်လျက် ဧည့်ခံ၏ ထိုသူမှာ စမ်းချောင်းမြို့နယ် အမှတ်(၂) ခ-လမ်း၊ အောင်ချမ်းသာရပ်ကွက် **အောင်ချမ်းသာဆေးတိုက်** က **ဦးလှမြင့်** ဖြစ်သည်။ သူနှင့်ပါလာသူမှာ သူ့တူ မောင်မင်းအောင်ဖြစ်သည်။ ဦးလှမြင့်သည် တစ်ခါက စာပေဗိမာန် ဝန်ထမ်း တစ်ဦးဖြစ်၏ နောက်အလုပ်မှ ထွက်၍ **(ကေသီဝန်ဆွေးပုပ်ချဆေး)**ကို အရင်းအနှီး မဆိုစလောက်နှင့် ဖော်ထုတ်ရောင်းချသည်။

> **ဤဘဝတွင် မကြီးပွား မချမ်းသာဘဲ ဝါမသေ**
>
> **ကြီးကိုကြီးပွားရမည်**
>
> **ကြီးပွားချမ်းသာအောင် ပျင်းရိစိတ်၊ တွေဝေစိတ်၊ ကြောက်စိတ်တို့ကိုဖြိုခွင်း၍ အကြံအား၊ ဥာဏ်အား၊ ဝီရိယစွမ်းအားနှင့် ရဲစွမ်းသတ္တိတို့ကို အစွမ်းကုန်ဖြည့်ဆည်းကာ အလုပ်ကိုကြိုးပမ်း ထုပ်ဆောင်သွားပါမည်။**
>
> **ငါ၏ ပထမ ရည်မှန်းချက်**
>
> **ငါသည် ၁၉၉၀ ပြည့် နှစ်၊ မတ်လ (၃၁) ရက် နေ့ တွင် ငွေ ၅၀၀,၀၀၀ိ (ကျပ်ငါးသိန်း)ကို ရအောင်ရှာဖွေမည်။**
>
> **(၁၅-၁၁-၈၅)　　　　　　ရဲဘော်လှမြင့်**

သူ့အားကိုးသောစာတစ်ခုမှာ ကျွန်ုပ်ရေးသည့် **(ကြွက်သေတစ်ခုအရင်းပြု)** တွင်ပါသည့်ဂါထာ မြန်မာပြန်လက်ာငယ်ဖြစ်သည်။ တခြားဩဝါဒ ၂ ခု ၃ ခုနှင့် ဤလက်ာငယ်ကို ကတ်ပြားငယ်တွင် ပုံနှိပ်၍ အမြဲဆောင်ထားသည်။ အားတိုင်းဖတ်၍ ကြိုးစားအားထုတ်ရာ ယခုအခါ ကြီးပွား ဖြစ်ထွန်းပြီဟု သိရသည်။

စကားစပ်မိသဖြင့် ကျွန်ုပ်က စာပေဗိမာန်အကြောင်းကို အစကချီ၍ ပြောပြသည်။ ပြီးလျှင် ဦးလှမြင့်တို့ တူအရီး ထိုင်ကန်တော့ကြသည်။ ကိတ်မုန့်ထုပ်နှင့် ငွေ ၅၀ိ/- ကန်တော့သည်။ ကျွန်ုပ်လည်း အံ့ဩမိသည်။ ဝမ်းသာမိသည်။ သာဓုခေါ်ကာ ဆုပေးသည်။ သူကျွန်ုပ်ဆီကိုလာ၍ ဂါရဝပြုရန် မောင်ဒိုးဆီက (မောင်ဒိုးမှာ အဘ၏ တက္ကသိုလ်ကျောင်းနေဘက်သူငယ်ချင်း စာပေဗိမာန်ရောင်းဝယ်ရေး တာဝန်ခံ ဦးနိုးဖြစ်ပါသည်။) မိတ်ဆက်စာယူလာသည်။ ဤပုဂ္ဂိုလ်မျိုးရှိလေသည်ဟု ဝမ်းသာသည်။ စိတ်အားထက်သန်မှုရှိ၍လည်း သူကြီးပွားသည်ဟုထင်သည်။ ငွေ ၅ သိန်းရသည် တိုင်အောင် ကြိုးစားမည်ဟု သူကတ်ပြားတွင် ရေးထားသည်ကို ဖတ်လိုက်ရသည်။ အံ့ဖွယ်ပင်။





အဘနေအိမ်လိပ်စာကို အတော်မေးမြန်းစုံစမ်းပြီးမှ ဦးလေးရောက်သွားခဲ့သည်ဟု သိရသည်။ ( ဦးလေး အဘထံရောက်သွားသည့်ကာလကား ရန်သူမျိုးငါးပါး အနက် တစ်မျိုးသောရန်သူဖိစီးမှုကြောင့် အဘ စိတ်ဝမ်းငယ်နေသည့် ကာလဖြစ်ပါသည်) ဤသည်ကိုလည်း အဘ၏ မျက်နှာပေါ်တွင် အရိပ်အယောင်မြင်ရသည်ဟု ထင်မိကြောင်းကို ဦးလေးက ပြန်ပြောပြသည်။ ဦးလေးကိုတွေ့သည်နှင့် "ဘာကိစ္စရှိလို့ပါလဲ ခင်ဗျာ" ဟု အဘက စမေးသည်။

"ကျွန်တော် ဆရာကြီးကိုဂါရဝပြုချင်လို့ပါ။ ဆရာကြီးကျေးဇူး ကျွန်တော့်အပေါ်မှာ ရှိလို့ပါ။"

> **ကိုယ့်တိုင်းပြည်ကို ပြန်ထည်ထူထောင်ရာမှာ သူများတွေက ခြေတလှမ်း လှမ်းယင် မိမိတို့က ဆယ်လှမ်း၊ ဆယ့်ငါးလှမ်း လှမ်းနိုင်ပါမှ တော်ကာကျမယ်။　　(ဗိုလ်ချုပ်အောင်ဆန်း)**
>
> **မိဘ္ဘာမှုတ်မျှ၊ သေနတ်ဥစ္စာ၊ ရင်းနှီးငွေချင်း၊ ပညာဥာဏ်အား၊ ရှိသူများသည်၊ ကြီးပွားနိုင်သည်ပါတကား။**
>
> **(ဆရာမင်းသုဝဏ်)**
>
> **ရောဂါအသိအမှတ်ရှိသည့်အနက် အလုပ်ကို အကြေးထားသည့် ရောဂါကို အရင်ဖျောက်အောင်လုပါ။　　(ဂျပန်စကားပုံ)**
>
> **မိမိထက် မနိုင်မာသိ တေတနာကို ရှောင်တာပါ။**
>
> **(အိန္ဒိယစကားပုံ)**

အဖြေရှင်ကို အသေအချာကြည့်ပြီး အဘက....

"စိတ်မရှိပါနဲ့နော် ကျွန်တော် ပြန်စဉ်းစားမရလို့ပါ။ ဘယ်တုန်းကများ ကျွန်တော် ဘယ်လို ကျေးဇူးပြုခဲ့မိပါလိမ့်"

" ကျွန်တော့်နာမည်က ဦးလှမြင့်ပါ။ ဆရာကြီးကတော့ ကျွန်တော့်ကို သိမှာမဟုတ်ပါဘူးခင်ဗျ။ တစ်ချိန်က စာပေဗိမာန်မှာ ကျွန်တော်ဝန်ထမ်းငယ်လုပ်ခဲ့ပါတယ်။ အဲဒီတုန်းက စနေနေ့တွေမှာ လုပ်လေ့ရှိတဲ့ 'သုခမိန်' အစည်းအဝေးတွေကို ဆရာကြီးလာတဲ့အခါ အဝေးကနေ မြင်ဖူးတွေ့ဖူးခဲ့ရပါတယ်။ ဆရာကြီး စာတွေနဲ့တော့ ထိတွေ့နေရပါတယ်။

ဤသို့ အပြန်အလှန် မေးမြန်းပြောဆိုကြပြီးမှ ဦးလေးက တစ်ချိန်က အဘရေးသားခဲ့သည့် (ကြွက်သေတစ်ခု အရင်းပြု) ဓာတ်လမ်း နိဂုံးချုပ်ပါ လက်ာကလေးသည် သူ၏ဘဝကို ထူးထူးခြားခြား တိုးပွားပြောင်းလဲစေခဲ့ပုံကို ရှင်းပြပါသည်။ (ကြွက်သေတစ်ခုအရင်းပြု) ဓာတ်လမ်းကို ကြားဖူး၊ ဖတ်ဖူးခြင်း မရှိသေးသူများ အကျိုးငှာ အကျဉ်းချုပ်ကို ရှေးဦးစွာဖော်ပြလိုပါသည်။ အမှန်မှာ 'ကြွက်သေတစ်ခု



www.burmeseclassic.com

www.burmeseclassic.com





ကောသိပန် ဦးလှမြင့်

အရင်းပြု'သည်။ ၁၉၈၅ ခုနှစ် နိုဝင်ဘာလထုတ် ရတနာမွန်မဂ္ဂဇင်းတွင် အဘ ရေးသား ခဲ့သည်။ စူဠသေဋ္ဌိ ဇာတ်တော်မြန်မာပြန် "မှန်မှန်ကြိုးစား၍ ကြီးပွားသည့် သူဆင်းရဲ" ဇာတ်လမ်းပင်ဖြစ်ပါသည်။

တစ်ခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြု၏။ ဘုရားလောင်း သည် စူဠသေဋ္ဌိအမည်ရှိ သေဌေးဖြစ်၏။ တစ်နေ့ မင်းခစားအသွားလမ်း၌ ကြွက်သေ တစ်ကောင်ကို စူဠသေဋ္ဌိမြင်၏။ ကောင်းကင်နက္ခတ် အနေအထားဆင်ခြင်၍ "ဉာဏ် ရှိသူ ဤကြွက်ကို အသုံးချလျှင် သားမယားကျွေးမှု ပြုနိုင်လတ္တံ့" ဟု ဆို[illegible]က်သည်။ ဤစကားကြားသည့် ဆင်းရဲသားအမျိုးသားတစ်ဦးက ဈေးတွင် ကြွက်ကို ကြောင်စာ အဖြစ် ရောင်းသည်။ ရရှိသော အသပြာ တစ်ခြင်ရွှေးသားဖြင့် တင်လဲဝယ်သည်။ လမ်းတွင်ရပ်လျက် မောပန်းလာသည့် ပန်းသည်တို့ကို တင်လဲကျွေး ရေတိုက်သည်။ ကျေးဇူးတင်၍ ပန်းသည်တို့ တဆုပ်စီပေးသွားသော ပန်းတို့ကိုရောင်းကာ တင်လဲ ထပ်ဝယ်သည်။ ပန်းသည်တို့ရှိရာ ပန်းခြံသို့သွားပြီး တင်လဲကျွေး ရေတိုက်ပြန်သည်။ ပန်းသည်တို့က တစ်ဝက်သာဆွတ်ပြီးသောပန်းပင်တို့ကို အမျိုးသားအားပေးကြသည်။ ကျန်သောပန်းတို့ကို ဆွတ်ခူး၍ရောင်းသည်။ မကြာမီ ရှစ်သပြာ ပိုင်လေသည်။ တစ်နေ့ သောအခါ လေပြင်းကျ၍ ဥယျာဉ်တော်၌ သစ်ကိုင်းခြောက်တို့ ကျိုးကျ ရှုပ်ပွလျက် ရှိသည်။ သစ်ကိုင်းခြောက်တို့ကို သူရမည်ဆိုလျှင် အမှိုက်ရှင်းပေးမည်ဟု ဥယျာဉ်တော်





မှူးကို အမျိုးသားက ပြောသည်။ ဥယျာဉ်တော်မှူးက သဘောတူသဖြင့် ကစားနေ သော ကလေးများကို တင်လဲကျွေးကာ အမှိုက်ရှင်းစေသည်။ ကလေးငယ်များ တင်လဲ စားပြီး သစ်ကိုင်းခြောက်များကို တပျော်တပါးရှင်းလင်းစုပုံပေးကြသည်။ အိုးဖုတ်ရန် ထင်းရှာထွက်သော အိုးတော်ဖုတ်ကို အမျိုးသားက သစ်ကိုင်းခြောက်များ ရောင်းပြန် သည်။ တစ်ဆယ့်ခြောက်သပြာနှင့် အိုးခွက်တချို့ရသည်။ အမျိုးမျိုး ကြိုးစားဉာဏ် ထုတ် လုပ်ကိုင်သည့် အမျိုးသားသည် လေးလအကြာ အသပြာနှစ်သိန်းစုမိသည်။ အသပြာတစ်သိန်းကို စူဠသေဋ္ဌိသူဌေးသားအား ကန်တော့လျက် ကျေးဇူးဆပ်သည်။ အမျိုးသား ၏ လုံ့လ၊ ဝီရိယ၊ ဉာဏ်အလိမ္မာကိုသဘောကျ၍ သူဌေးက မိမိ၏သမီးနှင့် ပေးစားသည်။ စူဠသေဋ္ဌိ ကွယ်လွန်သောအခါ အမျိုးသားသည် ဗာရာဏသီပြည်၏ သူဌေးရာထူး ရလေတော့သည်။

ရာဇဂြိုဟ်ပြည်အနီး သရက်တောကျောင်း၌ သီတင်းသုံးအပ်သည့် မြတ်စွာ ဘုရားသည် အထက်ပါဇာတ်တော်ကို ဟောကြားပြီး ဂါထာတစ်ပုဒ်ကို ရွတ်ဆိုတော်မူ သည်။ ဂါထာမြန်မာပြန် လင်္ကာကား . . .

**"မီးပွားမှုတ်သို့**
**သေးနုပ် ဥစ္စာ၊ ရင်းနှီးကာလျှင်**
**ပညာဉာဏ်အား၊ ရှိသူများသည်**
**ကြီးပွားနိုင်သည် ပါတကား။"**

ဦးလေးက ဇာတ်လမ်းနိဂုံးချုပ်ပါလင်္ကာကို သဘောကျ၍ ကတ်ပြားငယ် တွင် အခြားဩဝါဒ ၃ ခုနှင့်အတူ ရိုက်နှိပ်သည်။ လင်္ကာကိုဖတ်ပြီး ပေါ်ထွက်လာသည့် ဆုံးဖြတ်ချက်နှင့် ရည်မှန်းချက်တို့ကို ကတ်ပြားတစ်ဖက်တွင် ရိုက်နှိပ်သည်။ ၁၉၈၈ ခုနှစ် ဦးဝန်ထမ်းငယ်ဘဝမှ နုတ်ထွက်ခွင့်ရသည့်အခါ ၁၉၈၆ ခုနှစ်က အစပျိုးထား သည့် တိုင်းရင်းဆေးဝါးလုပ်ငန်းကို အင်တိုက်အားတိုက် လုပ်ကိုင်သည်။ လင်္ကာငယ်၏ အားကိုယူသည်။ နေ့စဉ်နံနက်တိုင်း လင်္ကာငယ်ကို အကြိမ်ပေါင်းများစွာ ရွတ်ဆိုသည်။ ပြီးတော့မှ တစ်နေ့တာလုပ်ငန်းစသည်။ လုပ်ငန်းစကာစ အခက်အခဲမျိုးစုံကို ကြုံရ သည်။ ထိုအခါ လင်္ကာကို နာနာရွတ်သည်။ တစ်ဖက်ကလည်း အလုပ်ကို စိတ်မလျှော့ ဘဲ ဇွဲဖြင့်ဆက်လက်လုပ်ကိုင်သည်။ ဤသို့ ရွတ်ဆိုခြင်းဖြင့် ထူးခြားမှုရှိမရှိ ရည်မှန်းချက် ထမြောက်အောင်မြင်ခြင်းရှိမရှိ အဘကမေးရာ ၅ နှစ်အတွင်း ရည်မှန်းချက်အတိုင်း အောင်မြင်ခဲ့ကြောင်းသိရသည်။ အများအတွက် အကျိုးတစ်ခုခုရှိစေလိုသည့်ဆန္ဒဖြင့် ဇာတ်တော်ကို ပြန်ဆိုခဲ့သော်လည်း တစ်စုံတစ်ယောက်သောသူအတွက် ဤမျှအထိ ထူးထူးခြားခြား အကျိုးသက်ရောက်မှု ရှိစေလိမ့်မည်ဟု အဘ မမျှော်လင့်ခဲ့မိပေ။ ဦးလှမြင့်၏အောင်မြင်မှုဇာတ်လမ်းကိုကြားသိရသောအခါအဘဝမ်းသာပီတိဖြစ်ခဲ့ရသည်။

ရေစက်ချ အလှူပြုလုပ်မည့်နေ့ ဇနိတာရာမကျောင်းသို့ နံနက်[illegible]နာရီမခွဲမီ ရောက်သွားခဲ့သည်။ အလှူရှင်ကို မတွေ့၊ ဆွမ်းစားခန်းမလိုနေရာတွင် သီးခြားစီထိုင်



www.burmeseclassic.com

www.burmeseclassic.com



နေသူ ၃-၄ ဦးခန့်သာ တွေ့ရသည်။ အလှူနေရာမှား မှားလေရော့သလားဟု စိတ်ထဲဖြစ်ပြီး၊ ထိုင်နေသူတစ်ဦးကို ချဉ်းကပ်မေးနေစဉ် ကျောင်းဆောင်တစ်ခုပေါ်မှ ယောဂီတဘက်ရုံပြီး ဆင်းလာသည့် ဦးလေးဦးလှမြင့်ကို တွေ့လိုက်ရပါသည်။ ထိုအခါကျမှ ဦးလေး တရားစခန်းဝင်နေကြောင်း သိရသည်။ ဦးလေး ရှေ့ဆောင်ခေါ်သွားသည့် တိုက်ကျောင်းတစ်ခု အပေါ်ထပ်သို့ လိုက်သွားခဲ့သည်။ ဘုရားပလ္လင်တော်ကြီးတစ်ခုအနီး ရေစက်ချရန်ပြင်ဆင်ထားသည်ကို တွေ့ရပါသည်။ မကြာမီ ဆရာတော်တစ်ပါးကြွလာရာ ဦးလေးက စာရေးသူကို ဆရာမင်းသုဝဏ်၏သားအဖြစ် ဆရာတော်ထံ လျှောက်ထား မိတ်ဆက်ပေးသည်။ အခန်းတွင်းဝယ် ဦးလေး၊ သမီး၊ သားသမက်၊ မြေးနှစ်ဦးနှင့် ကျွန်တော်သာရှိမည်ထင်ပါသည်။ ရှေးဦးစွာ ဆရာတော် က ၅ ပါးသီလ ပေး၍ တရားတော် ဟောကြားပါသည်။ တရားဟောပြီးသည့်အခါ ရေစက်မချမီ "လောက၌ တွေ့ရခဲသောပုဂ္ဂိုလ်နှစ်မျိုး"ရှိကြောင်းနှင့် ၎င်းတို့အကြောင်းကို ဆက်လက်ရှင်းလင်း မြွက်ကြားပါသည်။

ပထမတစ်မျိုးမှာ သူတစ်ပါး၏ဘဝကို ထူးထူးခြားခြား ပြောင်းလဲတိုးတက်အောင် အကျိုးပြုနိုင်သူ၊

ဒုတိယတစ်မျိုးမှာ မိမိဘဝကို ထူးခြားပြောင်းလဲတိုးတက်အောင် အကျိုးပြုခဲ့သူကို ပြန်လည်ကျေးဇူးဆပ်သူ ဟူ၍ ဖြစ်ပါသည်။

ဆရာမင်းသုဝဏ်သည် ကေသီပန် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၏ ဖခင်ကြီး ဦးလှမြင့်၏ဘဝကို ထူးခြားပြောင်းလဲ တိုးတက်အောင် အကျိုးပြုနိုင်ခဲ့သူဖြစ်ပြီး ဦးလှမြင့်သည်လည်း မိမိဘဝကို ထူးထူးခြားခြား ပြောင်းလဲတိုးတက်အောင် အကျိုးပြုခဲ့သူ ဆရာမင်းသုဝဏ်အား ကျေးဇူးဆပ်သူဖြစ်သည်။ ထို့ကြောင့် ဤပုဂ္ဂိုလ်နှစ်ဦးစလုံးသည် တွေ့ရခဲသောပုဂ္ဂိုလ်များဟု ဆိုရမည်ဖြစ်သည်ဟု ဆရာတော်က ရှင်းလင်း မြွက်ကြားပြီးမှ

(၁) ဇွန်လ ၁၂ ရက်နေ့ ဆွမ်းအတွက် ငွေကျပ် နှစ်သိန်းငါးသောင်း

(၂) ဆွမ်းပဒေသာပင်အတွက် ငွေကျပ်သုံးသောင်း

(၃) ဇွန်လ ၁၄ ရက်နေ့ အာရုဏ်ဆွမ်းအတွက် ငွေကျပ် ခြောက်သောင်း

(၄) ကေသီပန်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း ၂၀ နှစ်မြောက်နှင့် တိုက်ဆိုင်၍ ဆရာမင်းသုဝဏ်၏ နှစ် ၁၀၀ မြောက်မွေးနေ့ကို ရည်စူးသည့် ငွေကျပ် သုံးသိန်း . . . တို့ကို သဒ္ဒါထက်သန်စွာ လှူဒါန်းကြသည့် သီရိသုဓမ္မမဏိဇောတဓရ ကေသီပန် ဦးလှမြင့်၊ (သားသမက်)ကိုကြည်စိုး၊ (သမီး)မဒွေးဒွေးရီ၊ (မြေး) မောင်ကျော်ကျော်ထက်၊ (မြေးမလေး) မအိမ့်သဲသဇင်စိုး၊ ကေသီပန် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မိသားစုကောင်းမှုအတွက် ဆရာတော်မှ ရေစက်ချ အမျှပေးဝေပေးပါသည်။ ဆရာတော်ကြီး ဟောကြားတော်မူခဲ့သည့်အတိုင်းဆိုလျှင် ဦးလေးသည် အဘ သက်ရှိထင်ရှားရှိစဉ်ကပင် ဆေးဝါး၊ စားဖွယ်တို့ အကြိမ်ကြိမ်လာရောက်ပေးခဲ့ခြင်းအားဖြင့်





လည်းကောင်း၊ စာပေဆောင်းပါးရေးသား၍ ကျေးဇူးတရားဖော်ထုတ်ခဲ့ဖူးခြင်းကြောင့်လည်းကောင်း တွေ့ရခဲသောပုဂ္ဂိုလ်စာရင်းဝင်ခဲ့သည်မှာ အကြိမ်ကြိမ်ရှိခဲ့ပြီဟုဆိုရမည်ဖြစ်ပါသည်။

ဆရာတော် ရေစက်ချ အမျှပေးဝေသည့်အချိန်တွင် စာရေးသူ ရင်တွင်းဝယ် ဝမ်းသာမှု၊ ဝမ်းနည်းမှုတို့ ရောပြွမ်းခံစားရပါသည်။ အဘ သက်ရှိထင်ရှားရှိစဉ် အခါကာလတွင်သာမက ယနေ့အထိ အဘ၏ ကျေးဇူးတရားကို သတိရနေသည့်အပြင် မိမိ ၇၅ နှစ်ပြည့်သည့်အခါ လှူနိုင်ချင်ပါသေးသည်"ဟု ဦးလေးဦးလှမြင့်က ပြောခဲ့၍ အဘအတွက်ရော ကျေးဇူးတရားသိတတ်မှုကြောင့်ရရှိလာမည့် ဦးလေး၏ကောင်းကျိုးချမ်းသာများအတွက်ပါဝမ်းသာမိသလို အလှူငွေကို ကိုယ်တိုင်ကိုယ်ကျ သာဓုခေါ် လက်ခံပီတိ မဖြစ်နိုင်ရှာသည့် အဘနှင့်ကျေးဇူးရှင်ကို ကိုယ်ထိလက်ရောက် ဦးညွှတ်ဂါရဝပြု လှူဒါန်းခြင်းမပြုနိုင်ရှာသော ဦးလေးတို့အတွက် ဝမ်းနည်းခြင်းဖြစ်ရပါသည်။

ရေစက်ချအပြီး ကျောင်းအောက်ပြန်ဆင်းလာကြရာ ဧည့်ခန်းမတွင် ထိုင်နေကြသော အစ်ကိုကြီး၊ ညီမနှင့် သူ၏ခင်ပွန်းအပြင် အခြားဧည့်သည်နှင့် တူသူနှစ်ဦးသုံးဦးခန့်သာ တွေ့ရပါသည်။ အလှူရှင်မိသားစုနှင့်အတူ စာရေးသူတို့ ဧည့် လေးငါး၊ ခြောက်ဦးခန့်တို့သည် သံဃာတော်များအား ကိုယ်ထိလက်ရောက် ဆွမ်းကပ်ခွင့်ရကြပါသည်။ ပြီးတော့ ဦးလေးက သူကိုယ်တိုင်၊ သားသမက်တို့နှင့် တစ်ဝိုင်းတည်းထိုင် စကား ဧည့်ခံကျွေးမွေးပါသည်။ ထုံးစံအတိုင်း အဘနှင့် ဆုံစည်းခဲ့ရပုံနှင့် ကျေးဇူးတရားများကို ပြန်ပြောင်းပြောရှာပြန်ပါသည်။ ပြီးတော့ စာရေးသူတို့ကိုနှုတ်ဆက်ကာ တရားစခန်းသို့ ပြန်လည်ဝင်ရောက်သွားပါတော့သည်။ ပကာသန လုံးဝမဖက်သည့် စေတနာသက်သက်အလှူရေစက်ချပွဲကား အေးချမ်းအောင်မြင်စွာပြီးဆုံးခဲ့လေသည်။

ကျေးဇူးပြုခွင့်ရခဲ့သူနှင့် ကျေးဇူးကိုရှာ၍ သိတတ်သူနှစ်ဦးတို့၏ အဖြစ်ကား မှတ်သားဖွယ်ပင်။ ဆောက်တည်သော သီလ၊ ပြုအပ်သော ဒါန၊ ပွားများသောကုသိုလ်နှင့် မြဲမြံသော လှူလ၊ ဌွဲ ဝီရိယ တို့ကြောင့် ဦးလေးဦးလှမြင့်သည် လက်ရှိ စက်ရုံမှနောက်ထပ် အရှေ့ဒဂုန်စက်မှုဇုန်တွင် မြေနှစ်ဧကခွဲကျော်ပေါ်၌ စက်ရုံကြီးတစ်ရုံမကြာမီ ဖွင့်လှစ်နိုင်တော့မည့်အခြေသို့ပင် ရောက်ရှိနေပါပြီ။ ဤကဲ့သို့သော ထူးခြားပုဂ္ဂိုလ်၏ထုံးကိုနှလုံးမူကာ ဤလောကကြီး၌ မိမိတို့ဘဝတစ်လျှောက် ကျေးဇူးတရားသိတတ်သူများ ဌွဲ လှူလ၊ ဉာဏ်ဝီရိယ စိုက်ထုတ်၍ ဘဝအခက်အခဲများကို သဘောထားမှန်စွာ ရင်ဆိုင်နိုင်သူ အမျိုးသားကောင်းများ အမြောက်အမြားပေါ်ထွန်းပါစေဟု ဆုတောင်းလိုက်ရပါတော့သည်။

**မှတ်ချက်**

**(က)၇-၆-၀၈နေ့တွင်ကျပ်ငွေခုနစ်သိန်းထပ်မံလှူခဲ့ပါသည်။**

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူငယ်စဉ်က အဘနှင့်အတူ

# အဘသာ သိမယ်ဆိုရင်

အဘထံမှ အမွေရလိုက်သော နေ့စဉ်မှတ်တမ်းစာအုပ်များတွင် လက်တစ်လုံးခန့်အထူ၊ လက်တစ်ဝါးသာသာအရွယ်ရှိ လက်ဖြစ်မှတ်တမ်းစာအုပ်ငယ်တစ်အုပ်လည်း ပါလေသည်။ အဖုံးပေါ်၌ **စာတည်း၏နေ့စဉ်မှတ်** ဟု အဘ လက်ရေးဖြင့် ခပ်ကြီးကြီး၊ ပီပီသသရေးထားသည်။ အဆိုပါလက်ဖြစ် စာအုပ်ကလေးမှာ ၁၉၂၄ ခုနှစ်အခါက ပုံနှိပ်အသုံးပြုခဲ့သော ရေကြောင်းပို့ဆောင်ရေးဌာနမှ ကုန်ပစ္စည်းလက်ခံရရှိကြောင်း အထောက်အထားပြ ရုံးတွင်းသုံးစာရွက်ဟောင်းများကိုစု၍ချုပ်ထားသော စာအုပ်ဖြစ်ပါသည်။ မှတ်တမ်းစရေးသည့်နေ့ကား ၁-၁-၄၅ ရက်နေ့ဖြစ်၍ လက်ဖြစ်မှတ်တမ်းစာအုပ်ငယ်ဘဝသို့ ရောက်ရှိချိန်၌ စာရွက်များ၏သက်တမ်းသည် အနှစ် ၂၀ ကျော်စပင်ပြုနေပါပြီ။ အင်္ဂလိပ်ခေတ် ရုံးသုံးစာရွက်၊ ဂျပန်ခေတ် တုန်ခါနိုးကာလတွင် အဘအတွက် တန်ဖိုးရှိစွာအသုံးဝင်နေပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း တည်ထောင်ခဲ့သော ပညာတံခွန်အသင်း၊ အဘိဓာန်ဌာန၏ စာတည်းတာဝန်ကို တစ်နှစ် ကျော်မျှ အဘ တာဝန်ယူခဲ့သည်။ အဆိုပါ စာတည်းတာဝန်ယူခဲ့သည့် ကာလအတွင်း ဝေါဟာရစကားလုံးများစုဆောင်းပုံ၊ တည်းဖြတ်ပုံတို့ကိုရေးမှတ်ထားသည်များတွေ့ရသည်။ ၁၁-၈-၄၅ ရက်နေ့မှတ်တမ်းတိုက သမိုင်းမှတ်တိုင်တစ်ခုကို ဖော်ပြသည်။

*မနေ့ည ၁၀ နာရီခန့် သင်္ဘောဥသြများ ဆူညံစွာ မှုတ်သည်။ စစ်သားများလည်း သွားလာ အော်ဟစ်နေကြသည်။ နောက် မေးကြည့်သောအခါ* ***စစ်ပြီးပြီ***

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကြသည်။

၁၄-၈-၄၅ ရက်နေ့ မှတ်တမ်းတွင် စစ်၏နိဂုံးသမိုင်းထပ်မံတွေ့ရပြန်သည်။

x x x

ဂျပန်တို့သည် မဟာမိတ်တို့၏ သဝဏ်လွှာကို သဘောတူလက်ခံပြီဟု သတင်း ရသည်။

x x x

မှတ်တမ်းစာအုပ်ငယ်ကို ဟိုလှန်သည်လှော်နှင့် ရောက်တတ်ရာရာကို ကြည့်ရာမှ ရေးသားချက်တစ်ခုကို အမှတ်မထင် သတိပြုစိတ်ဝင်စားလိုက်မိသည်။ ယင်းသို့ စိတ်ဝင်စားရသည့်အရာကား များများမဟုတ်လှ။

***20-7-46***

***<u>5- 30 AM.</u>***

***ဒလဘန်းရက်ချုပ်***

ဟူသည့် ဝါကျမမည် စာကြောင်းတိုကလေးသုံးကြောင်းမျှသာ။ စိတ်ဝင်စားရသည့်အကြောင်းမှာ တိုက်ဆိုင်မှုနှစ်ရပ်ကြောင့် ဖြစ်သည်။ ပထမစာကြောင်းက စာရေးသူ လူ့လောကကြီးထဲသို့ ရောက်ခဲ့ရသည့်နေ့၊ ဒုတိယစာကြောင်းက စာရေးသူ လူ့လောကကြီးထဲသို့ ရောက်ရသည့်အချိန် အတိအကျဖြစ်နေသည်။ တတိယ စာကြောင်းက မည်သို့မျှဆက်စပ်တွေးခေါ်မရသည့် အချက်ဖြစ်နေသည်။ အမေ့ကို မေး၍များ အဖြေရလေမလား။

အဘဆုံးပြီး ခြောက်လခန့်နောက်ပိုင်းအမေ လှုပ်လှုပ်ရှားရှားသွားသွား လာလာ ယခင်ကကဲ့သို့ မရှိတော့။ အိပ်ရာထဲ လှဲနေသည့်အချိန်က များလာသည်။

| 1946 | JULY. | 1946 | | | |
|---|---|---|---|---|---|
| SUN | | 7 | 14 | 21 | 28 |
| MON | 1 | 8 | 15 | 22 | 29 |
| TUE | 2 | 9 | 16 | 23 | 30 |
| WED | 3 | 10 | 17 | 24 | 31 |
| THU | 4 | 11 | 18 | 25 | |
| FRI | 5 | 12 | 19 | 26 | |
| SAT | 6 | 13 | 20 | 27 | |

အဘ၏ Pocket Calendar Book





အမေတို့ အိမ်ထောင်သက်က အနှစ် ၆၀ ကျော်ခဲ့သည်မို့ တစ်ဦးပေါ် တစ်ဦး သံယောဇဉ်က ကြီးမားကြသည်။ နောက်ဆုံးအချိန်အထိ သွားလေသူခင်ပွန်းသည်ကို ခြေဆုပ်လက်နယ်ပြုစုခဲ့ရသည်မို့ တော်တော်နှင့် အမေမေ့ပျောက်နိုင်မည်မဟုတ်ပေ။ အမေ့ထံ ရောက်သည့်အခါများ အမေစိတ်ပြေလက်ပျောက်ဖြစ်စေရန် အမေ စိတ်ဝင်စားမည် ထင်သည်များကို ကြံဖန်စဉ်းစား စကားစရသည်။ သည်လိုနှင့် မိမိအဖြေရှာမရသည့် တိစ္စကို မေးမိသည်။

"ကျွန်တော့်နာမည် မောင်ပိုအပြင် အမေတို့ ကျွန်တော် ငယ်ငယ်က တခြားနာမည်များပေးဖူးသေးလား အမေ"

အမေမှတ်မိသည်ကတော့ မောင်ပိုတစ်ခုတည်းသာ။ တစ်ဆင့်တက်ပြီး -

"မွေးခါစက ကျွန်တော့်ကို ဒဘဘန်းလို့များ အမေတို့ခေါ်ခဲ့ဖူးသေးလား အမေ"

အစဖော်ပေးသည့်တိုင် လိုသောအဖြေကို မရ။ အသက် ၈၇ နှစ် ကျော်နေပြီဖြစ်သည့် မိခင်ကြီးကို ဆက်ပြီးဒုက္ခမပေးလိုတော့။ ဒလဘန်းအကြောင်း ပဟေဠိတို့ အဖြေညို၍မရ။ အမေမှ မမှတ်မိလျှင် အခြားအားကိုးစရာပုဂ္ဂိုလ်စဉ်းစားမရတော့ပြီ။

အဘထားရစ်ခဲ့သည့် နေ့စဉ်မှတ်တမ်းစာအုပ်များကား အရွယ်ရွယ် အစားစား အုပ်ရေလေးဆယ်ဝန်းကျင်ခန့် ရှိသည်။ တစ်နေ့တွင် လက်တစ်ဝါးသာသာ အရွယ်ရှိ **Pocket Calendar Book** ဟူ၍ အဖုံးပေါ်တွင် ရိုက်နှိပ်ထားသော မှတ်တမ်းစာအုပ်ငယ် ကို ဖတ်ရှုရန် ထုတ်ယူသည်။ စာအုပ်အတွင်း ပထမ ၆ ရွက်က ဆယ့်နှစ်လပြက္ခဒိန်ကို ဖော်ပြထားသည်။ ခုနှစ် သက္ကရာဇ်က ၁၉၄၆ ဟုဖော်ပြထား၍ စာရေးသူအတွက် စိတ်ဝင်စားစရာနှစ် ဖြစ်နေပေသည်။

မှတ်တမ်း ပထမစာမျက်နှာမှာ -

*မောင်ဝန်*

*24-3-46 ကျောက်ထိုးသည်။*

*2-7-46*

*Norwich အသက်ပေါင်ကုမ္ပဏီ Pol.No-561369 အတွက် ပြန်လည် ဆေးစစ်ခံရမည်ဆို၍ ဒေါက်တာဘသန်းက စစ်ပေးသည်။*

ဟူ၍ အဘရေးမှတ်ထားသည်ကိုတွေ့ရသည်။ ပြီးတော့ ဆရာဘသန်း၏ ဆေးစစ်ချက်မှတ်စာမ်းမှ အချက်အလက်အချို့ကို ကူးယူရေးမှတ်ထားသည်။

မှတ်တမ်းဒုတိယစာမျက်နှာတွင် -

*<u>ကြည်ကြည်</u>*

*7-4-46 ဝမ်းရောဂါ ကာကွယ်ဆေးထိုးသည်။*

*13-4-46 ဦးဇင်းကြီး မမာ၍ အကြည် ညောင်တုန်းသို့သွားရာမှ ပြန်လာသောအခါနေထိုင်မကောင်းလှ၍ ဒေါက်တာမဖေနှင့် ဒေါက်တာ*



www.burmeseclassic.com

www.burmeseclassic.com




ရင်မေတို့ထံ သွားပြသည်။ နေ့လမစေ့သေးကြောင်း ရှစ်လမျှသာရှိဦးမည်ဖြစ်ကြောင်း၊ ခရိုပန်းရှဲ့ခလေးဦးခေါင်းအောက်စိုက်နေကြောင်း၊ မွေးလိုလျှင် မွေးတတ်ကြောင်း အနားယူရမည့်အကြောင်း ပြောကြသည်။

ဟူ၍ ရေးမှတ်ထားသည့် အမေကိုယ်ဝန်ဆောင်နေသည့် အခြေအနေ အမေတို့ မိခင်ကြီးဆုံးပြီးကတည်းက သင်္ကန်းစီးခဲ့သော အမေ့ဖခင် ဦးပဉ္စင်းကြီး အကြောင်း တို့ ဖြစ်သည်။

မှတ်တမ်း နောက်တစ်မျက်နှာက ၁၄-၃-၄၃ ရက်နေ့က မွေးဖွားခဲ့ပြီးသော သားကြီးဥက္ကါ (ကိုညက်စိုး) ကျန်းမာရေးနှင့် ကျောင်းထားရေးကိစ္စတို့ကို ရေးမှတ်ထားသည်။ နောက်ဆုံးတစ်မျက်နှာကား ၁၃-၉-၄၇ ရက်နေ့တွင် အမေ့ကို ဒပ်ဖရင်ဆေး သို့ ကြီးကြီးဒေါ်စောရင် (ဆရာဇော်ဂျီ၏ ဇနီး)၊ မမဒေါ်ခင်မြင့် (တက္ကသိုလ်ဆရာ ဒေါက်တာလှမြင့်၏နှမ) တို့နှင့်အတူ လိုက်ပို့သည့်အကြောင်း၊ သမီးအထွေးဆုံး ချို (မထားချို)ကို ထိုနေ့၌ပင်မွေးဖွားကြောင်းတို့ကို ရေးမှတ်ထားသည်။


သားကြီးနှင့် သမီးထွေးနှစ်ဦးတို့၏ မှတ်တမ်းနှစ်ခု အကြား စာရေးသူ၏အကြောင်းဖြစ်ပါသည်။ စာရေးသူ အဖြေရှာမရခဲ့သော အကြောင်းရင်း တိကျသော အဖြေပေးလိုက်သည်မို့ ပြန်လည်ကူးယူဖော်ပြပါသည်။




Pocket Calendar Book ၌ ရေးမှတ်ခဲ့သည့် အဘ၏လက်ရေးမူ








Pocket Calendar Book ၌ ရေးမှတ်ခဲ့သည့် အဘ၏လက်ရေးမူ

*20-7-46*

*၁၃၀၈ ခု၊ ဝါဆိုလပြည့်ကျော် ၇ ရက်၊ စနေနေ့။ နံနက် ၅ နာရီခွဲ၊ ပြည်ကျောင်းဆောင်တွင်၊ ဒေါက်တာမဖေ့ အကူအညီနှင့်* **ဒလတန်းကိုမွေးသည်။**

*31-10-46*

*၁၃၀၈ ခု၊ တန်ဆောင်မုန်းလဆန်း ၇ ရက် ကြာသပတေး ညဦး၊ တကောင်းကျောင်းဆောင်တွင် ဒလဘန်း စ၍မှောက်သည်။*

*၁၃၀၈ ခု၊ တန်ပေါင်းလဆန်းလောက်တွင် ထိုင်စပြုသည်။ အားယား ထိုးစ ပြုသည်။*

*၁၃၀၉ ခု၊ ဝါဆိုလဆန်းဘက်တွင် လေးဘက် စသွားသည်။* ***June 1947***

*တော်သလင်းလဆန်း ၁၃* ***(28-8-47)*** *၅တေး နေ့တွင် ငပို လမ်း အများကြီး စလျှောက်သည်။*

စာရေးသူကို အမေ့သူငယ်ချင်း ဒေါက်တာ ဒေါ်ဖေ့ (မော်ကျွန်းသိန်း ဆရာဦးယုခင်၏ဇနီး၊ နောင်ဆေးတက္ကသိုလ် ပါဏဗေဒပါမောက္ခ)က ပြည်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်၌သာ မွေးပေးခဲ့ခြင်းဖြစ်ပါသည်။ မွေးစက သားဖြစ်သူကို မွန်အမည်ပေးခဲ့ပြီး အသက်တစ်နှစ်နှင့် တစ်လခန့်ကြာမှ မောင်ပိုဟ္မသော အမည်ကို စသုံးကြောင်း အထောက်အထား ခိုင်ခိုင်လုံလုံတွေ့ရပါသည်။ မှတ်တမ်းစာအုပ်ငယ်တွင် အဘ ရေးမှတ်ထားသည်မှာ စုစုပေါင်း ၁၀ မျက်နှာပင် မရှိပါ။ မိသားစုဝင် ၅ ဦးစလုံး၏ တစ်ချိန်က အဓိကကျခဲ့သော အချက်ကလေးများလောက်ကိုသာ မှတ်ထားကြောင်း တွေ့ရပါသည်။ သားငယ်ကို မွန်အမည်ပေးခဲ့ဖူးသော အဘ၏ မွန်မျိုးရိုး၊ မွန်နှင့် အဆက်အစပ်များကို ပြန်လည်လေ့လာသုံးသပ်ကြည့်မိပါသည်။ ထိုအခါ ကိုယ်တိုင် ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်အစမှာပင် သူ့ကိုယ်သူ **မွန်-မြန်မာမျိုးရိုး** ဟူ၍ အလေးဂရုပြုကာ ဖော်ပြခဲ့သည်ကို သတိပြုမိသည်။

*၁၉၀၉ ခု ဖေဖော်ဝါရီလ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၉ နာရီတွင် ဟံသာဝတီခရိုင် ကွမ်းခြံကုန်းမြို့ တောင်ဘက်ကမ်း၊ နာတာပူရှမ်းအရှေ့ပိုင်း၌ ကုန်သည်များဖြစ်ကြသော အဖ ဦးလွန်းပင်၊ အမိ ဒေါ်မိ တို့မှ မွေးဖွားသည်။ **မွန်-မြန်မာမျိုးရိုး** ဖြစ်သည်။*

တစ်ဆင့်တက်သော် အဘ မိခင်ကြီးဘက်မှ အဘွားဖြစ်သူ ဒေါ်သဲအူသည် မွန်သွေးပါသည်ဟူ၍ မှတ်သားရဖူးပါသည်။ မွေးရပ်ဇာတိအကြောင်း ရေးသားသည့်အခါ မွန်နှင့်သက်ဆိုင်သည်များကို အထူးဂရုပြုအလေးပေး ရေးသားဖော်ပြသည်ကိုလည်း တွေ့ရသည်။

ကွမ်းခြံကုန်းသည် ယခင် ဟံသာဝတီစီရင်စုဟု ခေါ်သော ရန်ကုန်တိုင်းတွင် တည်ရှိသည်။ ကွမ်းခြံကုန်းတည်ရှိရာ ဧရာဝတီ မြစ်ဝကျွန်းပေါ်အရပ်ကို ရှေးအခါက ရာမညတိုင်းဟု ခေါ်တွင်ခဲ့သည်။ မွန်တိ၊ မွန်စ၊ မွန်ည တည်းဟူသော မွန်သုံးမျိုးတို့ နေရာဒေသဖြစ်ခဲ့သည်။ အထက်အညာမှမြန်မာများသည် မွန်တို့ဒေသတွင် လယ်ယာ လုပ်ရန်တစ်ချိန်ကဆင်းလာခဲ့ကြသည်။ အဘတို့ကွမ်းခြံကုန်းမြို့သည် ဟံသာဝတီ စီရင်စု အရှေ့ဘက်ခြမ်း၊ ပင်လယ်ဟိန်းသံကြားရသည့် အရပ်တွင်ရှိသည်။ ပင်လယ်နှင့် နီးသော အရပ်ဖြစ်၍ ရေထရက်များ၌ တစ်နယ်လုံး ရေလွှမ်းလေ့ရှိသည်။ ရေမစွတ်သော ကုန်းမြင့်ရှိရာအရပ်များ၌ ရွာတည်ကြသည်။ ဤသို့ဖြင့် ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကညင်ကုန်း စသည်တို့ ဖြစ်ပေါ်လာကြသည်။ အလားတူပင် ရှေးမွန်တို့သည်လည်း တော်ထနီး၊ တော်ကူး၊ တော်ခရမ်း၊ တော်ပြာ၊ တော်ပလွဲရွာများကို တည်ထားခဲ့ကြပြီး ဖြစ်သည်။ **တော်** သည် မွန်စကားလုံးဖြစ်၍ မြန်မာလို **ကုန်း** ဟူ၍ အဓိပ္ပာယ်ရသည်။ **ခလောက်** ဟူသည်မှာလည်း မွန်စကားလုံးဖြစ်ပြီး ကုန်းတစ်မျိုးဖြစ်သည်။ ခလောက်တစ်ရာရွာ ယနေ့တိုင်ရှိသည်။ ထို့ကြောင့်လည်း အဘတို့အရပ်ကို "ခလောက်ကိုးလုံး တော်ကိုးလုံး" ^ ရှိရာအရပ်ဟု ရှေးလူကြီးတို့ပြောကြောင်း အဘ မှတ်သားဖူးသည်။

အဘတို့အရပ်နှင့် အနီးအနားတွင် ကွမ်းခြံကုန်းဆိုသော ရွာတစ်ရွာ ရှိသော





သည်။ ထို့ကြောင့် အဘတို့ ကွမ်းခြံကုန်းအနီး မရမ်းချောင်း ကမ်းပါးတွင်ရှိသော ရှေးဟောင်း မွန်ရွာတော်ပလွဲ (ဥသျှစ်ကုန်း)ကို အစွဲပြုပြီး အဘတို့ဇာတိကို တော်ပလွဲ-ကွမ်းခြံကုန်းဟူ၍ ခေါ်လေ့ရှိသည်။

၁၉၂၉ ခုနှစ် တက္ကသိုလ်ရောက်စ၊ ပဲခူးဆောင်တွင် အဘနေသည်။ ကျောင်းသားများ စီစဉ်သော "ဟံသာကြေးမုံ" လက်ရေးစာစောင် တစ်စောင်ရှိသည်။ အဆိုပါစာစောင်တွင် **မွန်ကလေး** ဟူသော ကလောင်အမည်ဖြင့် အဘ စာရေးခဲ့ဖူးသည်။ ထို့အပြင် တက္ကသိုလ်ကျောင်းတိုက် နှစ်လည်မဂ္ဂဇင်းများတွင် **မြဝတီရည်-ဟံသာ့ကျေး၊ ခင်သိင်္ဂီ (ဟံသာဝတီ)** ကလောင်အမည်များဖြင့်လည်း စာရေးသည်။

၁၉၃၂ ခုနှစ် ဖေဖော်ဝါရီလထုတ် တက္ကသိုလ်ကျောင်းတိုက် နှစ်ပတ်လည် မဂ္ဂဇင်းအတွက် ၁၂၉၄ ခုနှစ်၊ နှစ်သစ်မင်္ဂလာပို့ကဗျာတစ်ပုဒ် ရေးခဲ့သည်။ ကဗျာတွင် **ပွန်ဇလိုင်** ဟူသော မွန်စကားလုံးပါသည်။ အဆိုပါ မွန်စကားကိုမြန်မာမှုပြု နားလည်စေရန် မှတ်ချက်ဖြင့် ရှင်းလင်းဖော်ပြခဲ့သည်။

**၉၄ ခုနှစ်အတွက်**

*မြတကောင်းရယ်က လဲ့ဝင်းကြည်။*
*သပြေဆို ညိုညိုပန်းတွေက*
***ပွန်ဇလိုင်** ကြိုင်ရနံ့မှာ*
*လန်းညွန့် စည်စည်။*
*မိတ်တဝေးရယ်တို့*
*စိတ်အေးဖို့ နှလုံးရည်*
*သက်ဆုံးတည်ကာပ မာစေကြောင်း။*
*နှစ်ဆန်းချိန်*
*ရှိပန်း ခါခါ နိမ့်လို့*
*မာရဇိန် ရွှေတော်ဦးမှာလ*
*ပန်းသပြေ ချမ်းရေထူးရယ်နဲ့*
*ကျူး မြွက် ဆုတောင်း။ ။*

*(မှတ်ချက်။ ။ အထက်ပါ ကဗျာတွင်ပါသည့် **ပွန်ဇလိုင်** ဆိုသော ဝေါဟာရကို သိလိုသူတို့အတွက် မှတ်ဖူးသမျှ ပြောပြပါမည်။ ပွန်ဇလိုင်မှာ မွန်စကား၊ ပါဠိ **ပဥ္စဇလ** မှ ဆင်းသက်သည်။ ပဉ္စ+ဇလ ဆိုသည်မှာ ရေငါးမျိုး၊ တစ်နည်း၊ အိန္ဒိယပြည်ရှိ ဂင်္ဂါ၊ ယမုံနာ၊ အစိရဝတီ၊ မဟီ၊ သရဘူ ဆိုသော မြစ်ကြီးငါးသွယ်ကရေ တစ်နည်း၊ မင်္ဂလာရှိသောရေ။ ဤရေဖြင့် မင်းများ အဘိသိက်သွန်းရသည်။ ဤရေငါးမျိုးကိုသွားယူရန် ခတ်သဖြင့် မြန်မာပြည်တွင်ရှာသောအခါ မော်လမြိုင်မြို့အနီးတွင် တွေ့ရသည်ဟု မှတ်ရဖူးပါသည်။ စာပေတွင်ရှာကြည့်လျှင် အတိအကျ သိကြရပါလိမ့်မည်။)*

၁၉၃၃ ခုနှစ်တွင် တက္ကသိုလ်ကျောင်းတိုက် နှစ်ပတ်လည်မဂ္ဂဇင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



**ထွန်ဝဒူး** အမည်ရှိ ဝတ္ထုတိုတစ်ပုဒ်ရေးသည်။ ဇာတ်လမ်းမှာ တော်ထနီးရွာမှမွန်တောက်စိုက်သမ၊ မုဆိုးမလေး၏ ကြေကွဲပွဲဖြစ်ရပ်ကလေး ဖြစ်သည်။ ခင်ပွန်းဖြစ်သူဆုံးသည်က တစ်မိုးပင် မပြည့်တတ်သေး။ သို့ဖြစ်ငြားလည်း ဝမ်းရေးအတွက် သားငယ်တလေးကိုခါးထစ်ခွင်၍ လုပ်ငန်းခွင်သို့ သွားရရှာသည်။ လုပ်ငန်းသို့ရောက်သောအခါ ခေါင်းဆောင်းထားသည့် ဂဒူးကြီးထဲ ထည့်၍သိပ်သည်။ သား အိပ်ပျော်တော့ လမုပင်ခြေရင်းမှာ အသာအယာချ၍ လုပ်ငန်းခွင်ဝင်သည်။ နေစောင်း၍အိမ်ပြန်ချိန်ရောက်မှ သားငယ်ကို သိပ်ထားခဲ့ရာဘက်သို့ ခြေဦးလှည့်နိုင်သည်။ ရေထချိန်မို့ ကန်သင်းရိုးပင်မမြင်ရတော့။ လယ်ကွင်းတစ်ပြင်လုံး ရေနှင့်ဖွေးဖွေး၊ ပင်လယ်ပြင်အလား တွေ့လိုက်ရတော့မှ စိုးရိမ်စိတ်ကြီးစွာဖြင့် သားငယ်ကိုထားခဲ့ရာသို့ အပြေးသွားရှာသည်။ တက်ရေတွင် သားငယ်သည် ဂဒူးကြီးနှင့်အတူ မျောပါသွား၍ အစအနမျှပင် မတွေ့ရတော့။ တောက်စိုက်သမကလေးသည် ငိုကြွေးမြည်တမ်းရင်း သားငယ်ကို ရေစုန်ရေဆန်လိုက်ရှာသည်။ စားရမှန်းမသိ၊ သောက်ရမှန်းမသိ၊ နေ့မှန်းမသိ၊ ညမှန်းမသိ တငိုငိုတယိုယိုနှင့် နောက်ဆုံးတွင် ရင်ကွဲ၍ သေပွဲဝင်ရရှာသည်။

သားငယ်ကိုစွဲလမ်းသောစိတ်နှင့်သေရရှာသောကြောင့် နောင်ဘဝတွင် ထွန်ဂဒူးငှက်ကလေးအဖြစ်သို့ ရောက်ရှိသည်။ "နေညိုညို ညနေစောင်းအခါများ၌ မြစ်ရိုးတစ်လျှောက်တွင် သနားစဖွယ် အားငယ်သောအသံကလေးနှင့် အော်မြည်နေသော ကွန်ဂဒူးငှက်ကလေးကို ယနေ့ထက်တိုင်အောင် ကြားမြင်နေရပါသေးသည်။ ပျောက်ဆုံးရှာသောသားငယ်ကလေးကို တွေ့ရမြင်ရနိုးနှင့် မြစ်ရိုးတွင် ရှာဖွေနေတုန်းပင် ဖြစ်လေရော့သလား မသိ" ဟု အဆွေးဇာတ်ကလေးကို အဆုံးသတ်ထားသည်။ ပြီးတော့မှ အဘက မှတ်ချက်တွင်

> ***ကွန်*** *ကား မွန်အခေါ်အားဖြင့် သားငယ် (သမီးငယ်)ဟု ဆိုလို၏။*
>
> ***ဂဒူး*** *ကား ခနီဖက်၊ စလူဖက် တို့ဖြင့် ချုပ်စပ်ပြုလုပ်သော ဆောင်းစရာ ဝီလမ ဖြစ်လေသည်။*
>
> ဟူ၍ ဖော်ပြထားပါသည်။

၁၉၃၆ ခုနှစ်မှစ၍ ဗီလတ်သို့ ၃ နှစ်ကြာ အဘ ပညာတော်သင်သွားသည်။ ပထမနှစ်နှစ်က အောက္ကစဖို့(ဒ်)တက္ကသိုလ်တွင်ဖြစ်ပြီး နောက်ဆုံးနှစ်ကား လန်ဒန်တက္ကသိုလ်တွင် ဖြစ်သည်။ လန်ဒန်တွင် ပညာဆည်းပူးခိုက် ဗြိတိသျှပြတိုက်ကြီးသို့ အဘရောက်သည်။ မြန်မာ့စာပေနှင့် ယဉ်ကျေးမှုကဏ္ဍကို အဘ လေ့လာသည်။ အင်္ဂလိပ်ခေတ်တွင် ခေတ်စားထွန်းကားခဲ့သော မြန်မာ့ပြဇာတ်ပေါင်းတစ်ရာကျော်၏ ပုံနှိပ်မှုများကို ပြတိုက်တွင် ထိန်းသိမ်းထားသည်။ ထိုအထဲမှ ဦးပုတ်နီရေးသော ကုမ္မာရပြဇာတ်ကို အဘလေ့လာဖတ်ရှုဖြစ်သည်။ ကုမ္မာရပြဇာတ်ကား ကိုလိုနီခေတ် ၁၈၇၅ ခုနှစ်တွင်ထွက်ရှိခဲ့သော မြန်မာ့အစောဆုံး ပြဇာတ် ၃ ပုဒ်အနက် တစ်ပုဒ်အပါအဝင်ဖြစ်သည်။ နှစ်ဖက်သော သူဌေးမိဘများက လက်ဆက်ပေးရန်ရွယ်သော ကွန်တီနှင့်





မယ်ကွန်း၊ မွန်လူငယ်နှစ်ဦး၏ ဇာတ်လမ်းဖြစ်သည်။ မွန်တို့၏ ရာမညတိုင်း၊ သုဝဏ္ဏဘုမ္မိပြည်။ ရာမာဓိပတိမင်း လက်ထက်ကို နောက်ခံပြုသော **ထိုးဇာတ်** ၂ ဖြစ်သည်။ ရုပ်ဆိုးသော ကွန်တီကို မယ်ကွန်က စိတ်မဝင်စား။ ရာမာဓိပတိမင်း၏ သားတော်ကုမ္မာရက မယ်ကွန်ကို တွေ့မြင်စုံမက်နှစ်သက်ရာမှ ချစ်ကြိုးသွယ်မိကြသည် စသည့်ဇာတ်လမ်းဖြစ်သည်။ ပြဇာတ်တွင် မွန်စကားနှင့် သီချင်းကို မြန်မာသတ်ပုံနှင့် ရေးထားသည်ကို အဘဂရုပြုမိသည်။ သီချင်း၏ဆိုလိုရင်းအနက်ကို ကိုယ်တိုင်ကိုယ်ကျ သိလိုသည်တစ်ကြောင်း၊ မွန်မြန်မာ ဂီတအတွက် အကျိုးဖြစ်ဖွယ်ရာရှိသည် ယုံကြည်၍ တစ်ကြောင်းတို့ကြောင့် အဆိုပါသီချင်းကို ကူးယူပြီး ဗီးလတ်မှ ဂန္ထလောကမဂ္ဂဇင်းသို့ ပေးပို့ကာ တတ်စွမ်းသူများမှ အနက်ဖွင့်ပြန်ကြားပေးရန် မေတ္တာရပ်ခံခဲ့ဖူးပါသည်။

*၁၂၅၁ ခု ဝါခေါင်လ၊ ၁၈၇၉ ခု၊ ဇူလိုင်လတွင် အမိန့်တော်ရမောင်ပုတ်နီဒုတိယ ထပ်ဖြည့်စီကုံး၍ ရန်ကုန်မြို့၊ ရတနာပုံသတင်းစာတိုက်၌ ဆရာဝှပ်ပုံနှိပ်သောကုမ္မာရပြဇာတ်မှ အောက်ပါတလိုင်းသံများကို မူရင်းအတိုင်း ရေးကူးပေးလိုက်ပါသည်။ အနှစ် ၆၀ က ရေးသားခဲ့သည်တစ်ကြောင်း၊ ထိုအခါက ခေတ်စားသော အသုံးအနှုန်းများဖြစ်သည် တစ်ကြောင်း၊ တလိုင်းစကားကို မြန်မာသတ်ပုံနှင့် ရေးသားထားသည်တစ်ကြောင်းတို့ကြောင့် ဤသီချင်းကို ကာလသားသမီးများ နားမလည်နိုင်ဖြစ်ပါသည်။ သို့သော်လည်း ထိုခေတ်ကို မီလိုက်သောပညာရှိများ၊ ဆိုင်းဆရာများ မွန်အမျိုးသားက မွန်စကားကို မွန်သတ်ပုံနှင့် ပြင်ဆင်ရေးသား၍ မြန်မာအနက်ပြန်ပေးနိုင်ပါက မွန်မြန်မာဂီတပညာတွင် အဟောင်းများ အသစ်ဖြစ်၍ ပေါ်လာတန်ရာပါသည်။ စည်းကွက်၊ တီးကွက်များကိုပါ ပြသပေးနိုင်က အထူးသင့်မြတ်ပေရာသည်။ ထို့ကြောင့် အထက်ပါ မွန်မြန်မာ ပညာရှိများအား မေးမြန်းရှာဖွေညှိနှိုင်း၍ ဤ ဂန္ထလောကတွင် ရေးသားပေးပို့ကြပါရန် တောင်းပန်အပ်ပါသတည်း။*

မင်းသုဝဏ်

ရန်ကုန်တက္ကသိုလ် စာနယ်ဇင်းအသင်းသည် ၁၉၅၀-၅၁ အသင်းစာစောင် ထုတ်ရန်စီစဉ်ရာ စာစောင်အမည်အတွက် အဘကို အကြံဉာဏ် တောင်းကြသည်။ အောက္ကစဖို့ဒ် ကျောင်းသားဘဝက ကျောင်းသားများဦးစီးပြီး အပတ်စဉ်ထုတ်ဝေသည့် **Isis** နှင့် **Cherwell** သတင်းစဉ် ဂျာနယ်နှစ်စောင်ကို အဘပြော၍ သတိရသည်။ ဂျာနယ်နှစ်စောင်၏ အမည်များမှာ တက္ကသိုလ်ပရဝုဏ်အတွင်း ငြိမ့်အေးစီးဆင်းသည့် မြစ်နှစ်စင်း၏ အမည်များဖြစ်ကြသည်။ အောက္ကစဖို့(ဒ်) တက္ကသိုလ် ပညာရည်နို့သောက်စို့ပြီး လောကကြီးထဲသို့ ရောက်သွားကြသူ အများစုသည် ဗြိတိန်နိုင်ငံသမိုင်းတွင် အရေးပါသောပုဂ္ဂိုလ်ကြီးများ ဖြစ်လာကြသည်။ တက္ကသိုလ်၏ လူရည်ချွန် လူစွမ်းကောင်းများ ဖြစ်ကြသည့် အဆိုပါပုဂ္ဂိုလ်တို့၏ အတ္တုပ္ပတ္တိနှင့် စွမ်းဆောင်ချက်များကို ဂျာနယ်နှစ်စောင်တွင် ရှာဖွေ၊ ဖတ်ရှုလေ့လာသိရှိနိုင်ကြသည်။ အဆိုပါစာစောင်မျိုး သူ၏ အမိတက္ကသိုလ်တွင်ရှိပါက



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလေစွဟု အဘ တောင့်တခဲ့ဖူးသည်။ ထို့ကြောင့် အလားတူစာစောင်မျိုးအတွက် အမည်ကို **ကမာရွတ်** ဟု အလွယ်တကူ စဉ်းစားမိသည်။ ယင်းသို့စဉ်းစားမိရသည့်အကြောင်းကိုလည်း ကျိုးကြောင်းနှင့် တကွ အဘ ရှင်းလင်းခဲ့သည်။

*ကမာရွတ် ကား မွန်စကားဖြစ်သည်။ မွန်လူမျိုးတို့ကား ကမာကဆစ်ကမာပါ၊ ကမာကလွန်း၊ ကမာတာစသည်ဖြင့် အရပ်အမည်များကို ကမာဦးတပ်၍မှည့်လေ့ရှိပါသည်။ ကမာဆိုသည်မှာ ရေကန်ဖြစ်ပါသည်။ ကမာရွတ်ဆိုရာ၌* ***ရတနာကန်*** *ဟု မြန်မာအဓိပ္ပါယ်ရှိပါသည်။ ရွတ်ကို မွန်လို ရတ် ဟု ရေးရပါသည်။* ***ရတ်***ဆိုသည်မှာ ရတနာဆိုသော ပါဠိစကားမှ ဆင်းသက်လာပါသည်။ ရတ်ကို ရွတ်ဟုမွန်တို့က ဖတ်ရွတ်ပြောဆိုကြပါသည်။ ရာဇဝင်တွင် သုရှင်တကာရွတ်ပိ၊ ဒိန်မဏိရွတ်ဆိုသည့် အမည်တို့တွင်ပါသော ရွတ်သည်လည်း၊ ရတနာပင်ဖြစ်ပါသည်။ ထို့ကြောင့် ကမာရွတ် ဆိုသည်မှာ မြန်မာလို ရတနာကန်ဖြစ်ပါတော့သည်။ တက္ကသိုလ်ကြီးတွင်လည်း ရတနာအမျိုးမျိုး ရှိပါသည်။ ထိုရတနာမျိုးတို့နှင့်သက်ဆိုင်သော အကြောင်းများကို ရေးသားတည်းဖြတ်၍ နိုင်ငံတော်သို့ တင်ပြဖြစ်သော စာစောင်တွင်လည်း ရတနာတို့ဖြင့် ပြည့်နှက်လျက်ရှိပေမည်။ ထို့ကြောင့် ထိုစာစောင်ကိုကမာရွတ်သို့မဟုတ် ရတနာကန်ဟုခေါ်ရလျှင်သင့်တော်မည်မဟုတ်ပါလား။

ရတနာကား အမျိုးမျိုးရှိပေသည်။ ရတနာသုံးပါးမှာ အထွဋ်အမြတ်ဆုံးဖြစ်ပေသည်။ နဝရတ်ခေါ်သော **ရတနာကိုးပါး** မှာ လူတို့ကို ဘေးဥပါဒ်မှကာကွယ်၍ မင်္ဂလာကို တိုးပွါးစေတတ်သည်ဟုယူဆကြသည့်အတိုင်း နဝရတ်လက်စွပ်တိုမြန်မာတို့ဝတ်ဆင်လေ့ရှိကြသည်။ ထို့အပြင် နိုင်ငံတော်ကို ကျေးဇူးပြုတတ်သော ရတနာကိုးပါးဟူ၍ အသီးအခြားရှိ လေသေးသည်။ . . . . .

ဤကိုးပါးတို့ကို ကာလမျက်စိနှင့်ကြည့်၍ ဆင်ခြင်လိုက်သော် အမှတ်ကိုးမှတစ်ပါး၊ ကျန်ကိုးပါးတို့ကို တက္ကသိုလ်က ဖန်တီးပေးလျက်ရှိသည် ကိုတွေ့ရပေမည်။ ဤရတနာရှစ်ပါးတို့တည်ရာ တက္ကသိုလ်ကထုတ်ဝေသော ဤရတနာရှစ်ပါးတို့အကြောင်းပါသောစာစောင်ကို ကမာရွတ်-ဝါ-ရတနာကန်ဟု မှည့်ခေါ်[illegible]သင့်လျော်အံ့သည်ဟုအကြံပေးမိသည့်အတိုင်းကျောင်းသားများ လက်ခံကြသဖြင့် ဝမ်းသာမိသည်နှင့် အညီဤအမည်၏အတ္တုပ္ပတ္တိကို ရှင်းလင်းဖော်ပြလိုက်ရပါသတည်း။

ဖော်ပြပြီးခဲ့သည်များကို ထောက်ရှုလျှင်ပင် မွန်စာပေနှင့် ယဉ်ကျေးမှုအပေါ် အဘထားရှိသည့် **အလေးဂရုနှင့် သံယောဇဉ်ကို** ပေါ်လွင်စေသည်ဟု ထင်ပါသည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ ရက်တစ်ရက်၊ ချယ်ရီမဂ္ဂဇင်းမှ ကိုပြည်သွေးနိုင်နှင့် အမှတ်မထင် လမ်း၌ဆုံပါသည်။ အဘ ကွယ်လွန်ခြင်း နှစ်နှစ်မြောက် အမှတ်တရတက္ကစာတစ်ခု ဖော်ပြရန် စီစဉ်လျက်ရှိရာ ဖြစ်နိုင်လျှင် ဆောင်းပါးတစ်ပုဒ် ရေးပေးရန်ပြောလာပါသည်။ အဘအမှတ်တရမို့ ရေးချင်သည့်ဆန္ဒက ရှိသည်။ သို့သော်လည်း စာဆို၍ အထက်တန်း ကျောင်းသားဘဝက နှစ်ကြိမ်ခန့်၊ တက္ကသိုလ်ရောက်စက





သုံးကြိမ်ခန့်သာ ရေးဖူးသည်။ တို့ကနန်း၊ ဆိတ်ကနန်းသာမှို အာမဝန္တာမခံရဲ **ကြိုးစား**ပါမည်ဟုသာ ပြောလိုက်ရသည်။ ဆန္ဒကရှိရင်းစွဲမို့ ကြိုးစားပန်းစားနှင့် အဆုံးတွင် ဆောင်ပါးတစ်ပုဒ် ဖြစ်သွားသည်။ ဆောင်းပါးပြီးတော့ ကလောင်အမည်က **စဉ်းစား**မရဖြစ်သည်။ လွန်ခဲ့သော အနှစ်လေးဆယ်ကျော်က ကလောင်အမည်ကိုလည်း **ပြန်**မသုံးလို။ သို့ အခက်ကြုံ၊ အကြံအိုက်နေခိုက် ဇနီးဖြစ်သူက -

"ဘာလို့ အထူးစဉ်းစားနေရတာတုန်း။ အဘ ပေးထားခဲ့တဲ့ မွေးစက နာမည် **ဒလဘန်း** ကို သုံးပါလား"

ဟု အကြံပြုသည်။ ထိုအခါတွင်မှ အဘပေးခဲ့သည့် မွန်အမည်ကို အမှတ်ရပြီး ယင်းကိုပင် ကလောင်အမည်အဖြစ်သုံးရန် မဆိုင်းမတွဆုံးဖြတ်ချက်ချလိုက်ပါသည်။

ချယ်ရီမှ စာမူတောင်းသည်က ဇူလိုင် ၁၃ ရက်၊ စာမူပေးဖြစ်သည်မှာ ၁၅ ရက်နေ့ ဖြစ်သည်။ စာပေစိစစ်ရေးမှ စာမူကို ခွင့်ပြုလိုက်ပြီဖြစ်ကြောင်းကို ဇူလိုင် ၂၀ ရက်နေ့တွင် ကိုပြည်သွေးနိုင်က ဖုန်းဆက်သတင်းပေးလာပါသည်။ တိုက်ဆိုင်လိုက်သည်က ထိုနေ့သည် စာရေးသူ အသက် ၆၀ ပြည့်သောနေ့။ လူ့လောကထဲ ရောက်သည့်နေ့က အဘပေးခဲ့သည့် မွန်အမည်၊ အဘမှတ်တမ်း၌သာရှိခဲ့သည့် မွန်အမည်၊ အသက် ၆၀ ပြည့်သည့်နေ့တွင် တရားဝင်အမည်ဖြစ်လာသည်ဟု ဆိုရမည်လားမပြောတတ်ပါ။

ဆောင်းပါးရေးသည်ကို သတင်းရသည့် မိတ်ဆွေများက ကလောင်အမည်ကို မေးကြသည်။ ဖြစ်စဉ်ကို ရှင်းပြနိုင်သည်။ အမည်၏ အဓိပ္ပာယ်ကိုမေးကြသည့်အခါ အခက်ကြုံရတော့သည်။ မြန်မာ့စွယ်စုံကျမ်း၌ မွန်စစ်သူကြီး **ဒလပန်း** [9] အကြောင်းကို တွေ့ရသည်။ အဘအမွေထားရစ်ခဲ့သည့် အဘိဓာန်များမှ မွန်-အင်္ဂလိပ် အဘိဓာန်တွင်ကား -

တလ (ဒလ) - Tala, n, lord, master, Owner, numerical auxiliary applied to men

ဟူ၍ တွေ့ရသည်။ အဖြေမှန်ကား မသိ။ ရှာဖွေတွေ့ရှိချက်တို့ကိုသာ ပြောပြရတော့သည်။

မွေးမွေးချင်း အဘပေးလိုသည့်အမည်ကို ကလောင်အမည်အဖြစ် **ရွေးခဲ့မိပြီ** ထို့အတွက်ကြောင့် အဘ စိတ်ကွက်အံ့တော့မထင်။ အဘသိပါက ဝမ်းမြောက်ဝမ်းသာ "ကောင်းလေစွ" ဟု ဆိုလိမ့်မည်ဟုသာ ယုံကြည်မိပါသည်။

"မွေးတဲ့နေ့က အဘပေးခဲ့တဲ့ မွန်နာမည်နဲ့ အဘ သား လူဖြစ်ခဲ့တာ **နှစ်နှစ်**တင်းတင်းပြည့်ခဲ့ပါပြီ။ ဒလဘန်းဆိုတဲ့ နာမည်ကို ကျွန်တော်မြတ်မြတ်နိုးနိုးနဲ့ ခံယူခဲ့ပါတယ်ဆိုတာကို မွန်သံယောဇဉ်ကြီးတဲ့ အဘသာသိမယ်ဆိုရင် . . . "



www.burmeseclassic.com

www.burmeseclassic.com



**ကျမ်းကိုး**


(၁) ခင်မင်၊ မောင်၊ (ဓနုဖြူ)။ ဦးပုတ်နီ၏ ကုမ္ဘာရပြဇာတ်"၊ **ငွေတာရီ**။ ၁၉၉၇၊ ဇွလိုင်။

(၂) ဒလဘန်း။ အဘိဓာန်ပညာရှင် နှစ်ဦး၏ ရေစက်၊ **ချယ်ရီ**။ ၂၀၀၇၊ စက်တင်ဘာ။

(၃) မင်းသုဝဏ်။ "ကမာရွတ်"၊ **ရန်ကုန်တက္ကသိုလ် စာနယ်ဇင်းအသင်း နှစ်ပတ်လည် မဂ္ဂဇင်း**၊ ၁၉၅၀-၅၁

(၄) မင်းသုဝဏ်။ "တလိုင်းသံများ"၊ **ဂန္ထလောကမဂ္ဂဇင်း**၊ ၁၉၃၉ ဇွန်။

(၅) မင်းသုဝဏ်။ "တော်ပလွဲ-ကွမ်းခြံကုန်း"၊ **ပန်းတို့ပွဲ**၊ ပါမောက္ခနိုင်ပန်းလှ (၇၅) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်။

(၆) မင်းသုဝဏ်။ "ထီးသုဉ်း၊ နန်းသုဉ်း၊ နှစ် ၅၀ မြောက် တန်ဆောင်မုန်း"၊ **ရှုမဝ**၊ ၁၉၈၂

(၇) မင်းသုဝဏ်။ "သူငယ်ဘဝရှေးခါက" **စာပေဗျာနယ်**၊ ၁၉၉၅ ဧပြီ။

(၈) မြန်မာ့စွယ်စုံကျမ်း - အတွဲ-၅၊ တွဲ-နီ၊ စာ-၂၅၃-၂၅၄။

(၉) A Mon- English Dictionary, Halliday.

(၁၀) မောင်ဝန်။ သုရှင်၊ ဂန္ထလောက၊ ၁၉၃၄ အောက်တိုဘာ


**မှတ်စု**

၁။ ခလောက်တရာ။ မင်းသုဝဏ်၏ **မြန်မာစာအုပ် ဝေဖန်ချက်များ** အတွက် ဆရာ ဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ) အမှာစာမှ အဘ၏ ကလောင်ခွဲ တစ်ခုသည် "**ခလောက်တရာက ဝေသော်ကြာ**" ဖြစ်ကြောင်းသိရပါသည်။

၂။ ထိုးဇာတ်။ ဘုရားဟောနိပါတ်တော်လာ ဇာတ်ဝတ္ထုများမှ အပ ဖြစ်သော ပါးစပ်ရာဇဝင်လာ အကြောင်းအရာဒဏ္ဍာရီစသည်တို့ကိုဖွဲ့သော ဇာတ်စာ ဖြစ်ပါသည်။

၃။ နိုင်ငံတော်ကို ကျေးဇူးပြုတတ်သော ရတနာ ၉ ပါး။

(၁) ပြည်ကြီးဝန်ကို ဆောင်ရွက်ကုန်သော အမတ်ကြီးတို့သည် **ပြည်၏ ဦးကင်း** မည်ကုန်၏။

(၂) ပညာရောင်ဖြင့် တောက်ပကုန်သော သီလကို စောင့်ကုန်သော သမထဝိပဿနာကို အားထုတ်ကုန်သော ရဟန်းသူတော်တို့သည် **ပြည့်တံခွန်** မည်ကုန်၏။

(၃) ဗေဒင်ဆရာ ဆေးအရာတို့၌ လိမ္မာကုန်သော ဆရာတို့သည် **ပြည့်မျက်စိ** မည်ကုန်၏။

(၄) လုံမြဲသော အကျင့်စကားရှိကုန်သော တစ်ပါးသောမင်းတို့၏ လျှို့ဝှက်သော အကြံအစည်ကိုသိနိုင်ကုန်သောသူလျှိုတို့သည် **ပြည့်နား** မည်ကုန်၏။

(၅) ရဲရင့်သော အစွမ်းနှင့် ပြည့်စုံကုန်သော မင်းညီ မင်းသား မင်းဆွေ မင်းမျိုးတို့သည် **ပြည့်စွယ်** မည်ကုန်၏။

(၆) အလွန် အဆင်းလှကုန်သော မိန်းမပျိုတို့သည် **ပြည့်မျက်နှာ** မည်





ကုန်၏။

(၇) စည်းစိမ်ဥစ္စာပေါများကုန်သော သူဌေးသူကြွယ်တို့သည် **ပြည့်ဝမ်း** ဖြစ်ကုန်၏။

(၈) ရန်သူကို နှိမ်နင်းနိုင်သော စစ်သည်တို့သည် **ပြည့်ခြေ** ဖြစ်ကုန်၏။

(၉) လင်းလေး၊ ဒူးလေးစသောလက်နက်သည် **ပြည့်လက်** မည်ကုန်၏။

၄။ ဒလပန်း။ ဟံသာဝတီမင်း ဗညားဒလလက်ထက် သေနာပတိအရာ ခန့်ထားခြင်းခံရသော စစ်သူကြီး။ မုဆိုးဘို မြို့ကိုလည်းကောင်း၊ နောင်တွင် ဒဂုံမြို့ကို လည်းကောင်း၊ အကြိမ်ကြိမ် တိုက်ဖူးသည်။ မဟာမင်းလှ မင်းခေါင်နှင့် မြင်းစီးချင်းထိုးဖူးသည်။ နောင်တော်ကြီး မင်းလက်ထက်၊ သုံ့ပန်းအဖြစ် ရောက်ရှိသွားသော ဇနီး၊ သားမယားတို့အတွက် အညွှံ့ခံရ၊ ဒလပန်း၏ ရဲစွမ်းသတ္တိဂုဏ်ကို ထောက်ညှာ၍ အသက်ချမ်းသာပေးကာ အမှုတော် ထမ်းစေခဲ့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြည်ကြည်

## အဘ၏ 'ကြည်ချမ်းပန်း'

ဒီဇင်ဘာလလယ်၊ ရက်တစ်ရက် ဇီဝိတသံယာ့ဆေးရုံကြီး၊ သံဃာနှင့် သီလရှင်များအတွက် ဆွမ်းတစ်ရက်စာ သွားလှူဖြစ်သည်။ ရှေးယခင်နှစ်များက ဆိုလျှင် ဖေဖော်ဝါရီလ ၁၀ ရက်နေ့နှင့် ဇူလိုင်လ ၁၂ ရက်နေ့၊ သို့မဟုတ် နီးစပ်ရာနေ့ စနေနေ့ရောက်တိုင်း သံဃာ့ဆေးရုံကြီးသို့ နှစ်စဉ်နှစ်ကြိမ် လှူဖြစ်သည်။ ထိုနေ့တစ်နေ့တည်း၌ပင် မေရီချက်(ပ်)မင်း နားမကြားသောကလေးများ ကျောင်း၊ မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ(ဗဟိုလမ်း)၊ ဘိုးဘွားရိပ်သာ(သိမ်ဖြူလမ်း)များသို့လည်း တစ်နေရာပြီး တစ်နေရာကူး၍ လှူဖြစ်သည်။ အဘနှင့် အမေတို့၏ မွေးနေ့များဖြစ်ကြ၍လည်း ကုသိုလ်လုပ်ရသည်မှာ အားရဝမ်းမြောက်ဖွယ်ရှိသည်။ ယခုနှစ် ဒီဇင်ဘာလလှူရသည့် အလှူကား ဒုတိယမြောက်နှစ် အလှူဖြစ်သည်။ ဒီဇင်ဘာလ ၂၉ ရက်နေ့ အမေကွယ်လွန်ခဲ့သည့်နေ့များ၊ အမေ့ကိုရည်စူး၍ ပြုလုပ်ရသော ကောင်းမှုကုသိုလ်ဖြစ်သည်။ အမေကွယ်လွန်သည်မှာ နှစ်နှစ်တင်းတင်းပြည့်ခဲ့လေပြီ။ အမေ့မွေးနေ့အတွက် လှူရသလိုတော့ ဝမ်းမြောက်ဝမ်းသာ မရှိနိုင်ခဲ့ပါ။

အမေသည် သားသမီးများအပေါ် အလွန်တာဝန်ကျေခဲ့သော မိခင်တစ်ဦးဖြစ်သည်။ သားသမီးများ ငယ်စဉ်ကလေးဘဝ ကျောင်းသားအရွယ်မှ အထက်တန်းရောက်သည်အထိ ကျောင်းစာများလုပ်ရာ၌ ကြီးကြပ်ကူညီပေးလေ့

www.burmeseclassic.com



ရှိသည်။ စာမေးပွဲနီးလာလျှင် အမေပို၍ အချိန်ပေးဂရုစိုက်တော့သည်။ သားသမီးများ စာကျက်ချင်စိတ်ပေါ်အောင်၊ ပျော်အောင်၊ ကြိုက်တတ်သည့် ဟင်းလျာများကို ကိုယ်တိုင်ချက်ပြုတ်ကျွေးသည်။ စာမေးပွဲရက်များ၌ ကလေးပီပီ အမေ့ကိုပူဆာ၍ ပိုကောင်းသည်။ ဆယ်တန်းစာမေးပွဲဖြေစဉ်က တစ်နေ့နှစ်ဘာသာဖြေရသည်။ နံနက်ပိုင်း တစ်ဘာသာပြီးလျှင် အမေက ကျောင်းအပြင်မှ စောင့်၍ ထမင်းကျွေးသည်။ မှတ်မှတ်ရရ စာရေးသူကြိုက်သော တစ်ချိန်က တက္ကသိုလ်ရိပ်သာလမ်းရှိ 'ဟိုက်စွမ်' စားတော်ဆက်မှ ခေါက်ဆွဲကြော်ကို ဝယ်ကျွေးလေ့ရှိသည်။



အဘနှင့်သူ၏ဇနီး၊ သားသမီး၊ မြေး၊ မြစ်များ

သားသမီးသုံးယောက်မှ တစ်ယောက်ယောက်နေမကောင်းလျှင် အမေပင်ပန်းရှာတော့သည်။ ညဖက် အမေကောင်းစွာမအိပ်ရ။ ချွေးနှင့် အအေးမိမည်စိုး၍ မကြာခဏချွေးစမ်း ချွေးသုတ်ပေးပြီး အင်္ကျီသစ်လဲပေးသည်။ သားသမီးသုံးယောက်စလုံးက မျက်မှန်သမားဖြစ်ကြသည်။ မျက်စိစမ်းသပ်ရန် ဆရာဝန်ထံသွားသည့်အခါ၊ မျက်မှန်လဲရသည့်အခါများ၌ အမေပါရပြန်သည်။ ငယ်စဉ်က မျက်စိဆရာဝန်ကြီး **Dr.Y.A. Docrat** ထံသို့ အမေကိုယ်တိုင် လိုက်ပို့ပေးသည့် အကြိမ်ပေါင်းများစွာကို အမှတ်ရမိသည်။ သွားဆရာဝန်ကြီး **Dr.W.Moon Aung** ထံ သွားရသည့်အခါ သွားနှုတ်ရသည့်အခါများ၌လည်း






သွားစိုက် ခုံနံဘေးမှရပ်ကာ အမေအားပေးလေ့ရှိသည်။

သားသမီးများ ပညာစုံ၍ အလုပ်ခွင်ဝင်ကြသည့်အခါ၌လည်း အမေ ဂရုစိုက်မှု စောင့်ရှောက်မှုများက လျော့သွားသည်မရှိပါ။ အစ်ကိုကြီး လူမှုဘဝ ဟသ်ာတသို့ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဝန်ထောက်အဖြစ် အလုပ်ပြောင်းရသည့်အခါ သားကြီးအစားဆင်းရဲမည်စိုး၍ ကိုယ်တိုင်ချက်ပြုတ်ကျွေးရန် လိုက်သွားသည်။ တစ်ရက် ချက်ပြုတ်စဉ် ရင်ဘတ်အထက်ပိုင်း ဆီပူလောင်၍ ရန်ကုန်သို့ပြန်လာပြီး အတော်ကြာကုရရှာသည်။ အမေ့မေတ္တာက တော့ လျော့သွားသည်မရှိပါ။

အရွယ်ရောက်၍ သားနှစ်ဦးက အိမ်ထောင်ခွဲနေလေသည်။ မိဘများထံ အလည်သွားတိုင်း အိမ်ရောက်သည်နှင့် တစ်ခုခုကျွေးရန် စဉ်းစားစီစဉ်တော့သည်။ အိမ်ပြန်သည့်အခါ၌လည်း စားစရာတစ်ခုခု ပေးဖြစ်အောင်ပေးသည်။ အရန်သင့်ရှိသည့် ဟင်းတစ်မျိုးမျိုးကို ထည့်ပေးတတ်သည်။ ဟင်းနည်းနေလျှင်



အဘ ဂျပန်ရောက်စဉ်အခါက ပုံ

သားများအိမ်ရောက်သည်နှင့် ကပျာကယာ ရေခဲသေတ္တာထဲမှ ငါး သို့မဟုတ် ကြက်သား၊ အသားစိမ်းတစ်ခုခုကို ထုတ်သည်။ ပြန်ခါနီးမှ ပူပူနွေးနွေးစားရအောင် ကြော်ပေးလိုက်သည်။ ဟင်းပေးလိုက်သည့်အခါများ အိမ်ပြန်ရောက်ပြီး မကြာခင် အမေဖုန်းဆက်တော့သည်။ ဟင်းပူပူ၊ ချိုင့်အဖုံးမဖွင့်ဘဲသားက ဟင်း



www.burmeseclassic.com

www.burmeseclassic.com



သိုးသွားမည်စိုး၍ မစားဖြစ်သေးလျှင် ချိုင့်ဖုံးဖွင့်ထားရန် သတိပေးခြင်းဖြစ်သည်။ လွန်ခဲ့သည့် ၁၀နှစ်ကျော်အချိန်ကစ၍ စာရေးသူ၏ဇနီးက သက်သတ်လွတ်စားသည်။ ထိုအခါ ချွေးမငယ် စုစုလွင်အတွက် သက်သတ်လွတ်ဟင်း တစ်ခုခုပါအောင် စီစဉ်ပြန်သေးသည်။ ဟင်းအဆင်မပြေလျှင် အနည်းဆုံး မုံလာဥနီပန်းဂေါ်ဖီ၊ ဖီးကြမ်းငှက်ပျောသီး စသဖြင့် တစ်ခုခုတော့ ဖြစ်အောင်ပေးလိုက်သည်။ သပြေညိုအိမ်နှင့် ဈေးကနီးသည်မို့ တစ်ခါတစ်ရံ ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ်စားစေချင်၍ ဈေးသို့အပြေးကလေး သွားဝယ်ပေးလိုက်သည်ကလည်း ရှိသေးသည်။ သားသမီးများ လိုက်မမီသော အမိမေတ္တာဖြစ်ပါသည်။

အမေသည် သားသမီးများအပေါ်၌သာ မိခင်ကောင်းပီသသည်မဟုတ်။ အဘအပေါ်၌လည်း ဇနီးသည်ကောင်း ပီသသူဖြစ်သည်။ အဘနှင့်အမေတို့၏ အိမ်ထောင်သက်သည် သာမန်အိမ်ထောင်သက်များထက် ကျော်သည်ဟု ဆိုနိုင်ကောင်းမည်ထင်ပါသည်။ ခြောက်ဆယ့်နှစ်နှစ်ကျော် အိမ်ထောင်ဖက်ဘဝတစ်လျှောက် အဘကို အဖက်ဖက်မှ အမေပါရမီဖြည့်ခဲ့သည်။ ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့ အဘကွယ်လွန်ချိန်အထိသာမက အဘကွယ်လွန်ပြီး တစ်နှစ်ပြည့်အမှတ်တရ အလှူလုပ်ရာ မဟာသန္တိသုခကျောင်းတိုက်သို့ ဘီးတပ်ကုလားထိုင်ဖြင့် ရောက်အောင်လာ၍ အဘ၏ မိတ်ဆွေအပေါင်းအသင်း၊ တပည့်သားမြေးများကို ဧည့်ခံပေးခဲ့သူဖြစ်သည်။ အိမ်ထောင်သက်တစ်လျှောက် အဘထံလာကြသည့် စာပေလောက၊ ပညာရေးလောကမှ မိတ်ဆွေနှင့် တပည့်သားမြေးအပေါ် အမေဧည့်ဝတ်ကျေခဲ့သည်။


အမေနှင့်အဘတို့ အိမ်ထောင်ရေးက ဂျပန်ခေတ်တွင်စခဲ့သည်။ မိဘနှစ်ပါးနှင့် ဆွေမျိုးများရှိရာ ကွမ်းခြံကုန်းမှ ဇနီးလောင်းရှိရာ ညောင်တုန်းမြို့သို့ ၁၉၄၂ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် အဘ၏ခရီးစသည်။ တွံတေးဝတွင် တစ်ညအိပ်၊ ကျွဲကတ်မရောက်မီ တစ်ညအိပ်ပြီး ခရီးဆက်သည်။ မအူပင်မှ မေလ ၂၅ ရက်နေ့ည ရွက်လွှင့်၍ခရီးဆက်ရာ ညောင်တုန်းသို့ နောက်တစ်နေ့စောစော ရောက်သည်။ ညောင်တုန်းရောက် ခဏနားနေပြီ မင်္ဂလာရက်အချိန်တို့ကို ရွေးချယ်သတ်မှတ်ရေးအတွက် အဘလှုပ်ရှားရပြန်သည်။

ညောင်တုန်းမြို့ ၅ မျက်နှာကျောင်း ဆရာတော်ထံမှ မင်္ဂလာရက်နှင့် အချိန်တောင်းခံရန် အဘသွားသည်။ ဆရာတော် ဟင်္သာတကြွသွားသည်နှင့် ကြုံကြိုက်သည်။ ကျောင်းတွင်ကျန်ခဲ့သော ဦးပဥ္စင်းတစ်ပါးက ဆရာစိန်အမည်ရှိ





ပညာရှင်တစ်ဦးထံသွားရန် လမ်းညွှန်သည်။ ဆရာနေရာ ဈေးကျောင်းသို့ ညောင်တုန်းသား မိတ်ဆွေဦးဘဂျမ်းကိုခေါ်၍ လိုက်ကြသည်။ ကျောင်းထဲတွင် ဆရာစိန်မရှိပြန်၍ ဓာတ်မီးစက်ဦးဘသန်းဆိုသူ မိတ်ဆွေအိမ်သွား၊ ခေတ္တစ တည်းချပြီး ဆရာစိန်ကို အရှာခိုင်းရသေးသည်။ ဆရာစိန်သည် ရှေးက ရုံးစာရေးလုပ်ခဲ့ဖူးသည်။ နောက်ပိုင်းတွင် မျက်စိကွယ်သွား၍ အစိုးရအလုပ်မှ ထွက်လိုက်ရသည်။ အဂ္ဂိရိတ်ဝါသနာပါသူတစ်ဦးဖြစ်ပြီး ဗေဒင်ပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သည်။ ညောင်တုံးနယ်တွင် သူနှင့်တူသူမရှိသလောက်ဟု ဆိုကြပြီး တပည့်တပန်းပေါသူလည်းဖြစ်သည်။ အဘလက်ရေးနှင့် မှတ်တမ်းတွင်တွေ့ရသော ဆရာစိန်ရွေးချယ်ပေးသည့် မင်္ဂလာအချိန်မှာ အောက်ပါအတိုင်းဖြစ်လေသည်။



ဆရာစိန်ရွေးပေးသည့် မင်္ဂလာနေ့ရက်နှင့် အချိန်အတိုင်း ၁၁-၆-၄၂ နေ့တွင် အဘနှင့်အမေတို့ မင်္ဂလာအခမ်းအနားပြုလုပ်ခဲ့ကြောင်း မင်္ဂလာဆောင်ဖိတ်ကြားစာအရ တွေ့ရှိရသည်။ မင်္ဂလာရက်မတိုင်မီ ၁၃၀၄ ခုနှစ်၊ နယုန်လပြည့်နေ့ (၂၈-၅-၄၂) ရက်နေ့တွင် အမေ့အတွက် သီးသန့်ကဗျာတစ်ပုဒ်ကို အဘရေးစပ်သည်။ ကဗျာခေါင်းစဉ်ကို **ကြည့်ချစ်ပန်း** ဟူ၍ ပေးခဲ့သည်။ အမေနှင့်အဘတို့၏ မင်္ဂလာကိစ္စနှင့်စပ်လျဉ်း၍ စိတ်ဝင်စားဖွယ် မှတ်သားဖွယ်ရာတချို့ကို သတိပြုမိပါသည်။ မင်္ဂလာကိစ္စစီစဉ်ခြင်းကို ဘီအိုင်အေအုပ်ချုပ်ရေးခေတ်၊ (ဇန်နဝါရီ၊ မေ ၁၉၄၂) အတွင်း ပြုလုပ်ခဲ့ပြီး မင်္ဂလာအခမ်းအနားကို ဂျပန်စစ်အုပ်ချုပ်ရေးခေတ် (ဇွန်၊ ၁၉၄၂-ဇူလိုင်၊ ၁၉၄၃) အတွင်း ပြုလုပ်ခဲ့ကြောင်း တိုက်တိုက်ဆိုင်ဆိုင် ရက်ပိုင်းမျှကာလအတွင်း ခေတ်နှစ်ခေတ် အကျုံးဝင်နေကြောင်းကို တွေ့ရပါသည်။ ထို့အပြင် အဘတို့၏မင်္ဂလာနေ့ရက် (၁၁-၆-၄၂) သည် ကွမ်းခြံကုန်း၌ အဘကလေးဘဝ ၂ ပုဒ် ပထမဆုံးရေးဖွဲ့ခဲ့သည့်နေ့ (၁၁-၆-၃၁) မှ (၁၁) နှစ်မြောက်နေ့ဖြစ်ကြောင်း တိုက်တိုက်ဆိုင်ဆိုင်တွေ့ရှိရပါသည်။ အဆိုပါ ကဗျာလေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပုဒ်မှာလည်း အများသိပြီး အဘ၏အထင်ရှားဆုံးသော ကလေးကဗျာများတွင်ပါဝင်သည့် 'ဝါဆိုဝါခေါင်ရေတွေကြီးလို့၊ သပြေသီးမှည့်ကောက်စို့ကွယ်' အစချီ သပြေသီးကောက်ကဗျာနှင့် 'ဆွမ်းအုပ်နီနီအမေရှက်လို့ နက်ဖြန်မနက်ကျောင်းထွက်မယ်' အစချီ ဥပုသ်စောင့်ကဗျာ တို့ဖြစ်ကြပါသည်။

## ကြည့်ချစ်ပန်း

ပန်းစံပယ်သို့၊ ချစ်ဖွယ်မျက်နှာ
မြင်ရခါဝယ်–ငါ့မှာပျော်လှသည့်တကား။

စောင်းသံနယ်သို့၊ ချစ်ဖွယ်သံသာ
ကြားရခါဝယ်–ငါ့မှာပျော်လှသည့်တကား။

ဖြူဝင်းစံပယ်၊ ရန့်ကြွယ်နှင့်
နားဝယ်ငြိမ့်ညောင်း၊ သံချိုစောင်းထက်
ဆပေါင်းများစွာ၊ မကသာသည့်
မေတ္တာရှင်လန်း၊ ကြည့်ချစ်ပန်းကို
ဦးစွန်းထိပ်ချာ၊ ပန်ရခါဝယ်
ငါ့မှာ ပျော်မဆုံးတကား။

၁၃၀၄၊ နယုန်လပြည့်နေ့

အမေတို့က အမြင့်ဇာတိဖြစ်သည်။ အဘိုးဦးဒွေးက တာဝန်အရ နယ်စုံလှည့်ရသည်။ အဘွားဒေါ်စံပုက အမေ(၁၁)နှစ်သမီးအရွယ်တွင် ဆုံးသည်။ အမေက မောင်နှမငါးယောက်အနက် အလယ်လူ အစ်မနှစ်ယောက်၊ အောက်က မောင်နှင့် ညီမငယ်ကျန်သည်။ အဘွားဆုံးတော့ အဘိုးက အလုပ်တာဝန်နှင့် နယ်စုံလှည့်နေရ၍ သားသမီးများ ပညာရေးအတွက် ဘော်ဒါပို့ရသည်။ အမေတို့ ညီအစ်မတစ်တွေ စစ်ကိုင်း ABM ကျောင်းထွက်များဖြစ်ကြသည်။ ညီအစ်မတွေ တစ်ယောက်ပြီးတစ်ယောက် တက္ကသိုလ်ရောက်ကြသည်။ ကြီးကြီးမကြီး (ဒေါ်မမကြီး-ခြင်းကြား)။ ပြီးတော့ ကြီးကြီးပု (ဒေါ်ခင်သင်းနွဲ့)၊ အမေစသည်စသည်ဖြင့်။ တက္ကသိုလ်တွင် အမေ့အစ်ကိုဝမ်းကွဲတော်ကြသူများဖြစ်ကြသည့် ဦးတက်ထွန်း၊ ဦးသိန်းတင်(အိုးဝေဦးညိုမြ)တို့ ရှိနေနှင့်ကြသည်။ အဘတက္ကသိုလ်စရောက်သည့်နှစ်၊ တစ်ဆောင်တည်းနေရသူက ဦးတက်ထွန်း။ စား





**ထိမ်းမြားမင်္ဂလာ–မိတ်ဆက်ခြင်းစာ**

—၀၀—

ကွမ်းခြံကုန်းမြို့ ဘုရားအဘ"ဦးထွန်းလင်"ဘုရားအမေ"ဒေါ်ဝိ"
တို့၏သား–

**မောင်ဝန် *M. A., B. Litt. (Oxon.)***

ကို

ညောင်တုန်းမြို့–တရားသူကြီး ငြိမ်းစားဝန်ထမ်း အရာရှိ"ဦးဒွေး"
ဇနီးဟောင်း"ဒေါ်စံပု"တို့၏ သမီး

**မြင့်မြင့်**

နှင့်–

မိဘတို့ဝတ္တရားမှီသည့်အတိုင်း ထိမ်းမြားမင်္ဂလာ–မြို့လုပ်ခြင်းကိစ္စပ်ါ၌
၁၃၀၄–ခု၊ နယုန်လပြည့်ကျော်–(၁၄)ရက်
ကြာသပတေးနေ့–
နံနက် ၆–နာရီမှ ၉–နာရီအထိ
ညောင်တုန်းမြို့–သူဌေးမင်း"ဦးကျော်လှ"တိုက်အပေါ်ထပ်သို့
မင်္ဂလာပွဲချီမြှင့်ရန်–ကြွရောက်ပါရန်အကြောင်း
လေးမြတ်စွာ–မိတ်ကြားပါသည်။

★ မြို့မဝတီ–ညောင်တုန်းမြို့။

အတူတူ၊ သွားအတူတူ။ အဘထက် ဗီးလတ်ပညာတော်သင်ဆုတစ်နှစ်စောရသူ။ ဗီးလတ်တွင် အဘနှင့် သုံးနှစ်ခန့် ပြန်လည်ဆုံစည်းရသူ။ ဦးညိုမြနှင့် ဦးတက်ထွန်းတို့က တစ်ဝမ်းကွဲပြီး စရိုက်ချင်းတူ၍ ညီအစ်ကိုရင်းကဲ့သို့ ချစ်ကြသည်။ အစ်ကိုဦးတင်ထွန်းကို အကြောင်းခံသော်လည်း တက္ကသိုလ်မဂ္ဂဇင်း၊ ဂန္ထလောကမဂ္ဂဇင်း ကလောင်ရှင်များဖြစ်ကြသည့်အလျောက် အဘနှင့်ဦးညိုမြတို့လည်း ညီရင်းအစ်ကိုသဖွယ် ဖြစ်သွားကြသည်။ အဘ ဗီးလပ်ပညာတော်သင်ခရီးမစမီ၊ အဆောင်တွင် အဘအခန်း၌ အမှတ်တရလာအိပ်သူမှာ ဦးညိုမြဖြစ်သည်။ အဘရေးခဲ့သောကဗျာ (၁၀) ပုဒ်နှင့် ဘကြီးအောင်ညာတယ်ဝတ္ထုတိုကလေးတို့ကို စုပေါင်းကာ ပင်းယဆောင်သဟာရနှင့် စာပေအသင်းကိုယ်စား မင်းသုဝဏ်စာအုပ်ငယ် အုပ်ရေ–၅၀၀ကို တာဝန်ခံပုံနှိပ်ပေးခဲ့သူမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဦးညိုမြပင်ဖြစ်သည်။ ဦးတက်ထွန်း၊ ဦးညိုမြတို့အပြင် အဘတို့စာပေ အသိုင်းအဝိုင်း မိတ်ဆွေများကိုကြည့်လိုက်လျှင် ဦးစိန်တင်(သိပ္ပံမောင်ဝ) ဆရာဦးသိန်းဟန် (ဇော်ဂျီ)၊ ဦးမျိုးမင်း(နွယ်စိုး)၊ ဦးထင်ဖတ်(မောင်ထင်) ဦးသန့်တင်(ရွှေပြည်စိုး)၊ ဦးခန့်(ပန်းတနော်)၊ ဦးညီညီ(ဖြူး) စသည်ဖြင့် သိုက်သိုက်ဝန်းဝန်းရှိလှသည်။ အစ်ကိုနှစ်ဦးကိုအကြောင်းပြု၍ အမေတို့ ညီအစ်မတတွေကလည်း အဘတို့မိတ်ဆွေတစ်စုနှင့် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ရှိကြသည်။ သည်လိုနှင့် ခင်မင်ရင်းနှီးမှုမှသည် သံယောဇဉ်ငြိတွယ်သည့် အဆင့်သို့ တက်လှမ်းကာ၊ ကြီးကြီးပုက ဘကြီးမျိုးမင်း(အင်္ဂလိပ်စာ)နှင့် အကြောင်းပါ၍ အမေကလည်း အဘနှင့် အကြောင်းပါခဲ့ကြပါသည်။

အမေသည် သားဦးကို ကွမ်းခြံကုန်းမြို့ရှိ အဘ၏အစ်မကြီး ဒေါ်တင်နု(အမေနု)တို့အိမ်၌ ဖွားမြင်သည်။ ကိုကြီးကို ၁၃၀၄ခု၊ တပေါင်းလဆန်း ၉ ရက်၊ ညနေ ၅နာရီ ၃၅မိနစ် (၁၄-၃-၄၅) တနင်္ဂနွေနေ့ ညနေမွေးသောကြောင့် ဘဘကြီးက အောင်ဒင်ဝန်ဟု အမည်ပေးသည်။ အဘက သူ၏ဖခင်ကြီးကို 'ဘဘ' ဟုခေါ်၍ မြေးများက အဘိုးကို 'ဘဘကြီး' ဟု ခေါ်ကြသည်။ ငယ်စဉ်က ကိုကြီးအိမ်နာမည် 'ဥဂ္ဂါ' ဖြစ်ပြီး နောက်ပိုင်း ကိုဉာဏ်စိုး အမည်အတည်ဖြစ်လေသည်။

ဒုတိယမြောက်သားကို ကွမ်းခြံကုန်း၌ပင် ဂျပန်ခေတ်အတွင်း အမေမွေးဖွားသည်။ ၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့၊ ညနေ ၅နာရီ ၃၆မိနစ်တွင် မွေးဖွားသောမြေးကို ဘဘကြီးက 'မောင်သာမု' အမည်ပေးသည်။ အဘနှင့်အမေတို့တွင် သားနှစ်ဦးနှင့် သမီးထွေးတစ်ဦးသာရှိသည်ကို သိထားကြသူများအတွက် မောင်သာမုကို စာရေးသူဟု ထင်စရာရှိပါသည်။ ကိုသာမုသည် စာရေးသူမဟုတ်ပါ။ ကိုသာမုကို ကိုယ်ဝန်ရှိစဉ် အမေချောင်းထဲသို့ တစ်နေ့ ဆင်းရေချိုးစဉ် မြွေငယ်တစ်ကောင် ရေကူးသွားသည်ကို မြင်လိုက်ရသည်။ အဘတို့လည်း အမေဂျပ်မြွေထိသည်အထင်နှင့် စိုးရိမ်ပြီး ပိုက်ဆရာဘာဘူလေးထံမှ ဆေးယူ၍တိုက်ကြသည်။ ထို့အပြင် ဘာဘူလေး၏ညွှန်ကြားချက်အရ အဘိုးနှင့်ကွင်းပိုင်ကိုတင်မြှောက်သောအရက်နှင့် ဆေးမြစ်သွေး၍ အမေ့ကို တိုက်ရသေးသည်။ ကံကောင်းထောက်မ၍ အားလုံးချောချောမောမောဖြစ်သည်။

သို့သော်လည်း မွေးခါစ 'အလွန်ထွား၍ အငိုနည်းသည်' ဟု အဘမှတ်တမ်းတွင် တွေ့ရသည့် ကိုသာမု၊ လအနည်းငယ်အကြာ ဝမ်းပျက်ဝမ်းလျှော





ဖြစ်သည်။ ထိုခေတ်ထိုအခါက နှစ်စဉ်ဝမ်းပျက်ဝမ်းလျှောရောဂါများ အဘတို့နယ်တစ်ကြောတွင် ဖြစ်လေ့ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာနည်းပါးသည့်ကာလဖြစ်၍ ဓာတ်ဆားရေဝေးစွ၊ သကြားနှင့်ဆားကို သင့်လျော်သည့်အချိုးနှင့် ရောစပ်အရည်ဖျော်၍ ကလေးငယ်ကိုတိုက်ရုံနှင့် အသက်ကယ်နိုင်ကြောင်းမသိကြသေး။ ဝမ်းလျှောရောဂါနှင့် အဖိတ်အစင်များလှသည်။ ကိုသာမုတစ်ယောက်လည်း ဝမ်းလျှောလွန်ပြီး ဆုံးခဲ့ရသည်။ လအနည်းငယ်မျှသာ ထုယစောင့်ရှောက်လိုက်ရသော သားငယ်အတွက် အဘနှင့်အမေတို့ ယူကျုံးမရဖြစ်ကြရသည်။

စစ်ကြီးအပြီး အရေးပေါ်တက္ကသိုလ်ဖွင့်၍ ရန်ကုန်သို့ အဘပြန်ရောက်သည်။ ဗီးလတ်ပညာတော်သင်သွားစဉ်အခါက အလွန်ရင်းနှီးခဲ့သော အဘ၏မိတ်ဆွေကြီး ဦးခင်မောင်လတ်က ကန်တော်ကြီးအနီးပတ်ကလိန်လမ်းရှိ ခြံကျယ်ကြီးတစ်ခုအတွင်း နေထိုင်လျက်ရှိသည်။ ဦးခင်မောင်လတ်က ဖိတ်ခေါ်၍ ခြံအတွင်း ရေကန်ပျက်ကြီးအနီး စစ်အတွင်းကဆောက်လုပ်ထားသော လေးတိုင်စင်ဝါးမနိုတဲကလေးသည် အဘ၊ အမေ၊ ကိုကြီးနှင့် အိမ်ဖော်ကလေးတို့၏ တွန်းခိုရာဖြစ်ခဲ့သည်။ တူနှစ်ကိုယ်တဲအိုတွင်နေခဲ့ရသော အဘနှင့်အမေတို့၏ဘဝကသာယာချမ်းမြေ့ခဲ့ကြသည်။

လအနည်းငယ်အကြာ တက္ကသိုလ်ပရိဝုဏ်အတွင်း ပြည်ကျောင်းဆောင်၌ အလုပ်တာဝန်ကြောင့် အမေနှင့်အဘတို့ နေစရာရကြသည်။ နေရေးထိုင်ရေး အတော်အသင့် အဆင်ပြေလာသည်။ ၁၉၄၆ခုနှစ် ဇွန်လ၊ ၁ရက်နေ့တွင် တက္ကသိုလ်ကထိကရာထူးကို အဘရသည်။ ရာထူးနှင့်အလုပ်တာဝန်များ တိုးပြီးမကြာလှ၊ ဇူလိုင်လ ၂၀ရက်နေ့ နံနက် ၅း၃၀နာရီတွင် စာရေးသူကို အမေမွေးခဲ့ပါသည်။ တက္ကသိုလ်မော်ကွန်းထိန်း၊ ဆရာဦးယုခင်၏ဇနီး အမေ့သူငယ်ချင်းဖြစ်သူ ဒေါက်တာဒေါ်ဖေ့က အမေ့ကို သူကိုယ်တိုင်မီးဖွားပေးခဲ့ပါသည်။ နှမငယ်မထားချိုကို မွေးဖွားသည့်အခါ မိသားစုမှာ အမှတ်(၈၉)၊ အင်းလျားလမ်းရှိ တက္ကသိုလ်ဝန်ထမ်းအိမ်ငယ်သို့ ပြောင်းရွှေ့နေထိုင်နေကြပြီဖြစ်ပါသည်။ မောင်နှမလေးဦးအနက် နှမငယ်မထားချိုတစ်ဦးသာ ခေတ်မီကျန်းမာရေးအစောင့်အရှောက်နှင့် ၁၃၀၉ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၄ ရက်နေ့ (၁၃၊ ၉၊ ၄၇) စနေနေ့ ညနေခြောက်နာရီခွဲအချိန် ဒပ်ဖရင်ဆေးရုံ၌ မွေးဖွားခဲ့ပါသည်။

တက္ကသိုလ်နယ်မြေအတွင်း အမေနှင့်အဘတို့မိသားစုနှင့်အတူ တာ



www.burmeseclassic.com

www.burmeseclassic.com



လအရှည်ကြာဆုံးနေခဲ့ရသည်မှာ စာရေးသူ၊ သူငယ်တန်းအရွယ်၌ စတင်ရောက်ရှိခဲ့သည့် အမှတ်(၅)၊ ပုဂံလမ်းနေအိမ်ဖြစ်ပါသည်။ အိမ်၏ကျောဘက်၊ လမ်းသွယ်ကလေးသာခြားသည် အင်းဝဆောင်နှင့်ကပ်လျက်အိမ်မှာ ဘကြီးမျိုးမင်း (ဆရာဦးမျိုးမင်း-နွယ်စိုး)နှင့် ကြီးကြီးပုတို့၏အိမ်ဖြစ်ပါသည်။ ပုဂံလမ်းအိမ်ရှေ့ယာဘက်ယွန်းယွန်းတွင်ကား ဆရာဦးယုခင်၊ အန်တီမဖေ့တို့၏အိမ်၊ ယင်းအိမ်၏ ဝဲဘက်ကပ်လျက်က ဘကြီးဇော်ဂျီ (ဆရာဇော်ဂျီ)၊ ကြီးကြီးမစောရင်တို့၏အိမ်၊ ဘကြီးဇော်တို့အိမ်နှင့် မျက်နှာချင်းဆိုင်၊ အဘတို့အိမ်နှင့် ခြံစည်းရိုးချင်းကပ်လျက်က ဒေါက်တာမောင်မောင်ခ၊ အန်တီရူဘီတို့၏အိမ် စသည်တို့ဖြစ်ကြပါသည်။ အိမ်၏ ဝဲဘက်ကပ်လျက်က တက္ကသိုလ်အနုပညာအသင်းသားများ ဇာတ်တိုက်ရာနှင့် ဆရာများအပန်းဖြေရာ တက္ကသိုလ်ဆရာများအသင်း သီးသန့်တင်းနစ်ကွင်းဖြစ်ပါသည်။

တက္ကသိုလ်ဝန်ထမ်းဘဝ နှစ်အကြာဆုံးနှင့် အဘတန်ဖိုးအထားဆုံးအလုပ်ကား အဘိဓာန်လုပ်ငန်းဖြစ်သည်။ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနကို ကိုယ်တိုင်စတင်တည်ထောင်ခွင့်ရခဲ့ပြီး ဝန်ထမ်းများကိုယ်တိုင်စိတ်တိုင်းကျ လုပ်ငန်းလိုအပ်ချက်နှင့်အညီ ရွေးချယ်ခန့်ထားခဲ့ပြီး တက်ညီလက်ညီ လက်ရေတပြင်စီးလုပ်ခဲ့ရသည့် သူ၏တက္ကသိုလ်ဝန်ထမ်းဘဝကို အဘ အလွန်ခင်မင်တွယ်တာခဲ့သည်။ အဘက တက္ကသိုလ်၌အလုပ်လုပ်နေစဉ်ကာလ၊ အမေက အိမ်ရှင်မကောင်းပီသစွာ အိမ်ထောင်ထိန်းသိမ်းမှုကို နိုင်နင်းစွာ လုပ်နိုင်ခဲ့သလို တစ်ချိန်တည်း၌ပင် သူသင်ယူတတ်မြောက်ခဲ့သော ပညာကိုအသုံးပြု၍ ရှေ့ဦးစွာ ဘောင်ဒရီလမ်းစက်မှုလက်မှုကျောင်း၊ နောက်ပိုင်း နတ်မောက်စက်မှုလက်မှုအထက်တန်းကျောင်းတို့၌ မြန်မာစာဆရာမတာဝန်ကို တောက်လျှောက်ထမ်းဆောင်ခဲ့သည်။ အဘ အလုပ်မှအနားယူပြီး နှစ်အနည်းငယ်အကြာ၊ အဘသည် ဂျပန်နိုင်ငံအိုစာကာ ဘာသာခြားတက္ကသိုလ်၌ ဧည့်-မြန်မာစာပါမောက္ခတာဝန်ထမ်းဆောင်ရန် အကြောင်းပေါ်လာသည်။ ထိုအခါ ၁၉၇၅ ခုနှစ်မှ ၁၉၇၈ခုနှစ်အထိ လေးနှစ်တိုင်တိုင် အမေသည် ဆရာမအလုပ်မှ အနားယူကာ အဘနှင့်အတူ ဂျပန်သို့လိုက်၍ အဘအလုပ်အကိုင် စိတ်အေးချမ်းသာစွာလုပ်နိုင်ရေးအတွက် အဖက်ဖက်မှ တာဝန်ကျေပွန်ခဲ့သည်။ အိုစာကာ၊ တိုကျိုသို့ အလည်လာကြသော ဂျပန်မိတ်ဆွေများ၊ ကျောင်းသားကျောင်းသူများ၊ ဂျပန်စစ်ပြန်ဟောင်းများ၊ မြန်မာပညာတော်သင်များနှင့် မြန်မာသံရုံးဝန်ထမ်းများကို မြန်မာစာများ ချက်ပြုတ်ကျွေးမွေးခဲ့သည်။ ဂျပန်မှအလုပ်တာဝန်





များပြီးဆုံး၍ ပြန်လာပြီးနောက်လည်း နှစ်စဉ် မြန်မာနိုင်ငံသို့ အလည်ရောက်လာကြသော ဂျပန်မိတ်ဆွေဟောင်းများကို ဦးထွန်းလင်းခြံလမ်း၊ သမြေညီနေအိမ်၌ ဧည့်ခံကျွေးမွေးခြင်းများ နှစ်ပေါင်းများစွာလုပ်နိုင်ခဲ့သည်။

အမေနှင့်အဘတို့ အိမ်ထောင်သက်တစ်လျှောက် ပြည်တွင်းအပန်းဖြေခရီးကို နှစ်စဉ် နွေရာသီရောက်တိုင်းလို သွားဖြစ်ကြသည်။ သားသမီးများငယ်စဉ်က ကလော၊ တောင်ကြီး၊ လွိုင်ကော်၊ အင်းလေး၊ ပုပ္ပါး၊ ပုဂံ၊ မောင်းမတန် စသည့်နေရာများသို့ အမေနှင့်အဘတို့လိုက်ပို့ပေးကြသည်။ ခရီးစဉ်များမှာ ဒေသန္တရဗဟုသုတများရကြသလို အပန်းဖြေပျော်ရွှင်စရာတွေလည်း ဖြစ်ခဲ့သည်။ သားများအိမ်ထောင်ကျ၍ အိမ်ထောင်ခွဲသွားကြသည့်အခါ သမီးဖြစ်သူမိသားစုနှင့်အတူ ငပလီသို့ နှစ်စဉ်လိုသွားခဲ့ကြသည်။ အဘအသက်(၉၁)နှစ်အရွယ် ၂၀၀၀ပြည့်နှစ်အထိ အမေနှင့်အဘတို့ မြေးများနှင့်အတူ ငပလီအပန်းဖြေခရီးသွားဖြစ်ခဲ့သည်။

၂၀၀၀ပြည့်နှစ် နောက်ပိုင်းအသက်ကြောင့် အဘကျန်းမာရေးအားနည်းလာသည်။ အမေက အဘ၏ကျန်းမာရေးကို ပို၍ဂရုစိုက်လာသည်။ တက္ကသိုလ်ပုဂံလမ်းအိမ်တွင်နေစဉ်ကတည်းက နှစ်စဉ် အဘမွေးနေ့တိုင်းပြုလုပ်နေကြ ထမနဲပွဲကိုဖြစ်အောင် စီစဉ်ပေးသည်။ နှစ်စဉ် ဇန်နဝါရီလဆန်းလောက်မှစ၍ ထမနဲပွဲအတွက်လိုအပ်သော မြေပဲ၊ နှမ်း၊ ကောက်ညှင်းဆန်၊ အုန်းသီး စသည်တို့ကို စတင်စုဆောင်းတော့သည်။ မြေပဲအခွံချွတ်ခြင်း၊ ကောက်ညှင်းဆန်






www.burmeseclassic.com

www.burmeseclassic.com



ရွေးခြင်း၊ အုန်းသီးဖတ်များနေလှမ်းခြင်းတို့ကို ကိုယ်တိုင်အပင်ပန်းခံလုပ်ရှာသည်။ ၂၀၀၄ခုနှစ်၊ အဘာအသက် ၉၅နှစ်ပြည့်မွေးနေ့အထိ အမေဝတ္တရားကျေခဲ့သည်။ ဝတ္တရားကျေသည်ဟုပြောခြင်းထက် ခင်ပွန်းသည်ကို ပါရမီဖြည့်ခဲ့သည်ဟုဆိုခြင်းက ပိုမိုသင့်လျော်မည်ထင်ပါသည်။ အဘာအသက် (၉၅)နှစ်ပြည့် ထမနဲပွဲ၌ ရွှေယခင်နှစ်များ ကဲ့သို့ အဘာသွားသွားလာလာ ဧည့်မခံနိုင်ရှာ၊ အိမ်ရှေ့ဆင်ဝင်အောက်၌ ပက်လက်ကုလားထိုင်ပေါ်ထိုင်၍သာ ဧည့်ခံနိုင်သည်။ အမေက အဘာကိုယ်စား မိတ်ဆွေများအပေါ် ဧည့်ဝတ်ကျေအောင် မလစ်ဟင်းရအောင် လိုက်လံနှုတ်ဆက်ရသည်။

ထမနဲပွဲအပြီးမှ ၅လခန့်အကြာ အဘာကျန်းမာရေးပို၍အားနည်းလာသည်။ အမေလည်း နေ့မအိပ်၊ ညမအိပ် အဘာကိုစောင့်ရှောက်ပြုစုရှာသည်။ ညအခါ တရေးနိုးတိုင်းလည်း အဘာကိုချွေးစမ်း၊ အင်္ကျီလဲပေးရှာသည်။ မနက်-ည အဘာစားနိုင်သမျှ သောက်နိုင်သမျှကို ကိုယ်တိုင်ခွံ့၍ တိုက်ကျွေးသည်။ ပြုခဲ့ဖူးသောကုသိုလ်၊ အလှူဒါနများကို အဘာသတိရစေရန် သတိပေးနှိုးဆော်သည်။ အဘာက စကားများများမပြောနိုင်သော်လည်း ပြုခဲ့သောကုသိုလ်ကောင်း



အဘာ နှင့် အမေ
သားငယ်ဦးထင်ကျော် (ဓလဘာန်း)၊ သမီးဒေါ်ထားရီ နှင့် သားကြီးဦးဉာဏ်စိုး (ဥတ္တမ)





မှုများကို (နေ့စဉ်) နှလုံးသွင်း၍ အမှတ်တရားနှင့်နေပုံရသည်။ အမေနှင့်အဘာတို့ အလှူအတန်းများစွာလုပ်ခွင့်ရခဲ့ကြသည်။ လမ်းပြင်၊ တံတား ဆောက်၊ သိမ်ကျောင်း၊ တရားစခန်း ဆောက်လုပ်ရာတွင် အလှူများပါဝင်ခဲ့သည်။ စစ်ကိုင်းတောင်ရိုးအာယုဒါန သံဃာ့ဆေးရုံ၊ သီတဂူရေအလှူတို့လည်း ပြုလုပ်ခဲ့သည်။ အမေနှင့် အဘာတို့ နောက်ဆုံးနှင့် သူတို့အင်အားအလျောက် အကြီးမားဆုံးလုပ်နိုင်ခဲ့သည့်အလှူမှာ ဇီဝိတဒါနသံဃာ့ဆေးရုံရေသန့်စနစ် အတွက် ၁၁-၉-၀၃ တွင် ပြုလုပ်ခဲ့သည့်ကောင်းမှုဖြစ်ပါသည်။ ဤသို့ဖြင့် ဩဂုတ်လ ၁၅ရက်နေ့ နံနက်ခင်းတွင် အေးဆေးညင်သာစွာဖြင့် အဘာလောကကြီးတို့ စွန့်ခွာသွားခဲ့သည်။ ဇနီးကောင်းတာဝန် နောက်ဆုံးအချိန်ကျေပွန်ခဲ့သော အမေ၊ ဘဝအပြောင်းအလဲကြီးကို တရားနှင့်တည်ငြိမ်စွာရင်ဆိုင်နိုင်ခဲ့သည်။

အနှစ် ၆၀ကျော်မျှ အေးအတူပူအမျှ အတူနေခဲ့ကြရသည်ဖြစ်၍ အဘာကွယ်လွန်ပြီးနောက် အမေအားငယ်၊ သတိရဟာန်ရှိသည်။ နေ့ညမပြတ် အဘာကိုပြုစုစောင့်ရှောက်စဉ် မိမိကိုယ်မိမိ ဂရုမပြုနိုင်သော်လည်း အဘာမရှိသည့်အခါ အမေ့ပင်ကိုကျန်းမာရေးအားနည်းမှုများက နေရာယူလာကြသည်။ အမေက ဆီးချိုသမားမို့ အစားအသောက်အလွန်ဆင်ခြင်ရသည်။ မြေးဆရာဝန်ဖြစ်သူ မောင်မင်းဝဏ်က အိမ်ထောင်နှင့်အလုပ်နှင့်ဖြစ်သော်လည်း လိုအပ်တိုင်း အဘွားထံရောက်လာသည်။ သူ၏ဇနီးသည် ဆရာဝန်ကလည်း အဘွားရင်းပမာ စောင့်ရှောက်သည်။ အိမ်အတူနေ သမီးဖြစ်သူကလည်း အမေကိုမပြတ်စောင့်ရှောက်သည်။ တစ်နေ့ အမေ့ကိုဆေးရုံတင်ရန်ဖြစ်လာတော့ သားသမီးသုံးယောက်နှင့် သားသမက်၊ သမီးချွေးမများ အလှည့်ကျတာဝန်ယူစောင့်ရှောက်ခွင့်ရကြသည်။ ဆေးရုံကဆင်းခွင့်ရ၍ အိမ်ပြန်ရောက်ပြီးသည့်နောက် ထူးထူးခြားခြားတိုးတက်မှုကို မတွေ့ရတော့။ ပါးစပ်မှ အစာမစားနိုင်။ နှာခေါင်းပိုက်မှသာ အာဟာရဖြစ်စေသည့် ကြက်ပေါင်းရည်ကို တိုက်ခွင့်ရသည်။ စာရေးသူတို့ဇနီးမောင်နှံလည်း အိမ်ခွဲနေ၊ အနီးကပ်ပြုစုခွင့်မရ၍ ဇနီးစုစုလွင်က ညစဉ်ထမ်းညလုံးပေါင်းပေးသည့် ကြက်ပေါင်းရည်ကို စာရေးသူက မနက်တိုင်းပို့၍ အမေ့ကိုပြုစုကုသိုလ်ယူရသည်။ ဆေးရုံမှဆင်းပြီး သုံးလေးလအကြာ အမေသည်လည်း အဘာနည်းတူ သားသမီး၊ မြေး၊ မြစ်များကို စွန့်ခွာသွားရှာသည်။

အမေ အသက် ၄၉ နှစ်မြောက်မွေးနေ့က အမေ့အတွက် အဘာနေ့ဖွဲ့ဆုတောင်းဆန္ဒပြုခဲ့သည့် အောက်ပါကဗျာနှင့်အညီ အဘာ၏ဆန္ဒပြည့်ဝခဲ့ပါသည်ဟုသာ ဆိုချင်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## မကြည်ကြည်မွေးနေ့

လေးဆယ့်ကိုးနှစ်၊ ပြည့်သည့်ခေတ်တွင်
သားချစ်ညီကို၊ သမီးချို့နှင့်
အိုအောင်မင်းအောင်၊ ပေါင်းရအောင်လျှင်
စွမ်းဆောင်နိုင်အင်၊ မြင်လိုချင်သည်
ငါ့တွင်ဆန္ဒပြင်းသတည်း။

၁၀ း ၁၀ နာရီ
ဒလဘာန်း

**မှတ်စု**
(၁)ဦးဘဂျမ်း (၁၉၀၂–၁၉၅၃)သည် အလင်္ကာကျော်စွာဘွဲ့ရ ကာတွန်းဆရာ ဦးဘဂျမ်း ဖြစ်သည်။

**ကျမ်းကိုး။**
(၁)မြန်မာ့စွယ်စုံကျမ်း။ အတွဲ (ဂ)။ ပီး–မပေဘ။ စာပေဗိမာန်။ ၁၉၆၃

❖ ❖ ❖






အဘ နှင့် စာရေးသူ (ဒလဘာန်း)

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၂ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအကြို
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကမာရွတ်မြို့နယ် လွှတ်တော်အမတ်လောင်းအဖြစ်
မဲဆွယ်စည်းရုံးစဉ်

# အဘပေးခဲ့သည့်အမွေ

အားလုံးက အဘဟုခေါ်၍သာ ခေါ်ကြသည်။ သားသမီးသုံးယောက် သာမက တူ၊ တူမ အားလုံးကလည်း အဘဟူ၍သာခေါ်ကြသည်။ အဘကွယ်လွန်သည်မှာ ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့က ခြောက်နှစ်တင်းတင်း ပြည့်ခဲ့ပြီ။ ခြောက်နှစ်ကျော်ကာလသို့ တိုင်ခဲ့သော်လည်း အဘကို အစဉ်လိုသတိ ရနေသည်။ မိဘဖြစ်သည်မို့ သတိတရရှိနေရသလို၊ နေ့စဉ်ထိတွေ့ကျင်လည် နေရသည့် ပတ်ဝန်းကျင်အခြေအနေကြောင့်လည်း အဘကို မကြာမကြာ အမှတ်ရနေရသည်။

သာရေးနာရေးသွားသည့်အခါ အဘမိတ်ဆွေဟောင်းများနှင့် မကြာခဏဆုံရတတ်သည်။ ခဏမျှ စကားပြောမိလျှင် သူတို့ခင်မင်သည့် အဘအကြောင်း တစ်ခုခုက ပါလာတတ်စမြဲဖြစ်သည်။ တစ်ခါတစ်ရံ မိတ်ဆွေတစ်ဦးက မိတ်ဆက်ပေး၍ ပုဂ္ဂိုလ်တစ်ဦးဦးနှင့် အသိအကျွမ်းဖြစ်ရသည်။ စကားစမြည် ပြောဆိုကြရာမှ အဘသားမှန်းသိသည့်အခါ သိကျွမ်းရသည့် ခဏတာအချိန် တိုကလေးအတွင်း ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံလာတတ်သည်။ ပြီးတော့လည်း ထိုသူက သူနှစ်သက်ရာ အဘစာ အဘကဗျာ အကြောင်းတစ်ခုခုကို ပြောလာသည်ကို ကြုံရတတ်သည်။

ဆရာတော်တစ်ပါးက 'က-ကစွန်းပင် ရေမှာရှင်၊ ခ-ခရမ်းသီး စားနှင့်



www.burmeseclassic.com

www.burmeseclassic.com



လို့’ အစချီ ကကြီးခခွေးလက်ာကို ရွတ်သည်။ ပြီးတော့ ‘ဆွမ်းအုပ်နီနီအမေရွှက်လို့ နက်ဖြန်မနက် ကျောင်းထွက်မယ်’ အစချီ **ဥပုသ်စောင့်** ကဗျာရွတ်သည်။ ကကြီးခခွေးလက်ာက ရွတ်ဆိုရကောင်းပုံ၊ ကလေးကဗျာကလေးကို ယနေ့တိုင် စွဲစွဲလန်းလန်းရှိနေရပုံကို ပြောသည်။ တစ်ဦးက **ဘကြီးအောင်ညာတယ် ဝတ္ထု**ကလေးကို သူငယ်ငယ်ကဖတ်ရစဉ်၊ မောင်ချစ်ကလေး၊ သူလိုချင်လှသည့် ယမင်းရုပ်ကလေးကိုမရလိုက်၍ ဝမ်းနည်းပက်လက်ဖြစ်ကာ၊ ယမင်းရုပ်ကလေးကိုစွဲလန်းစိတ်ဖြင့် နောက်ဆုံး သေပွဲဝင်ရသည့်အဖြစ်နှင့် ဇာတ်သိမ်းသည့်အခါ မောင်ချစ်ကလေးကို သနားစိတ်ဖြင့် တစ်ဦးတည်းကြိတ်၍ မျက်ရည်ကျခဲ့ရပုံကို မကွယ်မဝှက်ပြောပြရှာသည်။

‘ဝါဆိုဝါခေါင် ရေတွေကြီးလို့’ အစချီ **သပြေသီးကောက်** ကဗျာထဲက ‘ခရာဆူးချုံ ဟိုအထဲက၊ မျှော့နက်မည်းကြီး တွယ်တတ်တယ်။ မျှော့နက်ဆိုတာ ချိုနဲ့လားကွဲ့၊ မြွေနဂါးတောင် ကြောက်ဖူးကွယ်’ ကို ရွတ်ဆိုရင်း ကြောက်စိတ်တွေ သူငယ်စဉ်က ပျောက်ပြီး၊ ရဲစိတ်ဝင်ခဲ့ရပုံကိုလည်း တစ်ဦးကပြောပြသည်။

**သပြေညို** ကဗျာကို အဘရေးအပြီး၊ ဆယ်နှစ်တင်းတင်းပြည့်သည့်နေ့တွင် မြန်မာပြည် လွတ်လပ်ရေးရသည်။ ဤထူးခြားသော တိုက်ဆိုင်မှုကို ကဗျာမြတ်နိုးသူ အတော်များများက သူတို့စေတနာအလျောက် အမျိုးမျိုး သုံးသပ်အဓိပ္ပာယ်ပြန်ဆိုကြသည်ကိုလည်း ကြုံရသည်။

လွန်ခဲ့သောနှစ် (၇၀)ခန့်က တက္ကသိုလ် မြန်မာစာသင်တန်းချိန်တစ်ချိန်တွင် ပေါရာဏတစ်လုံး၏အနက်ကို ဆရာဖြစ်သူအား တပည့်တစ်ယောက်က အများရှေ့တွင် မေးသည်။ မြန်မာစာဆရာဖြစ်သူ အဘက သူအသေအချာပြန်လည်လေ့လာပြီးမှ အနက်ကိုပေးလိုကြောင်း တပည့်ကျောင်းသားအား ကောင်းမွန်စွာ ပြန်လည်ပြောကြားခဲ့သည်။ ထိုအဖြစ်အပျက်ကို ကိုယ်တိုင်မြင်တွေ့ကြားသိခဲ့သည့် အတန်းသားတစ်ဦးဖြစ်သူ ဆရာဒဂုန်တာရာက မသိသည်ကို သိသယောင်ယောင် ဟန်မဆောင်၊ မသိသည်ကို မသိကြောင်း အမှန်အတိုင်းပြောသည့် အဘကို သူ တလေးတစားရှိခဲ့ပုံကို ဆရာနှင့် ပထမဆုံးအကြိမ်တွေ့ဆုံစဉ်က ပြောပြ၍ မှတ်သားခဲ့ရသည်။

**ပလုတ်တုတ်** ကလေးဂျာနယ်ကအစ အပတ်စဉ်ထုတ်ဝေသည့် ဂျာနယ်၊ လစဉ်ထုတ်ဝေသည့် မဂ္ဂဇင်း၊ နှစ်ပတ်လည် စာစောင်တို့သည် သူတို့ကြိုက်နှစ်သက်ရာ အဘ၏ ကဗျာ၊ ဆောင်းပါး၊ ပုံပြင်၊ ဝတ္ထု စသည်တို့ကို ရွေးချယ်၍ စာစောင်များ၌ မကြာမကြာ ဖော်ပြကြသည်။ တစ်ခါတစ်ရံ အဘ





အမှတ်တရ အထူးစာစောင်များအဖြစ်လည်း ထုတ်ဝေကြသည်။

ယနေ့ စာနယ်ဇင်းလောကတွင် ထွက်ရှိနေသော စာစောင်အမျိုးအစား အရေအတွက်က များလှသည်။ ထွက်ရှိသမျှ စာစောင်များကို ဝယ်ယူဖတ်ရှုရန် လက်လှမ်းမမီပါ။ သို့သော်လည်း အဘ စာမူအသုံးပြုထားသူများက သူတို့စာစောင်ကို ကလောင်ရှင်မိသားစုထံ အမှတ်တရ ပို့ပေးတတ်ကြသည်။ ထုတ်ဝေသူတို့၏ ကျေးဇူးကြောင့်၊ ထိုအခါမျိုး၌ အဘ၏စာ၊ ကဗျာ တို့ကို အဆင်အပြင်သစ်၊ အသွင်သစ်ကလေးများဖြင့် မကြာမကြာ ပြန်လည်ဖတ်ရှုရသည်။ ဝမ်းသာကြည်နူး၊ ပီတိဖြစ်ရသည်။

ထုတ်ဝေသူတချို့က အဘ၏ ယခင်ထွက်ခဲ့ဖူးသော လုံးချင်းစာအုပ်များကို ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် ပြန်လည်ထုတ်ဝေကြသည်။ အချို့ကလည်း အဘစာနှင့် ကဗျာတို့ကို စုစည်းမှုအသစ်၊ အသွင်သဏ္ဌာန်တစ်မျိုးမျိုးဖြင့် လုံးချင်းစာအုပ်အသစ်များ ပုံနှိပ်ထုတ်ဝေကြသည်။ အဘကွယ်လွန်ပြီးခါမှ မိမိကိုယ်တိုင် အချိန်ယူရှာဖွေစုဆောင်းခဲ့သည့် စာမူတို့ဖြင့် ထုတ်ဝေသူတို့အား ကူညီပံ့ပိုးခွင့်ရသည်။ စာအုပ်အဖြစ်မရောက်မီ၊ ပုံနှိပ်စာမူကြမ်းများကို ဖတ်ရှုစိစစ်ခွင့်ရသည်။

အဘကဗျာတချို့ကို ဂီတသံစဉ်ဖြင့် သီချင်းအဖြစ်၊ ဖန်တီးသူများရှိသည်။ ရုပ်ရှင်တချို့၌ နောက်ခံတေးအဖြစ် ရွတ်ဆိုခြင်း၊ ဆီလျော်ရာ ဇာတ်ဝင်ခန်းတစ်နေရာ၌ ကဗျာအဖြစ် ရွတ်ဆိုခြင်းတို့ကိုလည်း ပြုလုပ်ကြသည်။ ဤသို့ဖြင့် အဘ မရှိကာမှ အဘ၏စာနှင့် ကဗျာများကြောင့် ကမ္ဘာအမျိုးမျိုးမှ ပုဂ္ဂိုလ်အမျိုးမျိုးနှင့် ထိတွေ့ခင်မင်ခွင့်ရသည်။ စာပေအခမ်းအနားတချို့သို့ မိသားစုကိုယ်စား ဖိတ်ကြားခြင်းခံရသည့်အခါများ၌ အဘကို ပို၍သတိရမိသည်။ ဝမ်းနည်းဝမ်းသာဖြစ်ရသည်။ အဘနှင့် အမေတို့၏ မေတ္တာရိပ်အောက် အေးချမ်းစွာနေခဲ့ရသည့် ငယ်စဉ်ဘဝကို ပြန်ပြောင်းစဉ်းစားမိသည်။

တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၊ စာတည်းမှူးဘဝ အဘနေခွင့်ရသည့် ပုဂံလမ်း၊ အမှတ် (၅)ရှိ အိမ်မှာ နှစ်ထပ်အိမ်ကြီးမို့ မိသားစုငါးယောက်အတွက် ကျယ်ကျယ်ဝန်းဝန်းရှိလှသည်ဟု ဆိုရမည်။ အိမ်ရှေ့မှာက ပန်းခြံနှင့် မြက်ခင်း၊ အိမ်နောက်မှာက ကားဂိုဒေါင်၊ ဝန်ထမ်းများအတွက် အိမ်တန်းလျား၊ တင်းနစ်ကွင်းတို့ပါသည်။ ခြံမှာလည်း အကျယ်ကြီးဖြစ်သည်။

မရမ်း၊ ပိန္နဲ၊ ပျဉ်းမပင်တို့ အိမ်ရှေ့မှာရှိသည်။ အိမ်ဘေးနှစ်ဘက် ဝဲ



www.burmeseclassic.com

www.burmeseclassic.com



ယာမှာက မရမ်း၊ မန်ကျည်း၊ သစ်တို၊ တရုတ်စကား၊ ကသစ်၊ အိမ်နောက်မှာက ဇန်ဒါ၊ စိန်ပန်း၊ ပိတောက်၊ လက်ပံ၊ ကျွဲကော၊ ကနစို စသည့် နှစ်ကြီးပင်များဖြင့် အုပ်အုပ်ဆိုင်းဆိုင်း၊ အေးအေးချမ်းချမ်းရှိသည်။ အိမ်ဆင်ဝင်ရှေ့ ပုဏ္ဏရိက်ပန်း ခြံဝိုင်းကလေးအတွင်း၌ အဘစိတ်တိုင်းကျ မျိုးရွေးပြီးစိုက်ထားသည့် နှင်းဆီရုံ (၂)ရုံ၊ သုံးရုံ ပင်တိုင်ရှိသည်။ ရောင်စုံ ရွက်လှပင်များကလည်း သူ့အစုကလေး တွေနှင့် သူတို့ရှိသည်။ နှင်းပန်း၊ နေကြာ၊ ဒေလီယာ စသည်တို့ကိုလည်း သူ့အ ခင်းကလေးများနှင့်သူ ရာသီရွေးသည့်အပင်များကို သူ့ရာသီအလိုက် အဘစိုက် သည်။ ဆင်ဝင်က ခြံဝိုင်းကလေးထဲသို့ ကူးသည့်နေရာတွင် ခွါညိုပန်းစင်ခုံးက လေးရှိသည်။ သစ်ခွစင်တွင် မြန်မာသစ်ခွတချို့ကိုလည်း ချိတ်ဆွဲထားသည်။

ပန်းခြံပတ် ကတ္တရာလမ်းကလေး၏ တစ်ဘက် အိမ်ရှေ့ခြံစည်းရိုးနှင့် ပတ်လမ်းကလေးအကြား မြေကွက်လပ်က အဘ၏ စံပယ်စိုက်ခင်းဖြစ်သည်။ စံပယ်ရုံများဘေးမှာက ဆိတ်ဖလူးပင်၊ ရဲယိုပင်တို့ရှိသည်။ အိမ်ရှေ့ယာဘက် ထောင့်ရှိ ပျဉ်းမပင်တိုင်အောင်လည်းကောင်း၊ အိမ်ယာဘက်ဘေး မီးဖိုဆောင် နှင့် ခြံစည်းရိုးအကြား မြေကွက်လပ်တွင်လည်းကောင်း၊ စိုက်ခင်းကလေးများရှိ သည်။ ပဲတောင့်ရှည်၊ ပဲစောင်းယား၊ သခွါး၊ ဘူးစင်၊ ချဉ်ပေါင်၊ ကော်ဖီ၊ ဆလပ်၊ ဟင်းနုနွယ်၊ ငရုတ်၊ ခရမ်း၊ ရုံးပတီခင်းများ ရာသီအလိုက်ရှိသည်။ ခြံစည်းရိုးမှာ ကင်းပုံပင်များ တောက်လျှောက်ပြေးထားသည်။ ကင်ပွန်းချဉ်ရုံတစ်ရုံနှင့် အသီး နည်းသော ကလန်ကလား သံပုရာတစ်ပင်လည်းရှိသည်။

အိမ်နောက်ဘက်၊ အိမ်နှင့် တင်းနစ်ကွင်းအကြား၌ ကျွဲကောနှစ်ပင် နှင့် ဒန့်သလွန်ပင်တို့ရှိသည်။ ကျွဲကောက အနီမျိုးတစ်ပင်၊ အဖြူမျိုးတစ် ပင်ဖြစ်သော်လည်း၊ အသီးက အချိုနည်းသည်။ တင်းနစ်ကွင်းနှင့် အိမ်ခြံစည်းရိုး အကြား မြေကွက်လပ်မှာ ငှက်ပျောပင်တန်းတစ်ခုရှိသည်။

အိမ်ရှေ့ဝဲဘက်၊ ခြံအဝင်ကားလမ်းနှင့် မရမ်းပင်ကြီးအကြား မြေကွက် လပ်ကား၊ အဘ၏ ခတ္တာ၊ လေးကျွန်းကြာခိုင် စိုက်ခင်းကြီးဖြစ်သည်။ ဆယ့်ငါး ပေပတ်လည်ခန့်ရှိသည့် ပန်းခင်းမို့ ကျန်စိုက်ခင်းများနှင့် နှိုင်းစာလျှင် အတော် ကြီးနေ၍ စိုက်ခင်းကြီးဟု တင်စားခေါ်လိုက်ရခြင်းဖြစ်ပါသည်။

အဘက စိုက်ပျိုးရေးကို အလွန်ဝါသနာပါသည်။ ပန်းပင်၊ ဟင်းသီး ဟင်းရွက်နှင့် စားပင်များကို အဘကိုယ်တိုင် တစ်ဦးတည်းသော်လည်းကောင်း၊ အဘရုံးစာရေးကြီး အညာသား ကိုကျော်သိန်းအကူဖြင့်သော်လည်းကောင်း စိုက် ခဲ့သည်ချည်းဖြစ်သည်။ မြေတူး၊ မြေဆွ၊ ရေလောင်းသည်တို့ကိုတော့ ကိုကျော်





သိန်းက ပင်တိုင်လုပ်သည်။ ပေါင်းသင်သည့်အခါ၊ သားသမီးများက အဘကို ဝိုင်းကူကြသည်။ ထမင်းစားပွဲတွင် ခြံထွက်အသီးအနှံ ဟင်းပွဲတစ်ခုခု သို့မဟုတ် တို့စရာတစ်ပွဲတို့ကတော့ နေရာယူထားတတ်သည်။

ဘုရားတင်ရန် ဘုရားပန်းကို ဈေးကဝယ်၍တင်ရသလို၊ အဘပန်း ခင်းများက ထွက်သောပန်းများဖြင့်လည်း တင်ရသည်။ နှင်းဆီ ဖြူ၊ နီ၊ ဝါ၊ ပန်းရောင်တို့ကို ဘုရားပန်းအိုးအလှထိုးနိုင်သည်။ လေးကျွန်းကြာခိုင်ရာသီ ရောက်လျှင်၊ ပန်းများက ဘုရားတင်မနိုင်လောက်အောင် ပွင့်ကြသည်။ အိမ်နီး နားချင်းများသို့ လက်ဆောင်ပင်ပေးနိုင်သေးသည်။ စံပယ်၊ ဆိတ်ဖလူး ပန်းပွင့် ကလေးများ ပန်းကန်ပြားထဲဖြန့်ထည့်ပြီး ဘုရားပူဇော်ရသည်။ ရောင်စုံရွက်လှ ပန်းများကိုလည်း ပန်းအိုးထိုးသည်။ သူတို့က ကြာကြာခံသည်။

ခြံဝင်းကကျယ်၊ အပင်တွေကလည်းများသည်မို့၊ ငှက်ပေါင်းစုံလည်း လာကြသည်။ ဆက်ရက်၊ စာကလေး၊ ကြီးကန်း၊ ခို၊ ချိုးလည်ပြောက်၊ နှံပြည်စုပ် ငှက်ခါး၊ ငှက်ကလုံ၊ သပိတ်လွယ်တို့ကား တွေ့ရိုးတွေ့စဉ်ငှက်များဖြစ်သည်။ ရာသီအလိုက် လာတတ်သော ငှက်များအကြောင်းကိုလည်း အဘကပြောပြ သည်။ ငှက်အော်သံကြားပြီး မတွေ့ရသည့်အခါ၊ ရအောင်ရှာပြီး သားသမီးများ ကိုပြသည်။ ငှက်အမျိုးအမည်များ၊ အလေ့အကျင့်စရိုက်ကလေးများကို ပြောပြ သည်။

အသံကြီးကြီး၊ ဆွဲဆွဲငင်ငင် အော်တတ်သော ငှက်ဝါကြီး **(Oriole)** များက အောက်တိုဘာလဆိုလျှင် ရောက်လာကြသည်။ အပင်ထိပ်များတွင်သာ နားလေ့ရှိကြသည်။ ကသစ်ပင်၊ ပိတောက်ပင်ထိပ်ဖျား၊ ရွက်ကြိုရွက်ကြား ရှာ ကြည့်ကြရသည်။ တင်းနစ်ကွင်းပေါ်တွင်တော့၊ ဟိုပြေး သည်ပြေး ငြိမ်ငြိမ်နေခဲ့ သည့် မြီးညောင့်ကောင် **(Wagtail)** ကလေးများကို တွေ့ရသည်။ ခြံစည်းရိုး အတွင်းမှလည်းကောင်း၊ ဓာတ်ကြိုးတန်းပေါ်မှာ နားလျက်လည်းကောင်း တ ကျစ်ကျစ်အော်သည့် ကောင်ယင်ငှက် **(Brown Shrike)** များလည်း ရောက်လာ ကြသည်။ ၁၉၅၆ ခုနှစ်က တက္ကသိုလ်နယ်အတွင်း စက်တင်ဘာလ ၁၄ရက်နေ့ မှာ ကောက်ယင်ငှက်အော်သံကို စ၍ကြားရသည်ကို အဘ မှတ်တမ်းရေးခဲ့ဖူး သည်။ တရုတ်ပြည် ဆောင်းရာသီ အလွန်အေးသည့်အခါ၊ အအေးပေါ့သော မြန်မာပြည်ဘက်သို့ ကူးလာကြသည့်ငှက်များ၊ ဧပြီလရောက်လျှင် သူတို့ဒေသ ရင်းသို့ ပြန်ကြတော့သည်။ တတုံတုံနှင့် တနေကုန်အသံသာကြားရသည့် ဝန်းထိမ်ဖိုငှက် **(Coppersmith)** ကလေးများကို၊ သစ်ပင်ထိပ်၊ ရွက်ကြို



www.burmeseclassic.com

www.burmeseclassic.com



ရွက်ကြားက မရရအောင်ရှာ၍ အဘက ပြသည်။ ပါးနီနီ၊ အမောက်နက်ကလေးထောင်ထောင်နှင့် ဗွတ်ကလုံငှက်ကလေးတို့ကလည်း သူတို့ရောက်လာသည်ကို သူတို့ အသံသာသာကလေးများဖြင့် အသိပေးတတ်သည်။

ခြံကျယ်ကျယ်၊ အရိပ်အာဝါသကောင်းသည်မို့ ကစားစရာနေရာတွေက မရှားပေ။ ကလေးတို့ ဘာသာဘာဝ၊ ပျော်ပါးဆော့ကစားကြသည်ကို အဘရော၊ အမေပါ လွတ်လွတ်လပ်လပ် ခွင့်ပြုထားသည်။ မနက်စောစော မှတ်ဉာဏ်ကောင်းချိန် ကျောင်းစာမှန်မှန်လုပ်ရန်ကိုတော့ အမေက အစဉ်ကြပ်မတ်သည်။ ကျောင်းစာပြီးလျှင်သော်လည်းကောင်း၊ စာဖတ်ချိန်ပြီးလျှင်သော်လည်းကောင်း ကစားခွင့်ပြုထားပါသည်။

အချိန်အခါ ဝါသနာအလျောက် ပူဆာသည့်အခါ၊ ဂျင်ပေါက်ကစားဖို့ ဂျင်၊ သားရေကွင်းပစ်ဖို့ သားရေကွင်းဘူးလိုက်၊ ဂေါ်လီကစားနည်းအမျိုးမျိုး ကစားနိုင်ရန် ဖန်ဂေါ်လီ၊ ကြွေဂေါ်လီ၊ စဥ့်ရည်သုတ်ဂေါ်လီ စသည်တို့ကို ဝယ်ပေးသည်။ အိမ်ခြံနောက်ဘက်တွင် ဘောလုံးကွင်းနှစ်ကွင်းစာခန့် ကွင်းကြီးရှိသည်။ သထုံဆောင်နှင့် အင်းဝဆောင် နှစ်ဆောင်တို့၏ ဘေးတောက်လျှောက် ကာရံထားသည့် သံစည်းရိုးဝင်းထိအောင် ကွင်းကြီးက ကျယ်သည်။ ကွင်းကြီးထဲ ဘေးကင်းရန်ကင်း စွန်လွှတ်ကစားနိုင်သည်။ ရောင်စုံစွန်များ အဘက ဝယ်ပေးသည်။ အစပိုင်းတွင် စွန်ကြိုးရှည်ရှည်ကိုင်ပြီး ခြေဦးတည့်ရာ အရှိန်နှင့်ပြေးကာ စွန်လွှတ်ရသည်။ နောက်ပိုင်း၌ကား စနစ်တကျ စွန်လွှတ်ကစားနိုင်ရန် ရစ်ဘီးကြီးဝယ်ပေးသည်။ ရစ်ဘီးကြီးနှင့် စွန်လွှတ်ရသည်မှာ အားရပါးရရှိလှသည်။

မိုးကျသည်နှင့် ကွင်းကြီးအနှံ့ ချုံနွယ်၊ အပင်ငယ်၊ မြက်ပင်တို့အပြိုင်အရိုင်း ပေါက်လာကြသည်။ ကွင်းအနှံ့လျှောက်ပြေးရန် မလွယ်၊ လမ်းလျှောက်ရာ၌ပင် ချုံနွယ်များကို အတော်ရှောင်သွားရသည်။ ထိုအခါမျိုး၌ မောင်နှမတစ်စု ချုံကြိုချုံကြားတိုးပြီး၊ ကွင်းအနှံ့ ဝါဆိုပန်းခူးထွက်ကြသည်။ မှိုရှာထွက်ကြသည်။ အဝကျယ် ဖန်ပုလင်းကြည်ကြည်ထဲ ရေဖြည့်ကာ ကွင်းဆင်းကြသည်။ နွားခြေရာကွက်၊ ရေအိုင်ငယ်ကလေးများအထဲ ဖားတစ်ပိုင်း ငါးတစ်ပိုင်းလိုက်ရှာကြသည်။ တွေ့လျှင် လက်ခုပ်ဖြင့် ဖားလောင်းကလေးများကိုဆယ်ယူပြီး ဖန်ပုလင်းထဲတစ်ကောင်ပြီးတစ်ကောင် ထည့်သည်။ ရွှံ့ရည်အနည်းငယ်ရောသွားသည်။ ဖန်ပုလင်းအတွင်း ဖားလောင်းကလေးများ ကူးနေသည်ကိုကြည့်ပြီး အလွန်ပျော်ရသည်။ ဖားတစ်ပိုင်း၊ ငါးတစ်ပိုင်းကလေးများ အတော်အသင့်ရ





လျှင် အိမ်ပြန်ကြသည်။ ပြတင်းပေါက်ဘောင်ပေါ်မှ ဖန်ပုလင်းကိုတင်ပြီး နေ့စဉ် ဖားလောင်းကလေးများကို အရိပ်တကြည့်ကြည့် ရှိကြသည်။



သားကြီး ဥက္ကါ (ဦးဉာဏ်စိုး) နှင့် သားငယ် မောင်ပို (ဦးထင်ကျော်)

တစ်ခါတစ်ရံ ကလေးပီပီ အတတ်ဆန်းတတ်ကြသည်။ ကျောင်းဆောင်များ၌ နှစ်လည်ထမင်းစားပွဲများ လုပ်လေ့ရှိသည်။ ပွဲပြီးလျှင် အခမ်းအနားအလှဆင်ရောင်စုံစက္ကူဖဲကြိုးလိပ်ကလေးများကို ကျောင်းသားကြီးများက ကလေးတွေဆော့ဖို့ ပေးလေ့ရှိသည်။ ထိုသို့ ရထားသည့် ဖဲကြိုးအပြာ၊ အဝါတို့ကို ရေထဲစိမ်ရလာသည့် ရေပြာ၊ ရေဝါတို့ကို ဖားလောင်းကလေးများမွေးထားသည့် ဖန်ပုလင်းထဲသို့ လောင်းထည့်ကြသည်။ ဖားလောင်းကလေးများကို ဆေးရောင်စုံရေထဲ ကူးစေပြီး၊ အမြင်တစ်မျိုးဆန်းအောင် လုပ်ကြသည်။ အဘ တွေ့သွား၍ နောက်မလုပ်ရန် အကျိုးအကြောင်းနှင့် ပြောဆိုဆုံးမပြီး ဖားလောင်းကလေးများကို ရေအိုင်ထဲသို့ ပြန်လွှတ်စေသည်။

ခပ်ငယ်ငယ်အရွယ်က အိမ်နောက်တင်းနစ်ကွင်းကို ကြက်တောင်ရိုက်ကစားရန် ကွင်းအဖြစ် အဘဖန်တီးပေးသည်။ ဘက်တန်ကောင်းကောင်း ကိုင်တွယ်ကစားနိုင်လာသည့်အခါ တစ်ဆင့်တက်ပြီး တင်းနစ်ဘက်တန်ဘောလုံးတို့ ဝယ်ပေးသည်။ အစ်ကိုကြီးက သုံးနှစ်ခန့်ကြီးသည်။ စောစောစီးစီး ရာလေးစက်ဘီးအနက်ကလေးရသည်။ အစ်ကိုကြီးစက်ဘီးစီးသည့်အခါ ကလေးပီပီ စက်ဘီး



www.burmeseclassic.com

www.burmeseclassic.com



ဘေးက ပြေးလိုက်ရသည်က အမေပင်။ အချိန်တန်လာသည့်အခါ ဟန်းဘား စက်ဘီးအနီကလေးတစ်စီးကို အဘဝယ်ပေးသည်။ ညီအစ်ကိုနှစ်ယောက် တပျော်တပါး စက်ဘီးအတူစီးကြရသည်။

သင်္ကြန်ကျလျှင် ငယ်စဉ်က နှီးဆီခွက်ဖြင့်သာ ရေပက်ကြရသည်။ ရေ ပက်စရာလူဆို၍လည်း အိမ်နောက် ဝန်ထမ်းတန်းလျားတွင်နေသည့် အဘရုံး ဝန်ထမ်းမိသားစုများနှင့် ကားမောင်းသမားမိသားစု၊ သတင်းစာပို့လုလင် ပေါင်မုန့်နှင့် နွားနို့ပို့သည့် ဟိန္ဒူအဘိုးကြီးတို့သာရှိသည်။ ၁၉၅၃-ခုနှစ် သင်္ကြန် က မောင်နှမသုံးယောက်စလုံးအတွက် မှတ်မှတ်ရရဖြစ်သည်။ ယေးလ်တက္က သိုလ်၌ အဘ ခြောက်လကြာမျှ ဘာသာဗေဒပညာ လေ့လာဆည်းပူးပြီး မြန်မာ နိုင်ငံသို့ ဒီဇင်ဘာလတွင် ပြန်လာသည်။ သားသမီးသုံးယောက်စလုံးအတွက် ရေကစားရန် ရောင်စုံသေနတ်ကလေးများ ဝယ်လာပေးသည်။ ထိုအချိန်က အထူးအဆန်းသဖွယ် ရှားရှားပါးပါး ရေသေနတ်ကလေးများနှင့် ရေကစားကြရ သည်။ မောင်နှမတစ်စုလုံး ပျော်မဆုံး၊ မျောက်အုန်းသီးရသည့်နှယ် ဖြစ်နေသည်။ သားသမီးများအဖြစ်ကိုကြည့်ပြီး အဘနှင့် အမေတို့က ပြုံးရယ်၊ ပီတိဖြစ်လျက် ရှိကြသည်။ အသက်ခြောက်နှစ်သာသာအရွယ်၊ အမေရိကန်ဂျင်းဘောင်းဘီကို ပထမဆုံး ဝတ်ဖူးသောအချိန်လည်းဖြစ်သည်။ သူစိတ်ချရလောက်သောအရွယ် ရောက်မှ အဘက မောင်နှမသုံးယောက်ကို ပုဂံလမ်းထိပ် ရေကစားမဏ္ဍပ်သို့ ရေကစားလွှတ်သည်။ သားနှစ်ယောက်ကို ကြေးပြွတ်ကြီးများ ဝယ်ပေးသည်။ သမီးထွေးကို ကြေးပြွတ်ငယ်ငယ်တစ်လက် ဝယ်ပေးသည်။

အလံပြဘုရားလမ်းရှိ အင်္ဂလိပ်မက်သဒစ် အထက်တန်းကျောင်းသို့ မူလတန်းကစ၍ တက်ရသည်။ လူမှုဝန်ထမ်းစိတ် ပြုစုပျိုးထောင်ပေးသည့် တင်း ထောက်အဖွဲ့ကိုဝင်ရန် အဘကအားပေးသည်။ **ဝံပုလွေငယ်** အဆင့်မှစဝင်ရ သည်။ အသက် (၁၁)နှစ်ပြည့်ပြီးသည့် အစ်ကိုကြီးက **ကင်းထောက်**ဖြစ်သည်။ ကြီးသည် သေးသည် အဓိကမကျ၊ ကောင်းမှုတစ်ခုခုကို နေ့စဉ်လုပ်ဖြစ်အောင် ကြိုးစားကြရသည်။ ရေချမ်းစင်ရေဖြည့်ခြင်း၊ လမ်းသွားရင်း လမ်း၌တွေ့သော အမှိုက်ကောက်ခြင်း၊ သက်ကြီးရွယ်အိုများအား လိုအပ်သည့်အကူအညီပေးခြင်း စသည့် လူမှုဝန်ထမ်းအလုပ်များစွာထဲမှ တစ်ခုခုကို ကြုံကြိုက်သလို လုပ်နိုင် သည်။ ကင်းထောက်များ ညအိပ်စခန်းထွက်ရသည့်အခါ ရှိသည်။ အိမ်ဝဲဘက် မရမ်းပင်နှင့် မန်ကျည်းပင်ကြီးအကြား မြေကွက်လပ်တွင် ယာယီတဲထိုး၊ တာလ ပတ်ခင်း၍ အိပ်ကြရသည်။ ထင်းမီးနှင့် ညစာချက်ပြုတ်စားသောက်ကြသည်။







သားငယ် မောင်ဗိုလ် (ဦးထင်ကျော်)၊ သားကြီး ဥက္ကါ (ဦးဥက္ကာစိုး) နှင့် သမီး မချို (ဒေါ်ထားချို)

ကျောင်းပိတ်ရက်များတွင် ကျောင်း၌ ဇန်တိုသင်တန်း တစ်ပတ်လျှင် တစ်ရက်ရှိသည်။ စာကျက်မထိခိုက်က၊ အဘက ခွင့်ပြုသောကြောင့် ဇန်တိုသင် တန်းလည်း တက်ဖြစ်လိုက်သည်။ အစ်ကိုကြီးက ကိုယ်ကာယဖွံ့ဖြိုးကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ဝင်စားသည်။ အဘက သူ့မိတ်ဆွေ **ကာယဗလ ဦးထွန်းရှိန်**ကို အကူအညီတောင်းသည်။ အဘအပေါ် ခင်မင်မှုကြောင့် အလေးမနည်းပညာကို အိမ်တိုင်ရာရောက် လာသင်ပေးရှာသည်။ ကိုကြီးနှင့်အတူ သင်တန်းတက်လိုက်သေးသည်။ ဖြစ်ဖြစ်မြောက်မြောက်ကား မရှိခဲ့ပါ။ အဘကိုယ်တိုင် စီစဉ်ပေးသောကြောင့် အနုပညာကျောင်းက စန္ဒရားဦးငွေးအောင်၏အိမ်တွင် ဖွင့်လှစ်သော သီချင်းကြီးစန္ဒရားအတီးသင်တန်း တက်ဖြစ်သည်။ နောက်ပိုင်း ကျောင်းစာများလာ၍ သင်တန်းရပ်လိုက်ရသည်။ သီချင်းကြီးပုဒ်ရေအတော်များများ တက်လိုက်ရသည်။

ကျေးငှက်သတ္တဝါတို့ကို အဘ ချစ်ခင်တွယ်တာစိတ်ရှိသည်။ အိမ်မွေးသတ္တဝါအတော်စုံစုံ အဘမွေးခဲ့သည်။ ကြွက်ဖြူ၊ ယုန်၊ ရွှေငါး၊ ငွေငါး၊ ကြက်တူရွေး၊ ငန်း၊ ခို၊ ကြက် စသည်တို့ကို အဘ တယုတယ အိမ်တွင်မွေးခဲ့သည်ကို အမှတ်ရသည်။ အဘ ခုတင်ပေါ်တက်၊ အဘနားမှာအိပ်သည့် ကြောင်ကြီးတစ်ကောင် တစ်ချိန်ကရှိခဲ့ဖူးသည်။ အဘ ရုံးပြန်ချိန်၊ လမ်းထိပ်ဝမှာ စောင့်ကြိုလေ့ရှိသည့် ခွေးကြီးတစ်ကောင်လည်း အဘ မွေးခဲ့ဖူးသည်။

၁၉၅၇ ခုနှစ်ကုန်ပိုင်းလောက်တွင် မြန်မာယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့နှင့်အတူ၊ တရုတ်၊ ရုရှား၊ ပိုလန်၊ ချက်နိုင်ငံနှင့် အရှေ့ဂျာမနီ နိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရသည်။ ခရီးမှ ပြန်လာသည့်အခါ ချက်နိုင်ငံကလက်ဆောင်ပေးလိုက်သည့် လေသေနတ်တစ်လက် အဘနှင့်ပါလာသည်။ နို့ဆီဘူးခွံ ဗန်ဒါပင်စည်ပေါ် ပြုလုပ်ထားသည့် အမှတ်အသားတို့ကို လက်တဲ့စမ်း၊ ပစ်ထစားရန် အဘက လေသေနတ်ကို သုံးခွင့်ပြုသည်။ ညီအစ်ကိုနှစ်ယောက်၊ သူတစ်လှည့် ကိုယ်တစ်လှည့် လက်တဲ့စမ်းကြသည်မှာ လက်ဆောင်ရလာသည့် ကျည်ဆံကလေးများ ရက်ပိုင်းအတွင်း ထက်ဝက်ကျော်ကုန်သည်။ တစ်ရက်မှာ ခွင့်ပြုချက်ကိုဖောက်ပြီး ညီအစ်ကိုနှစ်ယောက် ပုတ်သင်ညိုတစ်ကောင်ကို လက်တည့်စမ်းကြသည်။ ပြီးတော့ ပုတ်သင်ညို အသေကောင်ကလေးကို ဗန်ဒါပင်အောက်မှာ အမှတ်အသားပြုကာ မြေမြှုပ်ကြသည်။ သည်အဖြစ်ကို အဘသိသွားသည်။ ထိုနေ့က ညီအစ်ကိုနှစ်ယောက်စလုံး အိမ်ပေါ်က အိမ်အောက်မဆင်းကြရ။ ထမင်းတစ်နပ်လွတ်ကြသည်။ ပထမဆုံးနှင့် နောက်ဆုံးအကြိမ် သူတစ်ပါးအသက်မသတ်ရန် မှတ်မှတ်ရရ သင်ခန်းစာပေးခံကြရခြင်းဖြစ်သည်။

မိသားစု စုံစုံညီညီ ထမင်းလက်ဆုံစားရသည်မှာ ညစာထမင်းဝိုင်းဖြစ်သည်။ ထမင်းစားခိုက် စကားကျယ်ကျယ်မပြောရန်၊ လက်ပေနှင့် ဟင်းခပ်ဇွန်း





ကို မကိုင်ရန်၊ ထမင်းဝါး၊ ဟင်းချိုသောက်သည့်အခါများ၌ အသံမမြည်အောင် သတိထားဖို့အရေးတို့ကို အဘသင်ပေးသည်။ ညနေထမင်းစားပြီးသည့်အခါ အစာကြေ၊ အညောင်းအညာပြေရန် ခြံထဲဆင်း လမ်းလျှောက်တတ်ကြသည်။ မိုးတိမ်ကင်းစင်သော ညများတွင် ကောင်းကင်ကြီး၌မြင်ရသော ကြယ်များအကြောင်း အဘပြောပြတတ်သည်။ ကြယ်အစုအဝေးများနှင့် ခေါ်ဆိုသည့်အမည်များ ဆယ့်နှစ်လရာသီကြယ်များ စသည့် အကြောင်းတို့ကို ပြောပြသည်။ မုစ်ကြယ်၊ ခုနစ်စဉ်ကြယ်၊ မောင်ရှင်ဆိုင်းထမ်းကြယ် စသည်တို့နှင့် ငယ်စဉ်ကာပင်ရင်းနှီးခဲ့ရပါသည်။

လမ်းခဏလျှောက်ပြီး အိမ်ပေါ်တက် စာကျက်ကြရသည်။ အိပ်ရာမဝင်မီ ညစဉ် မပျက်မကွက် ဘုရားကန်တော့ကြရသည်။ အဘရော၊ အမေပါ ဘုရားရှိခိုးများ သင်ပေးကြသည်။ အဘ ဆယ်နှစ်သားအရွယ်ခန့်က အဘကို တွမ်းခြံကုန်းမြို့ကလေးတွင် လယ်တီဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်ကြောင့် ပရမတ္ထသံခိပ်အသင်းများ ပေါ်ပေါက်ခဲ့သည်။ အမေကြီးမမိ (အဘ၏မိခင်ကြီးဒေါ်မိ)၊ အမေနု (အဘ၏အစ်မကြီး ဒေါ်တင်နု) တို့၏ အမျိုးသမီးပရမတ္ထသံခိပ်ရွတ်သံ တရားသံတို့က လွှမ်းသောကာလဖြစ်သည်။

သားဖြစ်သူကို အမေကြီးမမိက လယ်တီဆရာတော်ဘုရားကြီး၏ ခုနစ်နေ့ဘုရားရှိခိုးကို ညရောက်လျှင် ပြန်သင်ပေးသည်။ ပါဠိပါဠိသားကို တတ်နိုင်သမျှ ရှောင်တတ်သော ဆရာတော်ဘုရားကြီး၏ ဘုရားရှိခိုးက ဆို၍အလွန်ကောင်းသလို မှတ်ရလည်း လွယ်သည်။ အဘက သူကိုယ်တိုင် အလွန်ကြိုက်ခဲ့သော ထိုဘုရားရှိခိုးကို သားသမီးများအား ပြန်သင်ပေးသည်။ ခုနစ်နေ့ဘုရားရှိခိုး၏ ကျေးဇူးဂုဏ်ကကြီးသည်။ ဘုရားရှင်တော်မြတ် ပဋိသန္ဓေယူသည့်လနှင့် ရက်ဖွားတော်မူ၊ ဘုရားဖြစ်တော်မူ၊ ဓမ္မစကြာတရားတော် ဟောကြားတော်မူ၊ ပရိနိဗ္ဗာန်ပြုတော်မူသောရက်၊ လတို့ကို အလွယ်တကူအမှတ်ရစေသည်။ နေ့ရက်များအလိုက် အစွဲပြုသတ်မှတ်သော နဂါး၊ ဂဠုန်၊ ကြွက်၊ ဆင် စသည့်သင်္ကေတများကိုလည်း အမှတ်ရလွယ်စေခဲ့သည်။

အိပ်ရာဝင်ချိန်၊ အခါအခွင့်သင့်သည့်အခါများ၌ ပုံတိုပါဠိစများကို အဘက ပြောပြတတ်ရှာသေးသည်။ ပုံပြင်အစအဆုံး မမှတ်မိသော်လည်း ပုံပြင်တချို့ကို ဟိုတစ်စ၊ သည်တစ်စ ယနေ့တိုင်မှတ်မိနေသည်။ ကော်ဇော်ပျံ၊ ဒေဒရဲသား၊ ခင်နှင်းဖြူ၊ နှမမုန့်ရှောင်း မောင်မုန့်ထောင်း၊ မတစ်-မနှစ်၊ ညီနောင်ငါးဦး ပုစဉ်းတောင်အကျီ၊ ညောင်ညောင်ညက်ညက် တွန်စဂျက်တို့ကို အဘပြော



www.burmeseclassic.com

www.burmeseclassic.com



ပြခဲ့ထူးသည်ကို အမှတ်ရသည်။ အဘ ပုံပြင်ပေါင်းချုပ်စာအုပ်အတွက် စာမူများ စုသည့်အခါတွင်မှ၊ အဘပြောပြခဲ့သော ပုံပြင်များမှာ အဘကိုယ်တိုင်ရေးခဲ့သော ဘာသာပြန်ခဲ့သော ပုံပြင်အများစုဖြစ်ကြောင်း သတိပြုမိတော့သည်။

ပုံပြောပြရသည့် အရွယ်လွန်လာသည့်အခါ၊ ဖတ်စရာရုပ်ပြ၊ ကာတွန်းနှင့် ပုံပြင်စာအုပ်များ အဘဝယ်ပေးသည်။ တစ်ပတ်တစ်ကြိမ်၊ ဘာသာပြန်စာပေအသင်း၊ စာပေဗိမာန်၊ အစည်းအဝေးသွားရသည်။ အစည်းအဝေးအပြီး အစည်းအဝေးကြိုဖို့ ဗောက်ဆောကားကြီးနှင့် အဘပြန်လာသည်ကို မောင်နှမသုံးယောက် မျှော်ကြရသည်။ ကားတံခါးဖွင့်၊ အဘ ကားပေါ်မှဆင်းလာသည့်အခါ မပျက်မကွက်ပါလာလေ့ရှိသော ဖတ်စရာ ရုပ်စုံစာအုပ်များကို သူ့ထက်ငါ အပြေးအလွှား ယူကြသည်။ မြို့ထဲ ဆူးလေဘုရားလမ်းရှိ **Smart and Mookerdum** စာအုပ်ဆိုင်ကြီးကို အစည်းအဝေးကားကြုံနှင့် အဘ တစ်ပတ်တစ်ကြိမ်သာ သွားနိုင်သည်။

အဘဝယ်လာပေးလေ့ရှိသော ဖတ်စရာစာအုပ်များက မျိုးစုံသည်။ **Robinson Crusoe, Lord Jim** စသည်တို့ကဲ့သို့ **Junior Classic** များ ပါသည်။ **Rip Kirby, Spy 13, Buck Jones, Kit Carson, Battler Brittom, Dogfight Dixon** တို့ကဲ့သို့၊ စုံထောက်ပုံပြင်၊ **Cowboy** ပုံပြင်၊ စစ်အတွင်းဇာတ်လမ်းပုံပြင်များ၊ သမီးထွေးအတွက် **School Girl** ရုပ်ပြဇာတ်လမ်းစုံစာအုပ်များလည်း ပါသေးသည်။ **Junior Classic** စာအုပ်တွေက အရွယ်ကြီးပြီး ရုပ်ပုံတွေက ဆေးရောင်စုံနှင့်ဖြစ်သည်။ အလျားရှည်၊ အရွယ်သေးသေး **Lady Bird Series** ရုပ်ပြစာအုပ်ကလေးများကိုလည်း မကြာမကြာ အဘဝယ်ပေးသည်။ အင်္ဂလိပ်ဘာသာနှင့် ရုပ်ပြစာအုပ်တွေကို အပတ်စဉ် တဝကြီးဖတ်ရသည်။ **ကလေးဂျာနယ်**ကတော့ တစ်လမှတစ်ကြိမ်သာဖတ်ရသည်။ စာနှင့် အရုပ် မျှ၍ပါသော စာအုပ်ဖြစ်သည်။ မော်ဒန်နှင့် မောင်ကမ္ဘာ ရုပ်ပြသက်သတ် ကာတွန်းစာအုပ်နှစ်မျိုးဖတ်ရသည်ကိုလည်း မှတ်မိသည်။

အဘ ရုံးအားရက်တွေကို ငယ်စဉ်က မောင်နှမသုံးယောက် မျှော်တတ်ကြသည်။ အကြောင်းကား ညနေ နေစောင်းချိန် မိသားစုကို အင်းယားကန်သို့ ရေကူး၊ လေ့လျှော်၊ လမ်းလျှောက်ခေါ်သွားတတ်၍ဖြစ်သည်။ ပုဂံလမ်း အိမ် ခြံစည်းရိုးနောက်ပေါက်မှထွက်၊ တက္ကသိုလ်ဆရာများအသင်း တစ်ထပ်တိုက်ပုကလေးဘေးလမ်း၊ သစ်တို၊ သရက်ပင်ကြီးများအောက်မှ နှစ်မိနစ်ခန့် လျှောက်လိုက်လျှင်၊ ဂျဒ်ဆင်ဘုရားရှိခိုးကျောင်းကြီးထိပ်ကစကာ၊ တက္ကသိုလ်





ဘဟိုစာကြည့်တိုက်ဘေး၊ အင်းဝဆောင်ရှေ့အတိုင်း အင်းယားလမ်းသို့ပေါက်သည့် ကတ္တရာလမ်းကိုရောက်သည်။ လမ်းကိုဖြတ်ကျော်လိုက်သည်နှင့် အင်းယားဆောင်ကျောဘက်၊ ခြံစည်းရိုးတန်းဘေးအတိုင်းသွားသည့် လူသွားလမ်းတလေးရှိသည်။ အဆိုပါလမ်းကလေးကို နေပျောက်မထိုး၊ ဆင်နင်းသရက်၊ သစ်တိုခရမ်း၊ ကညင်၊ ရွှေပင်ကြီးတို့က အပေါ်မှ မိုးထားသည်။

ရွှေပင်ကြီးအောက်ရောက်လျှင် ရွှေစေ့နီနီကလေးများကိုကောက်ယက်ဖဝါးပေါ်တင်ပြီး၊ မြန်မာ့အချိန်အတွယ်တွင် ရွှေစေ့ကလေးများ၏အသုံးဝင်ပုံကို ရှင်းပြသည်။ လမ်းဘေးချုံနွယ်တို့တွင် တွယ်ကပ်၍လည်းကောင်း၊ လေထဲလွင့်မျောလျက်လည်းကောင်း၊ ငွေရောင် အမွေးဖွားဖွားနှင့် လဲစေ့ကလေးများ တွေ့ရတတ်သည်။ အင်းယားဆောင်နောက်ဘက်ရှိ လဲပင်များမှ လေဆောင်ရာပါလာကြသော လဲစေ့ငယ်များဖြစ်သည်။ တစ်ဖန် လမ်းတွင်ဟိုတစ်ခု၊ သည်တစ်ခု မြန့်ကျဲကျနေသော ကညင်သီးများကိုလည်း တွေ့ရသေးသည်။ ကညင်သီးများ၌ သဘာဝအလျောက် ပန်ကာသဖွယ် ဒလက်ကလေးများပါသည်။ မိုးထိုးမြင့်တက်နေသည့် ကညင်ပင်ကြီးမှ ကညင်သီးများကြွေအကျ၊ လေဝယ် ရဟတ်ဘာဉ်ကဲ့သို့ ပျံသန်းလွင့်မျောနေသည်ကို မြေပေါ်မကျရောက်ခင်၊ လက်ဝယ်အမိအရလိုက်ဖမ်းရသည်က ပျော်စရာအလွန်ကောင်းသည်။ လဲစေ့၊ ကညင်သီးတို့ကို ဥပမာပေးပြီး သစ်ပင်မျိုးစေ့များ လေဆောင်ရာအရပ်သို့ ပျံ့နှံ့ကျရောက်ပြီး အပင်ပွားနည်းတစ်မျိုးကို အဘကပြောပြသည်။

ဘွဲ့နှင်းသဘင်ခန်းမကြီးနောက်၊ အင်းယားလမ်းအတိုင်းသွားသည့် တက္ကသိုလ်ဝင်း၊ ခြံစည်းရိုးကြီးတစ်နေရာဝယ်၊ လူဝင်ပေါက်တစ်ပေါက်ရှိသည်။ ဆိုဝင်ပေါက်ကလေးသို့ မြေလမ်းကလေးက ဦးတိုက်သည်။ စည်းရိုးပေါက်တွက်၊ ကတ္တရာလမ်းမကိုကျော်၊ ယာဘက်သို့ လမ်းဆက်လျှောက်လျှင် ခဏအကြာ၊ တက္ကသိုလ်လှေလှော်ရွက်တိုက်အသင်းတည်ရာသို့ လျှောဆင်းသွားသည့် မြေနီလမ်းရှိရာဝင်းပေါက်ကြီးသို့ ရောက်သည်။ မောင်နှမသုံးယောက်၊ ကုန်းမြေလမ်းကလေးအတိုင်း ရေချိုးဆိပ်၊ လှေဆိပ်ရှိရာဘက်သို့ ပြေးဆင်းလေ့ရှိကြသည်။ ကမ်းနှင့် မနီးမဝေး၌ အဝတ်အစားနှင့် ပစ္စည်းများအပ်နှံနိုင်သော တစ်ထပ်တိုက်ငယ်တစ်လုံးရှိသည်။ ရေမကူးတတ်သူများ၊ ကလေးများအတွက် လေအပြည့်ထိုးထားသော ကားကျွတ်၊ ဗောကြီးများကိုလည်း ငှားနိုင်သည်။

ကျွတ်ဗောကြီးများကိုယ်စီကိုင်ပြီး ရေထဲပြေးဆင်းကြရသည်ကတွေ့ ပျော်စရာကောင်းသည်။ လက်နှစ်ဘက်က ကျွတ်ဗောကိုကိုင်၊ ခြေဆန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြေခတ်နည်းကို အဘသင်ပေးသည်။ ပြီးတော့ ရေထဲ လက်ဆွဲ၊ ကူးခပ်ပုံကို သင်ပေးသည်။ ပျော်စရာအကောင်းဆုံးမှာ ကျွတ်ဘောကြီးပေါ် ပက်လက်လှန်အိပ်၊ အဘက ကျွတ်ဘောကို ရေထဲလှည့်ပတ်ဆွဲပေးသည့် အချိန်ဖြစ်သည်။ စည်းစိမ်အလွန်ရှိသော အချိန်ဖြစ်သည်။ ရေထဲကူးခပ်ဆော့ကစားပြီး ကမ်းပေါ်တက်၊ အဝတ်အစားလဲကာ၊ မောမောပန်းပန်းနှင့် လှေဆိပ်အနီးရှိ ဒေါ်ရှမ်းဘူးသီးကြော်ဆိုင်ထိုင်ရသည့်အရသာက ထူးလှသည်။ ဘူးသီးကြော်နှင့်တို့စားရ သည့် ငရုတ်ချဉ်ရည်ကလည်း စပ်စပ်နှင့် အလွန်ကောင်းသည်။ ဘူးသီးကြော် စား ရေနွေးကြမ်းသောက်နှင့် ဗိုက်ဝအားရကြသည့်အခါ၊ မျက်နှာသုတ်ပဝါ ပုခုံးပေါ်ကိုယ်စီတင်ပြီး နေဝင်ချိန်အိမ်အပြန်လမ်းကို ခပ်သွက်သွက်လှမ်းကြသည်။

လှေစီးထွက်ကြသည့်နေ့များတွင် အဘက ဦးဆောင်လှော်သူ၊ တက်ကိုင်သူဖြစ်သည်။ ကျန်လူများက အဖြည့်ခံသဘော၊ မတတ်တတတ်၊ အားမပါတပါနှင့် ဝိုင်းလှော်ကြသည်။ လှေဘေးဝဲယာ၊ ရေထဲ၌ ငါးဖောင်ရိုးအရွယ်စုံနှင့် ငါးသေးသေးကလေးများကိုသာ အတွေ့များသည်။ ရံဖန်ရံခါ နေရောင်နှင့် ဖွေးခနဲ၊ လက်ခနဲ ရေထဲမြင်ရသည်မှာ ငါးပဲဖြူကလေးများဖြစ်ကြောင်း အဘက ပြောပြသည်။ လူနှင့်ဝေးရာ ကန်ရိုးအချို့နေရာများ၊ မှော်ပင်၊ ဗေဒါပင်များအကြား၊ ငါးကျည်းငါးကလေးများကို တစ်ခါတစ်ရံ တွေ့ရတတ်သည်။ နှစ်ဆန်းတစ်ရက် ငါးလွှတ်ချိန်ရောက်လျှင်ကား လှေဆိပ်၊ ရေချိုးဆိပ်အနီးတစ်ဝိုက်၌ပါ ငါးကျည်းငါးကလေးများကို ပေါပေါများများ တွေ့ရလေ့ရှိသည်။

အင်းယားကန်တစ်ဝိုက်တွင် ပုဂံလမ်းခြံဝင်းအတွင်း တွေ့ရမြင်ရလေ့မရှိသော ငှက်များကို မကြာမကြာ တွေ့ရသည်။ ထိုအခါ အဘက အစဉ်ပင်ထိုငှက်အမျိုးအမည်၊ ဓလေ့စရိုက်တို့ကို ခွဲခြားပြောပြသည်။ ကန်ရိုးနှ[illegible]နီးမဝေးကန်ရေပြင်ပေါ် ဝဲယ် ငုပ်ချီပေါ် ချီငါးရှာနေသည့် တင်ကြီးငှက်မည်းမည်းများကို တွေ့ရသည်။ ကန်ပေါင်၊ ကန်ရေစပ်၌ ငါးရှာနေသောဗျိုင်းများကိုလည်း နေရာအနှံ့တွေ့ရသည်။ ကန်ရေပြင်အထက် ပျံသန်းကျက်စားနေသည့် ပိုးမွှားကောင်ပုစဉ်းစသည်တို့ကို ထိုးဆင်းသုတ်ယူ ဖမ်းစားလေ့ရှိသည့် ငှက်တော်၊ ငှက်ပုစဉ်းထိုးတို့ကိုလည်း တွေ့နိုင်သည်။ တကွက်ကွက်နှင့်အော်နေသည့် ပါးဖြူဖြူနှင့် ရေကြက်မကလေးများကိုလည်း ကန်စပ်မှော်ပင်၊ ဒိုက်ပင်၊ ဗေဒါပင်များအကြား ဟိုသွား၊ ဒီသွားတွေ့ရတတ်သည်။ သစ်ပင်အမြင့်မှ ရေထဲသို့ တဟုန်ထိုး ထိုးဆင်းကာ၊ ဖမ်းမိသောငါးကို သုတ်ချီပျံတက်သွားသည့် နှုတ်သီးနီနီ၊ ကိုယ်ပြာပြာ





နှင့် ပိန်ညင်းငှက်ကိုလည်း ကံကောင်းသည့်အခါ တွေ့ရသည်။ အပင်ကြီးတစ်ပင်မှတစ်ပင်သို့ နိမ့်ချီမြင့်ချီပျံရင်း ကူးသန်းနေသည့် အပြာရောင်ငှက်ခါးများတိုလည်း ရံဖန်ရံခါ တွေ့ရသည်။

နွေရာသီကျောင်းပိတ်ရက်ရှည်ရသည့်အခါ ဘုရားဖူး၊ ဗဟုသုတရှာအပျော်ခရီးများ အဘ၊ အမေတို့နှင့် နှစ်စဉ်လို သွားကြရသည်။ ပုဂံဘုရားဖူးတလော၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယလိုဏ်ဂူ၊ ပုပ္ပါး၊ မိတ္ထီလာ၊ လှိုင်ကော်လောပီတရေအားလျှပ်စစ်စီမံကိန်း စသည့်နေရာဒေသများသို့ ခရီးထွက်ခဲ့ရဖူးသည်။ ယင်းသို့ မြန်မာနိုင်ငံအတော်များများသို့ ခရီးထွက်ခဲ့ရာတွင် ထားဝယ်မောင်းမကန်ပင်လယ်ကမ်းခြေသို့သွားသည့် ရေကြောင်းခရီးကို အမှတ်အရဆုံးဖြစ်ပါသည်။

၁၉၅၅ ခုနှစ်က မြန်မာနိုင်ငံ၌ နိုင်ငံခြားပိုင် သင်္ဘောလိုင်းများရှိသေးသည်။ အဓိက သင်္ဘောလိုင်းကြီးနှစ်ခုတို့မှာ **Bibby** နှင့် **Henderson** တို့ဖြစ်သည်။ မောင်းမကန်ပင်လယ်ကမ်းခြေခရီးကို ရန်ကုန်မြို့မှ **Bibby Line** ပိုင် **Matang** ပင်လယ်ကူးသင်္ဘောကြီးနှင့် စတင်ကြသည်။ သင်္ဘောပေါ်၌ အိန္ဒိယလူမျိုး စားပွဲထိုးများလိုက်ပါလာကြပြီး၊ အနောက်တိုင်းအစားအသောက်များဖြင့် တည်ခင်းကျွေးမွေးကြသည်။ **Smoked Kipper** ခေါ် ကြပ်တင်အ



မော်လမြိုင်မြို့ ဒေါက်တာဦးအုန်းမောင်၏အိမ်ဘေးရှိ
ရေကန်တွင်းငါးများကိုကြည့်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com



ငန်ဓာတ်များများ ငါးတစ်မျိုး စားရသည်ကိုအမှတ်ရသည်။ သင်္ဘောထွက်စက ပါလာကြသောဇင်ယော်ငှက်ကလေးများ၊ ကမ်းနှင့်ဝေးလာသည့်အခါ လှည့်ပြန်ကြသည်။ ပင်လယ်ရေနက်ပိုင်းရောက်သည့်အခါ၊ ငါးပျံကလေးများကို မကြာမကြာ တွေ့ရသည်။

သင်္ဘောကြီးက လမ်းခုလတ်၊ မော်လမြိုင်တွင် ခေတ္တရပ်နားသည်။ မော်လမြိုင်မြို့ အုံးသားဖွားခန်းပိုင်ရှင်၊ အဘ၏မိတ်ဆွေကြီး ဒေါက်တာဦးအုံးမောင်က လူကြုံအဖော်ကောင်း၍ သူ၏သမီးလေးယောက်ကို အပျော်ခရီးထည့်လိုက်ပါသည်။ ခရီးစထွက်စဉ်က မိသားစုငါးယောက်အပြင် ဆွေမျိုးကဲ့သို့ဖြစ်နေသော မိတ်ဆွေနှစ်ဦးလည်း လိုက်ပါခဲ့ကြသေးသည်။ တစ်ဦးက အဘနှင့် သမိုင်းကော်မရှင်လုပ်ငန်းများ အတူတွဲလုပ်နေကြသည့် ပထဝီပါမောက္ခဒေါက်တာ ဒေါ်သင်းကြည်ဖြစ်သည်။ ကျန်တစ်ဦးက ၁၉၃၆ ခုနှစ် အဘဘိလပ်ပညာတော်သင်သွားစဉ် အဘိဓာန်လုပ်ငန်းနှင့်ပတ်သက်၍ အတူတူလုပ်ကိုင်ရင်း အလွန်ခင်မင်ရင်းနှီးခဲ့သည့် ဦးခင်မောင်လတ်၏နှမ ဒေါ်သန်းသန်းလတ်ဖြစ်သည်။ ထို့ကြောင့် မော်လမြိုင်မှ ထားဝယ်သို့ခရီးဆက်သည့်အခါ အဘအပါအဝင် အပျော်ခရီးအဖွဲ့ဝင်ပေါင်း ဆယ့်တစ်ဦးအထိတိုးလာ၍ အတော်ပင်သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင်ရှိကြသည်။

ထားဝယ်ဆိပ်ကမ်းက ရေစူးတိမ်သည်။ ပင်လယ်ကူးသင်္ဘောကြီးက ထားဝယ်ဆိပ်ကမ်းကို မကပ်နိုင်ပါ။ ညမှောင်မှောင်မှာ ခရီးသွားတစ်ဖွဲ့လုံး စက်လှေကြီးတစ်စီးပေါ်သို့ ပြောင်းကြရသည်။ ညအမှောင်ထဲ ပင်လယ်ပြင်မှာ စက်လှေစီးကြရ၍ ရင်တထိတ်ထိတ်နှင့်ရှိကြသည်။ ထားဝယ်ဆိပ်ကမ်းသို့ စက်လှေကြီးကပ်မှ အားလုံးအကြောက်ပြေ၊ ရယ်နိုင်မောနိုင်၊ စကားပြောနိုင်ကြတော့သည်။ အဘ၏ စိန့်ဂျွန်းကျောင်းနေဘက်သူငယ်ချင်း ဦးကင်ဆိုင်က သူငယ်ချင်းနှင့်အဖွဲ့ကို ကျွေးမွေးစောင့်ရှောက်ရန် ညီမသုံးယောက်နှင့်ညီကို မောင်းမကန်သို့ ထည့်လိုက်သည်။ သွားရေးလာရေး အဆင်ပြေစေရန် ဂျစ်ကားတစ်စီးကိုလည်း ပေးလိုက်ပြန်ပါသေးသည်။

မောင်းမကန်ပင်လယ်ကမ်းခြေ၊ သဲသောင်ပြင်ကြီးက မျက်စေ့တစ်ဆုံး ရှည်လျားလှသည်။ ပင်လယ်ကမ်းခြေ အပန်းဖြေခရီး ခေတ်မစားသေးသောအချိန်၊ ငွေဆောင်ဝေးစွ၊ ငပလီကိုပင် မကြားဖူးကြသေးသည့် နှစ်(၅၀)ကျော်အချိန်ကဖြစ်၍၊ ကမ်းခြေက လှိုင်းသံမှအပ၊ တိတ်ဆိတ်အေးချမ်းလှသည်။ ခြေတံရှည် ဗိုလ်တဲကြီးတစ်လုံးမှာ အားလုံးစုပေါင်းနေကြသည်။ ဗိုလ်တဲဝန်းကျင်မှာ





ခရုကလေးများ ဟိုတစ်ခု၊ သည်တစ်ခု တွေ့ရသည်ကပင် အမြင်ဆန်းနေရသည်။ ဗိုလ်တဲနောက်မှာ ပင်လယ်ကဗွီးပင်ကြီးများရှိပြီး၊ ဘေးကပ်လျက်တပုန်းညက်ပင်ကြီးတစ်ပင်ရှိသည်။ ပစ္စည်းများနေရာချပြီးမကြာမီ နေလည်းအတော်စောင်းတော့သည်။ မောင်းမကန်ရွာရှိရာဘက်သို့ ကြက်တူရွေးများ အိပ်တန်းတက်ရန် အုပ်လိုက်ပျံသွားကြသည်ကို တွေ့ရသည်။ ညအမှောင်ထိုးသည်နှင့် ပုန်းညက်ပင်ကြီးရှိရာမှ ဇီးကွက်အော်သံကိုကြားရသည်။ ခရီးပန်းပန်းနှင့် လှိုင်းပုတ်သံများနားထောင်ရင်း အိပ်ရာစောစောဝင်ကြသည်။

မနက်လင်းအားကြီး၊ အားသစ်အင်သစ်နှင့် အားလုံး အိပ်ရာမှလူးလဲထကြပြီး၊ လေ့လာရေးစရန် ဟန်ပြင်ကြသည်။ ရွာထဲက ခရုကောက်သူများမရောက်သေး၍လားမသိ၊ သောင်ပြင်တစ်လျှောက် ခရုအရွယ်စုံနှင့် ဖွေးဖွေးလှုပ်နေသည်ကို အံ့သြမယုံနိုင်လောက်အောင် တွေ့ရသည်။ ခရုအမျိုးတွေစုံလှ၍ ကောင်းစွာမမှတ်မိပါ။ အဘ မှတ်တမ်းများအရ ကြယ်ငါး၊ ကပ်ပလာ၊ သံဝဏ္ဏပ်၊ ဝင်ကစွပ်၊ ရှပ်ကောင်၊ ဂျင်းပု၊ ခရုအိုးလိမ်၊ ကြွေပုပ်၊ ခရုဇင်ရိုင်း၊ ခရုသင်း စသည်တို့ကို သဲသောင်တစ်လျှောက် တွေ့ကြရသည်။ ဂဏန်းရင်မ၊ ဂဏန်းဘောင်းနီ၊ ကျောက်ဂဏန်းကလေးများကိုတွေ့ရသလို၊ ရေအကျ သဲသောင်ပေါ်တင်ကျန်ခဲ့သည့် ကျောက်ကျောတုံးကြီးများအလား ငါးဖန်ကွက်များကို လမ်းမှာမကြာမကြာတွေ့ကြရသေးသည်။ တီကောင်နှင့် သဂ္ဂဏ္ဍာန်တူသော်လည်း မောင်းမကန်သားတို့ အမြိတ်တနိုး ပုဇွန်ခြောက်ကဲ့သို့စားသုံးသော သဲပလုပ်ကောင်ရှာနေသည့်သူများကိုလည်း လမ်းမှာတွေ့ရသည်။ ဗိုလ်တဲနှင့် အတော်လှမ်းသည့်နေရာတွင် ရေကျချိန်၊ အနီးကပ်သွားနိုင်သည့် ကျောက်ဆောင်တစ်ခုရှိသည်။ ဒေသခံတို့က မြွေတောင်ဟု ခေါ်သည်။

မြွေတောင် အကြိုအကြားမှာ တွယ်ကပ်နေထိုင်သော မြွေများကိုတွေ့ရသည်။ ဒေသခံတို့က ရေကျချိန်၊ ကျောက်ဆောင်၊ ကျောက်စွန်းအပေါ်၌ စယောင်းတိုင် ဆီမီးများထွန်း၍ ပူဇော်လေ့ရှိကြသည်။ ဆုတောင်းခြင်းအမှုလည်း ပြုကြသည်ဟု သိရသည်။ သောင်ပြင်ဆုံးအောင် လမ်းလျှောက်ကြသည်။ ဗိုလ်တဲပြန်ရောက်သည့်အခါ ခဏနား အုန်းရည်သောက်ကြသည်။ ပေါင်မုန့်ခြောက်အတုံးကလေးများ၊ နာနတ်သီး၊ ပုဇွန်ထုပ်ကြီးတို့ဖြင့် ချက်ထားသည့် ဒေသဟင်းတစ်မျိုးအပြင်၊ ဝက်သားဆီပြန်နှင့် မနက်စာစားကြရသည်။ နေ့စဉ် လမ်းလျှောက်လိုက်၊ ပင်လယ်စာဟင်းများစားလိုက်နှင့် ၃၊ ၄ ရက်ခန့်အကြာ အပျော်ခရီး အဆုံးသတ်ပြီး နေရပ်ဌာနေသို့ ပြန်ခဲ့ကြရသည်။




www.burmeseclassic.com

www.burmeseclassic.com




အပျော်ခရီးမှ အိမ်ပြန်ရောက်တိုင်း အောင်စာရင်းကိုမျှော်ကြရသည်။ ခရီးထွက်ရာမှရရှိခဲ့သည့် အင်သစ်၊ အားသစ်တို့ဖြင့် ရှေ့တစ်နှစ်ကျောင်းစာများတို့ ရင်ဆိုင်ရန် တက်တက်ကြွကြွရှိကြသည်။



ရပ်ကွက်မီးကင်းတဲတွင် အဘ နှင့် ဦးထွန်းလင်းမြိုင်အပါအဝင် ရပ်မိရပ်ဖများ၏ စကားဝိုင်း

မိဘနှစ်ပါး၏မေတ္တာရိပ်ကို ခိုလှုံကြီးပြင်းခဲ့ရသော ကလေးဘဝကား အေးချမ်းလှသည်။ လုံခြုံ၍ လွတ်လပ်မှုရှိသည်။ ဘဝအတွေ့အကြုံ၊ ပညာ၊ ဗဟုသုတများကို အဘထံက တိုက်ရိုက်သော်လည်းကောင်း၊ အဘစီစဉ်ပေးမှုဖြင့်သော်လည်းကောင်း ရရှိခဲ့ကြသည်။ အရာရာပြည့်စုံလှသည်။ ဘဝတစ်သက်တာအတွက် အဖိုးမဖြတ်နိုင်သောအမွေတို့ကို သားသမီးသုံးယောက် ရခဲ့ကြသည်။ အဘထံက သည့်ထက်တန်ဖိုးရှိသောအမွေမျိုး မျှော်လင့်၊ တောင့်တ၊ ခံစားရဖွယ်မရှိတော့ပါ။

❖ ❖ ❖



အဘ နောက်ဆုံး
လဲလျောင်းရာ
ရေဝေးသုသာန်အကွက်
အမှတ် ၅၁



www.burmeseclassic.com